
www.burmeseclassic.com

စိတ်ကူးသစ်စာပေ

မောင်ညိုနိုင်း (သန်လျင်)

# သိင်္ဂါရမြွေဆိပ်

လုံးချင်းဝတ္ထုသစ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


NEW IDEA
စိတ်ကူးသစ်စာပေ
အမှတ် ၂၂၂ ... မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၅၁၀၃၉၂၆၄
... (ပ၁၁)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၉၀၃၂၂။

# မောင်ညိုနိုင်း (သန်လျင်)

# သိဓိဂါရမြွေဆိပ်

454018353
32318646

လုံးချင်းဝတ္ထုသစ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများ အားဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ခြေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၂၁၅၀၃၁၀
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၃၃၆၀၃၁၀

စီစဉ်သူ ။ ကိုတင်ထွန်း

**ပုံနှိပ်ခြင်း**

ပထမအကြိမ် ။ ၂၀၁၀၊ဇွန်လ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

**ပုံနှိပ်သူ**

ဒေါ်ခဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၃၀၀၀ကျပ်

၈၉၅ . ၈၃
ညိုမှိုင်း၊ မောင် (သန်လျင်)
သိင်္ဂါရမြွေဆိပ် / မောင်ညိုမှိုင်း(သန်လျင်) ။–ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၀။
၃၆၈–စာ ၊ ၁၃စင်တီ× ၂၀.၅စင်တီ။
(၁) သိင်္ဂါရမြွေဆိပ်



[ ၁ ]

❑

"ကိုကြီးခြောက်ပေ"

"ဘာတုံးကွ"

"ကိုကြီးခြောက်ပေက မျက်လှည့်ပြတယ်ဆိုဗျ"

"အိမ်း ... နည်းနည်းပါးပါး အပျင်းပြေလောက်တော့ ရတယ်ကွ"

"ဟုတ်ပါ့မလားဗျ"

"ဟုတ်သလိုလိုတော့ ငါ့ကိုယ်ငါထင်သားဟ ... ငါ့လူရ"

"ကိုကြီးခြောက်ပေနဲ့ မျက်လှည့်ဆရာကြီး ဆရာ[illegible]ဝ ... ဘယ်သူပိုတော်သတုံးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာပဏ္ဍဝက မျက်လှည့်ပညာနဲ့ လူအများပရိသတ်ရှေ့မှာ ပြသဖြေဖျော်ပြီး ပညာသည်ခယူလို့ သူ့ပညာအဆန်းတွေ ဖြန့်ဝေတယ်ကွာ။ ငါကတော့ မင်းတို့လို ကလေးကလား ကလေးကြီးသာသာအကောင်တွေ မယုံယုံအောင်လုပ်ပြပြီး အပျင်းတော်များပြေအောင် လုပ်ပြတာလေးပဲ ရှိသကွ"

"ကျုပ်တို့က ကလေးမဟုတ်ဘူးဗျ။ ကာလသားတွေ"

"ဟေ ... ကာလသား ... နေပါဦးကွ။ ကာလသားလို့ မင်းတို့ ကိုယ်မင်းတို့ပြောရအောင် မင်းတို့ဟိုဒင်းပေါက်ပြီလား ... ပြော ..."

"ဟာ ... ကိုကြီးခြောက်ပေကြီးကလည်းဗျာ။ ခင်ဗျားက လူကြီး ဖြစ်ပြီး သိပ်ညစ်စုတ်တာပဲ"

"ဟ ... နေပါဦး။ မင်းတို့က ဘာများတွေးလို့တုံးဟ ... လူ့ စအိုကျယ်တွေရ"

"ခင်ဗျားက ကျုပ်တို့ကို ဟိုဒင်းပေါက်ပြီလားလို့ ပြောတာက ဟိုဒင်း ... အဲ ... အဲ ... ဟိုဟာ ... အဲ ... အဝှာကိုပြောတာ မဟုတ်ဘူးလား ဦးညစ်စုတ်ကြီးရ ... ဟင်"

"ဖွီ ... မင်းတို့က တစ်ဖက်မြင် ဝါဒသမားတွေပဲကိုးကွ။ ကိုယ့်ရှုထောင့်ကကြည့်ပြီး ကိုယ့်အတွေးသာလျှင် အဖြေမှန်လို့ အတ္တမျက်ကန်း အဖြစ်နဲ့ တရားသေဝါဒကို စွဲကိုင်နေတာကိုး။ အေး ... ညစ်ပတ်တာတွေးရင် ညစ်ပတ်မှာပဲ။ သန့်ရှင်းတာတွေးရင် သန့်ရှင်းတာပဲ။ အလှဟာ ကြည့်တတ်မှ မြင်တာကွ။ ဘဝဟာ သိတတ်မှ ထင်တာငါ့လူရ"

"ဒါဖြင့် ကိုကြီးခြောက်ပေပြောတဲ့ ကာလသားလို့ မင်းတို့ကိုယ် မင်းတို့ပြောရအောင် ဟိုဒင်းပေါက်ပြီလားဆိုတာ ခင်ဗျားက ဘာကိုဆိုလိုတာလဲပြော"

"အံသွားပေါက်ပြီလားလို့ ပြောတာ ... ငါ့လူရ"

"ဗျာ ... အံသွား ..."

"ပြီး ... နုတ်ခမ်းမွေးပေါက်ပြီလားလို့ ပြောတာကွ"

"နှုတ်ခမ်းမွေးလည်း ပါသေးတယ်"

---





"မင်းတို့ရင်ဘတ်မှာ နို့စူပြီလား"

"ဘာဆိုင်လို့လည်းဗျ"

"မင်းတို့အခု ဘယ်နှစ်တန်းလည်း ... ပြော"

"(၁၀) တန်းကျောင်းသားတွေပါဗျ။ အင်္ဂလိပ်လိုပြိုင်ပြောမလား ပြော"

"တစ်နေ့ ပြိုင်ပြောကြတာပေါ့ ငါ့လူတို့ရာ။ အဲ ... အဲ ... နေပါဦး .. မင်းတို့(၁၀)တန်းမှာ လူပျိုဖြစ်ခြင်း၊ အပျိုဖြစ်ခြင်းအကြောင်း သင်မပေးဘူးလားကွ"

"ဘာဆိုင်လို့လဲဗျ။ ကျောင်းမှာ သင်နေတာ မြန်မာစာ၊ သင်္ချာ၊ ရူပ၊ ဓာတု၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ အင်္ဂလိပ်စာ ဒါပဲသင်တာဥစ္စာ။ လူပျို အပျိုဖြစ်နည်းက ကျောင်းမှာသင်မလား"

"တက္ကသိုလ်ရောက်လို့ ဆေးပညာလိုင်း၊ ဆရာဝန်လိုင်းကိုရောက်ရင် မင်းတို့သင်ရမှာပါ။ ခုတော့ ဆရာကြီးပီမိုးနင်းထံသွားပြီး သင်လိုက်ကြဦး။ ကလေးနှပ်ချီးထူတို့ရ ... ဟား ... ဟား ... ဟား ... ဟား .. ဟား"

"ခင်ဗျား စောစောကကိစ္စ ဆက်ပါဦးဗျ။ တန်းလန်းကြီး လုပ်မထားခဲ့ပါနဲ့"

"ငါက မေ့တတ်တယ်ကွ။ ဘာပြောမိပါလိမ့်"

"ဒါကြောင့် ခင်ဗျားကို လူတွေက အရူးလို့ခေါ်တာ"

"ဘာကွ ... အရူး ... ဟုတ်လား။ ငါ့ကို အရူး ... ဟား ... ဟား ... ဟား ... ကောင်းလိုက်တဲ့အမည်ကွာ။ အရူး ... အရူး ... ကိုခြောက်ပေ အရူး ... ဟား ... ဟား ... ဟား ... ဟား ... လက်စသတ်တော့ ငါကအရူးကိုး ... အဟုတ် ... အဟုတ် ... အဟုတ် ... ဒီမှာကွ ... နှပ်ချေးထူတို့ရ။ ထူးမှ တတ်တယ်ကွ။ အေး ... ရူးလည်း မြတ်တယ်ကွ"

"ဒါဆို ဈေးမရောင်းဘဲမြတ်အောင် ရူးနေရမှာလား"

"ဟား ... ဟား ... ဟား ... ဟား ... ဒါလည်း ဟုတ်သဟ။

---



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ နှပ်ချေးကူတို့ရဲ့ ဈေးရောင်းလို့ မြတ်တဲ့အမြတ်က လောဘအမြတ်ကွ။ ကိုယ်ကျိုးအတွက် အမြတ်ကွ။ ရှုံးလို့မြတ်တဲ့ အမြတ်က ... အဲ ... အဲ ... ဘာပါလိမ့် ... ငါ ဘယ်လိုပြောရပါ့။ အဲ ... အဲ ... ရှုံးလို့မြတ်တဲ့အမြတ်က ပိုက်ဆံပေးဝယ်လို့ မရဘူး။ တက္ကသိုလ်မှာ သွားသင်လို့ မရဘူး။ ကာလကတ္တားတက္ကသိုလ်၊ ယေး(လ်)တက္ကသိုလ်၊ အောက်စဖို့တက္ကသိုလ်၊ ဒါဂိုလင်တက္ကသိုလ် ... အဲဒီလိုနိုင်ငံခြား တက္ကသိုလ်များမှာတောင် ဒေါ်လာပေး၊ ဖရန့်ပေး၊ ရူပီပေး၊ ဝမ်ငွေပေးပြီး သင်လို့မရဘူးကိုယ့်လူ။ ရှုံးလို့မြတ်တဲ့ ဘောဂဗေဒကျမ်းကို တစ်ကမ္ဘာလုံးမှာ ဘယ်ပါမောက္ခ၊ ဘယ်စာရေးဆရာ၊ ဘယ်ပညာရှင်မှ စာအုပ်မထုတ်သေးဘူး''

''ခင်ဗျား ထုတ်ပါလား ... အံ့ရှုံးဦးခြောက်ပေရ''

''ထုတ်မှာ။ ကေန်မုချ ထုတ်မှာ။ ဘုရားစူး၊ မိုးကြိုးပစ်ထုတ်ကို ထုတ်မှာ ... ကိုယ့်လူ နှပ်ချီးထူတို့ရဲ့ ငါများထုတ်ရင်လေ ရာဇကုမာရကျောက်စာလို ဘာသာလေးမျိုးနဲ့ ထုတ်မယ်ဟေ့။ အင်္ဂလိပ်လို၊ ပြင်သစ်လို၊ တရုတ်လို၊ ဂျပန်လို ကမ္ဘာသုံးဘာသာစကားလေးမျိုးနဲ့ ထုတ်မှာကွ ... ဟား ... ဟား ... ဟား ... ဟား''

''ဒီမှာဦးခြောက်ပေ စကားကိုလမ်းကြောင်းမလွှဲပါနဲ့ဗျ။ အံ့သွားပေါက်ပြီလားရယ်၊ နှုတ်ခမ်းမွေးပေါက်ပြီလားရယ်၊ ရင်ဘတ်မှာ နို့စူပြီလားရယ်ကိစ္စကို ပြီးအောင်ရှင်းပါဗျ''

''အဟမ်း ... အေး ... ရက်(စ်) ... ရက်(စ်) ... လျှက်ဆား၊ ဘုန်းကြီးလျှာပွတ်ဆေး၊ ဖာပုံးလေးနဲ့ ပို့ကျုံကွေ့ ရက်(စ်)ဆား ... မှန်လိုက်၊ ငန်လိုက်လေကွာ။ ဒီလိုကွ ငါ့လူနှပ်ချီးထူတို့ရဲ့ မင်းတို့က မင်းတို့ကိုယ်မင်းသို့ ကလေးမဟုတ်ဘူး၊ ကာလသားလို့ပြောတယ်။ ကာလသားဆိုတာ ... ကုလားရဲ့သား မဟုတ်ဘူးနော်''

''သိတယ်ဗျာ ... ရှင်းတာကို ရှုပ်အောင်မလုပ်ပါနဲ့''

''ကာလသားဆိုတာ ကာလကြီးထဲက သားအရွယ်လေးတွေကို ခေါ်တာကွ။ ကြီးလာမှ လူပျိုကြီးတဲ့။ လူပျိုကြီးဆိုတာရောသိလား''

''ကာလသားအကြီးစားကို ပြောတာပေါ့ဗျ''





''နိုး ... နိုး ... ဗဲရီး မစ်စတိတ် (Very Mistake) အရမ်းမှားသကွ။ လူပျိုကြီးဆိုတာ ... လူပျိုလေး ... ကာလသားလေးလောက်မစွံလို့ ... သုံးမရလို့ ... အခုကြောင်ကျားဖြစ်နေတဲ့ အစစအရာရာ ပြုံစပြုံတဲ့ကောင်။ ပြုံပြီးရင်း ပြုံနေတဲ့ကောင်တွေကို လူပျိုကြီးလို့ခေါ်တာ .. ဟား ... ဟား ... ဟား ... ဟား''

''ခင်ဗျားလက်ထက်ကျမှ အဲဒီ ဒဿန ကြားဖူးတယ် ... ငါတို့

''ကာလသားကနေ လူပျိုကြီး၊ သူ့ထက်ကြီးသွားတော့ အဖြစ်ရော။ အဖေဖြစ်ရင် ဒီကောင်တော်လာပြီ။ သောက်သုံးကျကျ မကျကျစား အနန္တော အနန္တငါးပါးမှာ စာရင်းဝင် အကျုံးဝင်နေပြီ။ သားသမီးများရဲ့ အကန်တော့ခံစာရင်း ဝင်နေပြီ။ ထားကွာ ... ဒီဖီလော်ဆော်ဖီက ကျယ်ပြန့်တယ်။ ငါမသေခင်မှာ ကျောက်ထက်အက္ခရာတင်ခဲ့မယ်။ ကာလသားဖြစ်ပြီဆိုရင် ပထမအချက် အံ့သွားပေါက်ရတယ်။ အံ့လေးချောင်း စုံရတယ်။ နှုတ်ခမ်းမွေး ရေးရေးထွက်ရတယ်။ မင်းတို့ရင်ဘတ်က နို့။ ကြီးကောင်ဝင် ကာလသားဖြစ်ရင် စူကိုစူလာရတယ်။ အဲဒီအချက်သုံး ... အဲ ... အဲ ... နောက်တစ်ချက် ကျန်သေးသကွ။ ဒါက တိုးတိုးပြောမှကွ။ ဒီမှ နှပ်ချေးထူတို့ ... ငါ့နားကိုတိုးစမ်း။ နီလာမြင့်တို့၊ သီတာမြင့်တို့၊ မောင်မောင်လွင်တို့၊ ပေါ်ပေါ်ခင်တို့၊ ဝက်မတို့၊ ကြက်မတို့ကြားသွားရင် လန့်သွားမယ်။ ဒီနားတိုး ...''

ကာလသားငါးယောက်က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး အရှုံးကြီးဦးခြောက်ပေအနီးသို့ မဝံ့မရဲ တိုးကပ်သွားကြသည်။

ပြီး ... နှစ်ကိုယ်ကြား တိုးတိုးလေးမေးလိုက်၏။

'' .......ကွ။ အဲဒါ ဖြစ်ပြီလား''

''ဗွီ ... လူယုတ်ကြီး''

''ညစ်ပတ်တဲ့ လူကြီးဗျာ''

''မဟုတ်က ဟုတ်ကဗျာ ... ဗွီ''

''အမ်မာ ... ပီမိုးနင်းစာအုပ်ထဲမှာ ပွင့်ပွင့်လင်းလင်းရေးတာ။ ကာလီဒါသစာအုပ်ထဲမှာ မဖတ်ရဲအောင်ရေးတာ။ ဆရာဝန်တွေရေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဗို + မ စာအုပ်ထဲမှာ မကြားဝံ့မနာသာ ရေးထားတာကျတော့ ညစ်ပတ်တယ် . . . ယုတ်မာတယ်လို့မပြောဘဲ၊ ငါက ဗဟုသုတအဖြစ် လူပေါ်စခေတ်က လူ့သဘာဝအကြောင်း အများမကြားအောင် တိုးတိုးပြောတာကြတော့ ဘုန်းတို့က ရှုတ်ချကြတယ်ပေါ့''

ဒါကိုဂ ''ကျုပ်တို့ ရှက်တာပေါ့ဗျ''

ပေး၊ ''ဟော့ကောင်တွေ ဒါ ရှက်စရာမဟုတ်ဘူးကွ။ သိမှတ်စရာလို့ ခေါ်မြတ်ဝ၊ အဲဒီ အချက်လေးချက်နဲ့ ညီညွတ်မှ လူပျိုကာလသားလို့ ခေါ်တယ်။ ဆရာ: . . . မင်းတို့ အဲဒီအချက်လေးချက် ညီညွတ်ရဲ့လား''

''ညီညွတ်ပါတယ်ဗျ''

''ဟုတ်ရဲ့လား ငါ့လူရ''

''အဟုတ်ပါဗျ''

''ဒါဆို ပြစမ်း''

''ဟာဗျာ . . . ကိုကြီးခြောက်ပေ။ ဘာတွေလျှောက်ပြောနေမှန်းမသိဘူးဗျာ။ ကျုပ်တို့ကာလသားဖြစ်နေတာ ကြာပြီဗျာ။ ကျုပ်တို့ကို ခင်ဗျားယုံအောင် လက်ခံအောင် မျက်လုည့်ပြနိုင်မပြနိုင် ဒါပဲသိချင်တယ်''

''အေး . . . အေး . . . အေး . . . မင်းတို့ ကလေးမဟုတ်တော့ဘူးပဲ။ ကလေးကျတော့ ပျော်စရာဖြစ်အောင် လိမ်ပြလှည့်ပြရတယ်။ အဲဒါကို မျက်လှည့်လို့ခေါ်တယ်။ မျက်စိကို လှည့်စားလို့ မျက်လှည့်လို့ခေါ်ရတာ။ နောင်တော့ လူပျိုလေး၊ လူပျိုကြီး၊ အပျိုလေး၊ အပျိုကြီး၊ အဖေအရွယ်၊ အမေအရွယ်များပါ စိတ်ဝင်စားလာလို့ မြေပိုင်းမျက်လှည့်ကနေ စင်တင်ရုံသွင်း အခပေးကြည့်ရတဲ့ အဖိုးတန်မျက်လှည့် ဖြစ်လာတာပေါ့ကွာ။ ပြီး . . . ပဥ္စလက်လို့လည်း ခေါ်သကွ။ ပဥ္စလက်ဆိုတာရော သိလား ငါ့လူတို့ရ''

''မသိဘူးဗျာ . . . ရှင်းပါဦး ဦးခြောက်ပေရ''

''အာရုံငါးပါးနဲ့ခံစားလို့မောင် အံ့သြရအောင် စီရင်ပြလို့ ပဥ္စလက်လို့လည်း ခေါ်ကြသကွ။ ကိုင်း . . . ငါ့လူများ ဘယ်လိုပဥ္စလက်၊ မျက်လှည့်ကို ကြည့်ချင်သလဲ ပြော။ ဒီတစ်ခါပဲ ငါ့လူများကို ချစ်လို့ . . . ခင်လို့





လေးစားလို့ . . . သနားလို့ . . . ပြမှာနော်။ နောင်တစ်ခါ လာမပြနိုင်းနဲ့ ဒါပဲ . . . ပြော . . .''

ဒီမှာ ကာလသားအုပ်စုက အချင်းချင်းမေးကြတယ်။

''ဘာပြနိုင်းရင် ကောင်းမလဲ . . . ကျော်လွင်''

''လေထဲကနေ ခေါက်ဆွဲထုပ် ယူနိုင်းရင်ရော''

''အေး . . . ဟုတ်တယ်။ ရွှေရိုးပြောတာ ကောင်းတယ်။ ငါတို့ စားလို့ရမှာဟ''

''သချိုင်းကုန်းပေါ်မှာကွ။ ငါမစားရဲဘူး။ မင်းတို့လည်း မစားသင့်ဘူး''

''ဘာဖြစ်လို့လဲဟ . . . စားစရာပဲဥစ္စာ''

''အစာထဲမှာ အမှောင့်ပယောဂ အပဝင်လာရင် ဗိုက်ကြီးပူပြီး သေရောလို့ ငါတို့အမေ ပြောဖူးတယ်''

''ဒါဆို ဘဲဥကနေ လက်စွပ်ဖြစ်တာမျိုးရော''

''မင်းမှာ ဘဲဥပါလို့လား''

''ဟင့်အင်း . . . မပါဘူး''

''ကြက်ဥရောပါလား''

''မပါဘူး''

''ဘာဥပါလဲ ပြော''

''ရွှေဥ''

''မင်းအမေကလွှား။ ဒီအရူးလိုလူကြီးက လူထူးလူဆန်းလို့ နာမည်ကျော်နေတဲ့အရူး။ မှော်ဆရာလိုလို၊ ပညာသည်လိုလို၊ ပျောက်စေဆရာလိုလို နာမည်ကျော်နေတဲ့ အရူး။ မတော်မရော် သွားမလုပ်လိုက်နဲ့။ သူဘာလဲ ငါတို့ သေသေချာချာ သိသေးတာမဟုတ်ဘူး။ ခုဟာက သူများပြောနေတာ ဟုတ်မဟုတ်သိချင်လို့ ချော့မော့အရောဝင်ပြီး ပညာစမ်းကြည့်နေတာ။ ဒီလိုလုပ် . . .''

''ပြော . . . ဘယ်လိုလုပ်မလဲ''

''သူဟာ အရူးစစ်စစ်ပဲလား . . . အထူးစစ်စစ်ပဲလား . . .



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် မျက်လှည့်ပဉ္စလက် ကျွမ်းကျင်သူပဲလား ... ဒါမှမဟုတ် ... ဟို ... ဘာတဲ့ ... ဂ ... ဂံ ..."

"ဂမ္ဘီရ ..."

"အေ ... ဂမ္ဘီရပညာရှင်လား၊ လူကဝေလားဆိုတာ သိချင်လို့ စူးစမ်းနေတာ။ ဟိုမှာ ကြည့် ..."

ဒီမှာ ကျော်လွင်ဆိုသူ ပါးရည်နပ်ရည်ရှိသူ လူရွယ်က သချိုင်း ကုက္ကိုပင်ကိုင်းဖျားမှ နားလိုက်ပျံလိုက်၊ တွတ်ထိုးလိုက် လုပ်နေကြသည့် စာကလေးသုံးကောင်ကို လက်ညှိုးထိုးပြလိုက်တယ်။

"စာကလေး တွေ့လား"

"အေး ... ဟုတ်တယ်။ အဲဒီ စာကလေးကို လက်နဲ့မဖမ်းဘဲ၊ လေးခွနဲ့မပစ်ဘဲ သူ့ကို အရှင်ဖမ်းနိုင်းကြည့်မယ်"

"ဖြစ်နိုင်ပါ့မလား ကျော်လွင်ရာ၊ မင်းဟာကလည်း ..."

"ကျော်လွင် ... မင်းလုပ်ခိုင်းတာ မျက်လှည့်မဟုတ်ဘူး"

"သိတယ် ... ဒါ ပဉ္စလက်နည်းပဲ။ ပဉ္စလက်ဆိုတာ မျက်လှည့် ပညာထက် ပိုအဆင့်မြင့်တယ်။ ဒီလူကြီးလုပ်ပြနိုင်ရင် သူ့ကိုငါတို့ အရှုံး ပေးမင့် လေးစားတန်ဖိုးထားရမယ်"

"မလုပ်နိုင်ရင်ကော ..."

"ငါတို့မြို့ထဲမှာ သူနဲ့စပ်လျဉ်းပြီး ကြားကြားနေရတဲ့ ကောလာ ဟာလတွေက ပုံကြီးချဲ့မှန်း သိဒ္ဓိတင်နေမှန်း အကြံအဖန်လုပ်နေမှန်း ပေါ်ပြီ ပေါ့ ... စိန်အောင်ရာ ... ဟုတ်ဘူးလား"

"အေး ... ဒါလည်း ကောင်းတယ်။ ခပ်ဆန်းဆန်းလည်း မျက် မြင်ကိုယ်တွေ့ သိရတာပေါ့။ ကိုင်း ... လုပ်ခိုင်း ကျော်လွင်"

"ဗျို့ ... ဦးခြောက်ပေကြီး"

"ဗျာ ... ဗျ"

"ကျုပ်တို့ ငြိနိုင်း၀ မျိုး လုပ်နိုင်ပါ့မလားဗျ"

"လုပ်လို့ရတာမျိုးဆို လုပ်ပြမှာပေါ့ဗျာ။ လုပ်လို့မရတာမျိုးဖြစ်နေ ရင် ခေါင်းယမ်းလိုက်မှာပေါ့"





"ခင်ဗျားက ပဉ္စလက်မျက်လှည့်ဆရာကြီးဥစ္စာ၊ ရရမှာပေါ့"

"ငါက မင်းတို့ပြောကြသလို အရှူးပါကွာ။ နေပါဦး ... မင်းတို့ လုပ်ခိုင်းတာ ငါမလုပ်ပြနိုင်ရင့် မင်းတို့က ငါ့ကို အရေးယူမှာမို့လား"

"မယူပါဘူး။ ဒါပေမင့် ..."

"ဒီမှာ နှပ်ချေးထူတို့"

"ဘာဗျ"

"အဲ ... လေ ... မောင်ကာလသားတို့ ... ကျုပ်က ခင်ဗျား တို့ကို လာပါလို့လည်း မဖိတ်၊ ဘာမဆိုလုပ်ပြနိုင်တယ်လို့လည်း မကြွား။ အခုကိစ္စက မောင်ရင်တို့ဘာသာ မောင်ရင်တို့ ရောက်လာ ... အရှုံးကို အင်တာဗျူးကွက်ရှင်တွေမေး။ ငါကလည်း မျက်လှည့်ပြခ ပဲလှော်တစ်စေ့ မယူပေါင်ဗျာ။ ငါ့ဘာသာ ငါနေတာဥစ္စာ။ မင်းတို့ပြောတာ လုပ်မပြနိုင်ရင် သချိုင်းပြောင်းရှိုးမှာလား ... ပြောပါဦး"

"လွယ်လွယ်လေးပါဗျာ။ ခင်ဗျားကလည်း ..."

"လွယ်ရင်လုပ်မယ် ကိုယ့်လူတို့။ ခက်ရင် ဆောရီးပဲ"

"ကိုကြီးခြောက်ပေ"

"ဘာတုံး ခင်ဗျ"

"ခင်ဗျား ... အင်္ဂလိပ်လိုရော ပြောတတ်လို့လား"

"ကြားဖူးနား၀လေး ရှိုးကြည့်တာမောင်ရာ ... သိပ်မတတ်ပါ ဘူး။ ရှိတ်စပီးယားဝတ္ထုလောက်ပဲ ဖတ်နိုင်ပါတယ် ... အဟုတ် ..."

အားလုံး အရူးကြီးဦးခြောက်ပေရဲ့ ပြောင်ပြက်ပြက် ရွှင်ပျော်ပျော် မျက်နှာကိုကြည့်ပြီး စဉ်းစားအကဲခတ်သလို ကြည့်နေရာမှ ...

"ဦးခြောက်ပေ ... ဟိုသစ်ကိုင်းပေါ်က စာကလေးတွေ တွေ့ လား"

"အေး ... တွေ့ပါ့"

"အဲဒီ စာကလေးသုံးကောင်ထဲက တစ်ကောင်ကို အခုလုပ်နေရာ ကနေ ခင်ဗျားလက်ထဲရောက်လာအောင် လုပ်ပြဗျာ"

"ဟေ ... မင်းတို့ဟာက မျက်လှည့်မဟုတ်ရဲ့လားဟ ငါ့လူ



www.burmeseclassic.com

www.burmeseclassic.com



တို့ရ"

"ခင်ဗျား လုပ်နိုင်မှာပါဗျာ။ နာမည်ကြီး ဂမ္ဘီရအရှုးဥစ္စာ"

"မလွယ်ဘူးကွ။ ဒါ ငါမွေးထားတဲ့ ငှက်မဟုတ်ဘူး။ သဘာဝ အတိုင်းနေကြတဲ့ တိရစ္ဆာန်။ အခြားဟာ လုပ်ကွာ။ ဥပမာ လေထဲကနေ ငါးမှုးစေ့ယူပြတာ၊ သကြားလုံးယူပြတာ၊ ပန်းပွင့်ယူပြတာ၊ ဖျောက်ပြတာ"

"ဒါက လူလိမ်လူညာတွေ အလုပ်ပါဗျာ။ စာကလေးပဲ ခင်ဗျား လက်ပေါ် ခေါ်ပြပေးပါ"

"တခြားဟာခိုင်းပါ ငါ့လူတို့ရာ"

"မပြချင်လည်းနေဗျာ။ ကျုပ်တို့က ခင်ဗျားကို ခင်လို့မင်လို့ အရှူး ပေမင့် ကျုပ်တို့ တက္ကသိုလ်ကျောင်းသားတွေနဲ့ တန်းတူရည်တူ ဆက်ဆံ နေဟာ။ ဒါမှ သဘောမပေါက်ရင်လည်း နေဗျာ။ နောင်လည်း ခင်ဗျားဆီ ကျုပ်တို့ မလာတော့ဘူး။ ခင်ဗျား ... အလကား ... အရှူးဖွတ်ကျားပဲ။ လာ ... လာ ... သွားကြစို့"

"ဂိုးပြီ ... အရှူးဦးခြောက်ပေရ"

"ဟ ... ဟ ... နေကြပါဦးဟ။ အမျိုးဇကောင်းသား ... သူ ကောင်းမျိုးရိုး၊ ဆွေကြီးမျိုးကြီးသားတို့ရ။ Stop ကြပါဦးဟ"

"Go... Go... quickly running go.... ဟေ့ ..."

ဦးခြောက်ပေကို လူငယ်များက ဒေါ်ပွရွတ်ချပြီး ပြန်လှည့်သွားကြ ရော။ နောက်ကနေ ကျုံးရုန်းအော်ဟစ်ပါလေရော။

"နေကြပါဦးဟ ... ရပ်ကြပါကွ။ ဟေ့ ... ကာလသားတွေ ရပ်ကြ ပါဦး"

ပြီး ... အပြေးလိုက်ချလာတယ်။

"ဘာရွှီးဦးမလို့လဲ ... အရှူးဦးခြောက်ပေ"

"မင်းတို့ကလည်း ဒေါနချည်းပဲကိုးကွ။ စံပယ်လေး၊ ခွေးသေးပန်း လေး၊ လက်ခုပ်ပွင့်လေး တစ်ပွင့်တလေ မပါဘူး ... ချီး ... မှပဲ။ စိတ် မရှိပါနဲ့ ငါ့လူ ကာလသားတို့ရာ။ မင်းတို့ငါ့အပေါ် လေးစားတဲ့ဆက်ဆံရေး ကို ငါသဘောပေါက်ပါပြီကွာ။ ကိုင်း ... ကိုင်း ... ငါ့လူများကြည့်ချင်တဲ့





ပဉ္စလက်ပညာအဆန်းကို ဒီတစ်ကြိမ် အားနာလွန်း၊ ခင်မင်လွန်းလို့ ပြပါ့ မယ်ကွာ။ လာကြပါ ... အားလုံး လာကြပါ"

"တကယ်နော်"

"Yes."

"ဘုရားစူး"

"Yes."

"မဖဲဝါ ခင်ဗျားကိုကုပ်ချီး"

"Very good"

"ကိုင်း ... ဘော်ဒါတို့ ရှုစားကြပါစို့လားဟေ့"

"ဝေး ... ဝေး"

"ဒါမှ ဦးခြောက်ပေကွ"

"ဟေ့ ... ကာလသားတွေ ... ဟိုစာကလေးသုံးကောင်ထဲက နော်"

"Yes."

"အထီးကို ခေါ်ပြရမလား၊ အမကို ခေါ်ပြရမှာလား"

"အထီး အမ ... ခင်ဗျားက ဘယ်လိုခွဲလို့တုံးဗျ ... ဦးခြောက် ပေရ"

"ခေါင်းကြီးကြီး၊ ကိုယ်လုံးကြီးကြီး၊ မျက်ကွင်းစပ်မှာ ပါးမုန်းမွေး နဲ့က အထီး။ ခေါင်းသေးသေး၊ ကိုယ်လုံးကျစ်ကျစ်၊ အမြီးရှည်ရှည်က အမ ပေါ့ ... ငါ့လူရ။ မင်းတို့က ဂျနရယ်နောလစ်(စ်) နိမ့်ပါ့ကွာ"

"ဒါဆို ဟို ပါးမုန်းနဲ့အထီးကို ခင်ဗျားလက်ပေါ် ခေါ်ပြဗျာ"

"ကိုင်း ... ယခု အချိန်မှစ၍ နိုင်ငံကျော်မျက်လှည့်ဆရာကြီး ဆရာပဏ္ဍဝ၊ ဆရာပီကိုလာတို့၏ ... ဆရာ ... အဲလေ ... သားတပည့် များ၏ နောက်ဆုံးမြေးဖြစ်သော ကျွန်ုပ် ... အဂ်လန်ပြန် ... အိန္ဒိယမှာ ရေးဝင်ယိုသော ... ပဉ္စလက်ဆရာကြီး ဦးခြောက်ပေ ခေါ် မြန်မာနိုင်ငံလုံး ဆိုင်ရာ အရူးများနာယက ... မစ္စတာခြောက်ပေ အမိန့်ပေးလိုက်သည် များ ...။ ကိုင်း ... ဤသချိုင်းကုန်း၌ တစ်ပင်တိုင်မြနန်း ... အုတ်ကျိုး



www.burmeseclassic.com

www.burmeseclassic.com



အုတ်ပုံ ... ဂူနှင့်စုံမြန်းနေသည့် ... သချိုင်းစောင့် မဖဲဝါတို့၊ ခင်ဖဲဝါတို့၊ ရွှေဖဲဝါတို့နှင့်တကွ ... သချိုင်းကုန်းဒရဝမ် မောင်ပွေးထူကြီးတို့၊ ဟောဟို သစ်ကိုင်းပေါ်က စာကလေးသုံးကောင်အနက် ... ပါးမြိုင်းမွေးနှင့် စာအထီးအား ကျွန်ုပ်လက်ဝါးပေါ်သို့ ... မတိမ်းမစောင်း ... ဗိန်းဗောင်း အဲလေ ... မှားလို့ ... ရှာစားကြီးစိန်ဗေဒါရဲ့ မင်္ဂလာပျော်ညွှန့်နှင့် အရောက် ပို့ကြစေဗျာ ...ဥုံ ...ဖွ ...ဂလုံ ...ဂလွမ် ...ဂလောက် ... ဂလု ..."

"ဥုံ ... ဖွ ... ဂလုံ ... ဂလွမ် ... ဂလောက် ... ဂလု ..."

"ဒါကြောင့်လည်း အရူးလို့ခေါ်တာကွ ကျော်လွင်ရ"

"ဘာဂါထာမှန်းလဲ မသိဘူး။ တစ်ခါမျှ မကြားဘူးပေါင်ဗျာ"

"ဦးခြောက်ပေတင်ရူးတာ မဟုတ်ဘူး။ ငါတို့ပါ သူနဲ့အပြိုင် ရူးနေသလိုပဲကွ ... အဟတ် ..."

"ဘာလိုလိုနဲ့ ငါတို့ငါးယောက်လည်း အရူးအဖွဲ့ဝင် ဖြစ်နေပြီဟေ့"

"ဥုံ ... ဖွ ... ဂလုံ ... ဂလွမ် ... ဂလောက် ... ဂလု ... လာလှည့် နားလှည့် ငှက်သားလေး။ လာလှည့် ... အဖေ့လက်ပေါ် လာနားလှည့်။ ဥုံ ... ငါးရံ့ ... ငါးပနော် ... ငါးပြေမ ... ငါးမြွေထိုး ... ငါးရှဉ့် ... ငါးခူ ... ငါးကျည်း ... ဥုံ ... ဂလုံ ... ပလုံ ... ဂုံ ... ဂွမ် ရောက် ... ရောက် ... ရောက်"

အရူးဦးခြောက်ပေဟာ ပါးစပ်ကနေ ပေါက်ကရတွေရွတ်ပြီး သူ့ညာလက်ဝါးကို ဆန့်ဖြန့်ထားတုန်းရှိသေး ...

အလို ...

ထူးဆန်းလိုက်ပါဘိ။ ကြည့်စမ်း ... စာခေါင်းကြီးလေးတစ်ကောင် ကျစ်ကျစ်နဲ့အော်မြည်ရင်း အရူးဦးခြောက်ပေရဲ့ ညာလက်ဝါးပေါ်မှာ လာနားနေလေရဲ့။

"ဟာ ..."

"ဟယ် ..."





"ဟုတ်လှချည့်လားဟ"

"အံ့ရောဟေ့"

"ကိုင်း ... ယုံပြီလား ငါ့လူတို့"

"တော်လှချည်လား ဦးခြောက်ပေရ။ ဘယ်လိုများ စီရင်လိုက်ကုံးဗျာ"

"ဒါ အကင်းရှိပါသေးကွာ။ ဒီမှာကြည့် ... ဥုံ ... ဂလုံ ... ဂလွမ် ... ပျောက်စေ ..."

"ဟာ ..."

"မရှိတော့ဘူးဗျာ"

"အေးဟ ... ဘယ်ရောက်သွားလဲ"

အရူးဦးခြောက်ပေက ပြောရင်းကနေ ညာလက်ဝါးထဲရှိ ဟိုလှည့်ကြည့် ကျစ်ကျစ် ကျစ်ကျစ်နဲ့အော်နေသည့် စာကလေးကိုယ်ပေါ်သို့ သူ့ဘယ်လက်နဲ့ အုပ်ချလိုက်ရော စာကလေးပျောက်သွားပါရော ...။

"ပျံများသွားပလားဟ"

"ပျံရင် မြင်ရမှာပေါ့ဟ"

"သူ့ ဘယ်လက်ဝါးထဲမှာ ရှိမှာပဲ"

"ကိုင်း ... ကာလသား ... အမျိုးကောင်းသား ... တက္ကသိုလ်ဝင်ကျောင်းသား ... ဆွေကြီးမျိုးကြီး ... ဆင်နဲ့ဖော်ဗီလာ စပ်ကျသည့်သူကောင်းမျိုးရိုးသားတို့ ... စာကလေး ဘယ်ရောက်သွားပလဲဟေ့"

"ခင်ဗျား လက်ထဲမှာဗျ"

"ဟုတ်ရဲ့လား ဆရာလေးတို့ရဲ့"

"ခင်ဗျားလက်ကို ဖြန့်ပြလိုက်လေဗျာ"

"ပျံသွားရင် ဘယ်လိုလုပ်မလဲကွ ... ကာလသားတို့ရ"

"ပျံပျံဗျာ။ ခင်ဗျား ဘယ်လက်ထဲမှာ စာကလေး ...ဖွင့်ပြ"

"ကိုင်း ... မြပြီဟေ့။ အုပ်ချလောင်း ... ဂွမ် ... ဂလုံ"

"ဟယ် ..."

"ဟာ ... မရှိပါလားဟ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ရောက်သွားတုံးဟ ... ကျော်လွင်ရ"

"အေးကွ ... မျက်စိအောက်မှာပဲ ပျောက်သွားသလား"

"တွေ့လား၊ ရှိလား ... ငါ့လူတို့"

"မရှိတော့ဘူးဗျ"

"ဒါဆို ဘယ်ရောက်သွားတုံး ပြောကြပါဦး"

"မသိဘူးဗျ။ ပြန်ခေါ်ဗျာ ... ဦးခြောက်ပေကြီး ... လုပ်ပါ"

"မြင်ချင်တယ်ပေါ့ ... အဟုတ်"

"မြင်ချင်လို့ ပြောနေတာပေါ့ဗျ"

"တကယ်ကြည့်ချင်တယ်ပေါ့ ... အဟာတ်"

"ခင်ဗျား တော်တော်ရစ်တဲ့ အရူးကြီးပဲဗျ ... ပြပါ"

"ကိုင်း ... မေးမယ် ငါ့လူတို့။ မင်းတို့ထဲမှာ ဘယ်သူလက်ကိုင်ပဝါ ပါသလဲ"

ဒီမှာ ခင်သိန်းက ...

"ကျုပ်မှာ ပါတယ်ဗျ"

"ပါရင် ဒီကိုယူလာခဲ့"

ခင်သိန်းက အရူးဦးခြောက်ပေရှိရာကို သွားပြီး သူ့ရဲ့လက်ကိုင်ပဝါအဖြူကို လှမ်းပေးလိုက်တယ်။

"မင်းကိုင်ထားပါ ... လူကလေး၊ လက်နှစ်ဖက်နဲ့ ဖြန့်ကိုင်ထား"

ဒါနဲ့ ခင်သိန်းက လက်ကိုင်ပဝါကို လက်နှစ်ဖက်နဲ့ ဖြန့်ကိုင်ထားလိုက်တယ်။

"ကိုင်း ... မင်းလက်ကိုင်ပဝါထဲကို ငါထည့်လိုက်မယ် ... ကြည့် ..."

အရူးဦးခြောက်ပေက ပြောရင်း လက်ကိုင်ပဝါထဲကို ဘယ်လက်နဲ့အုပ်ပြီး ထည့်လိုက်တယ်။ ဘာကောင်မှ မပါပါဘူးဗျာ။

"လေးဖက်ချည်လိုက် ငါ့လူ"

"ဘာမှ မပါမရှိဘူးဗျ"





"လျှာမရှည်နဲ့ ငါ့လူရာ။ ချည်မှာသာ ချည်လိုက်ပါ"

ဒါနဲ့ ခင်သိန်းက လက်ကိုင်ပဝါကို ထောင့်ဖြတ်လေးဖက် ချည်လိုက်တယ်။

"ပြီးပလား"

"ပြီးပြီ"

"ပြီးရင်း မင်းဘယ်ဘက် အင်္ကျီအိတ်ထဲကို ထည့်လိုက်"

"ထည့်ပြီဗျာ"

"ထည့်ပြီးရင် ပြီးပြီ။ အားလုံးပြန်တော့"

"စာကလေး ဘယ်မှာတုံးဗျ"

"ပြန်တော့ကွာ။ ဩော် ... ငါ့လူတို့ သင်္ချိုင်းဝကိုရောက်ရင် အကယ်လို့များ စာကလေးက မင်းတို့နဲ့ပါခဲ့ရင်ပေါ့ကွာ၊ အိမ်ခေါ်မသွားနဲ့၊ ငါ့လူ။ သင်္ချိုင်းဝမှာပဲ ပြန်လွှတ်လိုက် ... ကြားလား ... နားလည်လား"

"ပါမှ မပါပဲဥစ္စာ။ ခင်ဗျား ဘာရှီးနေတာလဲ"

"အေးပါ ... ပါခဲ့ရင်လို့ ပြောပြီးပါပကောကွာ။ အိမ်ခေါ်မသွားနဲ့ဆိုတာ အခြားကြောင့် မဟုတ်ဘူး။ ဒီစာကလေးက သင်္ချိုင်းကုန်းက စာကလေး။ သူ့မှာ မယားနှစ်ယောက်နဲ့ ... အဟာတ် ... အဟာတ် ... ပြီး သင်္ချိုင်းကုန်းပျော်ငှက်ကိုယ့်လူ။ မင်းတို့အရပ်မှာ သူပျော်မှာမဟုတ်ဘူး။ သူတို့ချစ်ခြင်းကို မခွဲကြပါနဲ့။ ကိုင်း ... ငါ့လူ ကာလသားများ Go out quickly go. ... မြန်မြန်ပြန်"

အရူးဦးခြောက်ပေဟာ ပါးစပ်ကလည်း အင်္ဂလိပ်လိုပြော၊ လက်ကလည်း နှင်သလိုလုပ်ပြီးနောက် အနီးရှိ (စိတ်ဓာတ်မြဲသန်း)အသက် (၁၀၃) နှစ်ဟု ရေးထိုးထားသော အုတ်ဂူကြီးပေါ်သို့ သွားခနဲ ခုန်တက်လိုက်ကာ သမထထိုင်သလို ထိုင်ပြီး ဝင်သက်ထွက်သက်ကို မှတ်နေလိုက်လေရဲ့။

ကာလသားငါးယောက်လည်း ဂမ္ဘီရလိုလို၊ မျက်လှည့်လိုလို ဘာလိုလိုနှင့် အူကြောင်ကြောင်လုပ်ပြသွားသည့် လုပ်ရပ်ကို တွေးပြီး စဉ်းစားကြတယ်။

"ဘယ်လို ဆက်လုပ်ရမှာလဲ ကျော်လွင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုမှ လုပ်မနေနဲ့။ ဒါ သိပ္ပံပညာရှင် မဟုတ်ဘူး။ ဟိုလူပြော၊ ဒီလူပြောနဲ့ ကောလာဟလဖြစ်နေတဲ့ အရူးဥစ္စာ။ အရူးဟာ အရူးလိုပဲ ပြောမယ်၊ လုပ်ပြမယ်။ ငါတို့လည်း သူနဲ့ပြိုင်ပြီး ရူးမနေနဲ့တော့။ ဓာတ်လမ်းပြီးပြီ။ ပြန်စို့"

စိတ်မနံ့သူ အရူးကြီးကား သူ့အလုပ်ကိုသူ အုတ်ဂူပေါ်မှာ ဗျာန်ဝင်စားပြီးလုပ်နေတယ်။ နောက်ဆုံး ကျော်လွင်တို့ကာလသားအုပ်စု သင်္ချိုင်းကုန်းကနေ ပြန်လှည့်ထွက်အလာ ...

ဒီမှာ ခင်သိန်းက စပြီး ဖောက်ပါရော ...

"ဟ ... ဟ ... ကျော်လွင် ... ကျော်လွင် ..."

"ဘာတုံး ... ခင်သိန်း ... ဘာဖြစ်ပြန်ပြီလဲကွ။ အလန့်တကြား"

"ငါ့ ... ငါ့အိတ်ထဲမှာ လှုပ် ... လှုပ်နေတယ်ဟ"

"ဘာ ..."

"ဘာလှုပ်တာတုံး ... ခင်သိန်း ငကြောင်ရ"

"ဟ ... ဟ ... တကယ်လှုပ်နေတာဟ"

အားလုံး ဝိုင်းကြည့်လိုက်တော့ လက်ကိုင်ပဝါထည့်ထားတဲ့ ခင်သိန်းရဲ့ ဘယ်ဘက်အင်္ကျီအိတ် တကယ့်ကိုလှုပ်နေတာ။

"ဟာ ... ဟုတ်တယ်ဟ"

"ထုတ်ကြည့်စမ်း ... ခင်သိန်း။ မြန်မြန်လုပ်ပါကွ"

ဒီမှာ ခင်သိန်းက အရူးကြီးစီရင်ပေးလိုက်တဲ့ လက်ကိုင်ပဝါကို အသာထုတ်ပြီးဖွင့်လိုက်ရော ...

"ဟာ ..."

"ဘုရားရေ"

"အလိုလေးလေး"

"ဗုဒ္ဓေါ ... ဆန်းလှချည်လားဟ ... ဟေ"

အားလုံး မြင်လိုက်ရသည်ကား လက်ကိုက်ပဝါထဲမှ စာခေါင်းကြီးပါးမုန်းမည်းလေးတစ်ကောင်။ စာကလေးသည် ကျလစ်ကျလစ်အသံပြုရင်း သူတို့အားလုံးကို မျက်လုံးကစား၍ လိုက်ကြည့်နေသည်။ သည့်နောက်





ကိုယ်လုံးမွေးများကို ဖွခါလိုက်ပြီး လက်ဝါးပေါ်ရှိ လက်ကိုင်ပဝါထဲမှ လှစ်ခနဲ အတောင်ဆန့်လို့ သင်္ချိုင်းကုန်းအတွင်းဘက်ရှိရာသို့ ပြန်သွားတာကို အားလုံးမြင်လိုက်ရတယ်။

ကာလသားအားလုံး ပါးစပ်ဟောင်းလောင်းပွင့်လို့။ ဘာစကားမှ မပြောနိုင်ကြ။ ဟို အရူးဦးခြောက်မေ ထည့်ပေးလိုက်တုန်းက လက်ကိုင်ပဝါထဲမှာ ဘာမှမပါ။

အခု သင်္ချိုင်းကုန်းအဝင်ဝရောက်တော့ အထဲမှာ စာအရှင်ကလေးတစ်ကောင်ဖြစ်နေတယ်။ အားလုံး အံ့ဩကုန်ကြတယ်။

မျက်လှည့် ...

လက်လှည့် ...

ပဥ္စလက် ...

ပြီးတော့ ... ကြားဖူးနားဝ ပဥ္စလက်ဂမ္ဘီရ။

အဲဒါ ဘယ်အချက်နဲ့ ကိုက်ညီနေသလဲ။ စဉ်းစားအဖြေရှာလို့ လုံးဝမရ။

www.burmeseclassic.com

www.burmeseclassic.com

# [ ၂ ]

❑

ကျွန်ုပ်သည် လူငယ်ကာလသားလေးများဖြစ်ကြသော မောင်ကျော်လွင်၊ မောင်ခင်သိန်း၊ မောင်စိုးမြင့်၊ မောင်ချစ်မွှယ်တို့ ပြန်ပြောနေသည့် အရှုးဦးခြောက်ပေ၏ ဖြစ်ရပ်ဆန်းကြယ် ပဥ္စလက်ဂမ္ဘီရကို ကြားသိရသော အခါ ...

အရူးဦးခြောက်ပေဆိုသူကို လွန်စွာစိတ်ဝင်စားခဲ့ရလေ၏။

သို့နှင့် ...

ကျွန်ုပ်သည် ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် စာရေးဆရာပီပီ လူအများက အာရုံစိုက် စိတ်ဝင်စားနေကြသည့် အရူးကိုခြောက်ပေရဲ့နောက်ကို တကောက်ကောက်လိုက်ပါရင်း အရူးလူထူးဆန်းတစ်ယောက်ရဲ့ ဘဝကို သုတေသနပြုနေမိတော့၏။





သူ့ကို ချဉ်းကပ်လေ့လာတော့မှ ...

အာရုံထူးဆန်းသော၊ ဘဝဖြစ်ရပ်ဆန်းကြယ်သော လူထူးတစ်ယောက်ရဲ့ ဂမ္ဘီရဆန်ဆန်ဘဝကို ကျွန်ုပ် သိခွင့်ရခဲ့တော့သည်။

လေးစားအပ်သော စာဖတ်သူများ သိတော်မူကြသည့်အတိုင်း ကျွန်ုပ်သည် နာမည်ကျော်မဂ္ဂဇင်းကြီးများမှာ အရှုးဇာတ်ကောင်များနှင့် စပ်လျဉ်းသည့် ဖြစ်ရပ်ဆန်းကြယ် ဝတ္ထုတို၊ ဝတ္ထုရှည်များကို ရေးသားခဲ့ဖူး၏။

ကျွန်ုပ်ရေးသားခဲ့သည့် ဝတ္ထုဇာတ်ကောင်များတွင် ...

လူထူးဆန်း ဘတိုက်ပုံ ဦးရာကျော် ပါဝင်၏။

ပုံပျက်ပန်းပျက်ရသေ့ကြီးလို လူဆန်းလည်း ပါဝင်၏။

ကျွန်ုပ် ငယ်စဉ်ဘဝအရွယ်တုန်းက ကြုံတွေ့ခဲ့ရသည့် အရူးဦးပေါက်ကျော်ဆိုလျှင် ဒေါသကြီး၏။ နှစ်ပေါင်းများစွာ ရေမချိုး။ အရူးမ မသောင်းရဲ့ယောကျ်ားဟုပြောကြလျှင် ဝါးရင်းတုတ်နှင့် လိုက်ရိုက်၏။

သွားလေရာ ပခုံးသိုင်းအထုပ်ကြီးလည်း ပါ၏။

လူပြောင်လူနောက် လူရွှတ်များက သူစားနေသည့် ထမင်းပုံထဲသို့ သဲများပစ်ထည့်သွားလျှင် အားရပါးရ ကလော်တုတ်ပြီး အုတ်ခဲကျိုးများနှင့် လိုက်ပစ်၏။

ပစ်လို့ဆဲလို့ဝလျှင် ဒူးပေါ်အောင် ပုဆိုးညစ်ညစ်ကြီးလှန်ပြီး ချေးများကိုသုတ်၏။ ပြီး သဲရောနေသည့် ထမင်းထုပ်ကို အကုန်ပြန်စားလေ၏။

သူသည် (ယခုအခါ သန်လျင်မြို့လယ် နှစ်ကျိပ်ရှစ်ဆူမမွှားရုံ)ဟု အကျော်ဇေယျ မြို့ကျက်သရေဆောင်ဖြစ်လာမည့် သဲပုံစေတီတန်ဆောင်း မှာနေ၏။

ထိုစဉ်က သဲပုံစေတီသည် ကိုးတောင်ပြည့်စေတီဖြစ်၏။ ကျွဲ၊ နွား၊ ဆိတ်များ ဝင်အိပ်ကြ၏။ ဖဲသမား၊ ဖျောက်ပန်းသမားနှင့် အရက်သမား၊ အမူးသမားများ ကြုံသလိုနေကြသည့်နေရာ ဖြစ်လေ၏။

တစ်နေ့သောအခါ အရူးဦးပေါက်ကျော်ကြီး ၎င်းသဲပုံစေတီဘုရားဗိုင်မှာ ကွယ်လွန်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူကွယ်လွန်သော် သူ့ကို ခင်မင်သနားကြသော ဘုရားလူကြီး ခေါ်ရကောင်းသည့် အနီးပတ်ဝန်းကျင်ရှိ လူကြီးများက သဂြိုဟ်ပေးရန် ပြင်ကြ၏။

ဒီမှာ သူ့အဝတ်စုတ်ထုပ် ကြေးလက်လေးသစ် နံဟောင်အဝတ်အစားများကြားမှ ငွေစက္ကူများ၊ ငါးမူးစေ့၊ ကျပ်စေ့၊ မတ်စေ့၊ ဆယ်ပြားစေ့၊ ငါးပြားစေ့ စသည့်ငွေများ များစွာကို မမျှော်လင့်ဘဲ တွေ့ရှိခဲ့ကြလေ၏။

အရူးဦးပေါက်ကျော် နှစ်ပေါင်းများစွာ တောင်းရမ်းစုဆောင်းရရှိသည့်ငွေများကို ဘုရားလူကြီးများက ဦးပေါက်ကျော် ဘဝကူးကောင်းရန်အတွက် သူ့ငွေစများဖြင့် ...

ကိုးတောင်ပြည့်စေတီကို ထုံးသက်န်းကပ်ပေး၏။ ရွှေချပေး၏။ ရဟန်းသံဃာများအား ဆွမ်းသက်န်းလှူ၍ အမျှအတန်း ပေးဝေခဲ့၏။

ကျွန်ုပ် သိမြင်သမျှ ရေးရလျှင် ...

အရူးဦးပေါက်ကျော်ကြီးကို အိပ်မရ၊ စားမရ၊ နေလို့မရအောင် အမျိုးမျိုး နှောင့်ယှက်ကြသူများတွင် ကျွန်ုပ်၏အသိသူငယ်ချင်း လူပေလူတေများ ပါဝင်ကြလေ၏။

နောင်အခါ သူတို့သည် ...

အရွယ်မရောက်ခင် ကလေးထောင် (ခေါ်) လူငယ်ပြုပြင်ရေး စခန်းများသို့ ရောက်သွားကြရလေ၏။

အရွယ်ရောက်လာသောအခါ အင်းစိန်ထောင်နှင့် နှစ်ပါးသွားကြရသည်။ မြို့ကျော်လူမိုက်များဖြစ်ကာ အချို့ အသေဆိုးနှင့် သေဆုံးကြ၏။

ထွန်းမြင့်ဆိုသူကား အသက်အရွယ်ရလာပြီးနောက် နောင်တများနှင့် တရားသမားများ ဖြစ်နေကြသည်ကို ယနေ့တိုင် မြင်နေရ၏။

ပြီး ...

ကျွန်ုပ်သည် အရူးမ ဒေါ်သောင်းအကြောင်းကိုလည်း ရေးဖူး၏။ အကျဉ်းချုံးမှု ပြန်ရေးရလျှင် အရူးမကြီးဒေါ်သောင်းသည် ခေတ်ပညာတတ်ဖြစ်၏။ သူ့သားသမီးများလည်း ပညာတတ်များဖြစ်ကြ၏။

ဘဝကံဝဋ်ကြွေး၊ အထုံရေစက် မည်မျှရင့်ညောင်းလို့လည်းမသိ၊





ဒေါ်သောင်းကို ခေတ်မီဆေးဝါး၊ စိတ်ရောဂါပညာရှင်များနှင့် ကုသပေးသည့်တိုင် စိတ်မမှန်သည့်ရောဂါ လုံးဝမပျောက်။

သူကား ... ဦးပေါက်ကျော်လို မကြမ်းတမ်း။

ထိုစဉ်က ဂိုးလ်ဖလိတ်၊ စီးကရက်။ နောင် ပရုပ်အေးစီးကရက်ကို ရုပ်ရှင်မင်းသမီးကြီး ဒေါ်တင်တင်မူစတိုင်၊ ရုပ်ရှင်မင်းသမီး ဒေါ်ဘောဘီနွဲ့စတိုင် ခဲ၍ သန့်သန့်ပြန့်ပြန့် စမတ်ကျကျဝတ်စားပြီး အင်္ဂလိပ်သီချင်းများကို အသံနေထား မှန်ကန်စွာဖြင့်ဆိုရင်း ဥဒဟို လျှောက်သွားနေလေ့ရှိ၏။

သူ့ကို ဘယ်လိုပဲစစ၊ နောက်နောက် လုံးဝမဆဲ။ ရန်မပြု။ ပြုံးပြုံးပြုံးပြုံး။

အင်္ဂလိပ်သတင်းစာကို လမ်းဆုံအုတ်ခုံမှာ ထိုင်၍ အော်ဖတ်ပြီး ပညာလာစမ်းသူများကို မြန်မာလို ပြန်ပြလေ့ရှိ၏။

အင်္ဂလိပ်စကားတတ်သူများနှင့် အင်္ဂလိပ်စာ ပြိုင်ပြောလေ၏။ အလုကြိုက်၏။ အသန့်ကြိုက်၏။ ရူးသော်လည်း သနပ်ခါးအဖွေးသား၊ ခေါင်းမှာ မိန်းမကောင်းပန်းပန်သကဲ့သို့ တစ်ပွင့်တည်းပန်လေ့ရှိ၏။

ဒေါ်သောင်းကွယ်လွန်အနိစ္စ ရောက်သောအခါ သူမရဲ့ရှာပနကို ကျကျနန သဂြိုဟ်ကြ၏။

မြို့ပေါ်ရှိ ဂုဏ်သရေရှိ အသိုင်းအဝိုင်း၊ ဆွေကြီးမျိုးကြီးများ၊ ပညာတတ်များ၊ ဒေါ်သောင်းကို ခင်မင်လေးစား ကြင်နာသနားကြသူများက အုံနှင့်ကျင်းနှင့် အသုဘပို့ လိုက်ပါခဲ့ကြ၏။

အသုဘမချခင် ...

မိုးကြီးသည်းထန်စွာ ရွာလေ၏။ လူလုံးမမြင်ရအောင်ကို ရွာလေ၏။ အိမ်ပေါ်မှာ တရားနာသည့်အချိန်ကစပြီး မိုးသည်းကြီးသည် ရုတ်ခြည်း ရပ်ဆိုင်းသွားပြီး မည်းညို့ကောင်းကင်ကိုခွဲ၍ နေလုံးရဲရဲ ထိန်ထိန်ကြီးပေါ်လာလေ၏။

အသုချ မြေမြှုပ်သဂြိုဟ်ပြီး ပြန်ချိန်အထိ နေပူလေ၏။ အသုဘပို့ အခမ်းအနားပြီးမှ မိုးကြီးသည်းထန်စွာ ရွာလေ၏။

အားလုံးက ဒေါ်သောင်းဘဝ အေးချမ်းမြင့်မြတ်လေခြင်းဟု



www.burmeseclassic.com

www.burmeseclassic.com



အတိတ်ကောင်းစကားကို ဆိုကြလေ၏။

နောက်တစ်ရှူးကား ...

ကုက္ကိုပင်ခွကြားမှာ စောင်ကိုပုခက်လုပ်အိပ်ပြီး ဖာတ်မင်းသားကြီးဦးဖိုးစိန်၏ တာနေဘယက္ခဘီလူးရဲ့ ရင်ကွဲအလွမ်းသီချင်းကို တစ်နေကုန်ဟစ်သည့် အရူးလူထူးဆန်းတစ်ဦး ဖြစ်၏။

မိုးရာသီမှလွဲလျှင် ...

နွေနှင့်ဆောင်း ... နှစ်ရာသီလုံး သစ်ပင်ပေါ်မှာနေ၏။ သီချင်းဆို အလွမ်း အလွန်ကောင်းလေ၏။

"ရေစီးအကျော်တွင် ××× လှေကြီးပေါ်တွင် လှေငယ်တင်လို့
အလှည့်တွင် ပွဲစင်က လှုပ်သည့်နှယ် ××× ရွှေကြုတ်မယ်ရေ
ရွှေကြုတ်မယ်ရဲ့ ××× မင်း ××× ဂနာမငြိမ်တာကြောင့် ×××
(ခုတော့ ××× ) သပေါက်မလေး ××× ကာမရှိန်ဖော ×××
ဟော ××× ဟော ××× "

ဆိုသည့် ဂရိတ်ဦးဖိုးစိန်၏ တာနေဘယက္ခဘီလူး ဓာတ်ပြားဇာတ်ထုပ်မှ သီချင်းများကို ဟိုးသစ်ပင်အဖျားကိုင်းမှာ ခြေချထိုင်ရင်း အော်ဟစ်သီဆို လွမ်းလေ၏။

နောင်အခါ ...

သူနှင့် အပြိုင်လွမ်းသည့် အရူးမတစ်ဦး ၎င်းသစ်ပင်ခြေရင်းသို့ ရောက်လာ၏။

သူမကလည်း အရူးသီချင်းသည့်ကြီးဟစ်နေသည့် ကုက္ကိုပင်အောက်ကနေပြီး အပေါ်ကိုမော့ကြည့်ကာ တာနေဘယက္ခဘီလူးရဲ့ဇနီး သမုခသီဂီခေါ် ရွှေကြုတ်မယ် ပြန်လွမ်းသီချင်းကို တစ်လှည့်စီအော်ဟစ်၍ အပြိုင်လွမ်းရကား ...

ဇာတ်သီချင်းကြိုက်သူများ နေ့စဉ်မပျက်သည့်တိုင် ရက်ခြားနားထောင်ရင်း သူတို့နှစ်ဦးရဲ့ဘဝကို ကြည့်၍ ရင်နှင့်ခဲ့ကြရ၏။

၎င်းဖြစ်စဉ်ကို ကျွန်ုပ်သည် မောင်ညိုမှိုင်း (သန်လျင်)စီစဉ်သော ကလောင်စုံမှာ ဝတ္ထုတိုအဖြစ် ရေးပေးခဲ့ပါသည်။ များမကြာမီ ၎င်းအရူး





နှစ်ဦးရဲ့ ကြေကွဲရင်နင့်စရာ အံ့ဩဆန်းကြယ်ဘဝများကို လုံးချင်းဝတ္ထုရှည်အဖြစ် အသေးစိတ်ရေးသားသွားမည့်အကြောင်း ကြိုတင်၍ အသိပေးအပ်ပါသည်။

ဒါ့အပြင် ...

ချစ်စွာသော စာဖတ်သူများ ဖတ်ဖူးပြီးဖြစ်ပါလိမ့်မည်။ ဖြိုးရွှာရာသီဖွား နန်းအိမ်ကြို့ လုံးချင်းဝတ္ထုရှည်ကြီးမှ အရူးမလေး 'ချစ်စု' အကြောင်း ...

ကျွန်ုပ် အရူးဇာတ်ကောင်များအကြောင်း အတော်များများရေးဖူး၏။ ကျွန်ုပ်နှင့် အရူးဇာတ်ကောင်များသည် ဓာတ်တည့်နေလို့လားမသိ။ ကျွန်ုပ်ဇာတ်ကောင် စိတ်မနှံ့သူ (အရူး)များကို အမြို့မြို့ အနယ်နယ်မှ စာဖတ်သူများက လွန်စွာ စိတ်ဝင်စားကြသည်ကို ကြားသိခဲ့ရ၏။

အချို့က ... သူတို့ကို သနားကရုဏာဖြစ်ကြ၏။

အချို့က ... အံ့ဩဆန်းကြယ် ဖြစ်ရသည်တဲ့။

အချို့က ... လေးစားအားကိုးချင်ကြ၏။

အချို့သော စာဖတ်သူများဆိုလျှင် ကျွန်ုပ်၏ ဇာတ်လိုက်ကြီး ..

လူထူးဆန်းဘတိုက်ပုံ ဦးရာကျော်ကိုလည်းကောင်း ...

ပုံပျက်ပန်းပျက်ရသေ့ကြီးဟိုလည်းကောင်း ...

စိန့်စီကကြိုး ရေချမ်းအိုးမှ အဘဦးရေချမ်းအိုးကိုလည်းကောင်း တွေ့ချင်ကြ၏။ သူတို့အကူအညီကို အလိုရှိကြ၏။ သူတို့ဘဝ အခက်အခဲများကို ထိုလူထူးဆန်းကြီးများနှင့် တိုင်ပင်၍ ကြုံတွေ့နေရသော ဘဝပြဿနာများကို ဖြေရှင်းချင်ကြ၏။

ကျွန်ုပ်ထံ ဖုန်းဆက်၍ မေးကြပြောကြ၏။

စာရေး၍ဆက်သွယ် အကူအညီတောင်းကြ၏။

လူကိုယ်တိုင် လာရောက်၍ပင် မေးမြန်းကြလေ၏။

ကျွန်ုပ် ထိုထိုသော တွေ့လိုသူများကို ကူညီနိုင်ခွင့်မရှိခြင်းအတွက် လွန်စွာ စိတ်မကောင်းဖြစ်ခဲ့ရ၏။

ကျွန်ုပ်၏ဇာတ်လိုက် 'အဘ'တို့နှင့်တွေ့ဖို့ရာက သိပ်မလွယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့က ခြေဦးတည့်ရာနှင့် သွားချင်ရာအရပ်ကို လျှောက်သွားနေ၏။ အိပ်ချင်လျှင်တောင် လမ်းနံဘေးသစ်ပင်အောက်မှာ လွယ်အိတ်ခေါင်းချပြီး အိပ်ချင်အိပ်၏။ စကားလည်း ပြောချင်မှပြော၏။ မပြောချင်လည်း တစ်နေကုန်သည့်တိုင် 'ဟုတ်ကဲ့'နှင့် 'ဟင့်အင်း'ကိုပင် လေကုန်မှာစိုး၍ထင့် လုံးဝမပြော။

အဲ ... ပြောပြီဆိုလျှင်လည်း ရေပက်မဝင်အောင် ပြော၏။

နားကြားပြင်းကတ်အောင် ပြော၏။ သူတို့ပြောသည့် စကားများကား အရှုံးစကားဖြစ်သော်လည်း ပေါ့ပေါ့တန်တန်မဟုတ်။

စကားမှာ နိမိတ်ပါ၏။ အရိပ်ပါ၏။ အတိတ်ပါ၏။ ပုံပျက်ပန်းပျက်ရသေ့ကြီးဆိုလျှင် လူပုံလူပန်းက ခြေလက်ကိုယ်အင်္ဂါ မသန်စွမ်းသော်လည်း လိုအပ်လျှင် အင်္ဂလိပ်လို မှုတ်၏။ ဂျပန်လို ပြော၏။ ထိုင်း (ယိုးဒယား)စကားလည်း တတ်၏။ ဗုဒ္ဓဘာသာတရားအကြောင်းကို ကုလားလို ပြောလျှင် တကယ့်ကုလားအစစ်။

ပြီး ... ဗန်းစကားမျိုးစုံလည်း နားလည်၏။

ခက်သည်ကား ... အကြောင်းကိစ္စရှိ၍ ကျွန်ုပ်ကိုယ်တိုင် သူတို့နှင့် တွေ့လိုလို့သွားရှာလျှင် မူလနေရာမှာ မရှိတော့။ အဲဒါ အချိန်ပေးပြီး ဥဒဟိုလိုက်ရှာမေးမြန်းရ၏။

ဇရပ်၊ သချိုင်းကုန်း၊ ရေဆိပ်၊ လှေဆိပ်၊ ဘုရားကြိုဘုရားပျက်၊ ဟိုဂူဒီဂူ၊ ဒီတောဟိုတောင်မှသည် တိုက်အိုတဲပျက်၊ ကုလားစုကြက်ဝိုင်းများ ပါမကျန် အသံကြားရာ ခြေတိုအောင် လိုက်ရှာရလေ၏။

လိုက်ရှာလည်း တွေ့ချင်မှတွေ့၏။

ရှာလို့လည်းမောပြီ။ ငွေရော၊ အချိန်ရော ကုန်ပြီ။ သူတို့လည်း သေပြီနဲ့တူပါရဲ့ဟု သတ်မှတ်ပြီး ခြေပစ်လက်ပစ် လူကုန်စိတ်ပင်ပန်းကျနေချိန်ရောက်မှ ...

ကြည့်တော့ ...

လူကြီးမင်းတို့ ... မင်းသားကြီးတို့ ... ကျေးဇူးရှင်ကြီးတို့က အိမ်ရှေ့သို့ ကားအကောင်းစားနှင့် အံ့ဖွယ် ကြွရောက်လာလေ့ရှိ၏။





မြတ်စွာဘုရား ... သူတို့စီးလာသည့်ကားနှင့် သူတို့အသွင်အပြင်ရနံ့သည် နံ့သာဆီနှင့်ပုန်းရေကြီးလို ကွာလေ၏။

ဒါလိုမှမဟုတ်သော် ...

အမိုက်ကားစီး၍လည်းကောင်း၊ ဆိုက်ကားစီး၍လည်းကောင်း၊ နွားလှည်းစီး၍လည်းကောင်း ရောက်လာပြီး အိမ်ရှေ့မှ အသံကျယ်ကြီးနှင့်ကုန်း၍ အော်ဟစ်တတ်၏။

တစ်ခါများ ...

မြင်းစီး၍ ရောက်လာရကား ... ကွမ်းဆော်ကြောင်ဖြူမင်းလောင်းစောင်ချမ်းပင် နတ်ပေးလိုက်သည့်မြင်းနှင့် ကြွလာသည်မှတ်၍ ကျွန်ုပ်အပါအဝင် အိမ်နီးနားချင်းများ မျက်ကလူးဆန်ပျာ ဖြစ်ရ၏။

တစ်ခါတုန်းကလည်း တစ်ရပ်ကွက်လုံး နိုးကုန်၏။ တဝုန်းဝုန်းလှုပ်၍ ပုတ်၍ အော်ကြီးဟစ်ကျယ် ခေါ်၏။ အအိပ်ကြီးသော ကျွန်ုပ်ကားမိုးကြိုးအနီးကပ်၍ပစ်သည့်တိုင် အသက်ရှူမတန့်။

ထိုအခါ ဘသားချောကြီးများက ကျွန်ုပ် မနိုးရကောင်းလားဟု နှစ်ယောက်ပေါင်း၊ တစ်ခါတစ်ရံ သုံးယောက်ပေါင်းပြီး အိမ်ရှေ့မှောင်မည်းမည်းမှာ ရပ်၍၊ ခုန်၍၊ က၍ ရရာသီချင်းမျိုးစုံ (နတ်ချင်း၊ ငိုချင်း၊ ဘုရားပင့်၊ ဘုန်းကြီးပျံ့ငိုချင်း)တို့ အော်ဆိုကြရကား ...

ရပ်ကွက်လူကြီးများ၊ အိမ်နီးချင်းများ တုတ်၊ ဓား၊ လက်နက်များနှင့် ထွက်လာဝိုင်းလာ မေးလာရသည့်အခြေအနေကို ရောက်ရတော့၏။

ကျွန်ုပ် နိုးသော် ... လွန်စွာလည်း စိတ်ညစ်ရလေ၏။ အလွန်လည်း ပျော်ရွှင်ဝမ်းသာရလေ၏။ သို့နှင့် အားလုံးကို အကျိုးအကြောင်းပြောပြီး တောင်းပန်ရ၏။

အရပ်လူကြီးများကား အိမ်ရှင်ဖြစ်သူ ကျွန်ုပ်အပါအဝင် သူတို့အား ရပ်ကွက်ထိတ်လန့်ချောက်ချားအောင် လုပ်မှုနှင့် [illegible]စခန်းသို့ပို့ပါမည်လုပ်၍ ကျွန်ုပ်မှာ ငိုကြီးချက်မ တောင်းပန်ရ၏။

ကိုယ့်ဆရာသမားကြီးများကား ပို၍ ဝမ်းသာနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ရွှင်မြူးဝမ်းသာနေပါသနည်းဟု မေးသော် ... အချုပ်ထဲမှာဆိုလျှင် အိပ်စရာနှင့်စားစရာ ပူပန်သောကရောက်စရာမလိုဘဲ လက်တင်စားရုံပဲကွဟု မြွက်ကြားလေ၏။

သည့်နောက် ညဥ့်နက်သန်းခေါင် အချိန်မတော်ကြီး ကျွန်ုပ်အား ထမင်းချက်ခိုင်း၏။ မနက်မိုးလင်းမှ ဈေးကဆိုင်မှာစားကြပါ အဘတို့ရာဟု တောင်းပန်မေတ္တာရပ်ခံလည်း မရ။

မင်းက ငါတို့ကို မသဒ္ဓါဘူးလားဟု ရိ၏။

ခရီးဝေးကနေ မင်းတွေ့ချင်နေတယ်ကြားလို့ အပြေးရောက်ချလာတာ၊ အိမ်ရှင်ဝတ္တရား ချက်ချင်းကျေမှပေါ့ကွဟု ကျီတိုက် အတွန့်တက်ကြလေ၏။

သို့နှင့် ...

ဒါလည်း ဟုတ်တ်ပေတာပဲ။ ငါ့ထံ အကူအညီတောင်းကြသည့်သူများအကြောင်း ရောက်တုန်းပြောပြမှုဆိုပြီး အဘတို့ ခဏမေ့ကြဦး။ ကျွန်တော် အခုချက်ချင်း ထမင်းဟင်းချက်လိုက်မယ်ဟု ပြောပြီး ခေါင်းအုံးနှင့်စောင်များ ချပေးလိုက်ရ၏။

သူတို့ အိပ်စက်မှေးနေတုန်း ကျွန်ုပ်သည် ထမင်းတစ်အိုးကို အချိန်မတော်ကြီး အိပ်ချင်မူးငိုက်နှင့် ချက်ရ၏။ ထမင်းများ ပျော့ပြဲပြီး ကျက်လေသော် ...

အိမ်မှာရှိသည့် ဘဲဥလက်ကျန်နှင့် ပဲသီးလေးကြော်ရ၏။ အားလုံးကျက်သည်နှင့် ကျေးဇူးရှင်တို့စားရန် ခူးခပ်ပြင်ဆင်ပြီး သူတို့အားနှိုးရန်လာလိုက်သောအခါ ...

သူတို့တစ်ယောက်မျှ အိမ်ရှေ့ဘုရားခန်းရှေ့မှာ မရှိတော့။ ပြန့်ကျဲနေသည့်စောင်နှင့် ခေါင်းအုံးများသာ ကျန်လေ၏။

အိမ်သာများသွားလေသလားဟု အိမ်သာမှာကြည့်လည်း မရှိ။ အိမ်ရှေ့ကွပ်ပျစ်ပေါ်မှာလည်း မတွေ့။ အော်ခေါ်ရအောင်လည်း ညဥ့်နက်သန်းခေါင်။ ဒီတစ်ခါဆို အချုပ်ခန်းက ပြေးမလွတ်။

နောက်ဆုံး မိုးလင်း၍ ထမင်းဟင်းများ ကျောက်ခဲလိုတောင့်မှာ





သွားသည့်တိုင် သူတို့ လုံးဝပေါ်မလာကြတော့။

အဲဒါမျိုး ကျွန်ုပ် မကြာခဏ ကြုံရ၏။

ဒီနား ခဏလေးကွာ ... မောင်မှိုင်းရာ ... ငါးမိနစ်တည်းပါဟု ပြောပြီး ထွက်သွားလိုက်သည်မှာ ငါးလခန့်ကြာမှ ပြန်ရောက်လာ၏။

တစ်ခါတစ်ရံ နှစ်ပေါက်အောင်ကြာလေ၏။

သို့ဖြစ်၍ အမြို့မြို့အနယ်နယ်မှ ကျွန်ုပ်ထံ စာရေးဆက်သွယ်ကြသော၊ ဖုန်းဆက်၍ မေးမြန်းကြသော စာဖတ်ပရိသတ်တို့အား ကျွန်ုပ်၏ ကျေးဇူးရှင် ဓာတ်လိုက်ကျော်ကြီးများနှင့် တွေ့ဆုံမပေးနိုင်ခြင်းအား ဤစာကိုဖတ်၍ နားလည်ခွင့်လွှတ်စေချင်ပါသည်။

သို့ပေသည့် ကျွန်ုပ်၏ ဓာတ်လိုက်ကျော်ကြီးများသည် အခွင့်သင့်ကြုံကြိုက်ခဲ့ပါလျှင်မူ မည်သို့သော အခက်အခဲ ပြဿနာများကိုဖြစ်စေ၊ ရှောင်တခင်ဝင်ရောက် ကူညီဖြေရှင်းပေးလေ့ရှိလေသည်။

ယခု ကျွန်ုပ်အား လူငယ်တစ်စုက ပြန်ပြောပြနေသည့် အရှူးဦးခြောက်ပေအကြောင်းကိုမူ ကျွန်ုပ် ဤမြို့ကလေးသို့ပြန်ရောက်ပြီး မကြာခင်မှာ ကြားသိရခြင်းဖြစ်၏။

အရူးကြီး ဦးခြောက်ပေ၏အကြောင်းကို စတင်သဲလွန်စပေးသူကား ... ကျွန်ုပ်၏ စာဖတ်ပရိသတ်လည်းဖြစ်၊ စာရေးဆရာတစ်ဦးလည်းဖြစ်သည့် အငြိမ်းစားညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဖြစ်လေ၏။

သည်ကတည်းက ဂမ္ဘီရစာရေးဆရာ ကျွန်ုပ်သည် အရူးဦးခြောက်ပေကို စိတ်ဝင်စားခဲ့၏။

ယခု သူ့အကြောင်းကို ကျွန်ုပ် စတင်မျက်မြင်ကြုံရပြီ။ ကျွန်ုပ်ရဲ့ ရှုစမ်းလေ့လာချက်၊ ကျွန်ုပ်ဝန်းကျင်မှ ကိုယ်တွေ့ကြုံခဲ့ရသူများရဲ့ ပြောပြချက်များကို အခြေတည် အရင်းပြုပြီး လွန်စွာ စိတ်ဝင်စားဖို့ကောင်းသည့် လူထူးဆန်းအရူး (စိတ်မနှံ့သူ)တစ်ဦး အကြောင်းအား အံ့ဖွယ်ရသအဖြစ် ကျွန်ုပ် ရေးသားလိုက်ရပါပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## [ ၃ ]

❑

သူ့ရဲ့အမည်ကို ကျွန်ုပ်တို့အပါအဝင် ကျွန်ုပ်တို့ရွာက လူအများကလည်း 'ကိုခြောက်ပေ' 'ဦးခြောက်ပေ'ဟု အလွယ်တကူ အမည်ပေးခေါ်လိုက်ကြ၏။

အကြောင်းမူ . . .

သူ့အရပ်သည် ခြောက်ပေသာသာခန့်၊ ကလန့်ကလား ရှည်သောကြောင့်ဖြစ်၏။ အရပ်ရှည်သည့်အမျှ ခွန်အားဗလကောင်းလေ၏။ ထူးခြားသည်ကား . . . သူ့ဆံပင်ဖြစ်၏။ ဆံပင်သည် ရှည်၏။ ကြည့်ရသည်မှာ နဂိုကတည်းက သျှောင်ထုံးသဘောမျိုး ထားခဲ့လို့လား . . .။

ဒါမှမဟုတ် . . . ပစ်စလက်ခတ် အနေများ၍ မဖြီးမသင်ထားခဲ့လို့ ရှည်ချင်တိုင်းရှည်နေလားမသိ။ ကျောပေါ်မှာ အပြားလိုက်ကျနေ၏။





အလျားလိုက်ဟု မရေးဘဲ၊ အပြားလိုက်ဟု ဘာကြောင့် ရေးရသနည်းဟုမေးကြအံ့ . . . ရှင်းပြပါမည်။

ယခု ကျွန်ုပ် မြင်ရသည့်ဆံပင်ရှည်ကို ဆံပင်ဟုသာ ခေါင်းပေါ်မှာ ပေါက်နေ၍ ပညတ်စကားဆိုရသော်လည်း အမှန်မှာ ဆံပင်ပါဟုပြောရရန် ခက်လှချေလို၏။

သူ့ဦးခေါင်းပေါ်မှ ဆံပင်များသည် ဆံပင်အုံနှင့် လုံးဝမတူ။ အုန်းဆံခွံ၊ အုန်းဆံကြိုးများ အုံထားသလို သန်းချေးပုံ အညစ်အကြေးများနှင့် ကျပ်ပိန်းကျပ်ထူကြီးဖြစ်ကာ တောင့်တောင့်တွေးတွေးကြီး ဖြစ်နေ၏။

အုန်းဆီနှင့် ဝေးခဲ့ရသလို၊ လူကောင်းသူကောင်းများကဲ့သို့ ဖြီးသင်၊ ခေါင်းလျှော်၊ သန့်ရှင်းရေး မလုပ်ရကား . . .

အမှုန်အမွှားများနှင့် ဆံပင်ရောင်နီမွဲနေ၏။ အုတ်နီခဲရောင် ပေါက်နေ၏။ သန်းတို့သည် သူ့ခေါင်းပေါ်မှာ အရှေ့အနောက် တောင်မြောက် အတွင်းအပြင် ကူးလူးသွားလာနေသည်ကို အသည်းယားဖွယ် မြင်ရ၏။

သစ်ဆွေးကြားက ခြများလိုဖြစ်နေ၏။

ဖြီး . . . မရိပ်မသင်ဘဲ ပစ်စလက်ခတ်ရှိနေသော ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများကလည်း အဖြူအမည်း အဝါအရွှေနှင့် မူလမျက်နှာကိုပင် ပုံဖမ်းရန်ခက်အောင် ထူပိန်းမြိုင်းရိုင်းရှိနေ၏။

ခြေသလုံးမွေးများကား . . .

ဦးပုည၏ ဆန္ဒနှင်ဆင်မင်းဝတ္ထုမှ သောနုတ္တရမုဆိုးကြီး၏ ခြေသလုံးမွေးကဲ့သို့ ကြေးညှော်များသီး၍ ရှည်နေ၏။

ပို၍ အများနှင့်မတူ ထူးခြားသည်ကား . . .

သူသည် နွေနွေ၊ မိုးမိုး၊ ဆောင်းဆောင်း . . . အင်္ကျီလုံးဝ မဝတ်။ ကျောပြောင်ကြီးနှင့် နေ၏။

ဒူးမဖုံးတဖုံး နံငယ်တို ညစ်ထေးထေး၊ မည်းညစ်ညစ်နှင့် နေလေ၏။ ထိုတစ်ထည်တည်းသော နံငယ်ပိုင်းပုဆိုးတိုနှင့် မိုးရွာထဲလည်း လျှောက်သွား၏။ နေပူထဲလည်း လျှောက်သွား၏။ ဆောင်းရာသီလည်းလောက် နိုက်နိုက်တုန်အောင်ချမ်းချမ်း အပြုံးမပျက်။ ဒီဝတ်စုံနှင့် ပူပင်ကြောင့်ကြမရှိ



www.burmeseclassic.com

www.burmeseclassic.com



နေလေ၏။

နေပူသဲပူ ကန္တာရလမ်းပူပူပေါ်မှာ ဖိနပ်မပါဘဲ လျှောက်သွား၏။

တစ်ခါမှာ . . .

အမှိုက်မီးရှို့ထားသည့် မီးပုံပေါ် ရပ်နေပြ၍ လူတွေက ဝိုင်းအော်ရ၏။ သူက ခပ်အေးအေးပါပဲ။ မီးခဲမီးကျွင်း မီးကျန်များကို သူ့ခြေဖဝါး အကြီးကြီးနှစ်ဖက်နှင့် နင်းခြေသတ်ပြီး လက်ခုပ်လက်ဝါးတီး၊ လက်မထောင်ပြီး ထွက်သွားသည်ကို လူအများမြင်လိုက်ကြပြီး အံ့သြကြရလေ၏။

သူသည် အကျႌမပါ၊ ဗလာကျောပြောင်ကြီးနှင့် နှင်းခါးရိုက်လမ်းမကြီးပေါ်မှာ နံနက်စောစော ပဌဝီဇယမန္တန်ကို အော်ရွတ်ပြီး လျှောက်သွားနေသည်။

"သျှရီ . . . ပထဝီ ဇယံ သဗ္ဗံ၊ အနေက အန္တရာယိကံ။

ဇယံ ပစ္စေကဗုဒ္ဓါ စ၊ ဇယံ ပရိ မဟေသပေဟ"

သူသည် ၎င်းမန္တန်ကို ရွတ်ဆိုနေသည်မှာ ဟန်ပါလွန်းလှ၏။ 'သျှရီ' ဟု (ဥ) ခံလိုက်သည့်အသံသည် လည်ချောင်းသံနှင့် တုန်ခါနေ၏။ မန္တန်တစ်ပိုဒ်ကို နေထွက်ရာအရပ်သို့ မျက်နှာမူ၍ ရွတ်ဆိုသွားလေ၏

ကျွန်ုပ်သည် ပထဝီဇယမန္တန်၏ တန်ခိုးသိဒ္ဓိကို ယုံကြည်၏။ ၎င်းမန္တန်သည် ဘုရားဟော ပရိတ်မန္တန်မဟုတ်ဟု အချို့သောပညာရှင်များက ဆိုကြသော်လည်း ဒီမန္တန်ရဲ့ သမိုင်းနောက်ခံက အခိုင်အခံ့ရှိနေခဲ့ဖြစ်၏။

"ဇယံ ဟာရော ဟရိဒေဝေါ၊ ဇယံ မြဟ္မာ စတုရဗြော။

ဇယံ နာဂေါ စ ဝိရူဠှေ ဝိရူပက္ခော စ စန္ဒိမာ။

၎င်းမန္တန်ကို နေ့စဉ်ရွတ်သော် ရန်သူဟူသမျှကို အောင်မြင်၏။ နတ်လူတို့ ချစ်၏။ စောင့်ရှောက်၏။ စီးပွားဥစ္စာတိုး၏။ မေတ္တာပို့စသည့် အပိုဒ်ချည်း (၁၄) ပိုဒ်ပါ၍ ရွတ်ဆိုပွားများသော် မေတ္တာကုသိုလ်အကျိုးရ၍ ကျွန်ုပ် မကြာခဏ ရွတ်၏။

သို့သော် မန္တန်ကြီးတစ်ပိုဒ်လုံးကို အလွတ်မရ။ သို့ဖြစ်၍ နံနက်စောစောရွတ်ဆိုသော် မန္တန်ရေးသားထားသည့်စာအုပ်ကို ကြည့်၍ ရွတ်ရ၏။





ကြည့်စမ်းပါ။

အရှူးကြီး ဦးခြောက်ပေက ၎င်းပထဝီမန္တန်ကို အလွတ် အာဂုံ အော်ပြီး ရွတ်ဆိုနေပုံကား အားကျစရာကောင်းလိုက်ပါဘိ။

သူ့ကိုမြင်သော် . . . သူ့အသံကိုကြားသော် . . . လမ်းမနံဘေးနှင့် လမ်းကြိုလမ်းကြား၊ အိမ်ခြံပေါက်ဥဒဟိုမှ ခွေးနီ၊ ခွေးနက်၊ ခွေးကျား၊ ခွေးထော့ကျိုး၊ ခွေးမျက်ကန်း၊ ခွေးမ နို့ပျဉ်းတွဲနှင့် ခွေးအိုနာကျိုးကန်းတို့သည် ဝိုင်းဖွဲ့ပြေးလာပြီး ဟောင်ကြလေ၏။

အတင့်ရဲလွန်းသည့် သန်မာသောခွေးကြီးများက အရူးဦးခြောက်ပေကို ကိုက်ရန်ဆွဲရန် တစ်ဟုန်ထိုး ပြေးလာကြ၏။

မည်သူမျှ မောင်းလို့ ဟန့်လို့ ခြောက်လို့ နှင်လို့မရ။

အစွယ်ဖွေးဖွေးကို ထုတ်၍ ဖြဲ၍ ရှေ့နောက် ဝိုင်းကြ၏။

အလွတ်ပေးမည့်ဟန် လုံးဝမပြ။

ဒါပေသည့် အနီးခွေးဆိုး၊ ခွေးစောင်းကန်းတို့သည့် ဣန္ဒြေမပျက်နေရှိရာဘက်လှည့်ပြီး ပထဝီဇယမန္တန်ရွတ်နေသည့် အရူးဦးခြောက်ပေကြီးကို မကိုက်ရဲကြ။ ကိုက်မလိုလုပ်ပြီး နောက်ဆုတ်ပြေးကာ ခပ်လှမ်းလှမ်းမှ အုပ်ဖွဲ့၍ ဟန်ရေးမာန်ရေး ပြနေကြကုန်၏။

အရူးဦးခြောက်ပေကလည်း သူ့အသားကို လိုလိုချင်ချင် အားရပါးရ ကိုက်ဝါးစားလိုလှသည့် ဒေါသကြီးနေသောခွေးများကို လှည့်လို့လည်း မကြည့်၊ ဟဲ့လို့လည်း မမောင်းမနှင်။

သူ့ မန္တန်ကို သူရွက်မြဲ ရွတ်နေ၏။

မန္တန်တစ်ဝက်ကျိုးသော် ခွေးဆိုးတစ်အုပ် ဟောင်ရတာ၊ မာန်ဖီရတာ၊ ရန်လိုရတာမောပြီး ရပ်သွားကြ၏။ ပြီး . . . ဦးခြောက်ပေကြီးကို ခပ်လှမ်းလှမ်းမှ ဆောင့်ကြောင့်ထိုင်၍ အံ့အံ့သြသြ ခေါင်းမော့ငေး၍ ကြည့်နေကြလေ၏။

"ဝိရူဠှကော ဝေနတေယျော စ၊ ကုဝေရော ဝရုဏော ပိစ။

အဂ္ဂိ ဝါရုဏော ပဇ္ဇုန္နော၊ ကုမာရော စတုပါလကော"

ဒီလိုနှင့် ပထဝီဇယမန္တန် ရွတ်သံဆုံးသွားလေ၏။ ဆုံးတော့မှ သူ



www.burmeseclassic.com

www.burmeseclassic.com



က ဆောင့်ကြောင့်ထိုင်ကြည့်နေသည့် ခွေးဆယ့်လေးငါးကောင်းအုပ်ကြီးကို လှည့်ကြည့်ပြီး 'တာ့တာ'ဟု လက်ပြလိုက်သောအခါ …

"အူ …ဝူ …ဝူ …ဝူ …"

"အိန် …အိန် …ဂိန် …ဂိန် …ဂိန် …"

"အိုင် …အိုင် …အိန် …အိန် …အူ …ဝူ …အူ"

ခွေးအုပ်ကြီးသည် ဆံပင်ရှည်ကျပ်ပိန်းကြီးနှင့် အင်္ကျီဗလာ၊ နံငယ်တိုစည်းထားသည့် အရပ်ရှည်ရှည်လူကြီးကို ကြည့်ပြီး နောက်ကနေလိုက်လည်းမလိုက်ရဲ၊ အရဲစွန့်၍ ကျားစီးဖားစီးလည်း ဝင်မကိုက်ရဲ။

သူတို့အချင်းချင်း ခေါင်းချင်းဆိုင် အားရပါးရ အူကြကုန်၏။ အူလို့ဝသောအခါ စားကျက်ရှိရာ၊ ဝမ်းစာရှာရာ၊ သားမယား အဆွေခင်ပွန်းများအရှင်သခင်များရှိရာ အရပ်လေးပါး၊ လမ်းကြိုလမ်းကြားနှင့် အမှိုက်ပုံများရှိရာအရပ်သို့ ခွေးဂျဇေဗီသင်္ဂဟနှင့် ထွက်သွားကြလေ၏။

ဒီမှာပဲ ကျွန်ုပ်သည် အရူးဦးခြောက်ပေ၏ အံ့ဖွယ်ဖြစ်ရပ်ဆန်းတစ်ခုကို မျက်ဝါးထင်ထင် မြင်ခဲ့ရလေ၏။

ကြည့်စမ်း …

သူသည် ပါးစပ်မှ အမျိုးအမည်မသိရသော (တစ်နည်း ကျွန်ုပ်တစ်ခါမျှ မကြားဖူးသော) မန္တန်လိုလို၊ ဂါထာလိုလို စာသားများကို အရပ်လေးမျက်နှာအား လက်ညှိုးတန်းထိုး၍ ရွတ်ဆိုလျှောက်သွားနေ၏။

ကျွန်ုပ်ကလည်း သူ့လှုပ်ရှားမှုများကို စိတ်ဝင်စား၍ သူ့နောက်မှလိုက်ကြည့်နေမိ၏။

သူသည် ကောင်းကင်ကို မော့ကြည့်လက်ညှိုးထိုးပြီး ရွတ်ဆို၏။ ပြီးသော် … မြေကြီးကို လက်ညှိုးထိုး၍ ရွတ်ဆိုပြီး သူ့ဘာသာ သဘောကျနေလေ၏။

ထိုစဉ် ခပ်ပေပေ၊ ခပ်စွာစွာ၊ ခပ်ရွတ်ရွတ် လူရွယ်ငါးဦးက အရူးကြီးဦးခြောက်ပေကို ဝိုင်းလှောင်ပြောင်စ,ကြ၏။

"ဦးခြောက်ပေ ကိုရွှေရူး …ဂျမာခါနာကူး"

"ဦးခြောက်ပေ အရပ်ရှည် ပဲလင်းမြွေသီး …ပေး"





"မယုံရင်ချိန်ကြည့် ငါးပိသာလောက်ရှိ …ဝိ …အဟိ"

ဦးခြောက်ပေကြီး နောက်မှဘေးမှ ကပ်လိုက်ရုံ၍ ဝိုင်းစ,နေ၏။ အချို့က နောက်ကနေတွန်း၏။ တွန်း၍ယိုင်သွားသော် နံဘေးကလူက ဘေးကိုတွန်းပြန်၏။ သို့နှင့် အရူးဦးခြောက်ပေသည် သူတို့ငါးဦးအကြားမှာ ဆီးဖြူသီး ဆန်ကောထဲထည့်၍ အလိမ့်ခံရသလိုမျိုး ဘယ်ညာရှေ့နောက်ယိမ်းယိုင်နေ၏။

"ဦးခြောက်ပေ သီချင်းဆိုပါဗျ"

"လဝန်းလေးနဲ့တူတယ် မေ့ကိုလားကွယ်ကို အကနဲ့လုပ်ဗျာ"

"လုပ်ပါဗျ"

ဦးခြောက်ပေက စကားလုံးဝမပြော။ ဦးခေါင်းကို တွင်တွင်ယမ်း၏။

"ဒါဆို စနေနေ့ည ကိုးနာရီလုပ်ပါဗျ …လုပ်ပါ"

"အဲဒါမရရင် အပျိုကြီးတွေလင်မရလို့ ဂေါ်ဇီလာပြုတ်ကြော်ဆိုဗျာ"

"ဟား …ဟား …ဟား …ဟား …မိုက်တယ်ကွာ"

ဦးခြောက်ပေကား ဦးခေါင်းကိုသာ တွင်တွင်ယမ်းနေလေ၏။

"ခင်ဗျား မဆိုဘူးလား"

"ဟင့်အင်း"

"လန်ကွတ်တီ ဆွဲချွတ်လိုက်မှာနော် …ဆို …"

"ဟင့်အင်း"

"ဒါဆိုလည်း …ကဲဟာ …ကဲဟာ …ကဲဟာ …"

"အား …အား …အား …"

သူကရုန်း၏။ လူသွမ်းငါးဦးက လန်ကွတ်တီ (နံငယ်တို)ကို နောက်ကနေလှန်၊ တင်ပါးပြောင်ပြောင် မည်းမည်းကြီးပေါ်သော် ဦးခြောက်ပေကတအားရုန်း၏။ ရုန်းလေ သူတို့က ဖွတ်တရွတ် ဆွဲချွတ်လေလေ့ကြကား …

မြင်မကောင်း၊ ရှုမကောင်း ဖြစ်ကုန်လေ၏။

လမ်းသွားလမ်းလာ အချို့က ရယ်ကြ၏။ အချို့က မလုပ်ဖို့ တား



www.burmeseclassic.com

www.burmeseclassic.com



မြစ်ကြ၏။ ကလေးများက သဘောကျ၍ အော်ဟစ်ရယ်မောကြ၏။ ဈေးသွားဈေးလာ မိန်းမကြီးငယ်များကား မမြင့်ဝံ့၍ အို ... ဟင် ... ဟာဟယ်နှင့် မျက်နှာလွှဲပြီး သုတ်ခြေတင်ကြ၏။

ဒီမှာ အရှုးဦးခြောက်ပေသည် လုံးဝသည်းမခံနိုင်သည့်အဆုံး သူ၏သန်မာသောလက်နှင့် ဆောင့်ရုန်းတွန်းဖယ်လိုက်သောအခါ လူသွမ်းလူရွတ်ငါးဦး အသီးသီး လဲပြိုကြလေ၏။

သည့်တော့မှ ဦးခြောက်ပေက ကျွတ်ကျနေသည့် သူ့နံငယ်ပိုင်းတို့ကို ကပျာကယာကောက်ဝတ်ပြီး ခပ်သုတ်သုတ်လှည့်အသွား ...

ဒေါသထွက်သွားသော လူသွမ်းတစ်ဦးက အနီးရှိအုတ်ခဲပိုင်းကျိုးနှင့် ဦးခြောက်ပေကို ပစ်ထည့်လိုက်သည်။ အုတ်ခဲကျိုးသည် ဦးခြောက်ပေ၏ ကျောပြောင်ကြီးကို မှန်လေ၏။

"ဖုန်း"

"အင့် ..."

"ချကွာ ... ချဟေ့ ... အရူးကများ ... ငါတို့ကို ..."

"ပစ်ကြဟေ့"

"ချ ... ချ ..."

လူလွန်မသား ငါးဦးသည် တွေ့ရာအုတ်ခဲကျိုးများနှင့် အရူးဦးခြောက်ပေကို ဝိုင်းပစ်ကြလေ၏။

ပထမဦးခြောက်ပေကို ထိမှန်၏။

သို့နှင့် ဦးခြောက်ပေက အသာတိမ်းရှောင်၏။ ရှောင်ရကောင်းလားဟု ငါးဦးသား တရကြမ်း ပစ်ကြသောအခါ ...

ကြည့်စမ်း ...

ဦးခြောက်ပေရဲ့ ပလူပျံသလိုဝင်လာသည့် အုတ်ခဲကျိုးများကို ဘယ်လက်ညာလက်နှင့် လှမ်းလှမ်းဖမ်းပြီး သူ့ခြေထောက်ဝန်းကျင်မှာ ပုံထားလိုက်ရကား ကျွန်ုပ်အပါအဝင် ရပ်ကြည့်နေသူများ လွန်စွာ အံ့သြကြရလေ၏။

သုံးလုံးဝင်လာလာ၊ ငါးလုံးဝင်လာလာ လာသမျှ အုတ်ခဲကျိုးများ





ကို လက်ဝါးနှင့်ကာ၍ ဒိုင်းသဖွယ်ထား၏။ အချို့ကို လက်ရဖမ်း၏။ အုတ်ခဲကျိုးများ သူ့ခြေရင်းမှာ မနည်း။

နံဘေးဝန်းကျင်ရှိ ခရီးသွား လမ်းသွားလမ်းလာများကား သူတို့ကို ထိမှန်မှာစိုး၍ ပုန်းကွယ်ရှောင်ပြီး အော်ဟစ်နေကြ၏။

ငါးဦးသားလည်း ချွေးပြိုက်ပြိုက်ကျနေကြပြီ။

ဒီမှာပဲ ဦးခြောက်ပေသည် အရှိန်အားနှင့်ဝင်လာသည့် အုတ်ခဲငါးလုံးကို သူ့ညာလက်ဝါးနှင့် ကာရိုက်တွန်းလိုက်သောအခါ အုတ်ခဲကျိုးများသည် နံရံကိုမှန်သည့်ဘောလုံး ပြန်ကန်ထွက်သလိုထွက်ပြီး သူတို့ငါးဦးမျက်နှာအား ပြန်ထိကုန်ကြလေ၏။

လူသွမ်းများ ညစ်ညမ်းစွာ ဆဲရေးကြ၏။ မျက်နှာပေါ်မှ ဒဏ်ရာများကိုအုပ်၍ ဒေါသများ ပိုမိုပေါက်ကွဲကုန်ကြ၏။ သည့်နောက် ဝင်လုံးရန်ပြေးလာကြစဉ် ...

စက်ဘီးပတ္တရောင်ရဲများ ရောက်လာသည်ကိုမြင်တော့မှ ငါးဦးစလုံး ခြေကုန်သုတ်၍ ပြေးကြလေသည်။

သည့်တော့မှ အနီးရှိလူများက လူသွမ်းငါးဦးရဲ့ လုပ်ရပ်များကို ရဲသားများအား ပြောပြကြလေ၏။

ဦးခြောက်ပေသည် ပြေးသွားကြသူများကို ကြည့်ပြီး ...

"(၃၁)ဘုံသားတွေ ကျန်းမာချမ်းသာကြပါစေ"

"(၇)ရက်သားသမီးတွေ ကျန်းမာချမ်းသာကြပါစေ"

"မချစ်မနှစ်သက်သော သူများအားလုံး ကျန်းမာချမ်းသာလို့ အန္တရာယ်ကင်း ဘေးရှင်းပါစေဗျား"

ပါးစပ်မှ မေတ္တာပို့စကားများကို အဆက်မပြတ် ရေရွတ်ရင်း တင်းတောင်းနှစ်လုံးခန့်ရှိသော အုတ်ခဲကျိုးများကို လမ်းချိုင့်များမှာ လိုက်ဖို့၏။ အချို့ အုတ်ခဲများကို သန်မာသော သူ့ခြေထောက် ဖနောင့်နှင့်ဆောင့်နင်း၍ ကြေမွစေပြီး မျက်နှာပြင် ညီညာအောင်လုပ်လို့ပြီးတော့မှ ...

"သျှရီ ... ပထဝီ ဖယံ သဗ္ဗ၊ အနေက အန္တရာယ်ကံ။
ဖယံ ပစ္စေကဗုဒ္ဓါ စ၊ ဖယံ ပရိ မဟောသဓော"



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း ပထဝီဇယမန္တန်ကို အော်ဟစ်ရွတ်ဆိုပြီး ရှေးရှုထွက်ခွာ၍သွားလေ၏။

သူမျက်စိအောက်မှ ပျောက်ကွယ်သွားတော့မှ လူအများက အရှုံးဦးခြောက်ပေရဲ့ လျင်မြန်ဖျတ်လတ်မှုနှင့် သန်စွမ်းမှုကို ချီးမွမ်းခန်း ဖွင့်ကုန်ကြတော့၏။

"ခဲတစ်လုံးမျှ မလွတ်ဘူးဗျာ"

"မြားနဲ့ပစ်ရင်တောင် မြားကိုဖမ်းနိုင်မလား မသိဘူး"

"အရှုံးမှ ဟုတ်ရဲ့လားဟာ"

"အရှုံးမဟုတ်လို့ မင်းအမေလင် ယောက်ဖလားကွ"

"မျက်နှာကျက မောင်သွေးရင့်ဘကြီးနဲ့ ခပ်ဆင်ဆင်ဗျ"

"မောင်သွေးရင့်ဘကြီးနဲ့တူတာ မဟုတ်ဘူး။ မင်းအစ်မယောကျ်ားနဲ့ ချွတ်စွပ်တူနေတာ"

"ဟိုဟာကြီးကလည်း နည်းတာမဟုတ်ဘူးနော်"

"ဘာတုံး ... ဘာကိုပြောတာတုံး ... သိန်းဝင်းရ ... ဟေ"

"ဒူးခေါင်း ... ဒူးခေါင်း"

"အဲဒီ ဒူးခေါင်းကြီး ... မင်းအိမ် ထမ်းသွားပါလားဟ"

"ဖွီ ... လန့်ပြီးသေမှာပဲဟ"

"ဟား ... ဟား ... ဟား ... ဟား ..."

"ဟီး ... ဟီး ... ဟီး ... ဟီး ..."

"အဟစ် ... အဟစ် ... အဟစ် ... အဟစ် ..."

[ ၄ ]

ပြောရလျှင် အရှုံးဦးခြောက်ပေ ဘယ်အရပ်သားလဲဆိုတာ မည်သူမျှမသိ။ ညောင်သုံးပင်သချိုင်းသို့ ရောက်နေသည်မှာ (၆)လခန့်ရှိပြီဟု သချိုင်းစောင့် စဏ္ဍာလကြီး ဦးပွေးထူက ပြော၏။

ဦးခြောက်ပေ ရောက်လာပုံကလည်း ဆန်းလေ၏။

တစ်နေ့သောအခါ သန်လျင်မြို့ လမ်းနံ့ဘေးမှာ ကိုယ်ပျက်(နူ)[illegible]နေသည့် သူတောင်းစားတစ်ဦး ကွယ်လွန်နေ၏။

မိုးရွာထဲမှာ လဲကျပြီး သေဆုံးနေရကား မည်သူက[illegible]ဂရုမစိုက်ကြ။ မိုးစဲသွားသောအခါ အနူသူတောင်းစား မိန်းမ[illegible] အရိအရွဲများပေါ်သို့ ယင်ကောင်များ တအုံဝဲဝဲ တလောင်းလော[illegible] နားနေကြလေ၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လမ်းခွေးတို့ကား အနူသူတောင်းစားမကြီး ဒေါ်အိုးကွဲ၏အလောင်းကို နှာခေါင်းနှင့်အနံ့ခံပြီး ဝေးရာသို့ ရှားကြ၏။

လမ်းသွားလမ်းလာတို့ကလည်း အလောင်းနားရောက်သည်နှင့် အော့အန်ပြီးပြေးကြရကား အနူသူတောင်းစားမကြီး ဒေါ်အိုးကွဲအလောင်းကို စွန့်ပစ်ပေးမည့်သူ မည်သူမျှမရှိကြ။

အချို့က စည်ပင်သာယာကို လူကြုံနှင့် အကြောင်းကြားကြ၏။ အမှိုက်ကားလာလျှင် သယ်ယူပြီး သင်္ဂြိုဟ်ကြမှာပေါ့ဟု ပြောဆိုနေကြ၏။

ထိုစဉ် . . .

လူတစ်ယောက် ရောက်လာ၏။ ၎င်းလူကြီးကား နောင်အခါ မြို့သူမြို့သားတို့က အရှုးဦးခြောက်ပေဟု အမည်သညာပေးကြသည့် စိတ်မနှံ့သူ လူတည်း . . .။

အရပ်မြင့်မြင့်၊ ဒေါင်ဗလကောင်းကောင်း၊ အပေါ်ပိုင်းအကျႌမပါ။ အောက်ပိုင်းမှာ ဒိုတီကုလားများလို နံငယ်တို အဝတ်ပိုင်းလေး ဝတ်ဆီးထားသည့် ဆံပင်ရှည်ဂျပ်ပိန်းနှင့် အသက် (၃၀)ဝန်းကျင်ခန့် လူရွယ်ကြီး။

လူရွယ်သည် ယင်တလောင်းလောင်း နားအုံမျှဝဲနေသည့် ကိုယ်မျက်ပြီးသေဆုံးနေသည့် သူတောင်းစားမကြီး ဒေါ်အိုးကွဲ၏အလောင်းကို အသုဘကမ္မဋ္ဌာန်းရှုသလို အနီးကပ်၍ စိုက်ကြည့်နေ၏။

မြောက်မြားလှစွာသော ယင်ကောင်များက ဝုန်းခနဲ ထပျံပြီး လူရွယ်အကျႌဗလာ ခန္ဓာကိုယ်ပေါ်မှာ နိုနားကြ၏။ လူရွယ်သည် ၎င်းယင်ကောင်များကို မမောင်းနှင်ဘဲ ဒေါ်အိုးကွဲမျက်နှာကိုသာ စိုက်ကြည့်နေ၏။

အနီးရှိလူများက ကျောပြောင်နံငယ်နှင့်လူကြီး ဘာလုပ်မှာလဲဟု ခပ်လှမ်းလှမ်းကြည့် အကဲခတ်နေကြသည်။

ကြည့်ရင်း အမျိုးမျိုးဝေဖန်ကြ၏။

"စည်ပင်သာယာကလား မသိဘူး"

"ကြည့်ရတာ စဏ္ဍာလကိုက်မျိုးပဲကွ"

"သူနဲ့များ အမျိုးတော်လို့လား မသိဘူး။ စိုက်ကြည့်နေတာပျ"





"ငိုများ ငိုနေရော့လားဟ . . . ဘအဲ့ရ . . . ဟင်"

"ဟော . . . ဘာလုပ်မလဲ မသိဘူး။ ကြည့်စမ်း . . . ကြည့်စမ်း"

လူအချို့က ကိုယ့်ထင်ကြေးနှင့်ကိုယ် ဝေဖန်ရာမှာ အာရုံပိုစိုက်လိုက်ကြ၏။

ဒီမှာပဲ အရူးလိုလို၊ စဏ္ဍာလလိုလို၊ စည်ပင်သာယာကလိုလို ကျောပြောင်နံငယ်နှင့်လူကြီးက ဒေါ်အိုးကွဲ၏အလောင်းကို လက်ယာရစ် (၇)ပတ်စေ့ ပတ်ကြည့်ပြီးနောက် . . .

ရွံစရာကောင်းလှသည့် ယင်တလောင်းလောင်း၊ အရည်တရွှဲရွှဲ အလောင်းကြီးကို သူ့ပခုံးပေါ် ကောက်တင်ထမ်းလိုက်လို့ ဟိုအရှေ့စူးစူး အရပ်သို့ ရှေးရှုထွက်သွားသည်ကို ထူးဆန်းအံ့ဖွယ် မြင်လိုက်ရလေသည်။

ညောင်သုံးပင်သင်္ချိုင်း တရားနာဇရပ်မှာ စဏ္ဍာလကြီးကိုပွေးထူ တစ်ယောက် ချက်အရက်တစ်ပိုင်းသောက်ပြီး အသုဘမြှုပ်နှံမည့်သူများ အလာကို မျှော်နေစဉ် . . .

အရပ်မြင့်မြင့် လူကြီးတစ်ယောက် ပျော့ခွေပြီးနေသည့် လူတစ်ယောက်အား ပခုံးပေါ်မှာထမ်းပြီး သူရှိရာသင်္ချိုင်းအတွင်းသို့ ခြေလှမ်းကျဲကြီးနှင့် ဝင်လာသည်ကို စဏ္ဍာလကိုပွေးထူ မြင်လိုက်ရ၏။

သင်္ချိုင်းခွေးတစ်အုပ်သည် ထမ်းလာသည့်လူရွယ်ကို ဝိုင်းထိုးဟောင်ကြသည်။ သင်္ချိုင်းကုန်းသည် တိတ်ဆိတ်ငြိမ်သက်နေရာမှ သင်္ချိုင်းခွေးတစ်အုပ်ရဲ့ စူးစူးရဲရဲ ဟောင်သံများကြောင့် ချက်ချင်း သင်္ချိုင်းကုန်း၏ ကြွနံအင်လက္ခဏာနှင့်အညီ ကျက်သရေမင်္ဂလာကင်းမဲ့စွာ အသက်ဝင်လှုပ်ရှားလာခဲ့လေ၏။

ကြည့်နေဆဲမှာပင် လူရွယ် ကိုပွေးထူရှေ့သို့ ရောက်လာ၏။ သည့်နောက် ပခုံးပေါ်မှလူကို သင်္ချိုင်းဇရပ် သမံတလင်းပေါ်သို့ အသာချလိုက်၏။

အလိုလေး . . . အနူမိန်းမကြီးပါလား။

နှာခေါင်းမရှိ၊ နားရွက်မရှိ၊ ခြေတိုလက်တို၊ ဆံပင်မပါ။ အရည်တရွှဲရွှဲနှင့် ရွံစရာကောင်းလှသည့် မိန်းမအလောင်းကြီး။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့လူ ... ဒါ ... ဒါ ... ဘာလုပ်တာတုံး"

စဏ္ဍာလကြီး ကိုပွေးထူက နံဟောင်လွန်း၍ နှာခေါင်းပိတ်ပြီး မေးလိုက်ရ၏။ ကြည့်ကြစမ်းပါ။ တစ်မြို့လုံးမှာရှိကြသည့် ယင်ကောင်များလိုက်ပါလာရော့သလားမသိ။ ယင်ကောင်ပျံသံ၊ အော်သံများက လေယာဉ်ပျံများပျံနေသည့်အသံမျိုး ပေါက်နေ၏။

"ဟော့လူ ... ဒါ ... ဒါ ... ဘာလုပ်တာတုံးလို့ မေးနေတယ်လေ"

"မသာချလာတာလေ"

ဆံပင်ဂျပ်ပိန်း၊ ကျောပြောင်လံကွတ်တီနှင့် လူရွယ်က တုံးတိတိဖြေလိုက်၏။

"ဒါ ... မသာချလာတာ ဟုတ်လား"

"အင်း ..."

"ဟ ... မသာချရအောင် ခေါင်းလည်းမပါ၊ ဆွေမျိုးသားချင်းလိုက်ပို့သူလည်းမပါ၊ ဘုန်းကြီးလည်းမပါ၊ ကျုပ်လည်း ကြိုတင်အကြောင်းကြားမထားဘဲနဲ့ ဘယ်လိုလုပ်ပြီး မသာကိုချလာတာတုံးဟ"

"မြှုပ်ပေးပါ"

"ဟော ... မြှုပ်ပေးရမယ်"

"အင်း"

"ဒီမှာ ဟော့လူ ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ"

လူရွယ်က စဏ္ဍာလဦးပွေးထူရဲ့အမေးကို ခေါင်းယမ်းပြသည်။

"နေတော့ရော ..."

ခေါင်းယမ်းပြသည်။

"ခင်ဗျားက အ,နေလို့လား"

"မသိဘူး"

"ဒါဆို ဒီမိန်းမကြီး နာမည်ကရော"

"မသိဘူး"

"သူ့လင် သူ့သားသမီး အမျိုးတွေရော ..."





"မသိဘူး"

"ဒါဆို ခင်ဗျားက ဒီအနူမသာကြီးကို ဘယ်ကနေ ဝယ်လာ ယူလာတာလဲ ပြောပါဦး"

"လမ်းဘေးက ယူလာတာ"

"ဟော ... ဘာလဲ ... လမ်းနံဘေးမှာ သေနေလို့ပေါ့။ ဒီလိုလား"

"အင်း ..."

"ဒါဆို ငါက ဘာလုပ်ပေးရမလဲ"

"မြှုပ်ပေးပါ"

"ဟ ... ကိုယ့်လူရေ။ ငါက စဏ္ဍာလပေမင့် လူသေတိုင်းကို မြှုပ်ချင်တိုင်း မြှုပ်လို့မရဘူးကွ။ ဒီလူသေကောင်မသာဟာ ရာဇဝတ်မှုကြောင့်သေရတာလား၊ အနာရောဂါနဲ့သေရတာလား၊ စည်ပင်သာယာရဲ့ အကြောင်းကြားချက်၊ ရဲစခန်းရဲ့စစ်ဆေးချက်ရပြီးမှ ဒီသင်္ချိုင်းမှာ တရားဝင်မြှုပ်လို့ရမှာ ..."

"ဒါဆို ဒီအလောင်းကို မြို့ထဲ ပြန်ယူသွားပေးရမလား"

"အဲ ... အဲ ... ဒါက ... ဒါက ... တောက် ... ခင်ဗျားက တကယ့်ကို ပြဿနာကောင်ပါလားဗျာ။ နာမည်နေရပ်လည်း မေးလို့မရ။ ကိုင်း ... ဒီမှာပဲ ခင်ဗျားနဲ့မသာ အတူနေခဲ့ဦးဗျာ။ ကျုပ် စည်ပင်သာယာကို သွားအကြောင်းကြားလိုက်ဦးမယ်။ ဖွီ ... ဒီနေ့ဈေးဦးပေါက်ပုံကတော့ ကုန်းကြောင်းလျှောက် အိပ်စိုက် ကျင်းတူးမြှုပ်ရမည့်ကိန်းပါလား ကိုယ့်လူရာ ... ဖွီ ... ဖွီ ... ဖွီ ... အေ့ ... ဝေါ့"

သည့်နောက် စဏ္ဍာလကြီး ကိုပွေးထူသည် အင်္ကျီစုတ်တစ်ထည်ပခုံးပေါ်တင်ပြီး မြို့ထဲရှိ စည်ပင်ရုံးသို့ လာရောက်အကြောင်းကြားလိုက်၏။ စည်ပင်သာယာမှ တာဝန်ရှိသူတစ်ဦးနှင့်အတူ ရဲအဖွဲ့မှ တာဝန်ရှိသူတစ်ဦး လိုက်ပါလာပြီး အလောင်းကိုစစ်ဆေး၏။

"ဒါ ကိုယ်မကောင်းတဲ့ သူတောင်းစားမကြီး ဒေါ်အိုးကွဲပဲ"

"ကိုပွေးထူ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ ... ဆရာ"

"မြုပ်ပေးလိုက်ပါ။ သူက ဆွေမရှိ မျိုးမရှိ အမှတ်မရှိ လမ်းမရှိ။ ကီလီဗောတံတားလို အမျိုးအစားပဲဗျ"

"ဟုတ်ကဲ့ ... ဆရာ။ ဆရာတို့ခွင့်ပြုရင် ကျွန်တော် မြုပ်လိုက်ပါ့မယ်ခင်ဗျ"

"ကိုင်း ... ဒါဆို ကျုပ်တို့ပြန်မယ်နော်"

"ဩော် ... ဆရာ ..."

"ဘာတုံး ... ကိုပွေးထူ"

"ဟို ... ဟို ... ယင်တလောင်းလောင်း၊ အရည်တရွှဲရွှဲကြီး ဆရာ"

"အေးလေကွာ ... အဲဒါ ဘာဖြစ်လဲ။ မင်းက ပြုတ်သောက်ချင်လို့လား"

"ဗွီ ... အေ့ ... ဝေါ့ ... စဏ္ဍာလပေမင့် ဒီလိုမသာ ရုပ်ပျက်ဆင်းပျက်ကို ဒီတစ်ခါပဲ ခေါင်းမပါဘဲ မြုပ်ဖူးရမှာပါဆရာရယ် ... ဇွေ့အေ့"

"အဲဒီတော့ ဘာဖြစ်လဲ ... ပြော ..."

"ဟို ... ဟို ... ဟို ... မြုပ်ရတာ အဆင်ပြေ ... ပြေအောင် အ ... အရက်ဖိုးလေး ... တစ် ... တစ်ဆယ်လောက်"

"အရေးထဲကွာ ... ပွေးထူရာ။ ရော့ ... ရော့ ... ငါးကျပ်ပဲရှိတယ်။ ဒါပဲယူထားပြီး သောက်မြုပ်ကွာ"

"ဆရာရယ် ... ငါးကျပ်ဖိုးသောက်ပြီး ဒီအရည်တရွှဲရွှဲမသာကို မြုပ်ရရင် ကျွန်တော်အန်ပြီး သေရပါလိမ့်မယ်ဆရာ။ တစ်ဆယ်တော့ မစ, ပါဆရာရယ်။ တောင်း ... တောင်းပန်ပါတယ် ခင်ဗျာ"

"မရှိတော့ဘူးကွ"

စည်ပင်သာယာမှ အမှုထမ်းက အိတ်ကိုဖွင့်ပြလိုက်သည်။

"ဟို ... ဟို ... ရဲကြီးမှာရော ငါးကျပ်လောက် မပါဘူးလားဗျာ ဟင်"

"ဘာကွ ... ဘာ ... ဘာ ..."





"ဆရာတို့ရယ် ... တစ်ဆယ်ဖိုးလောက်သောက်ပြီးမှ မြုပ်လို့ရမယ့်မသာမို့ပါဗျာ"

ဒီမှာပဲ စည်ပင်သာယာအမှုထမ်းက ရဲအမှုထမ်းဘက်သို့ လှည့်ကြည့်လိုက်ပြီး ...

"ကိုတင်ထွန်း"

"ဘာတုံး ... မြတ်မင်းဟန်"

"ငါးကျပ်ပါရင် ပေးလိုက်စမ်းပါဗျာ။ ရုံးရောက်မှ ကျုပ်ပြန်ပေးပါ့မယ်။ နံလွန်းလို့ မြန်မြန်ပေးလိုက်ပါဗျာ"

"တောက် ... မင်းကွာ ... မင်းနော် ... ဟင်း ..."

ရဲကြီးက ပါးစပ်မှမြည်တွန်ပြီး ငါးကျပ်တန်တစ်ရွက်ကို ထုတ်ပေးလိုက်လေသည်။ စဏ္ဍာလ ကိုပွေးထူသည် ငါးကျပ်တန်နှစ်ရွက်ကို ဝမ်းသာအားရ ဆုပ်ကိုင်ပြီးနောက် ...

"သာဓုဗျာ ... သာဓု ... သာဓု ... တောင်းချင်လို့တောင်းရတာ မဟုတ်ပါဘူးဆရာတို့ရယ်။ ဒီလောက် အရည်ရွှဲရွှဲကျပြီး အနံ့မကောင်းတဲ့မသာမျိုး အရက်အဝသောက်ပြီးမှ ကိုင်လို့ရမှာမို့ပါ ဆရာတို့ရယ်။ ဆရာတို့နှစ်ဦးစလုံး ကျန်းမာချမ်းသာပြီး လိုရာဆန္ဒနဲ့ တစ်လုံးတစ်ဝတည်း ပြည့်ပြည့် ... ဝ ..."

"တော်ကွာ"

နှစ်ယောက်သား စဏ္ဍာလရဲ့ ဆုပေးစကားမဆုံးခင်မှာဘဲ နှာခေါင်းပိတ်၊ တဝေါ့ဝေါ့အန်ရင်း သင်္ချိုင်းမှ မပြေးရုံတစ်မည် အလျင်အမြန် ထွက်သွားကြလေသည်။

သို့နှင့် စဏ္ဍာလကြီးကိုပွေးထူသည် (ဂျူလဗီ) မသာသယ်လာသည့် စေတနာ့ဝန်ထမ်း ကျောပြောင်ကြီးကို ရေရွတ်ကျိန်ဆဲပြီးနောက် ပေါက်တူးတစ်လက်ဆွဲကာ မသာမြေပုံကျင်းဟောင်းတစ်ခုကို ပြန်ဖော်တူးနေလေ၏။

ချွေးသီးချွေးပေါက်များကျ၍ နားရင်း အရက်တင်[illegible]ကို မော့နေစဉ် စေတနာ့ဝန်ထမ်း မသာသယ်လာသူ ကျောပြောင်အရပ်ရှည်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



မသာကျင်းကို ဝိုင်းတူးပေးလေ၏။ လူက သန်မာထွားကျိုင်းလှသည်မို့ အနက်လေးပေသာသာခန့် မြေကျင်းသည် ခဏလေးနှင့် ပြီးသွား၏။

လူသစ်ကျောပြောင်ကြီးရဲ့ လုပ်ပုံကိုင်ပုံ သွက်လက်ချက်ချာမှုကို ကြည့်ပြီး စဏ္ဍာလကြီးကိုပွေးထူ လွန်စွာ သဘောကျသွား၏။

ဒီလိုလူမျိုးကို တပည့်အဖြစ်မွေးရလျှင် အကျိုးရှိမည်ဟု တွေးလိုက်၏။ သည့်နောက် နှစ်ဦးသား ရင်းနှီးသလိုဖြစ်သွားပြီး အလောင်းရှိရာသို့ လာခဲ့လိုက်ကြသည်။

ဒီမှာ ကိုပွေးထူက ပြောလိုက်၏။

"အလောင်းကို ရေချိုးပေးဦးမှကွ"

"မလိုပါဘူးဗျာ"

ကျောပြောင်ကြီးက ဝင်ကန့်ကွက်လိုက်၍ ကိုပွေးထူ အံ့ဩသွား၏။

"ဟ ... ဒါက ထုံးစံကွ ... ထုံးစံ"

"ရေချိုးပေးတော့ရော ဒီမသာက သန့်မှာမို့လို့လား"

"အေး ... ဒါလည်း ဟုတ်တာပဲကွ။ ရေချိုးပေးလည်း ဘယ်မသာမျှ မသန့်တော့ပါဘူးကွာ။ မကြာခင် ပုပ်မယ်၊ ပွမယ် အရည်ကျမယ်။ ချိုးမနေနဲ့တော့ကွာ။ ဒါနဲ့ ကိုရင့်နာမည် ဘယ်သူ ..."

"မသိဘူး"

"အေ ... ဒီမှာ ကိုမသိဘူးရဲ့။ အကယ်လို့များ ကိုရင်ဒီသင်္ချိုင်းဝန်းကျင်မှာ သေခဲ့ရင်ရော ... ဒီလိုပဲ ရေမချိုးဘဲ မြှုပ်ပေးရမလားဟင်။ ကြိုပြောခဲ့ပါဦး ဒသသနဆရာကြီးရာ"

"မသေခင်က သန့်ဖို့လိုတာပဲဗျ။ သေမှ သန့်ပေးနေရင် ရေကုန်ရုံနဲ့ ပေါင်ဒါကုန်ရုံပဲရှိမှာပေါ့။ ကျုပ်ဆို ရေမချိုးတာ နှစ်နှစ်ရှိပြီ"

"ဟေ ... ကိုရင်ရေမချိုးတာ နှစ်နှစ်ရှိပြီ။ ဟုတ်ရဲ့လားဟ"

"ရေမချိုးလို့ သေတဲ့မသာ သိပ်မရှိဘူး။ ရေချိုးလို့ အပူရှပ်၊ အအေးပတ်ဖျားနာပြီး သေတဲ့မသာပဲရှိတယ် စဏ္ဍာလကြီးရဲ့။ အရေးကြီးတာ လူဟာ စိတ်သန့်ဖို့ပဲ အရေးကြီးတယ်။ စိတ်ကို ရေချိုးပေးရမယ်၊





ဆပ်ပြာတိုက်ရမယ်၊ ရေမွှေးဖျန်းရမယ်။ စိတ်ဟာ မသန့်ရှင်းဘဲ ညစ်ပတ်ပြီး လောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာ၊ တဏှာ၊ အဝိဇ္ဇာနဲ့ ကြေးထူနေရင် သေရင် သရဲဆာဂုံတင်မနေနဲ့။ အပါယ်လေးရွာကို အဲဒီညစ်ညမ်းမှုနဲ့ သွားရမှာကျိန်းသေပဲ။ ကိုင်း ... မြှုပ်ကြစို့"

စဏ္ဍာလကိုပွေးထူသည် အကျိုကျောပြောင်၊ နံ့ငယ်တို၊ ဆံပင်ကျပ်ပိန်းနှင့်လူက ထူးဆန်းသော ဓမ္မစကားတရားကို အဓိပ္ပာယ်အနှစ်သာရနှင့် ပြောလိုက်သည့်အတွက် ...

အံ့ဩသွား၏။ လေးစားသွား၏။

ဒီလူပုံစံက အပြောနှင့်လက်တွေ့ ညီသလိုရှိ၏။ ခုလည်းကြည့်။ ဆွေမရှိ၊ မျိုးမရှိ။ ဘယ်သူကမျှ မကိုင်ချင်သည့် လမ်းနံဘေးသေ အနူသူတောင်းစားမကြီးကို မရွံမရှာ ပခုံးနှင့်ထမ်းချလာ၏။

ဒီလိုစိတ်ဓာတ်မျိုးက လူတစ်ရာမှာ ကိုးဆယ့်ကိုးယောက်ခွဲ မလုပ်ရဲသည့်အလုပ်။ အခု သူလုပ်ခဲ့ပြီ။ သူဘယ်လိုလူလဲ။ ဘာလဲ။ စဏ္ဍာလကိုပွေးထူ လုံးဝမသိ။ လုပ်ရပ်ကတော့ လေးစားဖို့ကောင်းနေ၏။

ထူးခြားသည်ကား ...

ကိုယ်ပျက်ပြီး လမ်းဘေးမှာသေသည့် ဒေါ်အိုးကွဲအလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ပြီးသည့် နေ့ကစ၍ ထို ကိုလူထူးခြား၊ ကျောပြောင်နံ့ငယ်တိုကြီးသည် ညောင်သုံးပင်သင်္ချိုင်းမှ မပြန်တော့။

ဘုရားတကာ၊ ကျောင်းတကာကြီး ဦးဖော်ဖေ အသက်(၁၀၂)နှစ်ဆိုသည့် အုတ်ဂူအကြီးကြီးကို ဗိမာန်ပြုပြီး နေ့ရောညပါ နေထိုင်လေ၏။

ထိုနေ့ထိုအချိန်ကစ၍ စဏ္ဍာလ ကိုပွေးထူကိုလည်း စကားသိပ်မပြောတော့။ မေးရင်ဖြေချင်မှ ဖြေ၏။ မဖြေချင်လည်း မဖြေ။ ဝစီဂိတ်ကျင့်နေသလိုမျိုး။

သို့သော် ... ထူးခြားချက်များတော့ ရှိနေသည်။

ကိုနံ့ငယ်တိုသည် မိုးလင်းလျှင် နေထွက်ရာအရပ်ကို မျက်နှာမူပြီး ပထဝီဇယမန္တန်ကို ရွတ်လေ၏။ ညအခါ အုတ်ဂူပေါ်မှာ သမထထိုင်သလို လုပ်၏။ တစ်ခါတစ်ရံ သင်္ချိုင်းကုန်းပေါ်ရှိ အရိုးများကို သူနေသည့်



www.burmeseclassic.com

www.burmeseclassic.com



အုတ်ဂူပေါ်မှာ စုစည်းပြီး အသုဘကာမွှဒ္ဒာန်းလိုလို၊ မရဏာနုဿတိကာမွှဒ္ဒာန်းလိုလို ရှုနေတတ်၏။

နေ့ခင်းအခါမှာမူ မြို့ထဲရပ်ထဲ ရွာထဲများသို့ ဥဒဟိုလျှောက်သွားပြီး သူစိတ်ဝင်စားသည့် အိမ်ရှေ့လိုနေရာမျိုးမှာ ရပ်ပြီး ဂုဏ်တော်ဂါထာမန္တန်များကို နာရီဝက် တစ်နာရီခန့် ရွတ်ဆိုနေလေ့ရှိ၏။

ပါးစပ်မှ အမြုပ်ထွက်အောင် ရွတ်ဆိုလို့ဝသော် (၃၁)ဘုံကို ရည်စူး၍ အမျှပေးဝေလေ၏။

သူ့ကို မည်သူက စစနောက်နောက် ပြောင်ပြောင် စိတ်ဆိုးလေ့မရှိ။ အထူးသဖြင့် သူ့နံငယ်တို့ကို ဆွဲမချတ်သရွေ့ အားလုံးရဲ့နောက်ပြောင်ပြောဆိုမှုများကို သည်းညည်းခံလေ့ရှိ၏။

ထိုအရွး ထူးခြား၍ အချို့က လေးစားကြ၏။

အချို့က သနားကြ၏။ သို့နှင့် မုန့်ပဲသရေစာများ ပေးကမ်းသူလည်းရှိကြ၏။ အချို့ကတော့ ကျက်သရေမရှိဘူးဆိုပြီး အိမ်ရှေ့ရပ်၊ ဆိုင်ရှေ့ရပ်လာလျှင် အော်ဟစ်မောင်းနှင်လွှတ်ကြ၏။

ခွေးနှင့် ရှူးတိုက်ကြ၏။

ခွေးတို့ကား သူ့ကို ဟောင်ရုံသာဟောင်ပြီး လုံးဝမကိုက်ရဲကြ။

သူ့မျက်လုံးအစုံနှင့် စိုက်ကြည့်လိုက်လျှင် ထိုခွေးတို့သည် မီးနှင့်တို့ခံရသလိုမျိုး အော်ဟစ်၍ ပြေးကြသည်ကိုကား လူအတော်များများက မြင်ထားကြလေသည်။

၎င်း ကိုနံငယ်တိုကို မြို့ရပ်လူထုက အရပ်ရှည်လွန်း၍ ကိုခြောက်ပေဟု ခေါ်ကြလေ၏။

အချို့ကလည်း ကိုရေတ်ကျည်ပွေ့ဟု ခေါ်ကြ၏။ ဘာကြောင့် ကိုရေတ်ကျည်ပွေ့ဟုခေါ်သည်ကို အချို့မသိ။ သိသူများလည်း- ရှိကြ၏။

ဒီမှာ စဏ္ဍာလကြီးကိုပွေးထူ အံ့ဖွယ်ထူးဆန်းဖြစ်ရပ်ကို ကြုံခဲ့ရလေ၏။

အခြားမဟုတ်။

ကိုခြောက်ပေသည် ညဥ့်သန်းခေါင် ကြက်တွန်သံကြားသည်နှင့်





အုတ်ဂူပေါ်မှဆင်းလာကာ ကိုယ်ပျက်ပြီး သေဆုံးမြုပ်နှံထားသည့် သူတောင်းစားမကြီး ဒေါ်အိုးကွဲ၏မြေပုံကို ရှိရှိသေသေ ရှိခိုးခြင်းပဲ ဖြစ်လေသည်။

ဘာကြောင့် . . . ဒေါ်အိုးကွဲ၏အုတ်ဂူကို နေ့စဉ်နိုးပါး ရှိခိုးကန်တော့သည်အား သိချင်၍ စဏ္ဍာလကိုပွေးထူက မေးမြန်းကြည့်သောအခါ အရူးကိုခြောက်ပေက ဘာမျှပြန်မပြော။

www.burmeseclassic.com

www.burmeseclassic.com

## [ ၁ ]

❑

တစ်နေ့သောအခါ အလွန်ကို အံ့သြစရာ စိုးရိမ်ကြောက်လန့် ချောက်ချားဖွယ် ဖြစ်ရပ်ဆန်းတစ်ခုကို လူအချို့ ကြုံခဲ့ရတော့သည်။

ဖြစ်ပုံက ဒီလို။

ငွေသန်းဝင်း ဆန်စက်ရှိရာ ( ..... ) မှာ အလွန်ရှေးကျသော တိုက်ခံအိမ်အိုကြီးတစ်လုံးရှိ၏။ ၎င်းအိမ်အိုကြီး၏ သက်တမ်းသည် အနှစ် (၄၅)နှစ်ခန့်ရှိ၏။

မည်သူမျှမနေကြ။ နေလို့လည်းမရ။

အင်္ဂလိပ်ခေတ်တုန်းက ချစ်တီးကုလားသူဌေးမိသားစု နေခဲ့၏။ ချစ်တီးကုလားသူဌေးသည် တကယ့်ငွေရှင်ကြေးရှင်ဖြစ်ရကား ... ဒေသခံ လယ်သမားများအပေါ် နှိပ်စက်ကလူပြု၍ မြေသိမ်းယာသိမ်း၊ လယ်သိမ်း၊ ပစ္စည်းသိမ်း၊ လူသိမ်း၊ ကျွဲ နွား သိမ်းလုပ်ရကား အားလုံးက ချစ်တီး ကုလားသူဌေး အာမွန်တရားကို ရွံရှာစက်ဆုပ်ကြ၏။





ချစ်တီးကုလားသူဌေးကလည်း အင်္ဂလိပ်မြို့ပိုင်နှင့်တကွ ရဲဌာန တစ်ခုလုံးနှင့်ပါ အပေးအကမ်း အလွမ်းသင့်ရကား ဘယ်သူ့မျှ ထိမထင်ခဲ့။ ဘယ်သူ့မျှ မငဲ့ညှာ။

ချမ်းသာလိုက်သမှ မယားနှစ်ယောက်မှာ ရွှေများညွှတ်နေ၏။ အပြင်မှာ မယားငယ်အမြောင်မယား ထားလိုက်သေး၏။

တစ်နေ့ ...

ချစ်တီးကုလားသူဌေး အာမွန်တရား 'ငပ'ဆိုသည့် ကျေးရွာမှ အကြွေးမဆပ်နိုင်သည့် လင်မယားမိသားစုရဲ့တဲကို ဖျက်ဆီးပြီး လယ်သမား မိသားစုကို တပည့်လူမိုက်လူရမ်းကားများနှင့် နှိပ်စက်နေစဉ် ...

ရှမ်းဘောင်းဘီအနက်၊ အင်္ကျီကျောပြောင်၊ သျှောင်တစောင်းနှင့် မြင်းစီးသမားတစ်ဦး ဖြုန်းခနဲ ရောက်လာခဲ့သည်။

သူသည် ဘယ်လက်က မြင်းညိုကြီးရဲ့ဇက်ကြိုးကို ဆုပ်ကိုင်စိုင်း နှင်လာရင်း ညာလက်ကလည်း နှစ်လုံးပြူးသေနတ်ကို မြှောက်ချိန်၍ ရောက် လာခဲ့သည်။

သည့်နောက် ဆင်းရဲသားလင်မယားမိသားစုကို ညှင်းပန်းနှိပ်စက် နေသော ဓားကိုင်၊ တုတ်ကိုင်၊ သေနတ်ကိုင် ပုလိပ်သားနှင့် လူရမ်းကား များရှေ့မှာ မြင်းစုံရပ်ပြီး လက်ထဲမှ နှစ်လုံးပြူးသေနတ်နှင့် နှစ်ချက်ဆင့် ၍ ပစ်ချလိုက်သည်။

ပေါက်ကွဲသံမြည်ဟိန်းပြီး ပုလိပ်သားနှစ်ယောက်နှင့် လူမိုက်နှစ်ဦး ကိုးလုံးကျည် စဉ်ထိမှန်ကာ နေရာမှာတင် လဲကျသူလဲကျ ရင်ပွင့်သေသူ သေ ဖြစ်ကုန်၏။

မသေမရှင်ဖြစ်နေသူ လူရမ်းကားများကို သူ့ရဲ့မြင်းညိုကြီးနှင့် အကြိမ်ကြိမ်အခါခါ နင်း၍ သတ်လေ၏။

ဒီမှာပဲ ချစ်တီးသူဌေးသည် ကြောက်လန့်တကြား ဒေါသစ်ပြီး ခြေဦးတည့်ရာသို့ ခွာ၍ပြေးလေ၏။ ရွာသူရွာသားများနှင့် နှိပ်စက်ခံရသူ လယ်သမားမိသားစုတို့ကား အံ့လည်းအံ့သြ၊ ကြောက်လည်း ကြောက်လန့် နှင့် ပုန်းသူပုန်း၊ ဝပ်သူဝပ်၊ ငိုသူငို ဖြစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်တီးကုလားသူဌေးသည် ချစ်တီးဘာသာစကားနှင့်ရော၊ မြန်မာလို မပီကလာပီကလာနှင့် အော်ဟစ်ပြီး ငွေအိတ်စာချုပ်အိတ်ကြီးကို လွယ်ပြီး လယ်ကန်သင်းရိုးပေါ်မှာ ကြောက်လန့်တကြား ပြေးနေသည်။

ဒီမှာပဲ မြင်းညိုရှင် သျှောင်တစောင်းနှင့်လူကြီးက နှစ်လုံးပြူး သေနတ်ပြောင်းကိုဖွင့်၍ ကျည်နှစ်တောင့်ထိုးလိုက်ပြီး မောင်းတင်လိုက်သည်။

သည့်နောက် အုယားဖားယားပြေးနေသည့် ချစ်တီးသူဌေး ဝဝ ကုပ်တိုတို၊ မည်းမည်းကြီးရဲ့ ဦးခေါင်းရှိရာကို သေနတ်ပြောင်း ထိုးချိန်လိုက်သည်။

"ဖောင်း"

"အဘား ..."

အသံနက်ကြီးနှင့် မချိမဆံ့အော်လိုက်သည့် ချစ်တီးကုလားရဲ့ ဦးခေါင်းနောက်စေ့သည့် သေနတ်သံအထွက်၊ အော်သံအဆုံးမှာ နောက်စေ့ပွင့်လန်ကြေမွပြီး တာလမ်းနံဘေးရိုးထဲသို့ ထိုးစိုက်ကျသွားခဲ့တော့သည်။

သည့်နောက် မြင်းညိုရှင်က ဘာစကားမျှ မပြောတော့ဘဲ မြင်းကို စိုင်း၍ ချစ်တီးကုလားသေရှိရာသို့ သွားလိုက်ကာ ပတ္တူအိတ်ထဲက စာချုပ်များကို ထုတ်ယူလိုက်ပြီး မီးရှို့ဖျက်ဆီးပစ်လိုက်၏။

ကျေနပ်စွာလုပ်လို့ ဝသည်နှင့် မြင်းညိုကြီးကို ဇက်ကြိုးကုန်ဖွင့်ပြီး ဟိုးအရှေ့စူးစူးသို့ အပြင်းစိုင်းနှင်၍ ထွက်သွားတော့သည်။

မကြာခင် ...

ဂါတ်တဲမှ ပုလိပ်အင်စပက်တော်များ၊ ပုလိပ်သားများနှင့် အရေးပိုင်၊ မြို့ပိုင်မင်းများရောက်လာ၍ စစ်ဆေးမေးမြန်းကြပါသော်လည်း ...

လူငါးယောက်ကို အသေသတ်သွားသည့် မြင်းညိုရှင်ကို မည်သူမည်ဝါဆိုတာ မည်သူမျှမပြောနိုင်ကြ။

အချို့က ထင်ကြေးပေးကြသည်။

ရှင်ဘုရင်သိမ်းမောင်ဟုလည်း ဆိုကြ၏။

အချို့ကလည်း လယ်သမား သူပုန်ခေါင်းဆောင် ဂျူန်ဆရာစံ





၏ အနွယ်တော်တစ်ဦးဟုလည်း ကောက်ချက်ချကြသည်။

အင်္ဂလိပ်မျက်နှာဖြူ စုံထောက်များနှင့် ပုလိပ်သားတို့ ပိုက်စိပ်တိုက်၍ မြေလှန်ရှာသော်လည်း မြင်းညိုရှင် သေနတ်သမားကို လုံးဝ ခြေရာခံလို့မရ။

တစ်ရွာလုံး၊ တစ်နယ်လုံးကလည်း တစ်ကိုယ်တော်သူရဲကောင်း မြင်းညိုရှင်ကို ဘေးမသီရန်မခဘဲ ကျန်းမာချမ်းသာပါစေရန် နေ့ရောညပါ ဆုတောင်းမေတ္တာပို့သလျက် ရှိလေ၏။

နောက်တစ်ပတ်ခန့်ကြာသော ညမှာ ချစ်တီးကုလားသူဌေး မယားနှစ်ယောက် သူ့တိုက်ခံအိမ်မှာ လည်လှီးအသတ်ခံရပြန်သည်။ တစ်နယ်လုံး အုတ်အော်သောင်းတင်း ဖြစ်သွားခဲ့ကြ၏။

မသင်္ကာသူများ အစစ်ဆေးခံရ၏။ ထောင်ထွက်လူဆိုးများ ၎င်းအမှုနှင့်စပ်လျဉ်း၍ ပတ်သက်ရမည်စိုးပြီး အဝေးနယ်များသို့ ပုန်းရှောင်ပြေးကြရ၏။

သည်မှာ ဂျပန်ဝင်လာ၍ အင်္ဂလိပ်အစိုးရများ ခွေးပြေးပြေးရပြီး ၎င်းလူသတ်မှုလည်း နိဂုံးချုပ်ရလေ၏။

မကြာခင် ၎င်းတိုက်ခံအိမ်ကြီးပေါ်သို့ ဝံသာနုရက္ခိတ တရားကင်းမဲ့ပြီး ငွေချမ်းသာလျှင် ကုလားချစ်တီးကို လင်လုပ်ရဲသော ချစ်တီးကုလားသူဌေးရဲ့ မယားငယ်မိန်းမချော ခင်ကြီးစိုဆိုသူ ရောက်လာခဲ့၏။

ချစ်တီးတိုက်မှာ နေ၏။ လက်ကျန်ငွေများနှင့် သုံးဖြုန်းပြီး ခေတ်ပျက်သူဌေးများနှင့် ပျော်ပါးနေ၏။

ဂျပန်စကားပြန်များ အဝင်အထွက်ရှိ၏။ ဂျပန်စစ်ဗိုလ်နှင့် ကင်ပေတိုင်များ အဝင်အထွက်ရှိနေ၏။

အင်္ဂလိပ်အုပ်စိုးတုန်းက ချစ်တီးကုလားသူဌေးနှင့် သူ့လက်ရုံးများကို ကြောက်လန့်ရ၏။ ယခု ခင်ကြီးစိုကို ကြောက်လန့်ရ၏။

ခင်ကြီးစိုကား လုံးကြီးပေါက်လှ ရုပ်မှက်ခိုးကြွသူဖြစ်၏။ ပြုံးသာချင်လွန်း အားကြီး၏။ ထင်ပေါ်ကျော်စောချင်၏။ နေရာတကာ အရေးပါအရာရောက်ချင်၏။



www.burmeseclassic.com

www.burmeseclassic.com



သူမကို မျက်နှာကြောမတည့်သူများ ဒီဝန်းကျင်မှာ ရှိကြ၏။ ဒီမှာ ခင်ကြီးစိုက သူမနှင့် မျက်နှာကြောမတည့်သူများ၊ သူမကို ထော့ရိစောင်းမြောင်းသူများအား ဂျပန်ဖက်ဆစ်တော်လှန်ရေးသမားဟု ချွန်တွန်းပြီး သူ့လင် ဂျပန်ကင်ပေတိုင်များကို တိုင်ကြားရကား ...

တော်လှန်ရေးသမား တံဆိပ်ရိုက်ခံရပြီး ၎င်းလူအချို့ ဂျပန်ကင်ပေတိုင်စခန်းသို့ အဖမ်းခေါ်ဆောင်ခံရ၏။

အချို့ ကျိုးကန်းခဲ့ရ၏။ အချို့ အောက်ပိုင်းသေသွားခဲ့၏။ အချို့ ရူးသွပ်ဦးနှောက်ပျက်သွားခဲ့ရ၏။ အချို့ သေဆုံးသွားခဲ့ရ၏။

ဒီလိုနှင့် (၁၉၄၅) ခုနှစ်၊ မတ်လ (၂၇)ရက်နေ့ရောက်၍ ဖက်ဆစ်တော်လှန်ရေးကြီးကို မြန်မာတစ်မျိုးသားလုံး လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ပါဝင်ဆင်နွှဲကြသောအခါ ...

ဖက်ဆစ်ဂျပန်တို့လည်း ပဲခူးမြစ်ထဲမှာ အလောင်းဖွေးခဲ့၏။

မြို့ပေါ်မှာ အလောင်းချင်းထပ်နေ၏။

ဒီမှာ ကုလားကိုလင်လုပ်ပြီး အမျိုးဂုဏ်ဇာတိဂုဏ်ကို သစ္စာဖောက်ခဲ့သော ...

ဖက်ဆစ်ဂျပန်ကို ပျော်တော်ဆက်ပြီး ငါတစ်ကိုယ်တည်း ကောင်းစားရေးနှင့် ငါလိုလူ ဇမ္ဗူမှာမရှိဟု လက်မထောင်ခဲ့သော မျိုးဖျက်မိုင်းတာမ ခင်ကြီးစို ...

သံသရာဝဋ်ကြွေးကို အတိုးအရင်းပေါင်း၍ ဆပ်ခဲ့ရပါပြီ။

အမျိုးအမည်မသိရသူ မျက်နှာဖုံးစွပ် လူအချို့က ခင်ကြီးစိုရဲ့ လှပချွန်းစိုခန္ဓာကိုယ်ကို ဓားနှင့် သုံးပိုင်းပိုင်းပြီး သူမအိပ်သည့် ချစ်တီးကုလား ကြေးခုတင်ပေါ်မှာ စုပုံထားခဲ့လိုက်ကြသည်။

ထိုအချိန်ကစ၍ ချစ်တီးကုလားသူဌေးရဲ့ အုတ်တိုက်ခံပျဉ်ထောင်သွပ်မိုး အိမ်ကြီးရခိုင်မှာ မည်သူမျှ မနေရဲကြတော့။

အကြောင်းကား ...

၎င်းတိုက်ခံအိမ်မည်းကြီးမှာ မကျွတ်မလွတ် တစ္ဆေများ ခြောက်လှန့်နေသောကြောင့်တည်း။





ခြောက်လှန့်ပုံကား ...

ညဘက် အိမ်ကြီးပေါ်မှာ အသားမည်းမည်းနှင့် ချစ်တီးကုလားသူဌေး အာမွန်တရားကို မြင်ကြခြင်းဖြစ်၏။ အာမွန်တရားသည် အမည်မသိ လူသတ်သမားမြင်းစီးရှင်ရဲ့ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံရ၍ ကွင်းထဲမှာသေမှန်း တစ်ရပ်ကွက်စစ်ရွာလုံး အသိ။

သို့သော် ပြတင်းပေါက်ဝမှာ ရပ်နေသည့် ကုလားသူဌေးကို အခုမြင်နေရသည်။ ဒါမျှမကသေး ... ချစ်တီးကုလားသူဌေးကို သူသေခဲ့သည့်တာရိုးပေါ်မှာ လွယ်အိတ်ကြီးတစ်လုံးလွယ်ပြီး လျှောက်သွားနေသည်ဟူသောသတင်းကလည်း ကျော်စောနေပြန်သေး၏။

"မကျွတ်မလွတ်ဘူးနဲ့ တူတယ်ဟေ့"

"လောဘသားကုလား ... တစ္ဆေလား ... သရဲလား ဖြစ်နေပြီကွာ"

"သူ့မယား ခင်ကြီးစိုလည်း တစ္ဆေဖြစ်နေဆိုပဲ"

"ဟုတ်ရဲ့လားဟ ... မှတ်ကြီးရ"

"မင်းမယုံရင် ထမင်းချက် ဒေါ်ခင်စိန်ကို မေးကြည့်"

ဒီလိုနှင့် ထမင်းချက်ဒေါ်ခင်စိန်ကို ဝိုင်းမေးကြသောအခါ ဇာတ်ကြောင်းစုံကို ကြားရတော့သည်။

"ငါ ဒီအိမ်မှာ ထမင်းချက်လုပ်နေတာ ကြာပကောဟဲ့။ ကုလားသူဌေး အာမွန်တရား လက်ထက်ကတည်းက ဥစ္စာ။ အာမွန်တရားသေရောသူ့မယားငယ် ခင်ကြီးစိုရောက်လာတာပဲ။ ခင်ကြီးစိုက လောဘသား၊ သတ္တိလည်းကောင်းတယ်။ အဲဒါ ရှိပစ္စည်းအားလုံး သူရသွားရော။ တစ်နေ့ ငါ ထမင်းချက်နေတာဟဲ့။ ချက်နေတုန်း အိမ်ရှေ့ကနေ ငါ့နာမည်ခေါ်သံကြားရပါရော။ ခေါ်တာ ဘယ်သူမှတ်လို့တုံး ..."

"ခင်ကြီးစိုနေမှာပေါ့ ဒေါ်ခင်စိန်ရဲ့"

"အလိုလေးလေး ... အိမ်ကြီးရှင်မ ခင်ကြီးစိုမဟုတ်ဘူးဟဲ့။ အဲဒီတုန်းက ခင်ကြီးစိုအိမ်မှာ မရှိဘူး။ ဂျပန်စကားပြန်ကောင်းညွှန့်နဲ့ ကင်ပေတိုင်ရုံးကို သွားနေချိန်။ ခေါ်သံက အရင်အိမ်ကြီးရှင် ကုလားသူဌေး



www.burmeseclassic.com

www.burmeseclassic.com



ကြီး အာမွန်တရားရဲ့ခေါ်သံ။ ဘုရား ... ဘုရား ... ငါ့နှယ်အေ ထမင်းချက်ရင်း ခေါင်းမွေးကို ထောင်သွားပါရော"

"ခင်းစိန်း ... အာရေး ... ခင်းစိန်း"

"ခင်း ... စိန်း ..."

ဘုရား ... ဘုရား ... သူဌေးအာမွန်တရားရဲ့ အသံ။ သူက ငါ့ကို ခင်စိန်လို့မခေါ်ဘူး။ ခင်းစိန်းလို့ခေါ်တာ။ ငါ့အသား တဆတ်ဆတ် တုန်နေပြီ။ ကွယ်လွန်သူ ကုလားသူဌေးရောက်နေပြီ။ ဒါနဲ့ ကုလားသူဌေး အာမွန်တရားလား၊ သူ့အသိမိတ်ဆွေများလားလို့ သိချင်လို့ မရဲတရဲနဲ့ ကွယ်ကြည့်လိုက်တော့ အိမ်ရှေ့မှာ မရှိဘူး။ မတွေ့ဘူး။

"ခင်းစိန်း ... လာဦး"

ကြည့်စမ်းပါဟယ်။ တံခါး ခေါက်သံ ထုသံ ကြားနေရတာ ...

အလို ... သူဌေးနေသွားတဲ့ အခန်းကပါလား။ သူ့အခန်းက အပေါ်ထပ်မှာ ငါမတက်ရဲဘူး။

"ခင်း ... စိန်း ..."

"ရှင် ..."

"လာဦး"

"အမယ်လေး ... ဘုရား ... ဘုရား"

ခေါ်နေတာမှ ပီပီသသကြီး။ ငါလည်း ကြောက်လွန်းလို့ ခြေရော လက်ရောတုန်နေပြီ။ ထမင်းအိုးလည်း ပွက်ပွက်ဆူနေလို့။ ဟူး ... တော်ပါသေးရဲ့ အိမ်ကြီးရှင် မခင်ကြီးစိုးရောက်လာလို့။

"ဒေါ်ခင်စိန် ... ဘာဖြစ်နေတာလဲ"

"ဟို ... ဟို ..."

"ဘာဟိုလဲ ... ပြော ..."

"ခေါ်သံ ကြား ... ကြား ... ရလို့ ... မစို"

"ဘယ်သူခေါ်နေလို့လဲ"

"သူ ... ဌေး ... သူဌေး ..."

"ဘာ ... အာမွန်တရားက ခေါ်တာလား"





"ဟုတ် ... ဟုတ်တယ်"

"ကြံကြီးစည်ရာ ဒေါ်ခင်စိန်ရယ်။ သူသေပြီဥစ္စာ။ ရှင်ဘာကြောင်နေတာလဲ"

"အပေါ်ထပ်ကနေ ခေါ် ... ခေါ်နေတာ အမှန်ပါ ... မ ... မ ဗိုး။ ဟော ... ဟော ... နားထောင် ... နားထောင် ... အမယ်လေး လေး ..."

"ဒေါက် ... ဒေါက် ..."

"ဒေါက် ... ဒေါက် ..."

"ဒုန်း ... ဒုန်း ..."

"ဒုန်း ... ဒုန်း ..."

အပေါ်ထပ်ကနေ အခန်းတံခါးကို ခေါက်နေထုနေတာ ငါတို့နှစ်ဦး အတိုင်းသား ကြားနေရတာယ်။

"အပေါ်မှာဘယ်သူလဲ ဒေါ်ခင်စိန်"

"ဟို ... ဟို ..."

"မြန်မြန်ပြောပါတော့"

"သူ ... သူဌေး ..."

"ဗို ... လာ ... ဟုတ်ရင်ဟုတ် ... မဟုတ်ရင်အတွေ့ပဲ ... လာခဲ့"

စိတ်မြန်လက်မြန် ခင်ကြီးစိုက ငါ့လက်ကိုဆွဲပြီး အပေါ်ထပ်တက်တဲ့ လှေကားကနေတက်သွားရော ...

"ဒေါက် ... ဒေါက် ..."

"ဝုန်း ... ဝုန်း ... ဒေါက် .. ဒေါက် ..."

ကြည့်စမ်းပါဟယ်။ တံခါးခေါက်သံ၊ ထုသံ ကြားနေရတာ သေ[illegible] ကုလားသူဌေးရဲ့အခန်းက။ ခင်ကြီးစို အံ့သြနေပြီး ...

တံခါးက ကုလားသူဌေးကြီး သေပြီးကတည်းက သေ[illegible]တ်ထားတာ။

"အထဲကပဲ ဒေါ်ခင်စိန်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ပြောပါရောလား ... ခေါ်တာလည်း ဒီကပဲ"

"ဒေါက် ... ဒေါက် ..."

"ဒုန်း ... ဒုန်း ..."

"ဘယ်သူလဲ ... အထဲက ဘယ်သူလဲ"

"ဒေါက် ... ဒေါက် ..."

"ဘယ်သူလဲလို့ မေးနေတယ်လေ"

"ဒေါက် ... ဒေါက် ..."

ဒီမှာပဲ ခင်ကြီးစိုက ပိုက်ဆံအိတ်ကိုဖွင့်ပြီး သော့တွဲကြီးတစ်ခုကိုထုတ်လို့ သော့တစ်ချောင်းနဲ့ အခန်းတံခါးသော့ခလောက်ကိုဖွင့်လိုက်ရော ...

ညှီနံ့၊ မှိုနံ့၊ မှန်ညင်းဆီရနံ့၊ ကုလားသူဌေးကိုယ်မှာ လူးလေ့ရှိတဲ့ မှန်ညင်းဆီရနံ့။ အထဲမှာ လူမတွေ့ရဘူး။ ကြေးကြိုးခုတင်တစ်လုံးနဲ့ မွေ့ရာပါးတစ်ခုပဲ ရှိနေတယ်။

ဒါနဲ့ အနံ့လိုက်ရှာကြတယ်။

ကြောင်လား၊ ကြွက်လား၊ ငှက်များလား။ ဘာကောင်မှမရှိဘူး။ ဒါနဲ့ ပြန်ထွက်ကြတယ်။ ထွက်တော့ ငါကရှေ့က ခင်ကြီးစိုကနောက်က။

"အမယ်လေး ..."

"ဟဲ့ ... ဟဲ့ ... မစို ... မစို ဘာဖြစ်လို့တုံး"

"ထွက် ... ထွက် ... မြန်မြန်ထွက်"

"ဘာ ... ဘာ ... ဖြစ် ..."

"ထွက်ပါ ... မြန်မြန်ထွက်ပါ"

ငါတို့နှစ်ဦးစလုံး အမြန်ထွက်လိုက်ပြီး အခန်းတံခါးကို ဝုန်းခနဲပိတ် သော့ခတ်လိုက်ကြတယ်။ ခင်ကြီးစိုတစ်ကိုယ်လုံး တုန်နေပြီသိလား။

"ခင်ကြီးစို ..."

"ရှင် ... ရှင် ..."

"ဘာဖြစ်လို့လဲ ... ဟင်"

"ဟို ... ဟို ... နောက်ကနေ ကျွန်မ ... ပခုံးကို လှမ်းဖက်





လိုက်လို့"

"အမယ်လေး ... မြတ်စွာဘုရား ကယ်တော်မူပါ ဘုရား"

အဲဒီနေ့ကစပြီး ငါတို့နှစ်ဦး အပေါ်ထပ်ကို အကြောင်းကိစ္စမရှိဘဲ မတက်တော့ဘူး။ ခေါ်သံကတော့ ခဏခဏ ကြားရတယ်။ တံခါးခေါက်သံ ခဏခဏ ကြားရတယ်။

တစ်ခါတစ်ခါ ကုလားသူဌေးကို ညဦးသန်းခေါင် အပေါ့်အပါး ထသွားရင် အိမ်ခေါင်းရင်းက ညောင်ပင်အောက်မှာ နောက်ကျောပေးလျက် ငုတ်တုတ်ကြီးမြင်ရတယ်။

"ကုလားသူဌေး တစ္ဆေလား"

"ဟုတ်တယ်လို့ ပြောချင်တာပဲ"

"အခြားကုလား တစ်ဦးဦးရော မဖြစ်နိုင်ဘူးလား"

"အဲဒါတော့ ငါတို့မသိဘူး။ အိမ်အပေါ်ထပ်မှာ လမ်းလျှောက်နေတာတော့ ညတိုင်းကြားနေရတာပဲ"

"ဒါဆို ခင်ကြီးစိုက ဘာလို့ မကြောက်မရွံ့ နေနေတာလဲဗျ"

"ငါ့အထင်ပြောရရင် သေသူချစ်တီးကုလားကြီးက အလွန့်ကိုချမ်းသာတာဟဲ့။ စိန်တွေ၊ ရွှေတွေမှ မနည်းဘူးရှိတာ။ ကုလားပြည်ပြန်ပို့တာအပြင်ကို ရှိနေသေးတာ။ အဲဒါ သူဌေးက ဘယ်မှာဝှက်ထားလဲ မသိဘူး။ ခင်ကြီးစိုကလည်း အဲဒီပစ္စည်းတွေကို လိုက်ရှာနေတာ"

www.burmeseclassic.com

www.burmeseclassic.com

## [ ၆ ]

❑

"ဒေါ်ခင် စိန်း ..."

"ဟဲ့ ... မသာရဲ့။ ငါ့ကို ဒေါ်ခင်းစိန်းလို့ မခေါ်ပါနဲ့ဟဲ့။ ကျော ချမ်းလွန်းလို့ပါ။ ပြောရင်း နောက်များရောက် ... အမယ်လေး ... လုပ် ပါဦးတော့"

"ဘာဖြစ်လို့တုံး ... ဒေါ်ခင်စိန် ... ဒေါ်ခင်စိန်"

"ငါ့ကို နောက်ကနေ ဆွဲ ဆွဲနေပြီ"

"ဒေါ်ခင်စိန် ... သရဲမဟုတ်ပါဘူးဗျ ... ကြောင်ပါဗျ"

"ဟင် ... ကြောင် ..."

"ဟုတ်တယ်လေဗျာ။ ခင်ဗျားနောက်မှာ ကြောင်ဥစ္စာ"

"ဘုရား ... ဘုရား ... ကုလားသူဌေးတစ္ဆေများ၊ သူ့အကြောင်း ပြောလို့ လှမ်းဆွဲမှတ်လို့ပေါ့။ ရင်တုန်လိုက်ပါဘိတော်"

"လုပ်ပါဦး ဒေါ်ခင်စိန်ရ။ ကုလားသူဌေး တစ္ဆေပြီးတော့ ခင်ကြီး စိုတစ္ဆေမအကြောင်း"

ဝိုင်းမေးကြသော ဒေါ်ခင်စိန်ခမျာ ကြောက်လည်း ကြောက်ရဲ့၊





ပြောလည်း ပြောချင်ရဲ့။ ဒါနဲ့ ကိုဘမောင်ကြီးက သောက်လက်စဆေးပေါ့ လိပ် ကမ်းပေးလိုက်မှ ဆေးပေါ့လိပ်ကို လေးငါးဖွာရှိုက်ပြီး ...

"ခင်ကြီးစိုတစ္ဆေက ပိုဆိုးတယ်"

"ဆိုးပုံကို ပုံဖော်ပါဦး အမေစိန်ရဲ့"

"သိတဲ့အတိုင်းပဲ ဂျပန်တော်လှန်ရေးစတော့ တော်လှန်ရေးသမား များလက်ချက်လား၊ ဓားပြများလက်ချက်လား၊ သူ့ကို မုန်းတီးနေတဲ့ ရန်သူ မသမာများလက်ချက်ကြောင့်လား မသိဘူး။ အဲဒီနေ့က ငါရွာပြန်တဲ့နေ့။

သူ့ကို လူဆိုးတွေက ဓားနဲ့သုံးပိုင်းပိုင်းပြီး ခုတင်ပေါ်မှာ စုပုံထား တာ။ မြင်ရသူတိုင်း လိပ်ပြာလွင့်သွားမလား မှတ်ရတယ်။ ဆိုင်ရာက ငါ့ကို ခေါ်မေးတယ်။ မသိဘူးပဲ ဖြေလိုက်တယ်။ သိတယ်ဘာညာလုပ်နေရင် ငါ လည်း လေးပိုင်းငါးပိုင်း အပိုင်းခံရမှာကိုး။ အဲဒါ ရက်မလည်ခင်အထိ ခင်ကြီးစိုရဲ့အစ်မ ခင်ကြီးပိုဆိုသူ လာရောက်နေထိုင်ပြီး မသာကိစ္စကို လုပ် ပေးရတာပေါ့။

ရက်လည်ပြီး နောက်နှစ်ရက်ကြာရော ...

သူ့အစ်မ ခင်ကြီးပိုလည်း ပြေးရော ...

"ဘာဖြစ်လို့ ခင်ကြီးပို ပြေးရတာလဲ"

"ကွယ်လွန်သူ ခင်ကြီးစိုကို သူ့ခုတင်ပေါ်မှာအိပ်နေတာ မြင်လိုက် ရပြီး 'သရဲ'လို့လန့်အော်ပြီး တက်သွားလို့လေ။ အဲဒီနေ့ကစပြီး ဒီအိမ်ကြီး မှာ ဘယ်သူမျှမနေရဲကြတော့ဘူး။

သတ္တိရှိလို့ လာနေသူမှန်သမျှ ...

ညဘက်ကျရင် ဒိုတီဝတ် ဗိုက်ရွှဲကုလားကြီးကို မြင်လိုက်၊ ခင်ကြီး စိုကို ထဘီရင်ရှား၊ ဆံပင်ဖားလျား ရေချိုးခန်းထဲ ရေချိုးနေတာ မြင်ရဖြစ် ပြီး ပြေးရော ...

အဲဒါ သုံးလေးဦး ကြုံရတာ။

တော်လှန်ရေးသမားအချို့၊ ဒီအိမ်ကြီးပေါ်မှာ စတည်းချကြ တယ်။ မောင်ကံတို့၊ ကိုဒွန်းရှိန်တို့ ပါတာပေါ့။ သူတို့လည်း နှစ်ရက်ပဲနေ လို့ရတယ်။ အပေါ်ထပ်ကနေ အိပ်လို့မရ၊ စားလို့မရအောင် တဒုန်းဒုန်း



www.burmeseclassic.com

www.burmeseclassic.com

## [ ၆ ]

❑

"ဒေါ်ခင် စိန်း ..."

"ဟဲ့ ... မသာရဲ့။ ငါ့ကို ဒေါ်ခင်းစိန်းလို့ မခေါ်ပါနဲ့ဟဲ့။ ကျော ချမ်းလွန်းလို့ပါ။ ပြောရင်း နောက်များရောက် ... အမယ်လေး ... လုပ် ပါဦးတော့"

"ဘာဖြစ်လို့တုံး ... ဒေါ်ခင်စိန် ... ဒေါ်ခင်စိန်"

"ငါ့ကို နောက်ကနေ ဆွဲ ဆွဲနေပြီ"

"ဒေါ်ခင်စိန် ... သရဲမဟုတ်ပါဘူးဗျ ... ကြောင်ပါဗျ"

"ဟင် ... ကြောင် ..."

"ဟုတ်တယ်လေဗျာ။ ခင်ဗျားနောက်မှာ ကြောင်ဥစ္စာ"

"ဘုရား ... ဘုရား ... ကုလားသူဌေးတစ္ဆေများ၊ သူ့အကြောင်း ပြောလို့ လှမ်းဆွဲမှတ်လို့ပေါ့။ ရင်တုန်လိုက်ပါဘိတော်"

"လုပ်ပါဦး ဒေါ်ခင်စိန်ရဲ့။ ကုလားသူဌေး တစ္ဆေပြီးတော့ ခင်ကြီး စိုတစ္ဆေမအကြောင်း"

ဝိုင်းမေးကြသော ဒေါ်ခင်စိန်ခမျာ ကြောက်လည်း ကြောက်ရဲ့၊





ပြောလည်း ပြောချင်ရဲ့။ ဒါနဲ့ ကိုဘမောင်ကြီးက သောက်လက်စဆေးပေါ့ လိပ် ကမ်းပေးလိုက်မှ ဆေးပေါ့လိပ်ကို လေးငါးဖွာရှိုက်ပြီး ...

"ခင်ကြီးစိုတစ္ဆေက ပိုဆိုးတယ်"

"ဆိုးပုံကို ပုံဖော်ပါဦး အမေစိန်ရဲ့"

"သိတဲ့အတိုင်းပဲ ဂျပန်တော်လှန်ရေးစတော့ တော်လှန်ရေးသမား များလက်ချက်လား၊ ဓားပြများလက်ချက်လား၊ သူ့ကို မုန်းတီးနေတဲ့ ရန်သူ မသမာများလက်ချက်ကြောင့်လား မသိဘူး။ အဲဒီနေ့က ငါရွာပြန်တဲ့နေ့။

သူ့ကို လူဆိုးတွေက ဓားနဲ့သုံးပိုင်းပိုင်းပြီး ခုတင်ပေါ်မှာ စုပုံထား တာ။ မြင်ရသူတိုင်း လိပ်ပြာလွင့်သွားမလား မှတ်ရတယ်။ ဆိုင်ရာက ငါ့ကို ခေါ်မေးတယ်။ မသိဘူးပဲ ဖြေလိုက်တယ်။ သိတယ်ဘာညာလုပ်နေရင် ငါ လည်း လေးပိုင်းငါးပိုင်း အပိုင်းခံရမှာကိုး။ အဲဒါ ရက်မလည်ခင်အထိ ခင်ကြီးစိုရဲ့အစ်မ ခင်ကြီးပိုဆိုသူ လာရောက်နေထိုင်ပြီး မသာကိစ္စကို လုပ် ပေးရတာပေါ့။

ရက်လည်ပြီး နောက်နှစ်ရက်ကြာရော ...

သူ့အစ်မ ခင်ကြီးပိုလည်း ပြေးရော ...

"ဘာဖြစ်လို့ ခင်ကြီးပို ပြေးရတာလဲ"

"ကွယ်လွန်သူ ခင်ကြီးစိုကို သူ့ခုတင်ပေါ်မှာအိပ်နေတာ မြင်လိုက် ရပြီး 'သရဲ'လို့လန့်အော်ပြီး တက်သွားလို့လေ။ အဲဒီနေ့ကစပြီး ဒီအိမ်ကြီး မှာ ဘယ်သူမှမနေရဲကြတော့ဘူး။

သတ္တိရှိလို့ လာနေသူမှန်သမျှ ...

ညဘက်ကျရင် ဒိုတီဝတ် ဗိုက်ရွဲကုလားကြီးကို မြင်လိုက်၊ ခင်ကြီး စိုကို ထဘီရင်ရှား၊ ဆံပင်ဖားလျား ရေချိုးခန်းထဲ ရေချိုးနေတာ မြင်ရဖြစ် ပြီး ပြေးရော ...

အဲဒါ သုံးလေးဦး ကြုံရတာ။

တော်လှန်ရေးသမားအချို့၊ ဒီအိမ်ကြီးပေါ်မှာ စတည်းချဖူးကြ တယ်။ မောင်ကံတို့၊ ကိုဒွန်းရှိန်တို့ ပါတာပေါ့။ သူတို့လည်း နှစ်ရက်ပဲနေ လို့ရတယ်။ အပေါ်ထပ်ကနေ အိပ်လို့မရ၊ စားလို့မရအောင် တဒုန်းဒုန်း



www.burmeseclassic.com

www.burmeseclassic.com



လုပ်လိုက်၊ အော်ဂလီဆန်စရာ အပုပ်နံ့ပေးလိုက်။ သေနတ်တွေ ဆွဲလုလိုက်လုပ်လို့ ဒီအိမ်ကြီးကနေ ပြောင်းသွားရရော။

အဲဒီအချိန်ကစပြီး လွတ်လပ်ရေးရပြီးသည်အထိ ဘယ်သူမှ မနေရဲဘူး။ ခုတော့ အိမ်ကြီးက ပြိုကျပြီး၊ ကျိုးငုက်တွေခိုနားရာ၊ နွားတွေဝင်အိပ်ရာ အိမ်အိုအိမ်ပျက်ကြီးဘဝ ရောက်နေတာပေါ့။

လူမပြောပါနဲ့အေ ...

နွား၊ ကျွဲ တိရစ္ဆာန်တောင် အဲဒီ အိမ်အိုခြံစည်းဝိုင်းထဲရောက်ရင် ဖုန်းဒိုင်းအော်သံ၊ ငှက်သံကြားရပြီး လန့်အော်ပြေးရတာဟဲ့။ ခုချိန်ထိ ခွေးတွေဟာ ညသန်းခေါင်ရောက်ရင် အဲဒီအိမ်ကြီးကိုကြည့်ပြီး အူနေကြတာမကြာခဏပဲ"

"ပယောဂဆရာတွေရော ရောက်မလာဘူးလား"

"လာတယ်။ ကိုးသချိုင်းပြန် ဆရာချိတ်ဆိုတာ တပည့်နှစ်ဦးနဲ့ရောက်လာဘူးတယ်။ ဆရာချိတ်က ဒီခြံဝိုင်းထဲမှာ ဥစ္စာလည်းရှိတယ်လို့ကြားပြီး တစ္ဆေလင်မယားကို လာနှင်တာ"

"အခြေအနေ ကောင်းရဲ့လားဗျ"

"ကောင်းလား မကောင်းလားမသိဘူး။ ကိုးသချိုင်းပြန် ဆရာချိတ်တော့ အဲဒီအချိန်ကစပြီး ခုချိန်ထိ ရူးကြောင်ကြောင်ဖြစ်ပြီး ပေါက်ကရလျှောက်ပြောနေတဲ့ဘဝကို ရောက်ရော"

"သူ့တပည့်နှစ်ဦးရော ..."

"မောင်ပိန်ဆိုသူတပည့်က သုံးပိုင်းပိုင်းထားတဲ့ လူသေပုံကိုမြင်ရပြီး ခွေးလန့်လို့ မကြာခင်သေသွားတယ်။ ချစ်နိုင်ဆိုသူတော့ ဘယ်ရောက်လို့ဘယ်ပေါက်မှန်း မသိရတော့ဘူး"

အဲဒီလို မြေကြမ်းပြီး တစ္ဆေကြမ်းနှစ်ဦး မကျွတ်မလွတ်ဘဝနဲ့ရှိသည့် အိမ်ပျက်ကြီးရှိရာကို တစ်နေ့ အရူးကိုခြောက်ပေ ရောက်သွားပါရော ...

အဲဒီညက မိုးတွေ သဲသဲမဲမဲ ရွာနေတာ။

မိုးကြိုးပစ်သံတွေညံပြီး လျှပ်စီးလက်ဟန်တွေက ကောင်းကင်





တစ်ခုလုံး မာတ်လိုက်နေသလိုပဲတဲ့။ သစ်ကိုင်းကြီးတွေကို မိုးကြိုးပစ်လို့ ဝုန်းဒိုင်းကျိုးကျသံတွေဟာ သိမ့်သိမ့်တုန်ပဲ။

အဲဒီအချိန်မှာ အရူးကိုခြောက်ပေ မိုးရေထဲလျှောက်သွားနေတဲ့ အချိန်။ မိုးကလည်း မစဲဘူး။

ကြာတော့ ... ခြောက်ပေချမ်းလာပြီး နီးရာအိမ်ကို တံခါးခေါက်ပါရော။ ညကြီးမိုးချုပ် တံခါးခေါက်တော့ ဘယ်သူမှ ဖွင့်မပေးရဲကြဘူး။ ဓားပြ၊ သူခိုး၊ လူဆိုးထင်လို့ပေါ့။

တစ်အိမ်ပြီးတစ်အိမ် တံခါးခေါက်ပြီး တစ်ညအိပ်စရာရဖို့ ကြိုးစားခဲ့ပေမင့် တစ္ဆေသရဲလိုရုပ်မျိုးကို မြင်ရရင်ပဲ လန့်အော်ပြီး ...

တံခါးကိုပိတ်၊ ခွေးနဲ့ရှူးတိုက်၊ လေးခွနဲ့ပိုင်းပစ်၊ ခဲနဲ့ပိုင်းပစ်လို့ အရူးခြောက်ပေ ကျောခင်းစရာမရဘဲ ပျောခင်အရာရလို့ မိုးရေထဲပြေးရပြန်သည်။

နောက်ဆုံး ...

မိုးရွာရာအရပ်၊ မိုးကြိုးပစ်ရာအရပ်ကို မျက်နှာမူပြီး မန္တန်များရွတ်နေသည့် ကုလားအဘိုးကြီးရဲ့အိမ်ရှေ့ကို ရောက်သွားခဲ့သည်။

"ဗုတ်ဆံ ... ဆရဏံ ... ဂစ္ဆာမိ ..."

"ဓန်မန် ... ဆရဏံ ... ဂစ္ဆာမိ ..."

"ဆံဃံ ... ဆရဏံ ... ဂစ္ဆာမိ ..."

"ဘာဘူ"

"ဘာတုံး"

"မိုးခိုချင်တယ်"

ဘာဘူကုလားကြီးက မိုးရေစိုရွှဲ၊ အကျႌမပါ၊ နံ့ငယ်ဒိုတီ၊ ဆံပင်ဖားလျားဂျပ်ခဲနဲ့ လူကိုမြင်ရော လန့်သွားရော ...

"နင်ဘာလဲ ..."

"လူပါ"

"မဟုတ်ဘူး ... နင်တစ္ဆေ"

"လူပါ ... တစ်ညအိပ်ပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာရေး ... ဂျောင်း ... ဂျောင်း ... ဖုတ်ဆံ ... ဆရဏံ ဂစ္ဆာမိ ..."

ကုလားဘာဘူလည်း တရွှေသရဲမှတ်ပြီး ဘုရားစာကို အသံကုန်ရွတ်တော့သည်။ အရှူးခြောက်ပေလည်း အိမ်ဝတံစက်မြိတ်မှာ ရေစိုရွှဲနှင့်လျှပ်စီးလက်လိုက်၊ မိုးကြိုးပစ်လိုက်တိုင်း အရုပ်အလွန်ရှည်သည့် အရူးခြောက်ပေကို တစ္ဆေသရဲထင်ပြီး ဘုရားစာကိုသာ အသံမြှင့်ပြီးဟစ်သည့်တိုင် တစ္ဆေကောင်က သူ့ရှေ့မှ မပြေး၊ မသွား။

"ဘာဘူ"

"ဘာတုံး ... တစ္ဆေ။ နင်ပြန်ပါ ... သွားပါ ... ဆန်ဂံသရဏံ"

"ကျုပ်အိပ်ပါရစေ"

"နင်လို တစ္ဆေကို ငါအိပ်ခွင့်မပေးနိုင်ဘူး ... သွား"

"ဘယ်ကိုသွားရမှာလဲ ... ပြောပါ"

"ဟို အိမ်ကြီးမှာ သွားအိပ်။ သွား ... အဲဒီကိုသွား"

"ဘယ်အိမ်လဲ ... ဘာဘူ"

ဒီမှာ ဘာဘူကုလားကြီးက အိမ်မည်း၊ အိမ်အို၊ အိမ်ပျက်ကြီးရှိရာသို့ ဖြစ်ချင်ရာဖြစ် တစ္ဆေလိုသတ္တဝါကောင်ကို လက်ညှိုးထိုးပြလိုက်သည်။

"ဟိုအိမ်လား ..."

"အိမ်း ..."

"လူရှိလား"

"မရှိဘူး။ နင်ကြိုက်သလောက်နေ ... သွား ... သွား"

"ကျေးဇူး ..."

"မလိုဘူး ... ဂျောင်း ... ဂျောင်း ... နိမ်းဂျားပေး ... ဂျောင်း ... ဖုတ်ဆန် ... ဆရဏံ ... ဂစ္ဆာမိ ... ဓန်မန် ... ဆရဏံ ဂစ္ဆာမိ ... ဆန်ဂန် ... ဆရဏံ ... ဂစ္ဆာမိ ... ဘုရား ... ဘုရား ... ကယ်တော်မူပါ ဘုရား။ ကိုယ်ဒေါ်မြတ်ကိုး ... ဘုရား ..."

■ ■ ■

| ၇ |

❑

မိုးလင်းသောအခါ ဟိုအိမ်ဒီအိမ်က လူများ အပြင်မှာစုဝေး၍ ညတုန်းက မိုးကြီးရွာ၊ မိုးကြိုးပစ်၊ လျှပ်စီးလက်နေစဉ် ထူးဆန်းသော အရပ်ရှည်ရှည်၊ အကျီမပါ၊ ဒိုတီရေစိုနှင့် တစ္ဆေလိုလို၊ သရဲလိုလို လူအကြောင်း ပြောဖြစ်ကြတော့သည်။

ဦးဘိုးလှ ...

"ကျွန်တော့်ခြံဝမှာ လာရပ်ပြီး အော်နေတာဗျ။ သံပုံးတီးလွှတ်မှ ထွက်သွားတာ"

ဦးကျိုးဖြူ ...

"ကျုပ်ခြံထဲလည်း အဲဒီတစ္ဆေက ဝင်လာတာ ဦးဘိုးလှ၊ ခွေးအုပ်က ပြေးဆွဲမလိုလုပ်မှ မိုးကြိုးပစ်နေတဲ့ကြားကနေ ထွက်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြီးညွန့် ...

"အမယ်လေး ... ညတုန်းက အူရော၊ အသည်းရော တုန်ပါရောလား ... အစ်ကိုဂျိုးဖြူနဲ့ အစ်ကိုဘိုးလူရေ"

"နင်ရောကြုံရလို့လားဟဲ့ ... မိညွန့်ရဲ့"

"ကြုံရပါရောလားတော် ... တံခါးလာခေါက်တာရယ်။ ဘယ်သူလဲမေးတော့ မဖြေဘူး။ အရပ်ရှည်ရှည်၊ ဆံပင်ဖားလျား၊ အင်္ကျီမပါဘူး။ ကြောက်စရာကောင်းလိုက်တာ။ ကျွန်မယောက်ျား ကိုအချော့တော် လေးခွနဲ့ထပစ်မှ လှည့်ထွက်သွားတာ"

ဒီမှာပဲ ကုလားဘာဘူကြီး ဦးမွတ်တားက ...

"ဘိုးလူ"

"ဘာတုံး ... ဦးမွတ်တား"

"နင်တို့ပြောတဲ့ တစ္ဆေနော် ... ညတုန်းက ငါ့ဆီလာဒယ်"

"ခင်ဗျားအိမ်ကို လာတယ်"

"ဟုတ်တယ် ... ဂျွန်းဖြူ ... တူနော် ... ငါ့အိမ်မှာ အိပ်ချင်တယ်လို့ ပြောဒယ်"

"ခင်ဗျားက အိပ်ခွင့်ပေးလိုက်ရောလား"

"အာရေး ... တစ္ဆေကို နာအိပ်ခွင့်ပေးရင် သူတစ်ညလုံး ငါ့ကို ဘာလုပ်မယ်မတိဘူး ... ဘိုးလူ ..."

"စမ်းရင် စမ်းမှာဗျ"

"လှန်ရင်လည်းလှန်မှာ ဦးမွတ်တားရဲ့"

လူငယ်နှစ်ဦးက ဝင်နောက်လိုက်၍ ကျန်လူများပါ ပွဲကျသွားကြ၏။

"ပြောလို့မရဘူး ... ကန်ကလေး။ ဒါနဲ့ ငါ တူ့ကို ဟိုအိမ်ကြီးမှာသွားအိပ်လို့ ပြောလိုက်တယ်"

"တစ္ဆေအိမ်မှာလား"

"ဟုတ်တယ် ... ဂျွန်းဖြူ"

"ဒါဆို တစ္ဆေ တစ္ဆေချင်း တွေ့ကြပြီပေါ့ ... ဦးမွတ်တား ...





ခင်ဗျား ညတုန်းက အဲဒီ တစ္ဆေအိမ်ကနေ ဘာသံကြားရလဲဗျ ... လုပ်ပါဦး"

"တစ်ညလုံး ဝုန်းဒိုင်းကြဲနေတယ်။ အဲဒီအိမ်ကြီးကို မိုးကြိုးလည်း ပစ်ဒယ်။ အော်သံလည်း ကြားရတယ်။ ပစ္စည်းကျိုးသံ၊ ကျကွဲသံ တစ်ညလုံးကြားရတယ်။ သန်းခေါင်ကျော်မှ ငြိမ်သွားဒယ်"

"တစ္ဆေအသစ် အရပ်ရှည်ကြီးရော ..."

"မတိဘူး ... သူ တစ္ဆေလား၊ သရဲလား။ လူလား မတိဘူး"

"သွားကြည့်ကြမလား"

"မကြည့်ရဲဘူး ... ခင်ဗျားကြည့်ရဲရင်သွားကြည့် .. ကိုဘိုးလူ။ အရက်သမားသိန်းဆွေကြီးနဲ့ ကျိုက်အင်းက မောင်ဝင်း မူးပြီးဝင်သွားကြတာ ပြန်ထွက်လာတော့ လျှာတန်းလန်းဖြစ်နေလို့။ ဖမ္မူဒီပဘုန်းကြီးနဲ့ မနည်းကုရပါရောလား ဗျာ"

ဤသို့ တစ်ယောက်တစ်ခွန်း စကားပြောနေစဉ် တစ္ဆေအိမ်မည်းကြီးထဲမှ လူတစ်ယောက်ထွက်လာသည်ကို အားလုံးမြင်လိုက်ရပြီး စူးစိုက်ကြည့်လိုက်ကြသောအခါ ...

"ဟာ ... ဟို တစ္ဆေကြီးဗျ"

"အေးဟေ့ ... အရပ်အရှည်ကြီးပဲ"

"အာရေး ... တူပဲ ... တူပဲ ... တစ္ဆေ ... တစ္ဆေ"

"တစ္ဆေမဟုတ်ဘူးဗျာ ... အဲဒီလူက အရူးလိုလူဗျ"

"ဘာ ... အရူးဟုတ်လား ... ကံရာဇာ။ ဟုတ်ရဲ့လားဟ ... ငါ့လူရ"

"ဟုတ်တယ် ... ဘကြီးဂျိုးဖြူ။ သူ့ကို ဦးခြောက်ပေလို့ခေါ်ကြတယ်။ ညောင်သုံးပင်သချိုင်းမှာ နေတယ်။ တစ်မြို့လုံးအနှံ့ နေ့ရောညရော လျှောက်သွားနေတဲ့လူ ခင်ဗျ"

အားလုံး စိတ်ဝင်တစား ရှိနေဆဲမှာပင် ကိုခြောက်[illegible]မည့်ရှိ အရူးလိုလူသည် သောက်ရေအိုးခန့်ရှိသော စဉ့်အိုးတစ်လုံး[illegible]ထမ်း၍ အိမ်မည်းကြီးထဲက ထွက်သွားသည်ကို အားလုံးမြင်လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား … ဘိုးလူ၊ အိုးတစ်လုံး ထမ်းသွားတယ်ကွ"

"ဘာအိုးလဲ မသိဘူး"

"မေးကြည့်ပါလား"

"ဟာ … စပ်စပ်စုစုကွာ။ အရှုးဉစ္စာ ရရာယူမှာပေါ့"

"ဒီလူကြီး ဘာမှမဖြစ်ဘူးနော်"

"ဟုတ်တယ် … ဒါတော့ တော်တော်ထူးဆန်းနေတယ်။ ဟို … တော်လှန်ရေးကာလတုန်းက တော်လှန်ရေးသမားတွေတောင် နေလို့မရဘူး။ သေနတ်ကို ဆွဲတယ်၊ လူကို လှုပ်နှိုးတယ်။ ပယောဂဆရာ၊ သိုက်ဆရာလို လူတွေလည်း ရူးလိုရူး၊ သေလိုသေဖြစ်ရတယ်။ မယုံလို့ဝင်သွားတဲ့ အရက်သမား သိန်းဆွေကြီးတို့လည်း လည်ပင်းအညှစ်ခံရပြီး လျှာတန်းလန်းထွက်ခဲ့ရတယ်။ ဒီအရူးကျမှ ဘာမှမဖြစ်တာ အံ့သြစရာပဲ"

ဒီလိုနှင့် …

နောက် သုံးရက်ကြာသောအခါ ဘုန်းကြီးအိုကြီးသုံးပါးနှင့် လူ အချို့ ငှင်းတစ္ဆေ အိမ်မည်း အိမ်အို အိမ်ပျက်ကြီးရှိရာသို့ ရောက်လာကြ ၏။

ဦးစွာ … ခြံကြီးကို လူယောက်ျားအချို့က သန့်ရှင်းရေးလုပ်၍ အမှိုက်များကို မီးရှို့ပစ်ကြ၏။

အပြိုအပျက်များကို စုပုံနေရာချကြ၏။

ငါးရက်မြောက်သောနေ့မှာ ငှင်းတစ္ဆေအိမ်ခြံကြီး၌ ဘုန်းကြီးအိုကြီးသုံးပါးအပါအဝင် သံဃာဆယ်ပါးတို့ ပရိတ်တရားတော်များ ရွတ်ကြ၏။ လူအချို့က သက်န်းအပါအဝင် လှူဖွယ်ဝတ္ထုများကို လှူဒါန်းကြ၏။

အိမ်နီးနားချင်းဖြစ်ကြသည့် ဦးဘိုးလူတို့ ဦးဂျိုးဖြူတို့ကိုပါ ဖိတ်ကြား၍ မငံ့မရဲနှင့် သွားရောက်တရားနာရ၏။

မနာခင် မေးရ၏။

"ဘာလုပ်ကြတာတုံးဗျ"

"သေသူများကိုရည်စူးပြီး ပေတာဒါနလုပ်ကြမလို့ပါ"

"သူတို့က တစ္ဆေသရဲ ဖြစ်နေလို့လား"





"ဟုတ်တာပေါ့ဗျာ"

"ဘယ်လိုလုပ်သိကြတုံး ဆရာကြီးတို့ရယ် ဟင်"

"ကျွန်တော်တို့က ဇေတဝန်ကျောင်းက ဥပသကာများပါဗျာ။ အရူးမောင်ခြောက်ပေကို သိလား"

"အရပ်အရှည်ကြီးနဲ့ လန်ကွက်တီဝတ်ထားတဲ့လူ မဟုတ်လား"

"ဒါပေါ့ဗျာ … အရူးမောင်ခြောက်ပေက တစ်နေ့ ဇေတဝန်ကျောင်းက ဘုန်းသက်ရှည်ကြီးဆီရောက်လာပြီး ဒီအိမ်ကြီး မကျွတ်မလွတ်သားတွေကို ကျွတ်အောင်လွတ်အောင် လုပ်ပေးပါလို့ ပြောတယ်"

"တစ္ဆေကိုပြောတာပေါ့"

"ဟုတ်တာပေါ့ဗျာ"

"တစ္ဆေက ဘယ်လိုဟာမျိုးလို့ ပြောလဲဗျာ … ဥပါသကာကြီးရာ"

"ကုလားကြီးတစ်ယောက်နဲ့ မြန်မာအမျိုးသမီးတစ်ယောက်တဲ့။ သူ မိုးကြိုးပစ် မိုးရွာတဲ့ညတုန်းက အဲဒီအိမ်ပျက်ကြီးမှာ အိပ်ရင်း အမျိုးမျိုးအနှောင့်အယှက်ခံရသတဲ့"

"ဘယ်လို ခြောက်သတဲ့တုံး"

"အပေါ်ကနေ သဲမိုးရွာချတယ်"

"ဟင် …"

"ပြီး … သစ်ခွေးတွေ၊ ပုရွက်ဆိတ်တွေ၊ မြွေတွေပစ်ချတယ်"

"ဘုရား … ရေ … သူ့ကို မကိုက်ကြဘူး"

"သူက တရားမှတ်နေလိုက်တာတဲ့ ခင်ဗျ"

"အလို … တယ်ထူးဆန်းပါလားဗျာ"

"နောက်ဆုံး ဘာဖြစ်ကြသတုံး ဆရာကြီးရယ် … စိတ်ဝင်စားစရာကောင်းလို့ပါ"

"ကျွန်တော မေးလို့မရဘူး။ ကြောက်စရာကောင်းတယ်လို့ ပြောပြီး ဘုန်းကြီးရှေ့မှာ ပါလာတဲ့စဥ့်အိုးကို ချလိုက်တယ်။ ဘုန်းကြီးက ဘာတုံးလို့မေးတော့ အရူးခြောက်ပေက အိုးကိုသွန်ချလိုက်ရော ရွှေဒင်္ဂါးတွေဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ..."

"အဟုတ် ..."

"ဟုတ်ရဲ့လားဗျာ ... စစ်ရော စစ်ရဲ့လား"

"ငွေဒင်္ဂါး အစစ်တွေချည်းပဲ။ ဘုန်းကြီးလည်း များလွန်းလို့ အံ့ဩပြီးမေးရတာပေါ့။ မေးတော့ ... အရှေးမောင်ခြောက်ပေကာ အိမ်ရှင်တစ္ဆေများက ပေးလိုက်တာလို့ ပြောပြီး သူတို့နှစ်ဦးအတွက် ကျွတ်အောင်လွတ်အောင် လုပ်ပေးပါလို့ပြောလို့ အခုပရိတ်တရားနာပွဲ လုပ်ကြတာပါ။ အားလုံးကြွကြပါခင်ဗျာ"

ဦးဘိုးလူတို့၊ ဦးမွတ်တားတို့ရော၊ ရပ်ထဲလူတွေရော အံ့ဩလို့မဆုံးကြဘူး။ ဒါကြောင့် သိုက်ဆရာတွေ လာကြမှန်းကို သဘောပေါက်သွားခဲ့ကြသည်။

သည့်နောက် ဘုန်းတော်ကြီးက ဂျပန်ခေတ်၊ အင်္ဂလိပ်ခေတ်တုန်းက အသေဆိုးနှင့်သေပြီး မကျွတ်မလွတ်ဘဝရောက်နေသည့် ချစ်တီးကုလားသူဌေးအာမွန်တရားနှင့် သူ့မိန်းမ ခင်ကြီးစိုတို့ကို မကျွတ်မလွတ်ဝိညာဉ်များကို ဖိတ်ခေါ်ပြီး သူတို့ကောင်းမှုအဖြစ် ပြုပြင်ပြောင်းလဲ၍ တရားဟောပြောတော့သည်။

ဘုန်းကြီးအိုကြီးရဲ့တရားက လွန်စွာ အဓိပ္ပာယ်လေးနက်၏။

"ဒကာကြီးတို့၊ ဒကာမကြီးတို့ လူဟာ ဥစ္စာစွဲ၊ သားစွဲ၊ မယားစွဲ၊ လင်စွဲနဲ့ ကွယ်လွန်ရင် ပြိတ္တာဘဝကိုရောက်ရတာပဲ။ မကောင်းမှုအကုသိုလ်ကံအရှိန်နဲ့သေရင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံဘဝကို ရောက်တာပဲ။ အကြောင်းမညီညွတ်ရင် နှစ်ပရိစ္ဆေဒများစွာ ပြိတ္တာတစ္ဆေဘဝနဲ့ နေရတာပဲ။

တစ္ဆေဆိုတာ ခြောက်လှန့်သည်လို့ အဓိပ္ပာယ်ရတယ်။ 'တစ္ဆေ' ကနေ တစ္ဆေဖြစ်လာတာ။ အစွဲအလမ်းကြောင့် သေတယ်။ သေတော့ တစ္ဆေသရဲဘဝကိုရောက်တယ်။ ရောက်တော့ ခြောက်လှန့်တယ်။ မကျွတ်မလွတ်သူလို့ လူတွေကို ခြောက်လှန့်ရခြင်းမှာ အကြောင်းတရားတွေ အများကြီးရှိတယ်။





သူတို့ လူ့ဘဝတုံးက ပိုင်ဆိုင်သည့် ပစ္စည်းများအပေါ် စွဲလမ်းပြီး ပြိတ္တာ၊ တစ္ဆေဘဝရောက်လို့ ရောက်မှန်းမသိဘဲ လာရောက်စောင့်ရှောက်နေရာက အခြားသူများ ယူငင်မှာစိုးလို့ ခြောက်လှန့်တာတစ်မျိုး ...

အကူအညီလိုလို့ ချဉ်းကပ်တာတစ်မျိုး ...

အဲဒီမှာ အန့်ပေးတယ်၊ အသံပေးတယ်၊ အချို့ ကိုယ်ထင်ပြတယ်။ ကိုယ်ထင်ပြရာမှာလည်း လူ့ဘဝတုန်းက သူတို့ပြုခဲ့သည့် ကုသိုလ်ကံ အကုသိုလ်ကံပေါ်မူတည်ပြီး အချို့က ရုပ်လှတယ်၊ အချို့က အရုပ်ဆိုး အကျည်းတန် ကြောက်စရာကောင်းကြတယ်။ အဲဒါ တို့လူများ အကြောင်းကံသင့်လို့ ကြုံရမြင်ရတာ။ လန့်ဖျပ်ပြီး တစ္ဆေခြောက်တယ်၊ သရဲခြောက်တယ် ဖြစ်ကုန်ရော ...

အမှန်က သူတို့က လွန်စွာဆင်းရဲ ဒုက္ခကြီးလှတဲ့ ပြိတ္တာတစ္ဆေ၊ သရဲဘဝမှာ မနေချင်ကြတော့ဘူး။ လူတွေကချဉ်းကပ်ပြီး လူနဲ့အခန့်သင့်လို့ကြုံရင် ချဉ်းကပ်ပြီး အကူအညီတောင်းကြတာ။ ဒါကို တို့လူများက သဘောမပေါက်ကြဘူး။

ခုလည်း ချစ်တီးကုလားသူဌေး ကစ္ဆေနဲ့ သူ့မိန်းမ ခင်ကြီးစိုတို့က အကူအညီတောင်းလို့ရသူထံ နောက်ဆုံး လက်နက်ချပြီး အကူအညီတောင်းခဲ့တာပဲ။

ဟိုးလွန်ခဲ့သည့် (၉၂)ကမ္ဘာထက်တုန်းက ဖုဿဘုရားရှင် ပွင့်တော်မူတယ်။ အဲဒီဘုရားရှင်ရဲ့ ခမည်းတော်က မဟိန္ဒမင်းကြီးတဲ့။

မင်းကြီး မဟိန္ဒရဲ့သားတော်များလည်းဖြစ်၊ ဖုဿဘုရားရှင်ရဲ့ ညီတော်များလည်းဖြစ်ကြတဲ့ မင်းသားသုံးယောက်တို့ဟာ မိမိတို့ရဲ့ ဥစ္စာပစ္စည်းများကို အကြီးအမှူးဖြစ်သူ ဘဏ္ဍာစိုးတို့ကိုအပ်နှံပြီး အခြွေအရံတစ်ထောင်နဲ့အတူ ဘုရားကျောင်းကိုသွားလို့ ဖန်ရည်စွန်းအဝတ်ကိုဝတ်လို့ ဝါတွင်းသုံးလ (၁၀)ပါးသီလစောင့်ထိန်းလို့ နေကြလေရဲ့။

အဲဒီလို နေထိုင်ကျင့်ကြံစဉ်ကာလမှာ အကြီးအမှူးနဲ့ ဘဏ္ဍာစိုးတို့က ဖုဿဘုရားအမှူးပြုသည့် သံဃာတော်ကိုးသောင်းနဲ့တစ်ကွ မင်းသားတို့အတွက်ပါ နေ့စဉ် ဆွမ်းချက်ပြုတ် လှူဒါန်းရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီပုဂ္ဂိုလ် အကြီးအမှူးများဟာ သံဃာတော်များအတွက် စားဖွယ်သောက်ဖွယ်များကို ချက်ပြုတ်ထားတဲ့ စားဖွယ်ဆွမ်းဟင်းများကို သံဃာတော်များအား မကပ်လှူမီ ငိုယိုပူဆာနေကြသည့် မိမိတို့ကလေး သားသမီးများကို နေ့စဉ်နေ့တိုင်း ခူးခပ်ကျွေး၊ သူတို့လည်း ဦးဦးဖျားဖျား ယူငင်စားသောက်ကြတယ်။

အဲဒီလို စားသောက်ခဲ့ကြသည့်အတွက် ရှစ်သောင်းလေးထောင်သော အဆွေအမျိုးတို့ သေဆုံးသည့်အခါ ပြိတ္တာဘုံသားဘဝကို ရောက်သွားကြပါရောတဲ့။

သူတို့ဟာ ကမ္ဘာလုံး သုဂတိဒုဂ္ဂတိဘဝနဲ့ ကျင်လည်ခဲ့ရပြီး ဒီဘဒ္ဒကမ္ဘာရဲ့ အစလောက်ကစလို့ ဘုရားလေးဆူ ပွင့်သည့်အကြား ကာလပတ်လုံးမှာလည်း ပြိတ္တာဘုံသားဘဝက မကျွတ်လွတ်ဘဲ စားရမဲ့သောက်ရမဲ့ဘဝမှာ ကျင်လည်ခဲ့ရတယ်။

ကကုသန်ဘုရားပွင့်တော့ အဲဒီပြိတ္တာများက ဘုရားထံချဉ်းကပ်ပြီး မိမိတို့ အစားနဲ့အဝတ်ရမည့် အခါကာလကို မိန့်ကြားပေးပါဘုရားလို့ လျှောက်ကြသတဲ့။

အဲဒီအခါ ကကုသန်ဘုရားရှင်က ...

ယခု ငါဘုရားထံမှ မလျှောက်ကြလင့်။ ငါဘုရားနောက် မြေကြီးတစ်ယူဇနာ တက်တဲ့အခါ ဂေါဏဂုံဘုရား ပွင့်လိမ့်မယ်။ အဲဒီအခါ လျှောက်ထားကြလို့ မိန့်ကြားတယ်။

ဂေါဏဂုံဘုရားလည်း ပွင့်ရော ... ပြိတ္တာများက ဂေါဏဂုံဘုရားထံ ချဉ်းကပ်ပြီး လျှောက်ကြပြန်ပါရောဗျာ။

အဲဒါ ဂေါဏဂုံဘုရားရှင် ...

ငါဘုရားနောက် မြေကြီးတစ်ယူဇနာတက်က ကဿပဘုရားပွင့်လိမ့်မယ်။ အဲဒီအခါကျမှ လျှောက်ကြလို့ မိန့်ပြန်ရော ...

သည့်နောက် ... အချိန်ကာလ ကြာမြင့်ကြီးစွာစောင့်ရင်း ကဿပဘုရားရှင် ပွင့်လာပြန်ရော။ ချဉ်းကပ်မေးလျှောက်ကြပြန်ရော ...

အဲဒါ ကဿပဘုရားရှင်က မိန့်ကြားရပြန်ပါရော ...





ငါဘုရားနောက် မြေကြီးတစ်ယူဇနာ တက်မြောက်လာလျှင် ဂေါတမဘုရားရှင် ပွင့်လိမ့်မည်။ အဲဒီအချိန်ရောက်လျှင် လွန်ခဲ့သော (ကိုးဆယ့်နှစ်ကမ္ဘာ)အထက် သင်တို့ရဲ့ဆွေမျိုးဖြစ်သော အကြီးအမှူးပြုမည့် သူသည် ဗိမ္ဗိသာရမင်းကြီးဖြစ်လို့ ဘုရားအမှူးပြုသော သံဃာတော်တို့ကို ဆွမ်းအလှူပေးကာ သင်တို့အား အမျှအတန်း ပေးဝေလိမ့်မယ်။ အဲဒီ အမျှအဖို့ဘာဂကို သင်တို့ သာဓုခေါ်ကြရသည့်အခါ စားသောက်ဝတ်ဆင်မှုကောင်းတို့ ရလိမ့်မယ်လို့ ... မိန့်တော်မူပြန်တယ်။

အဲဒီလို မိန့်မှာပြောစကားကြားရရော ပြိတ္တာအားလုံးဟာ နက်ဖြန်ပဲ စားသောက်ရတော့မည် ဆိုသည့်စကားကို ကြားလိုက်ရသလို အလွန်အမင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြလို့ ဗိမ္ဗိသာရမင်းကြီး အမျှဝေမည့်အချိန်ကို စောင့်မျှော်နေကြသတဲ့။

ဒီလိုနဲ့ ဂေါတမဘုရားရှင် ပွင့်လာခဲ့ပြီး ဗိမ္ဗိသာရမင်းကြီးကလည်း ဘုရားရှင်အမှူးပြုတဲ့ သံဃာတော်များကို ရှေးဦးစွာ ဆွမ်းကပ်လှူဒါန်းခဲ့တယ်။ ဘဝဟောင်းက ပြိတ္တာဖြစ်နေသည့် အဆွေအမျိုး အသိများကို အမျှမဝေမီသည့်အတွက် ကမ္ဘာများစွာချီပြီး စောင့်နေရသည့် ပြိတ္တာများမှာ မင်းကြီးရဲ့ ကုသိုလ်အဖို့ဘာဂကိုမရလို့ အလွန် စိတ်မချမ်းမသာ ဖြစ်ကြရော ...

အဲဒါ ... ပြိတ္တာတွေက ဗိမ္ဗိသာရမင်းကြီးကို ညဦးအချိန်ရောက်ရော ကိုယ်ထင်ပြပြီး ကြောက်စရာအသံများနှင့် ပြုကြတာပေါ့။

မင်းကြီးလန့်နေပြီး ဘာဖြစ်လို့ ပြိတ္တာတွေက သူလိုဘုရင်ကို လှန့်ခြောက်ပါလိမ့်ဟု စဉ်းစားလို့မရဘူး။

ဒါနဲ့ မိုးလည်းလင်းရော ဒီအကြောင်း ဘုရားထံလျှောက်တင်လို့ မေးမြန်းတာပေါ့။

အဲဒီတော့မှ ဘုရားရှင်က မင်းကြီး သင်မကြောက်ပါလင့်လို့ ... ပြီး၊ အဲဒီပြိတ္တာတို့ရဲ့ ဘဝဖြစ်စဉ်ကို ပြန်ပြောပြခဲ့တယ်။

သည်တော့မှ ဗိမ္ဗိသာရမင်းကြီးလည်း ကိုးဆယ့်နှစ်ကမ္ဘာအထက်က ဆွေမျိုးတော်စပ်ခဲ့ဖူးသော ပြိတ္တာအားလုံးကိုရည်ရွယ်ပြီး အဲဒီနေ့မနက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဘုရားအမှူးရှိ သံဃာတော်များကို အလှူဒါနပြုလို့ ပါးစပ်ကလည်း ပြောလိုက်တယ်။

'ဤအလှူဒါနသည် အကျွန်ုပ်၏ အဆွေအမျိုးများအတွက် ဖြစ်ပါစေသတည်း'လို့ ပြောပြီး အမျှလည်းပေးဝေလိုက်တယ်။

ဒီလို မင်းကြီးကရည်စူးပြီး အမျှလည်းပေးဝေလိုက်ရော ပြိတ္တာအားလုံး ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်လိုက်ကြတာရယ် …

သာဓုခေါ်လိုက်သည်နှင့် တစ်ပြိုင်နက်တည်းမှာပဲ နတ်ခဲဖွယ်ဘောဇဉ်တွေ၊ နတ်ဝတ်တန်ဆာနဲ့ နတ်ဘုံဗိမာန်များ ရေကန်၊ ရထားများ ချက်ချင်းရရှိလို့ မကောင်းသောဘုံဘဝကနေ ကောင်းသောဘုံဘဝကို ရရှိသွားကြရလေရဲ့ ဒကာ၊ ဒကာမကြီးတို့'။

ဒီသဘောအတိုင်းပါပဲ။ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်တုန်းက ဒီအိမ်၊ ဒီအရပ်မှာ သေဆုံးခဲ့သူနှစ်ဦး မကျွတ်မလွတ် တစ္ဆေဘဝကို ရောက်နေတယ်။

ဒါကလည်း သူတို့ လင်စွဲ၊ မယားစွဲ၊ ဥစ္စာအစွဲနဲ့ သေခဲ့ကြရလို့ ပြိတ္တာဘုံဘဝကို ရောက်နေကြတာ။

အစွဲကြီးတော့ အပြုအမူကြမ်းတာပေါ့။ ဘယ်လိုလူမျှ ဒီအိမ်မှာ နေလို့မရရအောင် ခြောက်လှန့်ကြသကိုး။ အိမ်း … တစ်နေ့တော့ မောင်ခြောက်ပေနဲ့ဆုံဆည်းပြီး …

သူတို့အကျိုးအကြောင်း ပဋ္ဌာန်းဆက်နဲ့ ကံအကျိုးမှုလို့ သင့်မြတ်ပြီး ဝှက်ထားသည့်ဥစ္စာများကို ဖော်ပြောခဲ့တယ်။ ဒီပစ္စည်းဥစ္စာများနဲ့ သူတို့ ပြိတ္တာဘုံသား ဘဝဆိုးကလွတ်မြောက်အောင် ဘုန်းကြီးတို့ အလှူရှင်ရဲ့ ဆန္ဒအတိုင်း လုပ်ပေးနေတာ။

နောက်ဖြစ်လာမည့် ကံအကျိုးပေးက သူတို့ပြုခဲ့သည့် ကုသိုလ်ကံ အကုသိုလ်ကံပေါ်မှာ ထပ်မံမူတည်တယ်ကွယ်။

တို့များဟောစဉ်က သူတို့ရနိုင်သမျှ ဘဝကောင်းလေးမှာ ငြိမ်းငြိမ်းချမ်းချမ်းရှိစေဖို့၊ သူတို့ချန်ထားသည့် ဖော်ထုတ်ပေးသည့် ငွေကြေးများနဲ့ သူတို့အတွက် ကျောင်းဆောက်ပေးမယ်၊ ဘုရားတည်ပေးမယ်။ အခြား





ကုသိုလ်ဒါနများ ပြုလုပ်ပေးကြမယ်။

ကိုင်း … ရေစက်ချ အမျှဝေကြစို့။

ဦးဘိုးလှူ၊ ဦးဂျိုးဖြူတို့လူစု အဲ့ညြနေကြစဉ် သည်မှာပဲ ဘုန်းကြီး တို့ကြီးက ရေစက်ချတရားဟော၏။ အားလုံး အမျှပေးဝေကြသည်။

အမျှပေးဝေပြီးသောအခါ အရှူးကိုခြောက်ပေ ရောက်လာ၏။

သူက ဘုန်းတော်ကြီးများကို ဦးချ၏။

လူအများက အရှူးကိုခြောက်ပေကို ခုမှ အနီးကပ်မြင်ဖူးကြ၍ ငိုင်းကြည့်နေကြ၏။

အကျႌကျောပြောင်၊ လုံချည် ဒိုတီနံ့တိုနှင့်လူ။

ရှည်လျားသောဆံပင်များက ဆီမရှိ ဖုန်အလိမ်းလိမ်းနှင့် ဂုပ်ပိန်းကြီးဖြစ်ပြီး ကျောပေါ် ခမောက်ရည်ဆောင်းထားသည့်အလား …

"ခြောက်ပေ"

"ဘုရား"

"ဒကာကြီးစိတ်ဆန္ဒအတိုင်း ဘုန်းကြီးတို့ လုပ်ပေးလိုက်ပြီ"

"ကျေနပ်ပါတယ် ဘုရား"

"မင်း သူတို့ကို မြင်ရသလား"

"မှန်ပါ … မြင်ရကြောင်းပါဘုရား"

"လွတ်မြောက်ကုန်ပြီလား"

"လွတ်မြောက်ကုန်ပါပြီ ဘုရား"

"သာဓု … သာဓု … သာဓု …"

သည့်နောက် အရှူးကိုခြောက်ပေက ဘုန်းတော်ကြီးများကို ဦးချပြီး လှစ်ခနဲ ခြံဝိုင်းထဲက ပြေးထွက်သွား၏။ သွားရင်းက နောက်ပြန်လှည့်၍ ခြံဝိုင်းအတွင်းရှိ ညောင်ပင်ကြီးကို ဝမ်းသာအားရ လက်ပြနှုတ်ဆက်သွားသည်ကို လူအားလုံး ထူးဆန်းစွာ မြင်လိုက်ကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

[ ၈ ]

❑

ကျွန်ုပ်သည် ကပွဲယကြီး ဦးဖိုးဆိတ်နှင့် လူသူတော်ကြီး ဦးရွှေဝါ တို့ရဲ့ ပြန်ပြောပြသည့် အရှုံးကိုခြောက်ပေရဲ့ ဖြစ်ရပ်ဆန်းကြယ် ဇာတ်လမ်း ကို သိရသောအခါ ...

ကိုခြောက်ပေ တစ္ဆေဘာကြောင့် မကြောက်ရတာလဲ ...

ရူးနေလို့လား ...

ဒါမှမဟုတ် သူ နေ့စဉ်ရွတ်နေသည့် သရဏဂုံနှင့် ပဌာန်းဖယ မန္တန် အကျိုးကျေးဇူးကြောင့်လား ...

သူကား စိတ်မနှံ့သော်လည်း ဆဲရေးတိုင်းထွာမလုပ်။ ညစ်ညစ် ညမ်းညမ်း ဝတ်လစ်စလစ်မနေ။ သင်္ချိုင်းအုတ်ဂူပေါ်မှာ မိုးရွာရွာနေပူပူ တရားထိုင်သည်ကို ကျွန်ုပ် လေ့လာစုံစမ်း သိရှိရ၏။

ကြားရသည့် နောက်ခံဇာတ်လမ်းကြောင်းများကြောင့် ကျွန်ုပ်သည် လူထူးဆန်း ဦးခြောက်ပေကို ပို၍ စိတ်ဝင်စားခဲ့ရသည်။





တစ်နေ့ ဖြစ်ရပ်ဆန်းတစ်ခုကို ကျွန်ုပ်တို့ ကြားရတော့သည်။

ဈေးပြန် မိန်းကလေးတစ်ဦးကို အရက်တွေထွေနှင့် လူသုံးဦးက မဟားတရား နှောင့်ယှက်ပြုလုပ်သည့် ကိစ္စ။

မိန်းကလေးက ဈေးဝယ်ဆွဲခြင်းနှင့် လူပြတ်သည့်လမ်းကိုအဖြတ်၊ အမူးသမားသုံးဦး ပုဆိုးမနိုင်၊ လုံချည်ကွင်းသိုင်းနှင့် ရှေ့မှ ပိတ်၍တားကြ သည်။

မိန်းကလေးက မကြည့်ရဲ၍ လှည့်အပြေး ...

သူတို့က ပတ်ပိုင်းလိုက်ကြသည်။

"ဈေးက ပြန်လာသလား ညီမလေး ... အော့ ... အော့ ..."

"ဖယ်ပါ ... ရှင်"

"ဘာတွေဝယ်လာတုံး ညီမလေးရဲ့ ... အဟဲ့ငှဲ့ငှဲ့ ... အဟာတ်"

"လှတယ်နော်။ အသားလေးကို ဝင်းနေနေတာပဲ ... အဟာတ်"

မိန်းမပျိုက ကြောက်လည်းကြောက်၊ ရှက်လည်းရှက်၊ မမြင်ဝံ့ ရာလည်းဖြစ်နေ၍ သူတို့ညာဘက် ဟ,နေသည့်ကြားမှ ဖောက်အပြေး–

"ညီမလေး ... နာမည်ဘယ်လိုခေါ်လဲ ဟင် ... ဟင်"

"မသိဘူး ... ဖယ်နော် ... မဖယ်ရင် အော်လိုက်မယ်"

"အော်လေ ... အော်ပါ ... အဟဲ ဟဲ ဟဲ ... ဒီလောက် ချောတာလှတာ နာမည်မသိဘူးဆိုလို့ ဟုတ်ပါ့မလား။ အစ်ကိုကြီးတို့က ညီမလေးကို မြင် ... မြင် ... ခြင်း ... ချစ် ... ချစ် ... လို့ ..."

"ဖယ်နော် ..."

"မဖယ်ဘူး ... လိုက်ခဲ့"

"အို ... မလိုက်ဘူး ... မလိုက်ဘူး။ လူယုတ်မာတွေ ... လွှတ်နော် ... လွှတ် ...'

"ဘခင် ... လမ်းမကြီးမှာ မကောင်းဘူး။ ဟိုညောင်ပင်နံဘေး ကချုံထဲကို ခေါ်သွားပါကွ။ လူမြင်ရင် ရှက်စရာကြီး ... အဟီး"

ဘခင်ဆိုသူက မိန်းမပျိုလေးရဲ့ ဆွဲခြင်းကိုင်လက်ကို[illegible]ပြီး သူ့ ရင်ခွင်ရှိရာသို့ ဆောင့်ဆွဲလိုက်ရာ ဆွဲခြင်းပြုတ်ကျပြီး [illegible] ကြက်ဥနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆီပုလင်းအပါအဝင် ဟင်းချက်စရာများ မြေပြင်မှာ ပြုတ်ကျပြန့်လွင့်ကုန်တော့သည်။

ဆီပုလင်းကား အဖုံးပွင့်ပြီး မြေနီလမ်းပေါ်မှာ ဆီများ ထွက်ကြကုန်၏။

သည့်နောက် အမူးသမားသုံးဦးက မိန်းမပျိုလေးရဲ့ ပါးစပ်ကို ပိတ်ပြီး ညောင်ပင်ကြီးနံဘေးရှိ ချုံကြီးရှိရာသို့ အတင်းအဓမ္မဆွဲခေါ်သွားကြသည်။

ဆွဲခေါ်ရင်း ပါးစပ်ကလည်း ရှန့်ရင်းကြမ်းတမ်းသော စကားများကို မကြားဝံ့မနာသာ ပြောကြပြန်သည်။

မိန်းမပျိုလေးကား ကြောက်လန့်လွန်း၍ ဘော်လီအကျႌ ကြယ်သီးမှ ပြန်မတပ်နိုင်ဘဲ ပါးစပ်က ငိုယိုတောင်းပန်နေရှာသည်။

သူတို့ရင်ထဲမှာ နမချင်းစာနာစိတ် လုံးဝမရှိ။

ဆူဖြိုးအိညက်သည့် အသားကို ဝါးမျိုလိုသော ကာမဂုဏ်ဆန္ဒစိတ်ရိုင်းက မှန်ပေါက်ပေါက်ကျယ်သို့ ဖိတ်နေကြပြီ။

သုံးယောက်သား ထဘီကျွတ်လုခမန်းဖြစ်နေသည့် မိန်းကလေးကို ပါးစပ်ပိတ်၊ လက်ကလိန်လုပ်ပြီး ညောင်ပင်အောက်ကနေ ပွေ့ချီအသွား ...

"ဝုန်း ..."

"ဟာ ..."

"ဟ ... ဟ ... ဘာ ... ဘာ ... လဲဟ ... ဟ"

"ဘာကောင်ကြီးတုံးဟ ... ဘခင်"

"အမယ်လေး ... ကယ်ကြပါဦးရှင်"

မမျှော်လင့်ဘဲ ညောင်ပင်ပေါ်မှ ဝုန်းဆို မည်းမည်းရှည်ရှည်ကြီး ခုန်ချလိုက်ရာ အားလုံးကြောင်ကြည့်နေစဉ် သစ်ပင်ပေါ်က ကျလာသည့် အရပ်ရှည်ကြီး သူတို့ရှေ့မှာ ခြေစုံရပ်လိုက်သည်။

ဒီမှာပဲ မိန်းမပျိုလေးက အလစ်အငိုက်မှာ ရုန်းကန်ပြီး ငိုယိုပြောတော့သည်။





ကြည့်လိုက်တော့ ...

အရှူးလို လူကြီး။

"ဟင် ... ခြောက်ပေ"

"ဟော့ကောင် ... အရှူး"

"သောက်ရှူးနှယ်ကွာ ... လန့်လိုက်တာ"

ကနဦးတော့ ညောင်ပင်ပေါ်မှ သရဲခုန်ချသည်မှတ်ပြီး လန့်သွားသည်။ လိပ်ပြာလွင့်သွားပြီ မှတ်ကုန်ကြသည်။ ယောင်၍ ကောင်မလေးလက်ကို လွှတ်ပေးလိုက်သောအခါ မိန်းကလေးကလန့်ပြီး ပျော့ခွေလဲကျသွားခဲ့တော့သည်။

အရှူးခြောက်ပေမှန်း လုံးလုံးလျားလျား သိလိုက်တော့မှ ပုဆိုးမပါဘဲ ထွက်ပြေးသွားသည့်လိပ်ပြာကို အတင်းလက်ယပ် လှမ်းခေါ်ရတော့သည်။

"ခြောက်ပေ ... မင်း ဘာနှောင့်ယှက်တာလဲ"

"မင်းသေချင်နေတယ်နဲ့တူတယ် ... သွား ... အခု ထွက်သွား"

"သွားလေ ... ဘာမှန်ဝါးဝါး လုပ်နေတာလဲ ... ဟယ် ..."

သူတို့က အရှူးကိုခြောက်ပေကို ဂရုမစိုက်သလို ဟိန်းဟောက်၍ နှင်လွှတ်ပြီး ဒူးပေါ်ပေါင်ပေါ်နှင့် သတိလစ်နေသော မိန်းကလေးကိုငုံ့ကြည့်ပြီး ရာဂစိတ်များ ယယ်ထိပ်သို့ ဆန်နေကြသည်။

အရှူးခြောက်ပေက သူတို့ပြောစကားကို ပြန်ဂရုမစိုက်။ မြေပြင်မှာ ပြန့်ကျဲနေသည့် ဟင်းချက်စရာများကို တစ်ခုစီလိုက်ကောက်ပြီး ပလတ်စတစ်ဆွဲခြင်းထဲသို့ ပြန်ထည့်လိုက်သည်။

သည့်နောက် ... သတိရစပြုနေပြီး ကြောက်ရွံ့နေသည့် မိန်းကလေးလက်ထဲသို့ ဈေးဆွဲခြင်းကို ပြန်ထည့်ပေးလိုက်ပြီး ပခုံးမှ မ,ထူ၍ ပြန်တော့ဟု လက်ဟန်ပြ၍ ပြောလိုက်သည်။

မိန်းကလေးလည်း အရှူးကိုခြောက်ပေလှမ်းပေးသည့် ဆွဲခြင်းကို ယူပြီး ပြန်ဟန်ပြင်လိုက်စဉ် အမူးသမားလူရမ်းကား ဘခင်ဆိုသူက ကောင်မလေးရဲ့လက်ကို လှမ်းအဆွဲ ...



www.burmeseclassic.com

www.burmeseclassic.com



"ဖောင်း"

"အား"

"ရှိုး"

"ခွပ်"

"အမယ်လေး ... သေပါပြီဗျ"

လူရမ်းကားဘခင်ရဲ့ နားအုံကို အရှုးခြောက်ပေက ဖြတ်ရိုက်လိုက်ပြီး ပါးချိတ်ကို ညာလက်သီးနှင့် ဝိုက်ထည့်လိုက်တော့သည်။

လူရမ်းကားဘခင် နာကျင်စွာအော်ပြီး လှည့်ထွက်သွား၏။ ပြင်းလိုက်သည့် အရှုးလက်သီး။ မေးပါးရွဲ့သွားသည်။ သည့်နောက် လွှားခနဲခုန်ဝင်လိုက်ပြီး သန်မာကြီးထွားသည့် လက်အစုံနှင့် ကုပ်ကိုကိုင် ခါးကိုပင့်ကာ လေထဲလွှင့်ပစ်လိုက်သည်။

"ဖုန်း"

"အုန်း"

"အား ... သေပါပြီဗျ။ ဟော့ ... ဟော့ကောင်တွေ ... အား .. အား ..."

ဘခင် လေဟာပြင်ထဲမှာ အမှိုက်ထုပ် လွှင့်ပစ်ခံရသလို လွင့်ပါသွားပြီး လမ်းနံဘေးမြေသားရေမြောင်း ခပ်တိမ်တိမ်ထဲသို့ ခွေးကျ့ကျကာ အော်ဟစ်နေတော့သည်။

ဒီမှာပဲ ကျွဲရိုင်းနှင့်ဂျိုးကြီးတို့နှစ်ဦး ရင်ဆိုင်ရန် အသင့်ပြင်လိုက်ပြီး ...

"ခြောက်ပေ ... မင်းက ဒီလိုလားကွ ... ဟေ"

"ကိုယ့်အလုပ်ကိုယ် မလုပ်၊ ကိုယ့်လမ်းကို မသွားဘဲ ... နေရာတကာဝင်ပါချင်တဲ့ အရှူး ... ချကွာ ... ချ ... ဂျိုးကြီး ... ချဟေ့"

"သေဟ ... သောက်ရူး ... ငရှပ် ... ကဲကွာ"

"ဖြောင်း"

"အင့်"

"ဗုန်း"





"ဟာ ... ဟာ ..."

"ခွပ်"

"အမယ်လေးဗျ ..."

"ဗုန်း"

"အင့် ..."

အမှုသမား လူရမ်းကားနှစ်ဦးဖြစ်သည့် ကျွဲရိုင်းနှင့်ဂျိုးကြီးက အနီးရှိ ဝါးပိုင်းနှင့် ခြောက်ပေရဲ့မျက်နှာကို ဝင်ရိုက်သည်။ ဂျိုးကြီးက အုတ်ပိုင်းကျိုးနှင့် ဝင်ထုသည်။

ဝင်လာသည့် ဝါးပိုင်းကို အရှုးခြောက်ပေက မရှောင်ဘဲ ညာလက်ဖျံနှင့် ဆီးခံလိုက်ရာ ဝါးပိုင်း ဖြောင်းခနဲ ကျိုးသွားသည်။

ကျွဲရိုင်းက နောက်ကဝင်ပြီး ဦးခေါင်းကို အုတ်ခဲနှင့်ထု၏။ အရှူးဦးခြောက်ပေရဲ့ဦးခေါင်းကို အုတ်ခဲထိသော် ... မွမွကြေသွား၏။

ဦးခြောက်ပေခေါင်းမှ သွေးတစ်စက်မထွက်။

နောက်တစ်လုံးနှင့် ထပ်ထုသည်။ အုတ်ခဲ ကြေမွသွားသည်။

"ဟင် ..."

ကျွဲရိုင်းရော၊ ဂျိုးကြီးပါ အံ့အားသင့်သွားကြသည်။ သူတို့လက်ထဲကိုယ်စီမှာ အုတ်ပိုင်းကျိုးကိုယ်စီ ကိုင်ထားကြဆဲ။

ဒီမှာ အရူးဦးခြောက်ပေက သူတို့နှစ်ဦးရဲ့ မျက်လုံးများရှိရာသို့ သူ့ရဲ့ ကြည်လင်စူးရှသော မျက်လုံးအစုံနှင့် စိုက်ကြည့်လိုက်သည်။

အကြည့်ခံရသူနှစ်ဦး ကျောရိုးတစ်လျှောက်စိမ့်ပြီး ကြက်သီးဖြန်းဖြန်း ထ,သွားစဉ် ...

ဦးခြောက်ပေက အုတ်ခဲကြီးကိုင်ပြီး ငိုင်နေသည့် ဂျိုးကြီးလက်ထဲမှ အုတ်ခဲကို ဆတ်ခနဲလုမ်းယူလိုက်ပြီး သူ့ဦးခေါင်းကို သူကိုယ်တိုင် အားကုန်အုတ်ခဲနှင့် ထုချပြလိုက်သည်။

"ခွမ်း"

"ဟာ ..."

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ဟား ဟား ... ဟား ဟား ဟား ဟား"

"ဟ ... ဘယ်လိုလူလဲဟ"

သည့်နောက် ကျွဲရိုင်းလက်ထဲက အုတ်ခဲကိုပါ လှမ်းလုယူလိုက်ပြီး ဒုတိယအကြိမ် သူ့ဦးခေါင်းကိုသူ အုတ်ခဲနှင့် ထုချလိုက်ပြန်သည်။

အုတ်ခဲသည် ဖောင်းခနဲအသံမြည်ပြီး ကြေမွသွားပြန်သည်။ အုတ်ခဲကျိုးကြေများသည် အကျႌမရှိသည့် ရင်ဘတ်ကျယ်ကြီးပေါ်နှင့် ပခုံးပေါ်သို့ ဖွားဖွားကျလာသည်ကို မြင်လိုက်ရသောအခါ ...

"ဟား ... ဟား ... ဟား ... ဟား ...

ဟီး ... ဟီး ... ဟီး ... ဟီး ...

အဟာ့် ... အဟာ့် .... အဟာ့် ... ဟာ့် ..."

ကျွဲရိုင်းနှင့်ကျိုးကြီး လွန်စွာ အံ့အားသင့် အံ့သြနေကြသည်။ ဦးခြောက်ပေက သူတို့နှစ်ဦးကိုကြည့်ပြီး တဟားဟားဟား အော်ဟာ့်ရယ်မောရင်းက လက်ထဲမှကျန်နေသေးသည့် အုတ်ကျိုးအပိုင်းအစများကို ဆုပ်ညှစ်ခြေပြလိုက်သောအခါ ...

အုတ်ခဲကျိုးများသည် ဖျစ်ဖျစ်မြည်ပြီး မွမွကြေသွားပုံကား ပေါင်မုန့်ကြွပ်ကို ချေလိုက်သည့်အလား အမှုန့်နီးပါးဖြစ်သွားလေသည်။

မိန်းကလေးကား ... ထူးဆန်းအံ့ဖွယ်နှင့် ကြောက်လန့်ထိတ်လန့်ဖွယ်ဖြစ်စဉ်ကို ကြည့်ရင်းမှ ဆွဲခြင်းကိုဆွဲကိုင်ကာ ထဘီအကွဲကြီးနှင့် ဟိုးအိမ်များရှိရာအဝေးသို့ အပြေးကလေး ထွက်သွားတော့သည်။

ဒီမှာပဲ ဦးခြောက်ပေက လက်နှစ်ဖက်ထဲမှာရှိနေသည့် အုတ်ခဲကျိုး အကြေအမှုန့်များကို ကြက်နာကြီးလို ငိုင်ကြောင်ကြည့်နေသည့် သူတို့နှစ်ဦးရဲ့ ဦးခေါင်းပေါ်သို့ ပေါင်ဒါဖြူးသလို သဲဖြူးသလိုဖြူးပြီး တဟားဟား အော်ဟာ့်ရယ်မောကာ လက်ခုပ်လက်ဝါးတီး၍ ထွက်သွားလေသည်။

■ ■ ■

# | ၉ |

❑

သည်ဖြစ်စဉ်က အရှုးဦးခြောက်ပေကို လူတိုင်း အာရုံစိုက်စေသည်။

ကျွဲရိုင်း၊ ဘခင်နှင့်ကျိုးကြီးတို့ သုံးယောက်သည် သူတို့ခံလိုက်ရသည့် အံ့ဖွယ်ဖြစ်ရပ်ကို အရက်ဝိုင်း၊ ထန်းရည်ဝိုင်း၊ ဖဲဝိုင်းရောက်တိုင်းတွေ့သည့်လူတိုင်းကို အာပေါင်အာရင်းနှင့် ပြောပြကြ၏။

သူတို့က အရူးဦးခြောက်ပေ ကာယသိဒ္ဓိပြီးနေသည်ဟုပင် ဆိုကြသည်။

"စဉ်းစားကြည့်ပါ ... ဘခက်ရာ။ ငါရိုက်တဲ့ဝါးပိုင်းက [illegible]က ဝါးပိုင်းအလုံး ကိုယ့်လူ။ ငါတို့ကလည်း မ,စိတ်မွှန်နေ[illegible] ဒေါသဖြစ်ပြီး သေရော့ဆိုပြီး အားကုန်ရိုက်ပစ်လိုက်တာ။ သူဘာ[illegible]ဖြစ်ဘူး။ ဝါးလုံးထက်ပိုင်းကျိုးသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဝါးခွေးလို့နေမှာပါ ဘခင်ရာ"

"မယုံရင် ညောင်ပင်အောက်မှာ ဝါးပိုင်းရှိတယ် ဘခက်ရာ။ အစို အစိမ်းနီးပါးပါ ကိုယ့်လူရာ"

"ဟုတ်တယ် ... ဘခက်။ ငါနဲ့ဂျိုးကြီးဆို ဘယ်ညာ အုတ်ခဲနဲ့ ပြေးထုတာ အုတ်ခဲကျိုးကြေပုံများ ဆန်ကာနဲ့တိုက်လို့ရအောင် အမှုန့်ဖြစ်သွားတာ ... ဘခက်ရ"

"ဟော့ကောင် ... ငမူး ကျွဲရိုင်း ... ဒီခြောက်ပေဆိုတဲ့ကောင်က အရူးပါကွာ။ တစ်မြို့လုံး အသိပါ။ ဘယ်လိုကြောင့် ဒီလိုအရူးက ကာယသိဒ္ဓိ ပြီးရမှာလဲကွ။ လူက ရေတက်နေတက်နဲ့ သန်မာပြီး ခေါင်းကြောလက်ကြော ခြေကြော တင်းမာနေလို့လားမှ မသိတာ"

"ဒါတော့ မပြောတတ်ဘူး။ အုတ်ခဲကြေပြီး သူခေါင်း ဘာမှုမဖြစ်တာတော့ ဂျိုးကြီးသာ မေးကြည့်"

"ဘခက် ... မယုံရင် မင်းကိုယ်တိုင် သွားရိုက်ထုကြည့်လေကွာ"

"စိတ်ချပါ။ ငါကိုယ်တိုင် စမ်းကြည့်မှာပါ။ မင်းတို့လို အူကြောင်ကြား ငမူးတွေပြောတိုင်း မယုံပါဘူး"

"စမ်း,စမ်း ... စမ်းပြီးမှ ဟုတ်ပါလားလို့ ..."

"တော်စမ်းပါကွာ။ မင်းတို့ယောက်ဖကို သိပ်ပြီး အမွှမ်းတင်မနေနဲ့။ ဟိုကိစ္စ ... ရဲတိုင်ရင် မင်းတို့ဂန့်လိမ့်မယ် ... ရှောင်နေကြ"

"ဘာကိစ္စလဲဟ ... ဘခက်ရ ..."

"နွားသိုးကြိုးပြတ် ... မဟားတရားကြတဲ့ ကိစ္စလေ"

"ဟ ... ဟုတ်သားဟ ... ကိုဘခင်ရ။ ဘယ်လိုလုပ်မလဲဗျ"

"ငါတို့ကို မှတ်မိပါ့မလားကွ"

"ဘာမှု ... မှ မဖြစ်တာဥစ္စာဗျာ။ ရှက်လို့ တိုင်ရဲမှာမဟုတ်ပါဘူး"

"ဟုတ်ဟုတ် မဟုတ်ဟုတ် ... တဏှာရူးကောင်တွေရေ။ မင်းတို့ ခြောက်ပေအကြောင်း အာချောင်နေတာနဲ့ တရားခံပေါ်ပြီး ပဲဟင်းနဲ့ငါး





စိမ်းစား ဘုဉ်းပေးနေရမယ်။ ရှောင်နေကြတော့ ... ဗို ..."

လူမိုက်ဘခက်က ဆရာကြီးလုပ်၍ သတိပေးလိုက်မှ သုံးယောက်သား မျက်နှာငယ်လေးများနှင့် ဖြစ်သွားပြီး လက်ကျန်အရက်ကိုမော့ကာ ဆိုင်ထဲမှ ခပ်ကုပ်ကုပ်နှင့် ထွက်သွားကြလေ၏။

နောင်အခါ ကျွန်ုပ်သည် အရူးဦးခြောက်ပေအကြောင်း လိုအပ်ပါက စာအုပ်တစ်အုပ် ရေးသားနိုင်ရန်အလို့ငှာ လိုက်လံစုံစမ်းလေ့လာရင်း ဦးခြောက်ပေရဲ့ ဘဝဇာတ်လမ်းအချို့ကို ဟိုကတစ်ပိုင်း၊ ဒီကတစ်ပိုင်း ဆက်စပ်သိရှိလာခဲ့ရလေသည်။

ဦးခြောက်ပေသည် ဒီမြို့ကလေးသို့ ထူးခြားစွာ ရောက်ရှိလာခဲ့သည်မှာ တစ်နှစ်ခန့်ရှိပြီဟု သိရ၏။

ခန္ဓာကိုယ်နူရွဲနေသည့် လမ်းဘေးသေ မိန်းမကြီးအလောင်းကို ညောင်သုံးပင်သင်္ချိုင်းသို့ မရှုံမရှာ ကိုယ်တိုင်ထမ်းယူလာခဲ့ပြီး စဏ္ဍာလ ဦးပွေးထူနှင့် သင်္ဂြိုဟ်ပေးခဲ့သည်။

သူ ဘယ်မြို့သားလဲ ဘယ်သူမှုမသိ။

သူ့နာမည်အရင်း ဘယ်သူလဲ ... ဘယ်သူမှုမသိ။

သူ့မှာ သားသမီး၊ သားမယား ရှိလားမရှိလား၊ ပညာအရည်အချင်းဘယ်လောက်လဲ၊ ဆွေမျိုးသားချင်းက ဘယ်သူလဲ မေးလို့မရ။ အင်္ဂလိပ်လို ပြောချင်ပြော၏။ ကုလားလို ပြောချင်ပြော၏။

မြို့ပြင် ညောင်သုံးပင်သင်္ချိုင်းမှာပဲ နေတော့သည်။

အချိန်ရလျှင် အလွန်ကြီးမားသည့် အုတ်ဂူပေါ်မှာ မိုးရွာရွာ နေပူပူ တရားထိုင်သည်။ ပုတီးစိပ်သည်။

မိုးလင်းလျှင် မြို့ထဲဝင်၊ ရပ်ထဲဝင်၍ ပဋ္ဌာန်း? ပဌာနဝိဘင်္ဂ…

www.burmeseclassic.com



နားထောင်လို့ကောင်းတာပဲ"

"သူ့ဆီကို ဘယ်သူတွေလာသလဲ ကိုပွေးထူ"

"တစ်ခါတုန်းက မိန်းမချောချောတစ်ယောက် သူ့ဆီကို လာတွေ့တာ မြင်ရတယ်ဆရာ"

"ဟုတ်ရဲ့လားဗျာ ကိုပွေးထူရ"

"ဟုတ်တယ် ဆရာ။ ကျွန်တော်တောင် အံ့သြနေတာ"

"လုပ်စမ်းပါဦးဗျ။ ဇာတ်လမ်းက ပုံပေါ်ချင်လာပြီ"

"ဒီလို ဆရာ ..."

သူ့ကိုအားလုံးက အလွယ်တကူ ဦးခြောက်ပေဟု ခေါ်လိုက်သည်မှာ ကာလကြာခဲ့ပြီ။ သူ လုံးဝရေမချိုး။ တစ်ထည်တည်းသော ဒိုတီလိုပုဆိုးပိုင်း ဒူးပေါ်ပေါင်ပေါ်နှင့် နေခဲ့သည်မှာ ကြေးလက်လေးသစ်တ ္ဘ်၍ နေ၏။

ကိုခြောက်ပေသည် စကားပြောခဲ၏။

မေးလျှင် ဖြေချင်မှ ဖြေ၏။ ပြောချင်မှ ပြော၏။

သူပြောချင်လျှင်လည်း ကရားရေလွှတ် မနားတမ်းပြော၏။ ရယ်မော၏။ သီချင်းပင်ဆိုလျှင် ဆိုလိုက်သေး၏။

သူ စကားမပြောဘူးဟေ့ဆိုလျှင် သူ့ရှေ့မှာ ပိုက်ဆံပုံပေး၊ လုံးဝမပြော။ တစ်ခါတစ်ရံ မှတ်စုစာအုပ်လိုလိုမျိုးမှာ ခဲတံတစ်ချောင်းနှင့် စာရေးနေသည်ကို ကိုပွေးထူမြင်ရ၏။

ဘာလုပ်နေတာလဲ သိချင်၍ အနားသို့ရောက်လျှင် နားကလည်းပါးသည်။ ရေးလက်စ မှတ်စုစာအုပ်ကို အလျင်အမြန် ပြန်ဝှက်လိုက်ပြီး တရားမှတ်သလို လုပ်နေ၍ သူဘာလုပ်နေသည်ကို မသိရတော့။

တစ်ခုတော့ ကောင်း၏။

ဒီသချိုင်းမှာ နှစ်လောင်းပြိုင်၊ သုံးလောင်းပြိုင် အသုဘကိစ္စ ပေါ်လာလျှင် ကိုခြောက်ပေက စဏ္ဍာလဦးပွေးထူကို မသာကျင်း ဝိုင်းတူးပေး၏။

လူက သန်မာဖျတ်လတ်လွန်း၍ ကိုပွေးထူ တစ်ကျင်းမပြီးသေး





သူက နှစ်ကျင်းနီးပါး ပြီးနေ၏။

သို့ဖြစ်၍ အားကိုးရသောကြောင့် အသုဘခေါင်းပေါ်မှ ဆိတ်သားဒံပေါက်လို၊ ကြက်သားဒံပေါက်လို စားမြိန်စာ အထုပ်ကောင်းလေးများရလျှင် ဦးခြောက်ပေကို ကျွေးရ၏။

တစ်နေ့ ကိုခြောက်ပေ ... ကြည့်တင့်နိုင် အသက်(၆၅)နှစ်အမည်ရှိ အုတ်ဂူပေါ်မှာ စားမြိန်စာထုပ်ကို မြိန်ရေရှက်ရေစားနေစဉ် အလွန်ချောမောလှပသော ခေတ်ဆန်ဆန် အမျိုးသမီးတစ်ဦး ရောက်လာ၏။

ပထမ အမျိုးသမီးက သူ့ကို ခပ်လှမ်းလှမ်းမှ ကြည့်နေသည်။ ပြီး ... တရွေ့ရွေ့ချဉ်းကပ်၍ သူ့အနီးသို့ တိုးသွားခဲ့သည်။

မျက်နှာချင်းဆိုင် တွေ့ကြသောအခါ အရူးကိုခြောက်ပေသည် စားလက်စ ထမင်းစားမြိန်စာထုပ်ကို ဖြုန်းခနဲ လွှင့်ပစ်လိုက်ပြီး သင်္ချိုင်းကုန်းထဲမှ တစ်ချိုးတည်း ထ,ပြေးတော့သည်။

"ကိုရေ ... ကို ...

ကို ... နေပါဦး ... ရပ်ပါဦး"

စဏ္ဍာလ ကိုပွေးထူ ဒီလိုထူခြားသည့်မြင်ကွင်းကို မြင်လိုက်ရလို့ သင်္ချိုင်းဇရပ်မှ ကြည့်နေစဉ်မှာပဲ ကိုခြောက်ပေသည် အုတ်ဂူများကို နင်းခုန်ကျော်လွှား၍ ပြေးတော့၏။

"ကို ... ကိုရေ ..."

အမျိုးသမီးကလည်း နောက်ကနေအော်၍ လိုက်သည်။ သူက အုတ်ဂူများပေါ်မှ ခုန်ဆင်းပြီး မြေပုံမို့မို့များကို ကျော်လွှားကာ သင်္ချိုင်းစည်းရိုးအပျက်ကနေ တိုးပြီး အဝေးကို ထွက်ပြေးသွားခဲ့၏။

အမျိုးသမီး ခပ်ချောချောကလည်း နောက်ကနေ ပြေးအော်လိုက်နေသည်။ ထိုနေ့ညက ကိုခြောက်ပေ ညောင်သုံးပင်သင်္ချိုင်းသို့ ပြန်မလာ မအိပ်ခဲ့။ နောက်နေ့ ... နောက်နေ့များမှာလည်း ကိုခြောက်ပေကို မတွေ့ရတော့။

ဒီသင်္ချိုင်းမှာ ...

ဆိုးဖော်ကောင်းဖက်လူဆို၍ ဒီအရူး ကိုခြောက်ပေပဲရှိသည်။ အခု



www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုပွေးထူရဲ့အဖော် ကိုခြောက်ပေ ပေါ်မလာတော့။

ဘယ်ကိုများ ရောက်သွားပါလိမ့်။

ကိုပွေးထူ အရက်သောက်ရင်း၊ မြေကျင်းတူးရင်း၊ အစိမ်းသေ အသုဘ မီးသင်္ဂြိုဟ်ရင်း မိတ်ဆွေကြီး ကိုခြောက်ပေကို နေ့စဉ်မျှော်နေရပါသည်။

ကိုခြောက်ပေတော့ မလာခဲ့ပါ။

ခပ်ချောချော အမျိုးသမီးကိုမူ မကြာခဏ လာတာတွေ့ရသည်။ သင်္ချိုင်းသို့ သူမရောက်လာလျှင် အုတ်ဂူများပေါ်သို့ လိုက်ကြည့်နေ၏။ သူမမျက်နှာပေါ်မှာ ဝမ်းနည်းရိပ်၊ ဆွေးရိပ်ကို မြင်နေရသည်။

"အစ်မ ..."

တစ်နေ့ ကိုပွေးထူက သူမအနီးသို့ ကပ်၍ မေးလိုက်သည်။

"ဘာတုံး"

"အစ်မ ဘယ်သူ့ကို ရှာနေတာလဲဟင်"

"ဘာလုပ်မလို့လဲ"

"အစ်မရှာနေတာ ကိုခြောက်ပေကိုလား ခင်ဗျ"

"ကိုခြောက်ပေ ... နေပါဦး ... ကိုခြောက်ပေဆိုတာ ဘယ်သူတုံး"

"ဟိုတစ်လောတုန်းက အစ်မ မောင်လို့ခေါ်လိုက်လို့ လန့်ပြီးပြေးသွားတဲ့ ဟိုအုတ်ဂူပေါ်က အရပ်အရှည်ကြီးနဲ့လူလေ"

"ဪ ... သူ့နာမည်က ကိုခြောက်ပေတဲ့လား"

"ဟုတ်တယ် ... အစ်မ သူ့ကို ရှာနေသလား"

"ဒါ ရှင့်အလုပ် မဟုတ်ဘူး"

မိန်းမချော၊ မိန်းမလှအရွယ်ကောင်းသည် စက္ကန့်လ ကိုပွေးထူကို စပ်စုရကောင်းလားဟူသောအကြည့်၊ မတူမတန် ရွံရှာစက်ဆုပ်သောအကြည့်နှင့် ကြည့်လိုက်ပြီး ... "ဒါ ရှင့်အလုပ်မဟုတ်ဘူး"ဟု တုံးတိစကားပြောကာ ချာခနဲ လှည့်၍ထွက်သွားခဲ့သည်။

သည့်နောက် သင်္ချိုင်းအဝင်ဝလမ်းမမှာ ရပ်ထားသည့် မြင်းလှည်း





ပေါ်သို့ တက်လိုက်သည်။ နောက်ဆုံး မြင်းလှည်းစိုင်းထွက်သွားသည်ကိုပဲ မြင်လိုက်ရသည်။

"အဲဒီအမျိုးသမီးနာမည်ကို ခင်ဗျား မသိလိုက်ရဘူးလား ကိုပွေးထူ"

"မသိရပါဘူးဆရာ။ သူက ကျွန်တော့်ကို အရေးလုပ်၊ အဖက်လုပ် စကားပြောချင်ပုံ မရဘူးခင်ဗျ"

"ဒီမြို့မှာရော ခင်ဗျား မြင်ဘူးလား"

"မမြင်ဖူးဘူး"

"နောင်လာသေးလားဗျ"

"သူလည်း မလာတော့ဘူး။ အရှုးကိုခြောက်ပေလည်း (၄)လလောက် ပျောက်သွားပြီး ဒီနှစ်မိုးဦးကျကျမှ ပြန်ရောက်လာတာ"

"ခင်ဗျားက ကိုခြောက်ပေကို မေးကြည့်သေးလား"

"မေးတာပေါ့ ဆရာရဲ့"

"ပြောပါဦးဗျ"

ကိုခြောက်ပေ ပြန်ရောက်လာသည်။ ဒီတစ်ခါပြန်ရောက်လာတော့ သက်နုံးစလို အဝါရောင်အသားနှင့် ချုပ်ထားသည့် လွယ်အိတ်သေးလေး တစ်လုံးကိုလွယ်လို့ ရောက်လာသည်။

ထုံးစံအတိုင်း သူ့ကိုယ်ပေါ်မှာ အကျီမပါလာနဲ့ဘူး။

အောက်ပိုင်းမှာ ကြေးလက်လေးသစ်နှင့် ဒီတီလိုပုဆိုးပိုင်း ဒူးပေါ်နှင့်။

"ကိုခြောက်ပေ ... ခင်ဗျား ပြန်လာတယ်နော်"

"အင်း ..."

"ခင်ဗျား ... ဘယ်ကိုသွားနေတာလဲဗျ"

"အင်း ..."

"ဟေ့လူ ... ခင်ဗျား ဘယ်ထွက်သွားတာလဲလို့ မေးနေတာလေ"

"ကျုပ်လား"

"ဟုတ်တယ် ... ဘယ်သွားနေတာလဲ ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"အဂ်လန်"

"ဟာဗျာ ... အဂ်လန်က နိုင်ငံခြားမဟုတ်ဘူးလားဗျ"

"အဲ ... အဲ .. စင်ကာပူ"

"စင်ကာပူကလည်း နိုင်ငံခြားပဲ"

"သိပြီကွ"

"သိရင်ပြောဗျာ"

"ဘေဘာ့စနီးယား"

"သေလိုက်ပါတော့ဗျူ။ ကိုယ်သွားနေရာကို မသိဘူးလား။ စဉ်းစားပါဦးဗျ။ အညာလား၊ မြစ်ဝကျွန်းပေါ်လား၊ ကချင်ပြည်နယ်လား၊ ရခိုင်လား ..."

"သိပြီ .. သိပြီ"

"သိရင်ပြော ... ဘယ်ရောက်သွားလဲ"

"သင်္ချိုင်း"

"သင်္ချိုင်း"

"အင်း ... အင်း ..."

"ဘယ်မြို့က သင်္ချိုင်းလည်း ..."

"တရုတ်သင်္ချိုင်းကွ။ ဂူတွေမှ ရှယ်ပဲဗျာ။ တိုက်ကြီးတွေ ကျနေတာပဲ"

"ခင်ဗျားက အဲဒီမှာ ဘယ်သူနဲ့နေလို့တုံး ကိုခြောက်ပေရ"

"တရုတ်တစ္ဆေကြီးတွေနဲ့"

"ဟုတ်ရဲ့လားဗျာ"

"ဟုတ်တယ်။ တစ္ဆေ ဝဝတုတ်တုတ်၊ ဖြူဖြူဖွေးဖွေးကြီးတွေ ကျွန်တော့်ကို ဝက်ခေါင်းပြုတ်နဲ့ ကြန်မဆိုင်ဟင်းချိုနဲ့ ဧည့်ခံကျွေးတာ"

"ဟူး ..."

အရူးနဲ့စကားပြောရတာ ကြာတော့ ကိုယ်လည်း ရူးချင်သလိုပဲ။ ခုလည်းကြည့် ... တရုတ်သင်္ချိုင်းက ပြန်လာတာတဲ့။ သင်္ချိုင်းနာမည်မေးတော့ မပြောဘူး။





"အခု ခင်ဗျား ဒီသင်္ချိုင်းမှာနေမှာလား"

"နေမှာပေါ့"

"တရုတ်သင်္ချိုင်းနဲ့ ဒီသင်္ချိုင်း ... ဘယ်သင်္ချိုင်းက နေလို့ကောင်းလဲဗျာ"

"ဒီသင်္ချိုင်းက ကောင်းတယ်။ တရုတ်သင်္ချိုင်းက ညဘက်ရောက်ရင် နားညည်းတယ်"

"ဘာလို့လဲ"

"တစ္ဆေတွေ ... လက်တွေမြှောက်ဆန့်ပြီး ငါ့ဘေးမှာ ဝိုင်းခုန်နေလို့"

"ကိုခြောက်ပေ"

"ဟင် ... ဘာတုံး"

"ခင်ဗျားကို ကျုပ် မေးစရာရှိတယ်ဗျ"

"မေးကွာ ... မေး ... မေး ... မေး ... မေး ... မေး ... မေး ... မေး ... မေး ..."

"ခင်ဗျားဘာလို့ ဒီသင်္ချိုင်းက ပြန်းစားကြီး ထွက်သွားရတာလဲ ဟင်"

"မနေချင်လို့ပါ"

"ဘာလို့ မနေချင်တာတုံး"

"စိတ်ညစ်လို့"

"ခင်ဗျားဆီလာတွေ့တဲ့ မိန်းမကို ခင်ဗျား မှတ်မိလား"

"ဟင့်အင်း ... မသိဘူး"

ခပ်ချောချော မိန်းမလေးဗျာ။ ရုပ်ရှင်မင်းသမီး ခင်သန်းနုနဲ့ ခပ်ဆင်ဆင် မိန်းမလေး"

"ခင်သန်းနုနဲ့တူတယ် ဟုတ်လား"

"ခင်ဗျားကို မောင်လို့ခေါ်ရော ... ခင်ဗျား ထမင်းစားရင်း ဒန်းလန်းကနေ ထပြေးတာလေ"

"ဩော် ..."



www.burmeseclassic.com

www.burmeseclassic.com



"မှတ်မိပြီလား"

"ဟင့်အင်း ..."

"တောက် ... ကျုပ်ပါ ရှုးလိုက်ချင်ပါဘိ ကိုခြောက်ပေရာ ... အဲဒါ ခင်ဗျား မိန်းမလား"

"မသိဘူး"

"ဒါဆို ခင်ဗျား ညီမလား။ အစ်မလား"

"မသိဘူး"

"ခင်ဗျား အသိလား"

"လုံးဝ မသိဘူးကွာ။ ငါ့ကို စိတ်ညစ်အောင် မလုပ်ပါနဲ့။ ငါရှူးလိမ့်မယ်"

ဘုရားရေ ... အရူးကများ သူ့ကိုစိတ်ညစ်အောင် မလုပ်ပါနဲ့။ ရှူးလိမ့်မယ်တဲ့။

"ကိုင်း ... ကိုခြောက်ပေ ... သူတော်ကောင်းကြီး ... ခင်ဗျားရဲ့ ဘူမိနက်သန် အုတ်ဂူပေါ်မှာ သွားရောက်စံမြန်းလေရော့ ... ကိုယ့်လူရေ"

ဒီလိုလည်းပြောလိုက်ရော သူက ခါးပုံစကြားကနေ ပစ္စည်းတစ်ခုထုတ်ပြီး ကျုပ်ကိုပေးပါရော"

"ရော့ ..."

"ဘာတုံးဗျ"

"စိန်"

"ဟင် ... ကျောက်ခဲညစ္စာကိုများဗျာ ... စိန်တဲ့ ... ဟား ... ဟား ... ဟား"

"သိမ်းထား ... ရောင်းစားရင် ပိုက်ဆံအများကြီးရမယ်"

"ဒီလိုပြောပြီး ကျွန်ုပ်ကို ခါးပိုက်ထောင်ထဲက သီးစေ့ခန့် ကျောက်စရစ်အကြည်တုံးလေးပေးပြီး ကြည်တင့်နိုင် အသက် (၆၅)နှစ်အုတ်ဂူပေါ် ခုန်တက်ပြီး ထူးထူးခြားခြား သီချင်းဟစ်ပါလေရော ဆရာရေ ...

ဒါနဲ့ ကျုပ်လည်း ရှေးလူကြီးများပြောစကား ကြားဖူးကိုး ဆရာ





မှိုင်းရဲ့။

အရူးစကား ...

ကလေးစကား ...

သဘင်သည်စကား ...

သည်သုံးဦးစကားဟာ လောကနိမိတ်စကားတဲ့။ သူတို့ပြောရင် သုံးခွန်းနှစ်ခွန်း မှန်သတဲ့လေ။ ဆရာမှိုင်းလည်း ကြားဖူးမှာပေါ့။

အဲဒါနဲ့ သူပေးတဲ့ ကျောက်စရစ်ဖြူလဲ့လဲ့လေးကို ဝါးဆစ်စုဘူးထဲ ထည့်သိမ်းထားလိုက်တယ်။

အဲဒီ အရူးကိုခြောက်ပေပေးခဲ့တဲ့ ကျောက်စရစ် ဘယ်လိုဘဝ မျိုးပြောင်းသွားပြီး တန်ဖိုးရှိမယ်ဆိုတာကို ကျုပ် စောင့်ကြည့်နေတုန်းပဲ ဆရာရေ ..."

www.burmeseclassic.com

www.burmeseclassic.com

[ ၁၀ ]

❑

ကျွန်ုပ်သည် နောင်အခါ အရှုးကိုခြောက်ပေ၏ လျှို့ဝှက်မှတ်တမ်း မှတ်စုစာအုပ်ကို ကံကောင်းထောက်မစွာ ရခဲ့သောအခါ ကိုခြောက်ပေရဲ့ လှိုင်းပုတ်ကြမ်းသည့် လောကဓံဘဝကို နားလည်ခံစားခဲ့ရသည်။

ဒါနှင့်အတူ ကိုခြောက်ပေနှင့် သေအတူရှင်မကွာ နေခဲ့သော စဏ္ဍာလကြီး ဦးပွေးထူနှင့် .... ကိုခြောက်ပေနှင့် အကြောင်းအားလျော်စွာ ဆုံဆည်းခဲ့ကြသည့် လူအချို့ ပြောပြချက်များကို စုစည်းပြီး ...

ကိုခြောက်ပေရဲ့ ဂမ္ဘီရလောကဓံဘဝသရုပ်ကို ဖော်ထုတ်ရေးသားရခြင်း ဖြစ်ပေသည်။





တစ်နေ့ ...

ကိုခြောက်ပေသည် ထုံးစံအတိုင်း မိုးလင်းသည်နှင့် အုတ်ဂူပေါ်မှာရပ်ပြီး နေထွက်ရာအရပ်ကို မျက်နှာမူကာ ပထဝီဇယမန္တန်ကို ရွတ်နေ၏။

ဒီအချိန်မှာပဲ သူ့အုတ်ဂူအနီးသို့ မိန်းကလေးတစ်ဦး ရောက်နေသည်ကို သူမသိသေး။ မန္တန်ကိုပဲ အာရုံဝင်စားလို့ ရွတ်နေသည်။

မိန်းကလေးကား အသက် (၁၈)နှစ်ခန့်ရှိသည့် အသားဖြူဖြူ၊ လုံးကြီးပေါက်လှ ချောချောလေးဖြစ်၏။ သူမလက်ထဲမှာ အထုပ်တစ်ခုနှင့် စားဖွယ်ရာပစ္စည်းများ ပါလာ၏။

သူမသည် သင်္ချိုင်းကုန်းသို့လာရမှာ အလွန်ကြောက်ရကား .. အဖော်မိန်းမကြီးတစ်ဦးကို ခေါ်ခဲ့၏။

အသားမည်းမည်းနှင့် မိန်းမကြီးလည်း အုတ်ဂူများ၊ မြေပုံများ၊ မြေပေါ်ပေါ်နေသည့် အရိုးခေါင်းများကို ကြည့်ပြီး လန့်နေ၏။

"ဂျုန်း ... ဂလုံး ... ဂလုံး ..."

"အမယ်လေး ... သောက်ပလုတ်တုတ် ... မစောဘုရား ... ကယ်တော်မူ ... အဲလေ ... မြတ်စွာဘုရား ... ကယ်တော်မူပါဘုရား"

"ဒေါ်မွတ် ဘာဖြစ်လို့တုံး"

"သရဲဖနောင့်ပေါက်သံလား မသိဘူးအေ့။ ညည်းမကြားဘူးလား"

'ဂျုံး ... ဂလုံး' ဆိုသောအသံကို ကြားရသည်။ အသံလာရာသို့ လှမ်းကြည့်လိုက်သောအခါ စဏ္ဍာလနှင့်တူသူ လူတစ်ဦးသည် သင်္ချိုင်းဇရပ်သွပ်ပြားတံစက်မြိတ်အောက်မှ ပစ္စည်းတစ်ခုကို ကောက်ယူလိုက်သည်အား မြင်လိုက်ရသည်။

"ဒေါ်မွတ်"

"ဘာ ... ဘာ ... တုံး ... အေ ... အေ ... အေ ..."

"သရဲ ဖနောင့်ပေါက်သံမဟုတ်ဘူး ဒေါ်မွတ်ရဲ့"

"ဒါ ... ဒါဖြင့် ... ဘာ ... ဘာ သံတုံးအေ။ ကြက်သီးထလိုက်ပါဘိ။ မိနှင်းရွေးရယ် ... ဗုဒ္ဓေါ ... ဗုဒ္ဓေါ ... ဒေါ ... ဒေါ .."



www.burmeseclassic.com

www.burmeseclassic.com



"ဖရုပ်ပေါ်ကို အုန်းသီးကြွေကျတာပါ ဒေါ်မွတ်ရဲ့"

"ဟုတ်ရဲ့လား ... ကောင်မရယ် ... ဟင် ... ဟင် ..."

"ဟုတ်ပါတယ် ... ဒေါ်မွတ်ရဲ့။ ဟိုမှာကြည့်လေ ... ဒေါ်မွတ် ယောက်ျား ..."

"ဘာ ... ဘာ ..."

"အဲလေ ... ကျွန်မတောင် ယောင်ကုန်ပါပြီတော်။ ဟိုလူကြီး အုန်းသီးခြောက်ကောက်နေတာ မမြင်ဘူးလား"

"အုန်းသီးခြောက် ..."

"ဟုတ်တယ် ..."

"အုန်းသီးခြောက်ဆို တော်ပါသေးရဲ့အေ။ သရဲခြောက်တယ်မှတ်လို့။ ငါ့မှာ ချွေးပါထွက်နေပြီဟဲ့"

"ဟင် ... ချွေးထွက်နေပြီ ... ဟုတ်လား"

"လန့်တာကိုးအေ့ ... ဘုရား ... ဘုရား"

"ဒါဆို ပြန်ချင်ပြန်လေ။ ကျွန်မ သူ့ကိုစောင့်ပေးလိုက်မယ်"

"မြတ်စွာဘုရား ... အို ... အရှင်မြတ်စွာဘုရား။ ညည်း ငါ့ကို မြန်မြန်သေအောင် ဒီသချိုင်းကနေ တစ်ယောက်တည်း မပြန်နိုင်းပါနဲ့အေ။ ဒီအတိုင်းပဲ နေ ... နေ .. နေပါ့မယ်အေ။ ညည်းလင်ကလည်း မပြီးသေးဘူးလားအေ့"

"အို ... ဒေါ်မွတ်ကလည်း ကျွန်မလင်မဟုတ်ပါဘူးတော်။ ကျွန်မရဲ့ အသက်သခင် ကျေးဇူးရှင်ပါ"

"အိမ်ခေါ်သွားပါလားအေ"

"အို ... ပေါက်ကရတွေ။ တိတ်တိတ်နေစမ်းပါ။ ဟိုမှာ ဘုရားစာ ရွတ်နေတယ်။ ဟွန်း ... နံလိုက်တာတော် ... ဒေါ်မွတ်"

"ဘာ ... ဘာတုံး ... အေ ... အေ့ ... အေ့"

"ခပ်ဝေးဝေး သွားနေစမ်းပါတော်"

"ငါ ... ငါ ... ဘယ်မှာ သွား ... သွား ... နေရ ... မှာလဲ ... လို့"





"ဟိုမြေပုံပေါ် သွားထိုင်နေ"

"အမယ်လေး ... အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး ... ကယ်တော်မူပါဘုရား"

မနှင်းရွှေက ခပ်လှမ်းလှမ်းရှိ ဒေါ်ခင်အေးမူ အသက် (၉၆)နှစ် အမည်ရှိ လတ်လတ်ဆတ်ဆတ် မြေပုံကို လက်ညှိုးထိုးပြလိုက်သောအခါ ဒေါ်မွတ် မျက်နှာကို လက်ဝါးနှင့်အုပ်၍ ဘုရားတ,လိုက်တော့သည်။

"ရှူး ... တိုးတိုး"

"မိဘဘိုးဘွား၊ ဆရာသမားများ ကျန်းမာချမ်းသာကြပါစေ။ (၃၁) ဘုံသားအားလုံး ... ဘေးရန်ခပ်သိမ်း ... ရောဂါခပ်သိမ်း .. အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းကြ၍ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေကုန်သတည်း"

အုတ်ဂူပေါ်မှာ ရပ်၍ ပဌာန်းမန္တန်နှင့် ပရိတ်တော်များရွတ်နေသူ အရွယ်လိုလူ ဦးခြောက်ပေသည် ပရိတ်မန္တန်ဆုံးသည်နှင့် အရပ်ရှစ်မျက်နှာကို မေတ္တာပို့ပြီး ထိုင်ချလိုက်စဉ် ...

"အစ်ကိုကြီး ..."

"ဟိုက် ... ဗုဒ္ဓေါ"

မိန်းမတစ်ယောက်ရဲ့နှုတ်ဖျားမှ အနီးကပ်၍ အစ်ကိုကြီးဟု ခေါ်လိုက်သည့်အသံကို ကြားသည်နှင့် ကိုခြောက်ပေသည် အုတ်ဂူပေါ်မှ ရုတ်ခြည်းခုန်ချလိုက်ပြီး ပြေးမလိုဖြစ်လိုက်စဉ် ...

မနှင်းရွှေက လျင်မြန်စွာ ရှေ့မှ ကြိုပိတ်ရပ်လိုက်သဖြင့် ကိုခြောက်ပေ တုံ့ခနဲရပ်ပြီး အံ့ဩမျက်လုံးအစုံနှင့် စိုက်ကြည့်နေလိုက်သည်။

"အစ်ကိုကြီး ... ကျွန်မကို မှတ်မိလားဟင်"

သူ့ ချောမောလှပပြီး ပြေပြစ်တင့်တယ် ချစ်စဖွယ်အလှပိုင်ရှင် မိန်းကလေးကို ငေးမော၍ ကြည့်နေမိ၏။

"အစ်ကိုကြီး ..."

"အင် ... ဟင် ..."

"ကျွန်မကို မှတ်မိလား"

"ဟင့်အင်း ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မနာမည် မနှင်းရွှေတဲ့"

သူဘာမှမပြော။ ရိဝေဝေမျက်လုံးအစုံနှင့် ကြည့်နေဆဲ။

"ဟိုတစ်နေ့က အမှူးသမားသုံးယောက်လက်ကနေ အစ်ကိုကြီး ကျွန်မကို ကယ်လိုက်တာလေ"

"ဩော် ..."

"မှတ်မိပြီလား"

"ဟင့်အင်း"

မနှင်းရွှေ စိတ်ညစ်သွားသည်။ သူ မသိချင်ယောင်များ ဆောင်နေရော့သလား။

"အစ်ကိုကြီးကြောင့် ကျွန်မ အဲဒီနေ့က ဘဝရေတိမ်မနစ်ခဲ့ရတာ။ အဲဒါ ကျေးဇူးတင်လွန်းလို့ အစ်ကိုကြီးရှိတဲ့နေရာကို စုံစမ်းပြီး အကျီ ပုဆိုးနဲ့ စားစရာလာပေးရင်း ကန်တော့မလို့။ ရော့ ... ဒါတွေအားလုံး အစ်ကိုကြီးအတွက် ... ယူပါ ... ယူပါ အစ်ကိုကြီးရဲ့"

မနှင်းရွှေက ပစ္စည်းထုပ်များကို ထိုးပေးနေသည်။ ကိုခြောက်ပေက မယူ။ လန့်၍ နောက်ကိုဆုတ်လိုက်သည်။ မနှင်းရွှေကလည်း မကြောက်မရွံ့ ရှေ့တိုး၍ လှမ်းပေးနေသည်။

"ယူပါ ... အစ်ကိုကြီးရဲ့၊ အားမနာပါနဲ့။ ညီမတို့က စေတနာနဲ့ ကန်တော့တာပါ။ အစ်ကိုကြီးကျေးဇူးကို ကျွန်မ မေ့လို့မရဘူး။ ရော့ ... ယူနော်"

မနှင်းရွှေက ရှေ့တိုးပေးလေ သူက နောက်ဆုတ်လေနှင့် နောက်ဆုံး ကိုကြည်တင့်နိုင်အုတ်ဂူကြီး နောက်ကခံပြီး ကိုခြောက်ပေ ရပ်သွားတော့သည်။

မနှင်းရွှေကလည်း ပုဆိုးအကျီနှင့် စားစရာများကို အတင်းထိုးပေးရကား ... နောက်ဆုံး ကျောပြောင်နံငယ်တို့နှင့် ကိုခြောက်ပေသည် ကြောက်ကြောက်လန့်လန့်နှင့် ပေးလာသည့်ပစ္စည်းများကို လှမ်းယူလိုက်သည်။

မနှင်းရွှေရဲ့ ငယ်နုပျိုသစ် မျက်နှာပေါ်မှာ ကြည်နူးဝမ်းသာရိပ်





ဝယက်ထသွားသည်။

ဝမ်းသာလွန်း၍ အပြုံးများ တစ်ပွင့်ပြီးတစ်ပွင့် ပွင့်လာခဲ့၏။

သည့်နောက် မနှင်းရွှေက သုသာန်မြေပြင်မှာ ပုဆစ်တုပ်ထိုင်ပြီး ရိုသေစွာ ဦးသုံးကြိမ်ချ ကန်တော့လိုက်၏။

ကန်တော့ပြီး ပြန်မော့ကြည့်လိုက်သောအခါ ...

ကိုခြောက်ပေ မရှိတော့။ မနှင်းရွှေ အံ့ဩသွားခဲ့ရသည်။ ဘယ်များရောက်သွားပါလိမ့်။ တစ်မိနစ် မကြည့်ခင် မျက်စိရှေ့မှောက်မှ ပျောက်သွားလို့ အရှူးကိုခြောက်ပေ ကိုယ်များပျောက်ရော့သလားဟု စဉ်းစားရင်း ဟိုဟိုဒီဒီ လိုက်ရှာကြည့်နေစဉ် ...

"အမယ်လေး ... လုပ်ကြပါဦး။ ငါ့ကိုသရဲ လျှာနဲ့လျက်နေလို့။ ကယ်ကြပါဦး။ ဗုဒ္ဓေါ ... ဗုဒ္ဓေါ ... မစောဘုရား ... ဗုဒ္ဓေါ ..."

ဒီမှာပဲ ငယ်သံပါအောင် အော်လိုက်သံကြောင့် ခေါင်းနားပန်းများကြီးပြီး စိုးရိမ်ကြီးစွာနှင့် လှည့်ကြည့်လိုက်သောအခါ ...

ဒေါ်မွှတ် မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး ဖင်ဘူးတောင်းထောင်၍ အော်ဟစ်နေသည်ကို မြင်လိုက်ရတော့သည်။

"ဒေါ်မွှတ် ... ဒေါ် ... မွှတ် ... ဘာဖြစ်ပြန်ပြီတုံး"

"သရဲ ... သ ... ရဲ ... ငါ့တင်ပါးကို လျှာနဲ့လျက်နေ ... နေ ... နေ ..."

သရဲလျှာနှင့် လျက်နေသည်ဆိုလို့ ကြက်သီးဖြန်းခနဲထရင်းက ထရပ်ကြည့်လိုက်တော့ ...

"ဟင် ..."

"ဟဲ့ခွေး ... ဟဲ့ခွေး ... ဟဲ့ ... ဟဲ့ ... ကဲဟာ ..."

"ဂိန် ... ဂိန် ..."

သရဲမဟုတ်။ စောစောက လန့်ပြီး ချေးထွက်သွား၍ သချိုင်းခွေးမကြီးက နောက်ကနေ ဒေါ်မွှတ်ရဲ့ချေးပေတင်ပါးကို နှာခေါင်းနှင့် အနံ့ခံရင်း လျှာနှင့်လျက်နေသည် မြင်လိုက်ရသည်။ သို့နှင့် ခွေးမကြီးမဲ တစ်ခဲနှင့် ကောက်ပစ်လိုက်မှ ခွေးမကြီးအော်၍ အဝေးသို့ ပြေးထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

"ဒေါ်မွတ်"

"သ ... သ ... ရဲ ... သ ... ရဲ"

"ထပါတော့ ... ကျေးဇူးရှင် သူရဲကောင်းမကြီးရဲ့"

"သရဲ ... ငါ့ကို လှျာနဲ့လျက် ..."

"သရဲလျက်နေတာ မဟုတ်ဘူး။ ခွေးလျက်နေတာ ဒေါ်မွတ်ရေ။ ထပါတော့ ... စိတ်ညစ်ရပါ့တော်"

"ခွေး ... ခွေးလျက်တာ ... ဟုတ် ... ဟုတ် ... လား"

"ဟုတ်တယ် ... ဟုတ်တယ် ... ရသမျိုး (၆)ပါးနဲ့ပြည့်စုံလို့ ပွဲတော်လာတည်တာ။ နောင်များ ဘယ်တော့မှ ဒေါ်မွတ်ကို အားမကိုးတော့ဘူး ... ဗျို"

"အမလေး ... တော်ပါသေးရဲ့ဟယ်။ ငါ့နှယ် ... ကြောက်လွန်းလို့ အသက်ထွက်တော့မယ် နှင်းရွှေရယ်။ ဒါနဲ့ ညည်းလင် ..."

"ကျွန်မလင် မဟုတ်ဘူး။ အဲဒါ ဒေါ်မွတ်ရဲ့ယောက်ျား။ နေခဲ့ .. ကိုခြောက်ပေနဲ့ရော၊ သချိုင်းစောင့်မဖဲဝါနဲ့ရော တစ်အိုးတစ်အိမ်တည်း ... နေခဲ့"

မနှင်းရွှေက ဒေါသလည်းထွက်၊ စိတ်လည်းတိုရ၍ အားရပါးရ ပြောဆိုပြီး ခြေဆောင့်၍ ထွက်လာလိုက်သောအခါ ...

"အမယ်လေး ... တူမကြီးရဲ့ ... ရွှေလေးရဲ့ ... ဒေါ်ကြီးကို စောင့် ... စောင့် ... ဗုဒ္ဓေါ ... ဗုဒ္ဓေါ ... မစောဘုရား ... အဲလေ .. မြတ်စွာဘုရား ကယ်တော်မူပါဘုရား"

ပါးစပ်က ခလုတ်တိုက် ဘုရားစာများရွတ်ပြီး ထအပြေး ခွေးသားအုပ်မကြီး သူ့သားသမီး ရင်သွေးများကို ခေါ်လာပြီး ရသမျိုး (၆)ပါး အနံ့ပိုင်ရှင် ဒေါ်မွတ်ကြီးနောက်သို့ ဟောင်၍ အော်၍ အီ၍ ပြေးလိုက်ကြသောအခါ ...

■ ■ ■

| ၁၁ |

❑

"ကိုပွေးထူ"

"ဟာ ... ကိုခြောက်ပေ ... လက်ထဲက ဘာတွေတုံးဟ.. ငါ့လူရဲ"

လှမ်းကြည့်လိုက်တော့ အရူးကိုခြောက်ပေလက်ထဲမှာ ကချင်ပုဆိုး အနက်ကွက်နှင့် ရှပ်အင်္ကျီအဖြူအပြင်၊ အချိုရည်ဘူး၊ လိမ္မော်သီးနှင့် ဘီစကစ်မုန့်များဖြစ်နေသည်ကို အံ့ဖွယ်မြင်လိုက်ရ၏။

"ကိုခြောက်ပေ ... ဒါ ... ဒါတွေ ဘယ်က ရလာတာတုံး..."

"လာကန်တော့လို့"

"အလို ... မောင်ရင့်လိုလူကို ဘယ်လိုလူစားမျိုးက လာကန်တော့တာလည်း ငါ့လူရာ ဟင် ... ဟင်လို့"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"နတ်သမီးတစ်ပါး"

"မစောဘုရား ... ငါ့လူကို နတ်သမီးတစ်ပါးက လာကန်တော့တာ။ လုပ်ပါဦး ငါ့လူရဲ့ နတ်သမီးနာမည် ဘယ်လိုခေါ်တုံးဟ"

"သံတံတား မပု"

"ဗွီ ... ကြုံကြုံးစီရာ ခြောက်ပေရာ ... နတ်သမီးနာမည်များ သံတံတား မပုလို့ကွာ။ ငါကြားဖူးတာ သုစိတ္တာ၊ သုမာလာ၊ ကြည်ကြည်ဌေး၊ ခင်သန်းနု၊ မေဝင်းမောင်ပါ ငါ့လူရာ"

"ကိုပွေးထူ"

"ဘာတုံး ... မောင်ရာ။ ငါ့လူကတော့ ရှုးပေမင့် ကောင်းစားပေါ့ မောင်ရာ။ ငါ့လူကိုလာတွေ့တဲ့လူများဗျာ အလွန်ချောမောလှပတဲ့ မိန်းမများချည်းပါပဲလား ဟင်။ ငါ့လူ ပီယဆေးစွမ်းကောင်းများ ရှိနေလို့လားဟုတ်လား။ မင်းအစ်ကိုကြီး ငါ့ကိုလည်း သုံးလေးငါးဆယ်သားလောက်မျှပါ ငါ့လူရာ ... နော် ... နော် ... ညီလေး"

"ကိုပွေးထူ"

"ဟေလကွာ"

"ဒါတွေအားလုံး ခင်ဗျားယူလိုက်"

"ဟေ ... ဘယ်လို ... ဘယ်လို ... ပြန် ... ပြန် ... ပြောပါဦးဟ"

"ခင်ဗျား ... အကုန်ယူလိုက်"

"မစောဘုရား ... ငါ့လူ ... ဒါ မင်း ဝတ်ဖို့စားဖို့ လာကန်တော့ကြ၊ လက်ဆောင်ပေးကြတာ မဟုတ်လား။ အစ်ကိုကြီး မယူပါရစေနဲ့ ငါ့လူရာ။ အစ်ကိုကြီးလို စဣာလ၊ တွင်းတူး၊ လူသေကောင်ကိုင်တဲ့လူနဲ့ ငါ့ညီလက်ထဲက အင်္ကျီသစ်၊ ပုဆိုးအသစ်၊ စားကောင်းသောက်ဖွယ်များ လုံးဝမတန်ပါဘူးကွာ။ ငါ့ညီများ အနေဆင်းရဲ အစားဆင်းရဲလှပါတယ်။ ငါ့ညီပဲဝတ်ပါ"

"ကျုပ် မဝတ်ချင်ဘူး"

"ဟ ... ဘာဖြစ်လို့ မဝတ်ချင်ရတာတုံး ခြောက်ပေရ"





"ကိုယ်ယားမှာ စိုးလို့"

"မြတ်စွာဘုရား ... ဒီလိုလူစားမျိုး ဗုဒ္ဓယားကြီးမှာ ရှိပါသေးလားအရှင်ဘုရား။ ဒီမှာခြောက်ပေ ..."

"ဘာတုံး"

"မင်းကို ဝတ်စေချင်လို့ ပေးကမ်းလှူဒါန်းတဲ့ အဝတ်အစားအကောင်းကို ငါလိုစဣာလဝတ်တော့ ဘယ်လိုလူက အထင်ကြီးမှာလဲ ငါ့လူရာဟင်။ မင်း အလှူရှင်များက မြင်သွားရင်ရော ငါ့ဆီကနေ ဆွဲချွတ်မယူဘူး ပြောနိုင်မှာလား။ ငါ့လူဝတ်ပါကွာ။ ငါ့လူက မြို့ထဲအနံ့ လျှောက်သွားနေတာ ဒိုတီနံ့တိုပိတ်စနဲ့ ကြည့်လို့မတင့်တယ်ပါဘူး။ ငါ့လူဝတ်လိုက်ပါကွာ နော်"

"ကိုပွေးထူ ... ကျုပ်ဘဝမှာ ပကာသနမလိုဘူး၊ အဆောင်အယောင်မလိုဘူး၊ အချစ်မလိုဘူး"

"ဟေ ... ငါ့လူ ... မင်း ... မင်း ... အရူးခြောက်ပေမှ ... ဟုတ်ရဲ့လားဟ ... ဟင် ... ကောင်းလိုက်တဲ့ စကားလုံးကွာ။ ပြဇာတ်မင်းသားချော မင်းကြည်လှိုင် ပြဇာတ်ကနေသလားထင်ရပါလား ငါ့လူရာ ဟင်"

"ကျုပ်ဘဝမှာ အလိုအပ်ဆုံးက တရားမျှတခြင်းနဲ့ ငြိမ်းချမ်းခြင်းပဲ။ ရော့ ... ခင်ဗျား အကုန်ယူလိုက်"

"ဖုတ်"

"ပတုပ်"

အရူးကိုခြောက်ပေက သူပြောချင်သည့် စကားများကို ပြောပြီးနောက် လက်ထဲကပစ္စည်းများကို မြေပြင်မှာအားလုံးပစ်ချပြီး သင်္ချိုင်းအပြင်သို့ တစ်ဟုန်ထိုး ပြေးထွက်သွားလေသည်။

"ခြောက်ပေ ...

"ညီလေး ... ခြောက်ပေ ... နေဦးလေဟ"

လုံးဝလှည့်မကြည့်ပါ။ သင်္ချိုင်းကုန်းအဝင်ဝမှသည် မြို့ထဲသို့ သွားသည့် မြေနီလမ်းအတိုင်း အပြေးထွက်သွားခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ဘယ်လို လူထူးလူဆန်းပါလိမ့်"

သူ မြေပြင်ပေါ်မှ အကျီပုဆိုးနှင့် စားစရာများကို ကောက်ယူ ပွေ့ပိုက်ပြီး သချိုင်းဇရပ်ထဲသို့ လှည့်လာလိုက်သည်။

အင်း . . . သနားစရာတော့ အကောင်းသား။

နေ့နှင့်ညလည်း မှားချင်မှားသည်။

နာမည်မေးလည်း မရ။ နေရပ်မေးလည်း မပြော။ မိုးရွာရွာ နေပူပူ နံငယ်တိုတစ်ထည် အကျီကျောပြောင်ကြီးနှင့်နေပြီး မသာခေါင်းပေါ် က စားမြိန်စာထုပ်ကျွေးလည်း စား၏။

စကားမပြောချင်လျှင်လည်း လုံးဝမပြော။

ပြောချင်လာရင်လည်း စကားလုံးများက ခံ့ညားကြီးထွား လေး နက်၏။ ပြီး . . . မိန်းမမြင်လည်း ရှုံကြောက် ကြောက်လိုက်သည်မှာ မပြော နှင့်တော့။

သို့သော် အံ့ဩဖို့ကောင်းအောင် ထူးခြားသည်ကား . . .

သူ ဘုရားစာများကို အများအပြားရွတ်ဆိုနိုင်၏။ သချိုင်းကုန်း မှာ တရားထိုင်၏။ လတ်လတ်ဆတ်ဆတ် လူသေကောင်မြေပုံပေါ် ထိုင်၍ မရဏာနုဿတိ ကမ္မဋ္ဌာန်းကို သူထိုင်လေ့ရှိ၏။

ပြောရလျှင် . . .

ဤသချိုင်းသည် မြေကြမ်း၏။ သရဲတစ္ဆေ အလွန်ခြောက်၏။ ည ဘက်မှာ မြွေဆိုးများ ထွက်လေ့ရှိ၏။

နှစ်အတန်ကြာ စဏ္ဍာလလုပ်နေသည့် မိမိကိုယ်တိုင်ပင် ညဘက် သချိုင်းကုန်းထဲက ငိုသံများရယ်သံများ၊ ပြေးလွှားဆော့ကစားသည့် အသံ များ မကြာခဏကြားရ၍ ညဘက် အပြင်သိပ်မထွက်ရဲ။ အရက်သောက် ပြီး အိပ်ရသည်က များ၏။

ခြောက်ပေဘာမျှမဖြစ်။

တစ်ခါတစ်ရံ အုတ်ဂူပေါ်မှာ စကားပြောနေ၏။ မည်သူနှင့် စကား ပြောနေမှန်းမသိ။ ပြောပုံက အချီအချ လုမ်းကြည့်လျှင် လ,ရောင်အောက် အုတ်ဂူပေါ်မှာ ခြောက်ပေတစ်ယောက်တည်း။





အပြင်မြို့ထဲက ပြန်လာလျှင် ခရမ်းသီး ဘူးသီး အာလူး၊ ကြက် သွန်၊ ငရုတ်သီးတောင့်ကအစ ပါလာလေ့ရှိ၏။

သူ့ကို သနားချစ်ခင်သူများ ရှိကြ၏။ ရသမျှပစ္စည်းများကို စဏ္ဍာ လကြီး ဦးပွေးထူကို ပေး၏။ ထိုအခါ ဦးပွေးထူက . . .

လက်ရာမြောက်စွာ ရေလုံပြုတ်ချဉ်ရေဟင်း . . . ဆီမပါ၊ ကြော် ချက်၊ ခရီးသီးမီးအုံးတို့ချက်ပြီး ကိုယ့်လူကျေးဇူးရှင်လေးကို ကျွေးရ၏။

ခြောက်ပေကလည်း ဆားပေါ့သည်၊ ဆီနည်းသည်၊ ချိုသည်၊ ချဉ် သည်၊ ဖန်သည်မပြောင်း အကုန်စား၏။

အခု . . . မိမိကို အကျီအသစ်နှင့် ပုဆိုးအသစ်စွန့်ခဲ့ပြီ။

ပြောရလျှင် သူထ,ခုန်မတတ် ဝမ်းသာခဲ့ရ၏။ အကြောင်းရှိပေ ၏။ ကိုပွေးထူမှာ ကျိတ်ပိုးနေသည့် မိန်းကလေးတစ်ဦး ရှိ၏။

သူ့မအမည်က မကြွေစေ့။

မကြွေစေ့သည် ညာဘက်ခြေတစ်ချောင်း ဒူးခေါင်းအောက်မှ ပြတ် နေသည့် သူတောင်းစားမလေးဖြစ်သည်။

မွေးရာပါဟု ပြောသံကြားရသည်။ မကြွေစေ့သည် မျက်မမြင် အမေအိုကြီးနှင့် သချိုင်းကုန်းအပြင် ရွာစွန်တဲအိမ်မှာနေ၏။ အမေ မျက် မမြင်ကြီးနာမည်က ဒေါ်ခါးတိုဟူ၏။

သူမ (မကြွေစေ့)ကလေးသည် ရုပ်ရည်ကလေး သနားကမားရှိ ၏။ ပိန်လှီသော ကိုယ်ခန္ဓာရှိပြီး ဆံပင်အလွန်ကောင်း၏။

မကြွေစေ့က ချိုင်းထောက်တစ်ခုကို အားပြုပြီး ရွာစဉ်မြို့ထဲလှည့်၍ စည်းနှင့်ဝါးကိုကိုင်ကာ လွယ်အိတ်လေးတစ်လုံးလွယ်လို့ သီချင်းဆိုပြီး တောင်း ရမ်း၍ မအေအိုကြီးကို လုပ်ကျွေးနေသူဖြစ်သည်။

မကြွေစေ့ အသံအလွန်ကောင်း၏။

သူ့အသံသည် လှိုက်လှဲသံပါ၏။ တုန်ခါသံပါ၏။ အလွမ်းသီချင်း များဟစ်လိုက်လျှင် နားထောင်ရသူ ကြားလိုက်ရသူပင် ငိုချင်သလိုလို ရင် ထဲမှာ လှိုက်၍ လာလေ့ရှိ၏။

ကိုပွေးထူ ခံစားလို့ကောင်းသည့်သီချင်းက မကြွေစေ့ဆိုလေ့ရှိသည့်



www.burmeseclassic.com

www.burmeseclassic.com



မြခြေချင်း မင္ဂေမြိုင်ရဲ့ အောင်ပင်လယ်သီချင်းဖြစ်၏။

မကြေွစေ့သည် သီချင်းဆိုခါနီးကျလျှင် သူမတို့ဘဝရဲ့ အကျဉ်းချုပ်ကို ဦးစွာပြောပြီးမှ သီချင်းဆိုလေ့ရှိ၏။

"ဖေဖေ၊ မေမေတို့၊ ကိုကိုမမ အပေါင်းတို့ရှင်။ ကျွန်မသည် သူတောင်းစားမျိုးရိုးလည်း မရှိပါဘူးရှင်။ ကျွန်မရဲ့ဖခင်က ဟိုအညာရုပ်သေးစင်က ရုပ်သေးသီချင်းသည်ကြီး ဦးနာရီပါရှင်။ ဖေဖေ ရုပ်သေးစင်ပေါ်မှာ ကွယ်လွန်တော့ ကျွန်မရဲ့ မေမေက အညာလေပူ မျက်ခမ်းစပ်ရောဂါနဲ့ မျက်စိနှစ်ကွင်း ကွယ်နေချိန်ပါ။ ရုပ်သေးတစ်ခေတ် မှိန်ခဲ့သည့်အချိန်ကစပြီး ကျွန်မတို့ အားကိုရာမဲ့ စားရမဲ့ဘဝရောက်လို့ ခြေထောက်တစ်ချောင်းမရှိတဲ့ကျွန်မ ကြုံရာအလုပ်များ၊ ဘုရားပွဲများ လှည့်သီချင်းဆိုပြီး ဘဝဝမ်းစာကို ရှာခဲ့ရပါတယ်ရှင်။ ဒါကြောင့် ကျွန်မတို့ ဒုက္ခိတသားအမိနှစ်ဦးရဲ့ဘဝကို သနားကရုဏာဖြစ်ကြရင်ဖြင့် ကျွန်မသီချင်းလေးဆုံးသွားရင် ငါးမူး၊ တစ်မတ်၊ တစ်ကျပ် စသည့်နည်းများမဆို ပါဝင်ကူညီလှူဒါန်းကြပါလို့ပြောရင်း အငြိမ်းမင်းသမီးကြီး အမေမြခြေချင်း မင္ဂေမြိုင်ဆိုခဲ့တဲ့ အောင်ပင်လယ်သီချင်းလေးနဲ့ စတင် ကန်တော့ပန်ဆင်ပါရစေရှင်"

"စိမ်းမြလွှံခြယ် ××× အောင်ပင်လယ် တောနဲ့တောင်စွယ် ×××
ခြေချင်းမြိုင်ပျော်တဲ့နယ် ××× ရွှေနန်းတော်ရှေ့ပြဿဒ်ဝယ် ×××
ကုမ္မာရီ ကောက်စိုက်သမတွေ ××× အသွယ်သွယ် ×××
တေးသံချိုလှတယ် ×××"
(လွမ်းတော်မူလို့ ××× စာကိုစီတယ် ×××
တိမ်နီတိမ်ဝါ တိမ်ပြာတွေသန်းပြန်တော့ ×××
ဘယ်ဆီသို့ ဘယ်ဝါသို့ ××× လွမ်းရတယ် ×××
မှန်းဆရှယ် ××× ကြာပင်အိုင်ကြီးအလယ်)၂
မိုးအခါဝယ် ချိုးလာမယ် ××× မိုးအခါဝယ် ချိုးလာမယ် ×××
မိုးအခါဝယ် ××× ချစ်သူပန်ဖို့ရယ် ×××
ရည်ရွယ်ကာထားခဲ့တယ် ××× ပဒုမ္မာကြာရယ် ×××
ကျွန်မရည်းစားနဲ့ညားအောင် စောင့်ဦးကွယ်"





ကောင်းလိုက်သည့် အသံလေးရယ်။ ဩော် ... မကြေွစေ့ ... မကြေွစေ့ ... ပဒုမ္မာကြာတွေ မပွင့်ပါနှင့်ဦးတဲ့။ မိုးအခါမှာ ချိုးလာပါတယ် ကျွန်မရည်းစားနဲ့ ညားတဲ့အချိန်ကို စောင့်ပါဦး ရွှေကြာပွင့်တို့ရယ် ... တဲ့။

သည်တုန်းက ကိုပွေးထူးက စဉ်းစားခဲ့သေး၏။

မကြေွစေ့ရေ ... ပဒုမ္မာကြာတောအရပ်မှာ မင်းချစ်သူရှိခဲ့လေသလား။ မင်းချစ်သူ ဘယ်ကိုသွားနေလို့လဲ။ မင်းက မင်းချစ်သူကို မျှော်နေတာလား။ ဒါကြောင့် ကြာတွေကို ချစ်သူလာချိန်မှပွင့်ဖို့ တောင်းပန်နေတာလားဟု မကြေွစေ့ရဲ့ မျက်နှာသွယ်သွယ်လေးကို ငေးကြည့်နားထောင်ရင်း ရင်ထဲက ပြောခဲ့ဖူး၏။

"လက်ဦးပန်ချင်ရင် အမှန်ပင် ××× အမှန်ပင် လာခဲ့ ×××
မြိုင်ခေါ်ချင်ပါတယ် ××× မြိုင်ခေါ်ချင်ပါတယ် ×××
လာစမ်းကွယ် ချစ်တဲ့သူလေးရယ် ×××
အောင်ပင်လယ်တောခြေဝယ် ××× မောလေတယ် ×××
ချောမေရယ် ××× ရွှေကြာပန်းကို ပန်ပါမယ် ×××
ကြာပင်အိုင်ရယ် ××× ဩော် ××× ကျွန်မရည်းစားနဲ့
တွေ့အောင် စောင့်ဦးကွယ် ×××"

ကိုပွေးထူ မကြေွစေ့ရဲ့ စည်းဝါးအသံမှာ နစ်မျောခဲ့ဖူးသည်။ သူပင် အောင်ပင်လယ်ကန်က စောင့်နေသည့် မကြေွစေ့လေးရဲ့ချစ်သူ ချက်ချင်း ဖြစ်လိုက်ချင်သည်။

မကြေွစေ့ရဲ့ သီချင်းသံကြားရသည့် အချိန်ကစ၍ သူ မကြေွစေ့တို့နေသည့် သချိုင်းအစွန် ရွာပြင်ကတဲလေးသို့ မကြာခဏ ရောက်သွားလေ့ရှိ၏။

မကြေွစေ့တို့နှင့် ရင်းနှီးခဲ့ရသောအခါ ရေကအစ ခပ်ပေးသည်။ ထင်းများကိုခုတ်၍ လာပို့ပေးခဲ့သည်။ ပြီးသည်နှင့် ...

"မကြေွစေ့"

"ဘာတုံး ... အစ်ကိုပွေးထူ"



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်သည်။

"ရေချိုးလာပါတော် ... နဲ့လို့ ..."

ဖြစ်ရလေခြင်း။ အင်းပေါ့လေ ... ကိုယ်က လူသေကောင် မြေမြှုပ်သည့် စဏ္ဍာလ။ ချေးနံ့မြေနံ့၊ အပုပ်နံ့နှင့် အရက်နံ့က အညီတက်နေသည်။ စဏ္ဍာလရဲ့ဘဝက ရေမွှေးနံ့သင်းလို့ မရ။

ရှေးမြန်မာရှင်ဘုရင် ပဒေသရာဇ်လက်ထက်တုန်းက စဏ္ဍာလ (၄)စု့ဟူ၍ ပညတ်ရှိ၏။

ပြည့်တန်ဆာမများ တစ်စု။

သွေးမစွမ်းအနူများ တစ်စု။

သူတောင်းစားများ တစ်စု။

သူကောင်ထမ်း၊ မြေမြှုပ် သုဘရာဇာ တစ်စု ဟူ၍ လေးစု့ထားပြီး အရှုတ်ဝန်မင်းက တာဝန်ယူအုပ်ချုပ် စီမံရသည်ဟူ၏။ နောက်ထပ် စဏ္ဍာလ ငါးမျိုး မှုကွဲရှိနေပြန်သေး၏။

(၁) စပ် (၂)၊ အမှမ်း၊ (၃) သူကောင်ထမ်း။ (၄) တွင်းတူး၊ (၅) သူသေကိုင်ဟူ၍ လောကဝေါဟာရမှာ စဏ္ဍာလငါးမျိုးဟု ခေါ်ကြသေး၏။

ဘဝကံ နိမ့်ကျလှပေသည်။ ဆင်းရဲလှပေသည်။ လူကောင်းသူကောင်းများက မိမိတို့ဘဝကို အဖက်မလုပ်ချင်ကြ၊ စကားမပြောချင်ကြ။ ခုလည်း မကြွေစေ့လေးက ရေချိုးလာပါတဲ့။

ကိုပွေးထူ ပံစံလက်ခတ်နေခဲ့သည်မှာ ကြာခဲ့ပါပြီ။ သူ့မှာ ရည်စားမရှိ၊ မယားမရှိ၊ ဆွေမျိုးမရှိ။ အရင်းနှီးဆုံးသူဆို၍ အရှးခြောက်ပေနှင့် မကြွေစေ့တို့ ဒုက္ခိတသားအမိရှိသည်။

မကြွေစေ့နှင့်သူက ဘဝချင်းနီးစပ်မှုရှိသည်။

နှစ်ဘဝလုံး အစွန်ပယ်ခံဘဝ။

သူ မကြွေစေ့ရဲ့ သီချင်းသံမှာ နှစ်မွန်းခဲ့ပြီးနောက် မကြွေစေ့ကို သံယောဇဉ်ရှိခဲ့ပါသည်။

သို့သော် ...

---

စိတ်ကူးသစ်စာပေ



မကြွေစေ့က သီချင်းနှင့်ရှာစဉ် မြို့စဉ်လှည့် ဖြေဖျော်တောင်းစားပေမင့် ရေမိုးချိုးပြီး သနပ်ခါးသန့်သန့်နှင့်နေ၏။

သူ့လို ပွေးထူ၊ ကြေးထူ နံဟောင်နေသူမဟုတ်။ ရှင်မတောင် သနပ်ခါးကို အကွက်ကျားတင်၍ ထွက်သူဖြစ်၏။

"စိတ်ချပါ ... မကြွေစေ့ရယ်။ မင်းအကြိုက် အစ်ကို သန့်သန့်ရှင်းရှင်းဝတ်စားပြီး မင်းသီချင်းသံပေါ်မှာ စီးမျောကခုန်ပါ့မယ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com

## | ၁၂ |

❑

တစ်ည ...

အချိန်က ညဉ့်သန်းခေါင်ဝန်းကျင်။

သချိုင်းကုန်းသည် ငြိမ်သက်ခြင်းနှင့် ဣန္ဒြေကြီးနေသည်။ ကောင်းကင်မှာ ဆန်းစလ,ရဲ့ အရိပ်က ဖျိုးဖျိုးဖျဖျ။

ကုက္ကိုပင်အိုကြီးများသည် တစ္ဆေအို၊ ပြိတ္တာအိုကြီးများ ခေါင်းစိုက်၍ အိပ်ငိုက်နေသလို ငုတ်တုတ်ကိုယ်စီ ရှိနေကြသည်။

အုတ်ဂူဖွေးဖွေးနှင့် မြေပုံမို့မို့များ ထိုးထိုးထောင်ထောင် လက်ဝါးကပ်တိုင်များကလည်း ...





တစ္ဆေဗိုက်ပူများ ပက်လက်အိပ်နေသလို၊ ခေါင်းချင်းဆိုင်တီးတိုးစကားပြောသလို လရောင်ငယ်အောက်မှာ ဥဒဟို ပြန့်ကျဲနေကြသည်။

ဘခက်နှင့် လေးကိုင်းကြီးတို့နှစ်ဦး သချိုင်းဂူများကို ကွေ့ပတ်၍ ကုန်းကုန်းကုန်းကုန်းနှင့် လာနေကြသည်။

သချိုင်းခွေးများကား ... သူတို့သခင် စဏ္ဍာလပွေးထူနှင့်အတူ အာဟာရသိဒ္ဓိတန်ခိုးနှင့် ဇရပ်အကွယ်မှာ အိပ်မောကျပြီး ဆွေခုနစ်ဆက် အမျိုးများနှင့် တွေ့နေကြ၏။

ဘခက်ရဲ့လက်ထဲမှာ ဆီးသားတုတ်ကြီးတစ်ချောင်း၊ လေးကိုင်းကြီးရဲ့လက်ထဲမှာက ကျွန်းသား နှစ်တစ်လက်မတစ်ချောင်း။

သူတို့နှစ်ဦး အရက်လေးထွေထွေနှင့် ဝင်လာပြီး သချိုင်းအုတ်ဂူများကို တစ်ခုပြီးတစ်ခု လိုက်ရှာကြသည်။

"တွေ့လား ... လေးကိုင်း ..."

"မတွေ့သေးဘူးကွ"

"ငါတို့ကို ဂျိုးကြီးတို့များ ချွန်လိုက်ရော့လားကွာ"

"ဘခင်လက်ကျိုးခဲ့တာဥစ္စာ။ မင်းကလည်း ..."

"အေး ... မယုံလို့ စမ်းချင်လို့သာ လာခဲ့ရတယ်။ ခုနေများ အစိမ်းသေ သရဲမတွေ့ထလာရင် ဘယ့်နှယ်လုပ်မတုံး ... ငလေး"

"ပွဲကြမ်းလိုက်"

"ကျွိ ..."

"အမယ်လေးဗျ"

"ရှူး ... ဟော့ကောင်တိုးတိုး ... ဘာဖြစ်လို့လဲ"

"တောက် ... မြေကြွက်တက်နင်းမိလို့ပါကွာ ... ချီး"

"သောက်ရေးထဲကွာ"

"ဟော့ကောင် ... ဘခက် ... ဟိုဂူကြီးပေါ်ကို ကြည့်စမ်း"

လေးကိုင်းကြီးညွှန်ပြသည့် အုတ်ဂူကြီးရှိရာသို့ချဉ်းကပ်၍ ကြည့်လိုက်သောအခါ ...

မှောက်ခုံကြီးအိပ်နေသော လူတစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



အရပ်က အလွန်ရှည်လှသည်။ ခြေဖဝါးနှစ်ဖက်ပင် ဂူအပြင်သို့ ထွက်နေ၏။

"အရှူးခြောက်ပေကွ"

"ဘခက်"

"ဘာတုံး ..."

"မတော်လို့များ ... ငါတို့ရိုက်ချက်နဲ့ သူသေသွားရင် ဘယ့်နှယ် လုပ်မလဲ ... ဟင် ..."

"အရှူးသေတာများ ဘယ်သူက အဆန်းလုပ်နေမှာလဲကွာ။ ဒီမှာ သေအောင်တော့ မရိုက်နဲ့ပေါ့ကွာ။ ကွဲမကွဲ စမ်းရုံလောက်ပေါ့။ ကိုင်း ... ကြာတယ် ... လာ ..."

သူတို့ကို လူမိုက်ဘခင်၊ ကွဲရှိုင်းနှင့် ဂျိုးကြီးတို့က အရှူးခြောက်ပေ ကာယသိဒ္ဓိပြီးနေသည်ဟု ပြောသည်။

သူတို့ ဒီကိစ္စ လုံးဝမယုံ။

သူတို့က လက်တွေ့သမား။ ဒီနေ့ည အဲဒါ ဟုတ်မဟုတ် အတိ အကျသိချင်၍ လာခဲ့ကြခြင်းဖြစ်သည်။

သူတို့ဘဝ ရာဇဝင်မှာ ကာယသိဒ္ဓိပြီးသူ မတွေ့ဖူးသေး။ ဒီအရူး က ဘာကောင်မို့လို့ ကာယသိဒ္ဓိ ပြီးနေရမှာလဲ။ တကယ်ပြီးခဲ့ရင်တော့ နောင်အခါ အဆင်ပြေသလို ကပ်ပေါင်းပြီး ဆေးကောင်းဝါးကောင်းလေး များတောင်း၍ မိုက်ဂုဏ်ကို နယ်ချဲ့ရမည်လေ။

"ရှူး ... ခြေသံမကြားစေနဲ့"

"အေးပါ"

သူတို့ မှောက်ခုံအိပ်နေသည့် အရှူးခြောက်ပေရဲ့ အုတ်ဂူခေါင်း ရင်းပိုင်းကို ဝဲယာနှစ်ဘက် ညှပ်လိုက်ကြသည်။ ခြောက်ပေရဲ့ ဦးခေါင်းကို မမြင်ရ။

ထူထဲသော ဆံပင်အုံကြီးက ဦးခေါင်းကို ဖုံးထားနေသည်။

"ဘယ်ကိုချမလဲ"

"ခေါင်းကိုချကွာ ... ကိုင်း"





"ဖောင်း"

"ဖြောင်း"

နှစ်ဦးသားဆိုင်၍ ရိုက်လိုက်ရာ 'ဖောင်း ... ဖြောင်း' အသံမြည် ပြီး တုတ်နှစ်ချောင်း ခုန်၍ထွက်သွား၏။ ဆံပင်များလည်း ဖွာသွားသည်။

ခြောက်ပေမနိုး။

နောက်ထပ် နှစ်ချက်စီဆင့်၍ ရိုက်လိုက်ကြပြန်သည်။ ဝါးနှစ်လုံး ကျိုးသွား၏။ ဒီမှာပဲ ... ခြောက်ပေ ... လက်နှစ်ချောင်းကားပြီး ဦးခေါင်း မှောက်လျက်ကြီး ထောင်လာသည်ကို ဆံပင်ဖားလျားနှင့် မြင်လိုက်ရသော အခါ နှစ်ဦးသားလန့်သွားစဉ် ...

"ဂွမ်း ..."

"ဒလုံး ... ဂလုံး ..."

"ဝုန်း ..."

"အမယ်လေးဗျ ..."

"ဟ ... ဟ ... ဘာတွေတုံးဟ"

"အမယ်လေး အရိုးခေါင်းနဲ့ ခေါင်းကြီးဗျ"

"ပြေး ... ပြေး ...

ပြေး ... ပြေး ..."

အရှူးခြောက်ပေ ဆံပင်ဖားလျားနှင့် ဦးခေါင်းကြီး မှောက်ခုံမော့ လို့ လက်ကားယား၊ ခြေကားယား ကုန်းထလာစဉ်မှာပဲ ကြီးမားသော အုတ် ဂူကြီးပေါ်သို့ တဂွမ်းဂွမ်း ... တခွပ်ခွပ် ... တဂလုံးလုံးနှင့် ... လုံးလုံး ဖွေးဖွေးများ အဆက်မပြတ် ကျလာလို့ကြည့်လိုက်တော့ ...

သွားကျဲကျဲနှင့် လူအရိုးခေါင်းကြီးများ။

ပြီး ... လူအရိုးများ။

ဘယ်က ကျလာမှန်းမသိ။ လေးငါးဆယ်လုံးခန့် ပြုတ်ကျလာပြီး သူတို့ကို မျက်ကွင်းဟောက်ပက်နှင့် ကြည့်နေကြသည်။

ဒီအချိန်မှာပဲ ခေါင်းပျဉ်အခွေးကြီးတစ်လုံးက သူတို့နှစ်ဦးရဲ့ ဦးခေါင်းပေါ်သို့ လာရောက်ထိမှန် စွပ်ကျုံနေသောအခါ ...



www.burmeseclassic.com

www.burmeseclassic.com



ဘခက်နှင့် လေးကိုင်းကြီး ...

ခေါင်းစွပ်နေသည့် ခေါင်းခွေးပျဉ်ကို အတင်းချိုးဖဲ့ပြီး ချေးသေးများထွက်၍အပြေး ...

အိပ်မက်မှန်းထကုန်သော သချိုင်းခွေးအုပ်ကလည်း အူသည့်ခွေးကအူ၊ ဟောင်သည့်ခွေးကဟောင်၊ လိုက်သည့်ခွေးကလိုက်ဆွဲ လုပ်ကုန်ရကား ပြေးရင်းက တူးလက်စ မသာမြှုပ်မည့်ကျင်းထဲကျ၍ မနည်းတက်ခဲ့ရပြန်သည်။

ပြေးရင်း ခလုတ်တိုက်လဲ၍ ပုဆိုးကျွတ်ကျန်ခဲ့ပြန်၏။

# [ ၁၃ ]

❑

ဘခက်နှင့်လေးကိုင်းကြီး နှစ်ရက်တိုင်တိုင် ကယောင်ကတမ်းများပြောပြီး အိမ်ပေါ်မှာ ခုန်ပေါက်အော်ဟစ် ငိုယိုနေရသည်။

"ခေါင်းကြီး ... ခေါင်းကြီးပျံလာလို့ ... လုပ်ကြပါဦးဗျ" —

"အရိုးခေါင်းတွေ ... ကျလာပြီ၊ လိုက်လာပြီ ... အမေ ... အမေ"

"ကျုပ်ခြေသလုံးကို အရိုးခေါင်းခွံကြီး ကိုက်ထားတယ်။ လုပ်ကြပါဦး ... ကယ်ကြပါဦးဗျ ... အမလေး ... အမလေး ..."

နောက်ဆုံး သူတို့နှစ်ဦးကို မိဘညီအစ်ကိုမောင်နှမများ[illegible] ကြိုးနှင့်တုတ်၍ ကျိုက်ခေါက်ဘုရား အရှေ့ဝါးတောမှာ ကျောင်း[illegible]သည့် ဝါးကျောင်းဘုန်းတော်ကြီးထံသို့ ခေါ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝါးကျောင်းဘုန်းတော်ကြီးက ပရိတ်ရေမန်းများတိုက်ပြီး စစ်ဆေးလိုက်မှ ...

သင်္ချိုင်းကုန်းပေါ် ညဖြစ်စဉ်ကို အားလုံးသိရပြီး ရင်တုန်ပန်းတုန်ဖြစ်ခဲ့ကြလေ၏။

"ဒီညောင်သုံးပင်သင်္ချိုင်းက နာမည်ကြီးကွ"

"မင်းတို့ မသိဘူးလား"

"ညဘက် ဆေးလိပ်မီးထွက်ထွက်တောင်းရင်း ပျောက်ပျောက်သွားတာ မကြာခဏဗျ"

"တစ်လောက သင်္ချိုင်းကုန်းနံဘေးက ညဘက်ကြီး မိန်းကလေးတစ်ဦးထွက်လာတာ စာသင်ကျောင်းဘက်သွားမလို့ လိုက်ပို့ပါဆိုလို့ မင်းကြည်လှိုင် နာဘူးကျပြီး လိုက်ပို့ပါရောလားဗျာ"

"အဲဒီတော့ ဘာဖြစ်တုံး"

"စာသင်ကျောင်းနားရောက်လို့ လှည့်ကြည့်ရော မိန်းမပျိုကလေးကနေ ဆံပင်ဖားလျား ထမီရင်ရှားနဲ့ အဘွားအိုကြီးဖြစ်နေတာ မြင်လိုက်ရပြီး မင်းကြည်လှိုင် လန့်ရူးမလိုဖြစ်လို့ ဝါးကျောင်းဘဘုန်းပဲ ကုပေးလိုက်ရတာလေ"

"မသေကောင်း၊ မပျောက်ကောင်း ဘခက်ရာ"

"အမှန်က သေသွားတာ ကောင်းပါတယ်ဗျာ။ ဆန်ကုန်မြေလေး၊ လူမိုက်လူရမ်းကားတွေ။ အသက်ရှင်နေရင် မြေကြီးလေးပါတယ်"

"ခုတိုင်းဆိုရင် ဒီကောင်နှစ်ကောင်ကို မဖဲဝါက ခေါ်မှာပဲ"

"မ ... မ ... ပြောကြပါနဲ့ဗျာ။ ကြောက် ... ကြောက်လို့ပါဗျ ... ဟီး"

"ခေါ်မှာပဲ"

"အမယ်လေးဗျ ... အမေရေ ... အမေရဲ့ ... ဟီး ..."

"တော်ကြပါကွယ်။ သူတို့ အရမ်းကြောက်နေကြလို့ပါ"

နောက်တစ်ရက်မိုးလင်းသောအခါ ဘခက်နှင့်လေးကိုင်းကြီးတို့ အိမ်ရှေ့ခြံဝမှာ အထုပ်ကြီးနှစ်ထုပ်ကိုယ်စီ ရောက်နေကြ၏။





ဘယ်သူလာပို့ ချထားသွားမှန်းမသိ။

အထုပ်ပေါ်မှာ စာကိုယ်စီ ရေးထား၏။

ဘခက်အတွက် ...

လေးကိုင်းကြီးအတွက် ... ဟူလေ၏။

ဘခက် လှမ်းကြည့်လိုက်တော့ ပစ္စည်းထုပ်ထားသည့် ပုဆိုးက လွန်ခဲ့သည့်သုံးရက်က သင်္ချိုင်းကုန်းမှာ သူကျွတ်ကျကျန်ခဲ့သည့် ချေးပေပုဆိုးဖြစ်နေသည်ကို မြင်လိုက်သည်။

သို့နှင့် အထဲကပစ္စည်း ဘာများပါလိမ့်ဟု သိချင်၍ ဖွင့်ဖြေကြည့်လိုက်သောအခါ ...

"အမယ်လေးဗျ ... ဂစ် ... ဂစ် ... ဂစ် ..."

"ကိုဘခက် ... ကိုဘခက် ..."

"ဂစ် ... ဂစ် ... ဂစ် ..."

သူ့မိန်းမက ဘခက်ကိုခေါ်သော်လည်း မရတော့။ ငုတ်တုတ်ထက်၍ လဲကျသွားခဲ့သည်။ သည်မှာပဲ ပုဆိုးကွင်းထဲက ပစ္စည်းကို ဘခက်မိန်းမ ဂျမ်းစိန် မြင်လိုက်ရသောအခါ ...

"အမလေး ... မြတ်စွာဘုရား ... ဂစ် ... ဂစ် ..."

ဂျမ်းစိန်လည်း ၎င်းပစ္စည်းကိုကြည့်ပြီး သူ့မရဲ့လင် သူတော်ကောင်းကြီးနံဘေးမှာ သတိလစ်မေ့မြော၍ သွားခဲ့လေသည်။

ဘခက်နှင့်ဂျမ်းစိန် မြင်လိုက်ရသည့်ပစ္စည်းကား ...

အခြားမဟုတ် ...

သွားကျိုးတိုးကျဲတဲ၊ မျက်ကွင်းဟောက်ပက် ... လူဦးခေါင်းခွံကြီးဖြစ်နေသောကြောင့်တည်း။

ဒါနှင့်တစ်ပြိုင်နက်တည်းမှာပင် ...

သူတော်ကောင်းကြီး ကိုလေးကိုင်းအိမ်မှာလည်း ... သင်္ချိုင်းကုန်းမှာ ကျန်ရစ်ခဲ့သည့် သူ့ပုဆိုးနှင့်အတူ လူရိုးဦးခေါင်းခွံတစ်ခုနှင့် လက်ဖျံရိုးနှစ်ချောင်းကို မြင်လိုက်ရသောအခါ ...

စကားမေးလုံးဝမရ၍ ဆေးရုံသို့ဆိုက်ကားနှင့် အမြန်ပို့လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

သူတို့နှစ်ဦး ဆေးရုံမှာ တစ်ရက်စီနေလိုက်ရ၏။ ဆေးရုံမှပြန်ဆင်းလာသည့်နေ့ သူ့တို့အိမ်ရှေ့မှာ လမ်းသလားရင်း ဘုရားစာများရွတ်နေသည့် လူကြီးတစ်ဦးကို သူတို့မြင်လိုက်ရသောအခါ ပို၍ အံ့အားသင့်သွားကြရလေသည်။

သူကား ... အခြားမဟုတ်။

သူနှင့်လေးကိုင်းကြီး ဝါးရင်းတုတ်နှင့် အကြေအကွဲ ရိုက်စမ်းခဲ့သည့် အရူးကိုခြောက်ပေ။

အရူးကိုခြောက်ပေသည် အင်္ကျီကျောပြောင် နံ့ငယ်တိုဝတ်နှင့် သူ့ခြံဝမှာရပ်၍ သူရှိရာသို့ လက်ညှိုးထိုးပြီး ဂါထာတစ်ပုဒ်ကို ထပ်ကာတလဲလဲ ရွတ်နေသည်။

ထိုဂါထာကား ...

"ဗုဒ္ဓါနံ ဗိဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ"

"ဗုဒ္ဓါနံ သဗ္ဗညုတညာဏဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ"

"ဗုဒ္ဓါနံ အဘိဋ္ဌာနံ၊ စတုန္နံ၊ ပစ္စယာနံ န သက္ကာ ကေနစိ အန္တရာယော ကာတုံ"

"ဗုဒ္ဓါနံ အသီတိယာနုဗျဉ္ဇနာနံ ဗျာမပ္ပဘာယ၊ ဝါ န, သက္ကာ ကေနစိ အန္တရာယော ကာတုံ"

အဓိပ္ပာယ်ကား ...

မြတ်စွာဘုရားတို့၏ အသက်ဘေးအန္တရာယ်ကို တစ်စုံတစ်ယောက်သောသူသည် ပြုခြင်းငှာ မတတ်နိုင်။

မြတ်စွာဘုရားတို့၏ သဗ္ဗညုတဉာဏ်တော်၏ ဘေးအန္တရာယ်ကို တစ်စုံတစ်ယောက်သောသူသည် ပြုခြင်းငှာ မတတ်နိုင်။

မြတ်စွာဘုရားတို့အား ရှေ့ဆောင်အပ်ကုန်သော ပစ္စည်းလေးပါးတို့၏ဘေးအန္တရာယ်ကို တစ်စုံတစ်ယောက်သောသူသည် ပြုခြင်းငှာ မတတ်နိုင်။

---
စိတ်ကူးသစ်စာပေ



မြတ်စွာဘုရားတို့၏ ရှစ်ဆယ်သော လက္ခဏာတော်ကိုလည်းကောင်း၊ တစ်လံမျှသော ရောင်ခြည်တော်ကိုလည်းကောင်း၊ ဘေးအန္တရာယ်ကို တစ်စုံတစ်ယောက်သောသူသည် ပြုခြင်းငှာ မတတ်နိုင်။

ဣမေသံ စတုန္နံ – ဤလေးပါးတို့၏၊ အန္တရာယော – အန္တရာယ်ကို၊ ကေနစိ – တစ်စုံတစ်ယောက်သော သူသည်၊ ကာတုံ – ပြုခြင်းငှာ၊ နသက္ကာ – မတတ်နိုင်၊ ကထာ – ထို့တူ၊ မေ – အကျွန်ုပ်အား၊ ဟောတု – ဖြစ်ပါစေသတည်း ... ဟူလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

# [ ၁၄ ]

❏

ဘခက်တို့ အရှုးခြောက်ပေ ကာယသိဒ္ဓိ ပြီးမပြီး သွားစမ်းသည့်ကိစ္စသည် တစ်ယောက်ပါးစပ်မှသည် မြို့ထဲသို့ ပျံ့နှံ့ကုန်၏။

အရှုးကိုခြောက်ပေကို နောက်နေ့ နောက်နေ့များမှာလည်း မြို့ထဲရပ်တကာလှည့်၍ ပထဝီဇယမန္တန်၊ ဓာရဏပရိတ်ရွတ်ပြီး ခြေစကြာဖြန့်နေသည်ကို မြင်ကြရသောအခါ ...

ဘခင်တို့အုပ်စုက ...

"ကိုင်း ... ဘခက်၊ ငါမပြောဘူးလား"ဟု ပြောရလေ၏။

"မယုံလို့ သွားစမ်းချင်တဲ့သူ ရှိသေးလားဟေ"

"ဘယ်လောက်ပေးမှာလဲ ကိုဘခင်"

"အဲဒါ ဘယ်သူလဲကွ"

"ကျုပ်ပါ။ လပွတ္တာ ကျော်ဦးပါဗျ"





လပွတ္တာ့ကျော်ဦးဆိုသူ အရပ်လေးပေလောက်ရှိသည့် ငနဲက စာကလေးရင်အုံကိုကော့ပြီး ခြေဖျားထောက်၍ ပြောလိုက်သည်။

ကြည့်စမ်း .. ပေမမီဒေါက်မမီ ငနဲသားက အရပ်ခြောက်ပေရှိသည့် အရှုးခြောက်ပေကို သွားရိုက်ဦးမတဲ့။

ဆောင့်ကြွားကြွားကောင် လပွတ္တာကျော်ဦးကိုကြည့်ပြီး ကိုဘခင်ဘုန်းကြီးငါးပါး သင်းနောက်မှာ ယပ်ထမ်း၍ကြွလာသည်ကို မြင်လိုက်ရ၏။

ဒါနှင့်အတူ ကြေးစည်ထုသံမျိုးလည်း နားထဲကြားလိုက်ရပြီး သင်းမိန်းမ မိနက်ထည် ရင်ထုငိုနေသည့်ပုံရိပ်ကိုလည်း ရိုးခနဲ ရိပ်ခနဲ မြင်လိုက်ရ၍ သေတော့မှာပဲကို ကြိုမြင်လိုက်သည်။

"မင်းက တကယ်ရိုက်မှာလား"

"တစ်ချက်ကွဲရင် ဘယ်လောက်လဲသာပြောဗျာ ... ကြာတယ်"

"တစ်ချက်ကွဲရင် နှစ်ကျပ်ခွဲပေးမယ်ကွာ"

"ဖွီ ... နှစ်ကျပ်ခွဲကတော့ဗျာ ခင်ဗျားဘာသာ ဇာပျံလေးလျက်ဆားနဲ့ အရက်သုံးပက် ရေသုံးပက်ရောသောက်ပြီး ချေးတွင်းထဲခေါင်းစိုက်သေလိုက် ကိုဘခင်ရေ ... ဖွီ ... ဖွီ ..."

"ခြောက်ပေ ပြီးပုံရတယ်ဗျ"

"ဒီကောင်မှာ ဘာအဆောင်ရှိလဲ မသိဘူး"

"ခင်ဗျားတို့သိတဲ့အတိုင်း ဒီအရှုးက နေ့ရောညပါ မြို့ထဲလှည့်ပြီး ပထဝီဇယမန္တန်၊ ဓာရဏပရိတ်၊ သမ္ဗုဒ္ဓေ ရွတ်နေတာဗျ။ အဲဒါများစွမ်းနေလို့လားမသိဘူး"

"သူ့ဆံပင်ကလည်း မြင်တဲ့အတိုင်းပဲ ဆရာမှိုင်းရဲ့။ ထုဂျပ်ပိန်းကြီးဗျ။ ရာဘာတုံးလို ပွပွကြီး။ အဲဒါကြောင့်များ ရိုက်မကွဲဖြစ်သလားမှမသိပဲ"

"အေးကွ ... ဒီနှစ်ချက် တစ်ချက်တော့ အမှန်ပဲ"

နောင်အခါ ကျွန်ုပ်သည် အရှုးကိုခြောက်ပေကို ရင်းနှီးကျွမ်းဝင်အောင်ပေါင်းပြီး သူလိုအပ်မည့်ထင်တာလေး ဝယ်ပေး၊ စားချင်တာလေးကျွေး။



www.burmeseclassic.com

www.burmeseclassic.com



ပြီး ... ကျွန်ုပ်ကလည်း သူမှီတင်းနေထိုင်သည့် ညောင်သုံးပင် သချိုင်းမှာ ညဘက်တရားသွားထိုင်ရင်း သူ့ကိုချော့ပေါင်း၊ မြှောက်ပေါင်း ၍ ရင်းနှီးကျွမ်းဝင်လာသောအခါ ...

"ကိုခြောက်ပေ ..."

"ဘာတုံးဗျာ"

"ကိုခြောက်ပေက ဘယ်မြို့သားလဲဗျာ"

သူ စဉ်းစားသလိုလုပ်ရင်းမှ ...

"ဟသာ်ာတသားလား မသိဘူးဗျာ"

"ဟသာ်ာတသား ဟုတ်လား"

"နေ ... နေဦးဗျ။ ငါ ... ဘယ်မြို့သားပါလိမ့်။ အင်း ... အင်း ... ဟော ... ဟော ..."

"သိပြီလားဗျ ... ကိုခြောက်ပေရ"

"ရှမ်းပြည်မြောက်ပိုင်းက"

"ရှမ်းပြည်မြောက်ပိုင်း ..."

"ဟုတ်ရဲ့လား မသိပါဘူးဗျာ ... မေ့နေပြီဗျ"

"ဟူး ... နာမည်အရင်းကရော"

"နာမည်က ပညတ်ပါ ဆရာမှိုင်းရာ"

"အေးလေဗျာ ... လူတိုင်းက ပညတ်နဲ့နေထိုင်ကြတာ မဟုတ် လား ကိုခြောက်ပေရ"

"ပညတ်က မတည်မြဲဘူး ဆရာမှိုင်း။ ကျုပ်မေးမယ်ဗျာ ... ခင်ဗျား[illegible]ဝတ်ထားတာ ဘာလို့ခေါ်လဲ ... ပြော ..."

"ပုဆိုးပေါ့ဗျ ..."

"ဒါဖြင့် ပုဆိုးကို အချို့က လုံချည်လို့ ဘာကြောင့်ပြောသလဲ"

"လုံချည်ဆိုတာက အင်္ဂလိပ်အသံထွက် Longyi ကနေ မပီကလာ သံနဲ့ ပြောတာဗျ"

"ဒါဖြင့် ဘာလို့ လုံကွင်းလို့ ပြောရပြန်တုံး"

"သူက ကွင်းနဲ့ဝတ်ရတာကိုးဗျ"





"ဒါဖြင့် ဘာကြောင့် ကျုပ်ဝတ်ထားတဲ့ပုဆိုးကို နံငယ်ပိုင်းလို့ ခေါ်ကြပြန်သလဲ"

"တိုလို့"

"ဒါဆို ရှည်ရင်ကောဗျာ"

"တောင်ရှည်ပုဆိုးလို့ ခေါ်ကြတာပေါ့"

"အဲဒါ ပြောတာပေါ့။ ပညတ်က မမြဲဘူး။ ရွေ့လျားနေတယ်။ ပရမတ်က တည်မြဲတယ်။ နေ၊ လ၊ ဘုရား၊ အဖေ၊ အမေ၊ ရဟန်း၊ စိတ်၊ စေတသိက်၊ ရုပ်နဲ့နာမ်။ အဓိကက ရုပ်နဲ့နာမ်ပဲဗျ။ ရုပ်နဲ့နာမ်ကို လူတွေ က အမည်ပညတ်နဲ့ ဖွဲ့နေကြတာ။ ကိုင်း ... ထပ်မေးမယ်ဗျာ။ စအိုက ထွက်တဲ့ စွန့်ပစ်ပစ္စည်းကို ဘယ်လိုခေါ်တုံး ဆရာမှိုင်းရာ"

"ချေးပေါ့ဗျာ"

"ဒါဖြင့် ချေးကို မစင်လို့ ဘာလို့ခေါ်ကြသတုံး"

"နားကြားလို့ကောင်းအောင်ပေါ့"

"ခတ်သွားတယ်ဆိုတာရောဗျာ"

"ဆေးဆရာ အသုံးလေဗျာ"

"ဝမ်းလျှောတယ်ဆိုတာရောဗျာ"

"ဆရာဝန်အသုံးလေ ကိုခြောက်ပေရ"

"အော့ အီး လို့ပြောနေတာကရော"

"ကလေးအမေများသုံးတဲ့ အသုံးပေါ့"

"စဉ်းစားပေါ့ ဆရာမှိုင်းရာ။ ချေးကို ချေးလို့တစ်ခုတည်း ပညတ် ရင် တစ်ယူဆတည်းနားလည်လို့ ရလျက်သားနဲ့ မစင်၊ ခတ်၊ ဝမ်း၊ အညစ် အကြေး၊ အော့အီး၊ ဘွတ်ဘွတ် စသည့်နဲ့သုံးနေတော့ ဂျပန်တစ်ဦး မြန်မာ စကားလာသင်သလို ... နောက်ဆုံး ချေးတစ်မျိုးတည်းနဲ့ မှတ်ဉာဏ်[illegible] ပြီး ... တော်ပြီ မြန်မာစကား မပြောတော့ဘူး။ ဂျပန်စကားပဲ ပြောမယ် ဆိုပြီး မစင်ပုံကြည့်လို့ ပြန်ပြေးသတဲ့ဗျ"

"ဟား ... ဟား ... ဟား ... ဟား ... ခင်ဗျားလည်း မခေ ပါလား ကိုခြောက်ပေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ပညတ်ကို အထင်မကြီးပါနဲ့ဗျာ။ ပညတ်သွားရာ ဓာတ်သက်ပါသာဆိုတယ် မောင်ချမ်းသာလို့အမည်ပေးပြီး တောင်းစားနေရသူ ကျုပ်တွေ့ဖူးတယ်။ ကိုသံခဲလို့ အမည်ပေးပြီး အိပ်ရာကမထနိုင်သူလည်း ကျုပ်တွေ့ဖူးတယ်။ မယ်ဝဏ္ဏလို့၊ မချောမေလို့၊ မလှလွန်းလို့ အမည်ပေးပြီး ရုပ်က သွားခေါ၊ အသားမည်း၊ နှာခေါင်းတိုနဲ့ အလွန်ရုပ်ဆိုးတဲ့ မိန်းမတွေလည်း ကျုပ်အများကြီး မြင်ဖူးတယ်။ ကိုပိန်တာလို့အမည်ပေးပြီး ကျားကိုးစီး စားမကုန်တာမျိုးလည်း မြင်ဖူးတယ်။ မောင်တည်ငြိမ်လို့ အမည်ပေးပြီး မျောက်ရှုံးအောင်ဆော့နေတဲ့ ကလေးမျိုးလည်း အများကြီး ပဲ။ ရာဇဝင်ထဲက သူရဲကောင်းတွေကို အားကျပြီး မင်းရဲကျော်စွာလို့ အမည်ပေးထားတဲ့ငနဲက ခွေးလိုက်ဆွဲလို့ ချေးသေး ဖြန်းဖြန်းထွက်တာလည်း ကျုပ်မြင်ဖူးတယ်။ အခု ခင်ဗျားတို့က ကျုပ်ကို ကိုခြောက်ပေလို့ခေါ်တယ်။ မြစ်ဝကျွန်းပေါ်ဘက်ရောက်ရင် ကျုပ်ကို ကိုလံဘားလို့ ခေါ်ကြပြန်ရောဗျ။ အညာရောက်တော့ ကိုအရှည်ကြီးတဲ့။ ဒါကြောင့် နာမည်ပညတ်ဟာ မမြဲဘူးလို့ ကျုပ်ပြောတာပေါ့ ဆရာမှိုင်းရဲ့"

"ကိုခြောက်ပေ"

"ဘာတုံး ဆရာမှိုင်း"

"ခင်ဗျားမှာ မိန်းမရှိသလား"

"မိန်းမဆိုတာ ဘာကိုခေါ်တာလဲဗျ"

"ဇနီးကိုပြောတာလေဗျာ"

"ဇနီးဆိုတာကရော"

"မယားကိုပြောတာ ကိုယ့်ဆရာရေ ... မယားကိုပြောတာ"

"မယားဆိုတာကရော ဆရာမှိုင်းရ"

ကျွန်ုပ် ဂမ္ဘီရစာရေးဆရာသည် တစ်မြို့လုံးက အရူးဟုသတ်မှတ်ထားသောလူရဲ့ ပြန်လှန်မေးခွန်းများကြောင့် မိလိန္ဒမင်းကြီးကို တ,ပြီး ပြန်ဖြေနေရသော နာဂသေန စိတ်ညစ်ချင်သလို ဖြစ်လာ၏။

"မယားဆိုတာ ... လင်ကို မယိုးမရှုဖြစ်ပြီး ဟိုစိတ်လေ ဒီစိတ်လေ မဖြစ်ရအောင် အနားကနေ ပွတ်သပ်ယုယ စိတ်ရိုင်းစိတ်လွင့်ကို ချွန်း





နဲ့အုပ်ပြီး ချက်ပြုတ်လျှော်ဖွပ်ပြုစုတဲ့ ဆန့်ကျင်ဘက် လိင်ကိုပြောတာ"

"အဲဒါကို မိန်းမ၊ မယား၊ ဇနီး၊ ကြင်ရာအိမ်သူလို့ ခေါ်တယ်"

"ဟုတ်တယ် ... ခင်ဗျားမှာ အဲဒါမျိုး ရှိခဲ့လားဟင်"

"အမှန်က ရုပ်နဲ့နာမ်ပါဗျာ"

"ထားပါတော့ ကိုခြောက်ပေ။ ခင်ဗျားမှာ အဲဒီလို ရုပ်နဲ့နာမ် မိန်းမရှိလား"

သူစဉ်းစားနေ၏။ ပြီး ... အဝေးကိုတွေးသလို ငေးနေ၏။

"ရှိလားဗျ"

"မရှိပါဘူးဗျာ"

"ဒါဖြင့် ခင်ဗျားဆီကို တစ်ခါတစ်ရံလာနေတဲ့ အလွန်ချောတဲ့ မိန်းမက ခင်ဗျားနဲ့ ဘာတော်သလဲ ကိုခြောက်ပေ"

"ဟူး ..."

သူ သက်ပြင်းချလိုက်သည်။

"မသိချင်ပါနဲ့ဗျာ"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားအလုပ်က ဘာလဲ ဆရာမှိုင်း"

"စာရေးဆရာလေဗျာ"

"စာရေးဆရာ .... စာရေးဆရာဆိုတဲ့လူမျိုးဟာ အတော်ကို စပ်စပ်စုစုနိုင်တဲ့ လူစားမျိုးပဲကိုးဗျ။ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ဒီအကြောင်းတွေ ခင်ဗျား သိခွင့်ကြုံရပါလိမ့်မယ်။ လောလောဆယ်တော့ ခင်ဗျားရဲ့သိချင်စိတ်ကို မျိုသိပ်ထားဦးဗျာ။ ကျုပ် ... တိုင်းခန်းလှည့်ဖို့ စီးတော်မြင်းကို ချပ်ကြိုးဆင်လိုက်ဦးမယ်ဗျို့"

သို့ကလိုပြောပြီး နံငယ်တိုကို ခါ၍ ပြင်ဝတ်လိုက်၏။ အမြင်မတော်၍ မျက်စိမှိတ်ထားရသည့်ကြားမှ လူပင်လန့်သလို ဖြစ်သွားရ၏။ သူသည် နောက် သချိုင်းအပြင်သို့ လှစ်ခနဲ ပြေးထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

**[ ၁၅ ]**

❑

တစ်နေ့သောအခါ အရှူးကိုခြောက်ပေ၏အကြောင်းကို သူ့ဖွေး ဦးလာဘနှင့် ရပ်ကွက်လူကြီးတစ်ဦးရဲ့ ပြောပြချက်နှင့် ကိုခြောက်ပေရဲ့ ရဲဝံ့စွန့်စားစိတ်ဓာတ်ကို ကျွန်ုပ် ကြားခဲ့ရပြန်သည်။

ပြောရလျှင် . . .

အရူးကိုခြောက်ပေကို ရပ်ကွက်သူရပ်ကွက်သားများ ချစ်ခင်လေးစားရသည့် အကြောင်းတစ်ခု မြို့ထဲမှာ ဖြစ်သွားခဲ့၏။

ဆိုခဲ့သည့်အတိုင်း . . .

ကိုခြောက်ပေသည် နွေရာသီလိုညများမှာ ပူအိုက်လို့ပဲလား၊ အငြိမ်မနေနိုင်၍ပဲလားမသိ ဥဒဟို လျှောက်သွားနေ၏။





သူနေနေကျ သချိုင်းသို့ ပြန်အိပ်ချင်မှ အိပ်၏။

အထူးသဖြင့် နွေရာသီနှင့် ဆောင်းရာသီလို ညများများတွင် အရပ်တကာ လှည့်လေ့ရှိ၏။

အချို့အရူးများက သီချင်းဆို၏။ က,၏။ ဆဲရေး၏။

အချို့အရူးများက လိုက်တောင်းစားသလို ရှိ၏။

ကိုခြောက်ပေကား တစ်မူထူး၏။ ရပ်တကာလှည့်ရင်း သမ္ဘုဒ္ဓေကို အကြိမ်များစွာ ရွတ်နေလေ့ရှိ၏။

သူဓာတ်ကျလှသည့် အိမ်ရှေ့ရောက်လျှင် အခေါက် (၂၀)ခန့် ခြေစုံရပ်ပြီး ရွတ်လေ့ရှိ၏။

တစ်နေ့နှင့်တစ်ညလုံး သူရွတ်သည့် သမ္ဘုဒ္ဓေဂါထာသည် ခေါက်ရေနှစ်ထောင်သုံးထောင်ခန့်ရှိလိမ့်မည်လားမသိ။ ပါးစပ်မှ အမြုပ်ထွက်၏။

တန်ခိုးစွမ်းအင် ကြီးလှသော သမ္ဘုဒ္ဓေဂါထာကို အကြိမ်များစွာ ထုံနေအောင်ရွတ်နေလို့လားမသိ။ နဘယ်ဘေးကင်း၏။

သူ့ကို ခွေးမကိုက်။

လူရိုက်လို့ မကွဲ။

ဆိုင်ကယ်တိုက်လို့ မသေ။

တစ်ကြိမ်တုန်းကလည်း လမ်းပေါ်မှ ပျံ့လွင့်နေသည့် စက္ကူ[?]များကိုလိုက်ကောက်ပြီး လမ်းနံ့ဘေးမီးရှို့၏။

အဲဒီမှာ ဆိုင်ကယ်တစ်စီးက အရှိန်ပြင်းစွာဝင်တိုက်ပြီး ထွက်ပြေးသွားသည်။ အရှိန်မည်မျှ ပြင်းသလဲဟူမူ ကတ္တရာလမ်းပေါ် အမှိုက်ကောက်နေသည့်ကိုခြောက်ပေ လွင့်မြောက်ပြီး ဗုန်းခနဲ ပြန်ကျကာ လမ်းပေါ်မှာ လူးလိမ့်စဉ်သွားခဲ့သည်။

လမ်းသွားလမ်းလာများရဲ့ အလန့်တကြား အော်သံများပေါ်ပြီး ကားသွားကားလာ ယာဉ်သွားယာဉ်လာများ ရပ်ဆိုင်းသွားခဲ့သည်။

"အရူးခြောက်ပေကို ဆိုင်ကယ်တိုက်သွားသဟေ့"

"ဘယ်ကောင့်ဆိုင်ကယ်လဲကွဟေ့"

"မသိဘူး၊ တိုက်ပြီးပြေးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ခြောက်ပေ ... ခြောက်ပေ ..."

"ဟေ့လူ ... ခြောက်ပေ"

"ခေါ်လို့မရတော့ဘူး"

ခြောက်ပေ ခေါ်လို့မရတော့။ နံငယ်ပါကျွတ်နေ၍ ပြန်ဝတ်ပေးပြီး ဆိုက်ကားနဲ့ဆေးရုံသို့ ပို့လိုက်ကြသည်။ ဆေးရုံခုတင်ပေါ်မှာ ဆရာဝန်က နားကြပ်နှင့် စမ်းသပ်စစ်ဆေးသည်။

ဒဏ်ရာလုံးဝမရှိ။

သို့သော် လူက ခေါ်လို့မရတော့။

ဆရာဝန်က နှလုံးရှိရာသို့ နားကြပ်နှင့်ထောင်၍ စမ်း၏။ သွေးခုန်နှုန်းအတွက် လက်ကောက်ဝတ်ကို စမ်း၏။ ပြီးနောက် မျက်စိကိုဖွင့်၍ ကြည့်သည်။

"ဆုံးသွားပြီ"

"ဟာ ... ဖြစ်မှဖြစ်ရလေဗျာ"

"ဒီလူက စိတ်ကောင်းနှလုံးကောင်းရှိတဲ့ အရူးဗျ"

"သချိုင်းကုန်းမှာ တရားကျင့်ပြီးနေတာ"

"တစ်လောက မိန်းကလေးတစ်ယောက်ရဲ့အရှက်ကို အသက်နဲ့ ကာကွယ်လိုက်သေးလားဗျာ"

"သနားပါတယ်ဗျာ"

ကိုခြောက်ပေကို မသိသူရှား၏။ အမေရိကန်သမ္မတ နစ်ဆင်ရဲ့ အမည်ကို မသိချင်မသိမည်။ ဗြိတိန်ဝန်ကြီးချုပ် မာဂရက်သက်ချာရဲ့အမည် ကို မေ့ချင်မေ့မည်။ ကိုခြောက်ပေဟု ပြောလိုက်သည်နှင့် ကလေးရော လူကြီးရော သိကြသည်။

ခုတော့ ...

တစ်မြို့လုံး တစ်ရပ်လုံးကို သမ္မုဒ္ဒေရှုတ်ပြီး ခရီးလှည့်နေသည့် အရူးသူတော်ကောင်းကြီး လမ်းမပေါ်က အမှိုက်ကောက်ရင်း ဆိုင်ကယ် တိုက်လို့ သေဆုံးခဲ့ပြီ။

သို့နှင့် နောက်ဆုံး ရေခဲတိုက်မှာ ခဏထားလိုက်ကြသည်။ ပိုင်ရှင်





မဲ့မို့ အသုဘကား အားသည့်အချိန် သင်္ဂြိုဟ်ဖို့ပဲရှိတော့သည်။

သေဆုံးသည့်အချိန်က မနက် (၈)နာရီ။

သချိုင်းကုန်းမှ အရင်းနှီးဆုံးမိတ်ဆွေ စဏ္ဍာလကိုပွေးထူလည်း ရောက်လာပြီး မျက်ရည်ကျခဲ့သည်။

မွန်းလွဲ (၁၂)နာရီမှာ အသုဘချသည့် နိဗ္ဗာန်ယာဉ်လာ၍ ဖျာလိပ် ပတ်ပြီး ရေခဲတိုက်ခန်း တံခါးကိုဖွင့်လိုက်သောအခါ ...

"သ ... သ ... ရဲ"

"လုပ်ကြပါဦးဗျ ... မသာကြီး ငုတ်တုတ်ထိုင်နေတယ်ဗျ"

"အာရေး ... သ ... သ ... သရဲ ... သရဲ"

ဆေးရုံရဲ့ နာရေးကိစ္စကို တာဝန်ယူရသည့် ရေခဲတိုက်တာဝန်ခံ ကုလားကြီး ဦးရာကွတ်သည် ဒီနေ့သင်္ဂြိုဟ်ရမည့်မသာ ရေခဲတိုက်အခန်းထဲ မှာ ငုတ်တုတ်ကြီးထိုင်နေသည်ကို မမျှော်လင့်ဘဲ မြင်လိုက်ရသောအခါ လက် နှစ်ဖက်မြှောက်အော်ပြီး ဆေးရုံကော်ရစ်ဒါလမ်းအတိုင်း အလေန့်တကြား အော်ဟစ်၍ ပြေးတော့သည်။

"ရာကွတ် ... ရာကွတ် ... ဘာဖြစ်လို့လဲ"

"အမား ... မသာ ထိုင် နေ ... တယ် ... အမား"

"ဟဲ့ ... ဘယ်မသာတုံး ရာကွတ်ရဲ့"

"အာရေး ... အရူးမသာအမား။ လုပ်ပါဦး အမား"

ဆရာဝန်များ၊ သူနာပြုများနှင့် သန့်ရှင်းရေးလုပ်သားများ ရေခဲ တိုက်ရှိရာသို့ စုပြုံပြေး၍ လာကြည့်လိုက်သောအခါ ...

မသာကိုခြောက်ပေ မရှိတော့။

"ရာကွတ် ..."

"အာရေးဆရာ"

"ဒီနေ့သင်္ဂြိုဟ်ရမည့် ဟိုဆိုင်ကယ်တိုက်လို့သေတဲ့ မသာရော"

"ရာကွတ် ... ရေခဲတိုက်တံခါး ဖွင့်တယ်ဆရာ။ သူ့ အထဲမှာ တူနော် ... အထဲမှာ ငုတ်တုတ်ထိုင်ပြီး ရာကွတ်ကို လက်ယပ်ခေါ်တယ် ဆရာ။ ကြောက်စရာကြီးဆရာ။ အခု သူမရှိတော့ဘူး ဖြစ်တယ်ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လားကွာ ... သေနေပြီဥစ္စာ"

"သေရင် အလောင်းရှိမှာပေါ့ ဆရာ"

"'အပမျှား' ဝင်ရောလားဒေါက်တာ"

ဆရာဝန်သည် မျက်စိမျက်နှာ ပျက်နေ၏။ ရင်တုန်ပန်းတုန်လည်း ဖြစ်နေသည်။ သူကိုယ်တိုင်သေပြီဟု အတည်ပြုခဲ့သည့် မသာ။ အခု ရေခဲတိုက်ထဲမှာမရှိတော့။

အားလုံး ဆေးရုံဝန်းကျင်မှာ လိုက်ရှာကြသည်။ ရေခဲတိုက်တံခါးကား ပွင့်နေလျက် ...

ဘယ်သူမှုလည်း မတွေ့လိုက်ပါဟု ပြောကြသည်။

ကျောက်စင်ကား အလောင်းမဲ့လျက်။

နောက်ဆုံး သချိုင်းကုန်းအရောက် စုံစမ်းကြပါသော်လည်း စလ္လာလည်းပွေးပထုက ဒီသချိုင်းသို့ ရှင်ပြီးပြန်လာသည့် မသာအထူးအဆန်းကိုခြောက်ပေ လုံးဝရောက်မလာဟု ငြင်းဆိုခဲ့၏။

သို့နှင့် ...

အားလုံး လက်လျှော့နေလိုက်ပြီး ဘာသိဘာသာ နေလိုက်ကြသည်။

သုံးရက်မြောက်သောည ... သန်းခေါင်ယံ ...

ဆေးရုံရှေ့မှာ သမ္ဗုဒ္ဓေရွတ်သံကြား၍ ထွက်ကြည့်လိုက်သောအခါ ဆိုင်ကယ်တိုက်လို့ သေပြီဟုယူဆပြီး ရေခဲတိုက်ထဲ ထည့်ထားခံရသည့် အရူးကိုခြောက်ပေကို ဖြူန်းစားချည်း မြင်လိုက်ရသောအခါ ...

"သရဲ ... သရဲ ..."

"တစ္ဆေဗျို့ ... တစ္ဆေ"

"ပျောက်သွားတဲ့ မသာအရူးဗျို့ ... လာကြပါဦး"

အားလုံး တွေ့လိုက်ရပါပြီ။ အရူးကိုခြောက်ပေ ဆံပင်ဂျပ်ပိန်းဖားလျား၊ နံ့ငယ်တိုနှင့်။

သူကား သူ့ဝသီထုံးစံအတိုင်း လက်အုပ်ချီပြီး သမ္ဗုဒ္ဓေဂါထာကို အားရပါးရ ရွတ်ဆိုရပ်နေလျက်။





ထိုနေ့က စ၍ ...

သေရွာပြန် ကိုခြောက်ပေကို သက်ပြင်းခြောက်ပေဟူ၍လည်းကောင်း၊ သေမင်းလက်မခံ ခြောက်ပေဟူ၍လည်းကောင်း ဆေးရုံမှလူများက အမည်သစ်တစ်မျိုး ပေးလိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## [ ၁၆ ]

❑

တစ်ခါတုန်းကလည်း ဈေးရှေ့မျက်လှည့်ဝိုင်းမှာ အုတ်အော်သောင်းတောင်း အကျော်ဖေယျ ဖြစ်ခဲ့ရပြန်၏။

ဈေးကြီးရှေ့မှာ မျက်လှည့်ဝိုင်း။

လူအုပ်ကြီးက ဖွေးဖွေးလှုပ်နေ၏။

မျက်လှည့်ဆရာအမည်က ကိုးတောပြန် ဆရာကျိုင်းဟူ၏။ မျက်လှည့်ဝိုင်းက မြွေအလမ္ပာယ် မျက်လှည့်ဝိုင်းဖြစ်၏။

မျက်လှည့်ဆရာက အရပ်မြင့်မြင့်၊ ဆံပင်ဖားလျား၊ ရှမ်းဘောင်းဘီနှင့် တစ်ကိုယ်လုံးမှာ မြွေရုပ်များအနှံ့ထိုးထား၏။

သူ့ရှေ့မှာ ငန်းပုပ်မြွေကြီးက လေးပေခန့် ရှည်၏။

ပါးပျဉ်းကား ... သံပန်းကန်ပြားခန့်ရှိပြီး ရှူး ... ရှူးနှင့် ပါးပျဉ်းထောင်၍ ဟိုကြည့်ဒီကြည့် ကြည့်နေ၏။





"ဒါ ငန်းပုပ်မြွေဆိုးပါခင်ဗျာ။ ဒီငန်းပုပ်မြွေဆိုးကြီးများဟာ သူတို့ရဲ့ အသိုက်အနီးကို လူလာရောက်ခဲ့ရင် မတ်တတ်ကြီးလိုက်ပါတယ်။ ဒေါသကြီးရင်လည်း ရပ်ပြီးလိုက်ပါတယ်။ ဒီမှာ ကြည့်ပါ ..."

ဒီမှာ မြွေအလမ္ပာယ်ဆရာ ကိုးတောပြန်ဆရာကျိုင်းက မြွေအမြီးကို လက်ထဲက ဆေးကြိမ်လုံးဟူသည့် ကြိမ်လုံးနှင့် ရိုက်လိုက်ရာ ...

"ဖူး ..."

"ဟာ ... ဟာ ..."

"အမယ်လေး ... နောက်ဆုတ် ... နောက်ဆုတ် ..."

ငန်းပုပ်မြွေကြီးသည် ဖူးဟု ဒေါသတကြီး အသံပြုပြီး ကိုယ်ကို ဆန့်၍ ရပ်လိုက်ရကား ပွဲကြည့်ပရိသတ်များ လန့်၍ နောက်ဆုတ်သွားကြရ၏။

အဘယ်ကြောင့်မူ ...

မြွေငန်းကြီးမှာ လူတစ်ရပ်ခန့်ခုန်၍ မြွေဆရာကို လှမ်းပေါက်လိုက်သောကြောင့် ဖြစ်လေသည်။

မြွေဆရာ ကိုးတောပြန် ဆရာကျိုင်းကလည်း လျင်မြန်လှသည်။ နောက်နှစ်လှမ်းခုန်၍ ညာလက်ဝါးကို ထောင်ပြလိုက်သောအခါ မြွေငန်းကြီးသည် ငြိမ်၍ တန့်သွား၏။

"ဒီမြွေမျိုးက အလွန်အဆိပ်ပြင်းပါတယ်။ သူ့ဥကို ခိုးယူခဲ့ရင် ရေခြားမြေခြားအထိ အနံ့ခံလိုက်ပြီး ကလဲ့စားချေတက်ပါတယ်။ အဆိပ်ရှိမရှိ အဆိပ်ပြီးမပြီး ကျွန်တော် လက်တွေ့သက်သေပြပါမယ် ... ကြည့်ပါ"

ဒီမှာ ဆရာကျိုင်းက ပုလင်းလေးတစ်လုံးကို ဖွင့်၍ ကြွက်တစ်ကောင်ကိုထုတ်ပြီး ငန်းပုပ်မြွေကြီးရှေ့သို့ ပစ်ချပေးလိုက်သောအခါ မြွေဆိုးကြီးက လျှပ်စီးလက်သလို ကြွက်ကို လှမ်းပေါက်လိုက်ရကား ...

ရေနွေးပန်းကန်လုံးခန့်ရှိသော ကြွက်သည် နှစ်ပေခန့်မြောက်တက်သွားပြီး ခြေလက်အကြောဆွဲ၍ ချက်ချင်း အသက်ထွက်သွားခဲ့လေသည်။

"အားလုံး မြင်ပါပြီလား ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



သူက ကြွက်သေကိုကောက်၍ တစ်နေရာမှာ သိမ်းလိုက်၏။ မြွေကြီးက ကြွက်သေကိုစားလို၍ လှမ်းကြည့်လှမ်းကြည့် လုပ်နေလွန့်နေပုံကား ကြောက်မက်ဖွယ်ကောင်းလှ၏။

"ပရိသတ်ကြီးခင်ဗျား အခုလို အဆိပ်ပြင်းလှသည့် မြွေကြီးများ ကိုက်လို့ မသေတဲ့ကာကွယ်မြွေဆေး ကျွန်တော့်မှာ ပါပါတယ်။ အလိုရှိတဲ့ လူ၊ ယုံကြည်တဲ့လူကိုပဲ ဦးစားပေး ဖြန့်သွားပါ့မယ်။ ဒီဆေးဘယ်လောက် စွမ်းသလဲဆိုရင် ဒီမှာကြည့်ပါ ..."

ဒီမှာပဲ ကိုတောပြန်ဆရာကျိုင်းက အခဲလေးတစ်ခုကို ယူလိုက်ပြီး ညာလက်မှာဆုပ်၍ မြွေငန်းကြီးရှေ့မှာ လက်သီးကိုစင်းပေးလိုက်သော အခါ ...

မြွေငန်းပုပ်ကြီးသည် ပါးပျဉ်းကြီးနှင့်ပေါက်ရန် ရွယ်လိုက်၏။ ပြီးကာမှ အနံ့တစ်စုံတစ်ရာကို ရှူရှိုက်မိပြီး နောက်သို့တွန့်၍တွန့်၍ သွားသည်ကို အားလုံး မျက်ဝါးထင်ထင် မြင်လိုက်ရပြီး အံ့သြကြကုန်၏။

"ကိုက်လေ ... ကိုက်စမ်း"

"ပေါက်စမ်းလေ ... မင်းပေါက်ရဲရင် ပေါက်စမ်းပါ"

ငန်းပုပ်ကြီးက လုံးဝမပေါက်ရဲ။ မြွေဆရာလက် ရှေ့တိုးလာလေ သူ့ဦးခေါင်းက နောက်ဆုတ်လေဖြစ်နေ၏။

"အဲဒါ ကျွန်တော်မြွေဆေးရဲ့ လက်တွေ့အစွမ်းပါ။ ပရိတ်သတ်များရှေ့မှာပဲ ဒီငန်းပုပ်ကြီး အဆိပ်ရှိမရှိ ကျွန်တော့်ဘက်က ပြပြီးပါပြီ။ ဒီမြွေကိုက်ရင် သေနိုင်တယ်ဆိုတာ မယုံသူရှိရင် ကိုယ့်အသက်ကိုယ် တာဝန်ယူရဲရင် စည်းဝိုင်းထဲဝင် စမ်းကြည့်လို့ရပါတယ်။ အဆိပ်ရှိတာ မယုံသူရှိရင် ဝင်ခဲ့ပါ။ အခုဝင်ခဲ့လို့ရပါတယ်"

မည်သူမျှ မဝင်ရဲ။

ဒီအချိန်မှာပဲ လူတစ်ယောက်သည် မြွေအလမ္ပာယ်စည်းဝိုင်းထဲသို့ ခုန်ဝင်လာလိုက်၏။

"ဟာ ..."

"ဟ ... ဟ ..."





"အလို ... အရူးခြောက်ပေပါလားဟ"

"ဟ ... ခြောက်ပေ ဘာလုပ်မလို့လဲ"

"သေလိမ့်မယ် ... ထွက် ... ထွက် ..."

အားလုံးမြင်လိုက်ရသည်ကား အရူးကိုခြောက်ပေဖြစ်၏။ မြွေအလမ္ပာယ်ဆရာကျိုင်းသည် သူ့စည်းဝိုင်းအတွင်းသို့ ခုန်ဝင်လာသည့် အရပ်ရှည်ရှည်၊ ဆံပင်ဂုပ်ပိန်း၊ နံငယ်တိုဝတ်ပြီး အင်္ကျီကျောပြောင်နှင့် ဗလကောင်းကောင်းလူကို မြင်လိုက်ရသော် အံ့သြ၍ ကြည့်နေ၏။

"ဟေ့လူ ခင်ဗျား ဘာလုပ်မလို့လဲ"

မြွေဆရာ၏အမေးကို ကိုခြောက်ပေက ပါးစပ်နှင့်မဖြေ။ လူစိမ်းနံ့ရလို့ မာန်ဖီလိုက်ကြည့်နေသည့် မြွေငန်းကြီးကို လက်ညှိုးထိုးပြလိုက်သည်။

"ခင်းဗျားက မြွေကိုက်ခံမလို့လား"

"အင်း ..."

"ဘုရားရေ ... ဒါ အဆိပ်အပြင်းစား မြွေဆိုးနော် ကိုယ့်လူ"

"အင်း ..."

"မလုပ်ပါနဲ့။ ခင်ဗျား သေသွားလိမ့်မယ်။ ပြန်ထွက်သွားပါ"

မြွေဆရာက စေတနာနှင့် ပြောနေခြင်းဖြစ်သည်။ ကိုခြောက်ပေက ခေါင်းကို တွင်တွင်ယမ်းလိုက်၏။ ပရိသတ်များကလည်း စိုးရိမ်လို့မဆုံး။

"ခြောက်ပေ ... ပြန်ထွက်"

"ဟေ့ကောင် ... အရူး ပြန်ထွက်"

"မြွေဆရာ ... အဲဒီလူ စိတ်မနံ့ဘူး။ ပြန်ထွက်ခိုင်းပါဗျို့"

ပရိသတ်က ခြောက်ပေအတွက် စိုးရိမ်လို့ ဝိုင်းအော်ကြ။

"ကိုင်း ... ဆရာကြီး ... ပြန်ထွက်ပါ"

"ဟင့်အင်း"

"ဟာ ... ဒုက္ခပဲ။ ကျုပ် ထောင်ကျလိမ့်မယ်ဗျ။ ထွက်ပါ ... သွားပါဗျ ... ထွက်ပါ ... ထွက် ... ထွက် ..."

မြွေဆရာ ဆရာကျိုင်းက သူ့စည်းဝိုင်းထဲ မြွေကိုက်၍ သေလျှင် သူ့ပါ အဖမ်းခံထောင်ကျမည်ကို သိ၍ အရူးခြောက်ပေကို အတင်းဆွဲနှင်



www.burmeseclassic.com

www.burmeseclassic.com



တွန်းလွှတ်သည်။

ဒီမှာပဲ အရှုးကိုခြောက်ပေက မြွေဆရာကို ပြန်တွန်းလွှတ်လိုက်ပြီး ဖြုန်းဆို ငန်းပုပ်ကြီးရဲ့ရှေ့သို့ သူ့ညာလက်ကို ဆန့်ထုတ်ပေးလိုက်စဉ်မှာပဲ ...

"ဖောက်"

"ဟာ ..."

"အမယ်လေး ..."

"ပေါက်လိုက်ပြီဟ"

"ဒုက္ခပဲ ... ဟော့"

လျှင်မြန်လွန်းလှသော ငန်းပုပ်မြွေကြီးသည် သူ့မျက်စိရှေ့ဝင်လာသည့် အရှုးခြောက်ပေရဲ့ညာလက်ခုံကို အစွယ်နှင့်ပေါက်လိုက်ရာ ဖောက်ခနဲမြည်သံနှင့်အတူ အရှုးခြောက်ပေ တွန့်၍ သွားလေ၏။

မြွေဆိုးကြီးက နောက်ကို အားယူဆုတ်ပြီး အရှိန်ယူနေသည်။ မြွေဆရာလည်း မျက်လုံးပြူး၊ ပရိသတ်လည်း တစ်ပြိုင်နက် ဟာ ... ဟင် အသံထွက်၍ ကြောင်နေစဉ် ...

အရှုးကိုခြောက်ပေသည် သူ့ညာလက်ကောက်ဝတ်ကို ဘယ်လက်နှင့်ဖမ်းညှစ်လိုက်ပြီး မြွေစွယ်ရာအပေါက်ကို ပါးစပ်နှင့်ငုံ၍ အားကုန်စုပ်ပစ်လိုက်သည်။

ပြီး ... ဖွီး ဟု ထွေးထုတ်ပစ်လိုက်သည်။

ဝါကြန့်ကြန့်အရည်စက်နှင့် သွေးအချို့ရော၍ မြေပြင်သို့ကျလာ၏။ နောက်ထပ် သုံးလေးကြိမ်စုပ်လိုက်ပြီး ထွေးထုတ်လိုက်ပြန်သည်။ သည့်နောက် လက်အုပ်ချီ၍ ပါးစပ်မှ ဘုရားစာလိုလို၊ မန္တန်လိုလိုစာကို တိုးညင်းစွာ ရွတ်ဆိုနေရင်း သူ့တစ်ကိုယ်လုံးသည် နတ်ဝင်သည့်လို ဘယ်ညာယိမ်းထိုးနေ၏။

"အဆိပ်တက်နေတာဗျ"

"ဒုက္ခတော့ရောက်ပြီပေါ့ကွာ"

"အဲဒါ ဘယ်လိုလုပ်ကြမလဲ"





"ဘာမှ လုပ်မနေနဲ့တော့။ မြွေဆရာက မလုပ်ပါနဲ့လို့ အတန်တန်တားနေစဉ်ကြားက ဒီအရှုးကဝင်လုပ်တော့ သူ့ထိုက်နဲ့သူ့ကံပေါ့"

မြွေဆရာကား အကြီးအကျယ် လန့်နေ၏။

"ခင် ... ခင်ဗျားတို့ ... အ ... အ မြင်ပါ ... ဗျာ ... နော်နော် .. ကျုပ် ... ကျုပ် တား တားနေတာပါ ... ဗျာ ... နော်"

"မြွေဆရာ"

"ခင် ... ခင် ... ဗျာ ... ဗျာ ..."

"ခင်ဗျား ဆေးနဲ့မြွေဆိပ်ဖြေပေးလို့ မရဘူးလားဗျ"

"အဲ ... အဲ ... ဟို ... ဟို ... ဟို ... ဟို ..."

မြွေဆရာကား လူအချို့ရဲ့အမေးကို ပြန်မဖြေနိုင်။

"ဆေးကျွေးလေဗျာ ... ဘာလုပ်နေတာလဲ"

"အဲ ... အဲ ... ဒီ ... ဒီ ဆေးက ... ဟ ... ဟ ... အ အ ..."

"ဟာ ... ဟာ ... ကြည့်ကြစမ်းဟော့"

"ဟ ... ဟ ... မြွေကြီး ဘယ်လိုဖြစ်သွားသတုံးဟ"

"အလိုလေး ဆန်းလှချည့်လားဗျာတို့ ..."

ကိုခြောက်ပေ နတ်ဝင်သည့်လို လက်အုပ်ချီပြီး တုန်နေစဉ် မြွေကြီးမှာလည်း ဘယ်ညာယိမ်းထိုး လူးလွန့်နေ၏။ မြွေဆိုးကြီး လူးလွန့်နေပုံကား ဝေဒနာတစ်ခုကို အပြင်းအထန် ခံစားရသလိုရှိပြီး မြေပြင်ပေါ်မှာ ပက်လက်လန်၍ လူးလွန့်နေ၏။

မြွေကြီးသည် အပြင်းအထန် လူးလွန့်ရာမှ တဖြည်းဖြည်း ငြိမ်ကျသွားသည်ကို မြင်လိုက်ရသောအခါ ....

မြွေအလမ္ပာယ်ဆရာ သရာကျိုင်း မျက်လုံးအစုံပြူးပြီး သူ့ မြွေကြီးရဲ့ဖြစ်အင်ကို ကြည့်လို့ အံ့သြနေသလို ...

ပါးစပ်က မန္တန်လိုလို၊ ဘုရားစာလိုလိုရွတ်ပြီး လက်အုပ်ချီလျက်နှင့် စည်းဝိုင်းအတွင်းမှ ထွက်ခွာသွားသော အရှုးကိုခြောက်ပေကိုကြည့်ပြီး ရင်သပ်ရှုပ်မော အံ့သြဝမ်းသာ ဖြစ်ကုန်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ခြောက်ပေ ... မသေဘူးဟ"

"မြွေကြီး သေပြီနဲ့ တူရဲ့ကွာ"

"မြွေသေသွားတာလား ... မေ့သွားတာလားဟ"

"မသိဘူးဗျ"

"ငါတို့ခြောက်ပေ မြွေပြီးသနဲ့ တူရဲ့ဟ ... ဟင်"

"မန္တန်စွမ်းလို့လားမသိဘူး"

"မြွေပြီးဆေးရှိလိမ့်မယ် တူသဟ မောင်ရ"

လူအုပ်ကြီးသည် အချို့က အရှူးကိုခြောက်ပေနောက်သို့ လိုက်၍သွားကြ၏။ အချို့ကား စင်းစင်းစန့်နေသည့် နှစ်လံခန့်ရှည်သော ငန်းပုပ်မြွေကြီးကို လှုပ်ကိုင်ကြည့်နေသည်။ မြွေအလမ္ပာယ်ဆရာ ကိုးတောပြန်ဆရာကျိုင်းရဲ့ မြွေဆိပ် ချက်ချင်းဖြေပေးနိုင်သည့် မြွေဆေးရောင်းချင်သူဘဝကို နားလည်သဘောပေါက်စွာ ဝေဖန်ရင်း ...

"တော်သေးတာပေါ့ ... ငါတို့ သင်းဆေးများ ဝယ်ယူအားပေးမိရင် အုန်းကြီးသုံးပါးနဲ့ ဆွမ်းသွတ်ရကိန်းကို ဆိုက်ရော"

ဟုပြောဆိုပြီး မြွေဆရာအနီးမှ ဖယ်ကြဉ်၍ သွားကြလေသည်။

■ ■ ■

# [ ၁၇ ]

❑

အရှူးကိုခြောက်ပေကို ရပ်ကွက်သူ ရပ်ကွက်သားများ အလေးထားချစ်ခင်ရသည့် အကြောင်းရင်းတစ်ခုသည် မြို့လယ်ရပ်ကွက်အတွင်း ဖြစ်သွားခဲ့၏။

ဆိုခဲ့သည့်အတိုင်း ...

ကိုခြောက်ပေသည် နွေရာသီလိုညများမှာ အကျီချွတ်ကြီးနှင့် မအိပ်မနေ လျှောက်သွားချင် သွားနေလေ့ရှိ၏။

အိပ်ချင်လျှင် နီးရာအုတ်ခုံပေါ် အိပ်၏။

ဒါမှမဟုတ် ဈေးရာလေးတိုင်စင် အကြော်တဲမှာ ဖိုခဲ့ပေါက်ကို ခေါင်းအုံးပြီး စက်တော်ခေါ်၏။

သူ့ စတည်းချရာ သချိုင်းသို့ ပြန်ချင်မှပြန်၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နွေရာသီနှင့်ဆောင်းရာသီလို ညမျိုးများမှာ ဥဒဟို လျှောက်သွားပြီး အလကားနေ သမ္ဗုဒ္ဓေကိုရွတ်သည်။ နမောတောဂါထာကို ရွတ်သည်။ မေတ္တာသုတ်ကို ဓမ္မဂီတသံပေါက်အောင် ရွတ်သည်။

သူစာတတ်ကျသည့်အိမ်၊ စိတ်အလိုရှိသည့် အိမ်ရှေ့မျိုးရောက်လျှင် အိမ်ကို လက်ညှိုးထိုးပြီး ပရိမိတ္တဇာလသုတ်ကို ရွတ်၏။

ပရိမိတ္တဇာလသုတ်ကား မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ နေတော်မူစဉ် နဂါး၊ ဂဠုန်၊ ကုမ္ဘာန်၊ ယက္ခ တို့၏ အစောင့်အရှောက်နှင့် ဟောကြားတော်မူသော သုတ်ဂါထာဖြစ်၏။

လွန်စွာ တန်ခိုးကြီး၏။

နားကြားရုံနှင့်ပင် ဘေးအန္တရာယ်ကင်း၏။

ရွတ်သော် ဘေးအန္တရာယ်ကင်းဝေးရုံမက အပါယ်တံခါးပါ ပိတ်သည်ဟု အဆိုရှိသော သုတ်တစ်မျိုးဖြစ်၏။

နေ့စဉ် ညစဉ် မနေမနားရွတ်ဆိုနေသည့် ဂုဏ်တော်ဂါထာမန္တန်သိဒ္ဓိများက ထုံနေလို့လားမသိ။

သူ့မှာ နဘယ်ဘေးမရှိခဲ့။ ရန်များ အောင်မြင်နေ၏။

တစ်ည သန်းခေါင်းယံမှာ ဖြစ်သည်။

သူ ထုံးစံအတိုင်း ပါးစပ်မှ ပေါက်ပေါက်ဖောက်သလို မန္တန်များ ရွတ်၍ လျှောက်သွားနေစဉ် ...

လူနှစ်ဦးသည် တိုက်အိမ်နံရံအုတ်ရိုးကို ကျော်၍ အပြင်လမ်းဘက်ရှိရာသို့ ခုန်ချလိုက်ကြသည်။

ဒါကို အရှူးကိုခြောက်ပေ မြင်တော်မူလေ၏။

စကား လုံးဝမပြောသည့်ကိုခြောက်ပေ စကားပြောချင်လာသည်။ သူတို့နှစ်ဦးကလည်း အထုပ်ကြီးကိုယ်စီပိုက်၍ ကိုခြောက်ပေအရူးကို ဂရုမစိုက်ဟန်နှင့် ကုပ်ကုပ်ကွယ်ကွယ်နှင့် ရှေ့ကသွားနေ၏။

သူ မနေနိုင်သည့်အဆုံး စကားလုံးနှင့် လှမ်းခေါ်လိုက်သည်။

"ဟို ... နှစ်ကောင် ..."

သူ့ခေါ်သံကြောင့် မသင်္ကာဖွယ်လူနှစ်ဦး ချာခနဲ လှည့်ကြည့်ပြီး





လက်တို့ မေးငေါ့လို့ ခပ်သုတ်သုတ်လှမ်းကြ၏။

"ဟေ့ကောင် ... နှစ်ကောင် ... မင်းတို့ဘာလဲ။ ငါလို ကောင်စားပဲလား ... သူလိုကောင်စားလားကွ။ မိတ်ဆက်ချင်လို့ ရပ်ပါဦးကွ ... ဟေ ... အေး ... အဟေ့ ... ဟေ့ ..."

ဒီမှာ နှစ်ယောက်အနက် တစ်ယောက်သောသူက အထုပ်ကြီးကို ပစ်ချလိုက်ပြီး ခါးကြားမှဓားမြှောင်ကို ဆွဲထုတ်ကာ အရူးကိုခြောက်ပေရှိရာသို့ ပြေးဝင်လာလိုက်သည်။

"နေရာတကာ ဝင်ရှုပ်ချင်တဲ့ အရူး။ မင်းလိုကောင် သေတာပဲကောင်းတယ်။ ကိုင်း ... သွားပေရော့ ..."

လူစိမ်းက ဓားမြှောင်နှင့် အားကုန်ပြေးဝင်အထိုး ...

"ဟ ... ဟ ... ဟေ့ကောင် ... နေ ... နေပါဦးဟ"

"သေဟ"

ကံတရားများ ဆန်းကြယ်ချင်တော့ ... ကြည့် ... ဓားနှင့် သူ့ရင်ဝကိုပြေးစိုက်ရန် အလာမှာပဲ လူစိမ်းသည် နွားချေးပုံလိုအရာကို တက်နင်းပြီး လျှောခနဲလဲကျသွားလေရာ ...

ကံမကောင်းချင်တော့ ...

မှောက်လျက်လူးလိမ့်ကျပြီး သူ့ဓားနှင့် သူ့ဝမ်းဗိုက်ကိုထိုးမိပြီး မြေပြင်မှာ လူးလိမ့်အော်ဟစ်တော့သည်။

"အား ..."

"အား ... မြ ... သန်း ... မြသန်း ... လာ ပါ ... ဦး ... အားမလေးဗျ"

"မြ ... သန်း ... ရေ ... အား ... အင်း ... အင်း ..."

ဓားတန်းလန်းလူက သူ့အဖော်ရဲ့အမည်ကိုခေါ်ပြီး နာကျင်စွာ အော်ဟစ်၍ ကုန်းထသည်။ ခါးကုန်းကုန်းနှင့် ပြေးရင်းလဲကျသွားပြန်သည်။

ဒီမှာပဲ သူ့အဖော်က အထုပ်ကြီးပိုက်ပြီး မှောင်ရိပ်ထဲ ဝင်၍ ပြေးလေ၏။ သိလိုက်ပြီ။ ဒါ ... ညဥ့်မကောင်းဆိုးဝါး။

သူခိုး ...



www.burmeseclassic.com

www.burmeseclassic.com



"သူခိုးဗျို့ ... သူခိုး ... သူ ... ခိုး ..."

"သူခိုးဟေ့ ... သူခိုး ... ထွက်ကြဟ ... သူခိုး ..."

"အရပ်ကတို့ ... သူခိုး ... သူ ... ခိုး ... သူခိုးဟ ... ထကြပါဟ"

ကိုခြောက်ပေ ခုနစ်သံချီမြှင့်ပြီး အော်လိုက်သံကြောင့် ရပ်ကွက်လမ်းထဲကလူများ လက်နှိပ်ဓာတ်မီးကိုယ်စီ၊ တုတ်ဓားကိုယ်စီနှင့် ရောက်လာကြ၏။

"သူခိုး ... သူ ... ခိုး"

အရှုးကိုခြောက်ပေကလည်း ပါးစပ်ကို လက်ဝါးကာ၍ အော်သည်။ အော်ဟစ်ရင်း တောင်ပြေး မြောက်ပြေး လုပ်နေသည်။

"ဘယ်မှာလဲကွ သူခိုး"

"သူခိုး မဟုတ်ဘူးဟ ... အရူးခြောက်ပေ ... လျှောက်အော်နေတာဟ။ အိပ်ရေးပျက်ပါ့ကွာ"

"သူခိုး ... သူခိုး ..."

"ဒုက္ခပေးတဲ့ အရူးပါကွာ ... ချီး ..."

"သူခိုး ... ဟေ့ ... သူခိုး ... ပိုင်းကြ ဆီးကြ ... အနောက်ဘက်ကပိုင်း ... အရှေ့ဘက်ကဆို့။ မင်းကြီးတို့ အမြောက်နဲ့ထုပါဟ"

"ဟေ့ကောင် ... ခြောက်ပေ။ ဘယ်မှာလဲ သူခိုး"

"မြေလျှိုးသွားပြီကွ"

"ဟေ့ကောင် ... ခြောက်ပေ ..."

"ဖြောင်း ..."

ဒီမှာပဲ ကိုခြောက်ပေထက် ပိုအရပ်မြင့်သည့် အရပ် (၇)ပေရှိ ကိုမြင့်မိုတောင်ဆိုသူက ခြောက်ပေရဲ့ကျောကို လှမ်းရိုက်ရင်း ...

"ခြောက်ပေ ..."

"အမ် ... အမ် ..."

"မင်း အချိန်မတော် ရွာရပ်လန့်အောင် ဘာလို့မဟုတ်တရုတ် လျှောက်အော်နေရတာလဲ"





"သူခိုးလေ ... သူ ... ခိုး"

"ဘယ်မှာလဲ ... မင်းအမလင် သူခိုး"

ဒီမှာပဲ အရူးခြောက်ပေက လမ်းနံဘေး ပိစပ်ချုံပုတ်ရှိရာသို့ လက်ညှိုးထိုးပြလိုက်ရော ...

လူအုပ်က ပိစပ်ချုံရှိရာသို့ လက်နှိပ်ဓာတ်မီးနှင့် ဝိုင်းထိုးကြည့်လိုက်သောအခါ ...

"ဟာ ..."

"လူတစ်ယောက်ဟေ့ ..."

"ဟာ ... ဓားဒဏ်ရာနဲ့ဟ ... သွေးတွေ ရွှဲနေတာပဲ"

"သေပလားကွ"

"မသိဘူး"

"အသာဆွဲထုတ်လိုက်"

"ခြောက်ပေ"

"အင် ..."

"မင်းသူ့ကို ဓားနဲ့ထိုးလိုက်သလား ... မြန်မြန်ပြောပါဟ ... လူလွန်မသား အနာကျကောင်ရ"

"ဟင့်အင်း"

"ဒီကောင် သူခိုးလား"

"အင်း ... အင်း ..."

"ဘယ်အိမ်ကို ဒီကောင်ခိုးလို့တုံး ခြောက်ပေရ"

ဒီမှာ အရူးခြောက်ပေက မလှမ်းမကမ်းရှိ အုတ်နံရံစည်းရိုးနှင့် အိမ်ကြီးကို လက်ညှိုးထိုးပြလိုက်သည်။

"ဒီအိမ်ကလား ..."

"အင်း ..."

"ဒါ သူဌေးဦးသိန်းလင်း အိမ်ပဲကွ"

"ဒီလောက်ဆူညံနေတာတောင် ဒီအိမ်က မနိုးပါလား"

"ဦးသိန်းလင်းခယ်မများ ရောက်နေဆိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်နိူးစမ်းကွာ"

"ဗျို့ . . . ဦးသိန်းလင်း . . . ဦးသိန်းလင်း . . ."

"ဗျို့ . . . သူဌေး ဦးသိန်းလင်း . . . ထကြပါဦးဗျ"

"အားလုံးသေကုန်ပလား မသိဘူး ဦးမြင့်မိုတောင်"

"သူ့ခယ်မတွေပါ သတ်ပစ်လိုက်ပြီနဲ့ တူတယ်"

"ဦးသိန်းလင်းရော ရှိရဲ့လားကွ . . . ဘကျားရ"

"ညနေတုန်းကတောင် အိမ်ရှေ့ပန်းခြံမှာ အရက်သောက်နေသေးသဗျ။ ဗျိုး . . . ဦးသိန်းလင်း"

"ခေါ်လို့မကြားရင် ခေါင်မိုးပေါ် ခဲလုံးပစ်တင်ကွာ"

ဒီမှာ လက်ကျမြန်လှသည့် မောင်မှိုင်းကြီးဆိုသူနှင့် ဟဲဗီးဝိတ် အလေးမချန်ပီယံ ကိုလေးမောင်တို့က အုတ်ပိုင်းကျိုးငါးလုံးခန့်ကို သူဌေး ဦးသိန်းလင်းတိုက်သွပ်မိုးပေါ်သို့ ပစ်တင်လိုက်ရာ တဝုန်းဝုန်း တဒိုင်းဒိုင်း အသံများဆူညံ၍ သွားခဲ့လေ၏။

ဒီမှာ တိုက်အပေါ်ထပ်မှ လျှပ်စစ်မီးလင်းလာပြီး ပြတင်းတံခါးချပ်များ ပွင့်လာခဲ့လေ၏။

"ဟေ့ . . . ဘယ်ကောင်တွေ . . . ငါ့အိမ်ကို ခဲနဲ့ပစ်တာတုံးကွ။ သိန်းလင်းကွ . . . သောင်းဝင်း . . . ထောင်ဝင်း မဟုတ်ဘူး။ မိုက်တဲ့ကောင် ခြံထဲဝင်လာ"

ဒီမှာပဲ ခပ်ဝဝ မျက်နှာပြပြနှင့် မိန်းမနှစ်ဦးတို့ကလည်း ပြတင်းပေါက်ဝမှ ကလော်တုတ်ကြလေ၏။

"ဟဲ့ . . . အကုသိုလ်ကောင်တွေ . . . နင်တို့ လက်အငြိမ်မနေနိုင်ရင် . . . ကိုယ့် . . . အဲလေ . . . ဓာတ်ကြိုးကို သွားကိုင်ပါလား။ ကျားဖင်ကိုနှိုက်ကြပါလား။ ဘာလို့ ငါ့အစ်ကိုအိမ်ကို ခဲနဲ့ပစ်ရတာတုံး"

"နင်တို့နှမ မင်္ဂလာဆောင်လို့ ခဲဖိုးတောင်းတာလား"

"ဓာတ်လမ်းက ရှုပ်ကုန်ပြီ ဦးမြင့်မိုတောင်"

"မောင်မှိုင်းကြီးတို့ကလည်း ပစ်တာများသွားသကိုးကွာ။ မိုးကြိုးအကြိမ်တစ်ရာပစ်ချတာ ကျနေတာပဲ"





"ထပ်ဆော်ရဦးမလား ဦးလေးတောင်"

"မလုပ်နဲ့၊ ကိုသိန်းလ မှာ နှစ်လုံးပြူးသေနတ်ရှိသလိုလို ကြားတယ်။ နေ . . . နေ . . . ငါပြောမယ်"

"ဗျိုး . . . ဦးသိန်းလင်း"

"ဘယ်ကောင်လဲကွ . . . လူမိုက်ခါးကုန်း လေးမောင်လား"

"မဟုတ်ပါဘူး . . . ကျုပ်တို့ပါ။ မြင့်မိုတောင်တို့ပါ"

"ဟေ့ကောင် . . . ငတောင် . . . မင်းတို့က အချိန်မတော် ငါ့အိမ်ကို ဘာလို့ခဲမိုးရွာချရတာလဲ။ ငါ အခုချက်ချင်း ဝန်ကြီးချုပ်ဆီကို ဖုန်းဆက်ပြီး မင်းတို့ကို ဖမ်းခိုင်းမယ်"

"လုပ်ပြီဟေ့ . . ."

"စပြီ ကိုယ့်လူတို့ရေ"

"ရှင်းမရအောင် ရှုပ်တော့မယ်ဗျို့ . . . ဦးတောင်"

သူဌေးဦးသိန်းလင်းကား တစ်ဆိတ်ရှိ ဝန်ကြီးချုပ်ဆီဖုန်းဆက်မည် ချည်းလုပ်လေ့ရှိ၏။ တစ်ရပ်ကွက်လုံးအနက် သူ့အိမ်မှာပဲ ကြိုးဖုန်းရှိ၏။ ကြိုးဖုန်း ရှားရှားပါးပါးရှိနေသဖြင့် မြောက်ကြွမြောက်ကြွ လုပ်၏။

ခွေးလိုက်ဆွဲလည်း ဝန်ကြီးချုပ်ဆီဖုန်းဆက်မည် လုပ်၏။

ထဘီပျောက်လည်း ဖုန်းဆက်မည်လုပ်၏။

ယုတ်စွအဆုံး . . . သူ့ခယ်မများ အလည်ရောက်နေတုန်း အိမ်ရှေ့မှ ကာလသားများ လမ်းသလားနေသည်ကိုမြင်လျှင်ပင် ငါဝန်ကြီးချုပ်ဆီ ဖုန်းဆက်လိုက်မယ်နော်ဟု ကိုယ့်အိမ်ပေါ်မှ အော်လေ့ရှိရကား . . .

သူပြောသည့် ဝန်ကြီးချုပ်ကား . . . ဘယ်ဝန်ကြီးချုပ်မှန်းမသိ။

အိန္ဒိယဝန်ကြီးချုပ်လား . . . အမေရိကန်ဝန်ကြီးချုပ်လား . . . မိုဇမ်ဘစ်ဝန်ကြီးချုပ်လား . . . . အီသီယိုပီးယားဝန်ကြီးချုပ်လား . . . မကွဲပြား။

"ဦးသိန်းလင်း အရမ်းဖုန်းမဆက်ပါနဲ့ဗျ။ ခင်ဗျားအိမ် သူခိုးဝင်ဖောက်နေလို့ဗျ"

"ဟေ . . . ငါ့အိမ်ကိုဖောက်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ဒီမှာ သူခိုးတစ်ယောက် မိထားပြီ"

"အမလေး ... ဒုက္ခပါပဲ။ ဟဲ့ ... မိန်းမ ... မေသန်းနု ... အဲလေ ... မထွားကင် ... မထွားကင် ... ဟဲ့ ... ဟိုကောင်မလေး နှစ်ယောက် ဘဲကင်နဲ့ငန်းကင် ... အဲလေ ... ရွှေလုံးနဲ့သေးသေး ..."

"ရှင် ... ယောက်ျား"

"ရှင် ... အစ်ကို"

"ဖောက်သွားပြီတဲ့"

"ဘာဖောက်လို့တုံး"

"အိမ်ဖောက်သွားပြီတဲ့"

"ဘုရားရေ ... ကုန်ပြီလားမသိဘူး ... အမလေး ... လုပ်ကြပါဦး ... ကယ်ကြပါဦး ... လာကြပါဦးတော် ..."

"ဟဲ့ ... အာကျယ်မရဲ့ ခုမှ ကုန်းအော်မနေနဲ့။ ဟိုမှာ နင့်လင် ဟိုဒင်းတွေရောက်နေပြီ။ တံခါးဖွင့်ဆင်းကြဟဲ့"

"ကို ... သိန်း ... လင်း ..."

"ဘာတုံး ..."

"တော့် ဝန်ကြီးချုပ်ဆီ ဖုန်းမြန်မြန်ဆက်ပါတော် ... ဟီး"

"ဟာ ... သေနာ့မက သောက်ရေးထဲဟာ"

သည့်နောက်လေးယောက်သား ညဝတ်အင်္ကျီများနှင့် မီးဖွင့်၍ ဆင်းလာလိုက်ကြသည်။ လေးဦးစလုံး တစ်ယောက်တစ်ယောက် ပေါင်သုံးရာခန့် ဝကြရကား မနည်းလှမ်းကြရ၏။

"ကျုပ်တို့ ... အရှုးခြောက်ပေကောင်းမှုနဲ့ သူခိုးတစ်ယောက် မိထားပြီ။ ခြောက်ပေက ခင်ဗျားတို့စည်းရိုးကိုကျော်ပြီး ခုန်ချလာတာ မြင်သတဲ့။ အဲဒါ ... ခင်ဗျားအိမ်က ပစ္စည်းပျောက်မပျောက် စစ်ဗျာ"

"မြန်မြန်စစ်ဆေးလေ"

သူတို့လေးဦး အိမ်ခန်းများကို စစ်ဆေးကြသည်။

"ကုန်ပါပြီ ... ကိုသိန်းလင်းရေ"

"ဟ .. ဘာကုန်တာတုံး ..."





"ခေါင်းရင်းပြတင်းပေါက်ဖွင့်ပြီး ဗီရိုထဲ အဝတ်အစားတွေရော၊ ရှင့်အကြံအဖန်ရ ... အဲလေ ... ရှင်ရှာထားတဲ့ ပိုက်ဆံတွေလည်း ပါသွားပြီ ကိုသိန်းလင်းရေ ... ဟီး ... သေလိုက်ပါတော်"

"ဟာ ... ငါက ဘာလို့သေရမှာလဲ။ နင့်လင် သူခိုးသေရမှာ ပေါ့ဟ။ ကိုင်း ... သွားကြည့်ကြရအောင်ဗျာ"

သို့နှင့် သူတို့အားလုံး ပတ်ဝန်းကျင်အနှံ့ လိုက်ရှာသောအခါ ပစ္စည်းထုပ်ကြီးတစ်ထုပ်ကို ချုံတစ်ခုမှသွားတွေ့၏။

ဖွင့်ကြည့်လိုက်တော့ ...

စပ်စမိုင်နာများ၊ ဘော်လီအင်္ကျီအသစ်များ၊ ပါတိတ်ထဘီများ၊ ဟာဝေယံရှပ်အင်္ကျီအသစ်နှင့် မဝတ်ရသေးသော တက်ထရက်ဘောင်းဘီရှည်အသစ်များနှင့်အတူ ...

ငွေစက္ကူပါကင်ထုပ် ဆယ်ထုပ်ကိုပါတွေ့ရပြီး သူတို့ပစ္စည်းအမှန်အကန်ပါဟု ဦးသိန်းလင်းတို့က ထွက်ဆိုကြလေသည်။

သို့နှင့် ဓားဒဏ်ရာနှင့် မေ့မြောနေသည့် သူခိုးကို ရဲအကူအညီနှင့် ဆေးရုံပို့ရသည်။

ပြန်သတိရ၍ စစ်ဆေးလိုက်တော့ ပေါ်တော့သည်။

သူခိုးအမည်က 'ဂျမားကြီး'ဟု သိရ၏။ ဂျမားကြီး၏အဖော် သူခိုးက ဖောက်ထွင်းပိဋ္ဌာ မြသန်းဆိုသူဖြစ်ပြီး ရှောင်တိမ်းနေ၍ လိုက်ရှာဖွေဖမ်းဆီးတော့ ...

ဖောက်ထွင်းပိဋ္ဌာမြသန်းကို သံတံတားမပိုအရက်ဆိုင်မှာ မူးလဲနေ၍ အခန့်သား ဖမ်းဆီးမိလိုက်လေသည်။

သူခိုးနှစ်ဦးရဲ့ ဖော်ထုတ်ဝန်ခံချက်အရ အရူးခြောက်ပေ သိမြင်သွား၍ လက်စတုံးရှင်းပစ်ရန် ကြံစည်လိုက်စဉ် ကိုယ့်ဓားနှင့်ကိုယ် နွားချေးပုံနှင်းမိ ချော်လဲထိုးမိသည့် အဖြစ်ဆန်းနှင့်အတူ ...

ပါးစပ်ယားလွန်း၍ လျှာရှည်မိရာမှ ကံကောင်းပြီး သေကောင်ပေါင်းလဲဘဝမှ လွတ်ခဲ့ရသည့် အရူးကိုခြောက်ပေရဲ့ ဘဝအဆန်း သူခိုးဖမ်းဘဝကို နေ့စဉ်ပြောလို့မဆုံး ဖြစ်ခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောလျှင် ယုံပါ့မလားမသိ။

တိုက်ကြီးရှင် ကားပွဲစား သူဌေးဦးသိန်းလင်းကား အရှုးကိုခြောက်ပေကို ကျေးဇူးတင်လွန်း၍ အဝတ်အစား အသစ်အဟောင်းများ အသုံးငွေ မုန့်ဖိုးများနှင့် စားစရာများ လာရောက်ပေးကမ်းခဲ့၏။

ပြောရလျှင် ...

သူဌေး ဦးသိန်းလင်းသည် လွန်စွာ ကပ်စေးနှဲသူဖြစ်၏။ ဗက်စစ္စတီနိုင်းအရက်ပုလင်းမှာ အရက်ဖြူကိုထည့်ပြီး ခပ်တည်တည်သောက်သူဖြစ်၏။

ရပ်ထဲက ကိုးတောင်ပြည့်စေတီမှာ ဂေါပကလူကြီး လုပ်လိုက်သေး၏။

အလှူခံအိမ်သို့ကြွလျှင် နောက်နေ့မှ ထည့်ပါရစေဟု ပြော၏။

သကြန်အခါ အမျိုးသမီးများ ရေကစားမဏ္ဍပ်ကိုမူ သူကိုယ်တိုင် အကုန်အကျခံ၍ ကားပွဲစား သူဌေးကတော်များနှင့် ပျော်ရွှင်စွာဆင်နွှဲ၏။

ယခုမူ အရူးခြောက်ပေကို ကျေးဇူးတင်လွန်း၍ သဒ္ဓါကြီးစွာ လှူ၏။ အရူးရောဂါပျောက်အောင် ကုပေးမည်ဟု ဆိုလိုက်သေး၏။

အရူးကိုခြောက်ပေက သူဌေး ဦးသိန်းလင်းနှင့် ခယ်မဝဝကြီးများ ရဲ့ အပြုံးကိုကြည့်ပြီး ထိတ်လန့်သလို ဖြစ်နေရှာ၏။

သူတို့ပြန်သောအခါ ...

အရူးကိုခြောက်ပေက ရသမျှ အဝတ်အစားမှန်သမျှကို စဏ္ဍာလကြီးကိုပွေးထူအား ပေးပစ်လိုက်လေသည်။

"ကျေးဇူးရှင်ကြီး"

"ဘယ်သူ့ကိုပြောတာတုံး ကိုပွေးထူ"

"ဘယ်သူရှိရမှာလဲ ကိုရင်ရယ်။ ကျုပ်ရဲ့ ကျေးဇူးရှင်အစစ်ဟာ ကိုရင်ပဲပေါ့ ကိုခြောက်ပေရဲ့"

"ဘာလို့ ကျုပ်ကို ကျေးဇူးရှင်လို့ ခေါ်ရတာတုံးကိုပွေးထူ"

"ကိုခြောက်ပေရာ ကျုပ်ဘဝက အရွယ်ရောက်ကတည်းက စဏ္ဍာလဘဝ၊ သုဘရာဇာဝနဲ့ သင်္ချိုင်းပေါင်းစုံလှည့်ပြီး နာရေးအလုပ် လုပ်





ခဲ့ရသူပါဗျာ။ အဝတ်အစားအသစ်၊ အစားကောင်း သောက်ဖွယ်ကောင်းကို မသုံးဖူး၊ မစားဖူးပါဘူး မောင်ရာ။ ကိုရင် ဒီသင်္ချိုင်းကိုရောက်လာမှ ကိုရင့်စရဏာကံ၊ ကုသိုလ်ကံကြောင့် ရသမျှအဝတ်အစား ကျုပ်ချည်းဝတ်ရမှာမို့ ကိုရင့်ကို ကျေးဇူးရှင်လို့ ဂုဏ်အင်္ဂါဝပြုရသပေါ့ကွာ။ ဒါနဲ့ ဒီအင်္ကျီအဖြူ လေး ကိုရင်ဝတ်လိုက်ပါလား"

"ဟင့်အင်း ... မဝတ်ချင်ဘူး"

"ဘာဖြစ်လို့တုံးဟ ... ခြောက်ပေရ"

"အသားယားလို့"

"ဘုရားရေ ... အဝတ်သစ်ဝတ်ရင် အသားယားလို့"

"အင်း ..."

"ကျုပ်တစ်သက်နဲ့တစ်ကိုယ်မှာ ကိုရင့်လို လူထူးဆန်းမျိုး မြင်ကို မမြင်ဖူးဘူး ကိုခြောက်ပေ။ ဒါနဲ့ ဒီစောင်လေး ညဘက်ခြုံဖို့ ယူထားပါလားကွာ။ ရေမွှေးနံ့လေးလိုလို၊ သနပ်ခါးရနံ့လိုလို သင်းနေတာပဲ၊ သူဌေး မိန်းမခြုံတဲ့စောင်လား၊ ခယ်မခြုံတဲ့စောင်လား မသိဘူး။ ရော့ ... ရော့ ဒါတော့ ယူပါကွာနော်"

"ဟင့်အင်း"

"ဟင် ... ဘာဖြစ်လို့တုံးဟ ခြောက်ပေရ"

"ယားလို့"

"ဟော ... ယားလို့ ... နေပါဦး စောင်ခြုံရင် ဘယ်နေရာက ယားမှာမို့လို့လဲဟ ... ငါ့လူရ"

"ဟိုဒင်း ..."

"အံ့မယ် ... ဘယ်ဒင်းတုံး ငါ့လူရ။ လုပ်ပါဦးဟ ... အဟာတ်"

"တင်ပါးယားမှာစိုးလို့"

"ဗွီ ... ဖွတ်ကျားလန်ဒူးပါပဲလား အရပ်ကရို့ ..."

www.burmeseclassic.com

www.burmeseclassic.com

[ ၁၈ ]

❑

"မကြွေစေ့ရေ ... ဟော့ ... မကြွေစေ့ ..."

"ဘယ်သူတုံးတော့ ..."

တစ်နေ့သောအခါ သူတောင်းစားမလေး မကြွေစေ့ ရေချိုးနေ ခိုက် ဝတ်ကောင်းစားလှနှင့် လူတစ်ဦးသည် အထုပ်တစ်ထုပ်ဆွဲ၍ အိမ်ရှေ့မှ လှမ်းခေါ်နေ၏။

"ငါပါဟ"

"ဘယ်က ငါတုံးတော်။ ဘာကိစ္စရှိလို့လဲ"

"ကြွေစေ့ ... ညည်း ငါ့ကို မမှတ်မိဘူးလား။ ငါ ပွေးထူလေ"

"ဟင် ..."

"ငွမ် ..."





မိကြွေစေ့ အံ့ဩလွန်း၍ လက်ထဲကရေဖလား အောက်ခံအုတ်ခဲပြားပေါ် လွတ်ကျသွားခဲ့ရလေ၏။

"ကို ... ပွေးထူ ... အစ်ကို ပွေးထူ ... ဟုတ်ရဲ့လားရှင် ဟင်"

"ဟ ... ပွေးထူမှ ... ရေမရော ... ဆားမပေါ့ ... ဆီမနည်း ပွေးထူ အစစ်ပါ မိကြွေစေ့ရာ ... ဟား ဟား ဟား ဟား"

မိကြွေစေ့ အံ့ဩလွန်း၍ ရေစိုရင်ဘတ်ပေါ်သို့ ပုဆိုးပိုင်းလေးတင်ပြီး ကိုပွေးထူကို ငေးကြည့်နေမိ၏။

ကြည့်စမ်းပါဦးတော် ...

ကိုပွေးထူက ရှပ်အင်္ကျီအဖြူလက်တိုနှင့် ပုဆိုးက ကချင်ကွက်နက်ပြာလေး။

အရင်တွေ့နေကျ စက္ကူလပွေးထူနှင့် ဆီနဲ့ရေလိုကွာ၏။ ပန်းပွင့်နှင့်နွားချေးခြောက်လို ကွာ၏။ သွပ်ပြားနှင့် ခနိုလို ကွဲပြားနေ၏။

ဆံပင်ကလည်း အရင်နေ့များကလို ဆံပင်ဖုတ်သိုက် ဆံကြေးဗရပွနှင့် နံစော်နေသည်မျိုးမဟုတ်။

ဆံပင်ကို ဘိုကေပုံစံညှပ်ထားပြီး အုန်းဆီရွှဲရွှဲလိမ်း၍ ဘေးနှစ်ခြမ်းခွဲထား၏။

ခြေထောက်မှာ ရှာလွတ်က ရာဘာဖိနပ်အသစ်နှင့်။ ကြည့်စမ်းပါ။ စက္ကူလပွေးထူနှင့်မတူ။ နွားပွဲစားပွေးထူလိုလို၊ ကျောင်းစာရေး ပွေးထူလိုလို၊ ရုံးပျာတာ ပွေးထူလိုလို။

"အစ်ကို ပွေးထူ"

"ဘာတုံး ... မိကြွေစေ့ရဲ့၊ ကြည့်နေလိုက်တာ ငါမျက်နှာမထားတတ်တော့ဘူးဟ"

"ဟား ဟား ဟား ဟား ဟား ... အစ်ကို ပွေးထူက ..."

"အိမ်း ..."

"ဟား ဟား ဟား ဟား ... ပြောင်းပြန်ကြီးတော်။ အရမ်းကို ရှုံးစမိုးကောင်းလွန်းလို့ အစ်ကိုပွေးထူမှ ဟုတ်ရဲ့လား၊ ခေတ်ပြိုင်ဘိုင်စကုတ် မင်းသားလား၊ မြို့တော်သိန်းအောင်ဇာတ်က ပြဇာတ်မင်းသားလားလို့ ငေး



www.burmeseclassic.com

www.burmeseclassic.com



ကြည့် အုံ့သြနေတာတော်ရေ"

"ဟား ဟား ဟား ဟား"

"အဟီး ဟီး ဟီး ဟီး"

"မိကြွေစေ့"

"ဘာတုံးတော့"

"ရေအမြန်ချိုးပြီး ... အကျီဝတ်ဟာ။ ဒီမှာ ညည်းတို့အတွက် စားစရာတွေ ပါလာသေးသဟ"

"အဟုတ် ..."

"ဟုတ် ..."

"ဘုရားစူး"

"စူး"

"ဒါဆို အစ်ကို အိမ်ထဲဝင်နှင့်။ ကျွန်မ ရေအမြန်ချိုးလိုက်မယ်"

ပွေးထူက စားစရာအထုပ်ကို ကိုင်ရင်း ခြေတစ်ဖက်ပြုတ်နေ၍ ကျောင်းပြားပေါ် တင်ပျဉ်ခွေထိုင်ရင်း ရေချိုးနေသည့် မိကြွေစေ့ရဲ့ ရေစို အလှကို ငေး၍ စိုက်ကြည့်နေမိလိုက်သည်။

ဝင်းအိနေသည့် ရင်ညွန့်ပေါ်မှရေစက်များ ယီးလေးခိုနေ၏။ ရေခပ် ၍ ဂ ်ါရှားလိုက်ကိုင်း ညွတ်ခနဲ အိခနဲ ရဲခနဲ ဖြစ်သွားသည့် ရေစိုထဘီ အောက်က အလှများကိုကြည့်ရင်း ကြက်သီးတဖြန်းဖြန်း ထနေ၏။

"အစ်ကို ပွေးထူ"

"အင် ... အင် ... ဘာ ... ဘာတုံးဟ ... အ ... အ"

"အစ်ကို ဘာလို့ကျွန်မကို ငေးစိုက်ကြည့်နေတာတုံးတော့်"

"အဲ ... အဲ ... ဟို ... ဟို ... လှ ... လှလို့ပါဟ"

"ကဲ ... လှဦး ..."

"ဗွမ်း ..."

"ဟာ ... စိုကုန်ပါပြီ ... မိကြွေစေ့ရာ"

"စိုစိုတော် .... ရွှဲအောင်လောင်းပစ်မယ် .... ကြည့်ဦး .... ကြည့်ဦး"





မိကြွေစေ့က သူမရဲ့ ရေစိုကိုယ်လုံးကို ကမ္ဘာ့ဒွန်းရှုသလို ငေးရှု နေသည့် ကိုပွေးထူအား ရေနှင့်ခပ်၍ ပက်လိုက်ရကား အကျီအသစ်၊ ပုဆိုး အသစ်ဝတ်လာသည့် ကိုပွေးထူ ရေအချို့စင်ပြီးနောက် တဲအိမ်ကုပ်ကုပ် လေးထဲသို့ ဒရောသောပါး ပြေးဝင်သွားလေ၏။

ကိုပွေးထူ ရေစိုစက်နှင့် အနီးမှပျောက်သွားမှ မိကြွေစေ့ တစိမ့် စိမ့်ပြုံးရင်း သူမရဲ့ ရင်ညွန့်ကိုငုံ့၍ ကြည့်လိုက်၏။

ဟုတ်ပေသားပဲလေ ...

"အမေခါး"

"မောင်ပွေးထူလားဟဲ့"

"ဟုတ်တယ် အမေခါးရဲ့။ ဟောဒီမှာ အမေခါးစားဖို့ လိမ္မော်သီး ခင်ဗျ ... ဒါက ဘီစကစ်ဗျ ... ဒါက ငှက်ပျောသီးဗျ"

ကိုပွေးထူက စားစရာများကို မျက်စိမမြင်ရှာသည့် မိကြွေစေ့လေး ရဲ့အမေ ဒေါ်ခါးတို့ရှေ့သို့ ချပေးလိုက်၏။

"မောင်ပွေး"

"ဗျာ ... အမေခါး"

"စားစရာတွေ များလှချည်လား လူလေးရဲ့။ အမေတို့ ဒါမျိုး မစားဖူးတာ ကြာပြီသားရယ်။ တကူးတကနဲ့ ဘာလို့များ ဝယ်လာရတာ တုံး လူလေးရဲ့"

"ဝယ်လာတာမဟုတ်ဘူး အမေခါးရဲ့။ လက်ဆောင်ရတာ"

"ဟေ ... မင်းကို လက်ဆောင်ပေးတာ ..."

"ကျွန်တော့်ကြောင့် မဟုတ်ဘူးဗျ။ ကျေးဇူးရှင်ကြီး ကိုခြောက်ပေ ကောင်းမှုကြောင့် အမေခါးရေ"

သို့နှင့် ကိုပွေးထူက အရှုးကိုခြောက်ပေရဲ့ ထူးခြားဖြစ်ရပ်များ၊ ကူညီမှုများကြောင့် လက်ဆောင်ပစ္စည်း လာရောက်ပေးကမ်းကြပုံနှင့် သူ့ ကို ကိုခြောက်ပေက မဝတ်မစားဘဲ ပြန်စွန့်ကြဲပေးကမ်းပုံအကြောင်း ပြော ပြလိုက်သောအခါ ...

"အင်း ... မောင်ခြောက်ပေ ... မောင်ခြောက်ပေ ... အမေ



www.burmeseclassic.com

www.burmeseclassic.com



လူကိုမမြင်ဘူး။ မသိမကျွမ်းပေမင့် မင်းပြောချက်အရ သူဟာ လူသူတော် ကောင်းလေးပါလားနော်။ အမေတို့၊ လူလေးတို့ဘဝမှာ ဆုံဆည်းရတာ ဆန်းကြယ်လှသကွယ် သားရယ်။ အမေက မျက်မမြင် . . . သမီးက ဒုက္ခိတ၊ လူကလေးက စဏ္ဍာလ . . . လူလေးသူငယ်ချင်းက စိတ်မမှန်သူ။ တို့ လေးဦး . . . မျှောက်ရယ် . . . ဆင်ရယ် . . . ခါရယ်လို လာပေါင်းစည်းမိ ကြလေရဲ့။ အင်း . . . အမေတို့ ဆင်းရဲတွင်းနက်ဘဝခက်လှပေမင့် မောင်ပွေး ထူတို့၊ မောင်ခြောက်ပေတို့လို စိတ်ကောင်းနှလုံးကောင်းရှိသူများနဲ့ ဒီဘဝ ဆုံကြရတာ ကုသိုလ်ကံကောင်းသေးတယ်လို့ဆိုရမှာပဲ မောင်ပွေးထူရဲ့''

''ဟုတ်ကဲ့ပါ အမေခါ။ ကျွန်တော်လည်း အမေခါးတို့သားအမိ ဘဝကို ကိုခြောက်ပေလည်း ပြောပြထားပါတယ်''

''ကြုံရင်အားရင် လာလည်ပါဦး၊ စကားပြောပါဦးလို့ လူလေး မောင်ခြောက်ပေကို ပြောလိုက်ပါဦး မောင်ပွေးရဲ့''

''စိတ်ချပါအမေ . . . ကိုခြောက်ပေက စိတ်ကောင်းရှိသူပါ''

''လူကလေး . . .''

''ခင်ဗျာ အမေခါး''

''အမေတို့မှာ ယုံကြည်အားကိုးစရာ မရှိပါဘူး လူကလေးရယ်။ ဆွေမရှိ မျိုးမရှိ၊ ရွှေမရှိ ငွေမရှိ၊ အိမ်မရှိ ယာမရှိ၊ လူ့နှင့်ပြား ကျောမွဲ ဖွတ်စုခရုတွေ မဟုတ်လား . . . လူကလေးရယ်။ မင်းနှမလေး မိကြွေစေ့ ကို . . .''

''ပြောလေ . . . အမေခါး ဘာဖြစ်လို့လဲ ဟင်''

''လူကလေး စောင့်ရှောက်လိုက်ပါလို့ အမေခါးမသေခင် မှာခဲ့ ချင်တယ် သားရယ်''

''စိတ်ချပါအမေ ကျွန်တော်တို့ အသက်ခန္ဓာနဲ့ တည်မြဲနေသမျှ မိကြွေစေ့လေးကို စောင့်ရှောက်ပါမယ် အမေ''

''သာဓု . . . သာဓု . . . သာဓု . . .''

''ဘာတွေ စကားကောင်းနေတုံး အစ်ကိုပွေးထူ''

''ဩော် . . . အဲ . . . အဲ . . .''

---

စိတ်ကူးသစ်စာပေ



ဖွေးသန့်နေအောင် လျှော်ဖွပ်ထားသည့် အင်္ကျီနှင့် ထဘီလေး ဝတ်ပြီး သနပ်ခါးရေကျဲ၊ ဆံပင်ဖားလျားလေးနှင့် ကြွကြွညညာ၊ နုနုဖူးဖူး၊ တင်းတင်းအိအိလှနေသည့် မိကြွေစေ့လေးကို ကြည့်ပြီး ကိုပွေးထူ ထုံးစံ အတိုင်း ငိုင်ငေး၍ ကြည့်နေမိပြန်ပေ၏။

''အစ်ကို ပွေးထူ . . .''

''အစ်ကို ပွေးထူ . . .''

''ဟင် . . . အင် . . . ဟင် . . .''

''အစ်ကို ရေနဲ့ အပက်ခံချင်ပြန်ပြီလား''

''အာ . . . အဲ . . . အဲ . . . ဟား . . . ဟား . . . ဟား . . . ဟား ရေနဲ့တော့ မပက်ပါနဲ့။ ငါ . . . ဟို . . . ဟို . . . ပြေး . . . ပြေး ပြီး . .''

''ဘာလုပ်ရမှာတုံး ပြော . . . ပြောလေ . . .''

ကိုပွေးထူ ဘာပြန်ပြောရမှန်းမသိ။ စကားအဆုံးသတ်ကို ရှာမရ ဖြစ်နေ၏။

''ပြောလေတော်''

ဒီမှာ အမေခါး ကြားသွားမှာစိုး၍ လက်ဟန်ခြေဟန်နှင့် သူ့လက် နှစ်ဖက်ကို ပိုင်းစုပြီး ဖက်ရန်ဟန်လုပ်ပြလိုက်ရကား မိကြွေစေ့က သဘော ပေါက်သွားပြီး . . .

''ကဲ . . . ကဲ . . . အဲဒါပဲ . . . အဲဒါပဲ . . .''

''အား . . . အား . . . နားတယ်ဟ . . . မိကြွေစေ့ရ လွှတ်ပါဟ''

''မှတ်ထား . . .''

မိကြွေစေ့က ကိုပွေးထူရဲ့ နားသယ်မွေးကို ညာလက်နှင့်ဆွဲပစ် လိုက်ရာ ကိုပွေးထူ ခေါင်းရော ဖင်ရော ကြွပြီး အော်နေရတော့၏။

''ဟဲ့ . . . သမီး နင့်အစ်ကို ကို ဘာတွေလုပ်နေတုန်း''

''သိပ်စ,တာအမေရဲ့။ ဒါကြောင့် နားသယ်မွေးကို ဆွဲပစ်လိုက် တာ''

''ချစ်လို့ပဲဟာကိုဟယ်''

''ဟုတ်ပါရဲ့ အမေရယ်''

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာ ..."

"အဲ ... အဲ ... အဲ ... အဟဲ"

"ကိုင်း ... ကိုင်း ... အမေ တစ်ရေးမှေးလိုက်ဦးမယ်။ အိမ်ရှေ့မှာ ညည်းတို့မောင်နှမ စကားပြောနှင့်ကြဦး"

သူတို့ စားစရာပစ္စည်းများကို အမေခါး အနီးနားမှာ ချပေးခဲ့ပြီး တဲအိမ်ရှေ့ ဝါးကွပ်ပျစ်ပေါ်မှာ နှစ်ယောက်အတူ ထိုင်လိုက်ကြသည်။

ကိုပွေးထူက မိကြွေစေ့ရဲ့ ပါးကွက်ကျားတင် မျက်နှာလေးကို တစိမ့်စိမ့်ကြည့်မဝ ဖြစ်နေ၏။

နေလုံးက လက်ဝါးကာစ ပြုနေ၏။

သုသာန်မှတိုက်လာသည့် လေပြေက သူတို့နှစ်ဦးရဲ့ ဆံပင်များကို နမ်းရှုတ်တိုးဝှေ့ဖွသွားသည်။

"မိကြွေစေ့"

"ဘာတုံးတော်"

"ညီမ ဒီနေ့ပိုလှ လှချည်လားဟင်"

"မမြှောက်ပါနဲ့ အစ်ကိုပွေးထူရယ်။ မနေ့က သူတောင်းစားမိကြွေစေ့နဲ့ ဒီနေ့မိကြွေစေ့ ရေလည်းမရောဘူး ... ပေါင်းလည်းမတင်ဘူး ... ဒီအတိုင်းပဲ။ အစ်ကိုပွေးထူသာ အရင်နဲ့မတူဘဲ သားသားနားနား မြင်နေရလို့ ကျွန်မ ဝမ်းသာမဆုံးဘူး"

"ညီမတို့ အစ်ကိုတို့က ဘဝတူတွေပါ ညီမ"

"အဲဒါ ဘာဖြစ်တုံးတော့"

"မိကြွေစေ့"

"ဘာတုံး အစ်ကိုပွေးထူ"

"ညီမကို အစ်ကိုပွေးထူရင်ထဲက စကားတစ်ခွန်း အမှန်အတိုင်း ပြောချင်တယ်"

"အစ်ကို ဘာပြောမလို့လဲဟင် ... ဟင်လို့"

"တို့များဟာ ဘဝတူပဲ ... လူ့အပယ်ခံတွေပဲ။ လူရာဝင်ခွင့်နည်းပါးသူတွေပါ ညီမ။ ရွှံ့အရုပ်ဟာ တောက ကလေးများရဲ့ စုံမက်မြတ်နိုး





စရာ ပစ္စည်းဖြစ်တယ်။ ပလတ်စတစ်အရုပ်၊ ကြွေရုပ်၊ ရွှေရုပ်ဟာ မြို့ပေါ်က လူကုံထံသားသမီးများရဲ့ အဖော်ကစားစရာ ခုံမင်စရာဖြစ်တယ်"

"အစ်ကို ပွေးထူ"

"ဘာတုံး ... ညီမ"

"အစ်ကို ပြဇာတ်က,မလို့လားဟင်"

"မဟုတ်ဘူး ... ရည်စားစကား ပြောမလို့"

"ရှင် ..."

"မိကြွေစေ့"

" ...."

"မိကြွေစေ့"

"ဘာ ... ဘာ ... တုံး ... တော် ..."

မိကြွေစေ့အသံများ တုန်ခါနေသည်။ ရင်ထဲမှာ စာပို့ရထားခုတ်စပြုပြီး လက်နှစ်ဖက်ပင် တုန်စပြုနေသည်။

"အစ်ကို ညီမကိုချစ်တယ်"

"ရှင် ..."

"ရွှံ့နွားနှစ်ရုပ်နှစ်ခု၊ သစ်သားလှည်းလေးကို အတူရုန်းကန်ဆွဲကြမယ်။ အစ်ကိုညီမကို ချစ်တယ်၊ မြတ်နိုးတယ် ... ညီမရယ်"

ကိုပွေးထူက ပြောရင်းမှ မိကြွေစေ့ရဲ့ ညာလက်လေးကို လှမ်းကိုင်လိုက်သည်။ တိကောင်ကို ဆားနှင့်တို့လိုက်သလို မိကြွေစေ့ တွန့်ပြီး တစ်ကိုယ်လုံးတုန်နေသည်။

သူမက အသာရှုန်းကြည့်သည်။

ကိုပွေးထူရဲ့ သန်မာသောလက်က သူမရဲ့လက်ကို မလွှတ်။ ပူနွေးသော ဖိုသတ္တဝါတစ်ဦးရဲ့ အချစ်သွေးစီးကြောင်းက သူမလက်မှတစ်ဆင့် နှလုံးသားရှိရာသို့ ဆန်၍တက်လာနေသည်။

"ညီမ"

"ရှင် ..."

"အစ်ကို ညီမကို အမြဲထာဝစဉ် လက်တွဲစောင့်ရှောက်သွားချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ချစ်တယ် ညီမရယ်"

သူကပြောရင်း အသာဖြည်းညင်းစွာ သူ့ရင်ခွင်ထဲသို့ မိကြွေစေ့ရဲ့ သနပ်ခါးရနံ့သင်း ကိုယ်လုံးလေးကို ဆွဲယူလိုက်သည်။

မစွမ်းရင်းကလည်းရှိ။

ကန်စွန်းခင်းကလည်း ငြိခဲ့ပြီ။

အချစ်ငတ်သူတို့ ဘဝရှိရာသို့ သံယောဇဉ်နှင့် နွယ်ရစ်သောအချစ်က ကမ်းလာတင်နေသည်။

ပြိုနိုင်နဲ့ အချစ်ကမ်းပါးတစ်ခုကလည်း သမုဒယလှိုင်းအပုတ်မှာ တအိအိကမ်းပြို၍ ရင်ဖိုခဲ့ရပြီ။

အညတရ ပါးနှစ်ခု ပူးကပ်သွားသည်။

အမုန်းမရှိ ... ပဋိပက္ခမရှိ ...

ကမ္ဘာစစ်မရှိ ... ယမ်းငွေ့မရှိ ...

ပူလောင်ခြောက်သွေ့မရှိ ...

အသားအရောင် ခွဲခြားမှုမရှိ ...

အယူဝါဒ ကွဲပြားမှုမရှိ ...

ပန်းများပွင့်နေသည်။

သိင်္ဂါရရနံ့များ ကမ္ဘာကို လွှမ်းနေသည်။

သမုဒယ နရီစည်းက နှေးလိုက်မြန်လိုက်။

"ကြွေ ..."

"ရှင် ... အစ် ... ကို"

"ချစ်လားဟင် ..."

"အင်း ..."

"အစ်ကို ... ကြွေရဲ့ပါးပေါ်က သနပ်ခါးကို နမ်းချင်တယ်"

"ရှင် ... ဟို ... ကဲ ... ကဲ ... ကဲ ..."

"အား ... နားတယ် ညီမရဲ့ ... အား ... အား ..."

မိကြွေစေ့က သူမပါးပြင်ပေါ်က သနပ်ခါးကို နမ်းချင်သည့် ချစ်သူရဲ့ ပေါင်တွင်းကြောကို ဆွဲ၍ဆိတ်လိုက်သည်။

စိတ်ကူးသစ်စာပေ



နေလုံးကို မြေမျို၍ အမှောင်ရိပ်က သမ်းဝေစပြုလာ၏။

ရင်နှစ်ခု ပူးကပ်ပြီး စွယ်တော်တစ်ရွက် ဖြစ်သွားသည်။ မန်ကျည်းခေါက်နှင့် ရောစပ်ထားသည့် သနပ်ခါးရှင်ရဲ့ ပါးပြင်ပေါ်မှာ အညတရ နှစ်ပါးခွင် တီးလုံးစ,ပါပြီ။

ယနေ့ည နေဝင်ဖျိုးဖျ အော်ပရာကား ...

သမုဒယပါးပြင်ပေါ်မှာ နှစ်ပါးခွင် မိုးအလင်းက,မည့်ည။

www.burmeseclassic.com

www.burmeseclassic.com

# [ ၁၉ ]

❑

ကျွန်ုပ်သည် ကိုခြောက်ပေ မှီတင်းနေထိုင်သည့် သချိုင်းမှာ မကြာခဏ ကမ္မဋ္ဌာန်းသမထ ပွားများပါများလာသောအခါ ကိုခြောက်ပေနှင့် ရင်းနှီးစပြုလာခဲ့၏။

ခက်သည့်ကား …

ကိုခြောက်ပေလည်း တစ်ခါတစ်ရံ တစ်နေ့လုံး စကားတစ်ခွန်း မပြောဘဲ အုတ်ဂူကြီးပေါ်မှထိုင်၍ ဂုဏ်တော်မန္တန်များကို ရွတ်နေလေ့ရှိ၏။

သူလိုရွတ်နိုင်သူမျိုး ကျွန်တော် မတွေ့ဖူး။ မစားမသောက်ဘဲ ရွတ်နေ၏။ တစ်ခါတစ်ရံ မိုးလင်းမှနေဝင် ရွတ်ဆိုပွားများ၏။

တစ်ခါတစ်ရံ မိုးချုပ်မှမိုးလင်းတိုင် ပွားများရွတ်ဆိုနေ၏။ ပြီးအမျှဝေ၏။





သူစကားပြောချင်လျှင်လည်း အရှုးနှင့်မတူ၊ စာမေးဆရာ စာပေ ဟောပြောနေသလို၊ ကျောင်းဆရာက တပည့်လုပ်သူကို စာသင်နေသလိုမျိုး ပြောလေ့ရှိ၏။

တစ်ခါတစ်ခါမှာတော့ …

ဘာမျှမပြောဘဲ ကျွန်ုပ်ပြောသမျှကိုနားထောင်နေ၏။ သူ့ကို စကားပြောရသည်မှာ အမှားမပါရဲ။ သူသည် စိတ်မနှံ့သလိုရှိသော်လည်း သူ့စကားလုံးများက ဘုရားဟောတရားသဘောနှင့် ညီညွတ်နေသည်ကို ကျွန်ုပ်သဘောပေါက်ခဲ့ရ၏။

သူ့ကို အသာချဉ်းကပ်ပြီး စကားနိုက်၍ မေးကြည့်သောအခါ ဂမ္ဘီရဆန်လွန်းသော ဖြစ်ရပ်တစ်ခုကို ကျွန်တော် ကြားသိခဲ့ရလေသည်။

"ကိုခြောက်ပေ"

"ဘာတုံး … ကိုမှိုင်း"

"ခင်ဗျား … ဂမ္ဘီရဆိုတာကို နားလည်လားဟင်"

"ကိုမှိုင်းက ဂမ္ဘီရကို စိတ်ဝင်စားလို့လား"

"ဟုတ်တယ် … ကျွန်တော်က ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် စာရေးသူဆိုတော့ ဆန်းဆန်းကြယ်ကြယ် ဖြစ်ရပ်တွေကို သိချင်လို့ပါ။ ခင်ဗျားတော့ နားလည်သိရှိလိမ့်မည်လို့ ထင်လို့ပါ"

"သိပ်တော့ မသိပါဘူး"

"သိသလောက် ပြောပြပါဦး ကိုခြောက်ပေရ"

"ဂမ္ဘီရက နှစ်မျိုးရှိတယ်ဗျ"

"လုပ်ပါဗျာ"

"တစ်ခုက လောကုတ္တရာဂမ္ဘီရ … နောက်တစ်ခုက လောကီဂမ္ဘီရပေါ့ဗျာ။ ဒီနေရာမှ ဂမ္ဘီရဆိုတဲ့စကားရဲ့ အဓိပ္ပာယ်ကိုဖွင့်ပြီးမှ ကျွန်တော်ကြုံခဲ့ရတဲ့ ဂမ္ဘီရဆန်ဆန် ဖြစ်ရပ်ဆန်းကြယ် အဖြစ်တစ်ခုကို ပြောပြချင်တယ်"

"သိပ်ကောင်းတာပေါ့ဗျာ။ စာရေးကွက်ရရင် ပိုကောင်းတာပေါ့။ ဆက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဂမ္ဘီရရဲ့ အနက်အဓိပ္ပာယ်ကို ပါဠိ-မြန်မာအဘိဓာန်မှာ ဖွင့်ထားတာက နက်သည်၊ နက်နဲသည်လို့ အဓိပ္ပာယ်ဖွင့်တယ်။

ဟောဒီ သတ္တလောကမှာ ဂမ္ဘီရတရားကြီး (၄)ပါးရှိတယ် ကိုမှိုင်း။ အဲဒါက ပိဋကတ်တော်လာ နက်နဲသိမ်မွေ့သော တရားကြီးလေးပါးလို့ ခေါ်တယ်။ (၁) ဓမ္မဂမ္ဘီရ ... တရားတော်ရဲ့ နက်နဲခြင်း၊ (၂) အတ္ထဂမ္ဘီရ ... အကျိုးအား အနက်အဓိပ္ပာယ်အားဖြင့် နက်နဲခြင်း၊ (၃) ဒေသနာဂမ္ဘီရ အနုလောမ ပဋိလောမ ... ဒေသနာတော်အားဖြင့် နက်နဲခြင်း ... ဟောပြောပုံ နက်နဲခြင်း၊ (၄) ပဋိဝေဓဂမ္ဘီရ ... ထိုးထွင်းသိရခြင်း၌ နက်နဲခြင်းရယ်လို့ လေးမျိုးရှိတယ်။ ဒါသည် ဘုရားရှင်ရဲ့ ပညာဂုဏ်၊ သီလ၊ သမာဓိဂုဏ်ရဲ့ လိုက်မမီနိုင်သည့် အံ့ဖွယ်နက်နဲခြင်းပဲ။ အဲဒီကနေမှ ဖြာထွက်ပွားယူတဲ့ လောကီဂမ္ဘီရမှာတော့ ဂန္ဓာရီဆိုတာ ပွားလာရောဗျ။ အတုလ ဝိဇ္ဇာမယကျမ်းမှာ ပြတာတော့ ... (၁) ဆေးဝိဇ္ဇာဂန္ဓာရီ - ဆေးဖြင့်စီရင်သည်။ (၂) ပြဒါးဝိဇ္ဇာဂန္ဓာရီ - ပြဒါးရှင်လုံးနှင့် စီရင်သည်။ (၃) သံဝိဇ္ဇာဂန္ဓာရီ - သံသေလုံးဖြင့် စီရင်သည်။ (၄) အင်းမန္တန်၊ ဝိပဿနာ၊ ဂန္ဓာရီ ရင်းတို့၏ တန်ခိုးနှင့် သိဒ္ဓိပြီးသူများလို့ ဆိုကြတယ်။ သည်ကနေပဲ ... နောက်ပိုင်း ... ဆန်းပြားစွာကြုံသည့် အဖြစ်အပျက်များကို ဂမ္ဘီရလို့ ခေါ်ကြပြောကြရာက ဂမ္ဘီဆိုတဲ့ နက်နဲသည့်ဖြစ်ရပ်များ လူ့လောကဝန်းကျင်မှာ ပြန့်ပွားလာခဲ့ရတာပဲ။

ဂန္ဓာရီဝိဇ္ဇာဆိုတာ ဖြစ်လာတယ်။

ဂန် ဉာဏံ ဓာရေတီတိ ဂန္ဓာရော

ဂန္ဓာရော ယဿ အတ္ထိ တဿိဝ်ါ ဝိဇ္ဇာတိ ဂန္ဓာရီ ... လို့

ဝိဂြိုဟ်ပြုကြတယ်။ ဂန္ဓာရီဝိဇ္ဇာမျိုးနှစ်ပါးကို သုတေသန သရုပ်ပြ အဘိဓာန်မှာ ဘယ်လိုပြသလဲဆိုတော့ စူဠဂန္ဓာရီ ... ဖုတ်ကြီး (၄၀)၊ ကဝေ (၉၉)နှင့်တကွ၊ (၃၇)မင်း ဂူမှာန်၊ ယက္ခ၊ ဂန္ဓဗ္ဗ စသော အောက်နတ်ပုဂ္ဂိုလ်ကိုစွဲ၍ ပြုလုပ်စီရင်ကြသော အင်း၊ အိုင်၊ မန္တန်၊ ဂါထာမန္တရား လက်ဖွဲ့၊ ခါးလှည့်၊ မှော်စသည် ပညာတတ်သူ၊ မှော်ဆရာ၊ ပယောဂဆရာ၊ အောက်လမ်းဆရာ၊ အကြွမ်းဆရာ စသည်မျိုးကိုခေါ်တယ်။

---

ဗိတ်ကူးသစ်စာပေ



မဟာဂန္ဓာရီကျတော့ နည်းနည်းအဆင့်မြင့်သွားတယ်။ သူ့ရသတိ မယ်တော်ကြီးမှစပြီး ဒေဝီ (၂၁)ပါး၊ သာသနာစောင့်နတ်မင်းကြီး (၅)ပါး၊ စတုမလာကပါလ နတ်မင်းကြီးလေးပါး၊ ဘိုးတော်သိကြားမင်းက စလို့ အထက်နတ်ဟူသမျှနှင့် ဝိဇ္ဇာဓော်ဂျီ တပသီတို့ရဲ့အမြင်။ သူတို့နဲ့ သက်ဆိုင်ဆက်စပ်ပြီးရရှိတဲ့ သိဒ္ဓိအကျိုးဟူသမျှကို မဟာဂန္ဓာရီလို့ ကျမ်းဂန်များမှာ မှုရင်းပြတယ်"

အင်း ... ဒီလူကို အရူးလို့ ပြောလို့ရပ့ါမလား။ သူသိနေသည့် ပညာရပ်များက နည်းသည့်အဆင့်မဟုတ်။

"ဆက်ပြောပါ ကိုခြောက်ပေ"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

❑

"တစ်ခါတုန်းက ကျုပ် မဟာမြိုင်တောထဲကို ရောက်သွားခဲ့တယ်။ ဒီသချိုင်းမှာနေတုန်း မိန်းမတစ်ယောက် လာနှောင့်ယှက်တုန်းကပေါ့ဗျာ"

"ဘာလို့ ကိုခြောက်ပေက လစ်ပြေးရတာတုံး"

"ကြောက်လို့ပါ"

"မိန်းမ ကြောက်စရာလားဗျ။ ယှဉ်သတ်ရင် သူရှုံးပြီ ... ဖက်ထားရင် တပြုံးပြုံးနဲ့ နွေးနေတာဥစ္စာ"

"ရုပ်နဲ့နာမ်က အဟုတ်နဲ့ ဟန်ဆောင်နေတာဗျာ။ ခင်ဗျားကိုယ်တွေ့ မကြုံဖူးသေးလို့။ မိန်းမဖျက်ရင် ပြည်ပျက်သတဲ့။ ကလီယိုပက်ထရာ အလှဘုရင်မကြောင့် ရောမပျက်ခဲ့ရတယ်။ ပိသနိုးဘုရင်မရဲ့အလှကြောင့် သရေခေတ္တရာ မီးလောင်ကုန်းဖြစ်ခဲ့ရတယ်။ သုဝဏ္ဏဒေဝီကြောင့် ကြခတ်ဝါးရုံမြို့ မီးဟုန်းဟုန်းတောက်ခဲ့ရတယ်။ မဟာဂီတ ဦးပြုံးချိုရေးတဲ့ တေးဘုမှာ သီချင်းစာသားလိုပါပဲ ... ကိုမှိုင်းရာ။ တကယ်တော့ ကာယအပုပ်ကောင်တွေဟာ ဟုတ်ယောင်ကာ တုတ်နှောင်ကာ သူလှည့်စားနေတာ။ အထူးသဖြင့် တဏှာ၊ အချစ်၊ သမုဒယနဲ့နွယ်ရမည့် မိန်းမမှန်သမျှကို ကျုပ်ကြောက်တယ်ဗျာ။ ထားလိုက်ပါလေ ... ဒါက မိန်းမမှန်းငြိကာဖွင့်ရမည့် အချိန်မဟုတ်ပါဘူး။





ပြောရရင် ... ကျုပ် အဲဒီမိန်းမချောတစ်ဦးရဲ့ နှောင့်ယှက်မှုကို ကြောက်ပြီး ခြေဦးတည့်ရာကို ထွက်သွားနေချိန် ...

ကျုပ်ထုံးစံက သင်္ချိုင်းကုန်းမှာနေရတာ ပျော်တယ်၊ လွတ်တယ်၊ စိတ်ချမ်းသာတယ်ဆိုတော့ ...

ဓားမတိုသင်္ချိုင်းမှာ ခေတ္တခိုနားပြီး ကျုပ်အလိုအရှိဆုံး လုပ်ငန်းကို ကျင့်ကြံပွားများနေချိန် ...

တစ်နေ့ ဘုန်းကြီးအိုကြီးတစ်ပါးနဲ့ ဆုံကြပါရောခင်ဗျာ ...

ဘုန်းကြီးအသက်က ခန့်မှန်းဖို့ခက်တယ် ကိုမှိုင်းရ။ ဖြုန်းခနဲကြည့်လိုက်ရင် အသက် (၄၀)လောက် ခန့်မှန်းရပေမင့် ဂရုစိုက်ပြီးကြည့်ပြန်ရင် သက်တော် (၈၀)လောက်မှတ်ရရောဗျာ"

တစ်ခါ ဟုတ်ပါ့မလားလို့ အနီးကပ်ကြည့်လိုက်ရင် ...

အသက်တစ်ရာကျော်လို့ ထင်ရအောင် အိုနေပြန်ရော။ ဘုန်းကြီးကလည်း ဒီဓားမတိုသင်္ချိုင်းမှာ မရဏာနုဿတိကမ္မဋ္ဌာန်း ပွားနေတာ။

သူအမိဋ္ဌာန်ကိုးရက်စေ့သည့်နေ့မှာ သူက ကျုပ်ကိုပြောပါရော ..

"ဒကာ ... ကိစ္စ ပြီးပလား"

"ဗျာ ... အဲ ... ဘုရား ..."

"ကိစ္စပြီးပလားလို့ မေးနေတာ"

ကိုမှိုင်းရေ ... ကိစ္စပြီးပလားဆိုသည့် စကားတစ်ခွန်းက အလွန်ကို ကျယ်ဝန်းနက်ရှိုင်းတယ်ဗျ သိလား။ ဒီစကားကို အရမ်းဖြေလို့ မရဘူးနော်။ အဲဒါ မှတ်ထား။

အကျင့်သီလကျော်စောပြီး ရဟန္တာလို့ကျော်စောနေရင် လူတွေက စွတ်လိုက်ကြရောဗျ။ အဲဒါမျိုး ကျော်စောအုံခဲလာရင် သက်တော်ရှည်ပညာရှင် ရဟန်းသူတော်ကောင်းကြီးများက အဲဒီ ကျော်စောသူရဟန်းကို ခေါ်ယူတွေ့ဆုံမေးမြန်းရတယ်။

ကိစ္စပြီးပလားဆိုတဲ့ အဓိပ္ပာယ်က ...

ရဟန်းတစ်ပါးရဲ့ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာမှသည် မဂ်ဖိုလ်ရကြောင်း အကျင့်မြတ်အားလုံးပြီးမြောက်လို့ နိဗ္ဗာန်ကို အထင်အရှား မျက်



www.burmeseclassic.com

www.burmeseclassic.com



မှောက်ပြုနိုင်ပြီးပြီလား ....

ပြီး ရဟန္တာတို့ရဲ့ အဘိညာဉ်၊ ဈာန်ကိစ္စ ဖြစ်မြောက်အောင်မြင်လား ... ဒါကို ပညာစကားနဲ့ အကျဉ်းချုံးပြီး ...

ကိစ္စပြီးပြီလားလို့ မေးတာ။

ရဟန်းကိစ္စ မပြီးဘဲ ပြီးပါပြီဟု လိမ်ညာပြောလို့ ပညာရှင်များ မဖြေနိုင်ရင် ရဟန်းဘဝမှာ အရှက်ကွဲပြီး အာပတ်ကြီးသင့်ရော။

ဒါ မုသာဝါဒကို ကျူးလွန်တာလေ။

ဒါကြောင့် ...

ကိုယ့်ကိုယ်ကိုယ် ရဟန္တာအဆင့် ရောက်နေသည့်တိုင် ရဟန်းကိစ္စ မပြီးသေးပါ ဘုရားလို့ ဖြေလိုက်ရင် ... အဲဒါ ရဟန်းမြတ်၊ ရဟန်းသူတော်စင်၊ ပညာသီလနှင့် ပြည့်စုံသူလို့ ခေါ်တယ်ဗျာ။

ငါ ရဟန္တာဖြစ်ပြီဟေ့လို့ မကြွေးကြော်ကောင်းဘူး။

ငါ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်ပြီလို့ မကြွေးကြော်ကောင်းဘူး။ ဖြစ်ပြီလို့ ကြွေးကြော်ဝန်ခံပြီးမှ အကျင့်သီလပျက်ရင်း အာပတ်သင့်တဲ့ဒဏ်က ကုရခက်တယ်။

ဒါကြောင့် ရဟန်းအိုကြီးက ကျုပ်ကို ကိစ္စပြီးပလားမေးတော့ ဘာပြန်ဖြေရမှန်းမသိဘူး။

ပညာရှိမေးခွန်းကိုဗျ။

သောတာပန်ကိစ္စပြီးတာကို မေးတာလား ...

သကဒါဂါမ်ကိစ္စပြီးတာကို မေးတာလား ...

အနာဂါမ်ကိစ္စပြီးတာကို မေးတာလား ...

လောကီကိစ္စ၊ ဝိဇ္ဇာလိုင်း၊ ဂန္ဓာရီလိုင်း၊ စူဠဂန္ဓာရီလိုင်း၊ မဟာဂန္ဓာရီလိုင်း ... ဒါမှမဟုတ် လောကီဂမ္ဘီရလိုင်း ... အဲဒါ တစ်ခုခုပြီးမြောက်နေသလားလို့ မေးနေသလား။

ကျုပ် မဝေခွဲနိုင်ဘူး။

မဖြေရဲဘူး။

ကျုပ်ကိုယ်ကျုပ် ဘာတွေလုပ်နေသလဲဆိုတာတောင် တစ်ခါတစ်ရံ





မှတ်မိပြီး၊ တစ်ခါတစ်ရံ လုံးဝမမှတ်မိတော့ဘူး။ ကျုပ်ဟာ အများအမြင်မှာ စိတ်ရောဂါသမားလား ... စိတ်မှန်သူလား ... အဲဒါလည်း ကျုပ်ကိုယ်ကျုပ် မဝေခွဲနိုင်သေးဘူး။

ဒါကြောင့် ကျုပ်အာရုံရရာ အာသီသရှိရာကို ကျုပ် စူးစူးစိုက်စိုက် လေ့ကျင့်ပွားများနေမှန်းတော့ ကျုပ်သိတယ်။

ဒါနဲ့ သင့်သလိုဖြေလိုက်တယ်။

"လမ်းလျှောက် ရှာမေးပါပဲဘုရား"

"အိမ်း ... ဒါဆို ဒကာဘုန်းကြီးနဲ့ လိုက်ခဲ့"

"ဘယ်ကို လိုက်ရမှာပါလဲ ဘုရား"

"ဒကာသွားရမည့် ရွာတွေကို လိုက်ပို့ပေးမလို့"

"ခင်ဗျာ ..."

"ဒကာကြီးကို ဘုန်းကြီးသိတယ်"

"ဘုရားရေ ... အရှင်ဘုရားကို တပည့်တော် မသိပါဘူးဘုရား"

"အခု သိပြီမဟုတ်လား။ ဒကာကြီးနာမည် ဒကာကြီးသိလား"

"တပည့်တော်ကို အရူးခြောက်ပေလို့ ခေါ်ကြပါတယ်ဘုရား"

"ဒါက ပစ္စက္ခဥပမိပညတ်ကွ"

"တပည့်တော် နားမရှင်းပါဘူးဘုရား"

"ဒကာ ... ရူးသလိုနေလို့ အမည်ပေးမရတာနဲ့ ပစ္စက္ခလက်ရှိ အနေအထားကိုကြည့်ပြီး အရပ်ကပေးတဲ့နာမည်ကွ"

"ဒါဆို တပည့်တော်မှာ နာမည်ပညတ်အရင်း ရှိလို့လား"

"ရှိတယ်"

"ဘယ်သူတဲ့တုံး ဘုရား"

"ဒကာကြီးအမေပေးခဲ့သည့် နာမည်ပညတ်က ...."

"( ..... )"

"ဗျာ ... မောင် ... (မောင် ....) ဟုတ်ရဲ့လား ဘုရား"

"မိဘနာမည်ရော ပြောရမလား"

"သိရင်ပြောပါဦးဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ဦးမည်းခေါင်နဲ့ ဒေါ်ဖြူဆွတ်"

"ဟုတ်ရဲ့လား အရှင်ဘုရား"

"မှတ်စုစာအုပ်ရှိရင် မှတ်ထား။ ဒကာကြီးက မြောင်းမြသား။ အသက် (၃၁)နှစ်"

"ဘုရား … ဘုရား … ဒါအမှန်အကန်ပဲလား ဘုရား"

"ဘုန်းကြီး သက်နှင်းဝတ်နဲ့ပါ ညာလို့ရမလား"

"တပည့်တော်မမှတ်မိလို့ မယုံသေးဘူးဘုရား"

"အေး … မယုံနဲ့ဦး။ ဒကာကြီးကို ယုံဖို့ပြောနေတာ မဟုတ်ဘူး။ သိအောင်ပြောနေတာ မှတ်ရုံမှတ်ထား။ အခု ဒကာကြီးသွားချင်တဲ့ အရပ်ကို ဘုန်းကြီးနားလည်တယ်။ ဒကာ ရွာမစုံသေးဘူးလိုက်ခဲ့"

ဒါနဲ့ ထူးဆန်းတဲ့ ဘုန်းကြီးအိုကြီးကို စိုက်ကြည့်ပြီး …

"အံ့ရှင်ဘုရားရော ကိစ္စပြီးပလားဘုရား"

"ဘယ်ပြီးဦးမှာလဲ ငါလည်းရွာရှာတုန်းပဲ။ အချို့ ပါရမီအခံကောင်းလို့ ရှာနေသည့်ရွာကို တန်းတွေ့တန်းရောက်ရသကွ ဒကာလေးရ။ အချို့ကျတော့ ပါရမီခံအားနည်းလို့ မင်းလိုငါလိုပေါ့ကွာ။ အရှူးဘဝရောက်လိုရောက်၊ အသက်ကြီးလိုကြီး … တို့များသွားချင်တဲ့ခရီးက တစ်ခု။ တို့မှာကြုံတွေ့ရရှိသည့် ဘဝပညာကတစ်ခု။ လမ်းဖွေ့ကောက်နေတဲ့ ရွာစုံလို့ လှစုံတွေ့ပြီး ပညာစုံရပြီးရင် ငါတို့မျှော်မှန်းထားတဲ့ရွာကို ရောက်ရမှာ ကေန်မုချပါကွာ။ ဒါတောင် သေခြင်းလေးမျိုးကင်းမှ သေမင်းက မခေါ်ဦးမှကွ။ အဲဒီလို ရွာမျက်စိလည်နေတာကို လမ်းကြောင်းမှားနေတယ်လို့ မဆုံးဖြတ်နဲ့။ ပါရမီဘဝ ဖြည့်ဆည်းနေတာလို့ ခံယူ။ ငါတို့ ဘုရားရှင်လည်း နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ဖို့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း … ရှစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်းမက ဘဝဖြစ်စဉ်ပေါင်း ငါးရာ့ငါးဆယ်ကျော် ပါရမီဖြည့်ခဲ့ရသကွ ဒကာလေးရ။ ကိုင်း … လိုက်မှာလား။ မင်းဘဝက ပြေးနေရတာပါ ငါ့လူရာ … ဟား … ဟား … ဟား … ဟား …"

အလို … ကျုပ်ဘဝက ပြေးနေရတာတဲ့။

သူ ကျုပ်ပြေးနေမှန်းကို ဘယ်လိုလုပ်သိနေလဲ မသိဘူး။





"ကိုယ်တော်"

"ဘာတုံး … ဒကာကြီး"

"ကိုယ်တော့်ဘွဲ့မည် ဘယ်လိုခေါ်ပါသလဲ ဘုရား"

"ရှင်အရဟံလို့ ခေါ်သကွ"

"အလို … ပုဂံအနော်ရထာမင်းကြီးထံ အဦးဆုံးကြွခဲ့တဲ့ သထုံရှင်ရဟန်းကြီး … ရှင်အရဟံပါလားဘုရား"

"မဟုတ်ပါဘူး ဒကာ။ ကျုပ်ရဲ့ ဥပဇ္ဈာယ်ဆရာက သူ့ရည်ရွယ်ချက်နဲ့သူ တနင်္ဂနွေသားဖြစ်လို့ပေးခဲ့သည့် နာမည်ပါ"

"ဒါဆို အရှင်ဘုရားကို မေးလျှောက်ပါရစေဘုရား"

"မေးလေကွာ"

"တပည့်တော် ဘယ်သူ့ကြောင့် ပြေးခဲ့ရပါသလဲ ဘုရား"

ဒီမှာ ရှင်အရဟံအမည်ရှိ သက်တော်ရှည်ဘုန်းတော်ကြီးက ကျုပ်မျက်လုံးနဲ့ နှစ်လုံးအိမ်ရှိရာကို သူ့ရဲ့အားကောင်းတည်ကြည်တဲ့ မျက်လုံးအစုံနဲ့ စိုက်ကြည့်ပြီး …

"မာတုကာမကြောင့် …"

"ဟင် …"

"ဝိသေသန ထပ်ချဲ့ရရင် ပြိုင်ဘက်မရှိအောင် ချောမောလှပလွန်းသည့် မာတုကာမ မိန်းမသားတစ်ဦးကြောင့် …"

ဒီမှာပဲ ကျွန်ုပ် ရှင်အရဟံအမည်ရှိ အသက်ခန့်မှန်းရခက်သည့် ဘုန်းကြီးအိုကြီးရဲ့ ခြေအစုံကို လက်စုံမိုးရှိခိုးပြီး …

"အရှင်ဘုရား …"

"ဘာတုံး … ဒကာ"

"အခုချက်ချင်းပဲ အရှင်ဘုရားနဲ့ ရွာစုံအောင်လိုက်ပါ့မယ် ဘုရား"

"အိမ်း … ဒါဆို တို့များခုပဲ ဒီဓားမတိုသချိုင်းကို အောင်မြေအမှတ်နဲ့နင်းပြီး ခရီးထွက်ကြစို့ ဒကာလေး"

www.burmeseclassic.com

www.burmeseclassic.com

[ ၂၀ ]

❑

ဒီလိုနဲ့ ကျုပ်တို့နှစ်ဦး ရက်အတန်ကြာရော မဟာမြိုင်တောနက်ကြီးရှိရာကို ရောက်ခဲ့ပါရော။ ဒီခရီးကိုရောက်ဖို့ ကျုပ်တို့ဆရာတပည့်နှစ်ဦး ရေခရီးတစ်တန်၊ ကုန်းခရီးတစ်တန် လာခဲ့ရတယ်။

အံ့ဩစရာကောင်းတယ် ကိုမှိုင်းရယ်။

ကျုပ်ကလည်း အကျီမပါ၊ နံငယ်တိုနဲ့လူ။

ကျုပ်ဆရာဘုန်းကြီးကလည်း သင်္ကန်းအို သင်္ကန်းအနွမ်း အပိုတစ်စုံနဲ့ဘုန်းကြီး။

ခရီးစထွက်ကတည်းက ပိုက်ဆံမူးလို့ ရှူစရာမရှိဘူး။

အဲဒါ ကားစီးစီး ရထားစီးစီး ကျုပ်ဆရာဘုန်းကြီးကို ကြည့်ပြီး လူတွေက ကားခရထားခလှူကြ၊ ဆွမ်းကိစ္စကူညီကြနဲ့ . . . ရက်အတန်ကြာ ခရီးကြမ်းမှာ ကျုပ်တို့ ပူပင်သောက မရောက်ခဲ့ကြဘူး။





"အရှင်ဘုရား"

"ဘာတုံး . . . ဒကာလေး"

"ဒီအလှူရှင်များက အရှင်ဘုရားနဲ့ သိကျွမ်းလို့ပါလားဘုရား"

"မသိပါဘူး"

"မသိဘဲနဲ့ ဘာကြောင့် ရက်ရက်ရောရော လှူဒါန်းကြသတုံးဘုရား"

"စရဏတရားနဲ့ သီလဂုဏ်၊ သမာဓိဂုဏ်ကြောင့်နေမှာပေါ့။ ဒါမှမဟုတ် သင်္ကန်းအရှိန်ကြောင့်နေမှာပေါ့ . . . ဒကာလေးရ"

"ဒါဆို တပည့်တော်ကရော အခု ဘယ်လိုကြောင့် စားရေးသောက်ရေး၊ သွားရေးလာရေး အိုကေနေရပါသလဲ ဘုရား"

"မင်းက ခုချိန်မှာ ငါ့ဘုန်းကြီးကျောင်းသားဆိုလည်းဟုတ်၊ ကပ်တီးမှူးလဲဆိုလည်းဟုတ်။ ဘာပဲပြောပြော ဆင်ဖြူတော်မှီပြီး ကြံစုပ်ရတာ မင်းလည်း ကံကောင်းတာပဲကွ"

"ဟား . . . ဟား . . . ဟား . . . ဟား . . . ဟုတ်လို့လားဘုရား။ ဆင်ဖြူတော်စုပ်ပြီးလို့ ကျန်တဲ့ကြံက အချိုပေါ့ရင်ပေါ့မယ်။ အရှင်ဘုရားနဲ့ အတူလိုက်ခဲ့ရလို့ စုပ်ရတဲ့ကြံတိုင်းက ရှယ်ကြံချည်းပဲ ဘုရား"

"ဟား . . . ဟား . . . ဟား . . . ဟား . . ."

"ဟီး . . . ဟီး . . . ဟီး . . . ဟီး . . ."

"ချောင်းဆိုးရင်ကျုပ်ဖြစ်ပြီး ရွာမရောက်ဘဲ အစောကြီး နတ်ရွာလားနေပါဦးမယ် ဒကာလေးရာ . . . ဟား ဟား ဟား ဟား"

မဟာမြိုင်တောကြီး။

အဆုံးအစ မသိရအောင် နက်ရှိုင်းကျယ်ဝန်းပြီး လျှို့မြောက်ချက်တွေနဲ့ ထုံမွှမ်းနေတဲ့ တောနက်ကြီးပဲ။

နေ့ခင်းများတောင် အချို့နေရာမှာ နေပြောက်မရှိဘူး။ သစ်ကြီးဝါးကြီးတော။ အရိပ်ပျောက်တောဗျ သိလား။ လမ်းဆိုတာ ဘာကြီးကာမတွေ့ပဲရှိတယ်။ ဆင်ရိုင်းများသွားလမ်း၊ လူသွားလမ်းလေးပဲရှိတယ်။ သားကောင်ငယ်များကစပြီး သားရဲသားရိုင်းများ သူ့နေရာနဲ့သူ ရှိနေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



တောနက်ကြီးဟာ တစ်ခါတစ်ရံ အပ်ကျသံကြားရအောင် တိတ်ဆိတ်ငြိမ်သက်နေပုံက ချောက်ချားစရာကောင်းသလိုပဲ။ လေပြင်းမုန်တိုင်းလိုအသံမျိုး။ သားကောင်သားရဲကြီးများ တောတိုးပြေးလွှားသံမျိုးကလည်း တဝေါဝေါ တဝုန်းဝုန်းနဲ့ ကြောက်စရာ၊ ရင်ဖိုစရာကောင်းပါ့ဗျာ။

ကျောက်ဂူတွေ၊ မြေဂူတွေနဲ့ ရှေးဟောင်းစေတီပြိုပျက်များကို အချို့ချုံနွယ်များ ဖုံးလွှမ်းနေတာတွေ့ရတယ်။

အချို့သော ဂူများမှာ . . .

ရသေ့လိုပုဂ္ဂိုလ်မျိုး၊ ဝတ်ဖြူစင်ကြယ်နဲ့ ပုဂ္ဂိုလ်မျိုး၊ သင်္ကန်းဝတ်နဲ့ ပုဂ္ဂိုလ်မျိုးကို မျိုးခနဲ ဖျတ်ခနဲ မြင်ရတယ်။

"အရှင်ဘုရား"

"ဘာတုံး . . ."

"အဲဒါ ဘာပုဂ္ဂိုလ်များပါလဲ ဘုရား။ စကားလည်း မပြောကြဘူး"

"တောထွက်တရားကျင့်နေတဲ့ သူတော်စင်တွေကွယ့်။ သူတို့ကို မပြစ်မှားနဲ့။ မစော်ကားနဲ့။ ပြက်ရယ်မပြုနဲ့"

"ဘာဖြစ်လို့လဲဟင်"

"ဒုက္ခအကြီးအကျယ် ရောက်မှာစိုးလို့"

"ဒီတောထဲမှာ အခြားဘာများရှိသေးလဲ ဘုရား"

"သားရဲကြီးတွေ မြွေတွေရှိတယ်"

"ပြီးတော့ရော ဘုရား"

"ရှုဥဂန္ဓာရီနဲ့ မဟာဂန္ဓာရီထွက်လာသူတွေ ရှိတယ်"

"ပြီးတော့ရော ဘုရား"

"ရက္ခစိုးနတ်ကြီးများနဲ့ ယက္ခကြီးတွေ ရှိသေးတယ်"

"ကုန်ပြီလားဘုရား"

"ရှိသေးတယ်"

"ဘာများလဲ ဘုရား"

"သူယောင်မယ်"





"သူယောင်မယ် ဟုတ်လား။ သူယောင်မယ်ဆိုတာ ဘာပါလဲ ဘုရား"

"သူယောင်မယ်ဆိုတာ လူမိန်းမရုပ်သဏ္ဌာန် သူယောင်သီးကနေ လူယောင်ဖန်ဆင်းတဲ့ မိန်းမ။ ဖော်ကျီဆေးဝိဇ္ဇာတွေ ဆေးတောင်ဝှေးနဲ့တို့ပြီး ပျော်ပါးတဲ့မိန်းမ။

မင်းတို့ ငါတို့ရဲ့ခရီးက တရားစစ်တရားမှန်ကို ကျင့်ကြံပွားများအားထုတ်ဖို့ ဆရာသခင်လာရှာတဲ့ ခရီးပဲ။ ပညာရှာခရီးပဲ။ လမ်းကြောင်းမှားရင် သူယောင်မယ်နဲ့တွေ့ရော။ တွေ့လို့ မထိန်းနိုင်ရင် ပညာပျက်ရော။ လောဘ၊ ဒေါသ၊ မောဟ . . . သတိထား"

ဒီလိုနဲ့ ကျုပ်တို့ မဟာမြိုင်တောနက်ကြီးရဲ့ သုံးရက်မြောက်ခရီးမှာ ကျောက်သားဂူများကိုတွေ့ပြီး နားခိုကြတယ်။

"ဒကာလေး"

"ဘုရား . . ."

"ငါတို့ ဒီဂူများမှာ ကိုယ့်ကျင့်စဉ်ကိုယ်ကျင့်ပြီး ငါတို့နဲ့ထိုက်တန်တဲ့ ဆရာသခင်ကို စောင့်ကြမယ်"

"မှန်ပါ . . . စားရေးသောက်ရေးကရော ဘုရား"

"ဒီတောထဲမှာ စားကောင်းတဲ့အသီးအပင်တွေ အများကြီးပဲ။ တရားကျင့်ပြီး နားချိန်မှာ မင်းရှာဖွေစုဆောင်း"

"မှန်ပါဘုရား"

"ဒကာ"

"ဘုရား . . ."

"အဝိဇ္ဇာတဏှာ၊ လောဘအတ္တကို မတွေးနဲ့။ ဝိဇ္ဇာပညာကောင်းကိုတွေး . . ကြားလား"

"ဘာဖြစ်လို့ပါလဲ ဘုရား"

"အတွေးမှာ အပြုအမူမှားရင် တောခြောက်လိမ့်မယ်။ တောခြောက်ရင် ကြောက်စရာကောင်းတယ်။ ကမ္ဘာပျက်သလိုပဲ"

ဒီလိုနဲ့ ကျုပ်တို့ ကိုယ်ကြိုက်ရာ ကျောက်ဂူမှာဝင်ပြီး ကျုပ်က



www.burmeseclassic.com

www.burmeseclassic.com



လည်း ကျုပ်ရွတ်ဆိုနေကျ ရတနာသုံးပါးနဲ့ မေတ္တာသုတ်၊ ပရိမိတ္တဇာလသုတ်၊ ပဌာန်းဇယာမင်္ဂလာမန္တန်များကို ရွတ်ဖတ်သရဇ္ဈာယ်ပြီး ဝင်သက်ထွက်သက်ကို ရှုနေစဉ်မှာပဲ …

ဂူဝကနေ ကျားဟိန်းသံ ကြားရပါရော။

ခေါင်းကို တုန်သွားတာပဲ။ လှည့်မကြည့်ရဲဘူး။ ကျားက တစ်ကောင်းတည်းဟိန်းတာ မဟုတ်ဘူး။ ကျားဖိုကျားမ ဟိန်းနေတာဗျို့။ ဘာလုပ်ရမှန်းမသိဘူး။ ဆရာဘုန်းကြီးဂူရှိရာကို ပြေးသွားရင်ကောင်းမလား၊ ခဲလုံးနဲ့ပစ်ခြောက်ရင် ကောင်းမလား။

ဒီမှာကျားဟိန်းသံက ဂူဝကနေဟိန်းလိုက်ရာ ဂူရဲ့လိုဏ်သံနဲ့ပဲ့တင်ပြီး နားကွဲမလားမှတ်ရတယ် ဆရာရေ …။

ဒီမှာပဲ သေချင်လည်း ငါ့ကံတရားပဲ။

ငါ့ဘဝမှာ ရည်မှန်းချက်ရှိခဲ့ဖူးတယ်။

ကံအမှားတစ်ခုကြောင့် ငါ့ဘဝလမ်းကြောင်း ပြောင်းခဲ့ရတယ်။ ဒါပေမင့် ငါ့ဘဝသက်တမ်းတစ်လျှောက်မှာ သူ့အသက်မသတ်ခဲ့ဘူး။ မခိုးဝှက်ခဲ့ဘူး။ သေရည်သေရက် မသောက်ခဲ့ဘူး။ လိမ်ညာလှည့်ဖြား မပြောခဲ့ဘူး။ လူသတ္တဝါများအကျိုးကို ရသမျှ ကူညီစောင့်ရှောက်ခဲ့ဖူးတယ်။ ဒီလိုတွေးပြီး ကျားဖိုကျားမရှိရာကို မေတ္တာပို့လို မေတ္တာကမ္မဋ္ဌာန်းပွားစီးနေလိုက်ချိန်မှာပဲ …

ကျုပ်ကျောကုန်းကို လျှာကြမ်းကြီးနဲ့ လျက်နေတာကို ဖြန်းခနဲ ခံစား လိုက်ရော …ကြက်သီးမွေးညှင်း ပွက်ပွက်ဆူပါရောဗျာ။

ပထမ အနံ့ဆိုးအပုပ်နံ့ကြီး ရှူနေရတယ်။

ပြီး ကျောကုန်းကို လျှာနဲ့လျက်နေရာက ကျုပ်ပါးကို လျှာနဲ့လျက်နေတာမျိုး ခံစားရတယ်။ ကြမ်းကြမ်းရှရှ အသည်းတယားယားကြီး။

ကျားလား၊ သရဲလား မသိဘူး။

မျက်လုံးလည်း ဖွင့်မကြည့်ရဲဘူး။ မျက်စိကို စုံမှိတ်ပြီး မေတ္တာသုတ်တစ်ပိုဒ်ရွတ်လိုက် အနက်ကိုမြန်မာပြန်လိုက် လုပ်နေတုန်းမှာပဲ ဖြန်ထွက်သွားသည့်ခြေသံများ ကြားရပြီး အပုပ်နံ့လည်း ပျောက်သွားခဲ့တယ်။





ကျုပ်တစ်ကိုယ်လုံး ချွေးတွေရွှဲနေပြီး …

ဒီအချိန်မှာပဲ ကျုပ်ပေါင်ပေါ်ကို လေးပင်အိတွဲသည့် အရာတစ်ခု မေးတင်လာတာကို ကျုပ်ခံစား သိရှိလိုက်ရတယ်ဗျာ။ မကြာခင်မှာပဲ အဲဒီ လေးပင်မေးတင် အရာဝတ္ထုက ကျုပ်ပေါင်ပေါ်မှာ တရွေ့ရွေ့ ဖြတ်သွား သလိုမျိုးရှိပြီး ကျုပ်ပေါင်ကြီး လေးထုံလာပါရော …

ဒါနဲ့ အသာလက်နဲ့စမ်းကြည့်လိုက်ရာ …

အလိုလေး …ပြောင်ချောချော အရာကြီးဗျ …

ဒါနဲ့ ဘာလဲလို့သိချင်လို့ မျက်စိကိုအသာမှေးပြီး ဖွင့်ကြည့်လိုက် ရော …အမယ်လေး …မြတ်စွာဘုရား ကယ်တော်မူပါ။

မြွေကြီး …

စပါးအုံးလို မြွေကြီးရဲ့ကိုယ်လုံးကြီး။

မြွေစပါးအုံးကြီးရဲ့ကိုယ်လုံးက ဝါးပိုးဝါးကြီးအလုံးလောက် ရှိမယ် ထင်တာပဲ။ သွားပြီ …ဒီတစ်ခါတော့ ကျုပ် မဟာမြိုင်တောဂူထဲမှာ ကိစ္စ ချောပြီနဲ့တူပါရဲ့ဗျာ။

စပါးအုံးတို့ စပါးကြီးမြွေတို့ဆိုတာ လူရဲ့ခန္ဓာကိုယ်ကို ရစ်ပတ်ပြီး လူ့စအိုထဲ အမြီးဆုံးထည့်လို့ ညှစ်ချေသတ်တာလား ကိုမှိုင်းရဲ့။

ညှစ်ပြီးသတ်ပြီးရင် လူဦးခေါင်းကို သူတို့ရဲ့ပါးစပ်က အမြှုပ်တံတွေး နဲ့ အနှံချစိုစွတ်စေပြီးမှ ပါးစပ်နဲ့လူကို မျိုတာ။

လူတစ်ကိုယ်လုံး မျိုဝါးပြီးရင် မြေတွင်းဂူလိုနေရာမှာ တစ်လ ကိုးသီတင်း အစာမရှာဘဲ နေလေ့ရှိပြီး အိပ်လေ့ရှိတယ်ဗျ။

ဒီအချိန်မှာ စပါးအုံးမြွေကြီး သူ့ဦးခေါင်းနဲ့ ကျုပ်ကိုယ်ခန္ဓာကို စပြီး ပတ်နေပြီ။

ကျုပ် မလှုပ်ရဲတော့ဘူး။ လှုပ်လို့လည်း မရတော့ဘူး။ ချေးညှီ များဟာ ဆီးကင်းလုံးမက တပေါက်ပေါက်နဲ့ နဖူးကနေ ရင်ဘတ်ပေါ်ကို ပြုတ်ပြုတ်ကျနေပြီဗျာ။

စောစောက ကျားလင်မယားရဲ့ အန္တရာယ်။

အခု စပါးအုံးမြွေကြီးရဲ့ အန္တရာယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြေးစရာ မြေလည်း မရှိဘူး။

ကိုင်း ... သေချင်လည်းသေ။ ငါ့ထိုက်နဲ့ငါ့ကံ။ ငါဘုန်းကြီး တစ်ပါးနဲ့လိုက်ခဲ့တာ ဆရာသခင်နဲ့ ဓမ္မအသိကိုလိုချင်လို့။ ဘဝရဲ့နားခိုရာ နောက်ဆုံးရွာကို လာရှာခဲ့တာ။

ခုတော့ ငါ့အဖော် ဆရာဘုန်းကြီးလည်း ဘယ်ရောက်နေမှန်းမသိ။ ငါ့လည်း သူလာမကယ်နိုင်၊ သူ့ရော ကျားစားသွားပြီးလား၊ ကျားသစ်ဆွဲသွားပြီလား မသိ။

အင်း ... အတ္တာဟိ အတ္တာနော ... နာထော။

အမျိုးကောင်းသားတို့ အရေးကြုံလျှင် ကိုယ့်ကိုယ်ကိုယ်သာ အားကိုးရာ ကိုးကွယ်ရာတဲ့ ...

စိန္တာမဏိ ရတနာနီ၊ ဗုဒ္ဓံ ဗုဒ္ဓရတနာနံ။
ကရံ ကရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

စိန္တာမဏိ ရတနာနီ၊ ဓမ္မံ ဓမ္မရတနာနံ။
ကရံ ကရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

စိန္တာမဏိ ရတနာနီ၊ သံဃံ သံဃရတနာနံ။
ကရံ ကရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

ငါ ဘုရားရှင်ကို အကြွင်းမဲ့ယုံကြည်သည်။
တရားဓမ္မကို ယုံကြည်ကိုးစားသည်။

ငါ့အဖော်ဆရာ အရှင်အရဟံ ရဟန်းကြီးကို ကြည်ညိုပါသည်။

ဤမှန်သော သစ္စာစကားကြောင့် ကြုံတွေ့နေရသော အန္တရာယ်ရန်စွယ်အပေါင်းတို့သည် ပျက်သုဉ်းဖဲခွာ၍ အသက်နှင့်ခန္ဓာ တည်မြဲပြီး ဘဝပါရမီအထိုက်အလျောက် ခံစားရဖွယ်ကို ခံစားသိရှိရရှိပါစေသတည်း။

သို့ကလို သစ္စာပြုလိုက်တယ်။





ပြီး ... ပုဗ္ဗဏှသုတ်တော်ကို ရွတ်လိုက်တယ်။

"ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာမနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဗုဒ္ဓါနုဘာဝေန ဝိနာသမေန္တု။

ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာမနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဓမ္မာနုဘာဝေန ဝိနာသမေန္တု။

ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာမနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
သံဃာနုဘာဝေန ဝိနာသမေန္တု ....."

မကောင်းသော နိမိတ်၊ မကောင်းသော အမင်္ဂလာ၊ မနှစ်သက်ဖွယ်ဖြစ်သော ငှက်ဆိုးသံ၊ မကောင်းသော ဂြိုဟ်စီးဂြိုဟ်နင်း၊ မနှစ်သက်စရာ အိမ်မက်ဆိုးတို့သည် မြတ်စွာဘုရား၏ ကြီးမြတ်သော အာနုဘော်ကြောင့်၊ မြတ်စွာဘုရား၏ ကြီးမြတ်သော တရားတော်၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်တို့၏ ကြီးမြတ်သောအာနုဘော်ကြောင့် မကျမရောက် ကင်းပျောက်ပါစေသတည်း။

ဒီလို ချွေးသံရွှဲရွှဲကြီးနှင့် အားတင်းပြီး ပုဗ္ဗဏှသုတ်ကို ရွတ်နေစဉ်မှာပဲ စပါးအုံးမြွေရဲ့ ရစ်ပတ်သံက တစ်ခွေပြီးတစ်ခွေဆင့်ဆင့်တက်လာနေသလို ...

မြွေကြီးရဲ့ ညှီစို့စို့ ခံတွင်းနှာနံ့ကိုလည်း အန်ချင်စရာကောင်းအောင်



www.burmeseclassic.com

www.burmeseclassic.com



ရနေပြီး ...

" .....ပဒက္ခိဏာနိ ကတွာန၊ လဘန္တွေ ပဒက္ခိဏေ။
တေ အတ္ထ လဒ္ဓါ သုခိတာ၊ ဝိရူဠှာ ဗုဒ္ဓသာသနေ။
အရောဂါ သုခိတာ ဟောထ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

"လူခပ်သိမ်း၊ နတ်ခပ်သိမ်းတို့သည် မြတ်သောအမှုကိစ္စတို့ကို ဆောင်ရွက်ကြသည့်အတွက် မြတ်သော အကျိုးတရားတို့ကို ရကြကုန်၏။ ထိုသူတို့သည် ဘုရားသာသနာနဲ့ ကြီးပွားတိုးတက်လာကြကုန်၏။ ထိုသူတို့သည် မိမိတို့၏ အဆွေအမျိုးနှင့်အတူ ကျန်းမာချမ်းသာကြပါစေကုန်သော် ...

သုတ်တော်ရွတ်သံအဆုံး ...

စပါးအုံးမြွေဆိုးကြီးက ကျုပ်ရဲ့စအိုထဲသွင်းထားတဲ့ သူ့အမြီးကို တင်းပြီး ညှစ်စအပြု ...

ငါသေရတော့မှာပါလား ...

အေးလေ ... သေခြင်းတရားဆိုတာ လူတိုင်းမလွတ်ပေဘူး။ သွားပေတော့ ခြောက်ပေလို့ ...ကိုယ့်ကိုယ်ကိုယ် မရဏာနုဿတိ ဆင်ခြင်နေတုန်းမှာပဲ ...

"အလို ..."

ကျုပ်ခန္ဓာကိုယ်မှာရစ်ပတ်ပြီး ညှစ်စပြု အသက်ရှူကျပ်စပြုနေသည့် အနေအထားချက်ချင်းပြောင်းပြီး မြွေဦးခေါင်းဟာ တစ်ရစ်ပြီးတစ်ရစ်ဖြုတ်လို့ နောက်ဆုံး ကျုပ်ကိုယ်ပေါ်ကနေဖဲ့ခွာပြီး ဂူအပြင်ကို တရွေ့ရွေ့ထွက်သွားတာကို ကျုပ်အံ့ဖွယ်ဘနန်း မြင်လိုက်ရပါရောဗျာ။

| ၂၁ |

❑

ကျုပ်ဟာ ဝင်သက်ထွက်သက်မှတ်ရှုသည့် အလုပ်စခန်းကျင့်စဉ်က ရပ်နားရင်း အနီးဝန်းကျင်တောကိုဝင်ပြီး ငှက်ပျောသီး၊ သရက်သီး၊ ဆီးချိုသီးများကိုရှာဖွေပြီး ဆရာသခင်ဘုန်းကြီးရဲ့ဂူမှာ လာတင်ထားလေ့ရှိတယ်။

တစ်နေ့ ...

ဆရာသခင်ဘုဉ်းပေးရအောင် တောထဲဝင်ပြီး ငှက်စာငှက်ပျောကို လိုက်ရှာတာ။ ငှက်စာငှက်ပျောဆိုတာ အလုံးသေးသေးလေးနဲ့ ဆေးဘက်ဝင် အာဟာရသိဒ္ဓိရှိတဲ့ငှက်ပျော။

ရှားတယ်။

---
စိက်ကူးသစ်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com



စိုက်တိုင်း မဖြစ်ဘူး။ အများအားဖြင့် အမိကရတောလို နေရာမျိုးမှာမှ ပေါက်တာ။ ငှက်ပျောသီးရနံ့က သင်းနေတယ်။ မွှေးနေတယ်။ ကံကောင်းသူမှ အဝေးကနေ အနံ့ကိုရတာမျိုး။ ဒါနဲ့ ငှက်ပျောတောကိုဝင်ပြီး ရနံ့လာရာအရပ်ကို ရှေးရှုလို့ တိုးဝင်လိုက်ရာနေချိန် ...

"မောင်ကြီး ..."

"ဟင် ..."

"မောင်ကြီး ..."

ခေါ်သံ ... ခေါ်သံက မိန်းမသံဗျ။ ဒါနဲ့ အသံကြားရာကို လှမ်းကြည့်လိုက်ရော။ အလိုလေး ... မိန်းမတစ်ယောက်။

အားပါးပါး ... ဒေဝစ္ဆရာနတ်သမီးလား မှတ်ရတယ်ဗျာ။ ရေကန်တစ်ခုရဲ့အစပ်မှာ ရေစိမ်ချိုးနေတာကလား ဆရာမှိုင်းရာ။

ချိုးပုံနှယ် ကြည့်စမ်းပါဦးဗျာ။

ကြည့်ရတာ ဝတ်လစ်စလစ် ရေစိမ်ချိုးနေပုံမျိုးဗျ။ ရင်ညွန့်အပေါ်သား မပြုတပြုဖော်ပြီး ကျုပ်ကို ရေကန်ထဲကနေ ပြုံးပြုံးကြီးလုပ်လို့ ခေါ်သံပေးနေတာ။

ကျုပ် ဒီမဟာမြိုင်တောနက်ကြီးထဲ ရောက်နေတာ သုံးရက်ရှိပြီ။ မ,နဲ့တူတာ ခြေမနဲ့လက်မပဲရှိတဲ့ တောကြီးရယ်။

ဘယ့်နှယ်လုပ်ပြီး ကြွေရုပ်ရွှေရုပ် ခေါမကျောက်ဆစ် ပန်းပုရုပ်လို လှပလွန်းတဲ့ မိန်းမတစ်ဦး လာတွေ့နေရပါလိမ့်ဗျာ။

ဒီလိုအံ့သြနေတုံး သူမက ရေထဲကနေ လက်ယပ်ခေါ်ပါရော။

"မောင်ကြီး ... လာလေ ... ဘာကြည့်နေတာတုံး"

"ဟင် ... အင်"

"လာပါဆို ... ညီမပျင်းနေလို့"

"မင်း ... မင်း ... လူလား ... ကိန္နရီ ကိန္နရာလားဟင်"

"အဟင်း ဟင်း ဟင်း ... ခစ် ခစ် ခစ်"

"ပြောပါ ... ငါ မိန်းမသားဆိုလို့ ဒီနေရာမှာ မင်းကိုပဲစမြင်ဖူးသေးတယ်"





"အခု ဘယ်လိုမြင်ရလို့လဲလို့ ... ဟင် ... လာပါဆို"

"မင်းဘယ်မှာနေလဲ"

"ဟိုနားက အစုမှာ ..."

"အဖေ အမေရော ရှိလား"

"ရှိပေါ့"

"အပျိုလား ... အအိုလား"

"အို ... ဘာမှန်းလဲ မသိဘူး။ သိချင် ဆင်းခဲ့ပါဆို"

သူမက ရေထဲကနေမတက်ဘဲ ရင်သားကို မကြွတကြွ မပြုတပြုလုပ်ပြီး ညို့မျက်လုံးနှင့် ကျုပ်ကို ဖမ်းစားညို့ခေါ်နေတယ်။

ကျုပ်ရဲ့ခန္ဓာကိုယ်က သွေးလည်ပတ်မှု မြန်နေပြီ။

အကြောတွေ တင်းလာနေပြီ။

ကျုပ် ဘာလုပ်ရမလဲ။ ဒီကိန္နရီမနဲ့ ရေထဲမှာ ချစ်ရည်လူးရမလား။

"အပေါ်တက်ခဲ့ပါ နှမ"

"ဟွန့် ... မောင်ကြီးဆင်းခဲ့ပါဆို။ ဘာလို့ အပေါ်တက်ရမှာလဲ"

"မင်းတို့အိမ်ကို သွားမယ်လေ"

"အဝတ်အစား မရှိဘူးရှင့်"

"ဟင် ..."

"ခစ် ... ခစ် ... ခစ်"

ဒုက္ခပဲ။ အဝတ်အစားမရှိဘူးတဲ့။ ကျုပ်မှာလည်း အဝတ်နဲ့တူတာ နံငယ်တိုပဲရှိတယ်။ ဒီနံငယ်ကိုချွတ်ပြီး သူမကိုပေးလိုက်ရင်။

အမယ်လေး ...။

သူ ပြေးရင်းပြေး၊ သူ မပြေးရင် ကိုယ်ပြေးရကိန်း။

ဒီအချိန်မှာ သူမက ကြည်လင်နေတဲ့ရေထဲမှာ တစ်ချက်ငုပ်လိုက်ပြီး ငါးတစ်ကောင်လို ကူးခတ်နေတယ်။ မှန်သားရောင်ရေပြင်မှာ သူမရဲ့ ပဉ္စငါးပါးအလှက ကြွရွလို့။

ကြက်သီးဖြန်းဖြန်းထနေပြီး စိတ်ဂနာမငြိမ်သလိုလည်း ဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ ကျုပ်ဆရာသခင် ဘုန်းကြီးရှင်အရဟံ ပြောခဲ့တဲ့ စကားကို ပြန်ကြားလိုက်ရရော ...

"ဒီတောထဲမှာ သားရဲကြီးတွေ၊ မြွေကြီးတွေရှိတယ်။ စူဠဂန္ဓာရီနဲ့ မဟာဂန္ဓာရီ ထွက်လာသူတွေရှိတယ်။ ရက္ခစိုးနတ်ကြီးများနဲ့ ယက္ခကြီးတွေ ရှိတယ်"

"ကုန်ပြီလား ဘုရား"

"ရှိသေးတယ် ... သူယောင်မယ် ..."

"သူယောင်မယ်ဆိုတာ ဘာများပါလဲ ဘုရား"

"သူယောင်မယ်ဆိုတာ လူမိန်းမသဏ္ဌာန် သူယောင်သီးကနေ လူယောင်ဖန်ဆင်းတဲ့ မိန်းမ။ ဖော်ကျိဆေးဝိဇ္ဇာတွေ ဆေးတောင်ဝှေးနဲ့တို့ပြီး ပျော်ပါးတဲ့မိန်းမ"

"မောင်ကြီး"

"မောင်ကြီး ... လာလေ ... လို့ ..."

ကျုပ် တဏှာနဲ့မြူဆွယ်နေတဲ့ မိန်းမရဲ့ဝန်းကျင်ကနေ ချာခနဲ လှည့်ပြီး ခွာလိုက်ရော နောက်ကနေ မောင်ကြီးရေခေါ်သံဟာ တစ်တောလုံးကို ညံနေတာပဲ။

ခြေလှမ်းဆယ်လှမ်းလောက်အရောက်မှာ ဘာများဖြစ်ဦးမလဲလို့ သိချင်လို့ လှည့်ကြည့်လိုက်ရော ...

"ဟင် ..."

ကျုပ်မြင်လိုက်ရတာ ဒေဝစ္ဆရာတမျှလှပတဲ့ ကိုယ်လုံးတီးမိန်းမ မဟုတ်တော့ဘူး။

ပါးစပ်ကြီးဖြဲပြီး အစာတောင်းနေသည့် မိကျောင်းတစ်ကောင်။ နည်းတဲ့မိကျောင်း မဟုတ်ဘူးဗျာ။ အစွယ်ကို ဖွေးနေတာပဲ။

ဘုရား ... ဘုရား ...။

ဆရာသခင် အရှင်သူမြတ် မိန့်မှာသလို သူယောင်သီးကနေ လူယောင်ဆောင်ပြီး ပျော်ပါးဖို့ မြူဆွယ်နေတဲ့ မိန်းမလား ...

ကိုးတောင်ပြည့်မိကျောင်းက လူယောင်ဆောင်ပြီး အဆာကို မြူ





ချော့သွေးဆောင်နေတာလား ...

ဒါမှမဟုတ် ...

အသူရကာယ်သား တစ္ဆေမိန်းမက နေ့စံညခံဘဝနဲ့ ကျုပ်ကိုများ ဖြားယောင်းရော့သလား။

ဒီနေ့ထိ စဉ်းစားလို့မရဘူး။

ဒီအချိန်မှာပဲ ကျုပ်အနီးကနေ ဖားအော်သံကြားရရော ...။ ကြည့်လိုက်တော့ ဖားတစ်ကောင်။ ဖားအော်သံက အကျယ်ကြီးဗျာ။

ဖားက ကျုပ်ရဲ့မျက်နှာကိုကြည့်ပြီး အော်နေတာ။ အော်ရင်းကနေ ရှေ့ကို ခုန်ဆွခုန်ဆွနဲ့ သွားနေတာ။ ပြီး လှည့်ကြည့်ခေါ်ပြန်၊ အော်ပြန် ရော။

ပုံစံက လိုက်ခဲ့ပါလို့ ခေါ်နေသလိုမျိုး။ ဒါနဲ့ လှည့်ကြည့်အော်လိုက်လုပ်နေတဲ့ ဖားနောက်ကို လိုက်နေတုန်းမှာပဲ။ ဖားဟာမျက်စိအောက်တွင် တဖြည်းဖြည်း ကြီးလာတာကို အံ့ဖွယ်ထူးထူးဆန်းဆန်း မြင်လိုက်ရပါရော ဆရာမှိုင်းရေ

ဒီအချိန်မှာပဲ ...

တစ်နေရာကနေ ဖားတစ်ကောင်က အသံပေးပြီး ခုန်ဝင်လာပြန်ပါရောဗျာ။ ပထမ ကျုပ်ကို ခေါ်သံပေးတဲ့ဖားဟာ လက်သီးဆုပ်လောက်ကနေ အခု ရေနွေးကရားအိုးလောက်ဖြစ်နေပြီ။

နောက်ထပ် ဒုတိယထွက်လာသည့် ဖားကလည်း ခုန်ဝင်လာစတုန်းက လက်သီးဆုပ်လောက်ပဲ။ ခု ပထမဖားနဲ့ ပြိုင်တူခုန်ခုန်သွားရင်းကနေ သူလည်း ရေနွေးကြမ်းအိုးလောက်ဖြစ်နေတာကို မြင်နေရတယ်။

ဟုတ်မှဟုတ်ရဲ့လား။ ငါများ မျက်စိမှောနေသလားလို့ မျက်လုံးကို ပွတ်ကြည့်လိုက်တော့လည်း ဟုတ်တယ်။ ကျုပ်မျက်စိ လုံးဝမမှောက်ဘူး။

ဖားနှစ်ကောင်ဟာ တဖြည်းဖြည်းကြီးနေတာ။

သရဲများခြောက်နေရော့သလား။

တောရဲ့မာယာများ လှည့်စားနေရော့သလား။ ဒီမှာပဲ ပထမဖားရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ကုံးပေါ်ကို ဒုတိယဖားက ခုန်တက်လိုက်ပြီး ကျုပ်မျက်နှာကို ကြည့်ကြလို့ သံပြိုင်အော်ကြပါရောဗျာ။

"ဂွပ် ... ဂွပ် ... ဂွပ် ... ဂွပ်"

"ဂွပ် ... ဂွပ် ... ဂွပ် ... ဂွပ်"

"ဂွပ် ... ဂွပ် ... ဂွပ် ... ဂွပ်"

"ဂွပ် ... ဂွပ် ... ဂွပ် ... ဂွပ်"

ဟော ... ပြိုင်တူအော်ရင်းကနေ အသံတိတ်သွားကြပြီ။ ဟင်လုံးဝကို မအော်ကြတော့ဘူး။ နှစ်ကောင်စလုံး ငြိမ်သက်သလို ကျုပ်သူတို့အော်နီးအော်နီးနဲ့ ကြည့်နေတုန်းမှာ သူတို့ဖားနှစ်ကောင်ဟာ ကျောက်ရုပ်လို ငြိမ်သက်နေကြတယ်။

အဲဒီအချိန် အတန်ကြာတယ်။

ငြိမ်သက်နေဆဲပဲ။

ဒါနဲ့ ... မသက်ာလို့ အသာအနီးကိုသွားပြီး လက်နဲ့ကိုင်လိုက်ရော ..

"အလို ..."

ဆန်းပြားလိုက်တဲ့ တောရဲ့ဂမ္ဘီရများ။ စောစောက သက်ရှိဖားနှစ်ကောင်။ အခု ထပ်လျက်သား ကျောက်ဖားနှစ်ကောင် ဖြစ်နေတာကို အံ့ဩဖွယ်ရာ မြင်လိုက်ရရော ...

ကျုပ် ကျောက်ဖားနှစ်ကောင်ကို မဟာမြိုင်တောကြီးရဲ့ အမှတ်တရ ပစ္စည်းအဖြစ် လှမ်းကောက်ယူလိုက်ပြီး နွယ်ကြိုးနဲ့ချည်လို့ ကျုပ်ခါးမှာ ပတ်ချည်ချိတ်ဆွဲယူလာလိုက်တယ်။

ငှက်စာငှက်ပျောရန့်လည်း ဘယ်ရောက်သွားမှန်း မသိဘူး။

ဒါနဲ့ အချိန်လင့်နေပြီဆိုပြီး ရရာသစ်သီးသစ်ဖုများကို အင်ဖက်ရွက်ကန်တော့လိပ်ထည့် ပြန်အလာ ...

"ထီ"

"ထီ ... တောက် ... တောက် ..."

"ထီ"





အလို ... ဗုံတစ်လုံး မြည်သံပါကလား။ ဘယ့်နှယ် ဒီတောထဲမှာ ဘယ်သူများ ဗုံလာတီးနေပါလိမ့်။

"ဗုံ"

"ထီ"

"တောက် ... တောက် ... တောက်"

"ထီ"

နားစွင့်လိုက်တယ်။ ဗုံသံမှ ဗုံသံအစစ်။ စည်တီးသံလိုအသံမျိုး။ တစ်ချက်ချင်း စည်းညီဝါးညီ တီးနေသည့်အသံ။ တောနက်ကြီးထဲမှာ လူတွေနေကြရော့သလား ... လူရိုင်းများရှိနေကြရော့သလား ... စည်ဗုံသံက တစ်ချက်ချင်း မှန်မှန်ကြားနေရတုန်းပဲ။

ဒါနဲ့ ဖြစ်ချင်ရာဖြစ် ...

စည်ဗုံသံကြားရာအရပ်ကို နားစွင့်ပြီး လိုက်ရှာလိုက်ရော။ တွေ့ပါပြီဗျာ။ ကျောက်တုံးကြီးပေါ်ကကျနေတဲ့ ရေစက်ကျောက်ချွေးအောက်မှာ ကျောက်စည်တိုလို အရာတစ်ခု။

အလို ...

သေသေချာချာကြည့်လိုက်တော့ ... ကျောက်စည်တိုဗုံတစ်လုံး။ ကျောက်စည်ရေရဲ့အောက်မှာ ခံနေတာ။ တကယ့်ကို ဗုံတိုအတိုင်းပဲ။ ဒါနဲ့ သေချာအောင် အနီးကပ်ကြည့်နေလိုက်တယ်။

"ဗုံ ..."

"ဗုံ ... ထီ"

"ဗုံ ... တောက် ... ဟောက်"

ဟယ် ... ကျောက်စည်တိုဗုံရဲ့ မျက်နှာပေါ်ကို ကျောက်စက်ရေက တစ်စက်ချင်းအကျသွား ကျောက်စည်တိုဗုံက လိုက်ဖ်သံနဲ့မြည်နေတာ။ နားထောင်လို့ ကောင်းလိုက်တာ။

ကျုပ်စိတ်ကို ထိန်းလို့မရတော့ဘူးဗျာ။

နားဝင်ချိုလွန်းလှတဲ့ ကျောက်စည်တိုဗုံကို မဟာမြိုင်တောကြီးရဲ့ ဂမ္ဘီရဆန်းကြယ် အမှတ်တရပစ္စည်းအဖြစ် ယူဖို့ဆုံးဖြတ်ပြီး ကောက်ယူ



www.burmeseclassic.com

www.burmeseclassic.com



ပွေ့ပိုက်လိုက်ချိန် ...

"လူကလေး ..."

"အမယ်လေး ..."

ခေါ်သံကြားလို့ လှည့်ကြည့်လိုက်ရော မုတ်ဆိတ်မွေးဖားလျား၊ ဆံပင်လမ်ကောက်ဖားလျားနဲ့ သစ်ကိုင်းလို အကျီရှည်ကြီးဝတ်ထားသည့် ကုလားဆာဒူးလို အဘိုးအိုတစ်ဦး ...

သူက ကျုပ်ကိုခေါ်နေတာ။

ကျုပ်ရဲ့နောက်မှာ လှည့်ကြည့်လိုက်တော့ ဆာဒူးအဘိုးအိုကြီးမှ လွှသားစစ်စစ်ပါပဲမှာ။

"လူကလေး ..."

"ခင်ဗျာ ... အဘိုး"

"လူကလေး ... ပြန်တော့"

"ခင်ဗျာ ... ကျွန်တော် ဘယ်ကိုပြန်ရမှာလဲ အဘိုး"

"လူလေးရဲ့ မူလ ဘူမိနက်သန် သင်္ချိုင်းကုန်း"

"ဗျာ ..."

"အဘိုး ... အဘိုး ကျွန်တော်သင်္ချိုင်းမှာနေတာ အဘိုးဘယ်လို လုပ်သိသလဲဟင်။ အဘိုးကို ဘဘုန်းရှင်အရပ်ံ ပြောပြလို့လားဟင်"

"ဒါတွေ မမေးနဲ့။ လူလေးလိုချင်တာ ခုရနေပြီ။ အဲဒါယူပြီး ပြန်တော့"

"အဘိုး ... အဘိုး ... ကျွန်တော် ဒီတောထဲမှာ ဆရာသခင် ကို မျှော်လင့်စောင့်စားပြီး ဒုက္ခငြိမ်းချုပ်ရာ အမတကိုရယူဖို့ လိုက်လာခဲ့ တာပါ"

"မရနိုင်သေးဘူး လူလေး။ လူလေးမှာ တပ်မက်မှုရှိနေတယ်။ အမတကိုလိုချင်ရင် လောဘ၊ ဒေါသ၊ မောဟချုပ်ငြိမ်းရတယ်။ ခု လူလေး လိုချင်တာရပြီ။ မူလနေရာကို ပြန်တော့။ ပါရမီထပ်ဖြည့်ဦးတော့။ ဘဝ အကြွေးကို ကျေအောင်ဆပ်ဦးတော့"

"ကျွန်တော်မပြန်ဘူး အဘိုး"

---

စိတ်ကူးသစ်စာပေ



"အဟင်း ဟင်း ဟင်း ... လူကလေးပြန်ကို ပြန်ရမှာပါ။ ကျောက်စည်ရဲ့မြည်သံကို နားခံရင်း ဘဝအကြွေးကိုဆပ်လို့ ပထမပါရမီကို ရင်းနှီးရဦးမှာ။ ကိုင်း ... အဘိုးသွားပြီ"

"အဘိုး ... အဘိုး ..."

"အဘိုး ... အဘိုး ..."

ကျုပ်သူ့ကို မေးခွန်းတွေမေးစရာရှိလို့ နောက်ကနေ အပြေးလိုက် ပြီး အော်ခေါ်ခဲ့ပေမင့် အသက်အရွယ် အိုမင်းကြီးရင့်သလောက် လျင်မြန် လိုက်တဲ့ ဆာဒူးအဘိုးကြီးဗျာ ...

သူက လှစ်ခနဲ လှစ်ခနဲ ခြေလှမ်းများနဲ့ ကျောက်ဂူတစ်ခုထဲကို ဝင်သွားတယ်။ ကျုပ် ကျောက်ဂူဝကနေ တကြော်ကြော်အော်ခေါ်ရင်း အထဲ ကို ဝင်သွားရော ...

ကျောက်ဂူထဲမှာ နောက်ထပ်အပေါက် သုံးခုရှိနေတယ်။

ဆာဒူးအဘိုးအိုကို မမြင်ရတော့ဘူး။ ဂူပေါက်ဝသုံးခုအနက် ဘယ် အပေါက်ကနေ ထွက်သွားပျောက်သွားသလဲ မသိရဘူး။

"အဘိုး ဆာဒူး"

"အဘိုး ဆာဒူး"

"အဘိုး ဆာဒူးခင်ဗျာ"

ကျုပ်ရဲ့ မြင်ချင်တမ်းတခေါ်သံဟာ ပဲ့တင်လှိုက်သံနဲ့ ကျုပ်ကိုယ် လုံးကို လာရောက်ရိုက်ခတ်နေတယ်။ နောက်ဆုံး ... ကျုပ် ....

ကျောက်ဖားထပ်လျက် ရ၏။

အသံမြည်တဲ့ ကျောက်စည်တိုဖုံရယ် ...

သစ်သီးဝလံများရယ်ကို ထမ်းယူဆွဲပြီး ကျုပ်ရဲ့ ဆရာသခင်ရှိရာ ကျောက်ဂူကိုပြန်ရောက်ရော ..

ဆရာသခင်ရဲ့ ကျောက်ဂူအဝင်ဝမှာ ကျောက်ပြားကြီးတစ်ချပ်တပ် လို့။ အလို ... ကျောက်ပြားရဲ့ မျက်နှာစာပေါ်မှာ မီးသွေးနဲ့ စာတစ် တန်းရေထားလို့ပါကလား"

ထူးခြားလှချည်လား ...

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ အနီးတိုးပြီးဖတ်လိုက်ရော ...

"လူကလေး ..ဒကာ မင်းပြန်ချိန်ရောက်ပြီ။ မင်းရဲ့စိတ်ကို သန့်စင်အောင် ဖွပ်လျှော်ပြီးမှ ပြန်လာခဲ့။ ဒီဘဝ မဆုံဖြစ်ရင် နောက်ဘဝ ဆုံကြတောပေါ့။

ဘဘုန်းရှင်အရဟံ"

ကျုပ်ဗျာ ... ဆရာသခင် ကျောက်ဂူဝကျောက်ပြားပေါ်က စာကို ဖတ်ရင်း မှင်တက်မိသလို ဖြစ်နေတယ်။ ကျုပ်ရဲ့ဘဝနဲ့ စိတ်ဖြစ်စဉ်ကို သူတို့ဘယ်လိုလုပ် သိနေကြမှန်းမသိဘူး။

ဆရာသခင် ရှင်အရဟံ။

ပြီး ... တောနက်ကြီးထဲက ဆာဒူးအဘိုးအို။ ကျုပ်ပြန်ချိန်ရောက်ပြီတဲ့။ မူလဘဝဖြစ်တည်ရာ သချိုင်းကိုပြန်ရမယ်တဲ့။ ဘဝပါရမီ ဖြည့်ရဦးမယ်တဲ့။ ဘဝအကြွေးကို အကြေဆပ်ရမယ်တဲ့။

"မောင်ရင်"

"ဟာ ..."

စဉ်းစားနေတုန်း နောက်ကနေခေါ်သံကြောင့် ကျုပ် လန့်ဖျပ်တုန်ခါပြီး လှည့်ကြည့်လိုက်ရော ထိုးကွင်းမင်ကြောင်နဲ့ ကျုပ်အရပ်မက ခြောက်ပေကျော်မြင့်တဲ့ လူမည်းမည်းကြီးတစ်ဦး။

ကတုံးပြောင်ကြီးနဲ့။

ကတုံးပေါ်မှာ စ၊ ခ၊ ဗ၊ ဝ စမလေးလုံးပေါ်လို့။ ခါးတောင်းကျိုက်ထားတယ်။ ထိုးကွင်းမင်ကြောင်များက တင်ပါးကနေ ဒူးဖုံးအောင် အထပ်ထပ်၊ အကွင်းကွင်းနဲ့။

ခန့်ညားလိုက်သည့် လူကြီးဗျာ။

နှုတ်ခမ်းမွေးကုပ်ကုပ်က ခပ်ကျယ်ကျယ်ပါးစပ်ကို အနားကွပ်ထားသလိုပါ။ ပါးစပ်ကလည်း ကွမ်းဝါးလို့။

"ဦးကြီး ... ဘယ်သူတုံး"

"ကျုပ်အမည် ဦးသံသပိတ်။ မောင်ရင့်ကို လိုက်ပို့မလို့"





"ဗျာ ... ကျွန်တော့်ကို ဦးကြီးက ဘယ်ကိုလိုက်ပို့မှာလဲ"

"လမ်းစခဲ့တဲ့ မဟာမြိုင်တော အဝင်ဝကိုပဲ"

"ဘယ်သူပို့ခိုင်းတာလဲဗျ ဟင် ... ဦးလေးကြီး ပြောစမ်းပါဗျ"

"ဘဘုန်း ..."

"ဘဘုန်း ... အခု ဘဘုန်းဘယ်မှာလဲ ... ဟင် ... ဟင်"

"မသိဘူး"

"ကျုပ် မပြန်ဘူးဗျ"

"မပြန်ရင် မောင်ရင်ဒီနေ့ သေလိမ့်မယ်"

"ဘာကြောင့် ကျုပ်ကသေရမှာလဲ။ ကျုပ်ပြန်ရရင်လည်း ဘဘုန်းကို ဦးခိုက်ကန်တော့ပြီးမှ ပြန်မယ်"

"ဝေါင်း"

"ဝေါင်း"

"ဟာ ... ဟာ ... ကျား ... ကျား ... ကျားဟိန်းသံဗျ ... ကျားဟိန်းသံ ..."

ဒီလိုပြောနေတုန်းမှာပဲ ကျားဟိန်းသံ အနီးကပ်ပြီး ကြားလိုက်ရော ဆရာမှိုင်းရေ ...

"ဒီမှာမောင်ရင် ... အနီးမှာ ကျားရောက်နေပြီ။ ကျုပ်တို့ သေကုန်လိမ့်မယ်။ လာ ... သွားစို့"

"ဘဘုန်းကို ကျွန်တော် ဦးခိုက်ချင်တယ်ဗျာ ... ဦးကြီး"

"ဝေါင်း ... ဝေါင်း"

"ဝုန်း ..."

"ဝေါင်း ... ဝေါင်း"

"ဝေါင်း"

ကျားဟိန်းသံက ကျုပ်တို့နဲ့ပိုနီးလာသလို ကျားဟိန်းသံတွေ တစ်ကောင်တည်းဟိန်းသံမျိုး မဟုတ်ဘူး။ နှစ်ကောင်သုံးကောင် [illegible]သည့်အသံမျိုး။

"ဝေါ ... ဝေါ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဝရော ... ဝရော ..."

"အိ ... အိ ..."

"အစ် ... အစ် ..."

"ကျည် ... ကျည် ..."

"ဦးကြီး ... ဘာ ... ဘာသံတွေတုံးဗျာ ... ဟင် ... ဟင်"

"ဒါ ကျားဟိန်းသံကြောင့် တောဆင်အုပ်ရဲ့တောတိုးသံပဲ။ မြန်မြန်လုပ်ပါမောင်ရင်။ ကျုပ်ရောမောင်ရင်ပါ ဆင်နင်း၊ ကျားဆွဲ ဖြစ်ကုန်ကြလိမ့်မယ် သွားကြစို့"

"ဒါ ... ဒါဆို ကျွန်တော်တို့ လွတ် ... လွတ်ပါ့မလား ဦးကြီး"

"လွတ်အောင်သွားတဲ့လမ်း၊ ဘေးအန္တရာယ်ကင်းတဲ့လမ်း ကျုပ်သိပါတယ် မောင်ရင်။ ကိုင်း ... နိုးလာပြီး ... သွားစို့"

"ခဏလေး ... ဦးလေးရယ် ... ခဏလေးပါဗျာ ... နော်"

ကျုပ်ဟာ သစ်သီးဝလံများကို ကျောက်ဂူရှေ့က ကျောက်ခုံပေါ်တင်လိုက်ပြီး ဆရာသခင် တရားကျင့်ကြံပွားများရာဂူကို မျက်နှာမူလက်အုပ်ချီပြီး ရှိသေစွာ ဦးသုံးကြိမ်ချလိုက်တယ်။

အဲဒီအချိန်မှာ ကျုပ်ခေါင်းနဖူးပေါ်ကို လက်နဲ့သပ်သလို ခံစားရလို့ မော့ကြည့်လိုက်တော့ ကျုပ်ရှေ့မှာ ဘယ်သူမှမရှိဘူး။

လူမည်းအရပ်မြင့်ကြီးက ခပ်လှမ်းလှမ်းမှာ ရပ်နေလျက်ပဲ။

"ကျေးဇူးတော်ရှင် ဘဘုန်းဘုရား ... ဘဘုန်းအပေါ်မှာ ဘုရားတပည့်တော် ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးအနက် တစ်ပါးပါးနှင့် ပြစ်မှားမိခဲ့သည်ရှိပါက ခွင့်လွှတ်တော်မူပါဘုရား။ ဘုရားတပည့်တော် သံသရာအကြွေး၊ ဘဝအကြွေးများကိုဆပ်ပြီးရင် ဘဘုန်းရှိရာ ဤမဟာမြိုင် အမတတောရိပ်အေးငြိမ်းချမ်းသာကို ရောက်အောင်လာခဲ့ပါမည်ဘုရား ..."

"ကိုင်း ... သွားစို့"

ဒီလိုနဲ့ ကျုပ်နဲ့ ဦးသံသပိတ်အမည်ရှိ လူမည်းလမ်းပြကြီးတို့ နှစ်ဦးဟာ တောလမ်းလေးအတိုင်း သုတ်သုတ်နဲ့လာခဲ့လိုက်ကြတယ်။ ကျုပ်နဲ့ဆရာသခင်လာတုန်းက လမ်းကြောင်းမဟုတ်ဘူး။





ဒီလမ်း ကြခတ်တောလမ်း။

ဟိုဘက်ဒီဘက် မမြင်ရဘူး။

အချို့နေရာရောက်တော့ ဆူးတောလမ်း၊ စမ်းချောင်းလေးသုံးခုကိုဖြတ်ပြီးရော အချိန်က သုံးနာရီလောက်ကြာပြီ။

"ကိုရင် ..."

"ခင်ဗျာ ... ဦးကြီး"

"အခုလမ်းကြောင်းအတိုင်း တည့်တည့်သာလျှောက်သွား၊ နောက်နာရီဝက်ကျော်ကျော်ကြာရင် အဝင်ဝလမ်းကိုရောက်ပြီ။ ကိုင်း ... ကျုပ်သွားတော့မယ်"

"ဦးသံသပိတ်"

"ဘာတုံး ... မောင်ရင်"

"ကျွန်တော့်ကို ဘေးမသီ ရန်မခအောင် လိုက်ပို့ပေးတဲ့အတွက် ဦးကြီးကို ကျွန်တော် လက်အုပ်ချီကန်တော့ပါတယ် ဦးသံသပိတ်ရယ်"

"သာဓု ... သာဓု ... သာဓုပါ မောင်ရင်။ ဒီမှာ မောင်ရင်"

"ပြောပါ ... ဦးကြီးသံသပိတ်"

"ဒီမဟာမြိုင်တောဆိုတာ သူတော်ကောင်းတွေ တရားရှာမှီး ရိပ်ကြီးခိုရာအရပ်ပါ မောင်ရင်။ ဂန္ဓာရီနယ်မြေ၊ ဂမ္ဘီရနယ်မြေဆန်းကြီးပါ။ မောင်ရင် လောဘ၊ ဒေါသ၊ မောဟနဲ့ ကိလေသာတရားမှာ ကင်းစင်တဲ့တစ်နေ့ ပြန်လာခဲ့ပါ။ ကျုပ်တို့ မဟာမြိုင်ကနေ အသင့်ကြိုနေပါ့မယ်။ ကျုပ်သွားပြီ"

ထိုးကွင်းမင်ကြောင်း၊ အကျီကျောပြောင်၊ ခေါင်းတုံးပြောင်နှင့် အရပ်(၇)ပေခန့်မြင့်သော ဗလကောင်းကောင်း၊ အသားမည်းမည်း လူကြီးဟာ ကျုပ်ကို ကြင်နာစွာတစ်ချက်ကြည့်ပြီး ချာခနဲလှည့်လို့ အပြေးသမားလို ကျားရိုင်းတစ်ကောင်လို လျင်မြန်နှုန်းနဲ့ တောထဲကို ပြေးဝင်ပျောက်ကွယ်သွားခဲ့တယ်။

ဒီအချိန်မှာ ကျုပ်ပါးပြင်ပေါ် မျက်ရည်ဥများ ယိုစီးနေလို့။

www.burmeseclassic.com

www.burmeseclassic.com

# [ ၂ ]

❑

အရှုးကိုခြောက်ပေရဲ့ စကားဆုံးတော့ ကျွန်ုပ်က မေးလိုက်သည်။

"ကိုခြောက်ပေ . . . အခု ခင်ဗျားဆီမှာ ကျောက်နှစ်ဝသ်ဖားရုပ် ကျောက်စည်ရှိသလား"

သူ့ကို ဒီလိုမေးလိုက်တော့ သူက ကျွန်ုပ်ရဲ့မျက်နှာကို စူးစမ်းသလို စိုက်ကြည့်နေသည်။

"ပြောပါဦး . . . ရှိလား"

ထပ်မေးလိုက်တော့ သူထိုင်နေရင်းမှထပြီး သချိုင်းအပြင်သို့ ခပ်သုတ်သုတ်ထွက်သွားတော့သည်။ ကျွန်ုပ်က သူသိမ်းဝှက်ထားသည့် ထူးဆန်းသော ဂမ္ဘီရပစ္စည်းနှစ်ခုကို သွားယူသည်မှတ်၍ အတန်ကြာအောင် စောင့်သည့်တိုင် ပေါ်မလာမှ သချိုင်းမှ ပြန်ထွက်လာခဲ့လိုက်သည်။





ပြန်လာရင်းစဉ်းစားရ၏။

ကိုခြောက်ပေ ပြောပြနေသည့်များသည် အဟုတ်အမှန် အဖြစ်အပျက်များလား။ အိပ်မက်များကို ပြန်ဖွဲ့နေတာလား . . .

ဂမ္ဘီရပစ္စည်းဆန်းနှစ်မျိုး မဟာမြိုင်တောနက်ကြီးမှ ရခဲ့သည်ဆိုလျှင် အဲဒါတွေ သူဘယ်နေရာမှာ ဝှက်ထားခဲ့သလဲ။

အဲဒီပစ္စည်းဆန်းများက ဘယ်လို ထူးဆန်းစွာ အကျိုးသက်ရောက်မှု ရှိနေသလဲ။ ကျွန်ုပ်ရင်ထဲမှာ သိချင်စိတ် ပြင်းပြနေမိသည်ကား အမှန်။

သည်မြို့ကလေးရှိ ဈေးသူဈေးသား၊ မြို့သူမြို့သား၊ ရပ်ကွက်၊ ရပ်ကွက်သားများက သူ့ကို အရူးသူတော်ကောင်းဟု ယုံမှတ်၍ ချစ်ခင်သနားကြသည်။

အလေးအနက်လည်း ထားကြသည်။

ဘာကြောင့် . . .

သူသည် လမ်းသွားရင်း ဂုဏ်တော်ဂါထာမန္တန်များကို အမြဲမပြတ်ရွတ်ဖတ်နေလေ့ရှိ၏။

သူလို ရွတ်နေနိုင်သူ ဒီမြို့လေးမှာ တစ်ယောက်မျှမရှိ။ ဂုဏ်တော်နှင့် မန္တန်များကို ထုံနေအောင်ရွတ်၍များ သိဒ္ဓိမဟိဒ္ဓိ ပြောက်နေသလားမသိ။ ထူးခြား၏။

ဆိုခဲ့သလို သူဓာတ်ကျလှသည့်အိမ်၊ မျက်စိကျသည့် အိမ်ရှေ့ရောက်လျှင် ခြံတိုင်ကိုသော်လည်းကောင်း၊ အိမ်ခြံတံခါးဝမှ ရပ်၍သော်လည်းကောင်း . . .

သမ္ဗုဒ္ဓေကို ရွတ်၏။

အပေတယံဂါထာကို ရွတ်၏။

ရှင်သီဝလိဂါထာကို ရွတ်၏။

သို့မဟုတ် လွန်စွာ တန်ခိုးကြီးလှသော မဟာဝေဿန္တရာတော်ကြီးကို ရွတ်လေ့ရှိ၏။

ဆိုရလျှင် . . . အရူးကိုခြောက်ပေကာပဲ မန္တန်ဆိုင်ရာ သိဒ္ဓိ မဟိဒ္ဓိ



www.burmeseclassic.com

www.burmeseclassic.com



မြောက်လို့ပဲလား၊ အကြောင်းအကျိုး တိုက်ဆိုင်လို့ပဲလားမသိ။ ထူးဆန်းအံ့ဖွယ်ဖြစ်ရပ်များ လက်တွေ့ဖြစ်ခဲ့ဖူးလေ၏။

တစ်နေ့ ...

မြို့ပေါင်းအရှေ့ရပ်ကွက်မှာ မစ္စတာဝီလီဆိုသူ အင်္ဂလိပ်ကပြားတစ်ဦးနေထိုင်၏။ သူသည် ကုန်တိုက်ကြီးတစ်ခု၏ အရောင်းမန်နေဂျာဖြစ်ရကား မကြာခဏ ခရီးသွားရ၏။

မစ္စတာဝီလီသည် မြန်မာအမျိုးသမီးကြီးတစ်ဦးနှင့် အိမ်ထောင်ကျနောက် ဗုဒ္ဓဘာသာဝင်ဘဝကိုခံယူကာ ဗုဒ္ဓစာပေများကို လေ့လာလိုက်နေသူဖြစ်၏။ မြန်မာလိုလည်း ရေးဖတ်နိုင်၏။

ဘောင်းဘီရှည်နှင့် ကုတ်အင်္ကျီကို အမြဲတမ်းဝတ်နေသော်လည်း မြန်မာဘုန်းတော်ကြီးများကို ရိုသေလေးစား၏။ ဇနီးလုပ်သူ ဒေါ်ကြည်ပြာအောင်က အိမ်မှာ ရဟန်းသံဃာများပင့်ဖိတ်၍ ဆွမ်းကပ်လျှင် ...

မစ္စတာဝီလီက ဦးချကန်တော့၏။ နမောတဿကို မပီကလာပီကလာနှင့် လိုက်ဆို၏။ အမျှဝေလျှင် သာဓုခေါ်၏။

အရဟံ သမ္မာသမ္ဗုဒ္ဓေါ စသည့် ဂုဏ်တော်ကိုးပါးကို ရအောင်ကျက်ပြီး ကိုးလုံးပုတီးနှင့် အလုပ်မသွားခင် ကိုးခေါက်စိပ်သည့် အလေ့အကျင့်ကို အမြဲမပြတ် လုပ်လေ့ရှိ၏။

တစ်နေ့ သူ အလုပ်သို့မသွားခင် အသံထွက်ရွတ်ရင်း ပုတီးစိပ်နေစဉ် ...

သူ့တိုက်ရှေ့သို့ အရူးကိုခြောက်ပေ ရောက်လာခဲ့၏။ ကိုခြောက်ပေကား သူ့ထုံးစံအတိုင်း အင်္ကျီကျောပြောင်နှင့် နံငယ်တိုစည်း ဒူးပေါ်ဆံပင်ဂျပ်ပိန်းဖားလျားနှင့် လမ်းမပေါ်မှာ မန္တန်များကို သီချင်းဆိုသလိုရွတ်ဆို၍သွားလာနေ၏။

မစ္စတာဝီလီတိုက်ရှေ့ ခြံစည်းရိုးသို့ရောက်သော် တိုက်အိမ်ကြီးကိုငေးမောရင်း ကြည့်နေ၏။

တိုက်အိမ်ကြီးကား လွန်စွာခမ်းနား၏။

ဒီမှာ ခွေးငါးကောင်သည် လမ်းမပေါ်မှ သည်တိုက်အိမ်ကိုကြည့်





ပြီး ဆောင့်ကြောင့်ထိုင်၍ ဆွဲဆွဲငင်ငင် အူနေကြ၏။

"အူ ... ဝူ ... အူ ... အူ ..."

"အိန် ... အိန် ... အူ ... ဝူ ... ဝူ ..."

ခွေးတို့ရဲ့ အူနေပုံကား လွန်စွာကျက်သရေ မင်္ဂလာကင်းမဲ့ရကား လမ်းသွားလမ်းလာများက ခဲလုံးများနှင့် ပစ်ခတ်မောင်းနှင်၏။

သို့သော် ခဏပဲ ပြေးကြသည်။ ပြီးလျှင် ခွေးငါးကောင်သည် ရင်ပေါင်တန်း၍ တိုက်အိမ်ကြီးကို ကြည့်ပြီး အူကြပြန်၏။

"မောင်းလို့ မရပါလားဟ"

"အေးဗျာ ... ခါတိုင်းနေ့ မအူပါဘူးဗျာ။ ဒီနေ့ကျမှ ..."

"ခွေးအူရင် နိမိတ်မကောင်းဘူး"

"မစ္စတာဝီလီတိုက်အိမ်ကြီးကိုကြည့်ပြီး အူနေတာ"

"ကြည့်ရတာ တစ်ခုခုတော့ ဖြစ်လိမ့်မယ်နဲ့ တူရဲ့ဗျာ"

ဒီမှာပဲ အရူးကိုခြောက်ပေရောက်လာပြီး ခွေးများကို မောင်းလေ၏။ ခွေးများက အရူးကိုခြောက်ပေကိုကြည့်ပြီး ဟောင်ကြအူကြပြန်၏။

ကိုခြောက်ပေသည် ခွေးငါးကောင်ရဲ့အူနေသံကို အကဲခတ်ပြီးနောက်ဘာမျှမပြောတော့ဘဲ မစ္စတာဝီလီ၏ တိုက်ရှေ့သံပန်းတံခါးကို ညာလက်နှင့်ကိုင်၍ တိုက်ကိုမျက်နှာမူပြီး ...

ဦးစွာ မေတ္တသုတ်ကို ရွတ်လေ၏။

သည့်နောက် မဟာဝေဒဗ္ဗမန္တန်တော်ကြီးကို ရွတ်တော့၏။

"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဣတိပိ သော ဘဂဝါ အရဟံ၊
သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊
သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊
သတ္ထာဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ။



www.burmeseclassic.com

www.burmeseclassic.com



နတ္ထိမေသရဏံ အညံ
ဗုဒ္ဓေါမေ သရဏံ ဝရံ
ဧတေန သစ္စ ဝဇ္ဇေန
ဟောတု (တေ) ဇယျမင်္ဂလံ။
ဟောတု (တေ) အာယုဝဍ္ဎနံ
ဟောတု (တေ) သုခံဝဍ္ဎနံ ...။

သူသည် ကိုက်မလို၊ ဆွဲမလို ခွေးများကိုလည်း ဂရုမစိုက်။ အူနေသည့်ခွေးများကိုလည်း အရေးမမှု။ ပိုင်းကြည့်နေကြသည့် ကလေးများ လမ်းသွားလမ်းလာများကိုလည်း အာရုံမစိုက်ဘဲ မဟာဝေဒဗ္ဗမန္တန်တော်ကြီးကို တိုက်အိမ်ကြီးမျက်နှာမူ၍ စိတ်ဝင်တစား ရွတ်နေ၏။

ဒီမှာ မစ္စတာဝီလီ၏ဇနီး ဒေါ်ကြည်ပြာအောင်က တိုက်ဝမှလှမ်းမြင်ပြီး အရှုးသူတောင်းစားဟု ထင်မှတ်ကာ ငွေစက္ကူကျပ်တန်တစ်ရွက်ကို သနားသဖြင့် ပေးလိုက်သည်။

ကိုခြောက်ပေက ဒေါ်ကြည်ပြာအောင်ပေးနေသည့် ငွေစက္ကူကျပ်တန်အသစ်ကလေးကို မန္တန်ရွတ်ရင်းက လှမ်းယူပြီး မဟာဝေဒဗ္ဗမန္တန်တော်ကြီးကို ဆက်၍ ရွတ်နေမြဲရွတ်နေ၏။

"နဗိဝိတန္တရာ ယောပိ၊
ကာတုံ ဗုဒ္ဓဿ ကေနစိ
ဧတေန ဘစ္စ ဝဇ္ဇေန
ဟောတု မေ ဇယမင်္ဂလံ။
ဟောတု (တေ) ဇယမင်္ဂလံ ....။

ဒီအချိန်မှာပဲ မစ္စတာဝီလီသည် ဂုဏ်တော်ပုတီးကိုးပတ်စိပ်ပြီး၍ အတက်ချိုကေ့(စ်)ကို ညာလက်မှဆွဲပြီး အလုပ်သွားရန် ထွက်လာလိုက်စဉ် အင်္ကျီကျောပြောင်၊ ပုဆိုးနံ့ငယ်စည်းနှင့် အရူးလိုလူက သူ့တိုက်ခြံဝမှာ မန္တန်ရွတ်နေသည်ကို မြင်ရသော် အံ့ဩသွားလေ၏။





အူနေသောခွေးတို့သည် ငြိမ်၍ သွားလေ၏။

"နတ္ထိမေ သရဏံ အညံ
သံဃောမေ သရဏံ ဝရံ
တေံ သရဏံ ဥပေမိ
မယိကာဒါ နု ဝိဒ္ဓတိ
ဧတေန သစ္စဝဇ္ဇေန
ပဝဿန္တုရ သတ္တရတနာ ...။

မစ္စတာဝီလီကား အရူးလိုလူက သူနားမလည်သော မကြားဖူးသော မန္တန်ကြီးကို ကြည့်ညိုလေးစားစရာကောင်းအောင် ရွတ်ဆိုနေ၍ တံခါးသော့ကို ဖနီးသည်နှင့်မဖွင့်ဘဲ နားထောင်ကြည်ညိုနေမိ၏။

ဒီမှာ အရူးကိုခြောက်ပေ မန္တန်ရွတ်ဆိုမှု ပြီးသွား၏။

မစ္စတာဝီလီရဲ့မိန်းမက တံခါးသော့ကို ဖွင့်လိုက်၏။

"ညိုင်းကျူး ... မိုင်ဖရင့်"

"Thank you, my friend."

မစ္စတာဝီလီက ကြည့်ညိုအံ့ဩလွန်း၍ ကျေးဇူးတင်ပါကြောင်း အင်္ဂလိပ်လို ပြောလိုက်သောအခါ ...

"Yes, thank you"

ကိုခြောက်ပေကလည်း အင်္ဂလိပ် 'ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်ခင်ဗျ' ဟု အင်္ဂလိပ်လို ပြန်ပြောလိုက်သောအခါ ဇနီးမောင်နှံနှစ်ဦးစလုံး အံ့ဩသွားရလေသည်။

"Can you speak English?"

"Yes, I can."

"Oh, very good."

မစ္စတာဝီလီက 'မောင်ရင် အင်္ဂလိပ်လို ပြောနိုင်သလား' ဟု မေးလိုက်သော် အရူးကိုခြောက်ပေကလည်း အင်္ဂလိပ်လို ပြန်ဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . ကျွန်တော် အင်္ဂလိပ်လို ပြောနိုင်ပါသည် ခင်ဗျား" တဲ့။

မစ္စတာဝီလီ အင်္ဂလိပ်ကျောပြောင်နှင့် နံငယ်တိုစည်းဝတ်ထားသည့် ကြေးလက်လေးသစ် လူရွယ်ရဲ့မျက်နှာကိုကြည့်ပြီး ပို၍ အံ့သြလေးစားသွားခဲ့ရလေသည်။

သူ့တစ်သက်မှာ အရှုးလိုလူက သူမကြားဖူးသည့် မန္တန်ကိုရွတ်ပြီး သူ့ကို အင်္ဂလိပ်လို ပြန်ပြောနေ၍ အရမ်းအံ့သြနေသည်။

"I shall going to my work."

မစ္စတာဝီလီက ကျွန်ုပ် ကျွန်ုပ်ရဲ့အလုပ်ကို သွားပါမည်ဟုပြောလိုက်သောအခါ အရှုးကိုခြောက်ပေက မြန်မာလိုပြောလိုက်သည်။

"ခဏလေး . . ."

"ဘာလုပ်မလို့ပါလဲ ခင်ဗျာ"

"အလုပ်သွားမှာ မဟုတ်လား"

"ဟုတ်ပါတယ်"

"လူကြီးမင်း အင်္ကျီအိတ်ထဲက ဖောင်တိန်ခဏလေး ကျေးဇူးပြုလို့ပေးပါ"

ဒီလို အရှုးလိုလူက မြန်မာလိုပြောသောအခါ မစ္စတာဝီလီက အင်္ကျီအိတ်ထဲမှချိတ်ထားသည့် ပတ်ကားဖောင်တိန်ကို အသာဖြုတ်၍ အရှုးလိုလူရဲ့လက်ထဲကို ပေးလိုက်သည်။

ဒီမှာ အရှုးကိုခြောက်ပေက ပတ်ကားဖောင်တိန်ကို ဖွင့်လိုက်ပြီး စောစောတုန်းက ဒေါ်ကြည်ပြာအောင် သနား၍ပေးခဲ့သည့် ငွေစက္ကူကျပ်တန်ပေါ်မှာ အက္ခရာတစ်လုံးကိုရေးပြီး ၎င်းငွေစက္ကူနှင့်အတူ ပတ်ကားဖောင်တိန်ကို မစ္စတာဝီလီအား ရိုသေစွာခါးညွတ်၍ ပေးလိုက်သည်။

မစ္စတာဝီလီနှင့် ဇနီးဒေါ်ကြည်ပြာအောင်တို့က အရှုးလိုလူပြန်ပေးသည့် ငွေစက္ကူလေးကို ငုံ့ကြည့်လိုက်သောအခါ . . .

'ဥုံ . . . အရဟံ'ဟူသော မန္တန်အက္ခရာတစ်လုံး ရေးသားထားသည်ကို ထူးဆန်းစွာမြင်လိုက်ရလေသည်။

---

စိတ်ကူးသစ်စာပေ



"ကျွန်ုပ် ဒါကို ဘာလုပ်ရမလဲ မိတ်ဆွေ"

"ဒီငွေစက္ကူကို ဆောင်ထားပါ။ လုံးဝ မပျောက်ပါစေနဲ့။ သုံးမပစ်လိုက်ပါနဲ့"

"ဒီလိုလုပ်ရင် ကျွန်ုပ်ဘာဖြစ်လာမလဲ"

"ကံကောင်းပါလိမ့်မယ် မစ္စတာ"

ဒီလိုပြောပြီးနောက် အရှုးကိုခြောက်ပေ လှစ်ခနဲပြေးထွက်သွားတော့သည်။ မစ္စတာဝီလီက 'ဥုံ . . . အရဟံ' အက္ခရာရေးထားသည့် ငွေစက္ကူကို ကိုင်ရင်းမှ . . .

"ကြည် . . . ကိုယ်ဘာဆက်လုပ်ရမလဲ"

"သူပြောသလို ဆောင်ထားလိုက်ပါ ဒါလင်။ သူ့ကို ကြည့်ရတာ စိတ်မမှန်သလိုရှိပေမင့် စိတ်ထားမြင့်မြတ်သူ ပုံစံမျိုးပါ။ ခေတ်ပညာတတ်ထဲကနဲ့တူပါရဲ့ ဒါလင်ရယ်"

"ကြည် . . ."

"ဘာလဲ ဒါလင်"

"သူရွတ်ဆိုသွားတာ ဘာလဲဟင်"

"အဲဒါ မဟာဝေဒဗ္ဗမန္တန်လို့ခေါ်တယ် ဒါလင်"

"ဘယ်လို စွမ်းအင်ဂုဏ်ထူးရှိသလဲ ကြည်"

"ဒီ မဟာဝေဒဗ္ဗမန္တန်တော်ကြီးကို နံနက်စောစော ရွတ်ဆိုပွားများရင် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး စီးပွားတက်တယ်ဒါလင်။ အကျင့်သီလကောင်းမွန်စွာနဲ့ နေ့စဉ်နံနက်တိုင်းရွတ်ဆိုရင် မနေသိဒ္ဓိနက္ခတ်မျဉ်းကောင်းကင်ကဖြတ်ချိန်နဲ့ ကြုံကြိုက်ရင် အဲဒီမန္တန်ရဲ့ တန်ခိုးအာနုဘော်နဲ့ သီလစင်ကြယ်သူရဲ့ ကိုယ်ကျင့်တရားအရှိန်ကြောင့် ကိုယ့်အိမ်ခြံဝင်းအတွင်းမှာ ရတနာ (၇)ပါးမိုးကြီးရွာချပြီး ကြီးပွားချမ်းသာတယ်လို့ ဆိုကြပါတယ် ဒါလင်"

"အို . . . ဗဲမီးငွတ် . . . ကျွန်ုပ်ကို အဲဒီမန္တန် ကြည် ရအောင်သင်ပေးပါ။ ကျွန်ုပ် နံနက်တိုင် ရွတ်ဆိုပါ့မယ် . . . ကြည်"

"ရက် (စ်)"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကြည် . . . ဒါလင်သွားမယ်"

"ရက် (စ်) ဂွတ်မောနင်း ဒါလင်"

"မောနင်း"

မစ္စတာဝီလီသည် အရှူးကိုခြောက်ပေ ရေးပေးသွားသည့် ကျပ်တန်လေးကို ယုံကြည်လေးစားစွာဖြင့် အိတ်ကပ်အတွင်းရှိ ပိုက်ဆံများအနက် အတွင်းပိတ်သားနှင့် ကပ်နေသည့်နေရာမှာ သေသေချာချာညှပ်၍ လာကြိုသည့်ကားနှင့် လိုက်ပါလာခဲ့လိုက်လေသည်။

သည့်နောက် ရန်ကုန်မြို့လုပ်ငန်းရှိရာသို့ မီးသင်္ဘောစီး၍ လာခဲ့လိုက်သည်။ ရုံးမှာ လိုအပ်သည်များကို စီမံညွှန်ကြားပေးပြီးနောက် ဒလမြို့နယ်မှာ ကုန်တိုက်ခွဲအသစ်ဖွင့်လှစ်ရန် မြေနေရာအကွက်အကွင်း ကြည့်လိုက်ပါဟု မန်နေဂျင်းဒါရိုက်တာကြီးမှ ညွှန်ကြား၍ သူ ဘုန်းကြီးလမ်း၊ ဒလဆိပ်ကမ်းသို့ ထွက်လာခဲ့လိုက်သည်။

မိုးကလည်း ဒီနေ့မှ ညို့နေ၏။

သူ ဒလဆိပ်ကမ်းသို့ ရောက်သောအခါ နှစ်ထပ်သင်္ဘောက ထွက်သွားခဲ့လေပြီ။ သို့နှင့် စက်တပ်သမ္ဗန်ကို အခြားခရီးသည်များနှင့်စီး၍ လိုက်ပါကူးခဲ့လိုက်၏။

ဒီအချိန်မှာ ရေတက်ချိန်ကဖြစ်နေပြီး ပင်လယ်ကူးသင်္ဘောကလည်း ဒလချောင်းကို ဝင်လာချိန်ဖြစ်ရကား . . .

ခရီးသည်ငါးဦး စီးနင်းလိုက်ပါလာသည့် စက်တပ်သမ္ဗန်သည် သင်္ဘောကြီးရေလှိုင်းအရှိန်နှင့် ရေပြင်မှာလူးလွန့်ကာ ဦးထောင်ပဲ့ထောင်ဖြစ်နေ၏။

သည့်မှာပဲ မိုးနှင့်လေများ ဝေါခနဲရွာချလိုက်ရကား ရှေ့ကို ပိုးတိုးဝါးတားပဲ မြင်ရပြီးနောက် လှိုင်းလေများ ကြမ်းထန်လာနေသည်။ စက်တပ်သမ္ဗန်ပေါ်ပါ ခရီးသည်ငါးဦးစလုံး ကြောက်လန့်အော်ဟာစ်နေကြပြီ။ မစ္စတာဝီလီလည်း နောင်တရနေသည်။

နောက်ဝင်လာမည့် သင်္ဘောကိုမစောင့်ဘဲ အလျင်စလို လုပ်မိသည့် အမှားကြောင့် ဒလချောင်းကို ရေလယ်မှာ လေလှိုင်း၊ ရေလှိုင်း၊ သင်္ဘော





ကြီးရဲ့ ပဲ့တင်လှိုင်းနှင့် ကမ်းမမြင်ရပဲ သမ္ဗန်မှာ ထိန်းမနိုင်ဖြစ်နေသည်။

ဒီမှာပဲ . . .

ပင်လယ်ကူးသင်္ဘောကြီးရဲ့ ဘောင်လှိုင်းလုံးကြီးက လေလှိုင်းနှင့်ပေါင်းပြီး မိုးမှောင်သည်းသည်းမှာသူတို့ရဲ့ စက်တပ်ကူးတို့ လှေသမ္ဗန်လေးကို ဘေးတိုက်တွန်းမှောက်ပစ်လိုက်ရကား . . .

"ဝုန်း"

"အမလေး . . . ဘုရား . . ."

"အား . . . အမေ . . . အမေရေ"

"မြရှင် . . . မြရှင် . . ."

"အဖေ . . . အဖေ . . ."

ကူးတို့လှေသမ္ဗန် ရေအောက်သို့ရောက်ပြီး လူးလိမ့်သွားခဲ့သည်။ ခရီးသည်ငါးဦးနှင့် လှေသမားလည်း ရေအောက်ရောက်လိုက် ပြန်ပေါ်လာလိုက်နှင့် သူ့ ကိုယ်ကယ်လို့မရ၊ ကိုယ့် သူကယ်လို့မရ။

မစ္စတာဝီလီသည် ဘောင်းဘီရှည်နှင့် ရေထဲမှာ ဒုက္ခရောက်နေ၏။ သူ သတိကြီးစွာနှင့် ကိုယ်ကိုဖော့လိုက်ပြီး ခြေထောက်မှ ဘွတ်ဖိနပ်ကို ဦးစွာ ကန်၍ ချွတ်လိုက်သည်။

သည့်နောက် အတက်ချိကော့(စ်)ကို ဖောလိုပိုက်ပြီး ရေစီးလှိုင်းစီးအတိုင်း မျောလိုက်ပါနေသည်။ နောက်ထပ် လှိုင်းလုံးကြီးတစ်လုံးက သူ့ကိုယ်ပေါ် လွှမ်းမိုးသွားခဲ့ရကား လက်ထဲမှအားကိုးစရာ အတက်ချိကော့(စ်)လည်း လက်မှ လွင့်စဉ်သွားတော့သည်။

မစ္စတာဝီလီ 'ဘုရား . . . ဘုရား' ဟု နှုတ်မှ အသက်မပြတ် တ,ပြီး လှိုင်းလုံးအောက်ရောက်လိုက်၊ လှိုင်းလုံးနှင့် အရိုက်ခံလိုက်နှင့် ကိုယ်ကို ဖော့ပြီး စီးမျောလိုက်ပါနေစဉ် . . .

ဘောင်းဘီရှည်ရဲ့ ရေစုပ်အား တင်းအားကြောင့် ခြေလှုပ်အားနည်းပြီး လုံးဝမကူးနိုင်တော့။ တင်းတင်းကျပ်ကျပ်ဖြစ်ကာ လှုမောလိုက်ပန်းကျဖြစ်လာပြီး ရေအောက်ကို မြုပ်သွားလိုက်၊ ပြန်ပေါ်လာလိုက် အသက်ရှူမွန်းကျပ်လိုက်ဖြစ်နေစဉ် . . .



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ကို တစ်စုံတစ်ဦးက လာဆွဲသလို ခံစားလိုက်ရပြီး သူ သတိလစ်မေ့မြောသွားခဲ့လေသည်။

သူ သတိပြန်ရ၍ မျက်လုံးကို ဖွင့်ကြည့်လိုက်သောအခါ ပွဲထောင် တစ်စီးပေါ်ရောက်နေသည်ကို မယုံနိုင်ဖွယ်ရာမြင်လိုက်ရပြီး အလွန်ဝမ်းသာ သွားခဲ့ရတော့သည်။

"သတိရပြီလား အန်ကယ် (လ်)"

ပွဲထောင်ပေါ်မှ ပုဆိုးတိုတိုနှင့် လူရွယ်လေးက ငုံ့ကြည့်ပြီးမေး လိုက်သည်။

"ရပါပြီ။ လူကလေး ... ကျွန်ုပ် ... ကို ..."

"အန်ကယ် (လ်)ကို ကျွန်တော်တို့ပွဲထောင်က အချိန်မီကယ်လိုက် နိုင်လို့ အန်ကယ်(လ်) အသက်ရှင်ခွင့်ရလိုက်တာပါ ခင်ဗျာ"

"အို ... ကျေးဇူးတင်လိုက်တာ လူကလေးတို့ရယ်။ ဒါနဲ့ ကျွန် ခရီးသည်များရော ဟင်"

"သမ္ဗန်သမားကလွဲရင် အားလုံးရှာလို့မရတော့ပါဘူး ခင်ဗျာ"

"အို ... ဘုရား ... ဘုရား ..."

ဒီမှာပဲ မစ္စတာဝီလီ အိမ်ကထွက်ခါနီးတုန်းက အရွှေးလိုလူတစ်ဦး မိမိတိုက်ရှေ့မှာ ဂုဏ်တော်မန္တန်များ ရွတ်နေသည်ကိုလည်းကောင်း၊ မိမိ ကိုယ်တိုင်ကလည်း ကိုးလုံးပုတီးနှင့် အရဟံဂုဏ်တော်ကို ပွားများခဲ့သည် ကိုလည်းကောင်း ...

အရွှေးလိုလူရွယ်က ထူးထူးခြားခြား ကျပ်တန်တစ်ရွက်အား အက္ခရာ တစ်လုံးရေး၍ ဆောင်ထားပါ။ မပျောက်ပျက်ပါစေနှင့်ဟု မှတ်မှတ်ရရ ပြော လိုက်သည်ကိုလည်းကောင်း သတိရပြီး ...

ရေစိုအင်္ကျီအိတ်ကို နှိုက်စမ်းလိုက်သောအခါ မှတ်ပုံတင်ကတ်အပါ အဝင် ငွေစက္ကူများ လုံးဝမရှိတော့။

သို့နှင့် အိတ်ကိုဖြဲ၍ သေသေချာချာ ဂရုတစိုက် ကြည့်လိုက်သော အခါ ရေစိုပြီး အင်္ကျီအသားနှင့်ကပ်နေသည့် ငွေစက္ကူတစ်ရွက်ကို မြင် လိုက်ရသဖြင့် အသာယူဖြန့်ကြည့်လိုက်သောအခါ ...

---

စိတ်ကူးသစ်စာပေ



တစ်ကျပ်တန် ရေစိုငွေစက္ကူတစ်ရွက်။

စာရွက်ပေါ်မှာ 'ဉ ... အရဟံ' လို့ရေးထားသည့် အက္ခရာသည် ပင် ရေစိုသော်လည်း ဝိုးတဝါးမပျက်သေးဘဲ ကျန်နေသည်ကို မြင်လိုက်ရ သောအခါ ...

'အင်း ... ဒီအရွှေးလိုလူရဲ့ မေတ္တာ စေတနာ ပြုမှုဆောင်ရွက်ပုံ များဟာ ငါ့ဘဝမှာ အလွန့်ကို ထူးဆန်းအံ့ဩဖွယ်ပါလား'ဟု ကောက်ချက် ချလိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## | ၂၃ |

❑

မစ္စတာဝီလီသည် သေကံမရောက် သက်မပျောက်ဘဲ အိမ်သို့ပြန်ရောက်ခဲ့သောအခါ ဖြစ်ကြောင်းကုန်စင်ကို ဇနီးလုပ်သူအား ပြောပြလိုက်၏။

ဇနီးဖြစ်သူ ဒေါ်ကြည်ပြာအောင်သည် ကြားရသည့်စကားကြောင့် ရင်တုန်ပန်းတုန်ပြီး အံ့ဩခဲ့ရသည်။

သည့်နောက် လင်မယားနှစ်ယောက် ကားတစ်စီးနှင့် အရူးကိုခြောက်ပေကို စုံစမ်းမေးမြန်း လိုက်ရှာသောအခါ (ညောင်သုံးပင်)သချိုင်းမှာ သွားတွေ့ရတော့သည်။

"ကိုခြောက်ပေ ... ကိုခြောက်ပေ"

"မောင်ငယ် ... မောင်ငယ်"





မစ္စတာဝီလီတို့ ဇနီးမောင်နှံက ဂူပေါ်မှာ စားမြိန်စာထုပ်ကို ဖြေစားနေသည့် အရူးကိုခြောက်ပေကိုမြင်သော် ဝမ်းသာအားရ ခင်မင်လေးစားစွာခေါ်၍ အနီးသို့ တိုးကပ်လာခဲ့ကြသည်။

"ဘုရားသား ... ကိုခြောက်ပေ ခင်ဗျာ"

ခြောက်ပေက စားမြိန်စာထမင်းကို စားရင်းမှ သူ့ရှေ့က ဘောင်းဘီရှည်နှင့်လူနှင့် ခပ်ချောချော မိန်းမတစ်ဦးကို ကြည့်ရင်း ...

"ခင်ဗျားတို့က ဘယ်သူတုံး"

"မောင်ငယ် ... အစ်မတို့က မြို့ဟောင်းအရှေ့ရပ်ကွက်ကပါ"

"မြို့ဟောင်းအရှေ့"

"ဟုတ်တယ် ... မောင်ငယ်"

"ကျုပ်မသိဘူး"

"ဒီလိုလေ ... မနေ့တုန်းက မောင်ငယ် အစ်မတို့တိုက်အိမ်ရှေ့မှာ ဂုဏ်တော်မန္တန်များရွတ်ဆိုပြီး ဟောဒီက မင်းအစ်ကိုကြီးကို ကျပ်တန်တစ်ရွက် ပြန်ပေးခဲ့တာ မှတ်မိလား"

"ကျပ်တန်တစ်ရွက်ပေးခဲ့တယ် ... ဟုတ်လား"

"အေးလေ ..."

"ကျုပ်က ..."

"အေးပေါ့ ... ကျပ်တန်ပေါ်မှာတောင် 'ဥ ..အရဟံ' ဆိုတဲ့ အက္ခရာစာလုံးကို မောင်ငယ်ပဲ ရေးပေးခဲ့တာလေ ... မှတ်မိပြီလား"

"ဟင့်အင်း ... မသိဘူး"

"မြတ်စွာဘုရား"

"အို ... သူမေ့နေပြီ ကြည်"

မစ္စတာဝီလီနှင့် ဒေါ်ကြည်ပြာအောင်တို့ ဇနီးမောင်နှံသည် အမှုသတိမရဖြစ်နေသည့် အရူးလိုလူရွယ်လေးရဲ့မျက်နှာကို ကရုဏာသက်သလို ကြည့်ပြီး ဘာပြောရမှန်းမသိ။

"မောင်ငယ် ... တကယ် မမှတ်မိဘူးလား"

"အင်း ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ... မောင်ငယ်လက်ရေးနဲ့ ရေးပေးတဲ့ ငွေစက္ကူလေ"

သူတို့က 'ဦး ... အရဟံ' အက္ခရာရေးထားသည့် ငွေစက္ကူကို လက်သေခံအဖြစ် ဖြန့်ပြလိုက်သည်။

အရူးကိုခြောက်ပေက တစ်ချက်ငုံ့ကြည့်ပြီး ခေါင်းကို ယမ်းလိုက်သည်။

"ကျုပ် ... မမှတ်မိဘူး"

"ဟူး ..."

"ဘယ်လိုလုပ်မလဲ ကြည်"

ဖြစ်ရပ်များကို ပြောပြသော်လည်း သူက မသိသလိုလုပ်နေ၏။

"မောင်ငယ်"

"ဘာတုံး"

"ဟောဒါ မောင်ငယ်စားဖို့ မုန့်ပဲသွားရေစာများနဲ့ အကျႌပုဆိုးပါ မောင်ငယ်။ မောင်ငယ် လက်ခံပါနော်"

"ဒါတွေ ဘာလုပ်ရမှာလဲဗျ"

"ဟော ..."

"ဟင် ..."

"မောင်ငယ် စားဖို့ဝတ်ဖို့လေ"

"မလိုတော့ပါဘူးဗျာ"

"ဘာလို့ မလိုရမှာလည်း မောင်ငယ်ရယ်"

"ဒါတွေက ပကာသနတွေ။ ဒါတွေကို မက်နေစွဲလမ်းမြတ်နိုးနေရင် ကျုပ်သွားချင်တဲ့ခရီး ရောက်မှာမဟုတ်ဘူး"

"မောင်ငယ်က ဘယ်ကို ခရီးသွားမှာမို့လို့လဲ ဟင်"

"ဘယ်သူနဲ့မှ ပြန်မဆုံနိုင်၊ မတွေ့နိုင်တဲ့နေရာပဲ။ သွားလိုက်ဦးမယ်ဗျာ"

သူက သို့ကလိုပြောရင်း နံငယ်ပိုင်းနှင့်လက်သုတ်ကာ အုတ်ဂူပေါ်မှ ခုန်ဆင်းအပြေး ...

"ဘရားသား .."

---

စိတ်ကူးသစ်စာပေ



"မောင်ငယ် ... မောင်ငယ် ... ခဏနေပါဦး"

ခြောက်ပေက လုံးဝလှည့်မကြည့်။ မြေပုံများကို ကျော်နင်းကွေ့ရှောင်၍ သင်္ချိုင်းအပြင်သို့ ပြေးတော့သည်။

"မောင်ငယ် ... အစ်မတို့ ဒါတွေထားခဲ့လိုက်မယ်နော်"

"ဟူး ..."

"သူ စိတ်သိပ်မနှံ့ဘူးနဲ့တူပါရဲ့ ကြည်ရယ်"

"သနားစရာကောင်းလိုက်ပါဘိ ဒါလင်ရယ်"

နောက်ဆုံး စားစရာ မုန့်ပုံးများနှင့် အကျႌပုဆိုးတို့ကို အုတ်ဂူပေါ်မှာထားခဲ့ပြီး သူတို့ကားရှိရာသို့ ပြန်လာခဲ့လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

[ ၂၄ ]

❑

အရှုးကိုခြောက်ပေသည် တစ်ခါတစ်ရံမှာမူ လူအများက သဒ္ဓါ၍ ပေးသည့် သစ်သီးဝလံများနှင့် ငွေစငွေနလေးများကို စိတ်လိုလက်ရ ယူလေ့ရှိပါသည်။

သို့ဖြစ်၍ . . .

သူ့လက်ထဲမှာ ငွေစက္ကူများ များသည့်အခါလည်းများ၏။ ၎င်း ငွေစက္ကူများကို သူသည် သွားရင်းလာရင်း ဆင်းရဲနွမ်းပါးသည့် ကလေးသူငယ်များကို ပေးချင်ပေး၏။

အိုမင်းမစွမ်း သူတောင်းစားများ။

ဒုက္ခိတ သူတောင်းစားများကိုလည်း ပေးချင်ပေး၏။

စားစရာများကိုမူ လမ်းသွားရင်း တွေ့သည့် ရသေ့၊ ရဟန်း၊ ဆာဒူးလို ပုဂ္ဂိုလ်များအား စိတ်လိုလက်ရ လှူဒါန်း၏။

ပြောရလျှင် . . .

ငွေအရှုင်ဆုံး၊ လာဘ်လာဘအရှုင်ဆုံး စိတ်မနှံ့သူစာရင်းမှာ အရှုးကိုခြောက်ပေတစ်ဦး ထိပ်ဆုံးကရှိနေသည် ဆို၍ရ၏။





အချို့သော ကလေးကချေများ၊ အချောင်သမား လူပေလူရှုယ်များ၊ သူခိုးဂျပိုးများက ကိုခြောက်ပေမှာ ပိုက်ဆံအများကြီးရှိမှာပဲဟုယူဆပြီး ကိုခြောက်ပေနေသည့် အုတ်ဂူများဝန်းကျင်မှာ ကိုခြောက်ပေမရှိခိုက် လာရှာကြ၏။

ဂူကြိုဂူကြား၊ သစ်ခေါင်းကြိုသစ်ခေါင်းကြား၊ သစ်ပင်ကိုင်းခွများအကြား လိုက်ရှာကြ၏။

ငွေစငွေနတော့ မတွေ့ကြ။

မြွေပွေး၊ မြွေဟောက်နှင့် ငန်တော်ကျားများလိုက်၍ ပြေးရသည်က များ၏။ ညဘက်လာချောင်းကြလျှင် သင်္ချိုင်းကုန်းမှ မည်းမည်းအကောင်ကြီးများလိုက်၍ ခွေးပြေးပြေးကြရ၏။

အချို့က သင်္ချိုင်းကုန်းက သရဲတစ္ဆေများဟု ဆိုကြ၏။

ကြာသော် . . .

ကိုခြောက်ပေ သွားရင်းလာရင်းကောက်လာသည့် ဖိနပ်စုပ်များ၊ သံတိုသံစများ၊ တိုလီမုတ်စ ပစ္စည်းများကို သူမသိပဲနှင့် မကိုင်ရဲ၊ မခိုးယူရဲကြတော့။

ညဘက် သူရပ်တကာလျှောက်သွားချိန် မီးကင်းစောင့်သမားများက ကိုခြောက်ပေကိုခေါ်ပြီး ရေနွေးကြမ်းတိုက်ကြ၏။ စားစရာလေးများကျွေးကြ၏။ ကျွေးရင်း သိလိုသည်များကို ချော့၍မြှောက်၍ မေးမြန်းကြ၏။

"ကိုခြောက်ပေ . . . ခင်ဗျားအမည်အရင်းက ဘယ်လိုခေါ်တုံးဗျ"

"သမ္ဗုဒ္ဓေ"

မေးလျှင် အဲဒီလို ကောက်ရောက်၍ဖြေ၏။

"ဘာဗျ . . . ခင်ဗျား အမည်ရင်းက သမ္ဗုဒ္ဓေ ဟုတ်လား"

"အဋ္ဌဝီသဋ္ဌ"

"ဘာဗျ . . . ဘာ . . ဘာ . . . ဘယ်လို . ."

"ဒွါဒသဥ္စ သဟာသကေ"

မမေးလိုက်နှင့်မေးလိုက်လျှင် သမ္ဗုဒ္ဓေကိုပဲ တစ်ပိုဒ်ချင်း၊ တစ်ဖြတ်ချင်း ပြောဆိုရွတ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် နောက်တစ်ယောက်က လှည့်ပတ်မေးရ၏။

"ကိုခြောက်ပေ ဘယ်အရပ်သားတုံး"

"ပဥ္စသတ သဟာသာနိ"

"ပုပ္ပါးအရပ်ကလား ဟင်"

"နမာမိ သိရသာမဟံ"

"ထွန်းခင် ... မေးမနေနဲ့။ ဆက်မေးရင် သမ္ဗုဒ္ဓေတင်မကဘူး ပရိတ်ကြီး (၁၁)သုတ်ပါ တစ်ညလုံးရွတ်နေလို့ ငါတို့ တစ်မေးမျှ မေးမရ ဖြစ်နေဦးမဟ ... အဟေး ..."

ဘယ်သူကမျှ ဆက်မမေးတော့မှ သမ္ဗုဒ္ဓေဂါထာကိုရပ်ပြီး ရေနွေးကြမ်းငါးခွက်ဆင့်သောက်ကာ နံငယ်တိုကို ဖြန့်လှန်လှည့်ဝတ်လေရကား ကင်းသမားများ မျက်စိမှိတ်သွားရလေ၏။

သည့်နောက် သွားမလိုလုပ်လေ၏။

"ကိုခြောက်ပေ"

ကင်းသမားကိုဘစုက လှမ်းခေါ်လိုက်၍ သူကရပ်ပြီး လှည့်ကြည့်၏။

"ကျုပ်လည်း အဆောင်ကောင်းလေး ချီးမြှင့်ခဲ့ပါဦး သူတော်ကောင်းကြီးရ ... အဟတ် ... အဟဲ"

ကိုခြောက်ပေက အဆောင်တောင်းနေသည့် ကိုဘစုကို အတန်ကြာစိုက်ကြည့်နေသည်။ ဒီမှာ (ကျားကြီး–အောင်ရွှေ)က ဝင်၍ပြော၏။

"နေပါဦး ကိုဘွတ်စွပ်"

"ဘာ ... ဘာ ... ဘယ်လိုခေါ်လိုက်တယ် ကျားကြီး"

"ဆောရီးဗျာ ... ကိုဘစုရာ။ ခင်ဗျားလိုချင်တာက ဘာအဆောင်လဲဗျ။ ပီယသိဒ္ဓိလား၊ မေ့သိဒ္ဓိလား၊ ကာယသိဒ္ဓိလား၊ ကွဲကွဲပြားပြားတောင်းမှပေါ့ဗျ။ တော်ကြာ ... အရူးခြောက်ပေက မြန်မြန်မြွေကိုက်သေမယ့် အဆောင်ပေးလိုက်ရင် ခင်ဗျား ညောင်သုံးပင်သင်္ချိုင်းမှာ မေးစက်မပျော်နိုင်ဘူးကွယ် ဖြစ်နေမယ် ကိုဘွတ်စွပ် ... အဲ ... အဲလေ ... ကိုဘစုရ ဟား ... ဟား ... ဟား ... ဟား"





"အေး ... ဒါလည်းဟုတ်သဟ။ အင်း ... ဘာအဆောင်တောင်းရပါ့ဗျာ"

"ဒီမှာ ... ဘွတ်စွပ် ... မင်းက လူပျိုသိုးကြီးဥစ္စာ ..."

"အေး ... ဒီတော့ ..."

"မိုးကြိုးပစ်သေမယ့် အဆောင်တောင်းကွာ"

"ဟာဗျာ ... ကိုဝင်းမောင်။ ခင်ဗျားဗျာ ... ဖွ ... ဖွ ... လွဲပါစေ ... ဖယ်ပါစေဗျာ ..."

"ဘစု ... ပီယအဆောင်လေးဘာလေး ... တောင်းဟ ... ငါ့ကောင်ရ"

"ဒါလည်း သင့်မြတ်သားဗျ ... အဟတ် ... ဒီမှာဗျ ... ကျေးဇူးရှင် သူတော်ကောင်းကြီး ကိုခြောက်ပေရ ... ကျုပ်ကို ပီယသိဒ္ဓိ အဆောင်များ ချီးမြှင့်ပေးသနားပါဦး ကျေးဇူးရှင်ကြီးရာ၊ ကျုပ်မှာ မိန်းမ မရရင်သေ ... အဟီး ..."

"ကိုခြောက်ပေနဲ့ မဂ်လာဦးည ပန်းဦးလွှတ်ပေးမယ် ပြောလိုက် ဘစု"

"ဟာ ... ရှာရိုးမသားနှယ် ... ဝင်းမောင်တော်ကွာ။ လူကြီးတွေ စကားပြောရင် အီးဝင်မပေါက်နဲ့ကွ ... အဟမ်း ... အဲဒီလို ကျုပ်မိန်းမရရင် မောင်ရင်နဲ့တစ်ညသိပ် ... ဟာ ... ယောင်ကုန် မှားကုန်ပါပြီကွာ ... ဖွီ ... ကျေးဇူးပြုပါဦး ... ဦးခြောက်ပေရာ ... အဟီး"

အမှန်က မပျင်းရအောင် ပျော်စေပြက်စေသဘောနှင့် အရူးကိုခြောက်ပေကို ဝိုင်းစ မြှောက်ပင့် ချွန်တွန်း နောက်ပြောင်နေခြင်းသာ ဖြစ်၏။

ဒီမှာ ကိုခြောက်ပေကြီးက အနီးရှိသီဟိုပင်မှ သီဟိုရွက်တစ်ရွက်ကိုချူးလိုက်ပြီး သစ်ရွက်အနားသားများကို ဆိတ်ဖွဲ့လိုက်ရာ သစ်ရွက်လူရုပ်ပုံလေးတစ်ခု ဖြစ်သွားလေ၏။

ကြည့်စမ်း ...

လူမိန်းမကဲ့သို့ တင်ကားကားလေး ဖြစ်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦး ... မနုဿ ပူရိသော ဣတ္ထိ
မဟာလာဘံ ဘဝိဿတိ ...

ကိုခြောက်ပေသည့် သစ်ရွက်လှုရုပ်ပုံလေးကို ကိုင်ပြီး ရှင်သီဝလိဂါထာမှ မနုဿပူရိသော ဣတ္ထိဟူသည့်အပိုဒ်ကို (၉)ကြိမ် (၁၀) ခန့် ရွတ်လိုက်ရကား လက်ဝါးရိုက်၍ လူပျိုသိုးကြီး ဦးဘစုသို့ ပေးလိုက်၏။

"ဘာလုပ်ရမလဲ ခြောက်ပေ"

"နေ့တိုင်း နမ်းပေး"

"ဟေ ... အေ ... ဟေ ..."

"ဟား ... ဟား ... ဟား ... ဟား ..."

"ဟား ... ဟား ... ဟား ... ဟား ... နမ်းပေးတဲ့ဗျာ"

"နှာခေါင်းရောင်လာအောင် နမ်းရမှာလား၊ နှာခေါင်းပြတ်သွားအောင် နမ်းရမှာလား ... မောင်ခြောက်ပေလေးရ ... အဟတ် ..."

"နှာခေါင်းတိုဝင်သွားအောင်နမ်းရင် ပိုကောင်းမယ်နဲ့ တူရဲ့ကွ"

ကင်းသမားများက သစ်ရွက်မိန်းမအရုပ်လေးကိုင်ပြီး အူကြောင်ကျားဖြစ်နေသည့် လူပျိုသိုးကြီးကိုဘစုကိုကြည့်၍ အမျိုးမျိုးဝိုင်းပြောကြ၏။

ဒီမှာ ... ကိုသောင်းညွန့်ဦးက ...

"ဘစု"

"ဘာတုံး ... သောင်းညွန့်ဦး"

"ရှေးလူကြီးပညာရှိများ ဆိုရိုးဆိုထုံး စကားရှိသကွ။ အရူးစကား၊ သဘင်သည်စကား၊ ကလေးစကား ... ဒီလူသုံးမျိုးရဲ့စကားနဲ့ လုပ်ရပ်ဟာ ဖမ္မုဒီပါတောင်ကျွန်းမှာ ဩဘာနိမိတ်တွန်းသတဲ့ကွ။ တို့ကောင်ကြီး ဖိုးခြောက်ပေဟာ ထူးတဲ့အရူးပါကွ။ မင်းတို့ငါတို့မြင်ကြတဲ့အတိုင်း အခြားအရူးတွေက ဆဲရေးတိုင်းထွာပြီး ဝတ်လစ်စလစ် လျှောက်သွားချင်သွားနေကြတယ်။ တို့မိတ်ဆွေကြီး ကိုခြောက်ပေဟာ မဆဲရေးဘူး၊ ညစ်ညစ်ညမ်းညမ်းမပြောဘူး၊ ဘုရားတရားစာပဲ နေ့ရောညပါ ရွတ်နေတဲ့ အရူးသူတော်ကောင်းကြီးကွ။ ဒီတော့ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ သူပေးသွားတဲ့ မင်းလိုချင်တဲ့ ပီယသိဒ္ဓိအဆောင်ရပြီဥစ္စာ"





"ဒီကောင်ကြီးပိုးနေတဲ့ အထည်သည်က ဘယ်သူတဲ့ ..."

ကိုဝင်းမောင်က ချွန်လိုက်ပြန်သည်။

"မသန်းချစ်လေကွာ ... အပျိုကြီးပဲ"

"အေး ... ဟုတ်တယ်၊ ဒီကောင်ဘွတ်စွပ် လျှောက်ပြန်သံပေး၊ ပြန်ပြေးခွေးဟောင်၊ ခြေအေးဝမ်းရောင် ပိုးနေတာ ဖိနပ်ပါးနေတာကွ"

"ဟိုက လုံးဝ သောက်ဖက်မလုပ်ပါဘူး ကိုသောင်းရာ"

"မလုပ်ဆို ဘစုအသားက မီးသွေးတုံးကိုးဟ"

"ဖြူတယ်နော်"

"အဟတ် ... အဟတ် ... သူ့အဖေက တရုတ်ပေါက်ဖော်ကြီး"

"အေးလေ ... ဘယ်လိုပဲဖြစ်ဖြစ်၊ အခု ဂမ္ဘီရဆရာကြီး ဦးခြောက်ပေထံက ပီယသိဒ္ဓိသစ်ရွက်အရုပ် အဆောင်ရပြီဥစ္စာ။ ငါ့လူ မောင်ဘွတ်စွပ်ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ဒါလေးအားကိုးနဲ့ သွားပိုးကြည့်စမ်း ... မောင်မီးသွေး"

"သွားရင်လည်း တစ်ပွဲတိုးထုံးမန်းနဲ့ တောဖောဘမ်းလည်း ဆောင်သွား ငါ့လူရဲ့"

"ဘာဖြစ်မှာမို့လို့လဲ ကိုဝင်းမောင်ရ"

"ပါးကျိုးလုလုဖြစ်ရင် လိမ်းရအောင်ဟ"

"ဟား ... ဟား ... ဟား ... ဟား"

"အဟီး ... ဟီး ... ဟီး ... အဟာစ်"

"ထုံးမန်းပါ ဆောင်ထားလိုက်ရင် အကောင်းသားကွာ"

"ဆေးရုံမှာ ခုတင်ဦးထားပြီး၊ ရဲစခန်းမှာ ကြိုပြီးငှင့်အမှုဖွင့်ထားရမယ့်ကိန်းပဲဟေ့ ... အဟတ် ... အဟတ် ..."

အားလုံးက မိန်းမအလွန်လိုချင်နေသော လူပျိုသိုးကြီး ကိုဘစုကို ဝိုင်းဝန်းနောက်ပြောင်ကြလေ၏။

ဆန်းကြယ်လိုက်လေစွ ...

အကြောင်းကပဲ တိုက်ဆိုင်လို့လား ...

ဒါမှမဟုတ် ... ဖူးစာရေးနတ်မင်းကပဲ ကိုဘစုကို မျက်စိနောက်



www.burmeseclassic.com

www.burmeseclassic.com



လို့ လမ်းဖွင့်ပေးလိုက်သလား ...

ဒီလိုမှ မဟုတ်သေးဘူးဆိုရင် ...

လူထူး အရှုးကိုခြောက်ပေရဲ့ ပီယသိဒ္ဓိ ဂမ္ဘီရသစ်ရွက် အဆောင် အစီအရင်ကပဲ ဖူးစာရေးနက္ခတ်နှင့် အလွှမ်းသင့်သွားလို့လားမသိ ...

ကိုဘစုတစ်ယောက် ... အထည်သည်အပျိုကြီး မသန်းချစ်ကို တစ်ပတ်မြောက်နေ့မှာ နိုးပြေးလေ၏။

ဤသတင်းသည် ရပ်ကွက်မှသည် မြို့ထဲသို့တိုင် ချက်ချင်း ပျံ့နှံ့ ကျော်စောသွားတော့၏။

အချို့က ...

ကျီးကန်းဘဲဥချိုသွားသည်ဟု ဆိုကြ၏။

အချို့က ...

ဆင်ရိုးခွေးချိုသည်ဟုလည်း ထောမနာပြုသည်။

မသန်းချစ်အစ်မများဖြစ်ကြသည့် အပျိုကြီး ဒေါ်အာပြဲ၊ ဒေါ်ကြာ လန်နှင့်၊ ဒေါ်နှစ်လုံးပူးတို့က မသာနဲ့နားတောင်း မလိုက်လေခြင်းဟုပြော ပြီး ဒေါ်အာပြဲက သူ့ညီမအပျိုကြီးများကို 'ညည်းတို့လည်း လုံအောင် ထိုင်ကြ' ဘစုလို ကျီးကန်းနဲ့တွေ့ရင် အတုံးလိုက်ပါသွားမယ်ဟု ခုနစ်သံချီ ဟစ်၍ ဝိုကြလေဟူ၏။

အပျိုကြီးမသန်းချစ်ကား တောင့်တောင့်ကားကား၊ ရင်ဖွံ့ဖွံ့နှင့် ခါးသေးသေး တုတ်တုတ်ခဲခဲကြီးဖြစ်၏။

သူမလမ်းလျှောက်လျှင် ... ကာလသားကြီးငယ်တို့၏ မျက်စိများ ပန်ကာလိုလည်နေ၏။

ကိုဘစုကား အသားမည်း၏။ အရပ်ပု၏။ သို့သော် သန်လေ၏။ ဆန်နှစ်အိတ်ကို ထပ်၍ထမ်းနိုင်ရကား ... မသန်းချစ်လို ဖွံ့ကားစွင့်ထွား ကြီးကိုမှ အေးဆေးတည်း။

လူရွယ်ကာလသားများက ဦးဘစု သေပန်းပွင့်တော့မှာဟု ပြော၍ ရယ်ကြ၏။ ဓာတ်သိလူကြီးပိုင်း ကင်းသမားများက မသန်းချစ်ဘဝတော့ အရိုးတခြား၊ အသားတခြား ဖြစ်တော့မှာပဲဟုပြောပြီး စိတ်မကောင်းဖြစ်





ကြလေ၏။

နောက်ဆက်တွဲ ထူးခြားချက်ကား ...

လူပျိုသိုးကြီးကိုဘစု မိန်းမရသွားပြီး နောက်နေ့မှစ၍ မြို့ထဲမှ လူပျိုဟိုင်းကြီးများဖြစ်ကြသော ပုသိမ်မောင်သောင်းယဉ်၊ ကော့မှူးသောင်း ရွှေ၊ စိတ်ဓာတ်မြသန်း၊ နားပိတ်မောင်ဆွေမွန်၊ မောင်စိန်လှိုင် (ဥသဘာ) စသည့် ကြိုက်မည့်သူမရှိသော ကြေးလက်သေးသစ်ကြီးများ ...

ကာလသားပေါက်များဖြစ်ကြသည့် ...

မောင်မှိုင်း၊ မောင်ဗျိုင်း၊ မောင်ကျိုင်းတို့ ညီအစ်ကိုများ ...

မုဆိုးဖို၊ နှစ်မယားသေ၊ သုံးမယားသေများ ...

နှစ်မယား၊ သုံးမယားကွာ (ခုလတ်) ကြီးများသည် ...

အရှုး ကိုခြောက်ပေထံ စားစရာသောက်စရာများ၊ ဆေးလိပ်၊ မုန့်ပဲသရေစာ၊ အကျီပေါင်း၊ ပုဆိုးဟောင်းလေးများနှင့် သွားရောက် ချော့မော့၍ ပီယသိဒ္ဓိအဆောင် တောင်းကြလေကုန်၏။

အရှုးကိုခြောက်ပေသည် နေ့စဉ်နှင့်အမျှ လာရောက်တောင်းဆို နေကြသည့် မယားတရှုး၊ ဂေါ်မစွံများကိုကြည့်ပြီး စိတ်ညစ်နေ၏။

ဘစုတော့ပေးပြီး သူတို့ကျမှ ဥပေက္ခာမပြုပါနဲ့ဟု မျက်နှာငယ် နှင့်ဆိုကြ၏။

သြော်လေး ... အစ်ကိုကြီးနှင့် ဖားကြ၏။

နောက်ဆုံး အရှုးကိုခြောက်ပေက ဂူထဲမှာဝှက်ထားသည့် ကျောက် နှစ်ထပ်ဖားရုပ်ကို ထုတ်၍ အုတ်ဂူတစ်ခုပေါ်မှာ တင်ပေးထားပြီး ...

"ဖားကျောကုန်းကို နမ်းကြပါ"

"နမ်းရင် ဘာဖြစ်မှာတုံးခြောက်ပေ"

"မိန်းမရလိမ့်မယ်"

"တကယ်လား ..."

"စမ်းကြည့်လေ ..."

ဂေါ်မစွံ မယားတရှုးများကား ကျောက်နှစ်ထပ်ဖားရုပ်ကြီးကို ကြည့်ပြီး အံ့သြကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖားမပေါ်ကို ဖားထီးက ထပ်နေတာကွ"

"မဟုတ်ဘူး ... ဖားထီးပေါ် ဖားမထပ်နေတာဟ"

"ဟိုကိစ္စများ စွမ်းမလား မသိဘူးနော်"

"ကျောက်ရုပ်ဖြစ်နေတာဟ"

"ဒါအချစ် ပီယပဲကွ"

"နမ်းကြလေကွာ ..."

"နမ်းကြဟေ့ ... နမ်းကြ"

သို့နှင့် ဂေါ်မစွံ မယားတရှူး၊ ဥမ္မတ္တကများသည် ကျောက်ရုပ်နှစ်ထပ်ဖား၏ ကျောကုန်းကိုလည်း နမ်းကြ၏။ ပါးစပ်ကိုလည်း နမ်းကြ၏။ ပုသိမ်မောင်သောင်းယဉ်ဆိုလျှင် ဖားဖင်ကို နှိုက်၏။

"ကံကောင်းအောင် မ,စပါ ဖားမင်းကြီးနှင့် ဖားမိဖုရား" ဟု ဆုတောင်း၏။ နောက်မကြာလိုက် ကျောက်နှစ်ထပ်ဖားရုပ်ကြီး ဂူပေါ်မှ ပျောက်သွားလေ၏။ (မည်သူခိုးသွားမှန်းမသိ)

စွံတော့စွံကြ၏။

ပုသိမ်မောင်သောင်းယဉ်ကား ... ပဲပြုတ်သည် မပိန်နှင့်ညား၏။

ကော့မှူးသောင်းရွှေကား ... အကြော်သည် မိဖွားကြီး ခါးနှင့် လိုက်၍ပြေးရာ ပုဆိုးကျွတ်ကျန်ခဲ့၏။ ၎င်းပုဆိုးကို သက်သေပြ၍ ကောင်စီရုံးသွားတိုင်သဖြင့် ဒဏ်အဖြစ် ကောင်စီရုံးရှေ့ကမြက်များကို တစ်နေကုန် ပေါက်ရ၏။

စိတ်မာတ်ကိုမြသန်းကား ... ဖားကျောကုန်းကို လျှာနှင့်လျက်၍ မျိုချသူဖြစ်ရကား ... ကံကောင်း၏။

သူပိုးနေသည့် ကုန်စုံဆိုင်ထိုင် ကောင်မလေးအိမ်က ခွေးကိုက်၍ ချက်ပတ်ပတ်လည်ကို ဆေးထိုးရလေ၏။

မောင်စိန်လှိုင် (ဥဿာ)ကား ... ဖားပါးကို နမ်းပြီးသည့်အချိန်မှ စ၍ တစ်နေ့တခြား ဖားခုံညင်းနှင့်တူပြီး ဝ,ကားလာလေ၏။

[ ၂၅ ]

❑

အရှုးတကာ့ အရှုးထဲမှာ ဒီအရှုးသည် အလွန်ထူးသည့် အရှုးဖြစ်ရကား ဘယ်လိုမျှ ငြင်းလို့မရ။

ပြောလျှင် ယုံချင်မှ ယုံကြလိမ့်မည်။

သူ့မှာ လူအသည်းနှလုံးစစ်စစ် ရှိ၏။

သူနေ့စဉ်ရွတ်ဆိုနေသည့် ဂုဏ်တော်မန္တန်နှင့်အညီ၊ မေတ္တာနှင့်အညီ လက်တွေ့ကျင့်ကြံ၏။

ခုလည်းကြည့် ...

အရှုးမ ဝတုတ်။

ဗရုပ်ပေါ်မှာ ကိုယ်ဝန်အရင့်အမာနှင့် မီးဖွားရခက်နေ၏။ သည်ကိုယ်ဝန်သည် မည်သူ့ကိုယ်ဝန်မှန်းမသိ။

---



www.burmeseclassic.com

www.burmeseclassic.com



အရက်မူးသမားလက်ချက်လား ...

ဖဲသမားလက်ချက်လား ...

ဘယ်အချောင်သမား လက်ချက်ကြောင့်လဲ မသိ။ အရွှေမလေး စိတ်မနဲ့သူ ဝတုတ် ကိုယ်ဝန်နှင့်ဖြစ်ခဲ့ရ၏။ အချို့က အရွှေကိုပေါက်ချွန်းဖြစ်မှာပဲဟုဆိုသည်လည်း ရှိ၏။

အခု ... နေ့စဉ်လစဉ်နှင့် ဇရပ်ပေါ်မှာ မီးမဖွားနိုင်ဘဲ လူးလှိမ့်အော်ဟစ်နေရရှာ၏။

မိန်းမသားလူကောင်းများက မြင်ရချက်သနား၍ ဆေးရုံပို့ရန် ဗိုင်းပြင်းကြ၏။ အရပ်လက်သည် ဒေါ်ခွေးမကလည်း သနားသဖြင့် ဇရပ်ပေါ်မှာပျာကာပြီး ချော့ကာမော့ကာ မီးဖွားပေးရန် ကူညီနေရှာ၏။

အတွေ့အကြုံမရှိသော အရွှေမလေးကား ထိန်းလို့မရ။

အသားကုန်အော်ဟစ်၏။ ကန်ကျောက်၏။ ငိုယို၏။ အငြိမ်မနေ၍ အနီးရှိ မိန်းမသားအချို့က ချုပ်ပေးရ၏။ ချုပ်ပေးသော် ဗိုက်ကိုလိမ်၏။ ကော့၏။ လှမ်းကိုက်၏။

ခက်သည်ကား ...

သင်းကလေးသည် လူကောင်းမိန်းမ ကိုယ်ဝန်ဆောင်များကဲ့သို့ လက်သည်နှင့်ကိုယ်ဝန်ကို စနစ်တကျ ပြုပြင်ပေးခြင်းမရှိခဲ့ရကား ... မွေးရခက်နေလေ၏။

ဒေါ်ခွေးမ ချွေးပြန်နေသည်။

အချို့က ဆေးရုံကို အမြန်ပို့ရန် ပြောကြသည်။

ဒီအချိန်မှာပဲ အရွှေကိုခြောက်ပေ ဇရပ်အနီးသို့ရောက်လာပြီး ရပ်ကြည့်နေ၏။ မိန်းမသားအချို့က ကိုခြောက်ပေကို အော်နင်ငေါက်၍ လွှတ်ကြ၏။

ကိုခြောက်ပေကား ... စိတ်မနှံ့သော်လည်း အကင်းပါးသူ၊ လူကဲခတ်မည့်သူဖြစ်၏။

သူ လူအုပ်ရဲ့အခြေအနေ၊ မိန်းမတစ်ယောက်ရဲ့ နာကျင်စွာအော်ဟစ်နေသံကိုလည်းကောင်း ...





အရွှေမဝတုတ်ရဲ့ မျက်ရည်လည်ရွဲ မျက်နှာကိုလည်းကောင်း မြင်လိုက်ရသောအခါ ...

သူ အရွှေမလေးကို မြင်ဖူးသည်။ ရလာသည့် သစ်သီးဝလံများလည်း ကြွေလျှင်ပေးဖူးသည်။

သူ့မှာ ကိုယ်ဝန်ရှိနေသည်ကိုလည်း မြင်ခဲ့ရဖူးသည်။

အခု ... ဝတုတ် ... အချစ်မဟုတ်သော မတော်မတရားရဲ့ဒဏ်ကို ရင်နှင့်မဆံ့ ခံစားနေရသည်ကို မြင်လိုက်ရသော် ...

ဘယ်သူတွေနှင်နှင် ငေါက်ငေါက်အော်အော် သူဂရုမစိုက်။

ဇရပ်ပေါ်တက်၍ မီးနေအုပ်စုနှင့် မလှမ်းမကမ်းမှာ တင်ပျဉ်ခွေထိုင် လက်အုပ်ချီပြီး အင်္ဂုလိမာလသုတ်ကို ခပ်ကျယ်ကျယ်ရွတ်လေသည်။

"ယတောဟံ ... ဘဂိနိ အရိယာယ

ဇာတိယာ ဇာတော နာဘိဇာ နာမိ

သဉ္စိစ္စ ပါဏံဇီဝိတာ ဝေါရောပေတာ

တေန ဘဂ္ဂေန သောတ္ထိ တေ ... ဤမီးဖွားရခက်ခဲနေသော ကျွန်ုပ်၏ နမငယ်လေးသည် ... ဟောတု ... သောတ္ထိဂဗ္ဘဿ ... အန္တရာယ်ကင်းဘေးရှင်းစွာ သားရောမိခင်ရော မီးရှူးသန့်စင် ကျန်းချမ်းသာပါစေသတည်း။"

သူသည် အင်္ဂုလိမာလသုတ်ကို ပါးစပ်မှ အမြုပ်ထွက်လုမျှ ရွတ်လေ၏။ ဒီအချိန်မှာ မိန်းမသားများက ဆေးရုံပို့ရန် မြင်းလှည်းငှားပြေးခေါ်နေကြ၏။

မီးနေသူတို့ကား မြင်းလှည်းအလာကိုစောင့်ရင်း ဘာမျှမပြော။ ဘုရားတ နတ်တ၍ နေရင်း အရွှေမလေးရဲ့မျက်နှာကို ကရုဏာသက်စွာ စိုက်ကြည့်နေကြသည်။

အရွှေမလေးဝတုတ်ကလည်း ကိုခြောက်ပေရဲ့ ကျယ်လောင်လှသော ရွတ်ဆိုသံကို ချွေးသီးချွေးပေါက်များ တရွှဲရွှဲစိုနေသည်ကြားမှ ခေါင်းငုံ့၍ နားထောင်နေလိုက်၏။

သူမလည်း ကိုခြောက်ပေကို သိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကြုံကြိုက်တိုင်း အစားအစာများ ပေးသွားသည့် သူတို့ဘဝတူ မောင်ကြီး အစ်ကိုကြီး ...။

သည်မှာပဲ ဗိုက်ကနာလာ၏။ စူး၍ရစ်၍ နာလာ၏။ သူမ အစွမ်းကုန် ညှစ်ချလိုက်သည်။

"မွေးပဟေ့ ..."

"မွေးပဟာ ... ကံကောင်းပြီဟ ..."

မကြာခင် လက်သည်အဒေါ်ကြီးနှင့် မိန်းမသားများရဲ့ ဝမ်းသာအားရ အော်လိုက်သံ ထွက်လာပြီးနောက် ...

ကလေးငိုသံကို ကြားလိုက်ရသည်။

"ဘာလေးတုံး ... ဒေါ်ခွေးမ ..."

"ယောကျ်ားလေးဟဲ့ ... ချစ်စရာလေးတော်"

အရူးမဝတုတ်ကား ကလေးငိုသံကြားသော် မျက်လုံးကလယ်ကလယ်နှင့် လိုက်ကြည့်နေ၏။ ကြည့်ရင်း သူမရဲ့မျက်နှာပေါ်မှာ ကြည်နူးရိပ်အပြုံးပန်းများ တစ်ပွင့်ပြီးတစ်ပွင့် ဖူးပွင့်နေ၏။

ကလေးကို ဇရပ်ရေအိုးမှ ရေနှင့်သန့်စင်ရေချိုးပေးပြီး မီးနေ စွများ ပြုလုပ်ပေးပြီးနောက် ဝတုတ်ရင်ခွင်ထဲ သူ့ကလေးကို ပုဆိုးစုပ် ထွေး၍ မိခင်နို့မှာ ပါးစပ်တပ်ပေးလိုက်၏။

ကလေးငယ်က မိခင်ရဲ့နို့သီးကို ပါးစပ်နှင့်ငုံ၍ တပြွတ်ပြွတ်နှင့် ...နေ၏။ ဝတုတ်အသည်းယား၍ ရင်ကို ကော့ပေး၏။

ဝတုတ် သူ့ရင်သွေးလေးရဲ့ မျက်နှာဖွေးဖွေးလေးကို ကြည့်ပြီး ကြည်နူးနေ၏။ အသည်းတယားယား ဖြစ်နေ၏။

ဒီမှာပဲ. လက်သည်ကြီး ဒေါ်ခွေးမက သမ္မာရင့်ဝါရင့် လက်သည်ကြီးပီပီ အရူးကိုခြောက်ပေရဲ့ အဂ္ဂလိမာလသုတ် ပရိတ်ကျေးဇူးတော်ကြောင့် မီးဖွားရ ချက်ချင်းလွယ်သွားမှန်း သဘောပေါက်သွားပြီး ...

ကိုခြောက်ပေကို ကျေးဇူးတင်စကား ပြောကြားရန် ကြည့်လိုက်သောသောအခါ ..

ကိုခြောက်ပေ မရှိတော့။

---

စိတ်ကူးသစ်စာပေ



ကိုခြောက်ပေနေရာမှာ ကုလားမကြီးတစ်ဦး ဆာရီအဝါကြီးဖြင့် သူတို့ကို ကြည့်နေ၏။

"အရာမကြီး ..."

"အေ ..."

"စောစောက ဘုရားစာရွတ်နေတဲ့ လူငယ်ရော ဘယ်ရောက်သွားတုံး အရာမကြီး"

"ကန်ကလေးနော် ... ဆင်းသွားပြီ။ သူနော် ... ဒါ ဗိုက်ဆံ ပေးသွားဒယ်။ ဟို ... ကလေးမွေးအဲ့ ကန်မလေးကို ပေးလိုက်ပါလို့ ပြောသွားဒယ် ... ရော့ ..."

"ဟင် ..."

"ဟယ် ..."

"အလိုတော် ..."

ကြည့်လိုက်တော့ ကုလားမအဘွားကြီး လက်ဝါးထဲမှာ ငွေစက္ကူအချို့။

"ဘုရားစာရွတ်တဲ့လူ ပေးသွားတာ ဟုတ်လား"

"ဟုတ်ဒယ် ... ကန်မလေးဖို့တဲ့"

အားလုံး အံ့ဩကုန်ကြသည်။ အရူးတော့ အရူးပါပေပဲ။ ဒါပေမယ့် သူ့မှာ လူ့နှလုံးသားစစ်စစ် ရှိနေသည်။ ခုလည်း မီးနေသည့် အရူးမလေးအတွက်ဆိုပြီး ငွေစက္ကူအချို့ပေးသွားပြီး ပျောက်သွားခဲ့ပြီ။ လက်သည်ကြီး ဒေါ်ခွေးမက ကုလားမအိုကြီးလက်မှ ငွေစက္ကူများကိုယူပြီး အရူးမဝတုတ်လက်သို့ ပေးလိုက်၏။

"ဟဲ့ ... ဝတုတ် ..."

"အင် ..."

"နင့်ကို ခြောက်ပေက သုံးဖို့ပေးသွားတယ် ... ရော့"

ဒေါ်ခွေးမက ဝတုတ်လက်သို့ ငွေစက္ကူများကို ထည့်ပေးလိုက်၏။ အရူးမလေးဝတုတ်က ငွေစက္ကူများကို ဆုပ်ရင်း ...အုပ်ချီ၏။

"ဝတုတ်"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အင် ..."

"ခြောက်ပေက ညည်းယောက်ျားလား"

"ဟင် ..."

"ဟုတ်လား ..."

"ဟင့်အင်း ..."

"ဒါဆို နင့်ယောက်ျား ဘယ်သူတုံး"

"သိဘူး"

နောက်ဆုံး ... မီးနေ (၇)ရက်ပြည့်သည့်တိုင် အနီးဝန်းကျင်မှ မိန်းမသားများက စားရေးသောက်ရေး ဝိုင်းကူပေးကြ၍ အရှုံးမလေးဝတုတ် မပူမပင်ရှိနေ၏။

ထူးဆန်းသည်ကား အရှုံးမဝတုတ်သည် သားလေးမွေးပြီးသည့် အချိန်ကာစ၍ စိတ်ဂနာမငြိမ် သိပ်မဖြစ်တော့။ (၇)ရက်ပြည့်၍ မီးထွက်သောအခါ လူတစ်ယောက် ဇရပ်ရှိရာသို့ရောက်လာ၏။

"ကိုရင်က ဘယ်သူတုံး"

အရပ်ပုပု၊ ဆံပင်တိုတိုနှင့် လူကြီးတစ်ဦး။ လွယ်အိတ်တစ်လုံးကိုလွယ်ထား၏။ ကွမ်းလည်း ဝါးထား၏။

"ကျွန်တော် ဝတုတ်ရဲ့ယောက်ျားပါ"

"ဟေ ..."

"ဘုရားရေ ..."

"ရှင်က ဝတုတ်ရဲ့ယောက်ျား"

"ဟုတ်ပါတယ်။ ကျွန်တော်တစ်ည အရက်မူးပြီး သူမကို မှားယွင်းခဲ့မိပါတယ်။ အလုပ်ကိစ္စနဲ့ခရီးလွန်နေလို့ ပြန်ရောက်တော့ ဝတုတ်ဒီဇရပ်မှာ မီးဖွားနေတယ်လို့ကြားလို့ လာခဲ့တာပါ။ ကျွန်တော် သူ့ရဲ့ရောဂါကို ပျောက်ကင်းအောင်ဆေးကုပြီး ကျွန်တော့်ရင်သွေးလေးကိုရော သူမကိုရော မကြောင့်မကြ စောင့်ရှောက်သွားချင်လို့ လာခေါ်တာပါ"

"ရှင့်နာမည် ဘယ်သူတုံး"

"ကိုရွှေမန်းကျည်းလို့ ခေါ်ပါတယ်။ ( .... )ရပ်ကွက်မှာ နေပါ





တယ်။ ကျွန်တော်ခေါ်သွားပါရစေ"

"ဝတုတ်"

"ရှင်"

"ညည်း ဒီလူကိုသိလား"

ဝတုတ်က ကလေးငယ်ကို နို့တိုက်ရင်းက လူကြီးရဲ့မျက်နှာကို စိုက်ကြည့်နေသည်။ လူကြီးကလည်း ညှိုးငယ်အားနာရှက်ရွံ့ မျက်နှာနှင့် ဝတုတ်ရဲ့မျက်နှာကို ငေးကြည့်နေသည်။

"ဝတုတ်"

"ဟင် ... ရှင် ..."

"ညည်း ... သူ့ကိုသိလား ... မှတ်မိလား"

"အင်း ..."

"ညည်း ... လင်ပေါ့ ... ဟုတ်လား"

သူမက အားလုံးရဲ့အမေးကို ရှက်ရွံ့၍ ခေါင်းငုံ့နေလိုက်၏။

"ညည်းကို သူလာခေါ်နေတယ်။ ညည်းကိုသူက ဇနီးအဖြစ် ပေါင်းသင်းမယ်တဲ့။ ညည်းလိုက်သွားချင်လား"

သူမက လူကြီးရဲ့မျက်နှာကို မော့ကြည့်နေသည်။

လူကြီးကိုရွှေမန်းကျည်းက ဝတုတ်အနီးသို့ တိုးကပ်လိုက်ပြီး နဖူးဆံစလေးများကို ကြင်နာစွာ လက်နှင့်သပ်ပွတ်ပေးလိုက်သည်။ ပြီး ... ရွှေမန်းကျည်းက ဝတုတ်ရဲ့ရင်ခွင်မှ ကလေးလေးကို ဝမ်းသာအားရမျက်နှာနှင့် ကောက်ယူချီပြီး အသာငုံ့နမ်းလိုက်သည်။

ကလေးက တွန့်လွန့်၍ 'အဲ့'ဟု မြည်လိုက်၏

"ဝတုတ် ... နှမလေးကို အစ်ကိုကြီး တစ်သက်လုံးစောင့်ရှောက်သွားပါ့မယ်။ အစ်ကိုကြီးမှားတာလွန်တာကို အားလုံးရှေ့မှာ ဝန်ချတောင်းပန်ပါတယ်။ အစ်ကိုကြီးတို့ဒီနေ့ပဲ ကောင်စီရုံးမှာ သွားလက်ထပ်လိုက်ကြစို့"

ကြားရသူများအားလုံး ဝမ်းသာလွန်း၍ မျက်ရည်ဝဲကြ၏။

ကံကြမ္မာက ဆန်းပြားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆန်းကြယ်ထူးထွေလွန်း၍ ဂမ္ဘီရလောကဟု ခေါ်ကြလေရော့သလား။ အချစ်နှင့်ယှဉ်သော အိမ်ထောင်ရေးလမ်းကြောင်း မဟုတ်ပမင့်ကစား၊ လူ့သစ္စာတရားနှင့်ယှဉ်သော အိမ်ထောင်ရေးဖြစ်ခဲ့သောအခါ ..

လူ့စိတ်ရှိသော လူတို့သည် ...

လူကိုလူလို မြင်ကြ၏။

လူ့အသည်းနှလုံးနှင့် လောကကို ရပ်တည်ရင်ဆိုင်ကြ၏။ ဟိုးရှေးဘဝက ပါရမီရေစက်ကြောင့်ပဲလားမသိ။ မမျှော်လင့်သော အချစ်နှစ်ခုရုတ်တရက် ပြန်ပေါင်းထုပ်၍ ရိုးသားခြင်း၊ သစ္စာရှိခြင်းနှင့် အကြင်နာတရားကို ထုတ်ဖော်ညွှန်းဖွဲ့နေကြသည်။

ကိုရွှေမန်ကျည်းက ဝတုတ်ရဲ့ပစ္စည်းများကို အလျင်စလို သိမ်းဆည်းလိုက်ပြီး ကလေးငယ်သားငယ်ကို ဝမ်းသာအားရပွေ့ပိုက်၍ ရှေ့ကသွားနေ၏။

ရင်သွေးလူသားကလေးလေးကို မွေးပြီးမှ စိတ်ငြိမ်သွားသည့် မိန်းနေသည့်ဝတုတ်က ပုဆိုးပိုင်းလေး ခေါင်းမှာခြုံ၍ ကိုမန်ကျည်းနောက်မှ သွေးနုသားနု ဖွဖွခြေလှမ်းနှင့် လိုက်ခဲ့၏။ သူမရဲ့ အနီးဝန်းကျင်မှာ လက်သည်ကြီးဒေါ်ခွေးမနှင့် မိန်းမသားအချို့ လိုက်ပါလာကြ၏။

သူတို့အားလုံး ...

ရပ်ကွက်ကောင်စီရုံးရှိရာသို့ ခြေလှမ်းညီညီနှင့် သွားနေကြ၏။

သူတို့ရပ်ကွက်ကောင်စီရုံးသို့ ဝင်သွားကြသောအခါ လူတစ်ယောက်က ကုက္ကိုလ်ပင်အောက်မှ ရပ်ကြည့်ငေးမောနေ၏။

သူ့ကို ဘယ်သူမျှ မမြင်လိုက်ကြ။

ထိုသူကား ...

မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာတရားနှင့် ထုံမွမ်းနေသော အရှူးကိုခြောက်ပေရယ်လေ ...။

[ ၂၆ ]

❑

အရှူးကိုခြောက်ပေနှင့် စပ်လျဉ်း၍ ပြောစမှတ်ပြုစရာများက တစ်နေ့တခြား ပိုများလာ၏။

လူအချို့၏ ထုံးစံအတိုင်း နည်းနည်းကိုလည်း များများချဲ့၍ အမွှမ်းတင်တာလည်းရှိကြ၏။ ကဲ့ရဲ့ရှုတ်ချစရာရှိရင်လည်း ပိုက်ဆံမပေးရသဖြင့် ပိုပိုထိုးထိုးလေး ပြောကြဆိုကြသည်လည်း ရှိ၏။

အင်း ... ဘုရား၊ ရဟန္တာသူတော်စင်၊ အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန်များချည်း စုဝေးနေထိုင်ရာ အရပ်မဟုတ်တော့လည်း လူသာမန်တို့၏ သဘောသဘာဝအရ မုန်း၏။ ချစ်၏။ ကြည်ညိုလေးစား၏။ မလိုလျှင် အပြစ်ပြော၏။ လိုလျှင် ဘုရားခန်းမှာ တင်ကိုးကွယ်၏။



www.burmeseclassic.com

www.burmeseclassic.com



သာလျှင် နား၏။

မသာလျှင် သွား၏။

ခုလည်း ... အရှုးကိုခြောက်ပေ သွားရင်းလာရင်း ကြုံကြိုက်လို့ မေတ္တာစေတနာနှင့် ကူညီလိုက်သည့် ကောင်းမှုကံစေတနာများက အလွန်တာစားသွားခဲ့၏။

ဒါက သူ့ရဲ့စရဏ အကျင့်တရားကြောင့်လည်း ဖြစ်ချင်ဖြစ်မည်။

ဟိုး ရှေးအတိတ်ဘဝက ပြုခဲ့သည့် ကုသိုလ်ကံ အကျိုးပေးက ခုဘဝမှာ ရှုးနေသလိုရှိသော်လည်း ထူးစရာလေးများနှင့် ဘဝကံအကျိုးပေး မန့်နည်းအောင် ဖန်တီးနေသည်လည်း ဖြစ်ချင်ဖြစ်မည်။

လူအချို့က ဒီဖြစ်စဉ်များကို ကြည့်ပြီး အံ့ဩနေ၏။

အရှုးကိုခြောက်ပေ သိဒ္ဓိ၊ မဟိဒ္ဓိများ ရနေရော့သလား။

သူ့မှာ မည်သူမျှ သိနိုင်စွမ်းမရှိသည့် ဂမ္ဘီရဆန်းကြယ် အစွမ်းအစများ လျှို့ဝှက်စွာ ရှိနေရော့သလား။

ဒီလို တွေးကြသည်။

အတွေးကနေ အားကိုချင်လာကြသည်။

အမှန်က ကိုခြောက်ပေက စိတ်မနှံ့သလို ရှိနေပေမဲ့ ရတနာသုံးပါးကို ယုံကြည်ကိုးစားသူဖြစ်သည်။

ဘုရားနှုတ်ကပတ် ပရိတ်တရားများကို သဒ္ဓါရတိုင်းရွတ်ဆိုနေသူ။ တစ်နည်း ... သွားရင်းလာရင်း အိပ်ရင်းပွားများနေသူ။

နာနာဘာဝတို့မှီခိုရာ သချိုင်းလိုရပ်ဝှမ်းနေရာများမှာ မရဏနုဿတိကမ္မဋ္ဌာန်းနှင့် မေတ္တာသမထကမ္မဋ္ဌာန်းကို သူနားလည်သည့် အယူအဆနှင့် စိတ်သန့်သန့် ပွားများနေသူဖြစ်သည်။

သည်စရဏများက သူ့ကို သိဒ္ဓိမြောက်နေစေသည်လည်း ဖြစ်နိုင်ချေရှိ၏။

ဒါမှမဟုတ် ... ကျွန်တော်တို့ ကျွန်ုပ်တို့ နားမလည်နိုင်သည့် လျှို့ဝှက်ချက်လည်း သူ့မှာရှိနေနိုင်၏။ ဒါကိုသိဖို့ ကျွန်ုပ်တို့လည်း သူ့ကို ချဉ်းကပ်ချော့မော့ မေးမြန်းလေ့လာနေရ၏။





ခုကြည့်စမ်း ...

လူအတော်များများနှယ် ...

လူထူးဆန်း ကိုခြောက်ပေရှိရာသို့ ...

ငွေကြေးနှင့် လာရောက်ချဉ်းကပ်ကြ၏။

အဝတ်အထည်များနှင့် လာရောက်ချဉ်းကပ်ကြ၏။

အစားအသောက်များနှင့် ရောက်လာကြ၏။

အချို့သော မိန်းမသားကြီးငယ်များကမူ အလှအပများ အပလီအပလာ ကျီစယ်စကား မျက်နှာလေးများနှင့် မြူဆွယ်သလို ချဉ်းကပ်ပေါင်းချင် လုပ်နေကြ၏။

ဒီလိုနှင့် အချို့က ဗီယသိဒ္ဓိအဆောင် တောင်းကြ၏။

အချို့က ကာယသိဒ္ဓိအဆောင် တောင်းကြသည်လည်း ရှိကြ၏။

အချို့က မနသိဒ္ဓိအဆောင် တောင်းကြသည်လည်း ရှိကြ၏။

ညောင်သုံးပင်သချိုင်းသို့ ကိုယ်ပိုင်ကားနှင့် လာသူလည်းရှိ၏။ ဆိုင်ကယ်၊ ဆိုက်ကား၊ မြင်းလှည်း၊ စက်ဘီး၊ ခြေကျင်လာသူလည်းရှိကြ၏။

ရက်ပိုင်းအတွင်း ...

မျက်ရည်ရှိုက်သံ၊ ရင်ထုအလွမ်းနှင့် စွတ်စိုနေသောကျီးရာသချိုင်းမှာ အလိုရမ္မက်လောဘများနှင့် ကိုယ်ကျိုးရှာချင်သူများ ရောက်ရောက်လာပြီး သချိုင်းသည် လူစည်သလိုရှိနေ၏။

ကျွန်ုပ် ကြားမြင်ရသလောက် ရေးရလျှင် ...

ကိုခြောက်ပေသည် မည်သူ့ကိုမျှ စကားတုံ့ပြန်မပြော။ သူနားခိုရာ အုတ်ဂူကြီးပေါ်မှနေ၍ ပထဝီဖယမန္တန်ကိုသော်လည်းကောင်း၊ မေတ္တာသုတ်ကိုသော်လည်းကောင်း တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံရွတ်၍ ပြုံးလိုက်ရယ်လိုက် လုပ်နေ၏။

ဂူဝန်းကျင် သစ်ပင်ရိပ်အောက်မှာ လူအချို့က ရပ်စောင့်ရသောကြောင့်၊ ရှက်ဖျင်စခင်း၍ ထိုင်သူကထိုင်၊ ရစ်သီရစ်သီလုပ်သူက ယုပ်၏။

ကိုခြောက်ပေ ဂါထာမန္တန်ရွတ်၍ ခဏရပ်လျှင် စကားဝင်ပြောကြ၏။



www.burmeseclassic.com

www.burmeseclassic.com



အချို့က သူ့ကို အစ်ကိုကြီးဟု လေးစားစွာခေါ်ကြ၏။

အချို့က ညီမောင်ဟု ခေါ်ကြ၏။

အချို့ ဆရာလေး၊ ဆရာကြီး၊ မောင်ကြီး စသည်နှင့် ရိုသေခယစွာခေါ်ပြီး ချဉ်းကပ်ကြသည်။

ဘယ်လိုခေါ်ခေါ် ကိုခြောက်ပေက ဘယ်သူ့မှ အရေးမလုပ်။

ဘယ်လို ကျွေးကျွေးပေးပေး ဘယ်သူ့မျှ အရေးမစိုက်။

အဲဒီလိုပြုမူလေ လူအူကြောင်ကျားများက ကိုခြောက်ပေကို ပို၍ကြည်ညိုလေ ဖြစ်နေကြ၏။

ဆရာလေး အိမ်ကြွပါဟုခေါ်ကြသည်။ ကားအကောင်းစား၊ ရွှေငွေဘဏ္ဍာလွဲနှင့် လူသူမိန်းမများကို ရွံရှာသည့်မျက်လုံးနှင့် ကြည့်ပြီး မျက်နှာကို လွှဲဖယ်ပစ်လေ့ရှိ၏။

ခက်သည်ကား ...

လူအူကြောင်ကျား ကိုလောဘသားတို့ကား ကိုခြောက်ပေမောပန်း၍ အိပ်နေလျောင်းနေလျှင် နိုးမည့်အချိန်ကို ဒုက္ခခံ၍ စောင့်နေကြလေ၏။

ကျွန်ုပ်အမြင်ကား ...

မဟာဇနက္ကမင်းသား သဘောၤပျက်၍ ပင်လယ်ကိုကူးခတ်ပြီး ကျောက်ဖျာပေါ်မှာ မောမောပန်းပန်းနှင့် အိပ်မောကျနေစဉ် ရှင်ဘုရင်မင်းလောင်း အရှာထွက်သည့် မှူးမတ်များအနီးအနား ဝိုင်းဝန်းခစားနေသကဲ့သို့ရှိသည်ဟု စိတ်ကူးနှင့်တင်စားကြည့်၏။

သို့သော် ...

အမြောက်နှင့်ပစ်၍ စိတ်စမ်းသူမရှိ။

စည်ဗုံပတ်သာ စောင်းညင်းတီးပြီး နိုးလာအောင်လုပ်သူတော့မရှိ။ ဤသို့များလုပ်လိုက်လျှင် ကိုခြောက်ပေဘယ်လိုများ တုံ့ပြန်လေမည်လဲ မသိ။

သိတော်မူသည့်အတိုင်း ...

အရှုးကိုခြောက်ပေသည် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပြီဆိုလျှင် တစ်နေ





ကုန် အိပ်တော့၏။ အစားလုံးဝမစား။ ရေလုံးဝမသောက်။ တစ်ခါတစ်ရံ နေ့ရောညပါ နှစ်ခြိုက်စွာ (၂၄)နာရီလုံးလုံး အိပ်၏။

ထိုအခါ ...

လူအူကြောင်ကျားများက သချိုင်းစောင့်စဏ္ဍာလကြီး ကိုပွေးထူကို အရေးတကြီး မေးကြကုန်၏။

"ကိုပွေးထူ"

"ဘာတုံးခင်ဗျ"

"ဆရာလေး ... အသက်မှရှိသေးရဲ့လားရှင် ... ဟင်"

"ရှိချင်ရှိမှာပေါ့ဗျ"

"အိပ်လိုက်တာ ... (၂၄)နာရီကျော်နေပြီ ဦးပွေးထူရဲ့"

"ဒါ ဘာဟုတ်သေးလို့တုံး။ အရင်တစ်ခါများ နှစ်ရက်သုံးရက်နီးပါး ဆက်အိပ်တာဥစ္စာ"

"နှိုးကြည့်ပါဦးဗျာ ... ကိုပွေးထူရာ"

"ဘာလို့နှိုးရမှာတုံးလို့"

"မတော်အေးခဲပြီး သေနေမှာစိုးရိမ်လို့ပါဗျာ"

"လူမှန်ရင် သေမျိုးချည်းပါဗျာ။ သူက လောဘနည်းတဲ့လူပါ။ သေသွားရင် မြှုပ်လိုက်ရုံပေါ့လို့။ မပူကြပါနဲ့"

"သူနဲ့ ကျွန်မတို့က စကားပြောချင်နေတာ"

"နေပါဦး ... ခင်ဗျားတို့က သူနဲ့စကားပြောချင်ရအောင် သူ့ဆွေမျိုးသားချင်းတွေမို့လား"

"မဟုတ်ပါဘူး"

"အပေါင်းအသင်း မိတ်ဆွေများလား"

"ဒါလည်း မဟုတ်ပါဘူးရှင်"

"ဒါဆို ဘာကိစ္စနဲ့ တွေ့ချင်နေရတာတုံး"

"ဟို ... ဟို ... အဲ ... အဲ ... ဟိုဒင်းလေ ... ဘာတဲ့"

"ဟိုဟာ ကိစ္စလေဗျာ ..."

"ဘာကိစ္စလည်း ... ပြော"



www.burmeseclassic.com

www.burmeseclassic.com



"မေးချင် မြန်းချင်လို့ပါ"

"ဗေဒင်လား"

"အဲ ... အဟဲ ... ဆိုပါစို့ ... အဟဲ ... ဟဲ ..."

"ဗေဒင်မေးချင်ရင် အရှုံးကိုခြောက်ပေကို မမေးနဲ့ဗျ။ ဟို ... ထန်းပင်ကုန်းရပ်ကွက်မှာ ရေအောက်မြေအောက် အဝီစိသုံးကြိမ်ပြန် ဆရာကြီး မနောဗေဒ ဦးဖေဇော်ဆိုတာ နာမည်ကြီးပဲ။ သူ့ကို သွားမေးပါလားဗျာ"

"ဆရာကြီးဦးဖေဇော်ကရော စွမ်းလို့လားဟင်"

"ပစ္စည်းပျောက်ဟောရင် တဲ့ပဲ"

"တဲ့ ... ဆိုတာ ဘယ်လိုဟာကို ပြောတာလဲရှင်"

"သူ့မေးရင် ပြန်မရဘူးဆုံးပြီလို့ ဟောတာကိုပြောတာ"

"ဟင် ..."

"တစ်ခါတုန်းက ဆရာကြီး ဦးဖေဇော်အိမ်အောက်မှာမွေးထားတဲ့ ငန်းတစ်အုပ် ဘယ်သူမသွားမှန်းမသိဘူး ... ပျောက်ရော ..."

"ဆရာကြီးက သူ့ပညာနဲ့ မကြည့်ဘူးလား"

"ကြည့်တာပေါ့ ... ဘယ်နေမှာလဲလို့။ ရေအောက်မြေအောက် အဝီစိသုံးကြိမ်ပြန် မနောဗေဒင်ဆရာကြီးပါဆို"

"သူခိုးဘယ်သူလဲဆိုတာ မြင်ရရောလားဟင်"

"မျက်မှန်ပါခိုးသွားလို့ ဘာမှမမြင်ရဘူး။ နောက်ဆုံး ရဲစခန်းကို သူကိုယ်တိုင် အမှုသွားဖွင့်ရတယ်"

"အို ... ဖြစ်မှဖြစ်ရပလေရှင် ... ကျွတ် ... ကျွတ် ... ကျွတ်"

"နောက်ဆက်တွဲရှိသေးတယ် ... မပြီးသေးဘူး"

"လုပ်ပါဦး ... ကိုပွေးထူရာ ... စိတ်ဝင်စားစရာ ကောင်းလို့ပါ"

"သူရဲစခန်းကို ငန်းအုပ်ပျောက်တဲ့ကိစ္စ သွားတိုင်ပြီးပြန်လာရော အိမ်နောက်ဖေးမှာလှန်းထားတဲ့ သူ့မိန်းမရဲ့ ထဘီနဲ့အင်္ကျီ သူခိုးက ထပ်မ





သွားလေရဲ့"

"ဒါဆို ဆရာကြီးက ခြေရာကောက်ပညာနဲ့ မစီရင်ဘူးလား"

"နာမည်ကြီးဆရာကြီး ဦးဖေဇော်ပဲ ဘယ်ငြိမ်ခံမှာလဲလို့"

"လုပ်ချလိုက်ရောလား"

"လုပ်တာပေါ့ ... အရိုးကျိုးပွဲသိမ်းကို လုပ်ပစ်တာ"

"ဘုရား ... ဘုရား ... ပွဲကြီးပွဲကောင်းပဲနေ့ာ်။ သိချင်လွန်းလို့ မြန်မြန်ပြောစမ်းပါဦး ကိုပွေးထူရယ်။ လိုအပ်ရင် ကျွန်မတို့အားကိုးချင်လို့ပါ"

"လုပ်ပုံက မိုက်တယ်ဗျ။ ပထမ အင်္ကျီချွတ်လိုက်တယ်။ ပြီး ... ခါးတောင်းမြှောင်နေအောင် ကျိုက်လိုက်တယ်။ လက်ထဲမှာလည်း ထင်းခွဲတဲ့ဓားမကြီးကိုင်လို့။ သတ္တိရှိတဲ့ကောင်ထွက်ကြလို့ ပထမ စိန်ခေါ်တယ်"

"ဘယ်သူတွေ ထွက်လာကြလဲဟင်"

"ကလေးတွေထွက်လာကြတယ်"

"ဟယ် ..."

"ကလေးတွေက သူ့ကိုကြည့်ပြီး ဝိုင်းရယ်ကြတယ်"

"ဘာဖြစ်လို့ ..."

"ဆရာကြီး ဖင်မှာ တင်ပါးမှာ ပွေးတွေအများကြီးမို့"

"ဟား ... ဟား ... ဟား ... ဟား ... ဖြစ်ရလေ"

"အဟီး ... ခစ် ... ခစ် ... ခစ်"

"လုပ်ပါ ဆရာလေးကိုပွေးထူရဲ့။ နောက်ဆုံး အရိုးကျိုး ပွဲသိမ်းလေး"

"ကလေးတွေက သူ့တင်ပါးကိုလက်ညှိုးထိုးပြီး ဝိုင်းရယ်ကြရော နောက်ဆုံး ဒေါသထွက်ထွက်နဲ့ ခြံဝမှာချိတ်ထားတဲ့ ရေအောက်မြေအောက် အဝီစိသုံးကြိမ်ပြန် မနောဗေဒင်ပညာရှင် ဆရာကြီးဦးဖေဇော်ဆိုတဲ့ဆိုင်းဘုတ်ကို လက်ထဲကဓားမနဲ့ အစိပ်စိပ်အမွှာမွှာ ခွဲပစ်ပြီး ရေမြောင်းထဲလွှင့်ပစ်လိုက်ရော"

"အို ... ဖြစ်ရလေ ဆရာကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အခုရော သူရှိသေးလားဟင်"

"ရှိသေးတယ်။ ဗေဒင်သိပ်မဟောတော့ဘူး ... ရိပ်သာဝင်နေတယ်"

"တော်သေးတာပေါ့နော်။ ဆရာကြီးတစ်ယောက်ထဲ ဝင်တာပေါ့ဟုတ်လား"

"ဘယ်ဟုတ်ရမှာလဲ ... နောက်မယားငယ်ထပ်ယူပြီး မော်လမြိုင်မှာ သွားဝင်နေတာ"

"ဗုဒ္ဓေါ ... အားကိုးလို့ရပြီပေါ့"

"ခပ်ချောချောမိန်းကလေးများ သူ့ဆီမှာ ဗေဒင်မကြည့်ရဲကြဘူး"

"ဘာဖြစ်လို့ပါလဲရှင်"

"ညာလက်ဝါးကို သူ့လက်နဲ့ အကြာကြီးမွတ်ပြီး အာရုံယူနေလို့။ တစ်ခါ အာရုံယူတာ အချိန်ကြာနေလို့ သူ့မယားကြီး မခင်အေးရှုက ကွမ်းညှပ်နဲ့ ကျောကုန်းကို ကောက်ပစ်လိုက်မှ 'မြတ်စွာဘုရား'တ,ပြီး လက်ကိုလွှတ်တာ"

"ဒီလိုဆရာမျိုးကို ဝေးဝေးကရှောင်တာ ကောင်းပါတယ်ရှင်"

"ဒီလိုစကားကောင်းနေချိန်မှာပဲ ကံကောင်းချင်တော့ နှစ်ရက်တိတိ အိပ်မောကျနေခဲ့သည့် အရှူးကိုခြောက်ပေ အိပ်ရာကနိုးလာပါရော"

"ဆရာ ... နိုးလာပြီဟေ့"

"ဆရာလေးနိုးလာပြီ။ ကိုစိန်လှိုင် မြန်မြန်လာဟေ့"

"တိုကင်နဲ့ဟောရင် ကောင်းမှာကွာ"

"ဆရာ ... ဆရာနိုးပြီလားဟင်"

"ဆရာ ... စောင့်လိုက်ရတာ ဆရာရယ်။ ကျွန်မနာမည် အိန္ဒြာဂေါ်ဝင်လို့ခေါ်ပါတယ် ဆရာ"

"ကျွန်မနာမည်က သက်မွန်ပွင့်ပါဆရာ"

"ကျွန်တော့်နာမည်က ပုသိမ်မောင်သောင်းယဉ်ပါဆရာ"

ကိုခြောက်ပေကား အုတ်ဂူပေါ်မှာ နံငယ်တိုနှင့် ဝေါင်တောင်





တောင်ထိုင်ပြီး ဂူအနီးရှိ မိတ်ဆက်နေကြသူများကို လိုက်ကြည့်နေ၏။

ဆံပင်ဂုပ်ဝိုင်းကြီးကား ကျောပေါ်မှာ တောင့်တောင့်ကြီးကျလို့။

"ဆရာ ... ကျွန်တော့်ကို ကူညီပါဆရာ"

"ဆရာရယ် .... ကျွန်မ ခုတစ်လော အိပ်မက်တွေမကောင်းလို့"

"ဆရာလေး ... ဒါ ... ဒါ ... ဆရာလေးစားဖို့ ... ရွှေငှက်ပျော ..."

"ဝုန်း"

"ဟ ... ဟ ..."

"ဟဲ့ ... ဟဲ့ ... နောက်ဆုတ် ... နောက်ဆုတ် ..."

ဒီအချိန်မှာပဲ အရူးကိုခြောက်ပေက အုတ်ဂူပေါ်ကနေ အောက်ဘက်ရှိ ခေါင်းပျဉ်အဆွေးပုံပေါ်ကို လွှားခနဲ ခုန်ချလိုက်ရော အနီးရှိ ယောကျ်ားမိန်းမများ လန့်ဖျပ်သွား၍ နောက်သို့ဆုတ်သွားကြသည်။

အရူးကိုခြောက်ပေသည် လူအားလုံးရဲ့မျက်နှာများကို ရွံရှာသလို လှည့်ကြည့်ပြီးနောက် ပျဉ်ဟောင်းပျဉ်ဆွေးပုံပေါ်မှ လွှားခနဲခုန် လှစ်ခနဲ ပြေးတော့သည်။

နောက်ဘက်မှ ခေါ်သံများက ဆူညံစွာပေါ်ထွက်လာကြသည်။

အချို့က ပြေးလိုက်မလို လုပ်ကြသည်။

ကိုခြောက်ပေကား နောက်သို့ တစ်ချက်ကလေး လှည့်မကြည့်။ အပြေးသမားတစ်ဦးရဲ့ ခြေလှမ်းမျိုးနဲ့ ပြေးသွားနေတော့သည်။

ထိုနေ့ခင်းကစ၍ အရူးကိုခြောက်ပေ ညောင်သုံးပင်သင်္ချိုင်းသို့ ပြန်မလာခဲ့တော့။ ဟိုဟာဒီဟာလိုချင်သူများ၊ ဟိုကိစ္စ ဒီကိစ္စ မေးမြန်းလိုကြသော ရတနာသုံးပါးဂုဏ်ကျေးဇူးကို ဥပေက္ခာပြု၍ လိုတရပုဂ္ဂိုလ်ရှာသူများကား နေ့စဉ်လာလာ ဖွဲကြီးကြီးနှင့် စောင့်ကြပါသော်လည်း နှစ်ပတ်ခန့်ကြာသည့်တိုင် ကိုခြောက်ပေ ဤသင်္ချိုင်းသို့လည်း ပြန်မလာ။ မြို့ထဲရပ်ထဲ၊ ဈေးထဲ လှည့်လည်လျှောက်သွားနေသည် မမြင်ကြရတော့။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ယုံကြည်အားကိုလိုမှု မျှော်လင့်ချက်များ ပျောက်သွားပြီး စကားတစ်မျိုး ဆိုလာကြပြန်သည်။

"အရှုံးဟာ အရှုံးပါပဲကွာ"

"မှတ်ကျားပါကွာ။ အားကိုးလို့မရပါဘူး"

"ဂဏန်းကောင်းလေးများ ရမလားလို့ နေ့စဉ် အချိန်ကုန်ခံလာ လိုက်ရတာ အိမ်ကယောကျ်ားတောင် ခုလောက်ဆို နောက်မိန်းမများ ယူ သွားသလား မသိဘူး။ ပြန်တော့မယ် ကိုသောင်းယဉ်ရေ"

■ ■ ■

# [ ၂၇ ]

❑

"မိကြွေစေ့"

"ရှင် ... အစ်ကိုပွေးထူ"

သနပ်ခါးရေကျဲလေးလူးထားပြီး တောစံပယ်ရိုင်းလေးတစ်ခက် ပန်ထားသည့် မိကြွေစေ့လေးရဲ့မျက်နှာကို ချစ်သူကိုပွေးထူက မြတ်နိုးစွာ ကြည့်နေလိုက်၏။

စဏ္ဍာလ ကိုပွေးထူ။

ခု ... ကြည့်စမ်း။ သူ့ကို ဘယ်လိုလူက ဒါ စဏ္ဍာလပါလို့ ပြော မလဲ။

အကျႌအပြာရောင်လက်တိုနှင့် ပလေကတ်ပုဆိုးနှင့် ဆံပင်ကို ခပ်တိုတိုညှပ်၍ အုန်းဆီလူးပြီး နှစ်ခြမ်းခွဲထား၏။



www.burmeseclassic.com

www.burmeseclassic.com



မိကြွေစေ့လေးနှင့် ချစ်သူဖြစ်သွားသည့် အချိန်ကစ၍ နံနက်တစ်ခါ ညနေတစ်ခါ ဆပ်ပြာတိုက်၍ ရေချိုးသန့်စင်၏။

အချစ်က သူ့ရင်ထဲသို့ ရောက်ရှိလာသောအခါ . . .

စဏ္ဍာလတို့သဘာဝ ပေပေရေရေ ညစ်ညစ်ပတ်ပတ် နေလေ့ရှိသည့် ပစ္စုပ္ပန်ဓလေ့အမူအကျင့်ကိုဖျောက်ပြီး အလုပ်ကအလုပ်၊ အလုပ်လုပ်နေချိန်၊ မသာမြေကျင်းတူးနေချိန်၊ လူသေကောင်ကိုင်ရသည့်အချိန်၊ မီးသင်္ဂြိုဟ်ပေးရသည့်အချိန်များမှာ အလုပ်ကိုအလုပ်နှင့်တူအောင် မရွံမရှာ လုပ်ပစ်လိုက်သည်။

အလုပ်သိမ်း၍ ညနေရောက်သည်နှင့် သန့်စင်အောင်ပြုပြင်ပြီး ချစ်သူရှိရာ တစ်ဖက်ရပ်တဲအိမ်လေးသို့ သွားခဲ့သည်။

ဒီလို သန့်သန့်ပြန့်ပြန့်လေး နေဖြစ်အောင် အကြောင်းဖန်ပေးသည့် ဘယ်အရပ်သားမှန်းမသိရသော အရူးကိုခြောက်ပေကို အလွန့်ကို ကျေးဇူးတင်ပါသည်။

သူ့ကျေးဇူး ကိုပွေးထူပေါ်မှာ မနည်းခဲ့။

သူက သုံးရာသီစလုံး အင်္ကျီကျော့ပြောင်၊ ပုဆိုးနံ့တို့နှင့် နေလေ့ရှိ၏။ ဟိုက ဒီက သူ့ကိုသနား၍ ပေးကမ်းကြသည့် အဝတ်အစားများ စားစရာများကို သူ့အားပေးကမ်း၏။

ချစ်သူ မိကြွေစေ့လေးကလည်း သူ့ကို သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းလေးမြင်ရတော့ စိတ်ချမ်းသာပြီး ကြည့်နူးရှာ၏။

"အစ်ကိုပွေးထူ . . ဘာလို့အကြာကြီး စိုက်ကြည့်နေရတာလဲလို့"

"လှလို့"

"သွား . . . သွား . . ."

"ချောလို့"

"လုပ်ပြန်ပြီ . . . ကျွန်မ မနေတတ်တော့ဘူး . . . သွားတော့နော်"

"ချစ်လို့ပါ ကြွေစေ့ရာ"

"ချစ်တာနဲ့ အကြာကြီးစိုက်ကြည့်ရရောလား"

"ကြည့်တော့ ဘာဖြစ်လို့တုံးခင်ဗျ"





"ကြောက်တာပေါ့လို့။ ကြက်သီးကို ထသွားတာပဲ"

"ကဲ . . . ကဲ . . . ကြောက်ဦး။ ကြက်သီးထဦး . . . ကဲ . . ."

"အို . . . အို . . . အစ်ကို . . . အစ်ကို . . . အို . . . လွှတ်ပါ။ ကျွန်မ မနေတတ်ဘူး . . . ဟင့်အင်း . . . ဟင့်အင်း"

ကိုပွေးထူက မိကြွေစေ့ရဲ့ ဖွံ့ဖွံ့ထွားထွားကိုယ်လုံးကို လျှပ်စီးလက်သလို သူ့ရင်ခွင်ထဲသို့ဆွဲယူလိုက်ပြီး ပါးနှစ်ဖက်ပေါ်သို့ အနမ်းမိုးများ ရွာချလိုက်သည်။

အနမ်းရဲ့ အချစ်ပျားရည်မြစ်က ပါးပြင်ပေါ်ရှိ သွေးကြောများမှ တစ်ဆင့် သူမရဲ့ရင်ထဲကို ဖြတ်စီးဝင်သွားသောအခါ သွေးများ ပွရှိန်းရှိန်းဖြစ်လာပြီး . . .

မိန်းမောသလို ရှိသွားသော်လည်း အသိလေးနှင့် ပြန်ဆင်ခြင်ပြီး ရုန်းကန်၍ လူးလဲထလိုက်သည်။ ဝန်းကျင်မှာ လူသူမရှိသော်လည်း ရှိန်းအထင်နှင့် ရှက်ရွံ့သလို ဝေ့ဝိုက်ကြည့်ပြီးနောက် ချစ်သူကိုပွေးထူရဲ့ ပေါင်တွင်းကြောကို ဆွဲလိမ်ပစ်လိုက်သည်။

ကိုပွေးထူက ပါးစပ်ဟ၍အော်မည်လုပ်တော့ မိကြွေစေ့က အမေကြားသွားမည်စိုး၍ သူ့လက်ဝါးနှင့် ပါးစပ်ကို အသာလှမ်းပိတ်ရင်း တခစ်ခစ်ရယ်ပစ်လိုက်သည်။

"အစ်ကို"

"ဘာတုံး . . . ကြွေစေ့လေးရာ"

"မကဲနဲ့ . . . သိလား"

"အေးပါဟာ . . . မကဲတော့ပါဘူး။ ရှေ့ဆက် ရဲတော့မှာပါ"

"ဘာ . . . ဘာပြောတယ်။ အစ်ကို ဘယ်လိုပြောလိုက်တယ်"

"ဒီလိုပါ ညီမရယ်။ အစ်ကို ညီမကို ရင်နဲ့အမျှချစ်တာ ညီမ သိသမို့လား"

"သိပါတယ် အစ်ကို။ အဲဒါ ဘာဖြစ်လဲ"

"အစ်ကို ညီမနဲ့ ခပ်လှမ်းလှမ်း မနေချင်ဘူး။ အတူတူပေါင်းသင်းပြီး တစ်အိုးတည်းတစ်အိမ်တည်း ပေါင်းစည်းပြီး နေချင်ပြီညီမ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါ့မလား အစ်ကိုရယ် ဟင်"

"ဘာဖြစ်လို့ မဖြစ်ရမှာလဲကွာ"

"ညီမတို့နှစ်ဦးရဲ့ဘဝက သုညတွေပါအစ်ကို။ ညီမဘဝကလည်း ရပ်တာကာလှည့် သီချင်းဆိုတောင်းရမ်းပြီး အမေမျက်မမြင်ကြီးကို လုပ်ကိုင်ကျွေးမွေးနေရတဲ့ဘဝ။ အစ်ကိုကလည်း ..."

"ညီမရယ် ... အစ်ကို့ဘဝက စဏ္ဍာလဖြစ်ပေမင့် အစ်ကိုက တစ်ကိုယ်ရေတစ်ကာယပါ။ ညီမလိုပဲ ဆွေမရှိမျိုးမရှိဘဝပါ။ ညီမက လမ်းမပေါ်မှာသီချင်းဆိုပြီး သောတဂီတနဲ့ ဝမ်းစာကိုရှာနေတဲ့ ဒုက္ခိတ။ အစ်ကိုကလည်း လူတွေအပုပ်မီးဖာတ်သိမ်းကို သေသပ်လှပအောင် စေတနာထားပြီး လုပ်ကိုင်ဝမ်းစာရှာတဲ့ အလုပ်သမားပါ။ တို့များနှစ်ဦးစလုံး လောဘမရှိဘူး။ တို့နှစ်ဦးရဲ့ဘဝမှာ ကားလည်းမလိုဘူး၊ တိုက်လည်းမလိုဘူး။ ဆီဦးထောပတ်လည်းမလိုဘူး။ အကြင်နာရယ်၊ မေတ္တာရယ်၊ သစ္စာတရားရယ်၊ ရိုးသားဖြူးဖြူခြင်းရယ်ရှိနေရင် သင်္ချိုင်းဇရပ်မှာပဲ နေရနေရ မင်းတို့ရဲ့ တစ်ဖက်ရပ်ထဲမှာပဲ နေရနေရ ... ဘဝဟာ ပျော်ရွှင်ငြိမ်းချမ်းစရာဘဝလို့ ယုံကြည်လိုက်မှာပဲညီမ။ ဒါမှ ညီမတို့ရဲ့ဘဝလည်း လုံခြုံအေးချမ်းမှုရှိမယ်။ ဘယ့်နှယ် ..."

"အစ်ကို ဆုံးဖြတ်ချက် ချပြီးပလားဟင်"

"ဒါ နိုင်မာတဲ့ဆုံးဖြတ်ချက်ပါ။ အပြောင်းအလဲမရှိတဲ့ ဆုံးဖြတ်ချက်ပါ"

မိကြွေစေ့ ငိုင်တွေ၍ စဉ်းစားနေသည်။

စဉ်းစားရင်း သူ့မျက်ဝန်းနှစ်လုံး ကြည်လင်ရွှန်းစိုလာသည်။

ရင်ထဲသို့ အချစ်ရဲ့အားကောင်းသော မြားဦးက တစစ်စစ် စူးဝင်လာသည်။

"ညီမ"

"ရှင် ... အစ် ... ကို"

"ဘယ်လိုလဲဟင်"

"ကောင်းပါတယ် ... အစ်ကို။ လမ်းပေါ်မှာ စည်းနဲ့ဝါးကိုင်ပြီး သီချင်းဆို တောင်းရမ်းစားသောက် ဘဝ ဝမ်းစာရှာနေတဲ့ ခြေတစ်ချောင်းမရှိ





ဒုက္ခိတမကို ဘယ်လိုလူက ရိုးမြေကျပေါင်းသင်းမှာလဲ အစ်ကို။ အစ်ကို သာလျှင် ကျွန်မအပေါ်မှာ တကယ့်ကြင်နာမြတ်နိုးစိတ်နဲ့ ချစ်ခင်စောင့်ရှောက်သွားမယ်ဆိုတာကို ကျွန်မလည်း အကြွင်းမဲ့ ယုံကြည်အားကိုးပါတယ် အစ်ကို"

"အို ... အစ်ကိုဝမ်းသာလိုက်တာ ညီမရယ်"

ကိုပွေးထူက ချစ်သူရဲ့ပခုံးကို ကြင်နာစွာကိုင်၍ ရင်ခွင်ထဲသို့ အသာဆွဲသွင်းလိုက်သည်။ မိကြွေစေ့လေးက ရုန်းကန်ခြင်းမပြုတော့ ကိုပွေးထူရဲ့ပေါင်ပေါ်မှာ ခေါင်းချလိုက်ပြီး သနပ်ခါးရနံ့သင်း မျက်နှာလေးကို မော့ပေးလိုက်သည်။

ကိုပွေးထူက ချစ်သူရဲ့ ပါးမွှမွှလေးကို အသာငုံ့နမ်းလိုက်သည်။ မိကြွေစေ့ တွန့်ခနဲဖြစ်သွားပြီး ချစ်သူရဲ့ခါးကို တအားဖက်ထားလိုက်သည်။

ရင်ခုန်သံနှစ်ခုသည် စွယ်တော်တစ်ရှုက် နှစ်လှွာဖက်သွားကြ၏။

သင်္ချိုင်းကုန်းအစွန် တဲငယ်လေးရဲ့ ကောင်းကင်မှာ ထက်ခြမ်းကွဲ လ,ရောင်က လင်းလင်းလက်လက် ထင်နေ၏။

လရောင်းလင်းလက်အောက်မှာ အညတရအချစ်နှစ်ခု သစ္စာတိုင်ရတုရေးနေကြ၏။

တိမ်ပြာညိုတစ်အုပ်က ထက်ခြမ်းကွဲလ,ကို ရင်ဘတ်နှင့်ဖုံးကာကွယ်လိုက်သည်။ ဖိုးရွှေလက စိတ်ဆိုးမာန်ဆိုးနှင့် တိမ်ပြာညိုကို တွန်းဖယ်ပစ်နေ၏။

ချစ်သူနှစ်ဦးဘက်က ပါရမီဖြည့်လိုသည့် တိမ်ပြာအုပ်က တဟားဟားရယ်ရင်း ဖိုးရွှေလရဲ့ဦးခေါင်းကို ပုတ်လိုက်သည်။

ဖိုးရွှေလရယ် ...

အညတရချစ်သူနှစ်ဦး မင်္ဂလာဦးညမှာ မင်းခဲဖိုးမတောင်းဘဲ မျက်စိနှစ်လုံးကိုမှိတ်လို့ အခါတော်ပေးတာက နတ်ရေးငယ်ရွှေစာသီချင်းကိုပဲ ဟစ်လိုက်စမ်းပါ ... အချစ်ဆုံးကြီးရာ ... နော်။

www.burmeseclassic.com

www.burmeseclassic.com

# [ ၂၈ ]

❑

ဟောဗျာ ... တစ်လနီးပါးလောက် ပျောက်ချက်သားကောင်းနေသည့် ကိုခြောက်ပေ ဆိုင်းမဆင့်ဗုံမဆင့် ရောက်ချလာပြန်ပါပြီခင်ဗျား။

သူရောက်သည်နှင့် သူကူညီရ ကယ်ရမည့် ကုသိုလ်အလုပ်က နတ်၊ ပြဿနာများ ဖန်းဆင်းသည့်အလား အသင့်ကြိုစောင့်နေကြလေ၏။

အဲဒီနေ့က ...

ညောင်သုံးပင်သချိုင်းမှာ အသုဘတစ်ခုချသည့်နေ့။

ကွယ်လွန်သူက အသက် (၂၅)နှစ်ခန့်ရှိသော အမျိုးသားဖြစ်သည်။ မွေးရာပါ နှလုံးရောဂါနှင့် ကွယ်လွန်သည်။

သူ့မိန်းမလေးရဲ့အမည်က မတိုးသွဲ့။





ထုံးစံအတိုင်း စဏ္ဍာလလည်းဖြစ် သုဘရာဇာလည်းဖြစ်သည့် ကိုပွေးထူက ခေါင်းဖုံးကိုဟ၍ သေသူရဲ့မျက်နှာပေါ်သို့ အုန်းသီးစိမ်းကို ခေါနဲ့ခွဲပြီး အုန်းရေနှင့်မျက်နှာသစ်ပေးလိုက်သည်။

"အမယ်လေး ... မောင်ရဲ့"

"မောင်ရေ ... မောင်ရဲ့ ... ကျွန်မကိုပါ ခေါ်သွားပါတော့ .. အစ် ... အစ် ... ဂစ် ... ဂစ် ..."

"ဟဲ့ ... ဟဲ့ ... လုပ်ကြပါဦးဟဲ့ ... မတိုးသွဲ့ ... မတိုးသွဲ့"

"ညီမလေး ... မတိုးသွဲ့ ... နှိပ်ကြချီးကြပါဟဲ့"

"ဟဲ့ ... သမီး ... သမီး တိုးသွဲ့ရေ ... အမယ်လေးတော်"

မတိုးသွဲ့က အိပ်နေသည့်အလားရှိသော လင်သားလုပ်သူရဲ့ မျက်နှာကိုကြည့်ပြီ သတိလစ်တက်သွားသည်။ သချိုင်းမြေပုံအနီး လဲကျသွားသဖြင့် ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမများက ဝိုင်းပွေ့၍ ခြေမချီးသူချီး၊ ဂါက်ဝါးနှိပ်သူနှိပ်၊ ယပ်ခတ်သူယပ်ခတ်။

"သမီး ... သမီးလေး ..."

"ညီမလေး ... သွဲ့ ... သွဲ့ရေ ..."

ခေါ်လို့မရ ပျော့ခွေနေသည်။ အချို့ တစ်ခါတည်း နှလုံးဆို့၍ သေသွားပြီမှတ်ပြီး သချိုင်းကုန်းရေယာမှာ ပတ်၍ငိုကြတော့သည်။

ဒီမှာလူအုပ်ကို တွန်းဖယ်၍ လူတစ်ဦးဝင်လာသည်။

ကြည့်လိုက်တော့ ...

အရှုးကိုခြောက်ပေ ...

"ဟာ ... ကိုခြောက်ပေကြီးဟ"

"ကိုခြောက်ပေ ... လုပ်ပါဦးဗျာ။ ကြည့်ပါဦး"

အရှုးကိုခြောက်ပေသည် လူအုပ်ကို ဝိုင်းမနေရန် လက်နှင့် ဖယ်ကြဟု ယမ်းလိုက်သည်။ သည့်နောက် ခါးပိုက်ထောင်ထဲမှ သံပရာသီးတစ်လုံးထုတ်လိုက်ပြီး ပါးစပ်နှင့်ကိုက်ခွဲလိုက်ကာ ...

မေးစေ့သလိုဖြစ်နေသည့် မတိုးသွဲ့ရဲ့ပါးစပ်ကို သန်မာသော သူ့လက်နှင့် ရအောင်ဖြဲလိုက်ပြီး သံပသီးအရည်များကို ပါးစပ်ထဲဝင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ညှစ်ချပေးလိုက်သည်။

ပြီး . . . မတိုးသွဲ့ရဲ့ ဦးခေါင်းသို့ လက်နှင့်သုံးကြိမ် သပ်ချလိုက်ပြီးနောက် . . . မတိုးသွဲ့ရဲ့ နှာခေါင်းနုနုကို ဆွဲလိမ်ပစ်လိုက်သောအခါ မတိုးသွဲ့ ရှုံ့မဲ့ပြီး လူးလွန့်သတိရလေသည်။

အားလုံး ဝမ်းသာသွားကြသည်။

"မသေဘူးဟဲ့"

"သတိရလာပြီဟေ့"

"မတိုးသွဲ့ . . . သူငယ်ချင်း"

"သမီး . . . တိုးသွဲ့"

မတိုးသွဲ့သည် သတိရလာသည်။ ဟစ်၍ ငိုလိုက်တော့သည်။

"မောင်ရေ . . . မောင်ရဲ့ . . . ဟီး . . . ဟီး . . . အို . . . မောင်ရဲ့"

သူက ပွေ့ထားသူများလက်ကြားမှ အားရပါးရဟစ်၍ ငိုသည်။ မျက်ရည်စီးကြောင်းများက ချွေးစက်များ၊ ဖုန်များနှင့် မျက်နှာပေါ်မှာ ပေလူးနေသည်။

ကိုခြောက်ပေက သူမ နောက်ထပ်ငိုပြီး တက်ဦးမှာလားဟု ကြည့်နေလိုက်သေးသည်။ မတက်တော့တဲ့ အားရပါးရ အလွမ်းသယ်၍ ကောင်းနေသည်ကိုမြင်ရတော့မှ လက်ကျန် သံပရာသီးတစ်ခြမ်းကို သူ့ပါးစပ်ထဲသို့ ပစ်သွင်းလိုက်ပြီး အားရပါးရ ဝါးစားလိုက်တော့သည်။

အသုဘပို့လာသူများကား ကိုခြောက်ပေ သံပုရာတစ်ခြမ်းကို သကြားလုံးဝါးစားနေသလို စားနေသည်အားကြည့်ပြီး သွားများကျိန်း၍ မျက်နှာရှုံ့ကြ စုတ်သပ်ကြလေသည်။

မျက်နှာရှုံ့ စုတ်သပ်ကြသူများကို ကြည့်ပြီး ကိုခြောက်ပေ ပြုံး၏။ ပြုံးရင်း ရယ်၏။ ရယ်သမှ အားရပါးရ ဟက်ဟက်ပက်ပက်ကို ရယ်တော့၏။

ရယ်ရင်းမှ ခါးပိုက်ထောင်ထဲက သံပရာသီးတစ်လုံးကို ထုတ်ပြီး မျက်နှာရှုံ့နေသူများကို စားကြမလားဟု လိုက်ပေး၏။

စိတ်ကူးသစ်စာပေ



"ဟင့်အင်း . . . မစားချင်ဘူး"

ဒီမှာ သူက ဘာလို့လဲဟု မေးဆတ်၍ မေး၏။

"ချဉ်လို့ . . ."

"ဟား . . . ဟား . . . ဟား . . . ဟား . . . ချဉ်လို့ . . . ဟား . . ဟား . . . ချဉ်လို့ . . . ဟား . . . ဟား . . . ဟား . . . ဟား . . . ကိုင်း . . ချဉ်ဦး . . . ချဉ်ဦး . . . သံပရာသီး"

သူသည် ပါးစပ်က သို့ကလိုပြောပြီးနောက် ပါးစပ်ထဲသို့ သံပရာသီးကို အလုံးလိုက်ပစ်သွင်းပြီး ကိုက်စားပြလိုက်ရကား . . . သံပရာရည်အချို့သည် သူ့ပါးစပ်မှသည် ရင်ဘတ်ပေါ်သို့ စီးကျလာလေ၏။

စီးကျလာသည့် သံပရာရည်များကို လက်ညှိုးနှင့်သပ်ပြီး ပါးစပ်ထဲသို့ ပြန်လည်မျိုချပြလိုက်သောအခါ ဝိုင်းကြည့်နေသူများ ပါးစပ်ကိုလက်ဝါးနှင့်အုပ်ပြီး ပြေးကြလေကုန်၏။

သည့်နောက် . . .

သူ၏ ဘူမိနက်သန်ဖြစ်သော အုတ်ဂူဟောင်းကြီးပေါ် ပြေးခုန်တက်၍ အုတ်ခဲတစ်လုံးကို ခေါင်းအုံးကာ အိပ်ပစ်လိုက်လေသည်။

တစ်လခန့်ပျောက်သွားသည့် ကိုခြောက်ပေကြီး ပြန်ရောက်လာ၍ စဏ္ဍာလကိုပွေးထူလည်း လွန်စွာ ဝမ်းသာခဲ့ရ၏။

"ကိုခြောက်ပေ"

"ဗျို့ . . . ကျေးဇူးရှင်ကြီး"

"ဘာတုံးဗျ"

"ကိုယ့်လူ တစ်လလုံးလုံး ဘယ်များ သဝေထိုးနေသလဲ ငါ့လူရာ။ ကျုပ်မှာ သေပြီတောင်မှတ်နေတာရယ်"

"ခု သေလို့လားဗျ . . . ကိုပွေးထူရ"

"အိမ်း . . . မသေလို့ပြန်တွေ့ရ ရှင်မှန်းကျိန်းသေပြီ ငါ့ကောင်ရာ။ ဒါနဲ့နေပါဦး . . . ငါ့လူ ဘယ်ရောက်သွားပြန်ပြီတုံးဟ"

"နိုင်ငံခြားကို . . ."

"အင် . . ."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အလို . . . ငါ့လူက ဘယ်နိုင်ငံများ ရောက်သွားလို့တုံးဟ။ လုပ်လှချည့်လား . . . ပြောပါဦးဟ"

"သီဟိုဠ်"

"ဟော . . . သီဟိုဠ်ဆိုတာ . . . ဟို . . . ဟို . . . ဗုဒ္ဓမြတ်စွယ်တော်ရှိတဲ့ သီရိလင်္ကာဆိုလား . . . ဘာလား။ အဲဒီနိုင်ငံလား . . .ဟုတ်လား . . ငါ့လူဟင်"

"မဟုတ်ဘူး . . . သီဟိုဠ်တောထဲ ရောက်သွားတာ"

"ဘာ . . . သီဟိုဠ်တော . . . ဟို . . . စားတဲ့ သီဟိုဠ်တောလား"

"အင်း . . ."

"ဘုရားရေ . . . နေစမ်းပါဦး . . . ငါ့လူရာ။ သီဟိုဠ်တောထဲရောက်တော့ ငါ့လူဘာများစားပြီး နေတုံးဟ"

"သီဟိုဠ်သီးပဲစားနေတာပေါ့"

"ဗုဒ္ဓေါ . . ."

ကိုပွေးထူက ကိုခြောက်ပေရဲ့မျက်နှာကို စေ့စေ့စိုက်ကြည့်ပြီး ဟုတ်မှဟုတ်ရဲ့လား။ ဟုတ်မှဟုတ်ရဲ့လား။ ပါးစပ်ထဲတွေ့ကရော စိတ်ကူးပေါက်ရော လျှောက်ပြောနေရော့သလားဟု စဉ်းစားနေတုန်း သူက အင်ဖက်ကတော့နှင့် ထည့်ထုပ်ထားသော အထုပ်ကြီးတစ်ထုပ်ကို ကိုပွေးထူအား လှမ်းပေးလိုက်၏။

"ဒါက ဘာတုံးဟ . . . ငါ့လူရ"

"ခင်ဗျားအတွက် လက်ဆောင်ဗျ"

သို့နှင့် အင်ဖက်ကတော့အထုပ်ကို ဖွင့်ကြည့်လိုက်သောခါ နှစ်ပြည်သားခန့်ရှိသော သီဟိုဠ်စေ့အဆံများကို မြင်လိုက်ရတော့သည်။ ဒီတော့မှ သင်း တကယ်ကို သီဟိုဠ်တောထဲမှာနေပြီး သီဟိုဠ်စေ့စား၍ လုပ်နေကျအလုပ်ကို လုပ်နေမှန်း သိရလေသည်။

"ကိုပွေးထူ"

"ဘာတုံး . . . မောင်ခြောက်ပေရ"

"ခင်ဗျား . . . မိန်းမယူတော့မယ်နဲ့တူတယ်"

စိတ်ကူးသစ်စာပေ



"အလို . . . ဒီကိစ္စ ငါ့လူကို ဘယ်သူပြောလို့တုံးလဟ"

"အာရုံရလို့ပါ"

"အံမယ် . . . အာရုံရလို့။ ထူးဆန်းလှချည်လား ခြောက်ပေရာ။ ဘယ်လို အာရုံနိမိတ်ထူးများ ငါ့လူရနေလို့လဲကွာ။ ဒါကြောင့်များ ငါ့လူနောက်ကို လူတွေလိုက်နေရော့သလားကွာဟင်။ ဒီမှာခြောက်ပေ ငါ့လူအကယ်လို့များ တကယ်အာရုံထူးများရနေရင် ဟိုသွားဒီသွား လျှောက်သွားမနေပါနဲ့တော့ မောင်ရာ။ တစ်ယောက်နှစ်ကျပ်တစ်မတ်နဲ့ဖြစ်ဖြစ်၊ သဒ္ဒါကြေးနဲ့ဖြစ်ဖြစ် ဒီသချိုင်းဇရပ်မှာ ဟောပြောစားပါမောင်ရာ။ ငါ လူရှာပေးပါ့မယ်။ ဘယ့်နှယ်လဲဟင် . . .။

အဲဒါဆို ငါ့လူလည်း အကြားအမြင်ဆရာကြီး . . . ဆရာကြီးနဲ့ ဂုဏ်သရေရှိပြီး ကြီးပွားချမ်းသာမှာမော်င်။ ဆိုင်းဘုတ် အတွက်လည်း မပူနဲ့။ သွပ်ခေါင်းသံပြားပေါ်မှာ ငါ့ကောင် အရက်သမားဖိုးချိန်ကို သဘော်ဆေးနဲ့ ရေးခိုင်းလိုက်မယ်ကွာ . . . နော"

ကိုပွေးထူက အကြားအမြင် အာရုံရသည်ဆိုသည့် စကားကြားသည်နှင့် ဝမ်းသာအားရ ရှေ့ရေးအစီအစဉ်ကို စီးပွားရေးမျက်စိနှင့် ကြည့်၍ ပြောတော့သည်။

"ခင်ဗျားကလည်းဗျာ . . . ကိုပွေးရာ။ အာရုံရတယ်ဆိုတာက အိပ်မက်မက်လို့ဗျ"

"အိပ်မက်မက်လို့။ နို့ . . . နေစမ်းပါဦး။ ငါ့လူက ဘယ်လိုအိပ်မက်များ မြင်မက်လို့တုံး"

"ကျုပ်အိပ်မက်ထဲမှာ ခင်ဗျားရယ် . . . ဟို ခြေတစ်ဖက်မရှိတဲ့ သီချင်းဆိုပြီး တောင်းစားနေတဲ့ ကောင်မလေးရယ်။ နှစ်ဦးသားပွေ့ဖက်ပြီး လရောင်အောက်မှာ ချစ်ရည်လူးနေတာဗျ"

"ဟော . . ."

"ခင်ဗျားတို့ အဲလိုဖြစ်နေချိန်မှာ ကောင်းကင်ကာလတုန်း တိမ်ညိုတစ်အုပ်က ဖုံးသွားရော . . ."

"အလိုလေးဗျာ . . . ပြီး . . . ပြီး ဘာဖြစ်ကြသတုံး ငါ့လူရာ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရှက်လိုက်ပါဘိကွာ ... အဟီး ..."

"နောက်ပိုင်းကတော့ လ,ကိုတိမ်ဖုံးပြီး မည်းမှောင်သွားလို့ ကျုပ် ဘာမျှ မမြင်ရတော့ဘူးဗျ"

"ဟူး ... အမယ်လေး တော်ပါသေးရဲ့ ခြောက်ပေရော။ ဒီမှာ ခြောက်ပေ"

"ဘာတုံးဗျာ"

"ငါ့လူ ... ဒါ ... ဒါ မင်း အာရုံရ အိပ် ... အိပ်မက်ပါနော်"

"အင်းလေ"

"ဟို ... ဟို ... အနီးကပ် ချောင်း ... ချောင်းကြည့်တာ မ မဟုတ်ပါဘူးနော် ... နော်"

"နေပါဦး ကိုပွေးရ ... ခင်ဗျားတို့နှစ်ဦးကရော ကျုပ်အိပ်မက် ထဲကအတိုင်း အပြင်မှာ တကယ်ဖြစ်နေကြလို့လား"

"မင်းအိပ်မက်အတိုင်း ဖြစ်ခဲ့လို့ပါကွာ ... ခြောက်ပေရော"

"ဟေ ... အေ ... အဟေး"

"ငါ့လူ"

"ဘာတုံးဗျ"

"အမှန်အတိုင်းဝန်ခံရရင် ငါနဲ့မိကြွေစေ့တို့ ယူကြတော့မယ်ကွ"

"ဟင် ... တကယ်"

"တကယ်ပေါ့ကွာ။ ငါနဲ့သူနဲ့ မင်းအိပ်မက်အတိုင်း ဖြစ်ပြီးပြီကွ။ အဲဒါ ငါ့လူက ငါတို့နှစ်ဦး သဘောတူလက်ထပ်မင်္ဂလာပွဲမှာ ဟို ... ဟို မင်္ဂလာဘိသိက်စကား ချီးမြှင့်ပေးပါ ငါ့လူရာနော် ... နော်"

"ဟာဗျာ ... ကျုပ်က အချစ်ကိစ္စတွေကို နိဂုံးချုပ်ခဲ့တာ ကြာပါ ပြီ ကိုပွေးရာ။ ကျုပ် အခုစိတ်ဝင်စားနေတာက ..."

"ဘာတုံး ... ငါ့လူက ဘာကို စိတ်ဝင်စားနေလို့တုံး"

"ပါးစပ်ကနေ ဂုဏ်တော်မန္တန်တွေကို ရွတ်ပြီး သွားချင်ရာသွား၊ နေချင်ရာနေ စိတ်ဝင်စားလို့ ပဋ္ဌာန်းဆက်ကြုံရင် ကူညီချင်တဲ့လူ၊ ဓာတ် ကျတဲ့လူကိုကူညီပြီး လွတ်လပ်စိတ်နဲ့ သင့်သလိုနေချင်တာပါပဲဗျာ"





"ငါ့လူရာ ငါ့လူနဲ့ကျုပ်လည်း ရှေးဘဝရေစက် ပဋ္ဌာန်းဆက် ကြောင့် ဒီသင်္ချိုင်းမှာ အချိန်ကာလအတန်ကြာ ညီအစ်ကိုအရင်းအချာလို ဆိုးကူ ေကင်းဖက် နေခဲ့ကြတာပါ ငါ့လူရာ။ ငါ့ဘဝမှာ အဖော်သဟဲဆိုလို့ မိကြွေစေ့တို့သားအမိရယ်၊ ငါ့လူရယ်ပဲ ရှိပါတယ်ကွာ။ ဒါကြောင့် ငါတို့ရဲ့ မင်္ဂလာပွဲမှာ ငါ့လူက လူကြီးလူကောင်း ပညာရှိစာရိတ္တကောင်းသူ၊ ဂုဏ် သရေရှိ လူကြီးမင်းအနေနဲ့ မင်္ဂလာစကားပြောပြီး အသိအမှတ်ပြုပေးပါ ငါ့လူရာနော်"

"ခက်တာပဲဗျာ"

"မခက်ပါဘူး ငါ့လူရာ။ သူများ အကြောင်းလင်မယားကိစ္စမှာ ပါဝင် ကူညီဆောင်ရွက်ခြင်းဟာ ဒုစရိုက်လုပ်ငန်းလုပ်တာ မဟုတ်ပါဘူး မောင်ရာ။ သုစရိုက်အလုပ်။ ပါရမီဖြည့်တဲ့အလုပ်ပါကွာနော်"

"ဟူး ... ခင်ဗျားကို ညီအစ်ကိုလို့ချစ်လို့နော်"

"ဒါပေါ့ ဆရာရယ်။ ဒါပေါ့။ ယုံပါတယ် ... အဟဲ ဟဲ ဟဲ"

"ဒါနဲ့နေပါဦး။ ခင်ဗျားတို့မင်္ဂလာဆောင်က အင်းလျားလိပ်မှာ လား။ စထရင်းဟိုတယ်မှာလား"

"ဟော့ ... ငါ့လူ ... မင်းပြောတဲ့ဟိုတယ်များ ရောက်လည်း မရောက်ဖူးပါဘူး။ ကြားလည်း မကြားဖူးပါဘူး မောင်ရာ။ ငါ့လူက ဒီနေရာ တွေရောက်ဖူးလို့လားဟင် ... ဟင်လို့"

သူမဖြေ။

ကိုပွေးထူရဲ့မျက်နှာကို စူးစူးစိုက်စိုက် ကြည့်နေသည်။

"ခင်ဗျားက ဘယ်မှာဆောင်မှာလဲ ကိုယ့်ဆရာ"

"ငါ့မှာ နာရေးကိစ္စဆောင်ရွက်ပေးတဲ့အတွက် ကာယကံရှင်များ က သဒ္ဓါလို့ပေးကမ်းသွားတဲ့ငွေလေး စုဆောင်းထားတာ အတော်အတန် ရှိပါတယ် ငါ့လူရာ။ အဲဒါ ဘုန်းကြီးကျောင်းသွား မင်္ဂလာဆွမ်းပေးကျွေး ပြီး ညှော်ပရိသတ်အဖြစ်ရော ဘိသိက်ဆရာအဖြစ်ရော ငါ့လူက ကြီးကြီး ကျယ်ကျယ် မင်္ဂလာစကားလေး ချီးမြှင့်လိုက်ရင် ကျေနပ်ပါပြီမောင်ရာ"

"ကောင်းပါတယ်ဗျာ။ ဒါကို အာဝါဟ ဝိဝါဟမင်္ဂလာလို့ ခေါ်ကြ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့ဗျာ"

"အံမယ် ... ငါ့လူက သိတယ်ပေါ့"

"နောင် လူကြီးတွေနဲ့ ရင်းနှီးလို့ ကြားရဖတ်ရတာပါဗျာ"

"လုပ်ပါဦးမောင်ရာ ဗဟုသုတပေါ့ကွာ"

"ကြားချင်လို့လား ကိုပွေးရ"

"အရမ်းကြားချင်တာပေါ့ မောင်ရာ။ ငါ့မှာက သေစာရှင်စာလေး ပဲ တတ်သကိုး ... မောင်ရ"

"ဒီလိုဗျ ... အဟာမ်း ..."

"ဘယ်လိုလဲကွ"

"အဟာမ်း ... အဟာမ်း ... အဟွတ် ... အဲဟွတ် .. ဒီလိုဗျ"

"အေးလေကွဲ့။ အဲဒီ ဒီလိုက ဘာတုံး မောင်ခြောက်ပေရ"

"ဟိုဒင်းဗျာ ... အဲ ... အဲ ... အဲဒါက ... အဲ ဘာပါလိမ့် အဟွတ် ... အဟွတ် ... အဲ ... အဲ ... သိပြီ ... သိပြီ ... ဒီလိုမျိုး အဟွတ် ... အဟွတ်"

"ခြောက်ပေ တော်တော့ကွာ။ မင်းရဲ့ အာဝါဟ ဝိဝါဟကိစ္စ ငါ မကြားချင်တော့ဘူး။ ခြင်ထောင်ထဲရောက်ရင် လင်မယားအရာမြောက်ပြီး သွားမယ် ... ချီးမှပဲ ... ဖွီ"

ပြောမည့်အရေး ... ချောင်းဆိုးလိုက်၊ တံတွေးသီးလိုက်၊ နှပ် ညှစ်လိုက်၊ နံငယ်တိုပြင်ဝတ်လိုက်၊ ဆံပင်ချပ်ပိန်းကြီး မ,လိုက်လုပ်နေ၍ ကိုပွေးတူ စိတ်မရှည်တော့ဘဲ ဒေါပွပွနှင့် ထ,ပြန်မည်လုပ်တော့ ..

ကိုခြောက်ပေက အတင်းဆွဲပြီး ထိုင်ခိုင်းသည်။

"ထိုင်ပါဦးဗျ ... ကိုပွေးရ ... အဟာမ်း"

"တော်ကွာ ... ဒီနေ့တစ်နေ့လုံး အဟာမ်းနဲ့အဟွတ်က တက်မှာ မဟုတ်ဘူး"

"မဟွတ်တော့ပါဘူးဗျာ။ သီဟိုသီးတွေစားတာများပြီး ချောင်းဆိုး သွားလို့ပါ။ ကိုင်းဗျာ ... မင်္ဂလာ (၁၂)ပါးမှာ ထိမ်းမြားမင်္ဂလာကို အာဝါဟ ဆိုတဲ့ အမိပ္ပာယ်က လင်ယောကျ်ားနောက်ကို အိမ်သူမိန်းမက လိုက်ပါ





ခြင်းကိုခေါ်တာ။ ဝိဝါဟအဓိပ္ပာယ်က အိမ်သူမယားရဲ့ အိမ်ရှိရာသို့ လင် ယောကျ်ားလုပ်သူက လိုက်ပါနေထိုင် အတူနေခြင်းလို့ အဓိပ္ပာယ်ရတယ်ဗျ အဟာမ်း"

"မဟာမ်းနဲ့ကွာ ... အဖိုးတန်တာကိုဆက်ပြောပါ"

"ရှေးတုန်းက မြန်မာ့ရိုးရာဓလေ့ ထိမ်းမြားမင်္ဂလာပြုခြင်းတွေ မျိုးရှိတယ်ဗျ။ အားလုံး (၁၀)မျိုးရှိတယ်လို့ ဖတ်ရမှတ်ရဖူးတယ်"

"ဟုတ်ရဲ့လား ငါ့လူရ"

"ဟုတ်တာပေါ့ ... ကိုပွေးရာ။ ပုဆိုးတန်းတင် အကြင်လင်မယား တဲ့။ အဓိပ္ပာယ်က ... ဇနီးမယားဖြစ်သူရဲ့ အိပ်ခန်းက အဝတ်ကြိုးတန်း ပေါ်ကို ယောကျ်ားလုပ်သူက ဝတ်လာသည့် ပုဆိုးခေါက်တင်ပြီး အတူအိပ် တာနဲ့ အကြင်လင်မယား မြောက်ကရောဗျ။ နောက်တစ်ခုက ထမင်းခွံ့ မင်္ဂလာတဲ့။ လူကြီးစုံရာရှေ့မှာ မယားဖြစ်မည့်သူက လင်ကို ... လင်ဖြစ် မည့်သူက မယားကို ထမင်းခွံ့ကျွေးလိုက်တာနဲ့ အကြင်လင်မယားအဖြစ် အသိအမှတ်ပြုရရောဗျ။ အဲဒါကို လက်ဆုံစားထိမ်းမြားခြင်းလို့ ခေါ်သဗျ။

ပြီး ... နောက်တစ်ခုကျတော့ ရေကြည်ငွေဖလားမှာ နှစ်ဦးသား လက်စုံချပြီး လက်ထပ်တဲ့မင်္ဂလာ။ ပြီး .. ပဝါရှည်နှင့် ဇနီးမောင်နှံလောင်း နှစ်ဦးရဲ့ကိုယ်ကို လွှမ်းခြုံပေးခြင်းဖြင့် စုလျားရစ်ပတ် လက်ထပ်မင်္ဂလာ လို့ခေါ်သဗျ။ ပြီး ... ရွှေကြိုးတင်မင်္ဂလာတဲ့။ ပန်းကုံးတင်မင်္ဂလာတဲ့။ ရှေးမြန်မာမင်းများကျတော့ ဦးခေါင်းပေါ်ကို ပညာရှိဘိသိက်ပုဏ္ဏားတော် က ငွေခရုနဲ့ရေသွန်းပြီး မင်္ဂလာပေးတဲ့အတွက် ရေသွန်းမင်္ဂလာရယ်လို့ ခေါ်ကြတာရှိသဗျ။ ခုခေတ်ရောက်တော့ တရားရုံးမှာ နှစ်ဦးသဘောတူ စာချုပ်နဲ့ လက်ထပ်တာလည်း ရှိသပေါ့ဗျာ"

"ပိုက်ဆံမတတ်နိုင်လို့ ... ဒါမှမဟုတ် နှစ်ဦးသဘောတူ အကြင် လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ပါ့မယ်လို့ သစ္စာပြုနေရင်ရော အကြင် လင်မယားအရာ မရောက်ဘူးလားကွာ"

"ဒါလည်း သစ္စာရှိရင် အကြင်လင်မယားအရာမြောက်တာပါ ပဲ။ အကြင်လင်မယားဆိုတာကို မိဘဆရာသမားကသော်လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



အပေါင်းအသင်း မိတ်ဆွေများကသော်လည်းကောင်း၊ အရှေ့ခုနစ်အိမ် အနောက်ခုနစ်အိမ် အိမ်နီးနားချင်းများက အသိအမှတ်ပြုရင်လည်း အကြွင်လင်မယားအရာ မြောက်တာပဲဗျာ။

တစ်ခါ (မနုဓမ္မသတ်)မှာ ထိမ်းမြားမင်္ဂလာ(၈)မျိုး သီးသန့်ပြသေးသဗျ ... ကိုပွေးထူရ။ အဲဒါက (၁) ဗြဟ္မရာထူးဂုဏ်သိန်-ဓနရှိအမျိုးမြတ်တို့အား လေးစားပူဇော်သောအားဖြင့် သမီးပေးမင်္ဂလာပြုခြင်း၊ (၂) ဒဒေယျ – လုပ်ရေးကိုင်တာ၌ ဖြတ်လတ်သေချာ၍ သဘောကျကာ သမီးနှင့်ပေးစားသောမင်္ဂလာ၊ (၃) ကရိယာ – သူတစ်ပါး၏ပစ္စည်း ဘဏ္ဍာရတာရွှေငွေကို ယူထားမိ၍ သမီးပေးရခြင်း၊ (၄) လူလိမ်မာပညာရှိအား သမီးကိုလိမ်မာအောင်သွန်သင်ရန် ရည်မှန်း၍ ပေါင်းသင်းဖို့ပေးစားလိုက်ရခြင်း၊ (၅) အသုတ – သူ၏လက်ဆောင်ဘဏ္ဍာတွေကို မရအရချူယူပြီး ဆွေမျိုးဉာတိကို မှုမသိရအောင် သမီးကိုလက်သိပ်ထိုးလိုက်ရခြင်း၊ (၆) ဂန္ဓဗ္ဗ–မိဘနှစ်ဦးနှစ်ဘက်သဘောတူလို့ ကြည်ဖြူစွာပေးစားလက်ထပ်ခြင်းမင်္ဂလာမျိုး၊ (၇) အဿုပဟိတ – နိုင်ထက်ကလူ ဖွတ်အတင်းယူရမည်ဟု ညှင်းဆဲရိုက်နှက်လို့ပေးစားခြင်းမျိုး၊ (၈) သာမသာ–လူငယ်ချင်းချင်း၊ မှောက်မှောက်မှားမှား ချစ်မီးပွားနေသည်ကိုတွေ့ရ၍ ပေးစားခြင်းရယ်လို့ (၈)မျိုးရှိတယ်ဗျ။ ပြီး မင်္ဂလာဆောင်ရိုး လ,ခြောက်မျိုးရဲ့အကျိုးအမြတ်ဆိုတာ ရှိသေးတယ်။

ဝါဆို၊ ဝါခေါင် ထိမ်းလျှင်လာ၊ သေကိန်းလ ဆွေကြွင်ဖော်၊
ခေါင်းပါးစွာ တော်သလင်းနှင့် သားပုတ္တာ ခြွေရံကင်းပါလိမ့်၊
ကွင်းရှောင်ကြ နတ်တော်၊ ပြာသိုမှာ ဥစ္စာယွင်းလို့၊
ကွေကွင်းကြ တပေါင်းနေ့၊ မလျှော်တဲ့ ခြောက်လ ...

ကြွင်းမသေ၊ ထိမ်းမြားပါလေတော့၊ ရံခြွေရွှေဆန်စပါးရယ်တို့၊ ပေါများကုံလုံလို့၊ လူ့ဘုံမှာ အိုအောင်ပေါင်းရတယ်။ ကျောင်းကြီးအစ်မတဲ့။ အဲဒါ ကျွန်တော့်အဘိုး ဘိသိက်ဆရာကြီးရဲ့ မှတ်စုမှတ်တမ်းကသိရတဲ့ မင်္ဂလာကိစ္စပဲ''

''ငါ့လူ တော်လှချည်လားကွာဟင်။ လူကသာ အင်္ကျီမဝတ် နံ့ငယ်တို့နဲ့နေပေမင့် အသိပညာအရာမှာတော့ ငါ့လူက ကောင်းချင်ရင် စွတ်





ကောင်း။ စွတ်တော်နေပါလား ငါ့လူရာ။ ဒီမှာ ခြောက်ငေ''

''ဘာတုံး ... ကိုပွေး''

''ငါ့လူ့မိန်းမရဖူးတယ် မဟုတ်လား''

ကိုပွေးထူက ဒီလိုမေးလိုက်သောအခါ အရှုးခြောက်ပေရဲ့မျက်နှာသည် ချက်ချင်းတည်ပြီး နီရဲသလို ဖြစ်သွားခဲ့လေ၏။

ပြီး ... အဝေးကိုကြည့်နေပြီး စဉ်းစားသလို လုပ်နေသည်။

''ငါ့လူ ...''

''တော်ဗျာ ... မမေးနဲ့ဗျာ''

''ဟ ... ဟ ... ငါ့လူ ... မောင်ခြောက်ပေ နေပါဦးဟ ... ဟော့ ... ဟော့ ...''

မရပါ။ လုံးဝခေါ်လို့မရပါ။ 'မင်းမိန်းမရဖူးတယ် မဟုတ်လား'ဟု မေးမိလိုက်သည်နှင့် ချက်ချင်းမျက်နှာပျက်ပြီး ဒေါပွ၍ ထွက်သွားတော့သည်။

''တောက် ...''

''ဟင်း ...''

သွားရင်းက တောက်တစ်ချက် ခပ်ပြင်းပြင်း ခေါက်လိုက်သည်။ ဒေါသနှင့် နာကြည်းစိတ်ပါနေလို့ထင့် တက်ခေါက် (တောက်ခတ်)သံက ပြင်းထန်ကျယ်လောင်လှသည်။

ကိုပွေးထူပင် ကျောထဲစိမ့်သွား၏။

သူ့ကိုများ ဒီမေးချက်မကြိုက်၍ ဒေါသထွက် စိတ်ဆိုးသွားရှာသလား။ ဒါမှမဟုတ် ... ဒီမေးခွန်းနှင့်နွယ်ပြီး အတိတ်တုန်းက ဒဏ်ရာ ဒဏ်ချက်ဝေဒနာကို ဆွလိုက်သလိုဖြစ်၍များ ဒေါသထွက်သွားရှာသလား။

ကိုပွေးထူ မေးမိသည့်မေးခွန်းအတွက် စိတ်မကောင်းဖြစ်ပြီး ကျန်ရစ်ခဲ့သည်။ သည့်နောက် စိတ်ထဲမှာဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ နောင်ကို ဘယ်သောအခါမျှ သူမကြိုက်သည့်မေးခွန်း၊ သူမခံစားနိုင်သည့် မေးခွန်းကို မမေးတော့ဟု၍ ...

www.burmeseclassic.com

www.burmeseclassic.com

# | ၂၉ |

❑

ကိုခြောက်ပေသည် သည်သချိုင်းကို ပြန်ရောက်သည့်နေ့ကစ၍ သူပြုမူနေကျအတိုင်း အုတ်ဂူပေါ်ထိုင်၍ စရဏအကျင့်ကို ဆက်လက်ပွားများနေ၏။

မိုးလင်းလျှင် စိန္တာမဏိဂါထာကို ရွတ်၏။

ငါးပါးသီလကို ခံယူ၏။

ပဋ္ဌာန်းတရားကို ရွတ်ဆို၏။

ပြီး ...မေတ္တာသုတ်ကို (၁၀)ကြိမ်ခန့်ရွတ်၍ အရပ်ရှစ်မျက်နှာရှိ လူပုဂ္ဂိုလ်သတ္တဝါ (၃၁)ဘုံသားတို့ကို မေတ္တာပို့သ၏။ သည့်နောက် ... ပဌာဝီဇယမန္တန်ကို (၉)ကြိမ်ကိုးခေါက် ရွတ်သည်။ ပရိမိတ္တဇာလသုတ်ကို ရွတ်သည်။





ရှင်သီဝလိ (၁၀)ဂါထာကို ပါဠိရောအနက်ရော ရွတ်ဆိုသည်။ သရဏဂုံသုံးဆယ်ကို (၁၀)ကြိမ်ခန့် ရွတ်သည်။

အားလုံးရွတ်ဆိုပြီးသည်နှင့် လွန်စွာတန်ခိုးကြီးလှသော မဟာဝေဒဗ္ဗ မန္တန်တော်ကြီးကို အသံနေအသံထားနှင့် ရွတ်ဆိုပြီးနောက် (၃၁)ဘုံသားတို့အား မေတ္တာပို့ အမျှဝေလေ၏။

ဒီမှာ စဏ္ဍာလကြီးကိုပွေးထူ ထူးဆန်းသည့်ဖြစ်ရပ်များကို မြင်လိုက်ရ၏။

ကိုခြောက်ပေသည် ၎င်းဂုဏ်တော်မန္တန်များကို နေ့ခင်းမှာရွတ်ဆိုပြီး ညဘက်ရောက်လျှင် ပရိတ်ကြီး (၁၁)သုတ်မှ သုတ်တော်ကြီးများကို သာယာနာပျော်ဖွယ်ကောင်းသည့်အသံနှင့် ရွတ်ပြန်၏။

သည့်နောက် ...

ခရီးသွားထွက်သွားရာမှ ပြန်အလာမှာ ပါလာသည့် ပုတီးတစ်ကုံးကို ကိုင်ပြီး အဓိဋ္ဌာန်ပုတီးစိပ်၏။ သမထပွားများ၏။

ထူးဆန်းသည်ကား ...

သူ့ပုတီးသည် ညဦးအခါ အလင်းရောင်များ ပြန်နေခြင်းဖြစ်၏။ အလင်းရောင်များကား မီးစုန်းကဲ့သို့ရှိ၏။ အထုမြူမီးရောင်ကဲ့သို့ရှိ၏။

သူ ဂုဏ်တော်မန္တန်များကို ရွတ်၍ မေတ္တာပွားနေသောအခါ သူထိုင်နေသည့် အုတ်ဂူအနီးမှာ မျက်လုံးများစွာကို ကိုပွေးထူ သချိုင်းဇရပ်မှ လှမ်းမြင်ရ၍ အံ့ဩခဲ့ရ၏။

သို့နှင့် မသင်္ကာ၍ ခြေသံမကြားအောင် သွားရောက်ချောင်းမြောင်းကြည့်လိုက်သောအခါ ...

အကောင်ရေ (၅၀)ခန့်ရှိသော ခွေးနက်အုပ်ကြီးဖြစ်နေသည်ကို အံ့ဖွယ်မြင်လိုက်ရလေ၏။

ခွေးနက်ကြီးများသည် ပြူးကျယ်သော မျက်လုံးများနှင့် ကိုခြောက်ပေကို စိုက်ကြည့်နေကြသည်။

အချို့က ငုတ်တုတ်။

အချို့က ရပ်လျက်။



www.burmeseclassic.com

www.burmeseclassic.com



အချို့က ရှေ့လက်နှစ်ဖက်ပေါ် မေးတင်မော့ကြည့်လျက်။

တစ်ခါတစ်ရံ အုတ်ဂူများကြားမှရပ်ပြီး နားထောင်နေကြသော ရိုးတိုးရိပ်ရိပ်၊ ပိုးပိုးဝါးဝါး သဏ္ဌာန်များကိုလည်း ဖျတ်ခနဲ လင်းခနဲ မြင်လိုက်ရ ပျောက်သွားလိုက် တွေ့ရသည်။

ဘယ်သူတွေမှန်းမသိ။

ကိုခြောက်ပေကိုများ သက်ဘမကင်းရှိ၍ လာချောင်းကြသူများလား။

ဒါမှမဟုတ် ...

မမြင်အပ် မတွေ့အပ်သော ပုဂ္ဂိုလ်သားတွေလား။

ခွေးအုပ်ကြီးသည် လုံးဝမဟောင်။ မအူ။ ငြိမ်သက်စွာ နားခံသလိုရှိသည်။ အဲ ... ကိုခြောက်ပေ အမှုပေးဝေပြီးသည်နှင့် ခွေးအုပ်ကြီးက အူကြ၏။

ခွေးအုပ်ကြီးအူပုံကလည်း ထူးခြား၏။ ကိုပွေးထူ ဒီသချိုင်းမှာ စဏ္ဍာလတစ်ပိုင်း၊ သုဘရာဇာတစ်ပိုင်း အလုပ်လုပ်နေသည်မှာ နှစ်ပေါင်းအတန်ကြာခဲ့ပါပြီ။

သင်္ချိုင်းကုန်းဆိုသည့် လူသေကောင်များ မြှုပ်နှံရာအရပ်။ နာနာဘာဝတို့ မှီခိုနေထိုင်ရာအရပ်။ သို့ဖြစ်၍ မကျွတ်မလွတ်သော သူတို့၏ ဝိညာဉ်များသည် ဤအရပ်မှာရှိသည်။

အလျှင်ရှိနေကျ ခွေးများသည် ၎င်းနာနာဘာဝပုံရိပ်များကို မြင်လျှင် အူလေ့ရှိကြ၏။ အူပုံက သိသာထင်ရှားသည်။

ဆွဲဆွဲငင်ငင် လေးလေးတွဲ့တွဲ့။

ခွေးအူသည့်အသံပေါ်မူတည်၍ နိမိတ်စကားကို ခန့်မှန်းလို့ရ၏။ အချို့သော အိမ်ခွေးများသည် အိမ်ကြီးရှင် အရှင်သခင်နေမကောင်းလျှင် ကြေကွဲဝမ်းနည်းစွာ အူ၏။ အူသံတို၏။

အိမ်ကြီးရှင် အရှင်သခင် သေဆုံးတော့မည်မှန်းကိုသိလျှင် ဆို့နင့်ကြေကွဲစွာ ရှည်ရှည်လျားလျား အူလေ့ရှိ၏။

အဲဒီမှာမှ လူမမာတစ်ဦး၏အိမ်ရှေ့မှ လူမမာနှင့်နွယ်သည့် ပရ





ဝိညာဉ်သားများ ဖြတ်သွားရပ်နေသည်ကို မြင်ရပါမူ ဦးစွာ ဟောင်၏။ ဟောင်သံကြားသော် အခြားခွေးများပါ ပြေးထွက်လာလေ့ရှိကြ၏။

သည့်နောက် ၎င်းမကောင်းဆိုးဝါးကို ကြည့်၍ အူလေ့ရှိ၏။ အူပုံကား အခြားအူနေကျအသံနှင့်မတူ သာမန်လူတို့မျက်စိနှင့် မမြင်ရသော မကောင်းဆိုးဝါး ပရဝိညာဉ်သား သွားရာနောက်ကို တကောက်ကောက်လိုက်၍ ဝိုင်းကြလေ၏။

အများအားဖြင့် အိမ်ခွေးတို့သည် သခင်အပေါ်မှာလည်းကောင်း၊ လမ်း၊ ရွာ ရပ်ကွက်အပေါ်မှာလည်းကောင်း သစ္စာစောင့်သိကြ၏။

မကောင်းဆိုးဝါးကို မြင်လျှင် အိမ်ထဲခြံထဲသို့ ဝင်လို့မရအောင် ရပ်ကွက်ရွာထဲမှာ နေလို့မရအောင် အူ၍ဟောင်၍ ရွာပြင်ရပ်ပြင်ရောက်အောင်၊ ဒါမှမဟုတ် ကိုယ့်လမ်းထဲမှ လွတ်မြောက်သွားအောင် နှင်လေ့ရှိ၏။

ညဘက် သူခိုးသူဝှက်ကို မြင်မူ ... ကျားစီးဖားစီး ဟောင်၏။ ကိုက်မည်ဆွဲမည် အသံပြု၏။ သူစိမ်းလူစိမ်းဝင်လာမူ အစကနဦး မကိုက်သေး။ အိမ်ရှင်သိအောင် အသံပေးဟောင်သည်။ အိမ်ရှင်မရှိ၍ ညှိစိမ်းလူစိမ်းက မသက်ဘဖွယ် အတင့်ရဲမူ မာန်ဖီ၍ ဆွဲကိုက်လေ့ရှိ၏။ အသံကား သိသာ၏။

ပြီး ...

အိမ်မွေး တိရစ္ဆာန်ခွေးတို့သည် အရှင်သခင်အတွက် နိမိတ်ပြအပြုအမူကို ပြုလေ့ရှိ၏။

အိမ်ရှင် ခရီးသွားမည်မှန်းသိလျှင် သူတို့မနောအာရုံမှာ မကောင်းနိမိတ်မြင်မိပါက ...

အိမ်ရှေ့မှာ ဖင်တရွတ်ဆွဲ၍ အူ၏။

သခင်က ဒါကို နားမလည်လျှင် ပုဆိုးကိုပါးစပ်နှင့်ကိုက်၍မသွားရန်တား၏။ တားမရလျှင် သခင်မှန်းသိသော်လည်း သခင့်ကိုယ်ပေါ်မှာကပ်ငြိရောက်ရှိနေသော သေခြင်းရန့်ကို ထူးခြားသော သူတို့၏မနောအာရုံနှင့်သိပြီး စူးစူးရဲရဲ ဟောင်လေ့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



အချို့သောသခင်များက ဒါကို သဘောပေါက်၏။

ခရီးစဉ်ကို ဖျက်ပစ်လေ့ရှိ၏။

အချို့ ခွေးလိမ်မာတို့ရဲ့ ကြိုတင်နိမိတ်ပြ အပြုအမူအသံကြောင့် အန္တရာယ်ဘေးဆိုးမှ လွတ်မြောက်သည်လည်း ရှိ၏။

တစ်ခါ ...

အရှင်သခင်သော်လည်းကောင်း၊ သူ့သံယောဇဉ်ဖြစ်နေရသည့် အိမ်သူအိမ်သားတစ်ဦးဦးသော်လည်းကောင်း ကွယ်လွန်အနိစ္စရောက်သွားလျှင် ၎င်းခွေးသည် မစားနိုင်၊ မသောက်နိုင်ဖြစ်၍ မှိုင်နေလေ့ရှိ၏။

သခင် (သို့မဟုတ်) သခင်မိသားစုကို လွမ်း၍ အူလေ့ရှိပြန်၏။ အူလျှင် မျက်ရည်ဝဲနေသည်ကို သတိထားကြည့်က ထင်ရှားစွာ မြင်နိုင်၏။

ကွယ်လွန်သူသခင်၏ နောက်တစ်ဘဝဖြစ်စဉ် ...

ဥပမာ ... တစ္ဆေဘဝရောက်၍ အိမ်သားများကို သတိရပြီး ဝင်လာကြည့်သည်ကိုမြင်လျှင် အူပုံက ညင်သာ၏။ ဝင်မလာပါနှင့်လို့လည်း နှင်သည့်အူသံမျိုးမဟုတ်။ ဘဝခြားနေမှန်းသိ၍ ကြေကွဲစွာ နှုတ်ဆက်သည့် လေသံမျိုးနှင့် အူလေ့ရှိ၏။

နောက်ဆုံး ကျောင်းခွေးများ ...

ဘုန်းကြီးကျောင်းမှာနေကြသည့် ခွေးတို့ကား အများအားဖြင့် ဥပုသ်သည်များနှင့် အတွေ့အမြင်များနေ၍ လူကို ကိုက်လေ့ကိုက်ထ သိပ်မရှိ။ အရှင်သခင် ဘုန်းတော်ကြီးများ ခရီးသွားက ပြန်ကြွလာသည်ကို မြင်လျှင် ရွှင်မြူးအားရ အူ၍အော်၍ ခုန်ပေါက်မြူးတူးလေ့ရှိ၏။

ဆွမ်းစားကြေးမောင်းရိုက်လျှင် သူတို့ဝမ်းသာအားရ အူကြ၏။ ညဘက် ဆရာတော်သံဃာတော်များ ဘုရားရှိခိုးခြင်းပြီး၍ အမျှအတန်းဝေလျှင် ကြေးစည်ရိုက်သံကြားလျှင် သာယာစွာအူလေ၏။

တောလိုက်မုဆိုးတို့နှင့်နေလေ့ရှိသော ခွေးဆိုးခွေးရိုင်းတို့အကြောင်းကိုမူ အကျယ်မချဲ့လိုပါ။ ထိုခွေးတို့ကား အမဲလိုက်ခွေးများဖြစ်၍ ရက်စက်ကြမ်းကြုတ်ရာမှာ ပြိုင်စံရှားလေ၏။

ယခု အရှုးကိုခြောက်ပေ မေတ္တာကမ္မဋ္ဌာန်း သမထကျင့်စဉ်များ





ကျင့်ကြံပြီး၍ အမျှဝေလျှင် အူကြပုံကား တစ်မျိုးဖြစ်သည်ဟု ကိုပွေးထူ စဉ်းစားမိ၏။

လူတို့ဘာသာစကားနှင့် ဘာသာပြန်ရလျှင် ...

ကောင်းလေစွ ... ကောင်းလေစွ ... ကောင်းလေစွ ... ဟု အဓိပ္ပာယ်သက်ရောက်နေသည်ဟု စဉ်းစားမိလေ၏။

တစ်ခါတစ်ရံ ကိုပွေးထူ ကိုခြောက်ပေအတွက် စဉ်းစားကြည့်၏။ သည့်ညီငယ်ကလေး သက်န်းဝတ်နဲ့များ နေလိုက်လျှင် လူအများ ကြည်ညိုလိုက်မည့်ဖြစ်ခြင်း ....

စိတ်မနှံ့ချင်သလိုဘဝမှာတောင် ဖြစ်သလိုနေဖြစ်သလိုစား၊ လိုချင်မက်မောမှုမရှိဘဲ နံငယ်တိုတစ်ပိုင်းနှင့်နေသည်ကို လူအများက သနားကြ၊ ကြင်နာကြ၊ အားကိုးကြ၊ ယုံကြည်ကြလျှင် ...

သက်န်းဝတ်နှင့်သာ ဆိုပါမူ ...

ဘုန်းကံမြင့်လိုက်မည့် ဖြစ်ခြင်း။

စရဏကျင့်စဉ်ဇွမ်းအားကြောင့် သိဒ္ဓိ မဟိဒ္ဓိ ဣဒ္ဓိပြီးမြောက် အောင်မြင်ကျော်ကြားလိုက်မည့်ဖြစ်ခြင်း။

သူ့ဘာကြောင့် ဒီလိုဘဝမျိုးနှင့် ဥဒဟို လျှောက်သွားနေသည်ကို မည်သူမျှ လုံးစေ့ပတ်စေ့မသိ။

စာရေးဆရာကြီး ဦးညိုမှိုင်းတစ်ယောက်သာလျှင် အတော်အတန်သိသည်ကို ကြားရ၏။

*(မှတ်ချက် – ဤဖြစ်စဉ်များသည် နောင်အခါ စဏ္ဍာလကြီး ကိုပွေးထူ ပြန်ပြောပြ၍ သိရခြင်းဖြစ်သည်။ ဇာတ်လမ်းဇာတ်ကွက် အနေအထားလှပစေရန်အတွက် ကျွန်ုပ် စာရေးဆရာ၏ အသိအနေအထားနှင့်ရေးနေသည်မဟုတ်။ ကိုပွေးထူ ကြုံတွေ့ခံစားရသည်များကို ကိုပွေးထူအော်မှနေ၍ ရေသားပြနေခြင်းသာ ဖြစ်ပေသည်။ စကားချပ်။)*

ခုတစ်လော ကိုခြောက်ပေ အပြင်ကိုခါတိုင်းကဲ့သို့ မထွက်။

နေ့လည်း သိပ်မထွက်။ ညလည်း သိပ်မထွက်။

တစ်ပတ်မှာ တစ်ရက်နှစ်ရက်သာ ထွက်လေ့ရှိ၏။ ထွက်လျှင်လည်း



www.burmeseclassic.com

www.burmeseclassic.com



နာရီပိုင်းမျှသာ ဖြစ်၏။

ဘယ်သွားနေတုံး ကိုခြောက်ပေဟု မေးလျှင် ...

"ဘုရား ခဏသွားတာပါဗျာ"

"ဘယ်ဘုရားတုံး"

"ရန်အောင်မြင်ဘုရား"

"ပြီးတော့ရော"

"ကျိုက္ကမော့တောင်"

"ကောင်းတယ် ... ကောင်းတယ် ... နေကောင်းတယ် မဟုတ်လား"

"ကောင်းပါတယ်"

သူသည် ညောင်းညာ၍ လမ်းလျှောက်လိုလျှင် သချိုင်းကုန်းထဲမှာ လျှောက်၏။ နားနေလျှင် ခွေးများနှင့် ဖက်လဲတကင်း စကားပြော၏။ လတ်လတ်ဆတ်ဆတ် မြေပုံပေါ်မှာ ဖျာစုတ်ကလေးခင်း၍ ခန္ဓာဖြစ်ပျက် အနိစ္စသခါရကို ရှုနေမှတ်နေ၏။

တစ်နေ့ ကိုပွေးထူက မေး၏။ ထိုနေ့က သူစိတ်ရွှင်နေ၏။

"ကိုခြောက်ပေ"

"ဘာတုံး ... ကိုပွေး"

"မောင်ရင်က ခွေးတွေနဲ့ စကားပြောသလား"

"ပြောတာပေါ့ဗျ ... ဘာဖြစ်လို့ ..."

"ငါ့လူက ခွေးတွေကို လူစကားပြောတော့ ခွေးတွေကရော နားလည်လို့လား ငါ့လူရာ ဟင်"

"နားလည်တာပေါ့ဗျ"

"ဘယ်လိုနားလည်မှာတုံး သူတို့က တိရစ္ဆာန်။ ငါတို့က လူညစ္စာ။ ရှင်းပါဦးဟ ... ပညာရှိကြီးရ"

"ကိုပွေး ... တိရစ္ဆာန် ဘာကြောင့်ဖြစ်ရသလဲ သိလား"

"မသိဘူး"

"ဒါဆို တစ္ဆေသရဲ၊ ပြိတ္တာ၊ အသူရကာယ် ဘာကြောင့်ဖြစ်ရသလဲ





သိလား"

"သိပ်မသိဘူးကွ။ အနည်းအကျဉ်းပဲ ... သိ ..."

"ဒါဖြင့် ခင်ဗျားသိတာ ဘာရှိတုံးဗျ ... ကိုပွေးရ"

"အသုဘကိစ္စပေါ်လာလို့ ငါ့ကိုလာအကြောင်းကြားရင် မြေကြီးကျင်းတူးပေးမယ်။ မြေမြှုပ်သင်္ဂြိုဟ်ပေးမယ်။ အစိမ်းသေ အသုဘပေါ်ရင် မီးသင်္ဂြိုဟ်ပေးမယ်။ သဒ္ဓါလို့ပေးရင် ယူမယ်။ ကျွေးရင် စားမယ်။ သိပ်ပင်ပန်းရင် ချက်အရက်မီးတောက်လေးရေရောပြီး ဆားငန်သီးအမြည်းနဲ့ ဆက်ရက်မင်းစည်းစိမ်ကိုယူမယ် ... ပြီး ... ရင် ..."

"ပြီးရင် ဘာလုပ်မလဲ ပြော ..."

"ငါ့ချစ်သူ မိကြွေစေ့လေးရဲ့မျက်နှာကို တစ်နေ့တစ်ခေါက် သွားရောက်ရှုကြည့်မယ်။ ငါက စာသိပ်မတတ်ဘူး ငါ့လူရ။ မောင်ရင့်လို စာတတ်ရင် နတ်ခြင်တောင်တို့၊ နဝဒါးတို့လို ဘုရားတိုင်ရတု၊ ကျေးစေရတုမှာ ... ရေခပ်ပြီး ..."

"ဟော့လူ ... ဟား ဟား ဟား ... အဟီး ဟီး ဟီး"

"ဘာတုံးလကွာ။ လန့်သွားတာပဲ ... ချီးမှပဲ"

"နတ်ခြင်တောင်တို့၊ နဝဒါးတို့ မဟုတ်ဘူးဗျ"

"ရှေးစာဆိုကြီးတွေလေကွာ။ မင်္ဂလာဆောင်ကျရင် ဓာတ်စက်က နေ ... ဟို ... ပြည်လှဖေလား ... လပွတ္တာလှဖေလား ဆိုတဲ့သီချင်း"

"နတ်သျှင်နောင်လို့ ခေါ်တယ်ဗျ"

"နတ်သျှင်နောင် ... သိပါဘူးကွာ။ နတ်ခြင်တောင် အောက်မေ့လို့ဟော့ ... ဟား ... ဟား ... ဟား ... ဟား"

"နဝဒါး မဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူတုံးလဟ ... မှတ်မိအောင် လုပ်ပါဦးဟ ... ငါ့လူရ"

"နဝဒေးဗျ။ နတ်သျှင့်နောင်က တောင်ငူဘုရင်။ ပြောတာဆို။ ရာဇဓာတုကလျာရဲ့ အရှင်သခင်ယောက်ျား။ နဝဒေးက စစ်သူကြီး။ ပြည်နဝဒေးလို့လည်းခေါ်တယ်။ စစ်ကိုင်းထောင်သင်း၊ စလင်းယောက်ျား၊ ပြည်မှာနဝဒေး



www.burmeseclassic.com

www.burmeseclassic.com



လို့ သုံးမည်ရတဲ့ စာဆိုစစ်သူကြီးဗျ။ စလင်းစည်သူကျော်ထင်မင်းလက်ထက်မှာ မင်းလက်ယာဘွဲ့ကို စရတယ်။ တစ်ခါ စစ်ကိုင်းမင်းလက်ထက် အခစားရောက်တော့ ထောင်သင်းကိုကြီးမှူးရလို့ ထောင်သင်းမှူးလို့ ဘွဲ့ရပြန်တယ်။ နောက်ဆုံး ပြည်ဘုရင် သတိုးဓမ္မရာဇာက ဆင်ဖြူများရှင်ထံကနေ ထောင်သင်းမှူးကြီးကို တောင်းယူပြီး ပြည်မြို့ကို ခေါ်သွားတယ်။ ပြည်ရောက်တော့ စာဆိုပညာရှိမို့ 'နဝဒေး'ဘွဲ့ကို ပေးအပ်လိုက်တာ။ နဝဒေးဆိုတဲ့ ဘွဲ့ရဲ့ အဓိပ္ပာယ်က ကဗျာလင်္ကာစပ်ဆိုရာမှာ၊ ဖွဲ့ရာမှာ အပြစ်ဆိုစရာ မရှိသော စာဆိုတော်လို့ အဓိပ္ပာယ်ရတယ်ဗျ။

ဒါကြောင့် စစ်ကိုင်းထောင်သင်း၊ စလင်းလက်ျာ၊ ပြည်မှာနဝဒေးလို့ သုံးမည်ရနဲ့နာမည်ကျော်ခဲ့တာ။ အခြားနဝဒေးတွေနဲ့ မမှားရအောင်လို့ ရတုပုဒ်ရေသုံးရာကျော်စပ်ခဲ့သူ သူ့ကို ရတုနဝဒေးလို့ ခေါ်ကြတယ်။ နောင်ကို မသိဘဲနဲ့ နတ်ခြင်တောင်တို့၊ နဝဒါးတို့ မလုပ်နဲ့ဗျ။ ခင်ဗျားကြောင့် မြန်မာစာဆိုပညာရှင်ကြီးတွေ နာမည်ပျက်ရမယ် ... သိလား"

ကိုပွေးထူသည် ချက်ကျလက်ကျ အကိုးအကား အထောက်အထားသမိုင်းနောက်ခံနှင့် ရှင်းပြနေသည့် ကိုခြောက်ပေကိုကြည့်ပြီး လွန်စွာ အံ့သြနေ၏။ အံ့သြရင်းမှ ကြည်ညိုရင်း ပိုကြည်ညို ဖြစ်လာခဲ့ရ၏။

"ဘာတွေ စိုက်ကြည့်နေတာတုံးဗျ"

"ငါ့လူ့ သောက်ရမ်းကို တော်တာပဲကွာ။ ကျောင်းဆရာပဲ ဖြစ်ဖြစ်၊ ဘုန်းကြီးရဟန်းပဲဖြစ်ဖြစ် လုပ်လိုက်ရင် တန်ဖိုးကြီးမယ့် ငါ့လူရာ။ တောက် ... ခုလိုဘဝနဲ့ မြင်နေရတာ နှမြောလိုက်ပါဘိ ငါ့လူရာ။ ဒါနဲ့ စောစောကကိစ္စ ဆက်ပါဦးကွ။ တိရစ္ဆာန် ဘာကြောင့်ဖြစ်ရတာလဲ"

"အမှန်တော့ဗျာ ဗုဒ္ဓရဲ့အလိုတော် တရားဓမ္မနဲ့ ပြန်ဆန်းစစ်ရင် ဒီခွေးတိရစ္ဆာန်များက ဟိုးတစ်ဘဝတုန်းက ခင်ဗျားတို့ ကျုပ်တို့လို လူပဲဗျာ"

"လူ ..."

"ဒါပေါ့။ ဘာကြောင့် မျက်မှောက်ဘဝမှာ အဟိတ်တိရစ္ဆာန် ဖြစ်ရသလဲဆိုတော့ သူတို့က လူ့ဘဝတုန်းက တိရစ္ဆာန်များအပေါ် သနား





အညှာတာကင်းမဲ့စွာ ရက်စက်ခဲ့လို့၊ ဥပေက္ခာပြုခဲ့လို့က တစ်ပိုင်း။ ကွယ်လွန်ခါနီး သံယောဇဉ်အစွဲကြောင့် တစ်ပိုင်း။ ဒါကို အကုသိုလ်စိတ်ကြောင့် ဘဝသစ်ကို ထင်မြင်လာသည့် အာသန္နကံဇောလို့ ခေါ်တာပေါ့။

လူဖြစ်ရတုန်းကလည်း လူလိုမကျင့်ကြံဘဲ ခွေးလို နွားလို တိရစ္ဆာန်လို ပြုမူကျင့်ကြံခဲ့ကြတော့ အဲဒီအကုသိုလ်ကံဇောများက နောက်ဆုံးထွက်သက်ရဲ့ လားရာဂတိကို ရှေးရှုပြီး ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဘုံဘဝ ရောက်သွားကြတာပဲ။

ကုသိုလ်စိတ် နှလုံးလှစိတ်နဲ့၊ ကွယ်လွန်သူများကျတော့ လူ့ဘုံလူ့ရွာကို ပြန်ဝင်စားတာရှိသလို ဒါန၊ သီလ၊ သမထ၊ ဘာဝနာ အရှိန်ကံ ဘုန်းတန်ခိုးသီလကြောင့်၊ နတ်ပြည် (၆)ထပ်၊ ဗြဟ္မာဘုံ (၂၀)ကို ကူပြောင်းရောက်ရှိသွားတာလည်း ရှိတယ်။

ဘာဝနာကျင့်ကြံမှု အရှိန်အားကောင်းသူ ရဟန်း၊ ရဟန္တာ၊ လူပုဂ္ဂိုလ်များကျတော့လည်း (၃၁)ဘုံဘဝကို ပြန်လည်ကျင်လည်ကျက်စားခြင်းလုံးဝမရှိတော့ဘဲ သံသရာပြတ်လို့ နိဗ္ဗာန်ကိုမျက်မှောက်ပြုသွားကြတာပဲ။ နိဗ္ဗာန်ကို မျက်မှောက်ပြုသူက ရှိတော့ရှိတယ် ရှားတယ်။

ပြန်ချုပ်လိုက်ရင် ဒီခွေးတိရစ္ဆာန်များသည် ဟိုးတစ်ဘဝတုန်းက၊ ဒါမှမဟုတ် ရှေးဘဝအဆက်အဆက်တုန်းက ကျွန်တော်တို့ အဖေ၊ အမေ၊ သားမယား၊ ဆွေမျိုးညီအစ်ကို မောင်နှမ၊ သူငယ်ချင်း မတော်စပ်ခဲ့ဘူးလို့ မပြောနိုင်ဘူး။ လူနဲ့တိရစ္ဆာန် ဒီမျက်မှောက်ဘဝမှာ သံယောဇဉ်ဖြစ်နေကြတာ၊ နားလည်မှုရှိနေကြတာ၊ စောင့်ရှောက်ပြုစုမှု ရှိနေကြတာသည် ရှေးဘဝ ဟိုးတစ်ဘဝတုန်းက သူနဲ့ကိုယ်ဟာ အပြန်အလှန် ချစ်ခင်စောင့်ရှောက်မှု ရှိခဲ့ဘူးလို့ ဒီဘဝ မျက်မှောက်မှာ လူနဲ့တိရစ္ဆာန်၊ တစ်ဖန် ပြန်ရေစက်ဆုံပြီး ကြင်နာမှုပေးကြ၊ ကျွေးမွေးစောင့်ရှောက်မှုပေးကြ၊ ဘေးရန်ကိုကာကွယ် ပေးကြရတာလို့မြင်လိုက်ရင် ဗုဒ္ဓရဲ့အလိုတော်နဲ့လည်း လျော်ကန်သင့်မြတ်သွားတာပဲ။

ဒီလိုမှမဟုတ်ဘဲ ကိုယ့်ဝန်းကျင်ရောက်နေသည့် ခွေး၊ ကြောင်၊ နွား၊ ဆင်၊ မြင်း တိရစ္ဆာန်များကို ကိုယ့်ကိုယ် ကြမ္မာဝဋ်ကြွေးကြောင့် တိရစ္ဆာန်



www.burmeseclassic.com

www.burmeseclassic.com



က အလုပ်အကျွေးပြုနေသည့်တိုင် မဝရေစာကျွေး၊ ရိုက်နှက်ညှဉ်းပန်း၊ သတ်ဖြတ်စားသောက်ကြရတဲ့ဘဝ ဖြစ်စဉ်မျိုးကြောင့် ဟိုးတစ်ဘဝတုန်းက သူက ကိုယ့်အပေါ် အဲဒီလို ပြုမူကြမ်းကြုတ် ရက်စက်ခဲ့သည့်ဒဏ်ကြွေး၊ ကံကြွေးကို ဒီဘဝသံသရာမှာ အကျေဆပ်တာလည်း ဖြစ်နိုင်တာပဲ။ ဒါမှ မဟုတ် တစ်လှည့်လာဆပ်တာလည်း ဖြစ်နိုင်တာပဲ။

အခု ဒီခွေးတိရစ္ဆာန်များ ကျုပ်ကိုလည်း ရန်မပြုဘူး၊ ကျုပ် အမျှဝေရင်၊ ဘုရားစာရွတ်ရင် နားထောင်လေ့ရှိတာကိုက ဟိုးအတိတ်ဘဝတုန်းက ကျုပ်နဲ့ ဆွေမျိုးတော်စပ်ဖူးမယ်။ သူတော်ကောင်းတရား၊ ဘုရားတရား စကားကို နားဝင်ခဲ့ဖူးသူလည်း ဖြစ်ချင်ဖြစ်မယ်။ သူတို့ဟာ ဘဝကုသိုလ်ကံ အကျိုးပေးနန့်နဲ့လို့ တိရစ္ဆာန်ဘဝ ရောက်နေသည့်တိုင် အချို့တိရစ္ဆာန်များသည် လူ့အထာကိုသိတယ်၊ လူ့စကားကိုနားလည်တယ်၊ ရတနာသုံးပါးရဲ့ အသံကို နားလည်ခံစားနိုင်ကြတယ်။ ရှင်းပြီလား … ကိုပွေး"

"အေး … ရှင်းပါပြီဗျာ၊ ရှင်းပါပြီ။ ဘုရားတရားနဲ့ ဝေးတဲ့ကျုပ်လည်း ငါ့လူကြောင့် ဗဟုသုတအသိတရားများတိုးပြီး စိတ်အေးချမ်းရပါဗျာ"

ထိုသို့ ကိုပွေးထူနှင့် ကိုခြောက်ပေတို့ စကားကောင်းနေစဉ် လူသုံးယောက် ရောက်လာကြသည်။

ယောကျ်ားကြီးတစ်ယောက်နှင့် မိန်းမရွယ်တစ်ယောက်က မိန်းမတစ်ယောက်ကို ပွေ့တွဲ၍ သချိုင်းကုန်းထဲသို့ ဝင်လာကြသည်။

"ဘာဖြစ်လို့တုံးဗျာ"

ကိုပွေးထူက လှမ်းမေးလိုက်၏။ ဒီမှာ ယောကျ်ားကြီးလုပ်သူက စိုးရိမ်ကြီးသောမျက်နှာနှင့် ပြော၏။

"ခရီးသွားရင်း သချိုင်းနားမှာ ကျွန်တော့်မိန်းမ မူးတယ် … မူးတယ်နဲ့ လဲကျသွားလို့ ကိုပွေးထူရယ်။ လမ်းမှာ ဆိုက်ကား၊ မြင်းလှည်းလည်းမတွေ့တာနဲ့ … ဟို ဆရာလေး ကိုခြောက်ပေကိုပါ မြင်လိုက်ရလို့ အားကိုးပြီး ဝင်လာခဲ့ရတာပါ။ သရဲတစ္ဆေများ နှောင့်ယှက်လို့လား မသိပါဘူး ကိုရင်ရယ်။ ကျေးဇူးပြုပြီး ကြည့်ပေးပါကွယ် … နော်"





"အား … မူးလိုက်တာ"

"အမေ … အမေ …"

"အား … ကျွတ် … ကျွတ် … ဘုရား … ဘုရား"

"ကိုခြောက်ပေရယ် … ကျွန်တော့်မိန်းမရဲ့ ရောဂါဝေဒနာကို စစ်ဆေးကြည့်ရှုပေးပါဗျာ … နော်"

ကိုခြောက်ပေသည် သမီးလုပ်သူ၏ပေါင်ပေါ်မှာ ခေါင်းတင်ပြီး မျက်နှာကို လက်ဝါးအုပ်၍ လူးလွန့်အော်ဟစ်နေသော မိန်းမကြီးရဲ့မျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်၏။

"ဆေးရုံဆေးခန်းကိုသွားပါ"

"ဒီဝန်းကျင်မှာ ယာဉ်အသွားအလာ ပြတ်နေလို့ပါဗျာ … ကူညီပါ"

"ကျုပ် … ဆေးဆရာ မဟုတ်ဘူး"

"သိပါတယ် … ကိုခြောက်ပေ၊ ကိုခြောက်ပေ သိသလောက် တတ်သလောက်နဲ့ကြည့်ပြီး သက်သာအောင်လုပ်ပေးပါဗျာ … ပြီးမှ …"

"ဟူး …"

ဒီမှာ မိန်းမကြီးရဲ့ အော်ဟစ်လူးလွန့်နေပုံမှာ သက်သာရာမမြင်ရ၍ စဉ္စာလကိုပွေးထူက ဝင်ပြောရ၏။

"ကိုခြောက်ပေ ကူညီလိုက်ပါဗျာ။ ကုသိုလ်ရတာ ဥစ္စာ"

"ကုသိုလ်ရမှန်း သိပါတယ်ဗျာ။ မတော် ကျုပ်လုပ်ပေးလိုက်ပြီးမှ တစ်ခုခုဖြစ်သွားရင် ဘယ်လိုလုပ်မလဲလို့"

"ကံပေါ့ဗျာ။ အရေးပေါ်ကိစ္စ ယုံကြည်အားကိုးလို့ဥစ္စာ … လုပ်ပေးလိုက်ပါ"

သည့်နောက် ကိုခြောက်ပေက မိန်းမကြီးရဲ့မျက်နှာကို အနီးကပ်၍ ကြည့်လိုက်သည်။ မျက်လုံးများ အစ်နေ၏။ ပါးလည်း ဖောင်းနေ၏။ မျက်နှာလည်း နီနေ၏။ ခြေလက်မမြှောက်နိုင်သလို ဖြစ်နေသည်။ သို့နှင့် လက်ကောက်ဝတ်သွေးကြောကို စမ်းကြည့်လိုက်သောအခါ ကိုခြောက်ပေ အလွန်စိုးရိမ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခဏစောင့်နေ"

သည့်နောက် ... သူ သင်္ချိုင်းကုန်းရဲ့အစွန် အုတ်ဂူကြီးအနီးရှိ သံပရာပင်မှ သံပရာသီးသုံးလုံးကို ခူးလာလိုက်ပြီး လက်ဝါးပေါ်တင်၍ ဘုရားစာများကို ရွတ်လိုက်သည်။

"ဥုံ ... ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဥုံ ... ဓမ္မံ သရဏံ ဂစ္ဆာမိ
ဥုံ ... သံဃံ သရဏံ ဂစ္ဆာမိ ...

ဘုရားဆေး၊ တရားဆေး၊ သံဃာဆေး ... ရောဂါမျိုးစုံနှင့် အတိုက်အခိုက် အနှောင့်အယှက် အမှောင့်ပယောဂများကို ပျောက်ကင်းချမ်းသာစေသော ဆေးသြသဓ ဖြစ်စေ ... ဥုံ ..."

သို့ကလို ရွတ်ဆိုပြီးနောက် ... သံပရာသီးကို ပါးစပ်နှင့် ကိုက်ခွာကာ မှုးပြီးအော်ဟစ်နေသည့် မိန်းမကြီးပါးစပ်အတွင်းသို့ သံပရာရည်များကို ညှစ်ချ၏။ တစ်လုံးကုန်သော် နောက်တစ်လုံးခွဲ၍ ညှစ်ချ၏။

"မျိုချ ... မျိုချ ..."

"ချဉ်တယ် ... အား ..."

"ချဉ်တယ် ..."

"အင်း ... အား ..."

"ကိုင်း ... ချိုလိုက်စမ်းဟာ ... မျိုချ ... ပါးစပ်ဟ"

မိန်းမကြီးက ပါးစပ်ကိုဟပေး၏။ ခြောက်ပေက သံပရာသီးများကို ညှစ်ညှစ်ချပေး၏။ မိန်းမကြီးသည် လိုလိုလားလား နှစ်နှစ်ခြိုက်ခြိုက် မျိုမျိုချလိုက်ရကား သံပရာသီးသုံးလုံးခန့်ကုန်သော် မျက်လုံးကို ဖွင့်ကြည့်၏။

ဦးစွာ ... သမီးကို မြင်ရ၏။

နောက်ထပ် ယောကျ်ားလုပ်သူကို မြင်ရ၏။

ပြီး ... အလွန်အရပ်ရှည်ပြီး ပုဆိုးနံ့ငယ်တို့၊ ဆံပင်ကျုပ်ပိန်းကြီးနှင့် လူတစ်ဦးကလည်း သူမကို ကြည့်နေသည်အား မြင်ရ၏။

"မူးသေးလား ..."





"ဟင့်အင်း"

"လက်လှုပ်လိုက်ပါဦး"

မိန်းမကြီးက လက်ကိုလှုပ်၏၊ မြှောက်၏၊ ကွေးချည်ဆန့်ချည် လုပ်၏။

"ခြေထောက် လှုပ်ကြည့်လိုက်ပါဦး"

မိန်းမကြီးက ခြေထောက်ကို လှုပ်၏။ မြှောက်၏။ ဒူးကို ကွေးချည် ဆန့်ချည် လုပ်၏။

"ကောင်းသွားပြီလား"

"ကောင်း သွား ပါ ပြီ ရှင်"

'ကောင်းသွားပါပြီ'ဟုဆို၍ လင်သားလုပ်သူနှင့် သမီးတို့သာမက ကိုပွေးထူပါ ဝမ်းသာသွားကြသည်။ ရောင်အန်းနေသော မျက်နှာလည်း လျော့ပြေကျသွားသည်ကို မြင်ကြရ၏။

"ကောင်းရင် ကျုပ်ကိစ္စပြီးပြီ။ ရော့ ... နောက်ထပ်မူးရင် ဟောဒီသံပရာသီးကို ဝါးစားလိုက်"

ကိုခြောက်ပေက ခါးပိုက်ထောင်ထဲက သံပရာသီးသုံးလုံးကို ပေးလိုက်ပြီး သူထိုင်နေကျ အုတ်ဂူပေါ်တက်၍ ပက်လက်လှန်နေလိုက်လေသည်။

"ကိုပွေးထူ"

"ဘာတုံး ခင်ဗျ"

"ဒီအရူးကိုခြောက်ပေက အရမ်းစွမ်းတယ်ဗျ"

"ဘာစွမ်းလို့တုံးဗျ"

"ကျုပ်မိန်းမ ခေါင်းမထူနိုင်အောင်မူးပြီး ခြေတွေလေးလံနေသည့် ကောက်ကာငင်ကာရောဂါကို သံပရာသီးနဲ့ကုသွားတာ ဆေးသိဒ္ဓိမြောက်တယ်လို့ ပေါ့ဗျ"

သမီးလုပ်သူကလည်း ဝင်ပြောလိုက်သေး၏။

"ဟုတ်တယ် ... ဦးပွေးထူရဲ့။ သင်္ချိုင်းရှေ့က[illegible]မှ အမယ်လေး ဆိုပြီး မူးလဲကျသွားတာ။ သင်္ချိုင်းကုန်းက မကောင်းဆိုးဝါးတွေ ဝင်ကပ်



www.burmeseclassic.com

www.burmeseclassic.com



လို့လားမသိဘူး''

''အင်း ... မနေ့တုန်းကလည်း သူရောက်ရောက်ချင်း သတိလစ်နေသည့် မိန်းမတစ်ဦးကို သံပရာသီးနဲ့ ကုပေးလိုက်တာ သက်သာရော ဗျ''

''နေပါဦး ကိုပွေးထူ ... ဒီသံပရာသီးက ဘယ်မှာစိုက်ထားလို့ လဲရှင်''

မိန်းမကြီးက ဆံပင်ကိုပြင်ဆင်ထုံးပြီး မေး၏။

''ဒီသချိုင်းမှာ သူရောက်လာတော့ သံပရာပင်ပေါက်တစ်ပင် ပါလာတယ်။ အဲဒီအပင်ကို သူ သချိုင်းကုန်းမှာစိုက်ထားတာ အသီးကိုပြွတ်နေတာပဲ။ ဘာဖြစ်လို့လဲဗျ''

''သံပရာသီးက ချိုလို့''

''ဟင် ... သံပရာသီးက ချိုလို့''

''ဟုတ်ရဲ့လား ... အမေရယ်''

''ဟ ... မြရီ ... သံပရာသီးချိုတယ်ရယ်လို့ ... နင်အရူးသား''

''မရူးလို့ပြောတာပေါ့တော့။ ပထမ ပါးစပ်ထဲဝင်လာတဲ့ သံပရာရည်က ချဉ်လိုက်တာ စူးနေတာပဲ။ သွားတွေ မခံနိုင်ဘူး။ ဒါနဲ့ ချဉ်တယ်လို့ပြောရော အရူးလေးက ချိုရော့ဟာလို့ပြောပြီး ညှစ်ချလိုက်တော့ ..''

''ချဉ်တာပဲ မဟုတ်လား''

''ချိုနေတာတော့ ... ချိုနေတာ။ ဒါကြောင့် ကျွန်မ မျိုချလိုက်တာ''

''မဖြစ်နိုင်တာဟာ''

ဒီမှာပဲ သမီးလုပ်သူက ...

''ကိုင်း ... ငြင်းမနေနဲ့။ လက်တွေ့စမ်းကြစို့။ အဖေ့ကို အရူးဦးခြောက်ပေ သံပရာသီးသုံးလုံး ပေးသွားတယ်မဟုတ်လား''

''အေး ...''

''ကိုင်း ... အဖေ အလျင်တစ်လုံးစားကြည့်။ ချိုလားချဉ်လား သိရမယ်''





ဒီမှာပဲ ဖခင်လုပ်သူက သံပရာသီးတစ်လုံးကိုယူပြီး သွားနှင့်ကိုက်ချလိုက်သည်။

''အား .. အမယ်လေး ... ရှူး ... ချဉ်လိုက်တာဗျာ ... ဖွီ''

ဖခင်လုပ်သူ သံပရာသီးကိုကိုက်ရင်း မျက်နှာရှုံ့မဲ့နေသည်။

''ဒါဖြင့် ဒီတစ်လုံးကို သမီးစားကြည့်မယ်''

''စားကြည့် ... စားကြည့်''

သမီးလုပ်သူက ဒုတိယအလုံးကို ကိုက်ချလိုက်ပြန်သည်။

''အား ...''

''ဘယ့်နှယ်တုံးသမီး''

''ချဉ်တယ် အဖေ''

''ငါမပြောဘူးလား။ နင့်အမေပါ ရူးနေပြီ ... ချိုသတဲ့''

''ကိုင်း ... ကိုကောင်းစိန် ... ရှင်စားလက်စ သံပရာသီးရော၊ သမီးမြပိုစားလက်စ သံပုရာသီးရော ... ငါ့ကိုပေးစမ်း''

''ရော့ ... ရော့ ... မယ်မင်းကြီးမ ... ဘုန်းပေးတော်မူပါခင်ဗျား''

ဒေါ်မြရီက လင်လုပ်သူနှင့် သမီးလုပ်သူလက်ထဲက စားလက်စ သံပုရာသီးနှစ်လုံးကို လှမ်းယူပြီး ပါးစပ်ထဲသွင်း၍ အားရပါးရဝါးစားပြီး အရည်များကို မျိုမျိုချနေသည်အား မြင်ရသောအခါ အံ့သြ၍ မျက်လုံးများ ကျယ်သွားကြသည်။

''အမေ''

''ဘာတုံးအေ''

''မချဉ်ဘူးလားဟင်''

''မချဉ်ပေါင်တော်။ မရမ်းသီးအချို စားနေရတဲ့အတိုင်းပဲ။ [illegible] ရင်စားကြည့် ... ရော့ ...''

သို့နှင့် သမီးလုပ်သူက မယုံ၍ မိခင်ကြီးစားလက်စ သံပုရာသီး လက်ကျန်ကို ကိုက်စားလိုက်သောအခါ ...

''ဟင် ...''



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ .. သမီးမြပို ... ချိလား ချဉ်လားဟဲ့"

"ချိုနေတယ် အဖေ"

"ဟော ..."

သည့်နောက် ... ဖခင်လုပ်သူက သူ့သမီးအပြောကို မယုံ၍ ဇနီးစားပြီးလက်ကျန်ကို ယူစားကြည့်လိုက်သောအခါ စောစောကချဉ်နေသော သံပုရာသီးသည် သူ့မိန်းမပြောသလို မရမ်းချိုသီး၊ လိမ္မော်သီးစားရသကဲ့သို့ ချိုနေသည်ကို အံ့ဖွယ်ခံစား သိရှိလိုက်ရလေသည်။

[ ၃၀ ]

❑

ပြောရလျှင် ... အရူးကိုခြောက်ပေ ပြုပြင်ပြောင်းလဲမှုလေးများ ထူးခြားစွာ ပြုမူဆောင်ရွက်လာသည်ကို ကျွန်ုပ်ရော၊ ကိုပွေးထူပါ မြင်ရစပြုလာ၏။

ကိုခြောက်ပေ လူအချို့နှင့် စကားစမြည်ပြောလာသည်ကို မြင်ရ၏။ အထူးသဖြင့် လူငယ်လူရွယ် ကာလသားများက သူ့ကို ခင်မင်လေးစားကြ၏။ လာရောက်တွေ့ဆုံ စကားပြောကြ၏။ သူစကားပြောသာ၍ ကျွန်ုပ်တို့ လွန်စွာဝမ်းသာရ၏။

သို့နှင့် ...

လူငယ်လူရွယ်များကို ပဋ္ဌလက် မျက်လှည့်ဆန်သော ပျော်စရာ အံ့သြစရာကိစ္စလေးများကို ပျော်ရွှင်စေခြင်းအလို့ငှာ မကြာခဏ ပြသလေ့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါကလည်း လူငယ်များက မရမကပြောမှ တိုက်တွန်းမှုပြု၏။

ပြကွင်းပြကွက်များကား နိုင်ငံကျော်မျက်လှည့်ဆရာကြီး ဆရာပီကိုလာတို့၊ ဆရာပဏ္ဍဝက်လို ပျောက်၊ ရောက်ပညာမျိုး ဖြစ်၏။

ကျွန်ုပ် ချဉ်းကပ်လေ့လာ သိရှိရသလောက်ဆိုမူ ... ကိုခြောက်ပေရဲ့ မနောအာရုံသည်လည်းကောင်း၊ နှုတ်ထွက်စကားတို့သည်လည်းကောင်း ...

တစ်ခါတစ်ရံ စီး၏။ ပြောတိုင်း မှန်နေ၏။ ထင်တိုင်းပေါက်သလိုရှိ၏။ တစ်ခါတော့ ကျွန်ုပ်က မေးရ၏။ ကျွန်ုပ်ပင်မဟုတ် ကိုခြောက်ပေကို ခင်မင်လေးစားကြသော လူငယ်လူရွယ်များကပါ သိလို၍ မေးမြန်းကြခြင်းဖြစ်၏။

"ကိုခြောက်ပေ"

"ခင်ဗျာ ... ဆရာမှိုင်း"

"ကိုခြောက်ပေကို မေးစရာရှိတယ်ဗျာ"

"မေးလေဆရာ ... ဖြေလို့ရတာ ကျွန်တော်ဖြေပါ့မယ်"

"ကိုခြောက်ပေ ဒီလို ပဉ္စလက်ဆန်ဆန်၊ ဂမ္ဘီရဆန်ဆန် ပညာရပ်တွေ ဘယ်လိုလုပ်ရလာသလဲဗျာ"

"မသိဘူးဆရာ။ ကျွန်တော်သိသလောက်တော့ ကျွန်တော်မျက်စိအာရုံရယ်၊ မနောအာရုံရယ်မှာ အမြင်ပုံရိပ်တွေ တစ်ခါတစ်ခါ ပေါ်လာတယ်။ အဲဒါ ပြောချင်စိတ်ပေါက်ရင် ပြောချလိုက်တာပဲ"

"သမထတန်ခိုး၊ ကမ္မဋ္ဌာန်းတန်ခိုး ကြောင့်လည်း နေမှာပဲဗျ"

"ထင်တာပဲဆရာ"

"အမြဲတမ်းဖြစ်နေ သိနေသလားဟင်"

"အဲဒီလိုတော့ မဟုတ်ဘူးဆရာ။ ဘယ်လိုပြောရမလဲ ... ပဋ္ဌာန်းဆက်ခေါ်မလား၊ ရေစက်ဆုံလို့လို့ ပြောရမလား၊ အခွင့်သင့်လို့လို့ ပြောရမလား၊ အဲဒီလိုမျိုး ဆုံလိုက်ကြုံလိုက်ရင် ပါးစပ်က မနေနိုင်ဘူး။ ပြောချင်တယ်။ အထူးသဖြင့် ကျွန်တော် မျက်စိအာရုံ၊ မနောအာရုံမှာ အထင်အရှားပုံစံမျိုး ထင်မြင်လာရင် မပြောပဲမနေနိုင်ဘူး။ ဒါ ... ငါ ကယ်တင်





ရမှာပါလားဆိုပြီး ပြောမိရော"

"ဒါဆို ... ခင်ဗျား မှတ်ဉာဏ်ပြန်ကောင်းတုန်းလေး သတိရတဲ့ ခပ်ဆန်းဆန်း အဖြစ်အပျက် တစ်ခု၊ နှစ်ခုလောက် ပြောပြစမ်းပါဗျ"

"ဆရာ ဘာလို့ သိချင်ရတာတုံး"

"ကျွန်တော်က ဂမ္ဘီရစာရေးဆရာလေဗျာ။ စိတ်ပါဝါရဲ့ ထူးခြားစွမ်းအင်ကြောင့် ဖြစ်ပေါ်လာတဲ့ ကောင်းကျိုးဆိုးကျိုးကို မှတ်တမ်းတင်ချင်လို့ပါ"

ဒီမှာ လူငယ်များကလည်း ဝင်ပြောကြသည်။

"ဟုတ်တယ် ... ကိုကြီးခြောက်ပေ။ ကျွန်တော်တို့လည်း ခပ်ဆန်းဆန်း အဖြစ်အပျက်တွေ ကြားချင်တယ်ဗျ"

"ကျွန်တော်ပြောတော့ရော ခင်ဗျားတို့က ယုံမှာလားဗျာ"

"ယုံပါတယ်ဗျာ။ ခင်ဗျား မမှတ်မိတော့တဲ့ ခင်ဗျားရဲ့ ထူးဆန်းဖြစ်စဉ်တွေက ဟောဒီမြို့ကလေးမှာ အံ့ဖွယ်ပုံပြင်အဖြစ် ကျန်ရစ်နေတာ မနည်းဘူးဗျ"

"ဟုတ်လား ..."

"သိပ်ဟုတ်ပေါ့ ဆရာရယ်"

"ကျွန်တော်က လုပ်ကြံဖန်တီးပြီး ကြွားသလိုမျိုး ပြောနေရင်ရော ဆရာတို့၊ ညီတို့က ယုံမှာလား"

"ဟား ... ဟား ... ဟား ... ဟား ... အရှုးခြောက်ပေခေါ် မောင်ခြောက်ပေ ... ကိုခြောက်ပေရဲ့ သီလ၊ သမာဓိကို ကျုပ်တို့ နားလည်ပါတယ်ဗျာ"

ကျွန်ုပ်က ဒီလို ပွင့်ပွင့်လင်းလင်း ပြောလိုက်သောအခါ ကိုခြောက်ပေက စဉ်းစားသလိုလုပ်ပြီးနောက် သူကြုံခဲ့ရသည့် ဇာတ်လမ်း[illegible]ကို စတင်၍ ပြောပြလေသည်။

"ဒီလို ဆရာမှိုင်းရဲ့။ ကျွန်တော့်ဘဝဖြစ်စဉ်မှာ [illegible]မြို့အကြောင်း အရာတွေကို ကျွန်တော်ခေါင်းကလေးကောင်းပြီး [illegible]ဆိတ်ငြိမ်သက်နေချိန်မှာ အစအဆုံးမှတ်မိတယ်။ ခေါင်းထဲမှာ နောက်သလိုဖြစ်လာချိန်က



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ဦးက ကျွန်တော့်ကို ထိုင်မနေနဲ့၊ မင်းပျောက်သွားလို့ နားဝကပ်ပြီး အမိန့်ပေးနေသလိုမျိုးကြားရရင် ကျွန်တော် နေလို့ထိုင်လို့ မရတော့ဘူး။ ပြီး . . . ကျွန်တော့်ဘဝမှာ ပြန်ပြင်ဆင်လို့မရတော့တဲ့ အတိတ်ဒဏ်ရာဝေဒနာတစ်ခု ရှိခဲ့ဖူးတယ်ဆရာ''

''ကျွန်တော့်ကို ပြောပြလို့ရမလားဟင်''

''အဲဒီအကြောင်းကို ကျွန်တော် အသက်နဲ့ခန္ဓာ တည်မြဲနေသမျှ ဘယ်သူ့ကိုမှ ပြောမပြပါဘူးဆရာ။ သို့သော် . . . ကျွန်တော်သေဆုံးသွားတဲ့ တစ်နေ့ကျရင် ဆရာတို့ကို ပြောပြမည့်သူ တွေ့ရပါလိမ့်မယ်။ တစ်နေ့ . . . ကျွန်တော် မတွေ့ချင်၊ ရင်မဆိုင်ချင်၊ စကားမပြောချင်တဲ့ လူတစ်ယောက်ကြောင့် ကျွန်တော်မှီခိုအားထားရာ ကျွန်တော့်ရဲ့ ဘူမိနက်သန်လို့ စွဲမှတ်ထားတဲ့ ဟောဒီကွန်းခိုရာ သချိုင်းကနေ ရုက်ရွံ့ထိတ်လန့်စွာ ပြေးရှောင်သွားချိန်ပေါ့ . . .''

''မိန်းမကြောင့်လား . . . ယောကျ်ားကြောင့်လားဗျာ . . .''

''ဒါတွေ မမေးပါနဲ့ဆရာ။ အတိတ်ရဲ့ဇာတ်သိမ်း ကန့်လန့်ကာချထားပြီးသားကို ကျွန်တော် ဘုရားကန်တော့ခန်း၊ နတ်ကန်တော့ခန်းနဲ့ ပြန်မဖွင့်ပါရစေနဲ့''

''ဆောရီး . . . ကိုခြောက်ပေ။ ကျွန်တော်ဆန္ဒစောပြီး အမေးမှားသွားတာကို တောင်းပန်ပါတယ်ဗျာ . . . ဆက်ပြောပါ''

''အဲဒါ စိတ်ညစ်ညစ်နဲ့ ရောက်ချင်ရာရောက် ပျောက်သွားလိုက်တာ အလွန်ဝေးတဲ့ မြို့တစ်မြို့ကို ရောက်သွားရောဗျာ။ ကြံရာဇရပ်မှာ အိပ်လိုက်၊ ကြုံရာဘုန်းကြီးကျောင်းမှာ ဝင်စားလိုက်၊ သချိုင်းကုန်းတွေ ဝင်အိပ်လိုက်၊ ဝင်နားလိုက်၊ ဘုရားစာတွေရွတ်လိုက် လုပ်နေတာ . . . ရောက်ရာအရပ်ကလူတွေက ကျွန်တော့်ကို အကဲခတ်ကြတယ်။ အချို့က နာမည်၊ လိပ်စာ၊ နေရပ်၊ မိဘများကို မေးတယ်။ အဲဒီထဲမှာ ယောဂီဝတ်လည်းပါတယ်။ ရသေ့လိုလူပုဂ္ဂိုလ်လည်း ပါတယ်။ ဘုန်းကြီးရဟန်းနဲ့ ကုလားဆာဒူးလိုလူမှသည် ရဲလိုလို၊ စုံထောက်လိုလို လူအထိပါကြသပေါ့ဗျာ။





ကျွန်တော်ကလည်း မသိဘူးပြောတာ များတယ်ဗျ။ တစ်ခါတစ်ခါ စိတ်အရှင်းပေါက်ရင် ရွှေဘတို့၊ တင်ညွန့်တို့၊ ကျော်ဆွေတို့ စသည့် ရုပ်ရှင်မင်းသားနာမည် တစ်မျိုးပြီးတစ်မျိုး ပြောပြလိုက်ရော စိတ်ညစ်ကုန်ပါရော . . .။

''ဘာဖြစ်လို့ ပျောက်သွားနေတာလဲတဲ့''

''ခြေထောက်ပါလို့ ပျောက်သွားနေတာလို့ ပြောရတာပေါ့''

''မှတ်ပုံတင်ရောတဲ့''

''မှတ်ပုံတင်က အလုပ်အကိုင်ရှိသူများ၊ အိမ်ခြေရာခြေ အတည်တကျ ရှိသူများအတွက်လိုအပ်တာ ကျုပ်ဘဝမှာ ဘာမှတ်ပုံတင်မှ မလိုဘူး။ အပ်လည်း မပါဘူး၊ သေနတ်လည်း မပါဘူး။ ဓားလည်း မပါဘူး။ ဘုရားတရားပဲ ပါတယ်။ ကြိုက်သလို လုပ်ကြလို့ပြောလိုက်တော့ ဘယ်သူမှဘာမှ မပြောကြတော့ဘူး။

ဒါနဲ့ တစ်ရွာဝင်တစ်ရွာထွက် ပျောက်သွားလိုက်တာ ရယ်စရာလည်းကောင်းရဲ့ ဆရာရဲ့။ ရွာတစ်ရွာအရောက်မှာ ရွာတော်ရှင်နတ်ကွန်းက နတ်ရုပ်ကြီးကိုကြည့်ပြီး ကျွန်တော်က လက်ညှိုးထိုးရယ်နေတာကို နတ်ကတော် ဒေါ်ပိန်တာရိုးဆိုတဲ့မိန်းမကြီးက ဘယ်လိုထင်သလဲ မသိဘူး။ ကျွန်တော့်ကို ရိုရိုသေသေ ထိုင်ကန်တော့တယ်''

''ကိုယ်တော်လေး ဘယ်ကကြွလာပါသလဲ ဘုရား''

''ဘယ်သူ့ကိုပြောတာတုံး''

''ကိုယ်တော် မောင်ကြီးကိုပြောတာပါရှင့်''

''ကျုပ်ကို . . .''

''မှန်ပါ့ . . . ကိုတော်လေး ဘုရား''

သူပဲ ရူးသလား . . . ကျုပ်ပဲ ရူးသလား . . . မစဉ်းစားတတ်ဘူး။ ကျွန်တော့်ကို ရိုရိုသေသေ လက်အုပ်ချီပြီး ကန်တော့နေတာ . . .

ဒါနဲ့ မေးရရော . . .

''အဒေါ်ကြီးက ကျုပ်ကိုသိလို့လား''

''သိပါတယ် ဘုရား''



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား မလုပ်ပါနဲ့။ ကျုပ် ဘုန်းကြီးမဟုတ်ဘူး ... ရှင်ဘုရင် မဟုတ်ဘူး ... မင်းညီမင်းသား မဟုတ်ဘူး ... လန်ကွတ်တီဝတ်ထား တဲ့ လူ။ နေပါဦး ... ကျုပ်ကို ခင်ဗျားက ဘယ်လိုလုပ်သိသတုံး"

"မနေ့တုန်းက သမီးတော်ကြီး မိုးသောက်ခါနီး အိပ်မက်ဆန်း တစ်ခုမက်ပါတယ် ... ကိုယ်တော်လေးဘုရား။ အိပ်မက်ထဲမှာ ဟောဒီ မြေညောင်ပင်စောင့်နတ်မင်းကြီးက ပြောပါတယ်။ ဟဲ့ ... မိပိန်တာ မိုးလင်း ရင် လူထူးလူဆန်းတစ်ဦး နတ်ကွန်းရှေ့ရောက်လာလိမ့်မယ်။ မခန့်လေးစား မလုပ်လေနဲ့။ ရိုရိုသေသေ လေးလေးစားစား ဆက်ဆံလို့ ပြောပါတယ် ကိုယ်တော်လေးရှင့်။ ဆက်ဆံရင် ဘာဖြစ်မှာတုံး နတ်မင်းကြီးလို့ ပြန်မေး တော့ ... ကောင်းမွန်စွာဆက်ဆံရင် (၇)ရက်အတွင်း ကနားကြီးအလှူရှင် ပေါ်လာလိမ့်မယ်။ မခန့်လေးစားလုပ်ရင် နင်အိပ်ရာထဲ လဲလိမ့်မယ်လို့ အိပ်မက်ပေးပြီး ပျောက်သွားပါရော။ အခု မိုးလင်းရော ကိုယ်တော်လေး ကြွရောက်လာတာပဲ။ ကိုယ်တော်လေး ပွဲတော်တည်တော့မလား ဘုရား"

ခက်ပါ့ဗျာ ... ကျုပ် သူ့ဟန်ပန်၊ အမူအရာ၊ အပြောအဆိုကို ကြည့်ပြီး ဝိုရှုးချင်သလို ဖြစ်နေတယ်။

ကျုပ်ကို သူက ...

မင်းညီနောင်လား ...

ကိုးမြို့ရှင်လား ...

ပခန်းကိုကြီးကျော်လား ...

ဒါမှမဟုတ် ... မြင်းဖြူရှင်လို့များ မှတ်နေလားမသိဘူး။

နတ်နဲ့တူတဲ့ ချပ်ဝတ်တန်ဆာ ကျွန်တော့်မှာ ဘာမှမရှိဘူး။ ဦး ဆောင်းတော်လည်း မရှိဘူး။ ရင်စည်းပုံလည်း မရှိဘူး။ ပဝါပေါင်းလည်း မရှိဘူး။

တောင်ရှည်ပုဆိုးနဲ့ အတွင်းခံဘောင်းဘီလည်း မရှိဘူး။

ကျုပ်မှာရှိတာ နံငယ်တို လန်ကွတ်တီပဲ။

အကျႌဝေးလို့ စွပ်ကျယ်စုတ်တောင် မကပ်ဘူး။ ဒီမှာပဲ မိန်းမကြီး က ထမင်းဟင်းများနဲ့ မုန့်ဖြူ၊ မုန့်နီ၊ မုန့်မျိုးစုံထည့်ထားတဲ့ ဆွမ်းအုပ်





ကြီးကို မလာပြီး ...

"သုံးဆောင်တော်မူပါ ကိုယ်တော်လေးဘုရား"

"မြိန်မြိန်ရှက်ရှက် သုံးဆောင်တော်မူပါ"

"ဟောဒါက ... ရေကြည်တော်ပါဘုရား"

သူ့ကြည့်ရတာ စိတ်နံ့ပုံတော့ ရရဲ့ခင်ဗျ။ ပုံစံက နတ်ကို လွန်စွာ ကြောက်ရွံ့ကိုးကွယ် အားကိုးသူပုံစံမျိုးကို။

ဒါနဲ့ကျွန်တော်လည်း မြို့စဉ်ရွာစဉ် လှည့်လျှောက်သွားနေတော့ ပင်လည်းပင်ပန်း၊ ဆာလည်းဆာနေရောမို့လား ...

မထူးပါဘူး ... ငါ့ကုသိုလ်ကံနဲ့ငါ စားရက်ကြုံလို့ ပုဂံရာဇဝင် ထဲကလို စောင်ချမ်းပင်နတ် ကြိုပြီနဲ့တူရဲ့ဆိုပြီး အားရပါးရ တီးမယ်လုပ် ရော ...

နတ်ကွန်းအောက်ကို အလွန်အသက်ကြီးလှတဲ့ ဘုန်းတော်အိုကြီး တစ်ပါး ကြွရောက်လာပါရော ခင်ဗျ ...

သပိတ်လေးပိုက်လို့ ...

အိုမင်းရွတ်တွ ရဟန်းအိုကြီးပါဗျာ။ သက်တော်ရာကျော်မလား မသိဘူး။ ခါးကလည်း ကုန်းသေးရဲ့။ ပါးစပ်မှာ သွားမရှိဘူး။ သွားဖုံးသား ချည်းပဲ"

သူက ကျုပ်ကိုကြည့်ပြီး ပြောတယ် ...

"ဒကာ ... သောက်ရေတစ်ခွက် ကပ်ပါကွယ်"

ဒါနဲ့ ရေတကောင်းက ရေကို ယွန်းခွက်ထဲငှဲ့ပြီး ရိုရိုသေသေ ကပ် လိုက်တယ်။

"အရှင်ဘုရား ... ဘယ်ကျောင်းကပါလဲ ဘုရား"

စကားမပြန်ဘူး။ နှုတ်ဆိတ်လို့ ရယ်နေတယ်။

"ဘွဲ့အမည် ဘယ်လိုခေါ်ပါသလဲ ဘုရား"

ပြန်မပြောဘူး။ ကျွန်တော့်ကို မြူးပြီး ကြည့်နေတယ်။

"ဆွမ်းကွမ်း ပြည့်စုံပါရဲ့လားဘုရား"

အဲဒါလည်း ဘာမှပြန်မပြောဘူး။ မြူးနေတာပဲ။ နားများမကြား



www.burmeseclassic.com

www.burmeseclassic.com



လို့လားမသိဘူး။ သက်နံ့လည်း စိုရွှဲနေတာပဲ။ ချွေးစိုရွှဲတာလား။ ရေစိုရွှဲတာလား ... ကျွန်တော် မသိဘူး။ တစ်ချက်တစ်ချက် ကောင်းကင်ကို မော့မော့ကြည့်နေတယ်"

ကောင်းကင်မှာ စူးရှတဲ့ နေမင်းပဲရှိတယ်။

ကျွန်တော် သူ့ရဲ့ အသွင်ဟန်ပန်ကို စဉ်းစားရရော။ နေက မွန်းတည့်တော့မယ်ကိုး။ ဒါနဲ့ ကျွပ်စားဖို့ နတ်ကတော်ကြီး ဖန်တီးပေးတဲ့ ပွဲတော်အုပ်ကို မ,ပြီး ...

"အရှင်ဘုရား ... ဟောဟိုက သစ်သားကွပ်ပျစ်ပေါ် ကြွပါဘုရား။ ဤဆွမ်းကို အလှူခံပါဘုရား"

"သာဓု ... သာဓု ... သာဓု ... ဒကာ သာဓု"

ဒီလိုပြောပြီး လုံးဝ မငြင်းဆန်ဘူး။ ကွပ်ပျစ်ပေါ်မှာ တင်ပျဉ်ခွေထိုင်ပြီး ကျွန်တော်ကပ်သည့် ဆွမ်းအုပ်ကို ဦးစွာ ဘုရားရှင်ထံ ရည်စူးကပ်လှူနေတယ်။ ပြီးမှ လက်ဆေးလို့ ဖြည်းညင်းစွာ ဘုဉ်းပေးနေတယ်။

သူ ဆွမ်းဘုဉ်းပေးနေပုံဟာ အလွန်ကြည်ညိုစရာ ကောင်းတယ်။ ကျွ်ာစိတ်ထဲမှာ ရှင်အရဟံကိုယ်တော်မြတ်ကြီးလား ...

ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးလား ...

ရှင်သီဝလိကိုယ်တော်မြတ်ကြီးလားပေါ့။

ကြည်ညိုသဒ္ဓါပွားနေလိုက်တာပေါ့ဗျာ။ သူက ဆွမ်း (၁၀)လုပ်ခန့် ဘုဉ်းပေးပြီး ကျွန်တော့်ကို ပြန်စွန့်တယ်။

"ဒကာကြီး"

"ဘုရား"

"ဒကာမကြီး"

"အရှင်ဘုရား"

"ဒီနေ့ ဒကာမကြီးတို့ အရပ်၊ နတ်ကွန်းရှိရာကို လူထူးဆန်းများ ရောက်လာလိမ့်မယ်လို့ အိပ်မက်မမက်ဘူးလား"

"ရှင် ... အဲ ... အဲ ... ဘုရား ... ဘုရား"

နတ်ကတော် ဒေါ်ပိန်က ဘုန်းကြီးအိုကြီးရဲ့ မိန့်စကားကြောင့်





အလွန်အံ့ဩသွားပါရောဗျာ။ ပါးစပ်ကို ဟ,လို့။ ကျွန်တော်လည်း အံ့ဩသွားရတာပေါ့။

"ကိုင်း ... ဆွမ်း အနုမောဒနတရားလေး နာလိုက်ပါဦး"

ဒါနဲ့ ကျွန်တော်လည်း နံ့ငယ်တို့ကို လှံ့အောင်ဖုံးပြီး ဒေါ်ပိန်တာနဲ့ ဆွမ်းတရားနာလိုက်ကြရောဗျ။

"ဘုရားရှင်ကိုရည်စူး၍ လှူရသောဆွမ်း။ သံဃာကိုရည်စူး၍ လှူရသောဆွမ်း။ လူပုဂ္ဂိုလ်ကိုရည်စူး၍ လှူရသော စားဖွယ်အဖျော်ယမကာတဲ့။ အခု ဒကာကြီးကို ဒကာမကြီးက အစာထမင်းဒါနလှူတယ်။ ဒကာကြီးက ဘုန်းကြီးတစ်ဆင့်လှူတယ်။ သံဃာကိုရည်စူးပြီး လှူတာ။ ဘုန်းကြီးက ထပ်ဆင့်ပြီး ဘုရားရှင်ကို လှူဒါန်းတယ်။ ဒါ ပွင့်တော်မူပြီးသော ဘုရားလေးဆူကိုရည်မှန်းလို့ ဆွမ်းဆက်ကပ်တာ မဟုတ်ဘူး။ သဲစေ့မက ပွင့်တော်မူပြီးသော သစ္စာလေးပါးမြတ်တရားကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ပိုင်းခြားသိမြင်တော်မူတဲ့ ဘုရားရှင်များကိုရည်စူးပြီး လှူဒါန်းတာ။

ဒီလိုပဲ ... ဒကာတို့ ဒကာမကြီးတို့ကလည်း ဟောဒီဘုန်းကြီးအိုသံဃာကြီးတစ်ပါးကို ရည်စူးပြီး လှူတယ်လို့မမှတ်နဲ့။ သဲစေ့မကပွင့်တော်မူပြီးသော ဘုရားရှင်အဆက်ဆက်တို့လက်ထက်က ရှိခဲ့ပြီးသော ရှိနေဆဲဖြစ်သော ရဟန်းသံဃာအားလုံးကို ရည်စူးပြီးလှူတယ်လို့ သဘောပိုက်မှတ်ယူလိုက်ရင်း တစ်ပါးလှူကုသိုလ်ထက်ပိုပြီး ကုသိုလ်တွေမြောက်မြားစွာ ရကြရရော။

အဲဒီကုသိုလ်ရဲ့အကျိုးကြောင့် ဒီနေ့ဒီအချိန်ကစလို့လည်းကောင်း၊ နောင်ဘဝမှာလည်းကောင်း၊ အငတ်ဘေးကနေ လုံးဝကင်းဝေးပြီး မရှိဘဝနဲ့ စိတ်ရောကိုယ်ပါ ချမ်းသာရပြီလို့ ယုံမှတ်လိုက်ပေရော့ ... ဒကာကြီး ဒကာမကြီးတို့။

ကိုင်း ... ဤပြုသမျှ ကောင်းမှုဒါနအကျိုးကြောင့် အနာကင်းလှခြင်း၊ ချမ်းသာခြင်း၊ ဉာဏ်ပညာကြီးမားခြင်း၊ အသက်နှင့်ခန္ဓာ ရှည်စေစဉ်ကာလ ဘုန်းတန်ခိုးကြီးခြင်း၊ ရန်သူမျိုးငါးပါးရန်မှကင်းဝေး၍ နိဗ္ဗာန်ချမ်းသာသို့ မျက်မှောက်ပြုနိုင်ကြပါစေဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"သာဓု ... သာဓု ... သာဓုပါဘုရား"

"သာဓု ... သာဓု ... သာဓု ပါအရှင်ဘုရား"

သည့်နောက် ဘုန်းကြီးအိုကြီးဟာ သပိတ်လေးပိုက်ပြီး ရွာပြင်ကို ပြန်ကြွသွားလေရဲ့ဗျာ ...

"ကိုင်း ... ဒေါ်ပိန်တာ"

"ရှင် ... ကိုယ်တော်လေး"

"ဒီမှာ ဒေါ်ပိန်တာ ကျုပ်ကို ကိုယ်တော်လေးလို့ မခေါ်နဲ့ဗျာ"

"နို့ ... ဘယ်လိုခေါ်ရမှာတုံး"

"ငါ့တူလို့ ခေါ်ပေါ့ဗျာ"

"ငါ့တူ ... အဲ ... အဲ ... ကိုယ်တော် ... အဲလေ ... ငါ့တူမှာ နာမည်အရင်း မရှိဘူးလား"

"ရှိတယ် ... ကျုပ်မေ့နေတယ်"

"ဟင် ... ဒါနဲ့ငါ့တူက ဘယ်အရပ်သားတုံး"

"အခုရောက်နေတဲ့ အရပ်သားပဲပေါ့ဗျာ"

"အကျိုမဝတ်ရတာ မရှိလို့လား"

"အကျိုဝတ်လို့မရဘူး"

"အလို ... ဘာလို့ပါလိမ့် ငါ့တူရယ်"

"အသားယားလို့"

"အလိုလေးတော် ... ဒီလိုလူမျိုး ဒီတစ်ခါပဲ ကြုံဖူးပါကွယ်"

"ကိုင်း ... ဒေါ်ပိန်တာ ဒေါ်ပိန်တာကို ကျေးဇူးတင်တယ်ဗျာ။ ကျွန်တော် ဒီညောင်ပင်အောက်မှာ တစ်ရေးအိပ်ချင်တယ်ဗျာ"

"အိပ်ပါ ... အိပ်ပါ ... ကိုယ်တော် ... အဲလေ ... ငါ့တူရယ်။ ကြိုက်သလိုအိပ်ပါ။ အဒေါ်လည်း ရွာထဲမှာ ဆွဲအုန်းလဲပေးစရာအိမ်များရှိလို့ သွားလိုက်ပါဦးမယ် ... မောင်ရင်လေး ... ညနေစာ အဒေါ်ကြီးယူလာခဲ့မယ် သိလား"

"အင်း ... အင်း ..."

နတ်ကတော်ကြီး ဒေါ်ပိန်တာရိုးလည်း ဆွမ်းအုပ်ကြီးပိုက်ပြီး ပြန်





ရော ကျွန်တော်လည်း ကွပ်ပျစ်ပေါ် ခေါင်းချလိုက်တာနဲ့ အိပ်ပျော်သွားရော။

အိပ်ပျော်သွားတာနဲ့ အိပ်မက်ဆန်းတစ်ခုကို မက်ပါ့ရောခင်ဗျ။

အိပ်မက်ထဲမှာ လူသုံးယောက်ကို အင်းခွေးနက်ကြီးသုံးကောင်ဝိုင်းကိုက်နေသည့်မြင်ကွင်း ...

ခွေးကိုက်ခံရတဲ့ လူသုံးယောက်မှာ တစ်ယောက်က ဘောင်းထုံးနဲ့ အသက်ကြီးကြီး၊ နှုတ်ခမ်းမွေးကားကားကြီးနဲ့။

တစ်ယောက်က ခေါင်းတုံးနဲ့ ဂင်တိုတို၊ အရပ်ပုပု။

နောက်ဆုံးတစ်ယောက်က ပိန်ပိန်ပါးပါး၊ ပါးစပ်ပြဲပြဲ။ သုံးယောက်စလုံး လူရုပ်မပေါ်အောင် သွေးသံရဲရဲ အဝတ်အစားများ စုတ်ပြတ်လို့။

သူတို့သုံးဦးရဲ့ အော်ဟစ်သံများဟာ ကမ္ဘာပျက်သလိုဖြစ်နေတာကိုကြားရပြီး ကျွန်တော် လန့်နိုးသွားချိန် ...

မျက်လုံးဖွင့်ကြည့်လိုက်ရော ...

ဘုရားရေ ...

လူသုံးယောက် ကျွန်တော့်မျက်နှာကို ငုံ့စိုက်ကြည့်နေကြတယ်။ အလိုလေး သူတို့သုံးယောက်မျက်နှာကိုကြည့်ပြီး ကျွန်တော် အံ့ဩလွန်းလို့ ပါးစပ်ဟသွားပါရော ... ဆရာမှိုင်းရေ။

ဘာကြောင့်လဲ ဟုတ်လား။

ဘုရား ... ဘုရား ... ဟုတ်မှဟုတ်ရဲ့လားလို့တောင် တွေးယူရတယ်။

ကြည့်စမ်းဗျာ။ ကျွန်တော့်မျက်နှာကို ငုံ့ကြည့်စူးစမ်းနေကြသူ သုံးယောက်ဟာ အခြားလူတွေ ဟုတ်ရိုးလားဗျာ။ ကျွန်တော် အိပ်ပျော်သွားတုန်း မြင်မက်လိုက်တဲ့ အိပ်မက်ထဲက လူသုံးယောက်ဖြစ်နေလို့ပဲဗျို့။

ကြည့်စမ်း ...

တစ်ယောက်က ဘောင်းထုံးနဲ့ နှုတ်ခမ်းမွေးကားကားနဲ့လူ။

ဒုတိယလူက ခေါင်းတုံးနဲ့ အရပ်ပုပု၊ ဂင်တိုတို၊ ဂျစ်တစ်တစ်ရုပ်။

တတိယမြောက်လူက ပိန်ပိန်ပါးပါး အရုပ်ရှည်ရှည်၊ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



အရပ်နီးပါးရှည်တဲ့လူ ခင်ဗျ။ လက်မောင်းနှစ်ဖက်မှာ နဂါးရုပ်ဆေးမင် အရုပ်ထိုးလို့ ...

"မင်း ဘယ်ကလဲ"

"အင် ..."

"မင်းဘယ်ကလဲလို့ မေးနေတာ။ နားချင်လို့လား"

"မသိဘူး"

"ဖြန်း ..."

"အား ..."

သျှောင်ကြီးဖွေက ကျွန်တော့်ပါးကို လှမ်းရိုက်လိုက်ပြီး ဆံပင်ကျစ်ပိန်းကိုဆောင့်ဆွဲလို့ ထူလိုက်တယ်။ ကျွန်နှစ်ယောက်က ခါးထောက်ပြီး ဝိုင်းလို့။

"မင်းနာမည်"

"မသိ ..."

"ဖြန်း"

"မင်းဘယ်နယ်ကလဲ"

"မသိ ..."

"ခွပ်"

"အင့် ... အား"

"မင်း ငါတို့ကိုသိလား"

"သိတယ်"

"ဖောင်း"

"အင့် ..."

"ခွပ်"

"အား ..."

"ပြောစမ်း ... ဘယ်မှာသိလဲ။ မြင်ဖူးလဲ ... ပြောလေ"

"အိပ် ... အိပ်မက်ထဲ ... ထဲမှာ ... အား ... ကျွတ် ... ကျွတ် ..."





ပါးစပ်က သွေးတွေစီးကျလာတယ်။ မျက်နှာတစ်ပြင်လုံး ထိုးနှက်ခံရလို့ နာကျင်နေပြီ။

"ခင်ဗျား ဘာလို့ ပြန်မခုခံတာလဲ"

"ခုခံချင်စိတ် မရှိဘူး။ သူတို့သုံးဦးကိုကြည့်ပြီး ရင်ထဲမှာ စိုးရိမ်သလို၊ သနားသလိုဖြစ်နေတယ်"

"ရှားပုံ ... ကိုခြောက်ပေရော။ ဒါနဲ့ ..."

သူတို့ကပြောတယ် ... အိပ်မက်ထဲမှာ မြင်ဖူးတယ်တဲ့လို့ပြောပြီး ခွက်ထိုးခွက်လန်ရယ်ကြပါရော။ ပြီး ... ကျွန်တော့်ရဲ့ ဝတ်စားဆင်ယင်ပုံကို ဝိုင်းကြည့်ကြတယ်။

"မင်းမှာ ဓိုက်ဆံပါလား"

"မပါဘူး"

"မင်းက ခရီးတစ်ဖွဲ့ကလား"

"မဟုတ်ဘူး"

"ဆရာမိုး ... အရူးနဲ့တူပါတယ်ဗျာ"

"ယုံလို့ မရဘူးကွ။ အယောင်ဆောင်တွေ များတဲ့ခေတ်။ မင်းဒီရွာမှာ အသိအကျွမ်းဆွေမျိုးရော ရှိသလား"

"မရှိဘူး"

"မင်းနှင်ယ်ပိုင်း ငါတို့ပေးလိုက်မလား"

"ကျုပ်က ဘယ်လိုနေရမှာလဲ"

"ကိုယ်လုံးတီးလျှောက်သွားပေါ့ကွ ... ဟား ... ဟား ... ဟား ဟား"

"ရက်စရာကြီး မလုပ်ပါနဲ့"

"အံမယ် ... အရူးက ရက်စရာကြီးတဲ့ ... အဟတ် အဟတ် အဟတ်"

"ဟား ... ဟား ... ဟား ... ဟား ... ဘုတို ကုန်ချင်းလဲ ဝတ်လိုက်ပါလား"

"လူကြီးမင်း နာနေပါဦးမယ် ဆရာမိုးရော ... ဟား ... ဟား



www.burmeseclassic.com

www.burmeseclassic.com



ဟား ... ဟား"

သူတို့ဟာ ကျုပ်ရဲ့အသွင်အပြင်ကို ကြည့်ပြီး ရယ်လိုက်လှောင်ပြောင်လိုက်၊ လက်နဲ့တွန်းလိုက်၊ ဆံပင်ကို ကိုင်ဆွဲဆွဲဆောင့်နဲ့ စော်ကားသလိုလုပ်နေကြပေမင့် ကျုပ်သူတို့အပေါ် မေတ္တာလုံးဝ မပျက်ပါဘူး။

"ဒီမှာ ပေ့ကောင် ... အရူး"

"ဗျာ ..."

"မင်းကို ငါတို့ ဒီရွာဒီဝန်းကျင်မှာ လုံးဝ မမြင်ချင်ဘူး။ မင်း ခုချက်ချင်း ထွက်သွား။ နောင်ကိုလည်း ဒီရွာဝန်းကျင်ကို လုံးဝခြေမချနဲ့ သိလား"

"အင်း"

"နောင် မင်းကို ဒီရွာဒီရပ် ဝန်းကျင်မှာမြင်ရရင် အရူးရောဘာရော နားမလည်ဘူး။ သတ်ပစ်မယ် ... ကြားလား"

"အင်း ... အင်း ..."

"မင်း ငါတို့ကို ဘာပြောချင်သေးသလဲ"

"ပြောလို့ရမလား"

"ရတယ် ... ပြော"

"ဟို ... ဟို ... ခင်ဗျားတို့ သုံးယောက်စလုံး ... ခွေး ... ခွေးအန္တရာယ်ကို သတိထားကြပါ"

"ခွေးအန္တရာယ်။ ခွေးက ငါတို့ကို ဘာလုပ်ရဲလို့လဲ။ ဒီမှာ အရူးရဲ့ ခွေးမပြောနဲ့ လူရော၊ ကျားရော၊ ဆင်ရော ဘာကိုမှ ဂရုမစိုက်တဲ့ လူတွေပါကွ။ ဟား ... ဟား ... ဟား ... ဟား ... ကိုင်း ... ငါ့လူ သွားတော့"

သူတို့သုံးဦးဟာ ကျွန်တော့်ကိုဆွဲထူပြီး ရွာပြင်ကို တွန်းထိုးနှင်လွှတ်လိုက်ကြတယ်။ အဲဒီအချိန်က နေခြစ်ခြစ်တောက် ပူနေတဲ့အချိန်ဗျာ။ ကျုပ် နေပူထဲမှာ ပထဝီဖယမန္တန်၊ မေတ္တာသုတ်ကိုရွတ်ပြီး ခြေဦးတည့်ရာကို လျှောက်သွားလိုက်တော့တယ်။

ဒီလိုနဲ့ ခုနစ်ရက်မြောက်နေ့မှာ ကျွန်တော် ပင်လယ်ဆိပ်ကမ်းက





တံငါလေ့အုပ်စုလေးရှိရာကို ရောက်သွားခဲ့တယ်။

လေ့ဆိပ်ရေဆိပ်ပါ။

လေ့သမ္မန်မော်တော်တွေ ဥဒဟို ဝင်ထွက်နေကြတယ်။ တံငါတွေက ကျုပ်ကို အလုပ်လုပ်မလားလို့ လာမေးကြတယ်။ ကျုပ်ဟာ ခေါင်းယမ်းပစ်လိုက်တယ်။

မိန်းမကြီး မိန်းမရွယ်အချို့က ကျွန်တော့်ခေါင်းပေါ်က ဆံပင်ဂျပ်ခဲကြီးကိုကြည့်ပြီး တွတ်တွတ်တွတ်တွတ် စကားပြောမေးငေါ့လုပ်ကြလို့။

ကလေးအုပ်က ဒူးပေါ်ပေါင်ပေါ် ပုဆိုးနံ့တိုနဲ့ ကျုပ်ကို 'အရူးကြီး' 'အရူးကြီး'လို့ နောက်ကနေ ဝိုင်းအော် စကြပြောင်ကြ။

ခွေးအုပ်က မျက်နှာစိမ်းမို့ ကိုက်မလို ဆွဲမလို ဟောင်ကြ။

"ကိုယ်တော်လေး ..."

"အို ... မောင်ငယ် ... ငါ့တူ ... ကိုယ်တော်လေး"

ခေါ်သံဗျ။ ဒီအသံမျိုး ... ဒီစကားလုံးမျိုး ကြားဖူးသလိုရှိလို့ လှည့်ကြည့်လိုက်ရော ...

"ဟာ ... ဒေါ်ပိန်တာရိုး"

ကြည့်စမ်း ... နတ်ကတော် ဒေါ်ပိန်တာရိုးရယ်။ လှည်းကြမ်းကြီး တစ်စီးပေါ်ကနေ အော်ခေါ်နေတာ။ မကြာဘူး ... လှည်းရပ်သွားပြီးတော့ လှည်းပေါ်ကနေ ဒေါ်ပိန်တာရိုး အားရဝမ်းသာ ခုန်ဆင်းလာပါရော။

"ကိုယ်တော်လေး ... အဲလေ ... ယောင်လို့ ... ငါ့တူရယ်။ မင်းကွယ် အသံမပေး ဘာမပေးနဲ့။ အဲ ... ဟိုနေ့က ပျောက်သွားလိုက်တာကွယ်။ အဒေါ်မှာ ငါ့တူကြီး ညစာစားရအောင်ဆိုပြီး အဲဒီနေ့က ထမင်းချိုင့်နဲ့လာရော ငါ့တူ ကိုယ်တော် ... အဲလေ ... မင်းမရှိတော့ဘူး။ ဒါနဲ့စောင်းရင်း ဟိုလူဒီလူ မေးလိုက်မြန်းလိုက်လုပ်တော့ လူသုံးယောက်နဲ့ စကားပြောနေတာမြင်လိုက်ရပြီး ထွက်သွားတယ်ဆိုတာ ကြားလိုက်ရတာကွယ်။ ခုမှပဲ ပြန်တွေ့ရတယ်။ ဒါနဲ့ ဘယ်သွားပြီး ဘယ်မှာနေတုံး"

"အဒေါ်"

"ဘာတုံး ... ကို ... အဲ ... ငါ့တူ"



www.burmeseclassic.com

www.burmeseclassic.com



"အဒေါ်တို့ရွာမှာ ကျွန်တော်ထွက်သွားပြီးနောက်ပိုင်း ဘာတွေ ထူးခြားသေးတုံး အဒေါ်"

ဒီမှာပဲ နတ်ကတော် ဒေါ်ပိန်တာရိုး သစ်ပင်အောက် ကျွန်တော့် ခေါ်သွားပြီး အားရပါးရ ပြောပါရောခင်ဗျ။

"ထူးသဟဲ့ ငါ့တူရဲ့"

"ပြောပါဦး ခင်ဗျ"

"အဒေါ် နတ်ကနားကြီး အကြီးအကျယ်ပေးလိုက်ရရောဟဲ့"

"အဒေါ့်အိပ်မက်အတိုင်း ကွက်တိပေါ့ ... ဟုတ်လား"

"အေးကွယ် ... သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များ စောင်မ, လို့ မင်းနဲ့အဒေါ်နဲ့ ရေစက်ဆုံတဲ့ အိပ်မက်ရယ်။ ရဟန်းအိုကြီးကို တို့များ စိတ်တူကိုယ်တူ ဆွမ်းကပ်ဒါနပြုခဲ့တဲ့ ကုသိုလ်ကြောင့်လားမသိဘူး တို့ရွာ လူကြီးရဲ့ယောက်ဖက ရွာတော်ရှင်နတ်ကွန်းမှာ နတ်ကနားကြီးပေးသတဲ့။ မြို့ပေါ်က အမျိုးတွေလည်းလာကြလို့ နတ်ကနားကလည်း စည်လိုက်တာ ကွယ် ... အဲ ... အဲ ..."

"ပြောပါ ... ဆက်ပြောပါ"

"နတ်ကနားပေးပြီး နှစ်ရက်မြောက်မှာ ရွာလူကြီးယောက်ဖအိမ် ဓားပြဝင်တိုက်ပါရော မောင်ရေ။ မြို့က နတ်ကနားပွဲလာတဲ့ အမျိုးအဆွေ များ ညအိပ်ညနေရှိနေကြသကိုး။ ဆွေကြီးမျိုးကြီးဆိုတော့ ရွှေနဲ့ငွေနဲ့ကိုး။ ကံဆိုးချင်တော့ ဓားပြသုံးယောက် တိုက်ရာပါပစ္စည်းယူပြီးအထွက် သူကြီး ယောက်ဖ အမျိုးများကလည်း အလစ်မှာ ပြန်ခုခံရော ဓားပြနဲ့ရွာလူကြီး ဆွေမျိုးတွေ အော်ဟစ်လုံးထွေး ဖြစ်ကုန်ပါရော။ သေနတ်သံလည်း ဆူညံ နေတာပဲ။

ဒီမှာ ရွာလူကြီးနဲ့ ရွာကလည်း ရရာလက်နက်ဆွဲပြီး လိုက်ကြ။ ရွာလူကြီး ဦးကံကြွယ်ကလည်း သူမွေးထားတဲ့ အင်းခွေးကြီးသုံးကောင် ကြိုးဖြေလွှတ်ထားလိုက်ရော။ လရောင်ပျပျ အမှောင်ထဲမှာ အင်းခွေးနက် ကြီးသုံးကောင်က ဓားပြသုံးယောက်ကို ဝိုင်းကိုက်လိုက်တာ ကမ္ဘာပျက်နေ သလား မှတ်ရတယ်။





ပြေးလို့ မလွတ်ဘူး။

အင်းခွေးကြီးသုံးကောင်ကို ရွာလူကြီး ဦးကံကြွယ်နဲ့ သူ့သားများ ဆွဲထိန်းလိုက်ရော ဓားပြသုံးယောက် သေငယ်ဇောနဲ့လူးနေတာပဲ"

"အဲဒါ ... တကယ်"

"တကယ်ပေါ့တော်။ ရွာနီးချုပ်စပ်မှာ ဟိုးလေးကျော်လို့"

"နေပါဦး ... အဒေါ်။ အဲဒီဓားပြသုံးယောက်ရဲ့ အမည်ကရော ဘယ်လိုခေါ်တုံး။ သူတို့ပုံပန်းသဏ္ဌာန်ကရော ဘယ်လိုသဏ္ဌာန်တုံးဗျ"

"အေး ... ပြောမယ်။ ဓားပြခေါင်းဆောင်ဆိုသူက သျှောင်ထုံးနဲ့ နှုတ်ခမ်းမွေးကားကားဟဲ့။ သျှောင်ကြီးဖွေငမိုးဆိုပဲ"

"ဟင် ..."

"နောက်တစ်ယောက်က အရပ်ပုပုဂင်တိုတို မျက်နှာလေးထောင့် နဲ့။ ခေါင်းတုံးကြီးနဲ့ကွယ့်"

"ဘုရားရေ ... နောက်တစ်ယောက်ကရော အဒေါ်"

"နောက်ဆုံးတစ်ယောက် အရပ်အရှည်ကြီးပဲ။ မင်းလိုအရပ်မျိုး ဟဲ့။ ပိန်ပိန်ပါးပါး ဝါးခြမ်းပြားလိုပဲ။ လက်ပေါ်မှာ နဂါးရုပ်ဆေးမင်ကြောင် အရုပ်တွေနဲ့။ သင်းတို့အားလုံး ထောင်ထွက်ဓားပြတွေချည်းပဲ။ အဲဒါ ဓားပြ အားလုံးကို မသေမရှင် ရုပ်ပျက်ဆင်းပျက် မိခဲ့ရပါရောလား။ ရွာတောင် ဂုဏ်ပြုခဲ့ရမယ်လို့ကြားရဲ့ ... ငါ့တူရေ"

နတ်ကတော် ဒေါ်ပိန်တာရိုးရဲ့ ရှင်းပြချက်ကိုကြားရော ကျွန်တော် အလွန်ကို အံ့သြသွားရတယ်ဆရာမှိုင်းရယ်။

အိပ်မက် ... အိပ်မက် ...။

နတ်ကတော် ဒေါ်ပိန်တာရိုးမက်တဲ့ အိပ်မက်ကလည်း သူ့ဘဝမှာ ကွက်တိကို ဖြစ်လာခဲ့တာပဲ။

ကျွန်တော်မက်လိုက်သည့် အိပ်မက်ကလည်း တစ်ချက်ကလေး မလွဲဘဲ ကေန်မှန်နေတာပဲ။

အဲဒီအိပ်မက်ရဲ့တန်ဖိုးကို ဘယ်လိုဖြတ်ရမှန်းမသိဘူး။ ကျွန်တော့် ရဲ့ စရဏကြောင့် ကြိုသိနေရတာလား ...



www.burmeseclassic.com

www.burmeseclassic.com



နတ်ကောင်းနတ်မြတ်များက စေ့ဆော်လို့ သိနေရတာလား ...

ကျွန်တော်မစဉ်းစားတတ်ဘူး။ ပြောရရင် ထူးဆန်းတဲ့ မနောအာရုံ အမြင်ခံစားချက်၊ အိပ်မက်ဆိုးများကြောင့် လူအချို့ဘဝကို ကျွန်တော် ကယ်ခွင့်ကြုံခဲ့ရသလို အချို့သောသူများရဲ့ ဘဝကတော့ ပြောမရတားမရလို့ သူ့ထိုက်နဲ့သူ့ကံ ကံအကျိုးပေးဆိုးခဲ့ကြရတာကို ကျွန်တော် ထူးထူးခြားခြား ဘဝမှာ ကြုံခဲ့ရဖူးပါရဲ့ဗျာ။

အရှုကိုခြောက်ပေသည် ကျွန်ုပ်တို့အား သူခရီးသွားနေစဉ် ကြုံခဲ့ရသည့် ဘဝဖြစ်ရပ်ဆန်းကို ပြောပြီး နားလိုက်သည်။

"အစ်ကို ခြောက်ပေ"

လူငယ်တစ်ဦးက ဝင်၍ မေးလိုက်၏။

"ဘာတုံး ... ညီငယ်"

"အစ်ကိုဘာလို့ ပဥ္စလက်လို မျက်လှည့်လို အံ့ဩဆန်းကြယ် ဖြစ်ရပ်ဆန်းတွေကို တစ်ခါတစ်ခါ အံ့ဩစရာကောင်းအောင် လုပ်ပြနိုင်ရတာလဲဟင်။ အစ်ကို ဘယ်မှာ သင်ခဲ့ဖူးလို့လဲ"

ဒီမှာ သူက သူ့ဆံပင်ဂျပ်ပိန်းကြီးကို လက်ဝါးချောင်းနှင့်ထိုးဖွ ပြီး ...

"အဲဒါ ... ခက်တယ်ကွ ... ငါလည်း မသိဘူး။ ငါဘာကြောင့် ပဥ္စလက်လို ဖြစ်ရပ်ဆန်းကို တစ်ခါတစ်ရံ လုပ်ပြနိုင်သလဲ ငါလည်းမသိဘူး။ ဒါပေမယ့် ငါမညာချင်ဘူးကွာ။ ကံငါးပါးကို အမြဲ ငါလုံအောင်ထိန်းပါတယ်။ တစ်ခါတစ်ရံကျရင် ငါ့စိတ်ထဲမှာ ငါပြောလိုက်သည့်ဖြစ်ရပ်တစ်ခု ဖြစ်ကိုဖြစ်ရမယ်လို့ ယုံကြည်နေတယ်။ အများအားဖြင့် ကောင်းသောနိမိတ်စကားမျိုးပေါ့"

"တစ်ခါတုန်းက အစ်ကိုကျွန်တော်တို့ကို စာကလေးတွေ ဖမ်းပြ ပျောက်ပြ ... ဖော်ပြတာရောဗျ"

"အဲဒါ ငါလုပ်ဖူးလို့လား"

"ဟုတ်တယ်ဗျ"

"ဟူး ... မှားပြန်ပြီပေါ့ကွာ။ တော်ပြီကွာ ... နောင်ကို အဲဒါမျိုး





တွေ အစ်ကို့ကို မခိုင်းကြပါနဲ့ကွာ ... နော်"

"ဘာဖြစ်လို့လဲဗျာ"

"ဘုရားမကြိုက်တဲ့ အလုပ်ကွ"

"အစ်ကိုက ဘာလုပ်ချင် ဖြစ်ချင်တာတုံးဗျ"

သူက အားလုံးရဲ့မျက်နှာကို ကြည့်ပြီး တစ်လုံးချင်း ပြောလိုက်သည်။

"အစ်ကို အလိုချင်ဆုံး အလုပ်ချင်ဆုံးက ...

အဝိဇ္ဇာတဏှာနဲ့ကင်းဝေးတဲ့ ဝိမုတ္တိလမ်းပဲ ငါ့ညီတို့"

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

# | ၃၁ |

❑

ပြောရလျှင် ... ကိုခြောက်ပေ၏စိတ်သည် နေမြင့်လေ အရှုးရင့်လေမျိုး မဟုတ်တော့။ တည်ငြိမ်စပြုလာ၏။ အရာရာကို စဉ်းစားသလို ရှိနေ၏။

လူအများနှင့် လိုက်လျောညီထွေ ဆက်ဆံလာ၏။

သူ့အကြောင်းကို လူငယ်လူကြီးများက မေးလျှင် ရယ်ပြီး မေ့ကုန်ပါပြီကွာဟု ပြောသည်ကများ၏။

တစ်ခါတစ်ခါ စိတ်လိုလက်ရရှိလျှင် သူသွားရင်းလာရင်း ကြုံခဲ့ရသည့် မှတ်မိသမျှ အဖြစ်ဆန်းများကို ပြောပြလေ့ရှိ၏။

ယုံကြည်မှုသည်လည်း ထူးဆန်း၏။

ဒါကို စိတ်ပညာရှင်တို့က စိတ်အစွဲအားကိုးဟု အမည်ပေးကြသည်လည်းရှိ၏။ ကြည့် ... စုန်းပူးသလိုလို၊ နတ်ပူးသလိုလို၊ သရဲပူးသလိုလိုဖြစ်လာလျှင် သချိုင်းကုန်းလည်း မကြောက်ကြ။





ကိုခြောက်ပေရှိရာသို့ အရောက်ခေါ်လာကြ၏။ ကိုခြောက်ပေ ကူညီပါဦးဆိုကြ၏။ ထိုအခါ ကိုခြောက်ပေက ထိုလူမမာရဲ့မျက်စိကို စိုက်ကြည့်ပြီး 'သွားတော့ကွာ' ဟု တစ်ခွန်းပဲ ပြောလိုက်လျှင် စုန်းပယောဂလိုလို၊ နတ်ပယောဂလိုလို၊ အနှောင့်အယှက်ပယောဂလိုလိုရောဂါ ချက်ချင်းပျောက်လွင့်သွား၏။

တော်ကြာ ... မိုက်နာလို့၊ မျက်စိအောင့်လို့၊ ခါးနာလို့ စသည့် ရောဂါနှင့် လူမျိုးစုံရောက်လာ၏။

ဆေးရုံဆေးခန်းသွားကြပါဟု ပြောလည်းမရ။ အစ်ကိုကြီးခြောက်ပေ ... မောင်ကြီးခြောက်ပေပဲ ကုပေးပါဟု ဖွတ်လုပ်လာ၏။

"ငါဘိုးတော် မဟုတ်ဘူးဟ"

"သိပါတယ် ... ကုသာပေးပါ"

"ငါက ပျောက်စေဆရာမှ မဟုတ်တာဟာ"

"သိပါတယ်တော် ... ကြိုက်သလိုသာ လုပ်ပေးပါ"

"ငါသမားတော် မဟုတ်ဘူးဟ"

"သိပါတယ်ကွယ် ... မောင့်ရင့်မှာ အစွမ်းအစရှိနေလို့ အားကိုးပြီး လာရတာပါ"

"ဘာအစွမ်းအစတုံး"

"မောင်ရင်က ဂုဏ်တော်မန္တန်များကို နေ့စဉ်ညစဉ် ထုံနေအောင် ရွတ်ဆိုပွားများ ကျင့်ကြံနေတော့ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော် သိဒ္ဓိများ ရနေသလိုရှိတယ်လို့ ယုံကြည်လို့ပါ"

"အဲဒါဆိုလည်း ကိုယ်တိုင်ကျင့်ကြံ ကြိုးစားကြပါလား ... ကုပါလား"

"ငါတို့များမှာ ... စားရေးဒုက္ခ၊ ဝတ်ရေးဒုက္ခ၊ ဟိုဒုက္ခ ဒီဒုက္ခ သဗ္ဗရန်ပေါင်း သောင်းခြောက်ထောင်နဲ့ နပန်းလုံးနေရလို့ ဘုရားကောင်း ဦးသုံးကြိမ် ပုဆိန်ပေါက်သလို ရှိခိုးပြီး အိပ်ရာဝင်ခဲ့ရပါ့ မောင်ရယ်"

သို့နှင့် ဖြစ်ချင်ရာဖြစ်ဟာဆိုပြီး ...

ရှောက်ရွက်တွေ့ရှောက်ရွက်၊ ဗာဒံရွက်တွေ့ ဗာဒံရွက်၊ ကန်စွန်း



www.burmeseclassic.com

www.burmeseclassic.com



ရှက်တွေ့ ကန်စွန်းရွက်ကိုခူးပြီး ...

"ဦ ... ဘုရားဆေး၊ တရားဆေး၊ သံဃာဆေး ... ဆေးဩသဓ ဖြစ်စေသတည်း။ ဝါးစားလိုက်ဗျာ"

သူဘာမှ မတတ်ပါ။

တိုင်းရင်းဆေးအကြောင်း ဂဃနဏ မသိပါ။ အင်္ဂလိပ်ဆေးဝါး အကြောင်း နားမလည်ပါ။ သွေးတိုး၊ မီးယပ်၊ နှလုံးသွေးသည်းခြေ၊ လေ သလိပ်အကြောင်း ဘာမျှကိုမသိပါ။

စေတနာကာ၏ အကျိုး ...

မေတ္တာ၏ အကျိုး ...

သစ္စာ၏ အကျိုးကြောင့်လည်းကောင်း ...

'ထုံ'နေအောင် ရွတ်ဆိုပွားများထားသည့် ဂုဏ်တော်မန္တန်တို့၏ အကျိုး၊ မေတ္တာကမ္မဋ္ဌာန်း၊ သမထကမ္မဋ္ဌာန်းတို့၏ အကျိုးကျေးဇူးကြောင့် များလားမသိ။

သူပေးသမျှ ဆေးဖြစ်နေ၏။

အနာရောဂါ ပျောက်ကင်းသက်သာကြ၏။

စားစရာ၊ သောက်စရာများ လာရောက်ပေးကမ်းကြ၏။

တစ်ခါတစ်ရံ ဈေးထဲက ဈေးသည်မိန်းကလေးများ၊ ဈေးဗန်းများ နှင့် သူ့ထံရောက်လာကြ၏။

"အစ်ကို ခြောက်ပေ"

"ဘာတုံး"

"ဟိုဟာလေး ... လုပ်ပေးပါဦးတော့"

"ဟာ .. နင်တို့ကလည်း တောက်တီးတောက်တဲ့ ... သွား ... သွား ... အဲဒါဆို ကိုပွေးထူးဆီသွား"

"အို ... အစ်ကိုခြောက်ပေကြီးကလည်း ဘာမှန်းလည်း မသိ ဘူး"

"နို ... နင်တို့ကရော ငါ့ကိုဘာခိုင်းတာတုံး"

"ဈေးရောင်းမကောင်းလို့ ဈေးရောင်းကောင်းအောင် လမ်းဖွင့်





ပေးပါဦး ... အစ်ကိုခြောက်ပေရဲ့"

အဲဒါသာကြည့် ... ဟင်းရွက်သည်လေးတွေ၊ မုန့်ဟင်းခါးသည် လေးတွေ၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်လေးတွေ၊ လမ်းလျှောက်ဖရဲသီး သည်တွေ ...

အကျီနွမ်းနွမ်း၊ ထဘီနွမ်းနွမ်းလေးတွေနှင့် ...

မျက်နှာပေါ်က သနပ်ခါးဘဲကျားကား ချွေးစီးကြောင်းနှင့် ပတ် ကြားအက်နေကြသည်။ ဆီချေးစော်နံနေသော ခေါင်းခုနှင့် ချွေးသုတ်ရင်း အားကိုးတကြီး ရောက်နေကြပြန်သည်။

ဈေးသည်နှင့်ဈေးဝယ် ...

ဈေးသည်များပြီး ဈေးဝယ်နည်းသည့်ခေတ်။

သူတို့လေးတွေရဲ့အရွယ်က အချို့က ပညာသင်ကြရမည့်အရွယ်၊ အချို့က သားငယ်သမီးငယ်နှင့် အိမ်ဟာဟီရလုပ်ရင်း ပခက်လွှဲ၍ သားချော့ တေးဆိုရမည့်အရွယ် ...

အချို့အရွယ်များကျတော့ ရင်နင့်စရာ ...

ကိုယ့်အမေအရွယ်၊ အဘွားအရွယ်များ။ အားကိုးစရာမရှိ၍ ဈေး ဗန်းရွက်ပြီး ဝမ်းစာရှာနေရသည်။ ခါးကုန်းကုန်းနှင့် ပါးရေနားရေတွန့်နေ ကြပြီး ပန်းနာချောင်းဆိုး၊ ရင်ကျပ်ရောဂါသည်က ပါလိုက်သေးသည်။

သူ့တို့ဘဝကို ရိုးသားစွာ ရုန်းကန်နေကြသည်။

မတော်မလျော်အလုပ်ကို မလုပ်ကြ။

ခန္ဓာကိုယ်ကို အခကြေးငွေနှင့် ရောင်းမစားကြ။ ပိုက်ဆံရှိသူရဲ့ တိတ်တိတ်ပုန်းမယားငယ် အမြှောင်မယားဘဝကို မခံယူကြ။

နိုးဝှက်၊ လိမ်ညာ ဥပဒေမဲ့အလုပ်ကို လုပ်မစားကြ။

သမ္မာအာဇီဝ ခေါ် ကောင်းသောအလုပ်နှင့် အသက်မွေးကြောင်း ရင်း နစ်သထက်နစ်နေကြသူများ။

"နှမတို့ ..."

"ရှင် ... အစ်ကိုကြီး"

"အစ်မကြီးတို့ ..."



www.burmeseclassic.com

www.burmeseclassic.com



"မောင်လေး"

"အမေတို့ခင်ဗျာ ..."

"ပြောပါ ... သားရယ်"

"ဈေးရောင်းကောင်းချင်တာလား၊ အမြတ်များများ လိုချင်တာလားခင်ဗျ"

အားလုံး ခြောက်ပေရဲ့မေးခွန်းကြောင့် တိတ်သွားပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ မေးဆတ်ဖြေနိုင်းနေကြ၏။

ဒီမှာ အသက် (၆၀)ခန့် ပိန်ပိန်ပါးပါး အမယ်အိုဈေးသည်ကြီးက ...

"ဈေးရောင်းကောင်းရုံပါ သားရယ်။ မချမ်းလည်း မချမ်းသာချင်တော့ပါဘူး။ မနက်စားဖို့ ညစားဖို့နဲ့ နည်းနည်းပါးပါး လှူဖို့တန်းဖို့ရရင် ကျေနပ်ပါပြီကွယ်"

ဆံပင်ဖွာလန်ကြဲ၊ မျက်နှာချွေးစီးကြောင်းနှင့် မိန်းမငယ်တစ်ဦးကလည်း ဝင်ပြောလိုက်သည်။

"မောင်ကြီးရယ် ... အမေကြီးပြောသလို စားဖို့လေးရရင် တော်ပါပြီ။ ကလေးကျောင်းစရိတ် မုန့်ဖိုးလေးစုမိရင် ကျေနပ်ပါပြီ မောင်ကြီးရယ်"

"ကောင်းပါ့ ... ကောင်းပါ့ ... ဒီရည်ရွယ်ချက် ရည်မှန်းချက်က လောဘကင်းတဲ့စိတ်ပဲ။ အလောဘစိတ်ပဲ ... ကိုင်း ... ခဏစောင့်"

သည့်နောက် ... ရေခွက်ကြီးတစ်ခွက်နှင့် ရေအပြည့်ခပ်လာလိုက်၏။ ပြီး ရေကိုကြည့်၍ မဟာဝေဒဗ္ဗမန္တန်ကို ရွတ်လေ၏။

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ...

ဣတိပိ သော ဘဂဝါ၊ အရဟံ၊

သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊

သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ ဓမ္မသာရထိ၊

သတ္ထာဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ။

နတ္ထိမေ သရဏံ အညံ။

---

စိတ်ကူးသစ်စာပေ



နဲ့ လုပ်ကိုင်ကျွေးမွေးတဲ့ ကျေးဇူးဂုဏ်ကြောင့် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များက ပဏ္ဍုကမ္ဗလာကျောက်ဖြာတင်းပြီး မနေနိုင်ဘဲ ဝိုင်းမ,ကြလို့ဗျ"

"မယုံပါဘူးတော်"

"ဟေ ..."

"ကျုပ်တို့သိတာကော့ မောင်ကြီးစီရင်စောင်မ,လို့ပဲလို့ နားလည်တာပဲ။ ဟုတ်တယ်နော် မိတော"

"ဒါပေါ့အေ ... ကျုပ်တို့အစ်ကိုကြီး ကိုခြောက်ပေက သိပ်စွမ်းတာဥစ္စာ"

"ဟဲ့ ... ကောင်မလေးတွေ ... မဟုတ်ကဟုတ်ကဟာ"

"အိုတော် ... ဟုတ်တာပြောပြီး လာခဲ့တာပါ။ ဘုရားရော ... သိကြားရော ... နတ်ရော ... ဗြဟ္မာရော .. သခ်ျိုင်းစောင့်မဖဲဝါရော .. အသိပါတော် ... နောအေ"

"ဗုဒ္ဓေါ"

www.burmeseclassic.com

www.burmeseclassic.com

# [ ၃၂ ]

❑

တစ်နေ့သောအခါ ကျွန်ုပ်၏မိတ်ဆွေ ကိုဂျိုးဖြူဆိုသူသည် ကျွန်ုပ်စာရေးနေခိုက် ရောက်ရှိလာ၏။

ကိုဂျိုးဖြူနှင့်ကျွန်ုပ် မတွေ့တာအတန်ကြာနေ၏။

သူသည် ပင်လယ်ရေထွက်ပစ္စည်းဖြစ်သော ငါးခြောက်၊ ငါးခြမ်း၊ ငါးပုတ်ပြား ရောင်းဝယ်ရေးလုပ်ငန်းကို လုပ်ကိုင်၏။

ကျောက်တန်းမြို့တစ်ဖက်ကမ်းမှာ မီးပြဆိုသည့် ရေလုပ်ငန်းနှင့်အသက်မွေးကြသည့် ရွာကြီးရှိသည်။

ငှင်းမီးပြကျေးရွာကြီးသည် ပင်လယ်နှင့်ဆက်စပ်နေရကား တံငါရေလုပ်သားများပေါများပြီး ငါးပိငါးခြောက်မျိုးစုံ ထွက်ရှိ၏။

ကိုဂျိုးဖြူတို့လင်မယားက ငွေရင်းမြှုပ်၍ ငွေကြိုပေးပြီး ငါးပိချိန် ငါးပိ၊ ငါးခြောက်အချိန် ငါးခြောက် ဝယ်ယူသိုလှောင်ပြီး အမြို့မြို့အနယ်နယ်သို့ ပြန်လည်ဖောက်သည်ပေး ဖြန့်ချီ၏။





လေးငါးနှစ်အတွင်း စီးပွားဖြစ်လာရကား ...

နှစ်ထပ်ပျဉ်ထောင်အိမ်နှင့် လုပ်ငန်းသုံး ကုန်လှောင်ရုံနှင့် ဟန်ကျနေ၏။ ဆိုင်ကယ်လည်းရှိ၏။ ကိုယ်ပိုင်စက်လှေတစ်စင်းလည်း ရှိ၏။

သူနှင့်ကျွန်ုပ်သည် ကျောက်တန်းမြို့မှာနေစဉ်က ကျောင်းနေဖက်သူငယ်ချင်းလည်းဖြစ်၏။ အလွန်လည်း ချစ်ခင်ကြလေ၏။

နောင် ... သူလည်း အိမ်ထောင်ကျ၍ စီးပွားရေးလောကဝင်သွားချိန် ကျွန်ုပ်ကလည်း ကျွန်ုပ်ဝါသနာပါရာ စာပေရေးသည့်လုပ်ငန်းနှင့် သန်လျင်မှာအခြေချပြီး ရန်ကုန်စာပေလောကနှင့် အချိန်ကုန်နေရသဖြင့် ကိုဂျိုးဖြူနှင့်ကျွန်ုပ် တစ်လတစ်ကြိမ်ခန့်သာ တွေ့ဖြစ်ကြ၏။ ကိုဂျိုးဖြူရောက်လာလျှင် ကျွန်ုပ်ကြိုက်သည့် ငါးပုပ်ခြောက်ပြားကြီးများ၊ ပုစွန်ခြောက်များ၊ ငါးရံ့ခြောက်များ လက်ဆောင်ယူလာလေ့ရှိ၏။

သည့်နောက် စားသောက်ဆိုင်ကောင်းကောင်းမှာ နှစ်ယောက်သားစားသောက်ပြီး ငယ်ပေါင်းနှောင်းဖြစ်များမှသည် ဖူးစာမဆုံလိုက်ရသည့် ငယ်ရည်းစားများအကြောင်း ပြောကြပြီး ရယ်ကြရလေ၏။

အပြန်မှာ ကျွန်ုပ်က ကျွန်ုပ်ရေးသားသည့် ဂမ္ဘီရလုံးချင်းစာအုပ်များကို လက်ဆောင်ပြန်ပေးရကား ...

သူ့မိန်းမနှင့် သားသမီးများက ကျွန်ုပ်၏ ဂမ္ဘီရလုံးချင်းများကို ကြိုက်နှစ်သက်သည့်အကြောင်း အားရပါးရပြောပြီး သူသိလိုသည့် အချက်အလက်ဆန်းများကို မေးမြန်းလေ့ရှိ၏။

ပြောလို့ဆိုလို့ ဝ၊ စားလို့သောက်လို့ ဝမှ သူက ပိုက်ဆံရှင်းပြီး ကျောက်တန်းမြို့သွားကားကိုစီး၍ ပြန်လေ့ရှိ၏။

ခု ... သူငယ်ချင်းကိုဂျိုးဖြူ ရောက်လာသည်။

သူ့အသွင်သဏ္ဌာန်သည် ယခင်လာတုန်းကကဲ့သို့ သားသားနားနား ရွှင်ရွှင်လန်းလန်း တက်တက်ကြွကြွမဟုတ်။

အဝတ်အစားအဟောင်းကို ဖြုတ်စဖျင်းတောင်း⟨?⟩ ဝတ်ထား၏။ ဆံပင်မှာ ဆီမရှိ။ လူကလည်း ပါးရေနားရေများရှောင်ကျပြီး အသက်အိုစာသလို ဖြစ်နေ၍ လူရုပ်ကိုပင် မှတ်မိအောင် မနည်းကြည့်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဂျိုးဖြူ ..."

"အေ .."

"မင်း ဘယ်လိုဖြစ်လာတာတုံး သူငယ်ချင်းရာ ... ဟင်"

"စိတ်ညစ်စရာတွေ ဆက်တိုက်ကြုံနေရလို့ သူငယ်ချင်းရာ။ ကြံရာမရတာနဲ့ မင်းဆီက အကြံဉာဏ်လေးယူရအောင် လာခဲ့တာပဲ"

"ထိုင်ကွာ ... ပြော ... ဘယ်လို ဖြစ်လာရလို့တုံး"

"ဟူး ... ယပ်တောင်တစ်ချောင်း ပေးစမ်းပါကွာ။ ရင်ပူလွန်းလို့"

ကျွန်ုပ်က ယပ်တောင်တစ်ချောင်းပေးပြီး ရေအေးအေးတစ်ခွက် တိုက်လိုက်သည်။

"ပြော ... ငါဘယ်လို ကူညီရမလဲ။ မင်းဘယ်လို ဖြစ်ခဲ့သလဲ"

"မင်းသိတဲ့အတိုင်း ... ငါတို့ စီးပွားရေးလုပ်ငန်းက ရေထွက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းကွ။ စီးပွားဖြစ်လွယ်တဲ့လုပ်ငန်းမို့ အပြိုင်အဆိုင်တော့ ရှိကြတာပေါ့ကွာ။

အချို့ကလည်း ဈေးကွက်ဝင်လှ၊ ဈေးပိုပေး၊ မြိမ်းခြောက်၊ ဖောက်သည်ပျက်အောင် ခလောက်ဆန်တာလည်း ရှိကြတာပေါ့။ ငါ့စီးပွားရေးလုပ်ငန်း လေးငါးနှစ်အတွင်း အောင်မြင်လာလို့ သားသမီးတွေလည်း ရွှေနဲ့ငွေနဲ့ထားနိုင်၊ စက်လှေ၊ ဆိုင်ကယ်၊ အိမ်ကြီးရပိုင်နဲ့ လုပ်ငန်းအောင်မြင်နေချိန်မှာပဲ လွန်ခဲ့တဲ့နှစ်လကစပြီး လုပ်ငန်းအားလုံး ကသောင်းကနင်းဖြစ်လာခဲ့ရတယ်။

စက်လှေအကောင်းက စက်နိုးလို့မရဘူး။ ရရင်ခဏပဲ။ ပြင်ရလွန်းလို့ ငွေကုန်တာလည်း မနည်းဘူး။ အခု စက်လှေမထွက်နိုင်ဘူး။ ပြီး .. ငါ့ဖောက်သည်တွေက ငါ့ ငါးခြောက်တွေ အနံ့မကောင်းဘူး။ နံတယ်ဆိုပြီး မယူကြတော့ဘူး"

"ငါးခြောက်က ငါးခြောက်နံ့တော့ နံမှာပေါ့ကွာ"

"ခုဟာက ငါးခြောက်နံ့မဟုတ်ဘူး"

"ဘာအနံ့ဖြစ်နေလို့လဲ"





"ခွေးသေပုပ်နံ့၊ ကြွက်သေပုပ်နံ့ နံနေလို့"

"ဟေ ..."

"နံသမှ ယူလာရင်အကောင်း။ ငါ့အိမ်ရောက်ပြီး ဖောက်သည်တွေလာယူကြရင် ငါးပိအိုးကြီးတွေရော၊ ငါးခြောက်တွေကရော ခွေးသေပုပ်နံ့၊ ကြွသေပုပ်နံ့ နံကိုနေတာ။ အားလုံး မြေမြှုပ်စွန့်ပစ်ရတဲ့အကြိမ် မနည်းဘူး။ ငါနဲ့ ပင်ရင်းလုပ်ငန်းရှင်တွေလည်း စကားများရတဲ့အကြိမ် မနည်းတော့ဘူး။

စီးပွားရေးအဆင်မပြေတော့ လုပ်ငန်းကအရှုံးပေါ်ပြီး စိုက်လိုက်ရတာ ရှိသမျှပြောင်လုနီးပါးဖြစ်၊ စီးပွားရေးကျဆင်းတော့ လင်မယားလည်း စကားများ။ မိန်းမလည်း အိမ်ပေါ်ကဆင်းသွားပြီကွာ။ အရေးထဲ ငါ့ ဆိုင်ကယ်ပျောက်လို့ ဆေးရုံမှာတစ်ပတ် ဆေးရုံတက် ဆေးကုလိုက်ရသေးတယ်။ ဟူး ... ဘာဖြစ်လို့ဖြစ်မှန်း မသိ၊ ဘာလုပ်လို့ လုပ်ရမှန်းကို မသိပါဘူး သူငယ်ချင်းရာ"

"ဗေဒင်လေးဘာလေး မေးမကြည့်ဘူးလားကွ"

"ပိုက်ဆံကုန်တာသာ အဖတ်တင်တယ်။ အကျိုးမထူးဘူး"

"ပယောဂဆရာများနဲ့ရော ပြကြည့်ရဲ့လား"

"ပြတာပဲ။ ရိုးရာဆိုလို့ ရိုးရာလုပ်လည်း ပြဿနာက ရှင်းမသွားဘူး။ နတ်ကတော်မေးလည်း ဟိုပြောဒီပြောပဲ၊ အားလုံး ငွေကုန်သံပြာနဲ့ အိုယောင်ဝါးတွေချည်းပါပဲကွာ။ ငါတော့ စိတ်ညစ် စိတ်ဓာတ်ကျဖြစ်ပြီး အိမ်ကနေထွက်သွားရင်ကောင်းမလား ... ဒါမှမဟုတ် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်လိုက်ရင် ကောင်းမလား ... ဘာလုပ်ရမှန်းကို မသိတော့ဘူး ဟူး ..."

သူငယ်ချင်းသည် သူ့ရဲ့ရင်ဆိုင်ကြုံတွေ့နေရသည့် ဒုက္ခသုက္ခများကို အား နိုအကောင်တစ်ထောင် သံပြိုင်အားနှင့် ညည်းညူပြီး ခေါင်းကိုသာ တဖျင်းဖျင်းကုတ်နေတော့သည်။

အင်း ... အချစ်ဆုံးသူငယ်ချင်းရဲ့ ဒုက္ခ။

သူကြီးပွားချမ်းသာတုန်းက ကျွန်တော့်ကို လုံလေသေးမရှိ ပြုစုခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ အခု ကျွန်ုပ် ကူညီအားပေးရမည့်အလှည့် ရောက်ခဲ့ပါပြီ။

"ကျိုးဖြူ"

"ဘာတုံး ... ကိုမှိုင်း"

"ငါမင်းကို တတ်နိုင်သမျှ ကူညီမယ်"

"ဘာ ... မင်းငါ့ကို ကူညီမယ်"

"အေး ..."

"သူငယ်ချင်းရယ် ... မင်းက စာရေးဆရာပါ။ ငါ့ကို ကူညီမယ် ဆိုတာ ကြားရတာနဲ့ ငါဝမ်းသာအားရှိခဲ့ပါတယ်။ စိတ်မဆိုးပါနဲ့ သူငယ်ချင်း မောင်မှိုင်း။ မင်းဘယ်လောက်ချမ်းသာလို့ ငါ့ကို ကူညီမှာလဲကွာ ... ဟင်"

"မင်းကိုငါကူညီမှာ ငွေနဲ့မဟုတ်ဘူး ကျိုးဖြူ"

"ဒါဖြင့် ဘာနဲ့ကူညီမှာလဲ ဟင် ... ဟင်လို့"

"စရဏာစွမ်းအား ပညာပိုင်းနဲ့ပဲကွ"

"ဟော ... စရဏာစွမ်းအား ပညာပိုင်းနဲ့။ နေပါဦး ... မင်းက အထက်ဂိုဏ်းဆရာလား ... ဟုတ်လား"

"ငါဘာဂိုဏ်းဆရာမျှ မဟုတ်ပါဘူး။ ဒါပေမယ့် ငါ့အသိအကျွမ်းထဲမှာ စရဏာကျင့်စဉ်အား သန့်ရှင်းစင်ကြယ်ပြီး အကျင့်သီလနဲ့ပြည့်စုံတဲ့ လူတစ်ယောက်ရှိတယ်။ သူဟာ သမထစွမ်းအားကြောင့် အကြားအမြင် ရသလိုလည်းရှိတယ်။ ပယောဂရှင်းတဲ့လုပ်ငန်းမျိုးကို လုပ်ကိုင်နေသူတော့ မဟုတ်ဘူး။ သူက သူ့အလုပ်ကိုသူလုပ်ပြီး သူ့ဘဝကို သူ့နည်းသူ့ဟန်နဲ့ ကျေနပ်ရောင့်ရဲနေသူပဲ"

"သူ ရှင်းပေးနိုင်မှာလားဟင်"

"ဒါတော့ ကိန်းသေကာမ မပြောနိုင်ဘူး။ သူ့ရဲ့ဉာဏ်စဉ်နဲ့ မင်းရဲ့ ကံစဉ် အကြောင်းဆိုင်ရင် အကောင်းမြင်ချင် မြင်လာမှာပဲ"

"ဒါဆိုလည်း လုပ်ပါ၊ ကူညီပါကွာ။ ငါ့ဘဝကတော့ ရေနစ်သူ ဝါးကူထိုး၊ လူလိမ်လူညာ မသူတော်တွေနဲ့ကြုံပြီး နစ်ပြီးရင်းနစ်နေရတာ ပါ။ ခုချိန်မှာ မြက်တစ်ပင်လည်း ငါ့အတွက် အားကိုးရာပါပဲကွာ"





"ဘုရားတရားအလုပ်ရော လုပ်ဖြစ်ရဲ့လားကွ"

"ညစ်နေတော့ ဘုရားလည်း ဆွမ်းတောင်မကပ်ဖြစ်ဘူး ... သူငယ်ချင်း"

"အဲဒါ မင်းရဲ့မှားချက်တွေပေါ့ကွ။ ရတနာသုံးပါး၊ အနန္တော အနန္တငါးပါးဆိုတာ အပ္ပမာဒေန သမ္ပာဒေထလေကွာ"

www.burmeseclassic.com

www.burmeseclassic.com

# [ ၃၃ ]

❑

ကျွန်ုပ်သည် စိတ်တည်ငြိမ်စပြုနေသည့် ကိုခြောက်ပေကို အကျိုးအကြောင်းပြောပြပြီး အကူအညီတောင်းရတော့သည်။

"ဆရာမှိုင်းရယ် . . . ကျွန်တော် အဲဒီလိုကိစ္စမျိုးမှာ ဝင်မပါ ပါရစေနဲ့ဗျာ"

ကိုခြောက်ပေက ငြင်းဆိုသည်။

"ကူညီပါ ကိုခြောက်ပေရာ။ ကျွန်တော့်မျက်နှာကိုငဲ့ပြီး ဒီတစ်ကြိမ်နောက်ဆုံးအဖြစ် ကူညီပေးလိုက်ပါဗျာ၊ ကျွန်တော့်သူငယ်ချင်းဟာ လူရိုးလူကောင်းကြီးပါဗျာ။ အရက်သေစာလည်း မသောက်ပါဘူး။ ဒုစရိုက်အမှုကို ဘာမှုမလုပ်သူပါ။ ခုဟာက မိသားစုရဲ့ အိမ်ထောင်ရေးပါ ပြိုကွဲရလုအခြေအနေမျိုး ရောက်နေလို့ပါ ကိုခြောက်ပေရာ"

"ဟူး . . . ခက်တာပဲဗျာ။ တော်ကြာ ကျွန်တော့်ကို ပယောဂဆရာလိုလို၊ အထက်ဂိုဏ်းဆရာလိုလို၊ ဘိုးတော်ဝိဇ္ဇာလိုလိုထင်ပြီး ဟိုကလာလိုက်၊ ဒီကလာလိုက်နဲ့ ကျွန်တော့်ရဲ့ရည်မှန်းချက် ပျက်မှာစိုးလို့ပါ . . . ဆရာမှိုင်းရာ"





"ခုကိစ္စ ဘယ်သူမှ မသိရစေပါဘူး ကိုခြောက်ပေရာ။ ခင်ဗျားကို ဘိုးတော်ဝိဇ္ဇာမို့လို့ အကူအညီတောင်းတာ မဟုတ်ပါဘူး။ ခင်ဗျားဟာ စရဏအားကောင်းတဲ့လူဖြစ်လို့၊ ပြီး . . . ခင်ဗျားမှာ ထူးခြားတဲ့ မနောပါဝါစွမ်းအင်ရှိနေတယ်လို့ယုံကြည်လို့ လိုက်ကြည့်ပေးစေချင်တာပါ။ သူတစ်ထူးစိတ်ဒုက္ခ၊ ကိုယ်ဆင်းရဲဖြစ်နေတိုင်း ကိုယ့်အာရုံပညာပိုင်းနဲ့ကူညီလို့ အဆင်ပြေချောမောသွားရင် ကုသိုလ်လည်းရ၊ ဘုရားလည်းကြိုက်၊ နတ်လည်းကြိုက်၊ လူလည်းကြိုက်တဲ့ ပညာဒါနမဟုတ်ပေဘူးလားဗျာ . . . ဟင်"

သို့ကလို သူ့ကို မနည်းကျိုးကြောင်းပြစည်းရုံးပြီး ကျောက်တန်းမြို့သို့ အပါခေါ်ခဲ့ရ၏။

ကိုယ့်လူကား သူ့ထုံးစံအတိုင်း အင်္ကျီမဝတ်၊ ရေမချိုး၊ ဆီမလူးနံ့ငယ်တို့နှင့် နေလေ့ရှိရကား ကျောက်တန်းမြို့သွား ခရီးသည်ဘတ်(စ်)ကားနှင့် အတူသွားလို့မရ။

သူကလည်း လူအများကြား နေလေ့ထိုင်လေ့ရှိသူမဟုတ်။

သူ့စိတ်ကူးအာရုံရလျှင် ဂုဏ်တော်မန္တန်များကို ကရေးရေလွှတ်မနားတမ်း ဆောင်ရွက်ချင်ရွက်သူ ဖြစ်၏။

သို့နှင့် . . .

အငှားကားတစ်စီးငှား၍ သွားရလေ၏။ ဒါတောင် ကိုယ့်ဆရာက ကုန်းကြောင်း ခြေကျင်သွားပါမည်တကဲကဲလုပ်၍ မနည်းချော့ရ၏။

ကားဆရာကား . . . ကျွန်ုပ်ကိုကြည့်ပြီး ခပ်တိုးတိုးမေး၏။

"ဘယ်ကို ပို့ပေးရမလဲ ဆရာ"

"ကျောက်တန်းကိုပါ"

"ဩော် . . . တော်ပါသေးရဲ့"

"ဘာဖြစ်လို့လဲ ကားဆရာရဲ့"

"စိတ်ကျန်းမာရေးဆေးရုံများလားလို့"

"ဟာဗျာ . . . ရှူး . . . တိုးတိုးလုပ်ပါဗျ"

အဲဒီလိုတည်း။ သို့နှင့် ကျွန်ုပ်တို့သည် နာရီဝက်မျှပါးခန့် ကားစီးပြီးနောက် ကျောက်တန်းမြို့ရှိ ကိုကျိုးဖြူရဲ့ ဆင်ဝင်နှစ်ထပ်အိမ်ကြီးသို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ အိမ်ရှင် ကိုဂျိုးဖြူသည် အပေါ်မှဆင်းလာသည်။ ကျွန်ုပ်တို့နှစ်ဦးကိုမြင်သော် လွန်စွာ အံ့အားသင့်နေ၏။

အထူးသဖြင့် အကျီဗလာ၊ ဆံပင်ဂျပ်ပိန်းအုံခဲကြီးနှင့် အရောင်အဆင်းလုံးဝမပေါ်တော့သည့် နံငယ်တိုပုဆိုးကို ဝတ်ထားသည့် အရပ်ခြောက်ပေကျော် လူတစ်ဦးကို မြင်လိုက်ရသော် ...

မျက်လုံးပြူး၍ ကြည့်၏။

ခြေဆုံးခေါင်းဆုံး ကြည့်၏။

ဒီမှာ သူ့သားသမီးသုံးဦးပါ ပြေးထွက်လာပြီး လူထူးဆန်းကြီးကိုခြောက်ပေကို ဝိုင်းကြည့်ကာ တွတ်ထိုးပြီး ကျိတ်ရယ်နေကြ၏။

သူတို့အားလုံး အမြင်မှာ ...

ဘော်လီဘောကစားသည့်လူတစ်ဦး ရောက်လာလေရော့သလား။

ဒါမှမဟုတ် ရေထမ်းသမား၊ အလုပ်ကြမ်းသမားတစ်ဦးများ ခေါ်လာရော့သလားဟု ထင်နေကြရော့သလား ...

ကိုခြောက်ပေကလည်း အိမ်ခြံဝန်းထဲရောက်သည်နှင့် ဂနာမငြိမ်တော့။ စိတ်ကပဲ ဖောက်လာလေရော့သလားမသိ။ ပါးစပ်က ပွစိပွစိ ရေရွတ်နေ၏။

ကျွန်ုပ်လည်း ကိုယ့်လူကိုယ်ကြည့်ပြီး လန့်နေရ၏။ အကြောင်းကား သူနှင့်ကျွန်ုပ်သည် ဘယ်ခရီးတို ခရီးရှည်ကိုမျှ အတူတွဲ၍ မသွားဘူး။ ဒါ ပထမဦးဆုံးအကြိမ်ဖြစ်၏။

သို့ဖြစ်၍ ငါပဲ အရှက်ကွဲလေမည်လား ...

ဒါမှမဟုတ် ... နှစ်ယောက်စလုံးကို စိတ်ညစ်ညစ်နှင့် မောင်းထုတ်ပစ်လေမလားဟု ရင်တုန်နေ၏။

"ဂျိုးဖြူ"

"ပော ... ဒီ ... ဒီ ... လူက ..."

"ဝို ... စိတ်ချေပါ"

"ဆရာလား ..."

"မဟုတ်ပါဘူး ... သာမန်လူပါ"





ဒီမှာသူက ကျွန်ုပ်ကို လက်တို့ခေါ်ပြီး ကားသမားလိုမေးပြန်၏။

"မောင်မှိုင်း ... မင်းလူက စိတ်ရောနှံ့ရဲ့လားကွာ ဟင်"

"စိတ်တော့ သိပ်မနှံ့ဘူး"

"မြတ်စွာဘုရား ... စိတ်ညစ်လို့ ကမ်းနားထွက်ထိုင်ပါမှ သပွတ်အူနဲ့တွေ့ ဆိုသလိုမျိုး ဖြစ်နေပါလားကွာ ဟင်"

"ဒါပေမင့် လူကောင်း လူတော်ပါကွာ"

"ဟုတ်ရဲ့လား ... မောင်မှိုင်းရာ"

"နေစမ်းပါ ... ဂျိုးဖြူရာ။ ကိုခြောက်ပေ ... ဒါ ကျုပ်သူငယ်ချင်း ကိုဂျိုးဖြူတဲ့"

"အင်း ... အင်း ..."

"ဂျိုးဖြူ .. ငါ့လူနာမည် မှတ်ထား ... ကိုခြောက်ပေတဲ့"

"ဩော် ... အေး ... အေး ... အဲ ... ဟုတ်ကဲ့ ... အပေါ်ကို ကြွကြွပါဦးလား ခင်ဗျာ"

"လာ ... ကိုခြောက်ပေ ... အိမ်ပေါ်ကို တက်လိုက်ကြဦးစို့"

"ဟင့်အင်း"

"လာပါ ... ခဏလေးပါ"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ ကိုခြောက်ပေရ"

ဒီမှာပဲ ကိုခြောက်ပေက ကျွန်ုပ်တို့နှစ်ဦး ဖွတ်ခေါ်သည့်ကို ငြင်းဆန်ပြီး လက်အုပ်ချီကာ အိမ်ရှေ့မှာရပ်၍ ပဋ္ဌာန်းပါဠိတော်ကြီးကို ရွတ်တော့သည်။

သူသည် အရပ်ရှစ်မျက်နှာကို လှည့်၍ ပေါတုပစ္စယော အစရှိ ပဋ္ဌာန်းပါဠိကို လက်ညှိုးထိုး၍ ရွတ်တော့၏။

သည့်နောက် ...

စိန္တာမဏိဂါထာကို ရွတ်နေ၏။

"စိန္တာမဏိ ရတနာနံ၊ ဗုဒ္ဓံ ဗုဒ္ဓရတနာနံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ။

စိန္တာမဏိ ရတနာနံ၊ ဓမ္မံ ဓမ္မရတနာနံ ဓမ္မံသရဏံ ဂစ္ဆာမိ။



www.burmeseclassic.com

www.burmeseclassic.com



စိန္တာမဏိ ရတနာနီ၊ သံဃံ သံဃရတနာနံ သံဃံသရဏံ ဂစ္ဆာမိ။

ကျွန်ုပ် ကိုဂျိုးဖြူနှင့် သူ့သားသမီးသုံးယောက်တို့ကား ဘာမျှဝင်မပြောသာတော့။ သူရွတ်ဆိုနေသည်များကိုသာ အသာရပ်၍ ကြည့်နေရတော့သည်။

ပြီးသော် ကိုခြောက်ပေသည် ပထဝီဇယမန္တန်ကို သံမှန်နှင့်ရွတ်လေ၏။ ၎င်းမန္တန်ကြီးဆုံးသည်နှင့် ပရိမိတ္တဇာလသုတ်ကို ဆက်ရွတ်ပြန်၏။

"တေနခေါပန၊ သမယေန၊ ဖုဿာန္တေန ယက္ခေန

ဒေဝေနယက္ခေန၊ ကူန္တေန ယက္ခေန၊ ပြဟေ္ဆဏယက္ခေန

သုပဏ္ဏေန ယက္ခေန၊ နာဂေန ယက္ခေန ……

…………………………

…………………………။

နမော ဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမော သံဃဿ။

သကလ လေကဓာတု မာတာပိတု ဗုဒ္ဓရက္ခန် ကတံ၊

သကလ လောကဓာတု မာတာပိတု ဓမ္မရက္ခန် ကတံ၊

သကလ လောကဓာတု မာတာပိတု သံဃရက္ခန် ကတံ၊

ရတ္တိံ ဝါ ဒိဝါ ဝါ သဒါ မံ ရက္ခန္တု။

သဗ္ဗဒေဝတာယ ကူမသာ ပရိမိတ္တဇာလသာ တေဇေန၊

ကူမသို့ အာပါကမ္မာ သရီရေ ယေကောစိ၊

ဥပဒ္ဒဝါ အာနုဘာဝေန တေဇေန ကူမသို့လောကေ၊

ကူမသို့ ဇမ္ဗုဒီပေ ကူမသို့ ပဗ္ဗတေ ကူမသို့ နဂရေ၊

ကူမသို့ ဂေဟေ သဗ္ဗသတြူ ဝိနဿန္တု၊

သဗ္ဗေဥပဒ္ဒဝါ ဝိနဿန္တုတိ။

'ဘုရားရှင်အား ရှိခိုးပါ၏။ တရားတော်အား ရှိခိုးပါး၏။ သံဃာတော်အား ရှိခိုးပါ၏။ တစ်လောကလုံး၏ အမိအဘသဖွယ်ဖြစ်တော်မူသော ဘုရားတည်းဟူသည့် အစောင့်အရှောက်၊ တရားတည်းဟူသည့် အစောင့်အရှောက်၊ သံဃာတည်းဟူသည့် အစောင့်အရှောက်ကို နေ့ရောညပါ အခါခပ်သိမ်း ခံယူပါ၏။

စိတ်ကူးသစ်စာပေ



အလုံးစုံသော နတ်ကောင်းတို့၏ အကာအကွယ်ကြောင့်လည်း ကောင်း၊ ဤပရိမိတ္တဇာလသုတ်၏ တန်ခိုးရှိန်စော် အာနုဘော်ကြောင့်လည်း ကောင်း၊ အနီးအဝေးရန်အားလုံး၊ မမြင်ရမြင်ရ ဘေးရန်အားလုံးတို့သည် လည်းကောင်း၊ ဤကျွန်း၊ ဤတောင်၊ ဤမြို့၊ ဤရွာ၊ ဤအိမ်ဂေဟာတို့၌ အတွင်းရန်အပြင်ရန်ဟူသမျှတို့သည် ယခုချက်ချင်း ကြေပြုန်းလျက်ပျောက်ကြပါစေကုန်သတည်း။

ကိုခြောက်ပေသည် တန်ခိုးကြီးလှသည်ဆိုသော ပရိမိတ္တဇာလသုတ်ကို ပါဠိမြန်မာရွတ်ဆို အဓိဋ္ဌာန်ပြုလိုက်လေ၏။

အဓိဋ္ဌာန်ပြုပြီးသည်နှင့် အိမ်ရှေ့ရှိ ပန်းရုံများအနက်က နှင်းဆီအဖြူရောင်တစ်ပွင့်ကို ချူးပြီး သူ့ညာလက်ဝါးပေါ်တင်၍ ပါးစပ်လေနှင့် မှုတ်နေ၏။

ကျွန်ုပ်တို့အားလုံးသည် အံ့ကျောပြောင်၊ ဆံပင်ကျုပ်ပိန်း၊ နံငယ်တိုခါးဝတ်နှင့် အရှူးကဲ့သို့သော လူတစ်ဦးလုပ်ရပ်ကို မျက်လှည့်ပြပွဲတစ်ပွဲကြည့်နေရဘိအလား အားလုံးစိုက်ကြည့်နေမိကြ၏။

ထူးဆန်းလေစွ …

အဖြူရောင်နှင်းဆီသည် လေထဲမှာ စက္ကူစုပ်လိုလို၊ သစ်ရွက်လိုလို၊ စက္ကူအရုပ်စွန်လို လွင့်မျောလျှောက်သွားနေလေ၏။ သို့ကလို သွားရင်းမှ အဖြူရောင်နှင်းဆီပွင့်သည် အိမ်ရှေ့ခြံစည်းရိုးတိုင်တစ်တိုင်ပေါ်မှာ သွားတင်နေတော့၏။

သည်မှာပဲ ကိုခြောက်ပေသည် ခြံစည်းရိုးအဝရှိရာသို့ ခြေလှမ်းကျဲနှင့် ပြေးသွားရပ်ကြည့်ပြီး ကျွန်ုပ်တို့အားလုံးကို လက်ယပ်လှမ်းခေါ်လိုက်တော့သည်။

ကျွန်ုပ်တို့လည်း ဘုမသိဘမသိနှင့် ကိုဂျိုးဖြူသားသမီးသုံးဦးနှင့်အတူ အပြေးသွားရောက်ကြည့်ရှုကြလေ၏။

"ကြည့် …"

ကိုခြောက်ပေက ညာလက်က ပန်းပွင့်တင်နေသည့် ခြံစည်းရိုးတိုင်များဆီသို့ လက်ညှိုးထိုးပြ၏။ ကြည့်လိုက်တော့ ချစ်ထားသည့် ကြိုး

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်စက ခြံစည်းရိုးတိုင်ကို ချည်နှောင်လျက် ...

သို့နှင့် ကျွန်ုပ်က မေးရတော့၏။

"အဲဒါ ... ဘာလဲ ... ကိုခြောက်ပေ"

အိမ်ရှင်ကို ဂျိုးဖြူက ကြိုးအပြတ်ကိုကြည့်ပြီး နားမလည်ဟန်နှင့် မေးလိုက်ပြန်သည်။

"လက်နှင့် ဖြေဖြန့်ကြည့်"

ကိုဂျိုးဖြူက နှစ်လွှန်းကျစ်ထားသည့် ကြိုးစကို ဖြည်းဖြည်းချင်း ဖြေလိုက်သောအခါ အနံ့အသက်ထွက်နေသည့် ညစ်ညမ်းသောထဘီကြိုးစ ဖြစ်နေသည်ကို ကျွန်ုပ်တို့အားလုံး အံ့ဖွယ်မြင်လိုက်ရလေသည်။

"ကိုခြောက်ပေ ... ကျွန်တော်တို့ကို နားလည်သဘောပေါက်အောင် ရှင်းပြပါဦးဗျာ ... လုပ်ပါ"

"ရှင်းပြပါ့မယ်။ မြန်မာသထုံ နတ်သမိုင်းရာဇဝင်မှာ လူစွမ်းကောင်း ကိုဗျတ်ဝိနဲ့ မိန်းမချောမအိုဇာတို့ ချစ်ကြိုက်ကြတယ်။ မလိုသူက ကတုံးကတိုက် ချွန်တွန်းလုပ်လို့ ဖခင်မြို့ဝန်မင်းနဲ့ မင်းမှုထမ်းများက ဗျတ်ဝိကို လက်ရဝိုင်းဖမ်းကြတယ်။

ဗျတ်ဝိက ဟားမဲ့ဆရာတော်ရဲ့တပည့် ဖော်ကျိုဖိုဝင်သားစားပြီး အစွမ်းသတ္တိရှိနေတာ။ ဖမ်းလို့မရဘူး။ ထိုးခုတ်လို့မရဘူး။ လွှားခနဲ ခုန်လိုက်ရင် အဝေးကိုရောက်ပြီး ပျောက်သွားရော။ နောက်ဆုံး အစွမ်းရှိသည့် လူမုန်းသိရော သူယုတ်မာများရဲ့ အကြံပေးချက်အရ သူ့ရဲ့ချစ်သူမအိုဇာရဲ့ အိမ်ခြံစည်းရိုးအဝင်ဝမှာ မသန့်သော မီးနေထဘီစကို ကြိုးကျစ်ပြီး တန်းထားလိုက်ရော။ ဗျတ်ဝိ ညဘက်အိမ်အဝင်မှာ ဘုန်းကံများလျှောပြီး အဖမ်းခံလိုက်ရတယ်။

နောက်ဆုံး ကားစင်မှာတင်ပြီး အသေသတ်လို့မရသေးဘူး။ အဆုံးမှာ ချစ်သူမအိုဇာနဲ့ ဒီဘဝ သေကွဲကွဲရတော့မှန်းသိပြီး မအိုဇာတိုက်သည့် ကွမ်းတစ်ယာရေတစ်မှုတ်ကို သောက်စားပြီးမှ အသက်ဆုံးသွားခဲ့ရတယ်။ အခု ခင်ဗျားတို့ တွေ့ရသည့်ကြိုးပစ္စည်းဟာ လူစွမ်းကောင်း ကိုဗျတ်ဝိကို အသက်ဆုံးရှုံး သိဒ္ဓိစွမ်းပျောက်စေတဲ့ မသန့်သောပစ္စည်းပဲ။ ကိုင်း ...





ဒါကို မီးရှို့ပြာချပြီး သချိုင်းမှာ သွားလွှင့်ပစ်လိုက်"

အလိုလေး ... အံ့ဩစရာ ကောင်းလိုက်ပါဘိ။

ဘယ်လို လူယုတ်မာများက ပြုလုပ်ခဲ့ပါလိမ့်။ ကိုခြောက်ပေသည် ဖုင်းကြိုးစကို မီးညှပ်နှင့်ကိုင်ပြီး သံပြားခံ၍ မီးရှို့ပစ်လိုက်သည်။

ပုပ်အဲ့အဲ့အနံ့ထွက်လာရကား အားလုံး နှာခေါင်းပိတ်ထားရ၏။ ဖုင်းပြာကို အိတ်ငယ်တစ်ခုမှာထည့်ပြီး ကိုဂျိုးဖြူကို သချိုင်းကုန်းမှာ သွားပစ်လိုက်ဟု ပြောလိုက်သည်။

"ကိုင်း ... ပြန်နိုင်ပြီ။ ကိစ္စပြီးပြီ"

ကိုခြောက်ပေက ကျွန်ုပ်လက်ကိုတို့၍ ပြောလိုက်၏။

"ဆရာ ... ခဏ အိမ်ပေါ်ကိုကြွ"

စောစောက အထင်မကြီးသလိုဖြစ်နေသော အိမ်ရှင်ကိုဂျိုးဖြူသည် ခုတော့ အရူးကိုခြောက်ပေကို လေးလေးစားစား ဆရာဟုခေါ်လိုက်၏။

"ကျုပ် ဆရာမဟုတ်ဘူး"

"ဟုတ်ကဲ့ပါ ခင်ဗျာ။ ခဏလေးအိမ်ပေါ်ကို ..."

ကိုခြောက်ပေ အိမ်ရှင်ကို လုံးဝစကားပြန်မပြောတော့။ ခြံပြင်သို့ ခြေလှမ်းကျဲကြီးနှင့် ပြေးထွက်သွားရကား နောက်ဆုံး ကျွန်ုပ်ကိုယ်တိုင် သူ့နောက်သို့ အပြေးလိုက်ခဲ့ရသည့်ဘဝ ရောက်ခဲ့ရလေသည်။

နောက် (၇)ရက်စေ့သောအခါ ကိုဂျိုးဖြူ ကျွန်ုပ်အိမ်သို့ ဝမ်းသာရွှင်လန်းမျက်နှာနှင့် စားစရာ ငါးခြောက်ငါးခြမ်းများကိုင်ပြီး ရောက်ရှိလာလေ၏။

"ဘယ်လိုတုံး အခြေအနေ"

"အားလုံး ပြန်ကောင်းသွားပြီဗျာ။ အံ့ရော ဆရာမှိုင်းရာ"

"ရှင်းပါဦး ... သူငယ်ချင်းရ။ ဘယ်လိုကောင်းတာတုံးဟ"

"မင်းမိတ်ဆွေ ကိုခြောက်ပေ ... ဟို ပစ္စည်းဖော်ထုတ်ရှင်းလင်းပြီး နောက်နေ့လည်းရောက်ရော ငါ့စက်လှေလည်း စက်နှိုးထဲပြီး အလုပ်လုပ်လို့ ရပါရော့ဟော့။ စိတ်ဆိုးပြီးဆင်းသွားတဲ့ ငါ့မိန်းမလည်း သူ့မိဘများ ကူညီလိုက်တဲ့ငွေထုပ်နဲ့ အိမ်ပြန်ရောက်လာပါရော။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီငွေနဲ့ အဆက်အသွယ်ပေါင်းတွေ ပြန်ဆက်သွယ်လိုက်ရော အားလုံးနဲ့အဆင်ပြေပြီး ပစ္စည်းတွေလည်း နံခြင်းစော်ခြင်းမရှိတော့ဘဲ ဖောက်သည်အသစ်တွေပါတိုးလာပြီး ပြန်ဟန်ကျပပေါ့''

''ဝမ်းသာလိုက်တာ သူငယ်ချင်းရာ''

''အဲဒါ မင်းအတွက်ရော၊ ဟိုဆရာလေးဘယ်သူ ... အဲ ... ကိုခြောက်ပေအတွက်ရော လက်ဆောင်တွေ ယူလာလိုက်တာကွ''

သည့်နောက် ... ကျွန်ုပ်တို့ ချစ်သူငယ်ချင်းနှစ်ဦးသည် ဝမ်းသာ ပျော်ရွှင်စွာဖြင့် ညောင်သုံးပင်သချိုင်းသို့ လာခဲ့လိုက်ကြ၏။

ကိုခြောက်ပေကို အခန့်သင့်တွေ့၍ ကိစ္စဝိစ္စများ လုံးဝအဆင်ပြေ ချောမွေ့သွားသည့်အကြောင်း ပြောလိုက်သောအခါ ...

''ကိုကျီးဖြူနဲ့ ဆရာမှိုင်း''

''ခင်ဗျာ ကိုခြောက်ပေ''

''ဒီအကြောင်းတွေ ဘယ်သူ့ကိုမှ လျှောက်မပြောပါနဲ့ဗျာနော်''

''ဘာဖြစ်လို့လဲ ဆရာလေး''

''ကျွန်တော် ဒီလို အလုပ်မျိုးတွေ မလုပ်ချင်ဘူးဗျာ။ ဒါမျိုးတွေ လိုက်ကူညီပေးနေရရင် ကျွန်တော့်ရည်မှန်းချက် ပျောက်မှာစိုးလို့ပါ။ ကတိပေးကြဗျာ''

''ကောင်းပါပြီ ကိုခြောက်ပေရာ။ နောင်ကို ဒါမျိုးတွေနဲ့စပ်လျဉ်းရင်း ကိုခြောက်ပေကို မပြောတော့ပါဘူးဗျာ''

''ကုသိုလ်ရမှန်း သိပါတယ်ဗျာ။ အဓိကပြောချင်တာက ရတနာသုံးပါးကို မမေ့မလျော့ရင်၊ ယုံကြည်ရင် ကံအကျိုးပေးကောင်းကြမှာပါ''

''ဆရာလေး ...''

''ဘာတုံး ... ကိုကျီးဖြူ''

''ဒါ ... ဆရာလေးစားဖို့။ ငါးဖုတ်ခြောက်များပ''

''ကိုကျီးဖြူ ... ကျွန်တော့်ဘဝမှာ ဒါတွေလုံးဝ မလိုပါဘူးဗျား ခင်ဗျား ကျွန်တော့်ကို ကျေးဇူးဆပ်ချင်ရိုးမှန်ရင် ကျွန်တော်ပြောသလို ခင်ဗျားတို့နှစ်ယောက် လုပ်ပေးကြပါလားဟင်''





''ဘာလုပ်ပေးရမလဲ ပြောပါ ဆရာလေး''

''ပြော ... ကိုခြောက်ပေ၊ ကျွန်တော်တို့ ဘာလုပ်ပေးရမလဲ ... ပြော''

''ကိုပွေးထူကို ခင်ဗျားသိတယ်နော်''

ကျွန်တော်က ခေါင်းညိတ်လိုက်သည်။ ကိုကျီးဖြူက ဘယ်သူတုံး မေး၏။

''ဒီသချိုင်းက စဏ္ဍာလပါ ... ကိုခြောက်ပေရဲ့ မိတ်ဆွေပါ''

''ဪ ... ဪ ... အဲဒါ''

''ကိုပွေးထူကြီးက ဆင်းရဲနွမ်းပါးတယ်ဗျာ။ ဒါပေမင့် သူ့မှာစိတ်ရင်းကောင်းလေးတွေရှိတယ်။ အဓိကပြောချင်တာက သူ့မှာချစ်သူရှိတယ်''

''ဟေ ... ကိုပွေးထူမှာ ချစ်သူရှိတယ်''

''အင်း ...''

''ဘယ်သူများလဲ ကိုခြောက်ပေရာ ဟင်လို့''

''ဟို သချိုင်းကုန်းအစွန် တဲလေးမှာနေတဲ့ မကြွေစေ့ဆိုတဲ့ ကောင်မလေးပဲပေါ့ဗျာ''

''ဪ ... ဟို ခြေတစ်ချောင်းမရှိတဲ့ ဒုက္ခတိမိန်းကလေးကို ပြောတာမဟုတ်လား''

''သိပ်ဟုတ်ပေါ့ဗျာ။ သူတို့နှစ်ဦး မကြာခင် ယူကြတော့မယ်။ နှစ်ဦးစလုံး ဆွေရောမျိုးရော မရှိကြဘူး။ ဒီတော့ သူတို့နှစ်ဦးရဲ့ အညတရမင်္ဂလာပွဲမှာ ကြွရောက်ချီးမြှင့်မည့် လူလည်းမရှိသလို ကျွေးမွေးဧည့်ခံစရာလည်း ဗလာနတ္ထိပေါ့။ ဒီတော့ ကျွန်တော့်ကို လက်ဆောင်ပေးမည့် ငါးခြောက်၊ ငါးခြမ်းတွေကို ကိုပွေးထူနဲ့မိကြွေစေ့တို့လေးရဲ့ မင်္ဂလာလက်ထပ်ပွဲအတွက် ဧည့်ခံကျွေးမွေးဖို့ ကြိုတင်လက်ဖွဲ့လိုက်ပါလို့ အကြံပြုရင်း သူတို့ အညာသာရ နှစ်ဦးရဲ့ မင်္ဂလာပွဲကိုလည်း ခင်ဗျားတို့ ရဲရဲတင်းတင်း ကြွရောက်ချီးမြှင့် ကြပါလို့ပြောပါရစေ''

ကျွန်ုပ်တို့နှစ်ဦးသည် လူရိုးလူတူးဆန်း ကိုခြောက်ပေရဲ့ စကားဆုံးသောအခါ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး အားရပါးရ ပြုံး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြသည်။

"ကိုခြောက်ပေ"

"ဘာတုံး ... ဆရာမှိုင်း"

"ဒါ အလွန့်ကို မင်္ဂလာရှိတဲ့အလုပ်ပဲဗျာ ... စိတ်ချဗျာ။ ဟောဒီ သင်္ချိုင်းက အညတရနှစ်ဦးရဲ့မင်္ဂလာပွဲကို ကျွန်တော်တို့ အကောင်းဆုံး အခမ်းနားဆုံးနဲ့ ပျော်ရွှင်ကြည်နူးစရာ အကောင်းဆုံးဖြစ်အောင် ခု ချက်ချင်းပဲ အကောင်အထည်ဖော်လိုက်မယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပါပြီဗျာ"

ထိုနေ့က ...

သင်္ချိုင်းကုန်းအစွန်က အညတရဒုက္ခိတ သီချင်းသည်မလေးရဲ့ အိမ်ငယ်လေးမှာ ...

ကျွန်တော်၊ ကိုခြောက်ပေ၊ သူ့ဒွေးကိုဂျိုးဖြူ၊ စဏ္ဍာလသတို့သားလောင်း ကိုပွေးတူနှင့် သတို့သမီးလောင်း မကြွေစေ့အပါအဝင် မျက်မမြင် မိခင်အိုကြီးတို့ရဲ့ ရေနွေးကြမ်းစကားဝိုင်းမှာ ...

ဝမ်းသာ၍ စို့လာသည့် မျက်ရည်စက်များ။

ကြည်နူးချမ်းမြေ့၍ ညို့တက်လာသော မျက်ရည်စက်များ။

နှုတ်သီးကျိုးနေသော ရေနွေးကြမ်းမြေကရားအိုးနှင့် ငါးဖုတ်ခြောက် အမြည်းလုပ်ရင်း ...

ကျွန်တော်တို့က အချစ်ရဲ့သိင်္ဂါရ လေ့တော်သံကို ရွတ်ကြသည်။ အိမ်ကလေးသည် အမိုးမလုံ။ နေပြောက်တို့ ရေသောက်ဆင်းနေ၏။ ဒါပေသည့် ရိုးသားသစ္စာရှိသော ရင်းတွင်းအလှတရားများနှင့် ဤအိမ်ကလေးသည် မင်္ဂလာရှိနေ၏။

ကျွန်ုပ် ဆုတောင်းလိုက်ပါသည်။ ရှေ့လျှောက်ပြီး သည်အချစ်များ စေတနာမေတ္တာများ စွဲမြဲခိုင်ကျည်ပြီး အိမ်ဆည်းလည်းသံလေးများဖြင့် မရှိအတူ ရှိအတူ အေးအတူပူအမျှ ပျော်ရွှင်ချမ်းမြေ့ကြပါစေဟု ...။

[ ၃၄ ]

ကိုပွေးတူသည် နေ့ခင်းဘက် သူ့အလုပ်ရှိရာသင်္ချိုင်းမှာ အလုပ်လုပ်ပြီး ညနေစောင်းလျှင် သူ့ဇနီးအသစ်စက်စက်လေးရှိရာအိမ်မှာ သွားအိပ်လေ့ရှိ၏။

သို့ဖြစ်၍ သင်္ချိုင်းမှာ ညဘက်ဆိုလျှင် ကိုခြောက်ပေတစ်ယောက်တည်း။ အေးအေးလူလူ ဂူပေါ်မှာ တရားမှတ်လေ့ စဉ်းစားလေ့ရှိ၏။

အသုဘမသာချသည့်ကာလည်း နေ့တိုင်းမရှိ။ တစ်ပတ်မှာ လှမ်း၍ လေးငါးရက်ပဲရှိ၏။ သင်္ချိုင်းစည်ပြီဆိုလျှင် တစ်နေ့တည်း သုံးလေးငါးလေး လောင်း လာချလေ့ရှိ၏။

မရှိသည့်နေ့ဆိုလျှင် သင်္ချိုင်းသည် တိတ်ဆိတ်နေလေ့ရှိရကား .. တစပြင်နှင့် သဏ္ဍာန်တူ၏။

---

စိတ်ကူးသစ်စာစေ

www.burmeseclassic.com



ကိုခြောက်ပေသည် အရင်ကလို မြို့ထဲသိပ်မထွက်။ သူ့ထံလာသူ လူငယ်လူရွယ်များ၊ ဟိုကိစ္စဒီကိစ္စ အကူအညီလာတောင်းသူများကိုလည်း ခုရက်ပိုင်းအတွင်း လုံးဝမလာကြပါနှင့် ကြိုပြောထား၏။

သူ အဓိဋ္ဌာန်ဝင်မည်။

သူ့ဘဝမှာ အကျေးဆပ်ရမည့် ဝဋ်ကြွေးများကို ကုသိုလ်စေတနာနှင့်ဆပ်၍ ဘဝကူးကောင်းအောင် လုပ်ရဦးမည်ဟု ကျွန်ုပ်ကိုပြောသည်။

ပြီး . . . မဟာမြိုင်တောရှိ သူ့ဆရာသခင်ရှိရာကို သွားချင်သည်ဟုလည်း ဆို၏။ သူသည် သူ့ဆရာသခင်လာခေါ်မည့်အချိန်ကို စောင့်မျှော်ငံ့လင့်နေ၏။

သူ့ဆရာကလည်း အဝိဇ္ဇာ၊ တဏှာ၊ ကိလေသာ၊ လောဘ၊ မောဟမီးများ ငြိမ်းအောင်ကျင့်၊ စင်ကြယ်အောင်ကျင့်၊ သန့်စင်သည့်နေ့ ကိုယ်တိုင်လာခေါ်မည်ဟု ဆိုခဲ့ဖူးသည်ကို။

ကိုပွေးထူ ပြန်ပြောပြချက်အရ ပြန်ရေးရလျှင် . . .

ထိုနေ့က တပေါင်းလပြည့်နေ့ နံနက်ပိုင်း။

ကိုပွေးထူလည်း သူ့မိသားစုအိမ်လေးအတွင်း ရေခပ်၊ ထင်းခွဲ၊ ချက်ပြုတ် ဝိုင်းကူညီပြီး သင်္ချိုင်းရှိရာသို့ ဝင်လာသည်။

ကိုခြောက်ပေက အုတ်ဂူပေါ်မှာ တရားထိုင်နေပြီး သူ့နောက်မှာ မိန်းမတစ်ယောက်ရပ်နေသည်ကို မမျှော်လင့်ဘဲ မြင်လိုက်ရသည်။

မိန်းမက ကိုယ်လုံးကိုယ်ပေါက် အလွန်လှ၏။ ခေတ်ဆန်စွာဝတ်စားထားပြီး ရွှေငွေအပြည့်အစုံနှင့် ဖြစ်၏။

ဒီမိန်းမကို သူမြင်ဖူးသည်။

ဟုတ်ပြီ . . . မှတ်မိပြီ။ အလျင် (၆)လလောက်တုန်းက ကိုခြောက်ပေရှိရာသို့ လာတွေ့သည့် မိန်းမချောပါလား။

ကိုခြောက်ပေမှာ အကျင့်တစ်ခုရှိသည်။ သူတရားမှတ်နေလျှင်၊ ပုတီးစိပ်နေလျှင်၊ ဒါမှမဟုတ် ဂုဏ်တော်မန္တန်များကို ရွတ်ဆိုပွားများနေလျှင် သူ့အနီးလာရောက် မေးခေါ်နှောင့်ယှက်ခြင်းကို လုံးဝမကြိုက်။

သို့ကလိုပြုမူလျှင် ချက်ချင်းနေရာမှ ထ,သွားလေ့ရှိ၏။ ယခု . .





အရင်တစ်ခါလာခဲ့သည့် မိန်းမချောလေး ရောက်နေပြီ။

သူမသည် ကိုခြောက်ပေနောက်မှနေပြီး ခေါ်သံပေးနေ၏။

"ကို . . ."

"ကိုရယ်"

ဘုရားရေ . . . ကို ဆိုပါလား။ မဟုတ်မှလွဲရော အရူးကိုခြောက်ပေရဲ့ ဇနီးများလား။ နှမအစ်မများလား။ ကိုပွေးထူ စဉ်းစားအံ့ဩနေမိသည်။

အမျိုးသမီးသည် လေးငါးကြိမ်မျှခေါ်သည့်တိုင် ကိုခြောက်ပေက လုံးဝမလှုပ်သောအခါ ကိုခြောက်ပေရှေ့မှာရပ်၍ ရှိုက်သံနှင့် စကားပြောနေသည်ကို ကိုပွေးထူ ခပ်လှမ်းလှမ်းမှ ကြားရသည်။

"ကိုရယ် . . . ခင်လေးကို မုန်းသွားပြီလားဟင်။ ခင်လေး . . . ကို့ကို မေ့လို့မရဘူး။ ကို့ကို ချစ်လွန်းလို့ ခင်လေး အရာရာကို စွန့်လွှတ်ရင်ဆိုင်ပြီး ကို့ကိုလာခေါ်တာပါကို . . .

ကို ခင်လေးနဲ့ လိုက်ခဲ့ပါတော့ ကိုရယ် . . . နော် . . . နော်"

လွန်စွာရဲတင်းပုံရသော 'ခင်လေး'ဟု သူ့ကိုယ်သူ ထည့်ထည့်ပြောနေသည့် မိန်းမချောသည် ကိုခြောက်ပေက လုံးဝမတုံ့ပြန်သောအခါ လက်ကိုကိုင်လှုပ်၍ ဖွတ်ပြောတော့သည်။

ဒီမှာပဲ ကိုခြောက်ပေသည် မျက်လုံးဖွင့်ကြည့်လိုက်သည်။ သူ့ရဲ့အကြည့်မှ မိန်းမချောကို နာကြည်းနေသော၊ မလိုလားတော့သော အကြည့်များပါဝင်နေပြီး လွှားခနဲ အုတ်ဂူပေါ်မှ ခုန်ချထွက်ပြေးတော့သည်။

"ကို . . . ကိုရေ . . ခင်လေးပြောတာကို ခဏနားထောင်ပါဦး။ ကို . . . ခင်လေး ရှင်းပြပါရစေ . . . ကို . . . ကို . . ."

ကိုခြောက်ပေ ရှေ့ကပြေးသည်။ မိန်းမချောက နောက်ကနေ ပြေးလိုက်သည်။ အပြေးလိုက်ရင်း မြေပုံများကို ခလုတ်တိုက်၍လဲသည်။ [illegible]းစပ်ကလည်း ငိုကြီးချက်မနှင့် ရပ်၍အော်ဟစ်ပြီး လွင့်စဉ်သွား[illegible]ည့်ဖိနပ်ကို ကောက်စွပ်ကာ ဒရောသောပါးနှင့် လိုက်တော့သည်။

ကိုပွေးထူကြည့်နေဆဲမှာပင် သင်္ချိုင်းရ[illegible]မှ ကိုခြောက်ပေရော၊



www.burmeseclassic.com

www.burmeseclassic.com



မိန်းမချောပါ ပျောက်ကွယ်၍ သွားခဲ့လေသည်။

မပေါင်ဦးများက များနေသလိုရှိ၏။

ကိုခြောက်ပေရဲ့ ဘဝနောက်ခံပန်းချီကားမှ ဤမိန်းမချောသည် ဇာတ်ပို့လား၊ အဓိကဇာတ်ကောင်လား၊ ဗီလိန်လူကြမ်းလား။ ဘာကြောင့် ကိုခြောက်ပေက ဒီလောက်လှပချောမောလွန်းလှသည့် မိန်းမချောကို မြင်သည်နှင့် တစ္ဆေသရဲကို မြင်ရသည့်အလား ရင်မဆိုင်ချင်ဘဲ ကြောက်လန့်တကြား ပြေးရသည်ကို စဉ်းစားလို့မရ။

■ ■ ■

# ၊ ၃၅ ၊

❑

အချိန်တို့က အကုန်မြန်သလိုရှိ၏။

နေ့ကို ညက ဝါးစား၏။

ညကို နေ့က မျိုချ၏။

နေက လကို မောင်းထုတ်လိုက် ...

လက နေကို နှင်လွှတ်လိုက် ...

နေ့က မြန်လာလိုက်၊ ညက မြန်လာလိုက် ...မှသည်တို့ ရင့်ရော်လာခဲ့သည်။

စတ္တာလကိုပွေးထူရဲ့ဖနီး ဒုက္ခိတ သီချင်းသည်မလေး မကြွေစေ့မှာပင် ကိုယ်ဝန်ရှိခဲ့ပြီ။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့တိုင်အောင် ...

ကိုခြောက်ပေ ပြန်မလာခဲ့တော့။ ကိုပွေးထူနှင့် မိကြွေစေ့တို့ သူ့ကို သတိရနေကြသည်။

ကျွန်ုပ်နှင့် ကိုဂျိုးဖြူလည်း သူ့ကို သတိရနေကြသည်။ ကျွန်ုပ်တို့သည် အချိန်အားလေးရလျှင် ကိုပွေးထူတို့ အသစ်ပြုပြင်ဆောက်ထားသည့် အိမ်ကလေးမှာ ရေနွေးကြမ်းဝိုင်းဖွဲ့ရင်း ကိုခြောက်ပေအကြောင်း ကိုယ့်အမြင် ကိုယ့်ရှုထောင့်နှင့် ဝိုင်းစဉ်းစား ဆွေးနွေးကြ၏။

သူပညာ ဘယ်နှစ်တန်းအထိ သင်ယူခဲ့သလဲ ...

သူ့ဘဝက လူချမ်းသာမျိုးရိုးကလား၊ သူဆင်းရဲထဲကလား ...

သူနှင့်'ခင်လေး'ဆိုသူတို့ တစ်ချိန်တုန်းက ဘယ်လိုပတ်သက်ပြီး ဘာဖြစ်ခဲ့ကြလို့လဲ ...

သူဘာကြောင့် အရူးတစ်ယောက်လို၊ စိတ်မနှံ့သူလို ဖြစ်သွားခဲ့ရတာလဲ ...

သူ့ဆွေမျိုးသားချင်းများကရော ဘာကြောင့် သူ့ကိုလိုက်မရှာကြသလဲ။ သူ့ရောဂါကို ကုစားမပေးကြတာလဲ ...

လူ့လောကကြီးမှာ မရှိကြတော့လို့လား ...

ဒါမှမဟုတ် ... လုံးဝ ဥပေက္ခာပြုလိုက်ကြလို့လား ...

ရှက်လို့လား၊ မုန်းလို့လား၊ အလိုမရှိလို့လား ...

ကျွန်ုပ်တို့လေးဦး စဉ်းစားလို့ရသည့်မေးခွန်းများ မေးလိုက်၊ ကိုယ့်အမြင်နှင့်ကိုယ် ဖြေလိုက်။

သူ့ကို ကျွန်ုပ်တို့ သံယောဇဉ်ဖြစ်နေကြသည်။

သူသည် ရိုးသားသည်။ စရိုက်အားကောင်းသည်။

သူ့စရိုက်မှာ စွမ်းအင်ထူးတွေရှိနေသည်။ သူ့ ... သူ့စိတ်နှင့် အလိုတည့်လျှင် ကူညီလေ့ရှိသည်။

သူ့ကြောင့် ဖြစ်ရပ်ဆန်းကြယ် အတော်များများ လူအချို့ကြုံတွေ့ခဲ့ကြဖူးပြီ။ သူတစ်နေ့ ဘယ်လိုထူးခြားသော ပုဂ္ဂိုလ်ထူးမျိုးဖြစ်မှာလဲ ..

ကျွန်တော်တို့ သူ့ကို မျှော်နေကြပါသည်။





အချိန်နာရီ ရက်လတို့ အသားမာတက်ခဲ့သည့်တိုင် သူဒီသချိုင်းရှိရာဇရပ်သို့ ပြန်မရောက်လာသောအခါ သူတစ်မြို့မြို့၊ တစ်နေရာရာမှာ ကွယ်လွန်သွားလေရော့သလားဟု တွေးဆပြီး မျှော်လင့်ခြင်း ကားလိုက်ကာကို ကြိုးလျှော့ချနေချိန် ...

တန်ခူးလ သင်္ကြန်အခါမှာ သူ ရုတ်တရက် ရောက်ရှိ၍ လာခဲ့သည်။

"ကိုပွေးထူ ..."

"ဟာ ... မင်း ... မင်း ... ခြောက်ပေ ... ခြောက်ပေနော်"

"အင်း ..."

"အို ... ဝမ်းသာလိုက်တာ ငါ့ညီလေးရာ ... ဝမ်းသာလိုက်တာကွာ"

ကိုပွေးထူ ဝမ်းသာလွန်း၍ သူ့ခါးကို ပြေးပွေ့ဖက်ထားရင်း မျက်ရည်များပင် စီးကျလာခဲ့ရသည်။

ကိုပွေးထူသည် မျက်ရည်များစီးကျရင်းမှ ကိုခြောက်ပေရဲ့ ပြောင်းလဲသွားသော ရုပ်သွင်ကိုကြည့်ပြီး စိတ်ထိခိုက်သလို ဖြစ်ခဲ့ရ၏။

သူအရမ်းကိုပိန်ပြီး အသားအရည်များ ညှိုမည်းသွား၏။ မျက်ကွင်းများ ချောင်ကျသွား၏။

ထူးခြားသည်ကား ... သူ့ရဲ့ ဂျပ်ပိန်းပိန်း မာတောင့်တောင့် ဆံပင်များသည် ပျော့ပျောင်းပြီး နောက်ကျောနှင့် မျက်နှာဝန်းကျင်သို့ ဖားလျားကျနေသည်ကို ထူးခြားမှုတစ်ရပ်အနေနှင့် မြင်လိုက်ရခြင်းပဲ ဖြစ်သည်။ ဒါနှင့်အတူ လွယ်အိတ်တစ်လုံးလည်း ပါလာလေ၏။

ကိုခြောက်ပေ ပြန်ရောက်သည်ကို မိကြွေစေ့လေးလည်း မြင်လိုက်ရသောအခါ ဗိုက်ကြီးတစ်ခွဲသားနှင့် ပြေးလာဆုပ်ကိုင်ပြီး ဝမ်းသာစကားများကို ဆိုတော့၏။

"အစ်ကိုကြီး ... အစ်ကိုကြီး ဘယ်ရောက်နေတာလဲ ဟင်"

"ဟိုနား ဒီနားပါ နှမရယ်"

"အို ... ဟိုနားဒီနားဆို ကျွန်မတို့ [illegible]ပေါ့လို့။ ကျွန်မတို့



www.burmeseclassic.com

www.burmeseclassic.com



မှာ အစ်ကိုကြီးကို သတိရလွန်းလို့ နေ့စဉ် မျက်ရည်ကျနေကြရတာ ... သိလား"

"သိပါတယ် ... နှမရယ်။ အခု အစ်ကိုကြီးပြန်ရောက်လာပြီပဲ။ နှမတို့ ဝမ်းသာတယ်မဟုတ်လားဟင်"

"ဝမ်းသာတာပေါ့။ အရမ်းကို ဝမ်းသာတာ သိလား။ အစ်ကိုကြီး တို့ညီအစ်ကို အလွမ်းသည်နှင့်ကြဦး။ ညီမလေး ထမင်းဟင်းချက်ဖို့ လုပ် လိုက်ဦးမယ်။ အစ်ကိုကြီး ညီမလေးတို့အိမ်မှာ ထမင်းစားရမယ်နော် ... နော် ... အစ်ကိုကြီး"

"အေး ... အေး ... စားမယ် ... စားမယ်"

"ဒါမှ တို့အစ်ကိုကြီးပေါ့"

မိကြွေစေ့က ကိုခြောက်ပေရဲ့ လက်ကိုဆွဲပြီး မွှေ့ယမ်းက,ခုန်ရ ကား ကိုပွေးထူမှာ မှောက်လျက်လဲပြီး ကိုယ်ဝန်ထိခိုက်မှာစိုး၍ မနည်းကို တားရ၏။

သည့်နောက် ပျော်ရွှင်မြူးထူးစွာဖြင့် အိမ်လေးရှိရာသို့ မပြေးရုံ တစ်မည် လှမ်းသွားလိုက်သည်။

ဒါကိုကြည့်ပြီး ကိုပွေးထူရင်ထဲမှာ ကြည်နူးရိပ် တသိမ့်သိမ့်။

ကိုခြောက်ပေရဲ့ ရင်နှင့်မျက်လုံးအိမ်မှာမူ ...

"ကိုပွေးထူ"

"ဘာတုံး ... ခြောက်ပေ"

ကိုခြောက်ပေက ဖျင်ကြမ်းလွယ်အိတ်ထဲမှာ ပစ္စည်းအချို့ကို ထုတ်ယူလိုက်သည်။ စွပ်ကျယ်အင်္ကျီ၊ ပုဆိုးအသစ်နှင့် အညာယောထဘီ နှစ်ထည်။

"ဟောဒီစွပ်ကျယ်နဲ့ အင်္ကျီပုဆိုးက ခင်ဗျားဝတ်ဖို့"

"ဟာ ... ငါ့လူရာ ဒုက္ခခံလို့ကွာ။ ငါ့လူဝတ်ပါကွာ ... နော်"

"ယူထားစမ်းပါဗျာ ... ရော့ ..."

ပြန်ပြောလို့လည်း မရ၊ ငြင်းဆန်လို့လည်း ရမည်မဟုတ်မှန်းသိ၍ အားနာစွာဖြင့် ယူထားလိုက်ရသည်။





"ဟောဒီ အညာဖျင်စလေးက မိကြွေစေ့ဖို့"

"ဟော ... ငါ့မိန်းမဖို့"

"အင်း ..."

"ငါ့လူရာ ... မင်းနှမများသိလိုက်ရင် ကလေးပါပြုတ်ကျအောင် ခုန်လိုက်မည့်ဖြစ်ခြင်းကွာ။ သောက်ကျိုးနည်း ငါ့လူရာ"

"ဟောဒီ ယောထဘီက မိကြွေစေ့လေးအမေ ခင်ဗျားယောက္ခမ ကြီးအတွက်"

"အလိုလေး ... ငါ့လူ ... နေပါဦး ... ပစ္စည်းတွေက များ လိုက်ပါဘိသနဲ့။ ငါ့လူ ထီပေါက်လာလို့လား ဟင်"

"ယူထားဗျာ"

ကိုပွေးထူသည် အဝတ်အစားသစ်များကို ပွေ့လိုက်ရင်း ပါးစပ် မှ ကျေးဇူးရှင်ကြီး ... ကျေးဇူးရှင်ကြီးဟု တဖွဖွ ရေရွတ်နေလေ၏။

"ကိုပွေးထူ"

"ခင်ဗျာ ... [illegible]ကြီး"

"ဒီအထုပ်ကို ခင်ဗျား သေသေချာချာ သိမ်းထား"

"ဘာထုပ်မို့လို့လဲ ကျေးဇူးရှင်ကြီးရာ"

"ပိုက်ဆံထုပ်"

"ဟော ... ပိုက်ဆံထုပ် ... ဟုတ်လား"

"မယုံရင် ဖွင့်ကြည့်ဗျာ"

ကိုပွေးထူသည် မယုံ့ရဲယုံ့ရဲနှင့် လက်ကိုင်ပဝါနှင့် ချည်ထုပ်ထား သည့်အထုပ်ကို ဖြေလိုက်သောအခါ ငွေစက္ကူအထပ်လိုက်ကြီးကို မမျှော် လင့်ဘဲ မြင်လိုက်ရလေ၏။

သူ့ဘဝရဲ့ တစ်သက်နှင့်တစ်ကိုယ်မှာ ဤမျှသောငွေစက္ကူများကို မမြင်ဖူး၊ မကိုင်ဖူး၍ လက်နှစ်ဖက်တုန်နေ၏။

"ခြောက်ပေ ... ကျေးဇူးရှင် ... ငါ့ညီလေး ... ငါ့လူ ... မင်း မင်း ... ဒီငွေတွေအများကြီး ဘယ် ... ဘယ်က ရလာသလဲဟင် ... ဟင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် နှစ်နဲ့ချီပြီး စုဆောင်းထားတာပေါ့ဗျာ"

"ငါ ... ငါက ဒီ ... ဒီငွေတွေကို ဘာ ... ဘာလုပ်ရမှာလဲ။ ဘယ် ... ဘယ်မှာ သွား ... အပ် ... အပ် ပေးရမှာလား ဟင်"

"အဟွတ် ... အဟွတ် ... ဟူး ... မောလိုက်တာဗျာ။ ကျုပ်ကို ရေတစ်ခွက်လောက် မြန်မြန်ပေးစမ်းပါ"

သူ့ပုံစံက အလျင်လိုမဟုတ်။ နေပူမိုးရွာမရှောင် လျှောက်သွားနေလို့ထင့် အသားအရေများ စစ်ကျချုံးသလိုရှိပြီး မောဟိုက်နေ၏။

ကိုပွေးထူ သောက်ရေတစ်ခွက် အမြန်ပြေးခပ်ပြီး ပေးလိုက်သောအခါ သူသည် သောက်ရေကို အငမ်းမရ အားရပါးရ သောက်လေ၏။

"ဟူး ... ကိုပွေးထူ ... နက်ဖြန်မွန်းတည့်ရင် ဒီသချိုင်းကို လူအချို့ ရောက်လာကြလိမ့်မယ်။ သူတို့လာရင် အဲဒီငွေအားလုံးပေးလိုက်။ ကိုးတောင်ပြည့်ဘုရားတည်ရာမှာ အသုံးပြုပါလို့ ပြောလိုက် ... ကြားလား"

"အေး ... အေးပါကွာ။ ဒါနဲ့ ငါ့လူက ဘယ်များသွားဦးမှာမို့လို့လဲဟင် ... ဟင်လို့"

"ကျုပ်လား ..."

"အေးပေါ့"

"ကျုပ် ... နက်ဖြန်မွန်းတည့် (၁၂)နာရီမှာ ခရီးဝေးတစ်ခု သွားစရာရှိတယ်"

"ငါ့လူရာ ... ဒီနေရာဟောင်းလေးကိုရောက်လို့မှ (၂၄)နာရီမပြည့်သေးဘူး ငါ့လူက ဘယ်များသွားဦးမှာလဲကွာ။ မင်းကြည့်ရတာ ကျန်းမာရေးချို့ငဲ့နေပုံပဲ။ ဒီမှာပဲ နားနားနေနေ မင်းနှမ မိကြေွစေ့ ချက်ပြုတ်ကျွေးမွေးတာကိုစားပြီး အားအင်ပြည့်မှ လိုရာခရီးကို သွားပါလားကွာဟင်"

သူက ခေါင်းကို လေးတွဲ့စွာ ယမ်းလိုက်သည်။

"မဖြစ်လို့ပါ ကိုပွေးထူရာ"

"ဒါဆို .. ငါ့လူက ဒီ ... ဒီသချိုင်း ငါတို့ရှိရာကို ပြန်မလာတော့ဘူးလားဟင်"

---

စိတ်ကူးသစ်စာပေ



"လူကတော့ နေမှာပါ။ စိတ်က မနေတော့ဘူး"

"ဟေ ..."

"ကိုပွေးထူကို ကျွန်တော် ကြိုပြောပြမယ်။ ဒါတော့ ကူညီဗျာ"

"ပြော ... ငါ့လူ ... ပြော ..."

"ကျွန်တော် ရေမိုးချိုးပြီး ... တရားမှတ်ရှုတော့မယ်။ တရားမှတ်နေချိန်ကာလဟာ ကြာချင်လည်းကြာမယ်။ ကျွန်တော့်ကို ဘယ်သူမှ မနှောင့်ယှက်ပါစေနဲ့ဗျာ။ တကယ်လို့ တစ်စုံတစ်ယောက်များ လာရောက်ခဲ့ရင်လည်း ခင်ဗျားပဲ မေတ္တာရပ်ခံပြီး ဖယ်ရှားပေးပါဗျာနော်"

"ငါ့လူ ..."

"ဘာတုံး"

"ငါ့လူ ရေတာကယ်ချိုးမှာလား"

"ဟား ... ဟား ... ဟား ... ဟား ... အဟင်း ... ဟင်း ဟင်း ... တကယ်ချိုးမှာပါဗျာ။ မယုံရင် ကြည့်နေပါဗျ"

"မနက်စာတော့ မင်းနှမလက်ရာ စားလိုက်ပါကွာ။ နို့မို့ သူ့ခမျာ စိတ်မကောင်းဖြစ်နေမှာမို့လို့ပါ"

"စိတ်ချ ... အားရပါးရကိုစားမှာ ဟား ... ဟား ... ဟား ဟား"

သူက သို့ကလိုပြောရင်း ခြောက်ကပ်ကပ်အသံနှင့် ဖျစ်ညှစ်၍ ရယ်လိုက်သည်။

"ကိုင်း ... ခင်ဗျားသွားတော့။ စားချိန်ရောက်ရင် လာခေါ်"

ကိုပွေးထူက သူ့စကားဆုံးသည်နှင့် အဝတ်အစားများကို ပွေ့လိုက်ပြီး သူ့မိန်းမ မိကြေွစေ့ရှိရာသို့ အပြေးလေး လာခဲ့လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## [ ၃၆ ]

❑

ထမင်းဝိုင်းကို မိကြွေစေ့နှင့်ကိုပွေးထူတို့က ကျကျနန အကောင်းဆုံး ပြင်လိုက်ကြသည်။

မိကြွေစေ့သည် အညာဖျင်စလေးရှေ့ ကိုခြောက်ပေကို ကျေးဇူးတင်လို့မဆုံး။

အမေစားပြီးပြီမို့ ကြမ်းခင်းပေါ်မှာ ထမင်းသုံးပန်းကန် ပြင်လိုက်သည်။ ထမင်းက ဆန်ကြမ်းထမင်း။ ဟင်းက ကန်ဖွန်းရွက်ကြော်၊ ပဲဟင်းချို၊ ငါးနုပ်ခြောက် မီးအုံးဆီဆမ်းနှင့် ငါးပိဖျော်ရည်လေး လုပ်ထားလိုက်သည်။





သချိုင်းကုန်းမှာ အလေ့ကျပေါက်နေသည့် ခရမ်းချဉ်သီးလေးကို မီးအုံးပြီး ကြက်သွန်ဖြူထောင်း၍ ငရုတ်သီးစပ်စပ်လေးခတ်ထားရကား ငါးပိဖျော်ရည်လေးက မွှေးနေ၏။

အားလုံး အသင့်ပြင်ဆင်ပြီးသည်နှင့် မိကြွေစေ့ကလည်း ရေချိုးပြီး သနပ်ခါးရေကျဲလူး၍ ယပ်တောင်တစ်ချောင်းနှင့် စောင့်နေလိုက်၏။

"အစ်ကိုပွေး ... သွားခေါ်တော့တော့ ... အသင့်ဖြစ်နေပြီ"

"အေး ... ခေါ်မယ်ဟေ့"

ကိုပွေးထူ သချိုင်းကုန်းသို့ ပြန်ဝင်လိုက်သောအခါ တစ်ခါမျှ မကြုံဖူး၊ မမြင်ဖူးသော ဖြစ်ရပ်ဆန်းကို မြင်လိုက်ရ၍ ကြည့်ရင်း ကြက်သေသေသလိုဖြစ်သွား၏။

ဟုတ်မှဟုတ်ရဲ့လားဟု မျက်စိကို အခါခါ ပွတ်၍ကြည့်၏။

အားရ၍ မျက်လုံးပြူးပြီး အနီးကပ်ကြည့်၏။

သေချာ၏။ လူမမှားတန်ရာ။

"မင်း ... မင်း ... ခြောက်ပေနော် ... ဟုတ်တယ်နော်"

"ဟုတ်ပါတယ် .. ကျွန်တော် ခြောက်ပေပါ"

မြတ်စွာဘုရား ... အံ့ဖွယ်ပါတကား။ ကြည့်စမ်း ... အရှုးမောင်ခြောက်ပေ ...

ခါတိုင်းနေ့များစွာက ဆံပင်ဂျပ်ပိန်း၊ ကြေးလက်လေးသစ်၊ နံငယ်တို့နှင့် ရေလုံးဝမချိုးဘဲ ပစ္စုပ္ပန်ရ နေလေ့ရှိသည့်ခြောက်ပေ ...

ခုကြည့်စမ်း ...

ရေမိုးချိုး၍ သူ့ကိုယ်သူ ကျကျနန ပြင်ဆင်ထားလေ၏။

ခေါင်းလျှော်ပြီး အုန်းဆီလူးထား၍ ရှည်လျားသော သူ့ဆံပင်များသည် ပျော့ပျောင်းနူးညံ့စွာ နောက်ပိုးမှာ သားရေကွင်းနှင့် ချည်ချထား၏။

မုတ်ဆိတ်ကျင်စွယ်များကို ရိတ်လှီးထားသောကြောင့် နေလောင်ရင့်ရော်နေသောမျက်နှာသည် သန့်ရှင်းစင်ကြယ်ပြီး ကြည်လင်မှုတို့နှင့် တင့်တယ်နေ၏။

ပို၍ အံ့ဩဖို့ကောင်းသည်ကား ...



www.burmeseclassic.com

www.burmeseclassic.com



နဂိုကာလများစွာက အကျီကျောပြောင် နေလောင်လောင်နှင့် နေလေ့ရှိသောသူသည် ယခုကြည့်စမ်း ... ရှပ်အကျီအဖြူလက်တိုနှင့် နံ့ငယ်တိုကြေးလက်လေးသစ်ထူကို မလျှော်ဘဲ အသေအကြေဝတ်လေ့ရှိသူကြီးသည် ကချင်ပုဆိုးအနက်ကွက်ကို သေသပ်စွာ ဝတ်ထားလေ၏။

ဒီအမြင်သစ်ကို မြို့ထဲရပ်ထဲကလူများ ခုနေမြင်လိုက်လျှင် အရှုးကိုခြောက်ပေဟု မည်သူကမျှ ထင်ကြလိမ့်မည်မဟုတ်။

ရုံးတစ်ရုံးက စာရေးလေး၊ စာရေးကြီးဟုလည်း ထင်နိုင်၏။

ပြဇာတ်မင်းသားဟုလည်း ထင်ဖွယ်ရှိ၏။

အကြောင်းမူ ... မျက်ကွင်းဟောက်ပက်၊ ပိန်ပိန်ပါးပါး ဖြစ်နေသော်လည်း သူ့နဂိုခံ ပင်ကိုချောက သန့်သန့်ပြန့်ပြန့် ပြန်ဝတ်စားလိုက်မှ အထင်းသား ပေါ်လွင်နေသောကြောင့်ဖြစ်၏။

"ကိုပွေးထူ ... ဘာတွေ အံ့ဩနေတာတုံး"

"ငါ့လူအစစ်မှ ဟုတ်ရဲ့လား။ မိုးပေါ်ကကျလာတဲ့ လူမင်းသားများလားလို့ ကြည့်အံ့ဩနေရတာပ ငါ့လူရာ ..."

"ဟား ... ဟား ... ဟား ... ဟား ... ခြောက်ပေပါဗျာ။ ရေတစ်စက်မျှမရောတဲ့ ခြောက်ပေပါ"

"ငါ့လူ"

"ဘာတုံး"

"ငါ့လူ ... ဟို ... ဟို ... အားလုံး ကောင်း ... ကောင်းသွားပြီလားဟင်"

"ဆိုပါစို့ဗျာ"

"ဝမ်းသာလိုက်တာ ငါ့လူရာ။ ငါ့လူကို ခုလို တင့်တင့်တယ်တယ် မြင်ရတာ ကျုပ် ဘယ်လိုဝမ်းသာမှန်း မသိဘူး။ လာ ... လာ ... မင်းနှမ အိမ်မှာ ထမင်းဟိုင်းအသင့်ပြင်ပြီး စောင့်နေလေရဲ့"

"တစ်ယောက်လာလိမ့်ဦးမယ်ဗျ"

"ဘယ်သူတုံးဟ .... ဟို ... ဟို ... မိန်းမချော ... အဲ ... အဲ ... သူလား"





"ဇွတ်ရှိရစာရေးဆရာ ဆရာမှိုင်းပေါ့ဗျာ"

"ဟုတ်လား ... ဒါဆို တို့များအဖွဲ့ ဒီနေ့လူစုံပြီပေါ့"

"ဒါပေါ့ ... ဟောဟိုမှာ လာနေပြီ"

ကျွန်ုပ် ရောက်သွားသောအခါ ကျွန်ုပ်သည် အရှုးကိုခြောက်ပေကိုကြည့်ပြီး ကိုပွေးထူအံ့ဩသလို အံ့ဩခဲ့ရ၏။

ကြည့်စမ်းပါလေ ...

ဝတ်ကောင်းစားလှနှင့် သန့်သန့်ပြန့်ပြန့် သူ့ရုပ်သွင်ကို အနီးကပ်မြင်လိုက်ရသောအခါ ရင်ထဲမှ လှိုက်၍ ဝမ်းသာခဲ့ရလေ၏။ သို့နှင့် ကျွန်ုပ်တို့သုံးဦး သချိုင်းကုန်းမှ ရယ်ရယ်မောမောနှင့် ထွက်လာကြပြီး ကိုပွေးထူတို့အိမ်သစ်လေးသို့ ရောက်လာကြ၏။

အိမ်ရှင်မ မိကြွေစေ့ကား ကျွန်ုပ်ကိုထက် ကိုခြောက်ပေကိုကြည့်ပြီး ပါးစပ်ပွင့်၍ ငေးကြည့်နေလေ၏။

"မိကြွေစေ့ ..."

"ဟဲ့ ... မိကြွေစေ့"

"ရှင် ... အင် ... ဟင် ... ဟင်"

"ဘာငေးနေတာလဲဟ ... လုပ်လေ"

"အံ့ဩလွန်းလို့ပါတော်"

"ဟား ... ဟား ... ဟား ... ဟား"

"ဟီး ... ဟီး ... ဟီး ... ဟီး"

"အဟစ် ... အဟစ် ... အဟစ် ... လှတယ်မဟုတ်လားဟေ့"

"အိုတော် ... ကျွန်မတို့အစ်ကိုကြီးက လှရုံဘယ်ကပါ့မလဲတော်။ ခန့်လည်းခန့်၊ သန့်လည်းသန့်နဲ့ တကယ့်ကို အရာရှိလိုလို၊ ရပ်ကွက်လူကြီးလိုလိုကြီးတော့"

"ဟား ... ဟား ... ဟား ... ဟား ... ဟား"

"မိန်းမပါ ပေးစားရမယ်ဟေ့"

"ဟုတ်တယ်ဗျို့ ... ဟုတ်တယ်"

"ဟား ... ဟား ... ဟား ... ဟား ... ဟား"



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် ကျွန်ုပ်တို့အားလုံး ထမင်းလက်ဆုံစားကြသည်။ စကားတွေပြောလိုက် စားလိုက်နှင့် ဟင်းရောထမင်းရော ပြောင်တလင်းခါမှ ရေနွေးကြမ်းပိုင်းဖွဲ့ စကားကောင်းနေစဉ် ...

"ထိ ... ထိ ..."

"တောက် ... တောက် ..."

"ထိ ..."

"တောက် ... တောက် ... ထိ"

"အလို ... ဒါဘာသံလဲဗျ"

သချိုင်းကုန်းဘက်မှ ထူးဆန်းသော တီးခတ်သံကို ကျွန်ုပ်တို့အားလုံးကြားလိုက်ရ၍ ခေါင်းလှည့်ကြည့်လိုက်ကြ၏။ သချိုင်းကုန်းထဲမှာ ဘယ်သူမျှမရှိ။ သို့သော် ထူးဆန်းသောတီးခတ်သံကို အတိုင်းသား ကြားနေရသည်။

"စည်တီးသံလိုပဲဗျ"

"ဟုတ်တယ် ... စည်တီးသံလိုမျိုးဗျို့။ သချိုင်းထဲ ဘယ်သူစည်လာတီးနေပါ့လိမ့်ဗျာ"

ကျွန်ုပ်ကလည်း အချက်ကျကျ မြည်နေသည့်စည်သံကို နားစွင့်ရင်း ပြတင်းဝမှ ခေါင်းပြူ၍ လှမ်းကြည့်နေမိလိုက်သည်။

ဒီအချိန်မှာပဲ ကိုခြောက်ပေသည် ရေနွေးကြမ်းသောက်နေရာမှ ချက်ချင်းထရပ်လိုက်သည်။

"ကျုပ်သွားတော့မယ်"

"နေပါဦးဗျ ... အမြည်းလေးစားပါဦး"

"ခင်ဗျား ဘယ်သွားမှာလဲ"

"ကျုပ်နေရာကျုပ်သွားတော့မယ်"

"ကိုခြောက်ပေ ဒါ စည်မြည်သံမဟုတ်လားဗျ ဟင်"

ကျွန်ုပ်၏အမေးကို သူလုံးဝမဖြေ။ ကိုပွေးထူရဲ့မျက်နှာကိုသာ လှမ်းစိုက်ကြည့်ပြီး ...

"ကိုပွေးထူ"





"ဘာတုံး ... ငါ့လူ ... ထိုင်ဦးလေကွာ။ အချိန်ရသားဥစ္စာ"

"မထိုင်တော့ဘူး။ မနေ့တုန်းက ကျွန်တော်ပြောပြတာတွေ ခင်ဗျားအားလုံးမှတ်မိတယ်နော်"

"အေးပါ ... ငါ့လူရာ မှတ်မိပါတယ်။ ဘာဖြစ်နေလို့တုံးဟ"

"ကျုပ် ... အလုပ်သွားလုပ်တော့မယ်။ အချိန်သိပ်မရတော့ဘူးဗျာ။ ဆရာမှိုင်းရေ ..."

"ပြောပါ ကိုခြောက်ပေ။ ဘာတုံး ... ပြော"

"ကျွန်တော်တို့ ဆုံရချိန်နည်းတယ်ဗျာ။ နေရမဲ့ရက်များလို့ သေရမယ့်တစ်ရက်ကို မေ့နေကြတယ်။ နေရတဲ့ရက်တွေကို အသုံးမချတတ်ကြလို့ ဘဝကူးတွေလည်း အချို့မလှကြဘူး။ ဒီလက်ရှိအချိန်ကလေးကို ကျွန်တော် ဘယ်ဘဝရောက်ရောက် မေ့လို့ရမှာမဟုတ်ဘူး။ ဒီနေ့ဒီရက် ဒီအချိန်ကလေးဟာ အလွန့်ကို အေးချမ်းပြီး ကျက်သရေရှိလှတယ်လို့ ကျွန်တော် ယုံကြည်တယ်ဗျာ။ ဒါပေမယ့် သေရမည့်ရက်ကို မမေ့ကြနဲ့ဗျာ။ ဒီမှာ ဆရာမှိုင်းရယ် ... မသိလို့မေးပါရစေဗျာ။ လူတွေဟာ သေရင် သေပန်းလှတယ်လို့ ပြောကြတယ်။ သေပန်းလှတယ်ဆိုတာ ဘယ်လိုဟာလဲဗျာ။ ဆရာမှိုင်းက စာရေးဆရာဆိုတော့ ခင်ဗျားအမြင်ကို ပြောပါဦးဗျာ"

သူသည် မတ်တတ်ရပ်ရင်းက စည်သံကိုနားစွင့်ရင်း မေးနေ၏။

သေပန်းလှတယ် ...

သေပန်းပွင့်တယ် ...

အဲဒါရဲ့ အဓိပ္ပာယ် ...

"ကျုပ်သိသလောက်ပြောရရင် သေပန်းလှတယ်ဆိုတာ လူတစ်ယောက် ဝေဒနာကိုခံစားရင် အော်ဟစ်လူးလိမ့် အမေ့,တ၊ အဖေကို,တ၊ မယားကို,တ၊ သားကိုခေါ်ရင်း အသက်ထွက်သွားတာမျိုးကို ခေါ်တာမဟုတ်ဘူးဗျ။ သားစွဲ၊ မယားစွဲ၊ ဥစ္စာစွဲ၊ ရာထူးစွဲ၊ ဘာအစွဲမှမရှိဘဲ ငွေစွဲ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးကိုရှုပြီး အသက်ထွက်တာမျိုး။

နောက်တစ်နည်း ဝင်သက်ထွက်သက်ကို တရားအသိနဲ့မှတ်ပြီး ဖြစ်ပြီးရင် ပျက်တယ်ဆိုတဲ့အသိနဲ့ သေခြင်းတရားကို မတုန်မလှုပ် မစွဲမလမ်း



www.burmeseclassic.com

www.burmeseclassic.com



ရဲရဲရင်ဆိုင်ပြီး အသက်ထွက်သွားတဲ့လူစားမျိုးကိုမှ သေပန်းလှတယ်လို့ ခေါ်တာဗျ။

သေပြီးလို့ မှန်စီရွှေချ ခေါင်းနဲ့သဂြိုဟ်ခံရတာ၊ ညှော်သည်ပရိသတ် စည်စည်ကားကား၊ အသုဘပို့ကားတွေ အစီးတစ်ရာ ကိုးဆယ်၊ လွမ်းသူ ပန်းခွေပန်းခြင်း ငါးဆယ် တစ်ရာနဲ့ ခမ်းခမ်းနားနား အသုဘလိုက်အပို့ ခံရတာမျိုးကို ခေါ်တာမဟုတ်ဘူး။

အချို့က အဲဒီလို ခမ်းခမ်းနားနား အသုဘပို့ခံရတာ၊ ရက်လည် မှာ ကုသိုလ်တွေအများကြီးရတာကို သေပန်းလှတယ်၊ သေပန်းပွင့်တယ်လို့ အယူအဆမှားပြီး ခေါ်ကြ၊ ဂုဏ်ယူနေကြတယ်။ သေပန်းပွင့်တယ်ဆိုတာ က သေဆုံးသူရဲ့မျက်နှာပေါ်မှာ အံကြိတ်ဟန်ရှိနေခြင်း၊ ကြောက်လန့်ဟန် ရှိနေခြင်း၊ ပါးရွဲ့လျှာထွက် ဖြစ်နေခြင်းမျိုးလည်း မဟုတ်ဘူး။

အမှန်က တရားနှလုံးသွင်းပြီး သေဆုံးသွားရသည့်အတွက် သေသူ့ မျက်နှာပေါ်မှာ တည်ငြိမ်နေတာမျိုး၊ ကျေနပ်ဟန်ရှိနေတာမျိုး၊ ပြုံးယောင် သန်းနေတာမျိုးကို သေပန်းပွင့်တယ်လို့ခေါ်တာ။ ရွှဲ့ပြောရ တင်စားပြောရ ရင် သေတာတောင် ပြုံးပြုံးလန်းလန်းကြီးဟဲ့ ဆိုတာမျိုးကို ခေါ်တာပဲ ကိုခြောက်ပေ''

''အော်(လ်)ရိုက် ... ဆရာမှိုင်း။ ကိုင်း ... ခွင့်ပြုကြဦးဗျာ .. သွားပြီဗျို့''

သူသည် သို့ကလိုမေးပြီး ပြောပြီးနောက် ကိုပွေးထူတို့တဲအိမ် ထမင်းဝိုင်း ရေနွေးကြမ်းဝိုင်းမှ ထွက်ခွာ၍သွားလေသည်။

ကျွန်ုပ်သည် လေးကန်သောခြေလှမ်းနှင့် သချိုင်းထဲသို့ ဝင်သွား နေသည့် သူ့နောက်ကျောကို မမှိတ်မသုန်ကြည့်နေမိ၏။

ဒီအချိန်အထိ သချိုင်းကုန်းထဲမှာ စည်းတီးရိုက်သံကို ကြားနေ ရ၏။

''ဆရာမှိုင်း''

''ဘာတုံး ... ကိုပွေးထူ''

''ထူးတော့ ထူးတယ်ဗျာ''





''ဟုတ်တယ် ... အစ်ကို''

မိကြွေစေ့လေးကလည်း သူ့လင်သားရဲ့အဆိုကို ထောက်ခံလိုက် ၏။

''ဘယ်လိုထူးတယ်လို့ ခင်ဗျားကတွေးလို့လဲ ကိုပွေးထူ''

''ဒီနေ့ သူမေးတဲ့မေးခွန်းက မထူးဆန်းဘူးလားဗျာ''

''ဒါကတော့ ဗုဒ္ဓဓမ္မအသိနဲ့နေသူတို့ရဲ့ မေးခွန်းမျိုးပဲဗျ။ အချိန် မရွေးမေးသင့်တဲ့ မေးခွန်းပါ''

''ဒါဆို ဆရာမှိုင်းရာ ... သချိုင်းကုန်းကမြည်တဲ့ စည်သံကရော မထူးဆန်းဘူးလားဗျာ''

''အေးဗျာ ... ဒါကတော့ ထူးဆန်းနေသလိုမျိုးပဲ။ အလျင်တုန်း ကရော အဲဒီလို ကြားရဖူးလား ကိုပွေးထူ''

''သချိုင်းကုန်းပဲ ... ဆရာရယ်။ စောင်းသံငြင်းသံ၊ စည်သံ၊ တယောသံ ကြားရပဲ့မလားဗျာ။ ငှက်ဆိုးထိုးသံရယ်၊ ကြွေးစည်သံရယ်၊ ငို ရှိုက်သံရယ်၊ ခွေးအူသံရယ်၊ ဘုန်းကြီးရေစက်ချ အမျှဝေသံရယ်၊ ဒါပဲ နေ့စဉ်နီးပါး ကြားရညစ္စာ။ ခုမှ ထူးထူးဆန်းဆန်းကြားရလို့ ဒီနေ့သချိုင်းကုန်း မှာရော၊ သူရော ထူးနေတယ်လို့ ပြောရတာဗျ။ ဆရာမှိုင်း ပိုင်းစဉ်းစား စမ်းပါဦးဗျာ''

ကျွန်ုပ်သည် ဂမ္ဘီရ စာရေးဆရာပီပီ ဦးနှောက်ကို အလုပ်ပေးရ တော့၏။

ကျွန်ုပ်၏သူငယ်ချင်း ကားပွဲစားမောင်သွေးရင့် သေမည့်ညက အိမ်အမိုးသွပ်ခေါင်မှ ဘင်သံလိုလိုကြားရ၏။ သည်တုန်းက သူ့အနီးမှာ ကျွန်ုပ်ရှိနေ၏။ သူ့မယား မခင်အေးကြူရှိ၏။ မောင်ဥက္ကာရှိ၏။ မောင်သွေး ရင့်ကိုးကွယ်သည့် ရသေ့ကြီးဦးခေါင်းပိန် ဆိုသူလည်းရှိ၏။ မောင်သွေးရင့် ကား အမောဖောက်ရင်း ကယောင်ကတမ်းပြောနေ၏။

''နတ်တွေ လာခေါ်နေပြီ''

''သိကြားတွေ ငါ့ကိုလာခေါ်နေပြီ''

ခေါင်မိုးပေါ်က ဘင်တီးသံက ပို၍ ကျယ်လောင်လာ၏။ ရေသ



www.burmeseclassic.com

www.burmeseclassic.com



ကြီး ဦးခေါင်းပိန်က မောင်သွေးရင့်ရဲ့ ကယောင်ကတမ်းစကားသံကိုကြား သော် မောင်သွေးရင့်မိန်းမ မခင်အေးကြူမျက်နှာကိုကြည့်ပြီး ခေါင်းညိတ် ပြ၏။

မကြာခင် သူ အသက်ထွက်သွားလေ၏။

အသက်ထွက်သော် မောင်သွေးရင့်မိန်းမက ရင်ထု၍ငို၏။

"မငိုပါနဲ့ ဒကာမကြီး"

"မငိုလို့ဖြစ်မလား ဘရသေ့ရဲ့။ ကျွန်မရဲ့ အချစ်ဆုံးလင်သား၊ အိမ်ဦးနတ်ကြီး ခုတော့ ... သွားရှာပြီပေါ့ ... ဟီး ..."

"သူ ကောင်းရာသုဂတိဘုံကို ရောက်သွားပါပြီ ဒကာမကြီး"

"ဘရသေ့ ဘယ်လိုလုပ်သိလို့လဲ ဟင် ... ဟီး"

"ခေါင်းမိုးပေါ်က ထူးထူးခြားခြား ဘင်တီးသံလိုမျိုး ကြားရတယ်။ ပြီး ... ဒကာမကြီးရဲ့ယောကျ်ားပါးစပ်က ကောင်းသောနိမိတ်စကားများ ပြောပြီး အသက်ထွက်သွာတာမို့ သူအပါယ်မလားတော့ဘူး။ ပြိတ္တာတစ္ဆေ ဘဝ မရောက်တော့ဘူး"

"ဒါ ... ဒါ .. တကယ်လား ဘရသေ့ရဲ့"

"ကျုပ် ... ဒါမျိုးသိလို့ ပြောတာပါ ဒကာမကြီး"

ရသေ့ကြီး သို့ကလိုပြောလိုက်သောအခါ မခင်အေးကြူ လွန်စွာ ဝမ်းသာသွားပြီး လက်ဖက်ရည်ဖျော်၍ ပေါင်မုန့်သုံးလုံးကို အားရပါးရစား လေ၏။

[အမှန်ကား ... ခေါင်မိုးပေါ်မှ ဘင်တီးသံကြားရသည်ဟု မထင်။ သွပ်များ နွေခင်းနေရှိန်ကြောင့် သံချပ်များကြွပြီး ညလေတိုက်သောအခါ သွပ်ချင်းရိုက်သည့်အသံဟု ကျွန်ုပ်ယူဆ၏။ သို့သော် မခင်အေးကြူနှင့် ဘရသေ့ဆိုသူတို့က မောင်သွေးရင့်သေမည့်ညက ခေါင်မိုးပေါ်မှ ဘင်တီးသံ မြိုင်မြိုင်ကြီးကြားရသည်ဟု ဂုဏ်ယူဝံ့ကြွားစွာ လာသမျှလူကို ပြောပြနေရ ကား ... နောင်အခါ မောင်သွေးရင့်အမည်မှ 'ဘင်သွေးရင့်'ဟု အမည် တွင်သည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ဆန်းဘဝသို့ပင် ရောက်သွားခဲ့ရလေသည်။]

သို့ကလို အူကြောင်ကျား ဖြစ်ရပ်ဆန်းများလည်း ကျွန်ုပ်အနေ





ဖြင့် မျက်မြင်ကိုယ်တွေ့ကြုံဖူး၍ လေးလေးနက်နက် စဉ်းစားရ၏။

ဒီမှာပဲ ကျွန်ုပ်သည် လွန်ခဲ့သည့်အချိန်ကာလ အပိုင်းအခြား တစ်ခု တုန်းက အရှူးကိုခြောက်ပေ စိတ်ကောင်းဝင်စဉ်ပြောပြသည့် ထူးဆန်းသော သူ့ခရီးသွားဘဝဖြစ်စဉ်ကို ပြေးသတိရလိုက်၏။

အဲဒီတုန်းက သူမဟာမြိုင်တောနက်ကြီးရှိရာသို့ သူ့ဆရာသခင် ဘုန်းကြီးနှင့် ရောက်သွားသည့်အချိန် ...

တောနက်ကြီးရဲ့ တစ်နေရာကနေ ကျောက်နှစ်ထပ်ဖားနှင့် အသံ မြည်သော ကျောက်စည်တစ်လုံး ရလာသည့်အကြောင်း၊

ကျောက်နှစ်ထပ်ဖားကိုမူ အချစ်ရေးရာကိစ္စ သုံးချင်သူများသို့ ပေးလိုက်သည်ကို ကျွန်ုပ်ကြားခဲ့ရသော်လည်း ...

ထူးဆန်းသော ကျောက်စည်အကြောင်းကိုမူ သူဘယ်နေရာမှာ သိမ်းထား ဝှက်ထားသည်ကိုမသိ။ ၎င်းကျောက်စည်မြည်လျှင် မည်သို့မည် ပုံ အကျိုးရှိသည်၊ အကျိုးယုတ်သည်ကိုလည်း မသိရ။

ယခု သချိုင်းကုန်းမှ စည်မြည်သံကြားနေရသည်။

အဲဒါ အရူးကိုခြောက်ပေ မဟာမြိုင်တောနက်ကြီးထဲက ရလာခဲ့ သည့် ထူးဆန်းသော ကျောက်စည်မြည်သံပဲလား ...

ဒါမှမဟုတ် ...

တစ်စုံတစ်ယောက်က အကြောင်းတစ်ခုခုကြောင့်များ သချိုင်းကုန်း ဝန်းကျင်မှာ လာရောက်တီးခတ်နေရော့လား ...

"ကိုပွေးထူ"

"ဗျာ ... ဆရာမှိုင်း"

"လာဗျာ ... ကျုပ်တို့ စည်မြည်သံကြားရတဲ့နေရာကို လိုက်ရှာ ကြည့်ရအောင်ဗျာ"

"ကောင်းတယ် ... ဆရာမှိုင်း။ လာ ... သွားကြစို့"

ကျွန်ုပ်တို့နှစ်ဦးသား သချိုင်းကုန်းထဲရောက်သောအခါ စောစော တုန်းက မြည်ခဲ့သည့်စည်သံသည် အသံပျောက်နေ၏။ သို့နှင့် ကြားလိုကြား ငြား ဟိုနားရပ်နားစွင့် ဒီနားရပ်နားစွင့် အချိန်အတန်ကြာသည့်တိုင် နားစွင့်



www.burmeseclassic.com

www.burmeseclassic.com



သည့်တိုင် ၎င်းမြည်သံကို လုံးဝမကြားရတော့။

အုတ်ဂူဟောင်းကြီးပေါ်မှာမူ ကိုခြောက်ပေကို မရဏာနုသသတိ ကမ္မဋ္ဌာန်း ထိုင်လျက် စီးဖြန်းနေသည်အား မြင်ရ၏။ အသာ အနီးကပ်၍ ကြည့်လိုက်သောအခါ သူ့ရှေ့မှာ အရိုးကောင်းခွံတစ်လုံးကို တွေ့ရသည်။

အရိုးခေါင်းခွံပေါ်၌ စာအချို့ကို မီးသွေးခဲနှင့် ရေးထား၏။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသတည်း ...။

■ ■ ■

# | ၃၇ |

❑

ကိုပွေးထူသည် ညနေ (၅)နာရီခန့်ရှိသောအခါ ကိုခြောက်ပေကို ထမင်းစားခေါ်ရန် သူ ကမ္မဋ္ဌာန်းမှတ်ရှုနေသည့် အုတ်ဂူရှိရာသို့ အခြေအနေ ကြည့်၍ ချဉ်းကပ်လာခဲ့လိုက်၏။

ကိုခြောက်ပေသည် မျက်စိသေကြီးနှင့် မျက်တောင်လုံးဝမခတ်ဘဲ သူ့ရှေ့က အရိုးဦးခေါင်းခြောက်ကို စိုက်ကြည့်ပြီး ဝင်သက်ထွက်သက်ကို ရှုနေ၏။

ရင်ဘတ်လေးလှုပ်နေ၍သာ သူအသက်ရှူနေသည်ဟု ဆိုရသော်လည်း ပီဘိကျောက်ရုပ်တုတစ်ရုပ်လို အုတ်ဂူပေါ်မှာ ငြိမ်သက်နေ၏။

ကိုပွေးထူက ညစာထမင်းစားဖို့ အသံပြုရင်ကောင်းမည်လားဟု ရပ်၍ စဉ်းစားနေစဉ် ...

အုတ်ဂူပေါ်မှ အရိုးခေါင်းသည် လှုပ်၍နေသည်ကိုမြင်ရပြီး ကိုပွေးထူ လန့်သလို ဖြစ်သွား၏။ ဟုတ်မှဟုတ်ရဲ့လား ... ဂရုစိုက်ကြည့်လိုက်သည်။

---

စိတ်ကူးသက်သာပေ

www.burmeseclassic.com

www.burmeseclassic.com



အရိုးခေါင်းသည် လှုပ်နေသည်။

ပုံစံက ကိုခြောက်ပေကို စကားပြောနေသလိုမျိုး။

အိုး ... အသက်မရှိသည့် အရိုးဦးခေါင်းက ဘာလို့လှုပ်နေရမှာလဲ။ လေတိုက်လို့များလား၊ ဒါမှမဟုတ် ... အင်းလေ ... လေတိုက်လို့ လှုပ်တာပဲ နေမှာပါ။

တစ်ခါ တစ်ညဘက် သူ သင်္ချိုင်းထဲသွားရင်း မြေပေါ်ရှိ အရိုးဦးခေါင်းအချို့ လရောင်အောက်မှာ လှုပ်နေသည်ကို မကြာခဏ မြင်ဖူး၏။ အစကနဦးတော့ သရဲခြောက်သည်မှတ်ပြီး အရိုးခေါင်းအနီးသို့ မချဉ်းကပ်ရဲ၍ ရှောင်ကာ နေခဲ့ဖူးသည်။

အဲဒါမျိုး မြင်ရဖန်များ၍ စူးစမ်းချင်သည်နှင့် အရဲစွန့်ပြီး အရိုးခေါင်းကို ခဲနှင့်ပစ်ပေါက်ကြည့်လိုက်တော့ အရိုးခေါင်းရဲ့ ပါးစပ်မှလည်းကောင်း၊ ဦးနှောက်အောက် အပေါက်မှလည်းကောင်း ... ကြွက်ငယ်၊ ကြွက်ကြီးအချို့ ပြေးထွက်သွားသည်ကို မြင်ရပြီး သရဲခြောက်တာ မဟုတ်ပါလားဟု ယုံကြည်ခဲ့ရသော်လည်း ...

တစ်ကြိမ်မှာတော့ ...

အရိုးခေါင်းရဲ့ပါးစပ်မှ မီးခိုးလိုလိုအရာနှင့် မီးစုန်းလိုလို အလင်းရောင်များ ထွက်နေသည်ကိုမူ အံ့ဖွယ်မြင်ရဖူး၏။

ဘာပဲဖြစ်ဖြစ် ညနေစာတော့ ကျွေးမှသင့်မည်ဟုယူဆပြီး အုတ်ဂူအနီးသို့ တိုးကပ်လိုက်သောအခါ အုတ်ဂူပေါ်မှာ မီးသွေးခဲနှင့် စာရေးထားသည်ကို ကိုပွေးထူ ဖတ်လိုက်ရသည်။

စာ၏အဓိပ္ပာယ်ကား ...

'လုံးဝ မနှောင့်ယှက်ပါနှင့်' ဟူသတည်း။

သို့နှင့် ဆာသည့်အချိန် စားပါစေဟူသည့်စေတနာနှင့် သောက်ရေကတစ်ပုလင်း၊ ငှက်ပျောသီးငါးလုံးကို အသံမကြားအောင် အုတ်ဂူပေါ်မှာ တင်ခဲ့ပြီး သူ့ဇနီးမိကြွေစေ့ရှိရာသို့ ပြန်လာခဲ့လိုက်လေသည်။

သည်လိုနှင့် နေဝင်သွားခဲ့သည်။

ညဘက် ကိုခြောက်ပေ ဆာများနေမလားဟု သိချင်၍ လာကြည့်





လိုက်တော့ ... တန်ခူးလ သင်္ကြန်အကျနေ့ညရဲ့ လရောင်အောက်ဂူပေါ်မှာ ကိုခြောက်ပေ တင်ပျဉ်ခွေထိုင်ပြီး တရားမှတ်ရှုနေဆဲ။

သူ့နံဘေးမှာ ခွေးနက်အုပ်ကြီးကို မြင်နေရသည်။

ဘယ်အရပ်က ခွေးများမှန်းမသိ။ အရင်တစ်ခါကလိုပဲ သူ့ဝန်းကျင်မှာ ငုတ်တုတ်ကြီးတွေထိုင်၍ သူ့ကို ငေးကြည့်စိုက်ကြည့် ရှိနေကြ၏။

တစ်ကောင်တလေမျှ မအူကြ။ မဟောင်ကြ။ မကိုက်ကြ။

လရောင်အောက်မှာ ငုတ်တုတ်မော့ကြလျက်။

ခွေးအုပ်ကြီးက ကိုခြောက်ပေ တရားရှုမှတ်နေသည့် အုတ်ဂူကို ဝိုင်း၍ မော့ကြည့်နေကြလျက် ...

သို့နှင့် ကိုပွေးထူအသာပြန်လှည့် လာခဲ့လိုက်တော့သည်။

"တွေ့ခဲ့လား အစ်ကို"

"အေး ..."

"ထမင်းဆာနေမှာပေါ့လို့။ ဘာလို့ မခေါ်ခဲ့တာပဲ"

"တရားထိုင်နေတုန်းဟ ... လာပါကွာ ... အိပ်ကြပါစို့။ မနက်ကျမှာ စားစရာသွားပို့တာပေါ့"

သူတို့ အိပ်ရာဝင်ခဲ့ကြသည်။

မိုးလင်းခါနီး ရောင်နီပျို့ချိန်မှာ သင်္ချိုင်းကုန်းဘက်ဆီမှ ခွေးအူသံများ မရပ်မနား ကြားရတော့၏

"အူ ... အူ ... ဝူ ... အူ"

"အိန် ... အိန် ... အိန်"

"အူ ... ဝူ ... ဝူ ... ဝူ"

"အစ်ကို"

"ဘာတုံး ... မိကြွေစေ့"

"ခွေးအူသံတွေ ကြားလား"

"ကြားတယ်"

"များလှချည်လား အစ်ကို"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"သချိုင်းကုန်းထဲကို မကောင်းဆိုးဝါး ရောက်လာလို့များလားဟင် အစ်ကို"

"ဒါလည်း ဖြစ်နိုင်တာပဲ။ ဒါပေမယ့် သန်းကောင်သန်းလွဲမှာအရုပ် မကောင်းဆိုးဝါးမြင်လို့လို့ ငါတို့ဆရာသမားတွေက ပြောကြတယ်။ ခုအချိန်က ဆည်းဆာပျို့ချိန်ဟ။ ထူးတော့ ထူးသလိုပဲ။ ဟော ... ဟော ... နားထောင်စမ်း ... မိကြွေ"

"ဘာတုံး ... အစ်ကို"

"စည်သံဟ ... စည်တီးသံ"

"တီ ..."

"တုံ ... တုံ ... တီ"

"ဟုတ်တယ်တော့"

မိကြွေစေ့က ခေါင်းရင်းပြတင်းပေါက် ကဲလားတံခါးကို ဖွင့်ပြီး အဝေးကို လှမ်းကြည့်လို့ နားစွင့်လိုက်သည်။

"တုံ ... တုံ ... တုံ ..."

"တီ ..."

"အစ်ကို ... သချိုင်းကုန်းထဲကတော့"

"အေး ... အရင်တစ်ခါ မြည်တုန်းကလည်း သချိုင်းကုန်းထဲက ပဲဟ။ ငါနဲ့ဆရာမှိုင်း လိုက်ရှာကြည့်တော့ ဘာမျှရှာမရဘူး"

"ထူးဆန်းလိုက်တာနော် အစ်ကို"

"သချိုင်းကုန်းကိုးဟာ ... အထူးအဆန်း မြင်ရကြားရမှာပေါ့"

သချိုင်းကုန်းဘက်ဆီ စည်တီးသံလိုမျိုးအသံက တစ်လှည့်၊ ဆွဲဆွဲငင်ငင်အူလိုက်သည့် ခွေးအူသံများက တစ်လှည့်။ (၁၅)မိနစ်ခန့် ကြားရပြီးနောက် အားလုံး ငြိမ်သက်သွားခဲ့လေသည်။

မိုးလင်း၍ သွားကြည့်သောအခါ ...

ကိုခြောက်ပေကို အုတ်ဂူပေါ်မှာ အိပ်နေလျက်မြင်ရ၏။ ရင်ဘတ်ပေါ်သို့ လက်နှစ်ဖက်တင်ထားလို့။

နိုးရန် ကြံစည်လိုက်သော်လည်း မနေ့က တစ်နေ့လုံး တစ်ညလုံး





တရားမှတ်ရှုနေ၍ ပင်ပန်းနွမ်းနယ်ပြီး အိပ်နေတာပါဟု မှတ်ယူပြီး မနိုးတော့။ စားစရာထမင်းနှင့် ပဲပြုတ်ဆီဆန်းပန်းကန်ကို သူ့နံဘေးရှိ အရိုးခေါင်းအနီးမှာတင်ပြီး ကျွန်းရွက်တစ်ရွက်နှင့် အုပ်ထားခဲ့ကာ ပြန်လာခဲ့လိုက်သည်။

အိမ်အလုပ် လုပ်စရာရှိသည့် ရေခပ်၊ ထင်းခွဲအလုပ်များကို လုပ်ပေးခဲ့လိုက်ပြီး နက်ဖြန်ခါချမည့် အသုဘတစ်ခုအတွက် မြေကျင်းတစ်ကျင်းတူးရန် ပေါက်တူးနှင့် ငန်းပြားဆွဲရင်း လာခဲ့လိုက်သည်။

သည့်နောက် ကာယကံရှင်များ ညွှန်ပြခဲ့သည့် ကုက္ကိုပင်ပိုင်းများအောက်မှ မြေကြီးကို ပေါက်တူးနှင့်တူးဆွနေစဉ် ...

ကောင်းကင်က သံကြိုန်မိုးက ညို့၍လာနေ၏။

မိုးညို့ပြီး ကောင်းကင်သည် မည်းရိပ်ညိုရိပ်ဆင်ကာ လေပြင်းများပါ ကျလာလေ၏။

သကြိုန်မိုးကား ... သကြိုန်အကြိုကာလမှာ ဒီနှစ်မရွာဘဲ သကြိုန်အကြတ်ရက်ကျမှ ရွာမည်နှင့်တူ၏။

လေပြင်းတိုက်သံနှင့်အတူ သချိုင်းကုန်းရှိ သစ်ရွက်ဟောင်းများသည် လေပွေထ,၍ အုတ်ဂူမြေပုံများပေါ်မှာ ဝေ့ဝဲပျံသန်းနေ၏။

ဖုန်လုံးများကလည်း မှိုင်းနေ၏။

သူ ကိုခြောက်ပေကို လှမ်းကြည့်လိုက်သည်။ မနိုးသေး။ သူအိပ်နေသည့် အုတ်ဂူပေါ်မှာလည်း လေနှင့်လွင့်ပါလာသည့် သစ်ရွက်ကြွေများက ဝေ့ဝဲလိုဝေ့ဝဲ၊ တင်လိုတင် မြင်နေရသည်။ မကြာခင် ဝေါခနဲအသံနှင့်အတူ သကြိုန်မိုးက အားရပါးရ ရွာချရကား ...

ကိုယ့်လူ မောင်ခြောက်ပေကိုနိုးရန် တူးလက်စကိုရပ်ပြီး မိုးသီးမိုးပေါက်များကြားမှ ခြောက်ပေရှိရာသို့ ပြေးလာခဲ့လိုက်၏။

ကိုယ့်လူက အိပ်မောကျ၍ကောင်းတုန်း ...

အင်းလေ ... ဟိုအရင် ကာလများတုန်းကလည်း ဒီလူပေလူရှုယ်၊ အရူးလိုလို၊ တရားသမားလိုလို လူရှုယ်သည် အုတ်ဂူပေါ်မှာပဲ နေပူပူ မိုးရွာရွာ ဆောင်းချမ်းချမ်း ပေတေ၍ အိပ်လေ့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



များခြင်းနာခြင်း၊ အအေးပတ်ခြင်း၊ အပူရှပ်ခြင်း လုံးဝမရှိ။

အဲလို မိုးရွာသည့်အခါမျိုးနှင့်ကြုံလျှင် ကိုပွေးထူက ပလတ်စတစ်မိုးကာဖျင်စနှင့် အုပ်ပေးခဲ့ရ၏။

ဒီနေ့တော့ မိုးကာဖျင်စနှင့် မအုပ်တော့။ သူပင်ပန်း၍ ဆာချင်ဆာနေရှာမည်။ သို့ဖြစ်၍ မိုးရေစက်သံများကြားမှ အော်နိုးရ၏။

"ကိုခြောက်ပေ ... ကိုခြောက်ပေ ..."

"ဗျို့ ... ကိုခြောက်ပေ ... မိုးတွေရွာနေပြီ။ ထပါ ငါ့လူရ"

"ငါ့လူ ... ထပါတော့"

မိုးသံလေသံကြောင့် အော်၍နိုးရ၏။ ကိုယ့်လူကား အိပ်လို့ကောင်းနေဆဲ၊ တုပ်တုပ်မျှမလှုပ်။ မိုးရေများက သူ့အင်္ကျီ၊ ပုဆိုးနှင့်ဦးခေါင်းဆံပင်များကိုစိုရွှဲ၍ ဂူအောက်သို့ပင် စီးကျနေ၏။

သို့နှင့် ကိုပွေးထူ လှုပ်နိုးရတော့သည်။

"ကိုခြောက်ပေ ... ဗျို့ ကိုခြောက်ပေ"

"ဟော့လူ ... ထပါဗျ။ မိုးတွေ တအားရွာနေပြီ"

သူ့ခြေထောက်ကို ကိုင်၍ လှုပ်လိုက်သည်။

"အ လို ..."

ခြေထောက်ကအေးစက်ပြီး တောင့်လို့ပါလား။ တောင့်ပုံက တုတ်တစ်ချောင်းလို၊ ရေခဲရိုက်ထားသလို အေးစက်တောင့်တင်းခြင်းမျိုး။

ကိုပွေးထူ လက်ကိုကိုင်လှုပ်ကြည့်သည်။ အလိုလေး ... ရင်ဘတ်ပေါ်ကွေးတင်ထားသည့် လက်နှစ်ဖက်စလုံး အေးစက်ပြီး ပြန်ဖြောင့်လို့မရ။

သို့နှင့် မျက်စိနှစ်လုံးကို ကြည့်လိုက်တော့ ...

အလုံးစုံမှိတ်လျက် ...

သူ အမျိုးမျိုးလှုပ်နိုးသည်။

"ခြောက်ပေ ... ညီလေး ... ငါ့လူ ... ခြောက်ပေ"

စိုးရိမ်ကြီးစွာနှင့် လှုပ်လှုပ်နိုးပြီး ခေါင်းကို မကြည့်လိုက်သောအခါ ဇက်ပင်တောင့်၍ နေလေပြီ။

---

စိတ်ကူးသစ်စာပေ



သူ အသက်မရှိတော့ ...

"ခြောက်ပေ ... ညီ ... လေး ... ငါ့လူ ... ခြောက်ပေ .."

ကိုပွေးထူ မစဲနိုင် မတိတ်နိုင်သည့် မိုးသီးမိုးပေါက်များအကြား ကိုခြောက်ပေရဲ့ ကိုယ်လုံးကိုဖက်ပြီး ဝမ်းနည်းကြီးစွာ ရှိုက်ငိုချလိုက်သည်။

မျက်လုံးအိမ်မှ မျက်ရည်ပေါက်များသည် မိုးရေနှင့်စီးမျော၍ မိုးရေဖြစ်သွားလိုက်။

မိုးစက်ရေများကို ဆန်၍ မျက်ရည်ပေါက်များက စီးလိမ့်ကျလာလိုက်။ သူ အားရပါးရ ရှိုက်ငိုပြီးနောက် သူ့ဇနီးရှိရာတဲအိမ်သို့ အရူးအမူး ပြေးလာခဲ့လိုက်သည်။

"မိကြွေစေ့ရေ ... မိကြွေစေ့ ..."

"အစ် ... ဘာဖြစ်လို့တုံး ..."

"ဟို ... ဟို ... ကို ခြောက်ပေ ... ကို ... ခြောက် ... ပေ"

"အစ်ကိုခြောက်ပေ ဘာဖြစ်လို့တုံး အစ်ကို ... ဟင် ... ဟင်လို့"

"သူ ... သူ ဆုံးသွားပြီ"

"အမယ်လေး ... အစ်ကိုရဲ့ ... ဟီး"

မိကြွေစေ့ ကြားရချက်ကြောင့် အမယ်လေး တ,ပြီး ချစ်လင်ကိုဖက်ကာ ငိုချလိုက်သည်။ အင်း ... မနက်အရုဏ်တက်တုန်းက ခွေးများအူကြသည်မှာ ဒါကြောင့်ပဲ ဖြစ်ပေလိမ့်မည်။ အခု ခွေးအုပ်ကိုလည်း မမြင်ရတော့။

"မိကြွေစေ့ ... အစ်ကို ... ဆရာမှိုင်းကို သွားခေါ်လိုက်ဦးမယ်"

"ဖြစ်ရလေ အစ်ကိုကြီး ခြောက်ပေရဲ့ ... ဟီး ... ဟီး"

စဏ္ဍာလကိုပွေးထူ ကျွန်တော်ရှိရာသို့ရောက်လာပြီး ကိုခြောက်ပေ မိုးရွာထဲမှာပဲ ကွယ်လွန်ဆုံးပါးသွားသည့် အကြောင်းစုံကို ပြောပြလိုက်ရကား ကျွန်ုပ်ရင်သည် လွန်စွာ အံ့သြထိခိုက် ဆို့နင့်သွားမိလေသည်။

သည့်နောက် ကိုပွေးထူနှင့်အတူ သင်္ချိုင်းရှိရာသို့ အမြန်လိုက်လာပြီး ကြည့်လိုက်သောအခါ ...

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သကြြန်မိုးက တိတ်သွားခဲ့ပြီ။

စိုရွှဲသော ရေစိုအဝတ်နှင့်အတူ ကိုခြောက်ပေရဲ့ တည်ငြိမ်ပြီး ပြုံးယောင်သမ်းသလိုလိုရှိနေသော မျက်နှာနှင့် အသက်မဲ့ခန္ဓာကိုယ်ကို မြင်လိုက်ရသည်။

ကျွန်ုပ်ရဲ့ပါးပြင်ပေါ်သို့ မျက်ရည်ဥများ စီးလိမ့်ကျလာခဲ့သည်။

ကျွန်ုပ် သူရဲ့ပါးပြင်ကိုလည်းကောင်း၊ နဖူးကိုလည်းကောင်း အသာကိုင် တို့ထိလိုက်သည်။

ရေခဲတုံးလို အေးစက်တောင့်တင်းနေပါပကော ...။

# [ ၃၈ ]

❑

ကျွန်ုပ်နှင့်ကိုပွေးထူတို့သည် အလောင်းမြေကျရေးကိစ္စကို ဆွေးနွေးပြီး အလောင်းကို ရေချိုးသန့်စင်ပေးရန် အုတ်ဂူပေါ်မှ အသာမ,လိုက်သောအခါ ...

မမျှော်လင့်သော အရာအချို့ကို တွေ့လိုက်ရလေ၏။

သေသူကိုခြောက်ပေလျောင်းနေသည့် အုတ်ဂူအောက်မှာ အပေါက်တစ်ပေါက်။ အပေါက်က တစ်ပေပတ်လည်ခန့်ရှိ၏။

ယခင်နေ့များက ဒီအပေါက်မရှိ။ ဒီနေ့ အလောင်းကိုမ,လိုက်မှ ကျောအောက်နေရာမှ မြင်လိုက်ရသည့်ဖြစ်ခြင်း ...။

"အပေါက်ကြီးဗျ"

"ဟိုတုန်းက မြင်ရလား ကိုပွေး"

"မမြင်ရဘူးဗျ။ ကျွန်တော် သတိမထားမိလို့လား မသိဘူး"

"ခဏလေးဗျာ ... ကြည့်ရအောင်"

စီးတော်ကျူးသစ်ရာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် မသင်္ကာသလိုရှိ၍ အုတ်ဂူပေါက်ကို ငုံ့ကြည့်ပြီး မီးခြစ်နှင့် ဟိုဒီလှည့်ပတ်ကြည့်လိုက်တော့ ပစ္စည်းအချို့ကို တွေ့လိုက်ရသည်။

သို့နှင့် လက်နှင့်ဆွဲယူလိုက်တော့ ...

လွယ်အိတ်အဟောင်းတစ်လုံး ...

၎င်းနောက် လက်နှင့်မွှေ၍စမ်းလိုက်တော့ ခပ်မာမာပစ္စည်းတစ်ခုကို စမ်းမိသည်။ လက်နှစ်ဖက်နှင့် ဆွဲမ,ယူလိုက်သောအခါ ပုံနှင့်အလေးသဏ္ဌာန်တူသော ကျောက်စည်ကို အံ့ဖွယ်မြင်လိုက်ရတော့၏။

ကျောက်စည်ပုံလေးကား ... အတွင်းမှာ အခေါင်းပေါက်လိုထင်ရှိပုံရ၏။ ကျောက်မျက်နှာပြင်သည်လည်းကောင်း၊ ကိုယ်လုံးကိုယ်ထည်သည်လည်းကောင်း တီးသည့်စည်အသေးစားလေးနှင့် လွန်စွာတူ၏။

မျက်နှာပြင်သည် ခပ်ပါးပါးဖြစ်ပုံရ၏။

လက်နှင့်ကျွန်ုပ် အသာခေါက်ကြည့်သောအခါ ထူးဆန်းလှလေစွ။

စည်တီးသကဲ့သို့ လိုဏ်သံနှင့်မြည်သည်ကို ကျွန်ုပ်တို့နှစ်ဦး မြင်လိုက် ကြားလိုက်ရသောအခါ ...

"ဆရာမှိုင်း ..."

"ကိုပွေး ..."

"ဒါ ... ဒါ ... ဘာ ... ဘာလဲဟင်"

"ကျောက်စည်"

"ကျောက်စည် ... ဘယ်လို ကျောက်စည်လဲဗျာ ဟင်"

"ထူးဆန်းသော ဂန္ဓီရကျောက်စည်လို့ ခေါ်တယ်ဗျ"

"ဒါဖြင့် မနေ့တုန်းက ကျွန်တော်တို့ကြားရတဲ့ စည်သံရယ်၊ ဒီနေ့မနက် မိုးလင်းခါနီး ကြားရတဲ့စည်သံလိုဟာက ဒီ ... ဒီ ... ဂန္ဓီရကျောက်စည်က မြည် ... မြည်တာပေါ့ ...ဟုတ်လား"

"ဟုတ်နိုင်တယ်"

"ဘုရားရေ ... ဒီလိုကျောက်စည်ကို သူဘယ်လိုလုပ်ရလာပြီး ဒီနေရာမှာ လျှို့ဝှက်စွာ သိမ်းထားရပါလိမ့်ဗျာ"

သို့နှင့် ကျွန်ုပ်က ကိုခြောက်ပေ မဟာမြိုင်တောအုပ်ရှိရာသို့ သူ့





ဆရာသခင်နှင့် သွားခဲ့စဉ်က ရခဲ့သည့်ဓာတ်ကြောင်းကို ခပ်တိုတိုရှင်းပြလိုက်သည်။

သည့်နောက် လွယ်အိတ်ဟောင်းကို အုတ်ဂူပေါ်သို့ အသာသွန်ချလိုက်သောအခါ ... ပြဒါးရောင်လက်နေသည့် စိပ်ပုတီးတစ်ကုံးနှင့်အတူ ဒိုင်ယာရီစာအုပ်တစ်အုပ်၊ ခဲတံတစ်ချောင်း၊ ဖောင်တိန်တစ်ချောင်းတို့ကို တွေ့ရ၏။ ဖောင်တိန်ကား ... လွန်စွာ အမျိုးအစားကောင်းသည့် ပလက်တီနမ် ရွှေမြုနှင့် နာမည်ကျော် ဈေးကြီးပတ်ကားဖောင်တိန် ဖြစ်နေလေ၏။

ကျွန်ုပ်သည် လွန်စွာ စိတ်ဝင်စားသွား၏။

ကိုခြောက်ပေ ခဲတံကိုင်၍စာရေးသည်ကို တစ်ခါမျှမမြင်ဖူး။ အခု ဒိုင်ယာရီစာအုပ်နှင့် အတူတွေ့ရပြီး ကျွန်ုပ်သည် ဒိုင်ယာရီစာအုပ်ကို ကမန်းကယာလှန်၍ ကြည့်လိုက်သောအခါ ...

ခဲတံနှင့်ရေးထားသည့် လက်ရေးစာများ ...

ဖောင်တိန်နှင့်ရေးထားသည့် နေ့စဉ်မှတ်တမ်းလိုစာများကို တွေ့လိုက်ရ၏။ အချို့စာများက အင်္ဂလိပ်လိုရေးထား၏။ နောက်စာမျက်နှာများကို လှန်လိုက်သောအခါ ဓာတ်ပုံတစ်ပုံ ကျလာခဲ့၏။

၎င်းဓာတ်ပုံလေးကို ကောက်ကြည့်လိုက်သောအခါ ...

မိန်းမမျက်နှာ ကိုယ်တစ်ပိုင်းဓာတ်ပုံ ဖြစ်နေသည်ကို ထူးခြားစွာ မြင်လိုက်ရလေသည်။

အဖြူအမည်း ဓာတ်ပုံထဲက အမျိုးသမီးရုပ်ရည်ကား လွန်စွာချောမောသန့်စင်ပြီး ငေးကြည့်ရလောက်အောင်ကို လှလေ၏။

"ကိုပွေး"

"ဗျာ ... ဆရာမှိုင်း"

"ဒီဓာတ်ပုံရှင် အမျိုးသမီးကို ခင်ဗျား မြင်ဖူးလား"

စဏ္ဍာလကိုပွေးထူ ဓာတ်ပုံကို အနီးကပ်ဆွဲယူကြည့်ပြီး ရှလုံးနှစ်လုံးကျယ်သွားခဲ့လေ၏။

"သိလား"

"မြင်ဖူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူတုံးဗျ"

"ကိုခြောက်ပေဆီကို နှစ်ခါသုံးခါလာတဲ့ မိန်းမဗျ ... ဆရာမှိုင်း၊ ရှ ဆဲဗီမိန်းမချောရောက်လာရင် မျက်နှာမြင်လိုက်တာနဲ့ ကိုခြောက်ပေ ကြောက်လန့်တကြား ပြေးရောဗျ။ ပြေးပြီးသွားပြီဆိုရင် အနည်းဆုံး သုံးလေး လကြာမှ ဒီကိုပြန်လာလေ့ရှိတယ်"

"ထားလိုက်ဗျာ ... သူ့ရဲ့ဒိုင်ယာရီကိုဖတ်လိုက်ရင် သူ့နောက် ကြောင်းရာဇဝင်ကို ကျွန်ုပ်တို့ ခြေရာခံလို့ရနိုင်ပါလိမ့်မယ်။ ကိုင်း ... အလောင်းကိုရေချိုးပြီး မြေကျရေးကိစ္စကို အလျင်လုပ်ကြစို့"

သည့်နောက် ကျွန်ုပ်တို့နှစ်ဦးသား ကိုခြောက်ပေရဲ့အလောင်းကို ရေချိုးသန့်စင်ပေးလိုက်ပြီး သချိုင်းဇရပ် ကျောက်တလားစင်ပေါ်မှာတင်၍ အဝတ်အစားများ ပြန်ဝတ်ပေးနေစဉ် ...

သချိုင်းအဝသို့ ဂျစ်ကားတစ်စီး ထိုးရပ်လိုက်သည်ကို မြင်လိုက်ရ၏။ ဂျစ်ကားပေါ်မှ လူအချို့ ဆင်းလာကြ၏။

ရှေ့ဆုံးက ရဟန်းအိုကြီးတစ်ပါး။ ရဟန်းအိုကြီးနောက်မှ ဘိုးသူ တော်လို ဝတ်ဖြူစင်ကြယ်နှင့် လူတစ်ဦး။ ရသေ့ကြီးတစ်ဦး။

ပြီး ... ယောဂီဝတ်စုံအင်္ကျီနှင့် လူကြီးငါးဦး။

စုစုပေါင်း လူမှုကိုးလ်ရှစ်ဦး။

သူတို့အုပ်စုသည် သချိုင်းဇရပ်ရှိရာသို့ တန်းတန်းမတ်မတ် ဝင် ရောက်လာကြ၏။ ဒီမှာ စဏ္ဍာလကိုပွေးထူက လက်အုပ်ချီ၍ မေးလိုက် ၏။

"ဘာကိစ္စရှိလို့ပါလည်း အရှင်ဘုရား"

"ဒကာမောင်ခြောက်ပေ ဆုံးပြီဆိုလို့ လာခဲ့ကြတာပါ ဒကာကြီး"

"ဟင် ..."

"ဗျာ ..."

"အရှင်ဘုရားတို့ ဘယ်လိုလုပ်သိပါသလဲ ဘုရား"

"ဒီလိုပဲပေါ့ ဒကာကြီးရယ်။ ဒါ သူ့ရုပ်ကလာပ်လား"

"မှန်ပါဘုရား"





ဒီမှာ ကျွန်ုပ်ကလည်း အလောင်းကို လှမ်းကြည့်ဝိုင်းကြည့်နေကြ သည့်လူများထဲမှ ဘုန်းကြီးအိုကြီးကို မေးလျှောက်ရလေ၏။

"အရှင်ဘုရား ... ယခုလာသည့်သူများက ကိုခြောက်ပေနဲ့ ဘယ် လိုများ တော်စပ် ပတ်သက်ကြလို့ပါလဲ ဘုရား"

ဒီမှာပဲ ယောဂီရောင်အင်္ကျီနှင့် အသက် (၅၀)ခန့်လူကြီးက ...

"ကျွန်တော့်နာမည်က ဦးရွှေအုတ်လေ့လို့ ခေါ်ပါတယ်။ ဒီဆရာ တော်ရဲ့ဘွဲ့နာမည်က ရှင်အရဟံတဲ့။ ရသေ့ကြီးအမည်က ဦးစိန္တာ၊ ဦးသူ တော်ရဲ့အမည်က ဦးစိန်ကတုံးလို့ခေါ်ပါတယ်။ ဒီကွယ်လွန်သူ ကိုခြောက်ပေ နဲ့ ကျုပ်တို့နဲ့က ပညာတစ်ခုကို ကျင့်ကြလေ့လာ ကြိုးစားအားထုတ်သူ များပေါ့။ ဒါနဲ့ နောင်ကြီးရဲ့အမည်က ဘယ်လိုခေါ်ပါသလဲ ခင်ဗျ"

"ကျွန်တော့်အမည်က မောင်ညိုမှိုင်းပါ။ သူက ဦးပွေးထူပါ"

"စာရေးဆရာ မောင်ညိုမှိုင်းလား"

"ဟုတ်ပါတယ် ခင်ဗျ"

"အေးဗျာ ... ဆရာ့လို ဂမ္ဘီရစာရေးဆရာနဲ့ ခုလိုမမျှော်လင့်ဘဲ ဆုံရတာ ဝမ်းသာရပေသပေါ့ဗျာ။ သာမန်လူကို ဒီကိစ္စပြောပြလို့ နားလည် ချင်မှ နားလည်မယ်။ ဆရာကတော့ နားလည်လိမ့်မယ်လို့ ယုံကြည်ပါ တယ်။ ဟောဒီကွယ်လွန်သူ ကိုခြောက်ပေရဲ့အမည်အရင်းကို ဆရာတို့ သိပါ သလား"

"မသိပါဘူး ခင်ဗျာ"

"မှတ်ထားပါ ဆရာ ... သူ့ရဲ့အမည်အရင်းက ကိုသိဂ္ဂါအောင် တဲ့"

"ကိုသိဂ္ဂါအောင် ... ဟုတ်လား"

"ဟုတ်ပါတယ်။ ကိုသိဂ္ဂါအောင်က ပညာတတ်တစ်ဦးပါ။ မြစ်ဝ ကျွန်းပေါ် ( ..... ) မြို့သားပါ။ သူဟာ အင်္ဂလိပ်စာဘာသာရပ်မှာ ကျွမ်း ကျင်သလို၊ စိတ်ပညာနဲ့ အဓိကဘွဲ့ရထားသူတစ်ဦးပါ"

"သြော် .. ပညာတတ်ပဲကိုး"

"ကျွန်တော်တို့အုပ်စုဟာ အကြားအမြင်အကြောင်းကို လေ့လာ



www.burmeseclassic.com

www.burmeseclassic.com



ရာကနေ အကြားအမြင် ဘယ်လိုရနိုင်သလဲ၊ ဒါကို စူးစမ်းလေ့ကြတယ်။ အကြားအမြင်ရရင် လူ့ကောင်းကျိုးကို ဘယ်လိုသယ်ပိုးပေးနိုင်မလဲ။ ဒါလည်း ရည်မှန်းချက်ထားကြတယ်။ ကိုယ့်ရှေ့က လူပုဂ္ဂိုလ်ထူးတွေ ဘာကြောင့် ထူးဆန်းသော စိတ်မနောအာရုံ အသိ၊ အကြား၊ အမြင် ရခဲ့ဖူးကြသလဲ။ အဖြေရှာလိုက်တော့ သမထစိတ်ကျင့်စဉ် စွမ်းအားကြောင့် မနောအာရုံရလာကြတာပဲ။ ဒါကို ကိုယ်တိုင်ရော ကျင့်ရင့်ရနိုင်မလား ... ပြောရရင် ဒါစိတ်ကျင့်စဉ်ပဲ ... ရနိုင်တယ်။ ဒီလို ရဟန်းပညာရှိ၊ လူပညာရှိများက အတိအကျပြောကြတယ်။ အကြားအမြင်ရရုံနဲ့ ကျင့်စဉ်ဘဝကို ရပ်ပြီး ဟောပြောရင် နိဗ္ဗာန်မဂ်ဖိုလ် မရဘူး။ မနောပညာရှင်ပဲဖြစ်ပြီး ဘဝသံသရာ လည်နေရမယ်။ အခန့်မသင့်လို့ တစ်ချက်မှားရင် ဒုဂ္ဂတိရောက်ပြီး အပါယ်ငရဲလည်း ကျသွားနိုင်တယ်။ ဒါမှမဟုတ် ပြိတ္တာဘုံသားဘဝလည်း ရောက်သွားနိုင်တယ်။ အခြေခံအဆင့်က ရတနာသုံးပါးကို ယုံကြည်ရမယ်။ ပဉ္စသီလငါးပါးကို မဖောက်ဖျက်ရဘူး။ ကာယကံအမှု၊ ဝစီကအမှု၊ မနောကံအမှု ... ကံသုံးပါး မကျိုးမဖောက် သီလသန့်စင်စွာနဲ့ ကျင့်ကြံနိုင်စွမ်းအားမဆိုတ်မသုန်ရှိနေရမယ်။ ဒီအခြေခံ အကြောင်းတရားကိုအခြေခံပြီး ကိုသိက္ခာအောင်လို ပညာတတ်လူငယ်အချို့ အပါအဝင် ကျုပ်တို့အားလုံးသမထစခန်းနဲ့ ကမ္မဋ္ဌာန်းလေးဆယ်အနက် ကြိုက်ရာကမ္မဋ္ဌာန်းနဲ့ အကျင့်မြတ်စခန်းကို ဝင်ခဲ့ကြတယ်။ ဖင်းကျိုက်တောင်၊ ကေလာသတောင်၊ ဖိုဝင်တောင်၊ ပုပ္ပါးတောင်များရောက်အောင် အဖွဲ့လိုက်သွားကာတစ်မျိုး၊ ကိုယ့်အစီအစဉ်ကိုယ့်မူနဲ့ကိုယ် ဆရာသခင်ရှာပြီး ကျင့်ကြံခဲ့ကြတာ နှစ်ပေါက်ကာလတိုင်ပဲ''

''မနောအာရုံရရဲ့လား ခင်ဗျာ''

''အများစုက ရခဲ့ကြတယ်။ သီလလည်းလုံ၊ ကျင့်စဉ်လည်းမှန်၊ ဝီရိယလည်းရှိကြသကိုး။ နှစ်နှစ်လောက်ကြာတော့ ကျုပ်တို့အချင်းချင်း တယ်လီပသီလို့ခေါ်တဲ့ စိတ်အာရုံချင်း ဆက်သွယ်လို့ရတဲ့အဆင့်ကို ရောက်ခဲ့ကြတယ်။ ကျုပ်တို့စူးစမ်း ကျင့်ကြံပွားများသူအုပ်စုမှာ မောင်သိက္ခာအောင်ဟာ စိတ်ပညာနဲ့ ဘွဲ့ရထားသူဆိုတော့ စိတ်စူးစိုက်မှုအားကောင်းပြီး ကျုပ်





တို့အားလုံးထဲမှာ မနောအာရုံအကြားအမြင်ရော တယ်လီပသီစိတ်ချင်းဆက်သွင်မှုမှာပါ ထူးခြားတဲ့ ဝဲယ်(လ)ပါဝါရှင်တစ်ဦး ဖြစ်ခဲ့တယ်။

ဒီပါဝါကိုရလာကြတော့ လူတစ်ယောက်ရဲ့ မျက်စိကိုကြည့်ပြီး ... မျက်နှာကိုကြည့်ပြီး ... စိတ်ကိုကြည့်ပြီး ... အကောင်းအဆိုးနိမိတ်ကို တပ်အပ်သေချာနီးပါး ကြိုတင်ဟောပြောလာနိုင်ကြတယ် ခင်ဗျာ။ နောက်ဆုံး ကျုပ်တို့ဆရာသခင်က အဲဒီ မနောအာရုံအသိပေါ်မှာ ပညာမဆုံးစေနဲ့၊ မနှစ်ခြိုက်နဲ့၊ ဝိပဿနာလိုင်းကို ပြောင်းကြ။ သံသရာလွတ်မြောက်ရေးကို ရှေးရှုကြလို့ ဆုံးမဩဝါဒပေးလို့ ကျုပ်တို့ထဲက အချို့ ဝိပဿနာလိုင်းကို အာရုံကူးပြောင်းနေချိန်မှာပဲ မောင်သိက္ခာဟာ မမျှော်လင့်ဘဲ 'စည်း' တစ်ချက် ပေါက်သွားခဲ့တယ်''

''ဘယ်လို 'စည်း'ပေါက်သွားလို့ပါလဲ ခင်ဗျာ''

''ဒါကတော့ မပြောပါရစေနဲ့ဗျာ။ ကွယ်လွန်သူရဲ့ ဂုဏ်သိက္ခာကို ငဲ့ကွက်ပြီး ချန်လှပ်ထားခဲ့ပါရစေ။ အဲဒီအချိန်ကစပြီး သူ ရှက်လည်းရှက်၊ နောင်တလည်းရ၊ ငါးမှားပြီလို့ အရှိုးစွဲအောင်ယူဆပြီး စိတ်ကယောင်ချောက်ချားဖြစ်လို့ ထွက်သွားလိုက်တာ ဒီနေ့ဆိုရင် သုံးနှစ်နဲ့သုံးလရှိသွားပြီပေါ့။ အမှန်က သူဟာ လူတော်တစ်ယောက်ပါ။ ရတနာသုံးပါးကို လွန်စွာကြည်ညိုလေးစားပြီး ပရိတ်ကြီး (၁၁)သုတ်ကို အာဂုံဆောင်ထားနိုင်သူပါ။ ကျုပ်တို့ သူ့ကို လိုက်လံထိန်းချုပ် စောင့်ရှောက်ကြပေမဲ့ ဘယ်လိုမှ မရတော့ပါဘူး။ သူ့စိတ်အစွဲ သူ့ကိုလွှမ်းမိုးပြီး ဒဏ်ခတ်ခံလိုက်ရသလို ဖြစ်သွားခဲ့ရတာပေါ့။ တစ်နေ့ကတော့ သူ့ထံကနေ ထူးဆန်းတဲ့ တယ်လီပသီ စိတ်ဆက်သွယ်မှုတစ်ခု ရခဲ့တယ်။ သူ ဒီနေရာမှာ ရှိနေတယ်။ ဒီနေ့မွန်းမတည့်မီ အရောက်လာခဲ့ပါတဲ့။ ဒါကြောင့် ကျုပ်တို့ ရောက်လာခဲ့တာပဲ။ ဒါပေမယ့် သူသေပန်းပွင့်ကောင်းပြီး ကွယ်လွန်သွားခဲ့ပြီပေါ့ဗျာ။ ဟူး အားလုံး သေမျိုးချည်းပါပဲလေ''

ကျွန်ုပ်တို့သည် ကြားချက်စကားများကြောင့် ငိုကြွေးက်မှောက်မေ ခေါ်ကိုသိက္ခာအောင်ရဲ့ဘဝကို သနားကရုဏာနှင့်အတူ ... စိတ်မကောင်းလည်း ဖြစ်ခဲ့ရလေ၏။



www.burmeseclassic.com

သို့နှင့် ကျွန်ုပ်တို့ကလည်း သူ ဒီမြို့လေးမှာ ရှိနေရောက်နေစဉ် သူပြုခဲ့သည့် ကောင်းမှုကံများ အကြောင်းကိုပြောပြတော့ သက်တော်ရှည် ဆရာတော်နှင့် ပုဂ္ဂိုလ်အားလုံးက ခေါင်းတညိတ်ညိတ် လုပ်ကြ၏။

"ဒါနဲ့ မောင်သိက္ခာအောင်မကွယ်လွန်မီက ဘာများ ကြုံတင်မှာ သွားတာ ရှိပါသေးသလဲ ခင်ဗျာ"

ဒီမှာပဲ စည့ာ့ဝတ္တာလ ကိုပွေးထူက ...

"ရှိပါတယ် ... ခင်ဗျ .. ရှိပါတယ်"

"ဘာများပါလို့မိခင်ဗျာ"

"သူက ကြိုပြောသွားခဲ့ပါတယ်။ ဒီနေ့မွန်းမတည့်မီ ဒီသချိုင်းကို လူပုဂ္ဂိုလ်တချို့ ရောက်လာကြလိမ့်မယ်။ ရောက်လာခဲ့ရင် ကျုပ်အပ်ထားတဲ့ ပိုက်ဆံအားလုံး ပေးလိုက်ပါတဲ့"

"ပြီးတော့ရောဗျာ ..."

"အဲဒီငွေနဲ့ ကိုးတောင်ပြည့်ဘုရားစေတီတစ်ဆူ တည်ပေးကြပါ လို့ ပြောလိုက်ပါတဲ့ ခင်ဗျာ"

"အင်း ... မောင်သိက္ခာ ... မောင်သိက္ခာ ... စိတ်ရောဂါသမား ဘဝရောက်သွားသည့်တိုင် သူ့နှလုံးသားနဲ့ စိတ်အသိမှာ ကုသိုလ်ကောင်း မှုကို ပြုသွားနေဆဲပါလား"

"ဆရာကြီးတို့ ခဏလေး စောင့်ပါခင်ဗျာ။ ကျွန်တော် ကိုခြောက်ပေ အပ်ထားတဲ့ပိုက်ဆံတွေ သွားယူလိုက်ပါရစေ"

သည့်နောက် ကိုပွေးထူသည် သချိုင်းအစွန်အပြင်ရှိ သူ့အိမ်ရှိရာ သို့ ပြေးသွားလိုက်တော့သည်။

"ဆရာကြီးတို့ ခင်ဗျာ ... ဒီနာရေးကိစ္စကို ဆရာကြီးအဖွဲ့အနေ နဲ့ ဘယ်လိုဆောင်ရွက်စေချင်ပါသလဲ ခင်ဗျာ"

ကျွန်ုပ်က ကာယကံရှင်ဖြစ်ဟန်တူသူများကို မေးရ၏။

"သူ့မှာ ဆွေမျိုးသားချင်း မရှိပါဘူး စာရေးဆရာ။ ဒီတော့ ဒီနေ့ပဲ သူ့အသုဘကို ချကြတာပေါ့။ နောက်နေ့ကူးလို့ မဖြစ်ဘူးလေ။ နှစ်ဆန်း တစ်ရက်ရောက်သွားရင် မကောင်းဘူး"





"ဟုတ်ကဲ့ ... ကောင်းသလို စီရင်ကြပါခင်ဗျာ"

မကြာခင် ကိုပွေးထူ လက်ကိုင်ပဝါအဖြူနှင့် ထုပ်ထားသည့် ငွေ စက္ကူထုပ်ကို ကိုင်၍ ရောက်လာခဲ့သည်။

"သူပေးလိုက်တဲ့အတိုင်း သိမ်းထားတာပါ ခင်ဗျာ"

အားလုံးရှေ့မှောက်မှာ ရေတွက်လိုက်သောအခါ (ဟိုမှာဘက်ခေတ် ကာလငွေ) စုစုပေါင်း ရောမိရောရာ ငွေစက္ကူကျပ်တစ်သိန်းကျော် ရှိလေ သည်။

"အေးပေါ့လေ ... သူ့ရည်မှန်းချက်အတိုင်း ကျုပ်တို့က ကိုး တောင်ပြည့်စေတီကို တည်ဖြစ်အောင် တည်ပေးရမှာပေါ့။ ကိုင်း ... ဒီနေ့ပဲ နေ့ချင်းပြီး သင်္ဂြိုဟ်ရေးကိစ္စကို ဆောင်ရွက်ကြပါစို့ဗျာ"

သည့်နောက် ကိုပွေးထူဦးဆောင်ပြီး ကျွန်ုပ်တို့သည် မြေကျင်း တစ်ကျင်းအား သက်ဆိုင်ရာကို အသိပေး၍ တူးလိုက်ကြသည်။

ညနေ သုံးနာရီထိုးသောအခါ အသုဘရေစက်ချတရားကို ပါလာ သည့် သက်တော်ရှည်ဘုန်းတော်ကြီးက ဟောကြား၏။

အရူးကိုခြောက်ပေ သေပြီဟူသည့် သတင်းသည်လည်း နာရီပိုင်း အတွင်း ပျံ့နှံ့သွားရာ ...

သူ့အလောင်းကို မြေချသောအခါ ကြားရသူများ၊ သူတစ်ချိန်က ကူညီခဲ့သူများ ရောက်ရှိလာကြပြီး စိတ်ထိခိုက်စွာ ငိုကြွေးကြလေ၏။

အံ့ဩဖို့ကောင်းသည်ကား ...

သူ့ကိုမြေမြှုပ်သည့်နေရသည့် ပိတောက်ပင်အိုကြီး၏ အောက်ခြေ မှာဖြစ်ရကား မနက်တုန်းက မိုးရေထိထားသည့် ပိတောက်ဖူးများသည် ကိုသိက္ခာအောင် ခေါ် အရူးကိုခြောက်ပေအလောင်း မြေမြှုပ်သင်္ဂြိုဟ်ချိန်မှာ အစွမ်းကုန်ပွင့်ကြသည်ကို ထူးခြားအံ့ဖွယ် မြင်ရလေ၏။

မိကြွေစေ့နှင့် ကိုပွေးထူတို့ကား မျက်ရည်သွန်လို့မဆုံး။ အင်း ပေါ့လေ ... သံယောဇဉ် တွယ်တာခဲ့ကြသူများ၊ အနီးကပ်ပေါင်းသင်းဆက်ဆံ လာသူများဖြစ်သကဲ့သို့ ...

စိတ်မနှံ့သူဘဝနှင့် ရလာသည့် [illegible]

www.burmeseclassic.com



ဝတ်တော့ဟု ပေးခဲ့ဖူးသည့်ကျေးဇူးရှင်တစ်ဦး ဖြစ်နေတော့ ...

မျက်ရည်ချောင်းဖြစ်အောင် ငိုဦးပေါ့ ကိုပွေးထူနဲ့ မိကြွေစေ့တို့ရေ ...

ဒီမျက်ရည်စက်များဟာ ...

မင်းတို့ရဲ့ အစ်ကိုကို ညီကို နောက်ဆုံးဂါရဝပြုလိုက်တဲ့ အညတရဘဝသမားတို့ရဲ့ မဟာကရုဏာ မျက်ရည်များပေပဲပေါ့။

■ ■ ■

# [ ၃၉ ]

❑

ထိုနေ့က ကျွန်ုပ်သည် ကျွန်ုပ်၏အိမ်သို့ မပြန်တော့ဘဲ ကိုပွေးထူတို့အိမ်မှာ အိပ်ဖြစ်ခဲ့၏။

မအိပ်ခင်အချိန်အတွင်း ဖယောင်းတိုင်မီးထွန်း၍ ကွယ်လွန်သူကိုခြောက်ပေ ကျွန်ရစ်ထားရစ်ခဲ့သော နေ့စဉ်မှတ်တမ်းစာအုပ်ကို တစ်ရွက်ပြီးတစ်ရွက် ဖတ်လိုက်၏။

အချို့သော စာမျက်နှာများမှာ မြန်မာလိုရေး၏။

အချို့သော စာမျက်နှာများကား အင်္ဂလိပ်လိုလက်ရေးနှင့် ရေးထား၏။ မြန်မာလက်ရေးရော၊ အင်္ဂလိပ်စာသားလက်ရေးရော လှလှပလေ၏။

ကိုခြောက်ပေရဲ့ အတိတ်ဘဝမှတ်တမ်းကို အပေါ်းစိတ်ရေးရလျှင် လုံးချင်းဝတ္ထုတစ်အုပ်ပင် ရနိုင်၏။

စိတ်ကူးသစ်စာစု

www.burmeseclassic.com



သို့ဖြစ်၍ အကျဉ်းချုပ်မျှသာ ရေးသားဖော်ပြရလျှင် ...

သူ့အမည်အရင်းက ...

ကိုသိက္ခာအောင် ...

မြစ်ဝကျွန်းပေါ် ( .... )မြို့သား

အသက် (၂၇)နှစ်။

ပညာအရည်အချင်းက စိတ်ပညာအထူးပြုနှင့် ဘွဲ့ရပြီးသား။ စောစောက ဦးရွှေအုတ်လှတို့ ရှင်းပြသွားသည့်အတိုင်း သူတို့လူစုသည် မနောအာရုံနှင့် လူတစ်ဦးရဲ့ ရှေ့ဖြစ်နောက်ဖြစ် အခြေအနေ လက်ရှိအခြေအနေကို အတပ်နီးပါးပြောနိုင်သည့် သမထကျင့်စဉ်ကို လေ့ကျင့်ကြိုးစားကြသည်။

သမထဆရာသခင်တို့ရဲ့ အနီးကပ်လမ်းညွှန်မှုနှင့် သူတို့တစ်နှစ်ခန့်အကြာမှာ အကြားအမြင်အာရုံထူးများ ရခဲ့ကြသည်။

ဒိုင်ယာရီ အသွားအတိုင်း ရေးသားရလျှင် ...

" ..... ကျွန်တော်တို့ အရမ်းဝမ်းသာသွားကြတယ်။ သမထအာရုံဟာ ပေါက်ပေါက်ရောက်ရောက်ရှိလာခဲ့ရင်း အကြားအမြင်အာရုံထူးများ ရရှိတယ်ဆိုသည့်အကြောင်း။ အကျင့်သီလလုံခြုံလျှင် ပို၍ အာရုံထူးသိဒ္ဓိများ ရသည့်အကြောင်း ပိုမိုနားလည် သိရှိလာပြီးနောက် ...

သွားရင်းလာရင်း ကြုံကြိုက်ခဲ့ရသည့် လူအချို့ရဲ့ ဘဝအခက်အခဲနှင့် အသက်အန္တရာယ်များကို ရတနာသုံးပါး ဦးထိပ်ထားပြီး ကူညီကယ်မပေးနိုင်ခဲ့ပါတယ်။

ဒီနေရာမှာ ဘာကိုသွားကြုံသလဲဆိုတော့ စိတ်ပညာရဲ့ထိန်းချုပ်နိုင်မှု သမာဓိစွမ်းအားကြောင့် အာရုံအမြင်ထူးနှင့် ပြောဆိုနိုင်လာသောအခါ လူအချို့က ကျွန်ုပ်တို့အား ကိုးကွယ်အားထားရာလို သတ်မှတ်ပြီး ပစ္စည်းဥစ္စာများနှင့် ချဉ်းကပ်လာကြတော့သည်။

နောက်ဆုံး ကျွန်တော့်ရဲ့ဆရာသခင်များက ယုံကြည်ကိုးကွယ်မှုလွဲမှားကုန်မှာစိုးပြီး ကျွန်တော်တို့ သမထအကြားအမြင် အာရုံရသူများကို အာရုံနိမိတ်ဖြင့် မလိုအပ်ဘဲ မဟောပြောရန် ညွှန်ကြားပြီး သမထလိုင်းမှသည် ဝိပဿနာလိုင်းကို ထပ်ဆင့်ကူးပြောင်း၍ နိဗ္ဗာန်ကို မျက်မှောက်





ပြုနိုင်သူများဖြစ်စေဖို့ သတိပေးလမ်းညွှန်ခဲ့တယ်။

အဲဒီလို အချိန်ကာလမှာ ကျွန်တော် မသီဂီနွေနဲ့ ကြုံခဲ့ရတာပါ။

ကျွန်တော်နဲ့ မသီဂီနွေ မြစ်ဝကျွန်းပေါ်ကနေ ရန်ကုန်ကိုသွားတဲ့ သင်္ဘောတစ်စီးပေါ်မှာ မျက်စိအကြည့်ချင်း ဆုံခဲ့ရတာက စ,တာပေါ့။ ရက်ရက်စက်စက်ကို ချောမောလှပတဲ့ မိန်းမတစ်ဦးပါ။

ဖွံ့ဖွံ့ကားကား စွင့်စွင့်ကားကား မို့မို့မောက်မောက်နဲ့ ခါးသေးရင်ချီအလှပါ။

သူမရဲ့ မျက်လုံးမှာ ညို့အားတစ်မျိုးလို ဆွဲဆောင်သည့်အကြည့်ပါနေတယ်။ အဲဒီအကြည့်မှာ အပြုံးလိုက်လိုက်ပါနေတယ်။ ဒီအကြည့်အပြုံးကို သံလိုက်အပြုံးလို့ ကျွန်တော်အမည်ပေးလိုက်တယ်။

သုံးကြိမ်မြောက် အကြည့်ချင်းဆုံချိန်မှာတော့ မ,နဲ့ လုံးဝကင်းဝေးသည့် ကျွန်တော့်ရဲ့နှလုံးအိမ်ကို သမုဒယလို့ခေါ်ရတော့မည့် အချစ်သံယောဇဉ်က တံခါးလာခေါက်ခဲ့တယ်။

ကျွန်တော့်ရဲ့ စိတ်အစဉ်ဟာ လှပဝေဆာလွန်းတဲ့ သူမရဲ့ဆွဲဆောင်သံလိုက်အပြုံးကြောင့် ဆောက်တည်ထိန်းချုပ်နိုင်စွမ်း လျော့ပါးပြီး သူမရဲ့မျက်နှာလေးကိုပဲ ခိုးခိုးကြည့်နေရင်းက ...

သူမကပဲ ယောကျ်ားကျမ်းကြေနေလို့လား ... ကျွန်တော်ကပဲ မိန်းမကျမ်း သူငယ်တန်းအဆင့်မို့ပဲလား ...

ဒါမှမဟုတ် ...

ရေစက်ဆုံချင်တဲ့ အချစ်နစ်ခု ...

နှစ်လွှာပေါင်းတစ်ရွက် စွယ်တော်ရွက်ကဲ့သို့ စိမ်းနုဝေဆာချင်လို့လား မသိဘူး ...

သင်္ဘောပေါ်က စားသောက်ဆိုင်မှာ မျက်နှာချင်းဆိုင် ထိုင်စားသောက်ကြရာက ...

ငယ်ကလေးဘဝကတည်းက သိကျွမ်းရင်းနှီးခဲ့ရသူ[illegible]ကဲ့သို့ ချက်ချင်း ရင်းနှီးကျွမ်းဝင်သွားကြတယ်။

အဲဒီနေ့က သူမက စားသောက်ကုန်ကျ[illegible]ကို ရှင်းသွားခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီး ... လိပ်စာတစ်ခုလည်း ပေးသွားတယ်။

သူမက ( ........) မြို့မှာနေတာကိုး။

နောက်ပိုင်း သူမက ကျွန်တော့်ထံကို အလာများသလို သူမ လာရင် ကျွန်တော် အရမ်းပျော်ခဲ့ရတယ်။

ကျွန်တော့်ရဲ့ ပညာစဉ် အလုပ်စခန်းအကြောင်း သူမကို လုံးဝ ကျွန်တော် ပြောမပြခဲ့ပါဘူး။ ဒါတော့ လျှို့ဝှက်ထားခဲ့တယ်။

သူမကို အဲဒါနဲ့စပ်လျဉ်းပြီး ဆွေးနွေးသွေးတိုးစမ်းကြည့်တော့ သူမက ဒါတွေကို စိတ်မဝင်စားပါဘူး။

ပျော်ရွှင်ကြည်နူး ချမ်းမြေ့ခြင်းများနှင့် ...

အချစ်ရဲ့ ငြိမ်းချမ်းခြင်းကိုသာ လောကနိဗ္ဗာန်လို့ မှတ်ယူခံယူထားသူကိုး ...

နောက်ဆုံးတော့ ညို့အားပြင်း၊ စကားကြွယ်၊ အပြုံးကြွယ်၊ အယုအယ နယ်လွန်တဲ့ သူမရဲ့ရင်ခွင်ကြားမှာ ...

အချစ်မူး ...

အချစ်ရူး ...

မနူးမနပ်ကျွန်တော် ...

အညှာမခိုင်တဲ့ သစ်ရွက်တစ်ရွက်လို ကြွေကျခဲ့ရတယ်။ အချစ်က ကာမဂုဏ်ကို လွှမ်းမိုးသွားသလား၊ ကာမဂုဏ်က အချစ်ကိုအုပ်စိုးသွားပြီး သမုဒယ ဖြစ်သွားခဲ့ရသည်လား ...

ကျွန်တော် မခွဲခြားနိုင်တော့ဘူး။

သူမကို တစ်နေ့မမြင်ရ မနေနိုင်အောင် စွဲလမ်းခဲ့ရတယ်။ ကျွန်တော်တို့နှစ်ဦး ဆားငန်ရေသောက်အချစ်ဟာ သူမရဲ့အိမ်အောက်ထပ်အခန်းမှာ ပင်လယ်ရေငန်ကြီးဖြစ်ခဲ့ရသပေါ့။

တစ်နေ့ ...

ကျွန်တော်တို့ချစ်သူနှစ်ဦး ဆားငန်ရေသောက် ချစ်ရည်လူးနေစဉ်မှာပဲ ...

စေ့ထားသည့်တံခါးကို တွန်းဖွင့်ပြီး လူတစ်ယောက် ခါးထောက်





ရပ်ကြည့်နေတာကို မြင်လိုက်ရပြီး ...

ကျွန်တော်ရော ...

မသိင်္ဂီနွေရော ... အံ့အားသင့် မျက်လုံးပြူးသွားခဲ့ရတယ်။ အဲဒီလူဟာ တောက်တစ်ချက်ခေါက်ပြီး အိမ်ရှေ့ခန်းမှာ ဝုန်းဒိုင်းကြဲနေတယ်။ ကျွန်တော် ဘာဆက်လုပ်ရမှန်း မသိဘူး။

ဒီအချိန်မှာပဲ ကျွန်တော့်ချစ်သူ မသိင်္ဂီနွေဟာ အဝတ်အစားကပျာကယာဝတ်ပြီး အိမ်ရှေ့ခန်းကိုထွက်လို့ ခပ်ရဲရဲ ရင်ဆိုင်လိုက်တယ်။

အသံတွေကို ရင်ခုန်ကြီးစွာ ကျွန်တော်ကြားနေရလေရဲ့။

"မင်း ... မျောက်မွေးတဲ့မိန်းမ ဟုတ်လား"

"ရှင်ကရော ဘာထူးလို့တုံး။ မယားငယ်နဲ့အလေလိုက်ပြီး ထင်ရာစိုင်းနေတာ မဟုတ်လား"

"ဒါ ... ငါ ........"

"ဒါဆို ကျွန်မကလည်း .........."

" .................."

" .................."

ဘုရား ... ဘုရား ... တစ်ယောက်နဲ့တစ်ယောက် အပြစ်ကိုလက်ညှိုးထိုးပြီး ဒေါသတကြီး စွပ်စွဲပေါက်ကွဲနေကြတယ်။

ကျွန်တော် မှားသွားပြီ။

ကျွန်တော် 'စည်း'ပေါက်သွားပြီ။

ကျွန်တော်က အချစ်မူးနေတော့ သူမကို အိမ်ထောင်မရှိသူလို့ပဲ ထင်မှတ်ခဲ့တာ။ သူမကလည်း သူမရဲ့ဘဝအကြောင်းကို တစ်လုံးမျှ ဖွင့်ထုတ်ခဲ့ခြင်း မရှိဘူး။

ခုတော့ သိလိုက်ပြီ။

အချိန်ကာလ အတန်ကြာ 'ခွဲခွာသလို၊ ကွဲကွာသလို' ရှိနေတဲ့ ကာမပိုင်လင်ယောကျ်ားက အခု စကားများ အပြန်အလှန် စွပ်စွဲအပုပ်ချနေကြတဲ့ .... ကို ....။

သွားပြီ ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဘဝတော့ သွားပြီ။

ကျွန်တော် ခေါင်းထဲကို မိုးကြိုးပစ်ချခံလိုက်ရသလို ဝင်းခနဲ ဒိုင်းခနဲ ဖြစ်ပြီး ကျွန်တော့်တစ်ကိုယ်လုံး တုန်ခါသွားခဲ့တယ်။

ကျွန်တော် ကံငါးပါးမှာ တစ်ပါးမလုံခြုံတော့ဘူး။

အဲဒါက ကာမေသုမိစ္ဆာစာရာကံ ...

သူတစ်ပါးသားမယားကို ကျူးလွန်ပြစ်မှားသည့်အပြစ် ...

ကျွန်တော့်ဦးခေါင်းဟာ ချာချာလည်နေပြီး ...

အချစ်မှူးခဲ့လို့ ကျွန်တော်သတိလစ်ပြီး ကျွန်တော့်ရဲ့ သစ္စာ၊ သမာဓိ၊ ပညာလမ်းစဉ်ကို သစ္စာဖောက်သလို ဖြစ်ခဲ့ရပြီ။

မှားပြီ ...

မှားသမှ အကြီးအကျယ် မှားခဲ့ရပြီ။

ကျွန်တော် အိပ်ခန်းထဲက ဒရောသောပါး ပြေးထွက်ခဲ့လိုက်တယ်။ ချစ်သူ မသီဂီနွေရဲ့ အော်ခေါ်သံကို ကြားနေရသလို ပြေးလိုက်လာသံကို လည်းကောင်း။ ဆောင့်ဆွဲဆဲရေး ရန်ဖြစ်တွန်းထိုးသံများကိုလည်းကောင်း၊ ကျွန်တော်ကြားနေရတယ်။

နားနှစ်ဖက်ကိုပိတ်ပြီး ကြောက်လန့်ရှက်ခြင်းများစွာနဲ့ ကျွန်တော် ပြေးနေတာ ...

ဘယ်လောက်ကြောက်လန့် အရှက်ကြီးစွာနဲ့ ပြေးနေမိမှန်း မသိဘူး။ ရှေ့ကလာသည့် ဆိုင်ကယ်နှစ်စီးအကြားမှာ လူကရောက်သွားပြီး ဆိုင်ကယ်တစ်စီးက ကျွန်တော့်ကို ရှောင်မလွတ်လို့ ဝင်တိုက်မိသွားပါရော ..

ဖောင်းခနဲ မြည်သံနဲ့အတူ ကျွန်တော် အပေါ်ကိုမြောက်တက်သွားပြီး ကတ္တရာလမ်းပေါ် ပြန်အကျမှာ ...

ဘာကိုမှ သတိမရတော့ပါဘူး။

ကျွန်တော် ပြန်သတိရနေချိန်က ဆေးရုံခုတင်ပေါ်မှာ။ ကျွန်တော့် ခေါင်းနဲ့ မျက်နှာမှာ ပတ်တီးတွေနဲ့။

မျက်လုံးကို ဖွင့်ကြည့်လိုက်တော့ ...

ကျွန်တော့် ခုတင်အနီးဝန်းကျင်မှာ ကျွန်တော့်ရဲ့ကျေးဇူးရှင် ဆရာ





သခင်များနဲ့ ကျွန်တော့်ရဲ့ပညာစဉ်စခန်း ကျင့်ကြံဖွားများလုပ်ကိုင်သူများ– သူတို့ရဲ့မျက်နှာပေါ်မှာ ဝမ်းသာရိပ်သန်းနေကြတယ်။

ကျွန်တော့် မျက်လုံးအိမ်မှာတော့ မျက်ရည်များစို့ရွှဲလို့၊ သူတို့က ကျွန်တော့်ရဲ့လက်ကို ဆုပ်ကိုင်ဖျစ်ညှစ်ပြီး အားပေးစကားတွေ တတွတ်တွတ် ပြောနေကြလေရဲ့။

အဲဒီအချိန်မှာ ကျွန်တော့်ခုတင်နဲ့ မနီးမဝေးကနေ ရှိုက်သံသဲ့သဲ့ကို ကြားနေရတယ်။

ဘယ်သူလဲလို့ ကျွန်တော်ကမေးလိုက်တော့ ကျွန်တော့်မိတ်ဆွေများက အလိုက်သိစွာ ခေါင်းညိတ်ပြီး ဖယ်ပေးလိုက်ရော ...

မျက်ရည်လည်ရွဲ ...

ရှိုက်သံနဲ့နဲ့ နဲ့ မိန်းမချောတစ်ယောက်။

မသီဂီနွေ ...

ကျွန်တော် အရာရာကို သတိလွတ်ပြီး ချစ်ခဲ့ရတဲ့ မသီဂီနွေ

"ကို"

ကိုတဲ့ရှာ ...

သူမရဲ့ ကြင်နာမြတ်နိုးစွာ 'ကို' လို့ခေါ်လိုက်သည့်အသံက ကျွန်တော့်ဦးခေါင်းထဲမှာ မိုးကြိုးသေယ်ဖင်း ပစ်ချလိုက်သလို ခံစားရပြီး မူးဝေနောက်ကျိသွားခဲ့တယ်။

"သွား ..."

"သွား ..."

"သွား ..."

ကျွန်တော် ခွန်အားရှိသမျှ ဖျစ်ညှစ်ပြီး ကျိုးအော်ဟစ်ပစ်လိုက်ရော သူနာပြုဆရာမများ အပြေးအလွှား ရောက်လာကြပါရော ...

နောက် ကျွန်တော် သတိလစ်သွားခဲ့ပြန်ပါရောဗျာ။

နောက်နေ့များမှာ သူမ နေ့တိုင်းလာတွေ့ပြီး [illegible] မျိုးစုံကို ယူလာခဲ့ကျွေးတယ်။

ကျွန်တော်က သူ့ကိုအော်ငေါက်ပြီး [illegible]



www.burmeseclassic.com

www.burmeseclassic.com



အားလုံး လွှင့်ပစ်လိုက်တယ်။

သူမ မျက်ရည်ပေါက်ကြီးငယ်ကျပြီး ကျွန်တော့်ကိုတောင်းပန်ဖို့ ခွင့်လွှတ်ဖို့ ပြောနေချိန်မှာပဲ …

ကျွန်တော် ဆေးရုံပေါ်ကနေ ထွက်ပြေးခဲ့လိုက်တယ်။ အဲဒီနေ့က အဲဒီအချိန်ကစပြီး ကျွန်တော် လမ်းပေါ်ကိုရောက်ခဲ့တယ်။ ဆရာသခင်နဲ့ မိတ်ဆွေများက ကျွန်တော့်ကို ဖေးမထိန်းကျောင်း စောင့်ရှောက်ကြပေမယ့် …

ကျွန်တော့်စိတ်မှာ ဒဏ်ရာဝေဒနာ ရခဲ့ပါပြီ။

ကျွန်တော် ဘုရားမကြိုက်၊ နတ်မကြိုက်၊ လူမကြိုက်သည့် ကြီးလေးသော ပြစ်မှုကြီးကို ကျူးလွန်မိခဲ့ပါပြီ။

ကျွန်တော့်နာမည် သိက္ခာအောင် … တဲ့။

"ဟား … ဟား … ဟား … ဟား …

ဟား … ဟား … ဟား … ဟား …"

ဘယ်မှာ သိက္ခာတရားကို အောင်မြင်လို့လဲဗျာ ဟင်။ အချစ်မာယာရဲ့ လှည့်ဖြားမှုအောက်မှာ ဦးနှောက်အစဉ်းစားဉာဏ် နည်းပါးချို့ဝင်ပြီး ကိုယ့်သိက္ခာကို ခြေနဲ့နင်းခဲ့တဲ့ လူမိုက်။

ကျွန်တော်ဆိုခဲ့တဲ့ သစ္စာတွေ … ကျိုးပြီ … ရူးပြီ … ဘဝပျက်ပြီ။ အနာဂတ်မရှိတော့ဘူး။ သေရင်လားရာဂတိ မကောင်းတော့ဘူး။

ကျွန်တော် ဒီအကြောင်းတွေကို နေ့စဉ်ညစဉ် အချိန်ပြည့်တွေးပြီး အိပ်လို့မပျော်ဘူး၊ ဘာဆေးမျှလည်း မသောက်ချင်ဘူး။ စိတ်ပညာနဲ့ ဘွဲ့ရခဲ့တဲ့ကျွန်တော်။ ကျွန်တော့်ရဲ့ အသိစိတ်ကို ကျွန်တော်ထိန်းချုပ်လို့ မရတော့ဘူး။

ပြေးချင်နေတယ်။

ခုန်ပေါက်ချင်နေတယ်။

အော်ဟစ်ပစ်ချင်နေတယ်။

အားရပါးရ ငိုပစ်ချင်နေတယ်။

နောက်ဆုံး ကျွန်တော် မနေနိုင်သည့်အဆုံး ခြေဦးတည့်ရာအရပ်





များကို လျှောက်သွားလိုက်တာ ဘယ်မြို့ဘယ်ရွာ၊ ဘယ်အရပ်ရောက်မှန်း မသိဘူး။

ဘယ်နှစ်လ ဘယ်နှစ်နှစ် ဘယ်နှစ်ရက်ရှိမှန်းလဲ မသိဘူး။

ဒီနေ့ဘာနေ့လဲ ကျွန်တော်မသိဘူး။ အဲဒီလို ခြေဦးတည့်ရာလျှောက်သွားရင်း ကျွန်တော့်စိတ်အသိမှာ တစ်ချက်တစ်ချက် ကျွန်တော် အရကျက်ခဲ့ဖူးတဲ့ ဘုရားစာတွေ ပေါ်လာခဲ့တယ်။

အဲဒီကျရင် …

ကျွန်တော် ဘုရားစာတွေ သီချင်းဆိုသလို လျှောက်အော်ရွတ်ဆိုနေလိုက်ရော။ ပါးစပ်ကနေ မနားတမ်းရွတ်ဆိုနေရတာ တဖြည်းဖြည်း အရသာရှိလာတယ်။

အချစ်ကြောင့်ဖြစ်ခဲ့ရသော ဝေဒနာကို တဖြည်းဖြည်းမေ့လို့ရစပြုလာတယ်။ ဒါနဲ့ မှတ်မိသမျှ ဘုရားစာဂုဏ်တော်များကို ရွတ်ပြီး လျှောက်သွားနေလိုက်တာ …

ကျွန်တော် နေ့ကို ဂရုမစိုက်ဘူး။

မိုးကို ဂရုမစိုက်ဘူး။

ဆောင်းရာသီကို မတုန်လှုပ်တော့ဘူး။

နေပူပူ၊ မိုးရွာရွာ နေတတ်လာခဲ့တယ်။ အစာမစားဘဲ နေနိုင်ခဲ့တယ်။ နောင်တော့ သင်္ချိုင်းကုန်းတစ်ခုကို ရောက်ခဲ့ရတယ်။

ကျွန်တော် ကျွန်တော့်ဇာတိအရပ်က ထွက်လာခဲ့တာ အချိန်ကာလ ဘယ်လောက်ရှိပြီလဲ ကျွန်တော်မသိဘူး။

ဒီကြားထဲ ကျွန်တော် ဘာတွေလုပ်ခဲ့မိသလဲ မသိဘူး။

အကောင်းလား … အဆိုးလား …

ဒုစရိုက်လား … သုစရိုက်လား …

ကုသိုလ်လား … အကုသိုလ်လား … မမှတ်မိဘူး။ မှတ်မိသည့် အချိန်လေး စိတ်ကလေး ငြိမ်သက်စပြုလာချိန်လေးမှာတော့ [illegible] ကို ကျွန်တော်ရေးမိတာပဲ။

ကျွန်တော် ဟောဒီသင်္ချိုင်းမှာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဘဝ အလွန်ကို ပျော်ရွှင်အေးချမ်းခဲ့ရပါတယ်။

ဒါပေမယ့် ဘဝဝဋ်ကြွေးက မကုန်သေးဘူးဗျာ။

မသိင်္ဂီနွေ ကျွန်တော်ရဲ့ ငြိမ်းချမ်းလွတ်လပ်မှုရှိတဲ့နေရာကို ရှာဖွေသိရှိပြီး ရောက်လာတယ်။

သူ့ကို ကျွန်တော်ကြောက်တယ်ဗျာ။

ရွံတယ်ဗျာ။

အရမ်းမုန်းနေမိတယ်ဗျာ။

သူမရဲ့မျက်နှာကို ဖြုန်းစားကြီး မြင်လိုက်ရရင် နှလုံးအိမ်ပေါက်ကွဲကြောက်လန့်ပြီး ကျွန်တော်အဝေးကို ကြောက်လန့်ကြီးစွာ ပြေးသွားရရော ...

မသိင်္ဂီနွေရယ် ...

ကျုပ်ဘဝကို အမှုန့်မခြေပါနဲ့တော့ဗျာ ...

ကံကြမ္မာဝဋ်ကြွေးရှိရင် ဒီဘဝဒီမျှ ဒီနေ့ရက်နဲ့ ကျေခွင့်ပေးပါတော့လို့ ကျုပ်တောင်းပန်ပါရစေဗျာ။

.............. ကျွန်တော် သွားရတော့မှာပါဗျာ။ ကျွန်တော်နှလုံးအိမ်ငြိမ်သက်စ ပြုလာခဲ့ပါပြီ။

ကျွန်တော့်ကို ချစ်ခင်သူတွေအနီးရှိမှန်း ကျွန်တော်သိလာပြီ။ ဒါကျွန်တော့်ရဲ့ သတိကောင်းလေး ဝင်နေချိန်မှာ ကြိုးစားမှတ်ရခဲ့တဲ့ စရဏအားကြောင့်လား မသိဘူး။

ကျွန်တော် ကိုပွေးထူကို သိတယ်။

ကိုညိုမှိုင်းကို သိတယ်။ မိကြွေစေ့လေးကို သိတယ်။ ကျွန်တော်နဲ့ မကြာခဏ လာလာစကားပြောကြတဲ့ လူငယ်အချို့ကို သတိရနေတယ်။

တစ်ချက်တစ်ချက် ...

မနောအာရုံရသလိုလိုမျိုး ရှိလာတယ်။

ဒါပေမယ့် ဗျာ ...

ခု ... နောက်ဆုံးအခေါက်မှာ ကျွန်တော် ကျန်းမာရေးချို့တဲ့နေသလို ဖြစ်နေတယ်။

စိတ်ကူးသစ်စာပေ



မောတယ်၊ ရင်တုန်တယ်၊ ခေါင်းတွေမူးနေတယ်။ ဟော ... ကျောက်စည်တီးသံ ကြားနေတယ်။ ကျွန်တော့်ရဲ့ လျို့ဝှက်ရှာသိမ်းဆည်းထားတဲ့ ထူးဆန်းသော ဂမ္ဘီရကျောက်စည်။ ဘယ်သူမှမတီးခတ်ဘဲ မြည်နေသံကို ကျွန်တော်ကြားနေရပြီ။

ကျွန်တော်သွားဖို့ အချိန်တန်ပါပြီ။

ကျွန်တော်သွားသည့်ခရီးမှာ လွမ်းသူပန်းခွေ မလိုပါဘူး။

မျက်ရည်များနဲ့ လက်မဖွဲ့ကြပါနဲ့။

ရှိုက်သံနဲ့ နှုတ်မဆက်ကြပါနဲ့။

နေရတဲ့ရက်များခဲ့လို့ သေရမည့်တစ်ရက်ကို ကျွန်တော်မေ့နေခဲ့တယ်။ အခု သေရမည့်ရက်ကို ကျွန်တော့်စိတ်နဲ့ မနောအာရုံက သိနေရပြီ။

သေခြင်းတရားဆိုတာ လိုလိုလားလား ရှိသူများအတွက် အကောင်းဆုံး စိတ်အာဟာရဖြစ်ပြီး ...

မလိုချင်သူများအတွက် ကြောက်လန့်ခြင်းတရားပါ။

အဆိပ်ပါ။ သေမင်းရဲ့ ရယ်သံပါ။

ကျွန်တော် အသေလှချင်တယ်။

တစ်နည်း ... သေပန်းပွင့်ချင်တယ်။

ဆိုင်းနဲ့ဗုံနဲ့၊ ပန်းခြင်းပန်းခွေ၊ အဆွေအမျိုးများနဲ့ ဒီလို ထည်ထည်ဝါဝါသွားချင်တာ မဟုတ်ပါဘူး။

တရားနှလုံးအသိနဲ့ သေပန်းလှချင်တယ်။

ဖြစ်ပြီးရင်ပျက်မယ်။

ဥပါဒ် ႋ ဌီ ႋ ဘင်တဲ့ ...

အနိစ္စ – အမြဲမရှိ။ ဒုက္ခ – ဆင်းရဲ၏။ အနတ္တ – ငါကိုယ်ပိုင်မပိုင်သည့်ဘဝ။

ကျွန်တော့်ရင်ထဲမှာ ရှိသမျှ အစွဲအလမ်း။

ခေါင်းထဲမှာ လက်ကျန်ရှိသမျှ သံယောဇဉ် ...

အကုန်လုံးကို ဖယ်ထုတ်ပြီ ...

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဝိပဿနာတရားအသိနဲ့ ခန္ဓာကိုယ်ကို မြေကြီးမှာအပ်နှံလို့ စိတ်ကို စွဲလမ်းမှုကင်းရာဘုံသို့ ပို့ဆောင်ပါတော့မယ်။

အားလုံး ...

အပြစ်များ၊ အမှားများ ပြုခဲ့သည်ရှိသော် ခွင့်လွှတ်ကြပါ။

❑

ကျွန်ုပ်သည် ကိုခြောက်ပေ ခေါ် ကိုသိက္ခာအောင်ရဲ့နေ့စွဲ နေ့စဉ်မှတ်တမ်းကိုပြီးဆုံးအောင် ဖတ်ရှုပြီးသောအခါ ...

ရင်ထဲမှာ ဆို့နင့်ကြေကွဲသလို ခံစားရသည်။

ကျွန်ုပ်၏ရင်ခုန်သံကို ကျွန်ုပ်ကြားသလို ရှိနေသလို ကိုခြောက်ပေရဲ့ နှလုံးအိမ်မှ ယိုစီးထွက်ခဲ့သော ...

အချစ် ...

သမုဒယ ...

ကိလေသာ ...

သစ္စာတရား ...

ဂုဏ်သိက္ခာ ...

အကျင့်သီလနှင့် ... အနိစ္စဝရ သင်္ခါရကို ရဲရဲလုလု တောက်တောက်ပပ မြင်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com

# [ ၄၀ ]

❑

မိုးလင်းသောအခါ မျက်နှာသစ် ဘုရားရှိခိုးပြီး ကိုပွေးထူတို့ ဖနိုးမောင်နှံကျွေးသည့် ထမင်းကြော်နှင့် ရေနွေးကြမ်းကို စားသောက်ပြီး သူတို့ရဲ့အချစ်အိမ်လေးမှ ထွက်ခဲ့လိုက်သည်။

သည့်နောက် သချိုင်းအတွင်းသို့ ဝင်ခဲ့လိုက်၏။

ကိုခြောက်ပေ ခေါ် ကိုသိက္ခာအောင်ရဲ့မြေပုံကို ကျွန်တော် နှုတ်ဆက်ရပါဦးမည်။

ကိုခြောက်ပေရဲ့ဘဝကို ကျွန်တော် နားလည်ခံစားလို့ရပြီ ဟူ၍လည်းကောင်း ...

ကိုခြောက်ပေ ကိုယ့်စရဏအကျိုးကြောင့် ကောင်းရာသုဂတိဘုံသို့ ရောက်သွားပြီကို ကျွန်တော်အကြွင်းမဲ့ ယုံကြည်ကြောင်းပြောပြီး ဂါရဝပြုနှုတ်ဆက်၍ ပြန်ရပါမည်။





ကျွန်ုပ် ကိုခြောက်ပေ လဲလျောင်းအိပ်စက်ရာ မြေပုံသို့ရောက်ခါနီးမှာ မမျှော်လင့်သော သူတစ်ဦးကို မြင်လိုက်ရသည်။

ကြည့်စမ်း ...

ကိုခြောက်ပေရဲ့ မြေပုံအနီးမှာ ယောဂီဝတ်စုံနှင့် အမျိုးသမီးတစ်ဦး ...

မြေပုံရှင်ကို လက်အုပ်ချီပြီး ပါးစပ်မှစကားများ ရေရွတ်၍ ကန်တော့နေ၏။

အိုး ...

ချောမောလှပလိုက်သည့် အမျိုးသမီးပါလား။

သူမရဲ့ပါးပြင်ပေါ်မှာ မျက်ရည်ဥများ စီးလိမ့်ကျနေသည်ကို မြင်ရသည်။

မြေပုံခေါင်းရင်းရှိ ထိန်ထိန်ဝါပိတောက်ပင်မှ ပိတောက်ပွင့် ဝါဝါရွှေရွှေတို့သည် မြေပုံပေါ်သို့ တဖွဲဖွဲ တလူပ်လူပ် ကြွေကျနေ၏။

အချို့သော ပိတောက်ပွင့်များသည် မျက်ရည်ယိုစီး တသိမ့်သိမ့်ရှိုက်နေသည့် အမျိုးသမီးချောရဲ့ ဦးခေါင်းပေါ်သို့လည်း ဝေ့ဝဲပြုတ်ကျနေ၏။

ကျွန်တော် သိလိုက်ပါပြီ။

သူမကား ... ကိုခြောက်ပေရဲ့ ဒိုင်ယာရီမှာတွေ့ရသည့် အမျိုးသမီး။

မဟုတ်မှလွဲရော ...

မသိင်္ဂီနွေ ဖြစ်ပါလိမ့်မည်။

ဟောဒီသကြၤန်နွေပေါ့ဗျာ။ ဝါထိန်နေတဲ့ ပိတောက်ပင်အောက်မှာ တစ်ယောက်သောသူက ငြိမ်းချမ်းစွာ လျောင်းစက်လို့ ...

တစ်ယောက်သောသူကလည်း ...

အချစ်ကြီးလှစွာသော သံယောဇဉ်နှင့် အလွမ်းကိုပွေ့ပိုက်ပြီး ချစ်သူရဲ့မြေပုံကို အချစ်ရွှေနားတော်သွင်း ချေင်းဖွဲ့ဆိုလို့ ...

အဲဒီ မျက်ရည်စိုစွတ်ချေင်း ...



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် ...

ရှာပုံတော် လွမ်းချင်းကြီးကို ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားပြီဖြစ်သော ကိုခြောက်ပေ ခေါ် ကိုသိက္ခာအောင်တစ်ယောက် ကြားမှကြားပါလေစ။ မြင်မှ မြင်ပါလေစ။

ဘယ်လိုပဲဖြစ်ဖြစ် ...

ကိုခြောက်ပေရယ် ...

အမှန်းကိုသင်ပုန်းချေပြီး သံယောဇဉ်ကြီးလှတဲ့ မသိဂီနွေရဲ့ ငိုချင်းချင်းကို နားစွင့်ရင်း ...

အချစ်နဲ့ဘဝကို နားလည်ခံစားလိုက်ပါ ခင်ဗျား ...

မောင်ညိုမှိုင်း (သန်လျင်)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

မောင်ညိုဖြိုင်း [သန်လျင်]

# သိင်္ဂီရမြေဆိပ်




www.burmeseclassic.com